၉။ ပရသမညာ ပယောဂေ

ပယောဂေ၊ ယှဉ်သင့်သည်။ သတိ၊ ရှိသော်။ ပရသမညာ၊ ကျမ်းတပါး တို့၌ အမည်တို့ကို။ (တနည်းကား)၊ ပရ သမညာ၊ တပါးကုန်သော ပုဂ္ဂိုလ် တို့၏ အမည်တို့ကို။ ယုဇ္ဇန္တေ၊ယှဉ်အပ်ကုန်၏။ ။"သုတ်"။ ။သက္ကတဂန္ထေသု၊ သင်္သကရိုက်ကျမ်းတို့၌။ ဃောသာတိဝါ၊ ဃောသ ဟူ၍ လည်းကောင်း။ အဃောသာတိဝါ၊ အဃောသ ဟူ၍ လည်းကောင်း။ ဣတိပိ၊ ဤသို့လည်း။ ယာစပန သမညာ၊ အကြင်အမည် တို့သည်။ သန္တိ၊ ရှိကုန်၏။ တာ သမညာ၊ ထိုအမည်တို့ကို။ ပယောဂေ၊ ယှဉ်သင့်သည်။ သတိ၊ရှိသော်။ ဧတ္ထာပိ၊ ဤ ကစ္စည်း ကျမ်း၌လည်း။ ယုဇ္ဇန္တေ၊ ယှဉ်အပ်ကုန်၏။ တတ္ထ၊ ထိုဃောသ, အဃောသ,နှစ်ပါးတို့တွင်။ ဃောသာနာမ၊ ဃောသဝန္တ အက္ခရာတို့မည်သည် ကား။ ဂ,ဃ,င၊ ဇ,စျ,ဉ၊ ဍ,ဎ,ဏ၊ ဒ,ဓ,နဲ၊ဗ,ဘ,မ၊ ယ,ရ,လ,ဝ,ဟ,ဋ္ဌ၊ဂ,ဃ, င၊ ဇ,စျ,ဉ၊ ဍ,ဎ,ဏ၊ ဒ,ဓ,နဲ၊ ဗ,ဘ,မ၊ ယ,ရ,လ,ဝ,ဟ,ဋ္ဌ ဟူသည်တို့တည်း။ ဣတိဣမေဗျဉ္ဇနာ၊ ဤနှစ်ဆဲ့တလုံး အတိုင်းအရှည်ရှိကုန်သော ဗျည်းတို့သည်။ ဃောသာနာမ၊ ဃောသဝန္တ ဟူသော အမည်ရှိကုန်သည်။ ဟောန္တိ၊ကုန်၏။ အဃောသာနာမ၊ အဃောသဝန္တ အက္ခရာတို့ မည်သည်ကား။ က,ခ၊စ,ဆ၊ ဋ,ဌ၊တ,ထ၊ ပ,ဖ၊ သ၊က,ခ၊ စ,ဆ၊ဋ,ဌ၊ တ,ထ၊ ပ,ဖ၊သ, ဟူသည်တို့တည်း။ ဣတိဣမေဗျဉ္ဇနာ၊ ဤတဆဲ့တလုံး အတိုင်းအရှည် ရှိကုန်သော ဗျည်းတို့ သည်။ အဃောသာနာမ၊ အဃောသဝန္တ ဟူသော အမည် ရှိကုန်သည်။ ဟောန္တိ၊ ကုန်၏။ ။တေန ကွတ္ထော၊ ဝဂ္ဂေ ဃောသာဃောသာနံ တတိယ ပဌမာ။ ဘော အာစရိယ၊ ဆရာ။ တေန ဃောသ အဃောသာတိ သညာ ကရဏေန၊ ထိုဃောသ,အဃောသ,ဟူသော အမည်ကို ပြုသဖြင့်၊ ကွ-ကတ ရသို့ သုတ္တေ၊၌။ အတ္ထော-ပယောဇနံ၊သည်။ ဘဝတိ၊နည်း။ ဘောသိဿ၊ပည့်။ ဝဂ္ဂေ ဃောသာ ဃောသာနံ တတိယ ပဌမာတိ အာဒီသု သုတ္တေသု၊ ဝဂ္ဂေ ဃောသာ ဃောသာနံ တတိယ ပဌမာ, ဤသို့ အစရှိကုန်သော သုတ်တို့၌။

ပရသမညာဟူသည်-ဃောသ, အဃောသ, လောပ, သဝဏ္ဏ, သမာန, သံယောဂ, လိင်, ပဒ, နိပါတ, ဥပသဂ္ဂ, ပစ္စယ စသည်တို့တည်း။ ၎င်းအမည်တို့ကို ဤသုတ်ဖြင့် မည့်လေဟူလို၏။

ဇုန္တာသယ(က)၁၃၄-၄

http://www.dhammadownload.com

အတ္ထော-ပယောဇနံ၊ဃောသ, အဃောသ, ဟူသော ခေါ်ဝေါ်ရခြင်း အကျိုး ရှိသည်။ ဘဝတိ၊ဖြစ်၏။ ။"ဝုတ္တိ"။

ဤသုတ်သည်ကား သုတ်လေးပါးတို့တွင် ပရိဘာသာသုတ် မည်၏။ ပရိဘာသာ သုံးပါးတို့တွင် **အနုဂ္ဂဟပရိဘာသာ**မည်၏။ သည်ဂ် ပရိဘာသာ ဟူ၍လည်း ဆရာတို့ ဆိုကုန်၏။ အဘယ့်ကြောင့် နှစ်ဆဲ့ တလုံး ကုန်သော ဗျည်းတို့သည် ဃောသ အက္ခရာ မည်ကုန်သနည်း ဟူမူကား-ဃောသော ဇေတသံ အတ္ထိတိဃောသာ, ဟူသော ဝစနတ္ထ နှင့်ညီစွာ ပြင်းပြင်းရွတ်အပ်သော အသံရှိကုန်သောကြောင့် ဃောသ မည်ကုန်၏ဟူလိုသော်။ ဇေတသံ၊ ထိုနှစ်ဆဲ့ တလုံးသော ဗျည်းတို့ အား။ ဃောသော၊ ပြင်းပြင်း ရွတ်အပ်သော အသံသည်။ အတ္ထိ၊ ရှိ၏။ ဣတိတသ္မာ၊ ထိုသို့ပြင်းပြင်း ရွတ်အပ်သော အသံရှိသောသတ္တိ ကြောင့်။ တေ ဗျဉ္ဇနာ၊ ထိုနှစ်ဆဲ့တလုံးကုန်သော ဗျည်းတို့သည်။ ဃောသာနာမ၊ဃောသဟူသော အမည်ရှိကုန်သည်။ဟောန္တိ၊ကုန်၏။ အဘယ့်ကြောင့် ဤတဆဲ့တလုံးကုန်သောဗျည်းတို့သည် အဃောသ အက္ခရာ မည်ကုန်သနည်း ဟူမူကား နတ္ထိ ဃောသော ဇေတသ္မိံ အဃောသာ, ဟူသော ဝစနတ္ထနှင့်ညီစွာ ပြင်းပြင်း ရွတ်အပ်သော အသံမရှိသောကြောင့် အဃောသ မည်ကုန်၏ဟူလိုသော်။ ဇေတသံ၊ ထိုတဆဲ့တလုံးကုန်သော ဗျည်းတို့အား။ ဃောသော၊ပြင်းပြင်းရွတ် အပ်သော အသံသည်။ နတ္ထိ၊ မရှိ။ ဣတိတသ္မာ၊ ထိုသို့ ပြင်းပြင်းရွတ် အပ်သော အသံ မရှိသော သတ္တိကြောင့်။ တေဗျဉ္ဇနာ၊ ထိုတဆဲ့ တလုံးကုန်သော ဗျည်းတို့သည်။ အဃောသာနာမ၊ အဃောသ ဟူသော အမည်ရှိကုန်သည်။ ဟောန္တိ၊ကုန်၏။

ဤသို့ဆိုအပ်ကုန် ပြီးသော သုတ်တို့၌အဓိပ္ပါယ် အကျဉ်းကား- အ,အာ၊ဣ,ဤ၊ ဥ,ဦ၊ဧ,ဩ၊ က,ခ,ဂ,ဃ,င၊စ,ဆ,ဇ,ဈ,ဉ ၊ဋ,ဌ,ဍ,ဎ,ဏ၊ တ,ထ, ဒ, ဓ,န၊ ပ,ဖ,ဗ,ဘ,မ၊ ယ,ရ,လ,ဝ, သ,ဟ,ဠ,အံ၊ ဤလေးဆဲ့ တလုံးကုန်သော ဝဏ္ဏတို့သည်ကား အက္ခရာမည်ကုန်၏။ ။အ,အာ, ဣ,ဤ, ဥ,ဦ,ဧ,ဩ, ဤရှစ်လုံးသော အက္ခရာတို့သည်ကား သရမည် ကုန်၏။ ။အ,ဣ,ဥ, ဤသုံးလုံးကုန်သော သရတို့သည်ကား ရဿ

http://www.dhammadownload.com

မည်ကုန်၏။ အာ, ဤ,ဦ,ဧ,ဩ၊ ဤငါးလုံးကုန်သော သရတို့သည်ကား ဒီဃသရ မည်ကုန်၏။ ။က,ခ,ဂ,ဃ,င၊ ဆ,စ,ဇ,ဈ,ဉ၊ ဋ,ဌ,ဍ,ဎ,ဏ၊ တ,ထ,ဒ,ဓ,န၊ ပ,ဖ,ဗ,ဘ,မ၊ ယ,ရ,လ,ဝ,သ,ဟ,ဋ,အံ၊ ဤသုံးဆဲ့သုံးလုံး ကုန်သော အက္ခရာတို့သည်ကား ဗျည်းမည်ကုန်၏။ ။က,ခ,ဂ,ဃ,င၊ စ,ဆ,ဇ,ဈ,ဉ၊ ဋ,ဌ,ဍ,ဎ,ဏ၊ တ,ထ,ဒ,ဓ,န၊ ပ,ဖ,ဗ,ဘ,မ၊ ဤနှစ်ဆဲ့ငါးလုံးသော ဗျည်းတို့သည်ကား ဝဂ်မည်ကုန်၏။ ။ယ,ရ,လ,ဝ,သ,ဟ,ဋ,အံ၊ ဤရှစ်လုံးကုန်သော ဗျည်းတို့သည်ကား အဝဂ်မည်ကုန်၏။အ-သရ, ဣ-သရ, ဥ သရကိုသာမှီသော ဗိန္ဒုသည်ကား နိဂ္ဂဟိတ်မည်၏။ ။ဂ,ဃ,င၊ ဇ,ဈ,ဉ၊ ဍ,ဎ,ဏ၊ ဒ,ဓ,န၊ ဗ,ဘ,မ၊ ယ,ရ,လ,ဝ,ဟ,ဋ၊ ဤနှစ်ဆဲ့တလုံးသော ဗျည်းတို့သည်ကား ဃောသဝန္တ အက္ခရာ မည်ကုန်၏။ က, ခ၊ စ, ဆ၊ ဋ,ဌ၊ တ, ထ၊ ပ, ဖ၊သ၊ ဤတဆဲ့တလုံး ကုန်သော ဗျည်းတို့သည်ကား အဃောသဝန္တ အက္ခရာမည်ကုန်၏။ ဤသို့လျှင် အကျဉ်းအားဖြင့် သိအပ်ကုန်၏ဟူလိုသော်။

၁၁။ ပုဗ္ဗမခောဋ္ဌိတ၊မသရံ သရေန ဝိယောဇယေ

ပုဗ္ဗံ၊ ရှေ့ဗျည်းကို။ အဓောဋ္ဌိတံ၊ အောက်၌ တည်သည်ကို။ကတ္ဒာ၊ပြုလတ္တံ့သည်ဖြစ်၍။ အသရံ၊ သရကင်းသည်ကို။ ကတ္ဒာ၊ ပြုဆဲဖြစ်၍။ သရေန၊သရမှ။ ဝိယောဇယေ၊ ခွင်းရာ၏။ ။"သုတ်"။ ။တတ္ထ၊ထိုတတြာ ယမာဒိ အစရှိသော ဥဒါဟရုဏ်၌။သန္ဓိကတ္တုကာမော၊ပုဒ်နှစ်ပါးတို့၏ စပ်ခြင်းကိုပြုခြင်းငှာ အလိုရှိသော။ အာစရိယော၊ ဆရာသည်။ ပုဗ္ဗဗျဉ္ဇနံ၊ ရှေ့ဗျည်းကို။ အဓောဋ္ဌိတံ၊ အောက်၌ တည်သည်ကို။ ကတ္ဒာ၊ ပြုလတ္တံ့ သည်ဖြစ်၍။ အသရံ၊ သရကင်းသည်ကို။ ကတ္ဒာ၊ ပြုဆဲဖြစ်၍။ သရဥ္ဇ၊ သရကိုလည်း။ ဥပရိ၊ အထက်၌။ ကတ္ဒာ၊ ပြုလတ္တံ့ သည်ဖြစ်၍။ သရေန၊ သရမှ။ ဝိယောဇယေ၊ ခွင်းရာ၏။ ။"ဝုတ္တိ"။ ။တတြာယ မာဒိ။ ။တတြ၊ ထိုဝိတိပါမုဇ္ဇကို ရခြင်း၌။ အယံ၊ ဤစတုပါရိသုဒ္ဓိသီလသည်။ အာဒိ၊ အဦးတည်း။ (တနည်းကား)၊ တတြ-နိဗ္ဗာနေ၊ ထိုနိဗ္ဗာန်၌။ အယံ-ပဌမ မဂ္ဂေါ၊ ဤသောတာပတ္တိ မဂ်သည်။ ပဌမံ ဒဿနဘာဝေန၊ ရှေ့ဦးစွာမြင်သည်၏ အဖြစ်ကြောင့်။ အာဒိ၊ အစမည်သည်။ ဟောတိ၊ ၏။ (ရှေ့အနက်ကား ဓမ္မပဒ။ နောက်အနက်ကား

http://www.dhammadownload.com

နိဒ္ဒေသ) ''ဥဒါဟရဏ်'' ။ ။(ဤသုတ်ကား လေးပါးသော သုတ်တို့တွင် **ပရိဘာသာ** သုတ်မည်၏)။

ဤ-**တ တြာယံ**, ကား ပိဋကတ် သုံးပုံမှ ထုတ်၍ ဆောင်အပ်သော ကြောင့် ဥဒါဟရဏ်မည်၏။ ထိုဥဒါဟရဏ်ကို မြတ်စွာဘုရား ပါဠိတော်အား လျောက်ပတ်စွာ တတြ-အယံဟူ၍ ပုဒ်ဖြတ်၍တည်။ ပုဗ္ဗ မဓေဋ္ဌတမသရံ သရေနဝိယောဇယေ, ဟူသော ဤသုတ်ဖြင့် အ-သရမှ တြ-ဗျည်းကိုခွင်း။ တြ-အစိတ်-အ-ကြွင်းစေ။ ခွင်းအပ်ပြီးသော သရကင်းသော၊ တြ-ဗျည်းကို ရွှေဟုဆိုအပ်သော အောက်၌ အစဉ်မပျက်ထား။ သရာ သရေ လောပံ ဟူသော သုတ်ဖြင့် နောက်-အ-သရ နှောင်းသောကြောင့် ရွှေသရ-တြ အစိတ်-အ-ကိုခြေ။ သရာ သရေ လောပံ, ကွစာသဝဏ္ဏေလုတ္တေ, ဟူသော သုတ်တို့ကို လိုက်စေ၍ ဒီဃံ ဟူသော သုတ်ဖြင့် ရွှေသရ ကျေပြီးသော် နောက် အ-သရကို အာ-ဒီဃပြု။ နယေပရံယုတ္တေ, ဟူသော သုတ်ဖြင့် သရကင်းသော တြ-ဗျည်းကို နောက်အာသရသို့ကပ်။ တတြာယံ, ဟူသော ဥဒါဟရဏ် ရုပ်သည် မြတ်စွာဘုရား ပါဠိတော်အား လျောက်ပတ်စွာ ပြီး၏။ ။ဤရုပ်ကား တတြာယမိတိ ဥဒါဟရဏံ, ဟူသော နျာသပါဠိနှင့် အညီ စီရင်သော ရုပ်တည်း။

(တနည်းကား) **တ တြ အယံ အာဒိ**, ဟူ၍ ပုဒ်ဖြတ်၍တည်။ လ။ အံဗျည္ဇနေနိဂ္ဂဟီတံ, ဝဂ္ဂန္တံဝါဝဂ္ဂေ, ဟူသော သုတ်တို့ကို လိုက်စေ၍ မဒါသရေ, ဟူသော သုတ်ဖြင့် နောက်-အာ-သရ နှောင်းသောကြောင့် ယ-၌ရှိသော နိဂ္ဂဟိတ်ကို မ-ပြု။နယေပရံယုတ္တေ, ဟူသော သုတ်ဖြင့် သရကင်းသော-မ-ဗျည်းကို နောက်-အာ-သရ သို့ကပ်။ တတြာယမာဒိ ပြီး၏။ ဤရုပ်ကား ဥဒါဟရဏ်ကို ပုဒ်ဖြတ်ရသည့် အတိုင်း စီရင်ရသော ရုပ်တည်း။ ။နိဂ္ဂဟိတ်ကို-မ-ပြုရာ၌ သရ ရှိသလော မရှိသလော ဟူမူကား သရနိမိတ် ခံသော ကြောင့်မရှိ။ ဗျည်းနိမိတ် **ခံသော်ကား** ရှိရာ၏။ ဤသို့ အထူးမှတ်အပ်၏။ ဤကား ယောဘုယျကို ရည်၍ဆိုသည်။ အပွက အားဖြင့်ကား ရှိရာ၏။

နာမ်ရုပ် အာချာတ် ရုပ်တို့ကဲ့သို့ သညီ, သညာ, ထင်အောင် လုပ်သော် ကား **တ တြ၊ အယံ** ဟူ၍ ပုဒ်ဖြတ်၍တည်။ အလုံးစုံသော သဒ္ဒါသည် သံကေတ ဝေါဟာရ အစရှိသော သညာနှင့် မကင်းရာ ဖြစ်သောကြောင့်

http://www.dhammadownload.com

အတ္ထော အက္ခရ သညာတော, ဟူသော သုတ်ဖြင့် အနက်ကို အက္ခရာတို့ဖြင့် ကောင်းစွာ သိအပ် မှတ်အပ်၏ဟု ပရိဘာသာ လာသောကြောင့် အက္ခရာ ပါဒယော ကေစတ္တာလီသံ, ဟူသော သုတ်ဖြင့် အ-အစ, နိဂ္ဂဟိတ် အဆုံး ရှိကုန်သော လေးဆဲ့ တလုံးကုန်သော ဝဏ္ဏတို့ကို အက္ခရာ အမည်မှည့်။ တတ္ထော ဒန္တာ သရာ အဋ္ဌ, ဟူသော သုတ်ဖြင့် အ-အစ, ဩ-အဆုံး ရှိသော ရွှစ်လုံးကုန်သော အက္ခရာတို့ကို သရအမည်မှည့်။ လဟုမတ္တာ တယောရဿာ, ဟူသော သုတ်ဖြင့် အ, ဣ, ဥ, ဟူသော သရ သုံးလုံးကို ရဿ အမည်မှည့်။ အညေ ဒီဃာ, ဟူသော သုတ်ဖြင့် အာ,ဤ, ဦ, ဧ,ဩ, ဟူသော သရငါးလုံး ကို ဒီဃအမည်မှည့်။ သေသာဗျဉ္ဇနာ, ဟူသော သုတ်ဖြင့် အ-အစ, နိဂ္ဂဟိတ် အဆုံးရှိကုန်သော သုံးဆဲ့သုံးလုံးကုန်သော အက္ခရာတို့ကို ဗျည်း အမည်မှည့်။ အံဣတိနိဂ္ဂဟီတံ, ဟူသော သုတ်ဖြင့် အ-သရ, ဣ-သရ, ဥ,သရကို မှီသော ဗိန္ဒုကို နိဂ္ဂဟိတ် အမည်မှည့်။ ပုဗ္ဗ မဓောဌိတ မသရံ သရေန ဝိယောဇယေ, ဟူသော ဤသုတ်ဖြင့် အ-သရမှ တြ-ဗျည်းကိုခွင်း။ လ။ ကပ်။ ပြီး၏။ ။ ဤအတူ အထက်ရှုပ်တို့ကိုလည်း သိအပ်၏။

၁၁။ နယော ပရံ ယုတ္တော

ယုတ္တော, ယှဉ်သင့်သည် ရှိသော်။ ပရံ၊ နောက်အက္ခရာသို့။နယော၊ဆောင်ရာ ၏။ ။"သုတ်"။ ။အသရံ၊ သရကင်းသော။ အဓောဌိတံ၊ အောက်၌ တည်သော။ ဗျဉ္ဇနံ၊ ဗျည်းကို။ ယုတ္တော, ယှဉ်သင့်သည် ရှိသော်။ ပရံ၊ နောက် အက္ခရာသို့။ နယော၊ ဆောင်ရာ၏။ ။"ဝုတ္တိ"။ ။တတြာ ဘိဓတိမိစ္ဆေယျ၊ တတြ-နိဗ္ဗာနေ၊ ထိုနိဗ္ဗာန်၌။ အဘိဓတိ ံ၊ အလွန်မွေ့လျော်ခြင်းကို။ဣစ္ဆေယျ၊ အလိုရှိရာ၏။ ။"ဥဒါဟရဏ်"။ ။ယုတ္တောတိ ကသ္မာ။ ဘောအာစရိယ၊ အို-အရှင်မဟာ ကစ္စည်း ဆရာ။ ဣမသ္မိ ံ သုတ္တေ၊ ဤသုတ်၌။ သမဘိနိဝိဋ္ဌံ၊ ကောင်းစွာ အကျုံးဝင်သော။ ယုတ္တောတိ ပဒံ၊ ယုတ္တော, ဟူသောပုဒ်ကို။ ကသ္မာ၊ အဘယ့်ကြောင့်။ အာစရိယေန၊ ဆရာသည်။ ဝုတ္တံ၊ မိန့်အပ်သနည်း။ ဘောသိဿ၊ တပည့်။ အက္ကောစ္ဆိမံ, အဝဓိမံ, အဇိနိမံ, အဟာသိ မေတိ ဧတ္ထ ပန ဥဒါဟရဏေသု၊ အက္ကောစ္ဆိမံ, အဝဓိမံ, အဇိနိမံ, အဟာသိမေ, ဤသို့ အစရှိကုန်သော ဥဒါဟရဏ်တို့၌။ သတိပိ ပရက္ခရနိဂ္ဂဟီတေ ယုတ္တံ နဟောတိ။

http://www.dhammadownload.com

ပရက္ခရ နိဂ္ဂဟီတေ၊ နောက် အက္ခရာ နှောင်းခြင်းရှိသော နိဂ္ဂဟိတ်သည်။ သတိပိ၊ ရှိသော်လည်း။ ယုတ္တံ၊ ယှဉ်သင့်သည်။ နဟောတိ၊ မဖြစ်။ကာသ္မာ၊ အဘယ်ကြောင့်နည်း ဟူမူကား။ ဝဏ္ဏ ကာလဗျဝဟိတေ၊ ဝဏ္ဏခြားရာကာလ ခြားရာ၌။ သန္ဓိ၊ သန္ဓိသည်။ နဟောတိ၊ မဖြစ်။ ဣတိပရိဘာသာတော၊ ဤသို့သော ပရိဘာသာကြောင့်။ ယုတ္တံ၊ ယှဉ်သင့်သည်။ နဟောတိ၊ မဖြစ်။ ဣတိ ဣမဿ အတ္ထဿ၊ ဤသို့သော အနက်ကို။ ဉာပနတ္ထံ၊ သိစေခြင်းငှာ။ ယုတ္တော တိပဒံ၊ ယုတ္တော, ဟူသော ပုဒ်ကို။ မယာ အာစရိယေန၊ ငါကစ္စည်း ဆရာသည်။ ဝုတ္တံ၊ မိန့်အပ်၏။ မံ၊ ငါ့ကို။ အက္ကောစ္ဆိ၊ အမျက် ထွက်ပြီ၊ မံ၊ ငါ့ကို။ အဝဓိ၊ ညှဉ်းဆဲပြီ။ မံ၊ ငါ့ကို။ အဇိနိ၊ အောင်ပြီ၊ မေ၊ ငါ၏။ ဓနံ၊ ဥစ္စာကို။ အဟာသိ၊ ဆောင်ပြီ။ ။(ဤသုတ် သည်ကား လေးပါးသော သုတ်တို့တွင် **ပရိဘာသာ** သုတ်မည်၏)။

တတြာ ဘိရတိ မိန္ဒ္ဆယျ-ကား ဥဒါဟရဏ်မည်၏။ ထိုဥဒါဟရဏ်ကို တတြ-အဘိရတိ-ဣန္ဒ္ဆယျ, ဟူ၍ ပုဒ်ဖြတ်၍တည်။အ-သရမှ တြ-ဗျည်းကိုခွင်း။ သရာသရေလောပံ,ဟူသော သုတ်ဖြင့် နောက် အ-သရ နှောင်းသော ကြောင့် ရှေ-အ-သရကိုချေ။ ဒီဃံ, ဟူသော သုတ်ဖြင့် ရှေ အ-သရ ကျေပြီးသော် နောက်-အ-သရကို အာဒီဃပြု။ တြ-အာ-သို့ကပ်။ အံဗျဥ္ဇနေနိဂ္ဂဟီတံ, ဝဂ္ဂန္တံဝါဝဂ္ဂေ, သုတ်တို့ကို လိုက်စေ၍ မဒါသရေ, ဟူသော သုတ်ဖြင့် နောက်-ဣ-သရ နှောင်းသောကြောင့် တိ-ထက်၌ ရှိသော နိဂ္ဂဟိတ်ကို မ-ပြု။မ-ဣသို့ကပ်။ တတြာဘိရတိ မိန္ဒ္ဆယျ, ဖြီး၏။

အက္ကောစ္ဆိမံ-အဝဓိမံ-ကား ကိ ဥဒါဟရဏ်မည်၏။ ထိုကိ့ဥဒါဟရဏ်ကို အက္ကောစ္ဆိ မံ-အဝဓိ မံ, ဟူ၍ ပုဒ်ဖြတ်၍တည်။ အရှင် မဟာကစ္စည်းဆရာ-ဆရာကား နယေပရံယုတ္တော, ဟူသော သုတ်ဖြင့် မ-ဗျည်းကို နောက်-အ-သရသို့ ဆောင်မြဲ ဆောင်စ ပါလော။ မသင့်သောကြောင့် မဆောင်စရာ။ အဘယ့်ကြောင့် မသင့်သနည်း ဟူမူကား မ-အကြားနှင့် သရအကြား၌ အံ, ဟူသော ဝဏ္ဏ ခြားသောကြောင့် မသင့်။ မသင့်သောကြောင့် မဆောင်စရာ။

(တနည်းကား) မ-နှင့်တူသော အမှီမရှိသော နိဂ္ဂဟိတ်ကို နယေပရံယုတ္တော, ဟူသော ဤသုတ်ဖြင့် နောက် အ-သရသို့ ဆောင်မြဲ ဆောင်စ ပါလော။ နိဂ္ဂဟိတ်သည် ပရာသယ မဟုတ်။ ပုဗ္ဗာသယ ဖြစ်ရကား မသင့်။

http://www.dhammadownload.com

မသင့်သောကြောင့် မဆောင်စရာ။ (တနည်းကား) မဒါသရေ, ဟူသော သုတ်ဖြင့် နိဂ္ဂဟိတ်ကို-မ-ပြု၍ နယေပရံ ယုတ္တော, ဟူသော ဤသုတ်ဖြင့် မ-ဗျည်းကို နောက် အ-သရသို့ ဆောင်မြဲ ဆောင်စပါလော့။ မသင့်သော ကြောင့် မဆောင်စရာ။ အဘယ့်ကြောင့် မသင့်သနည်း ဟူမူကား အက္ကောစ္ဆိမံ လည်း တကာလ၊ အဝဓိမံလည်း တကာလ၊ဤသို့ ကာလ ခြားသောကြောင့် မသင့်။ မသင့်သောကြောင့် မဆောင်စရာ။ အက္ကောစ္ဆိမံ-အဝဓိမံ, ပြီး၏။ ။ **အဇိနိမံအဟာသိမေ**ကိုယဉ်း နည်းတူ ဆိုလေ။

သရဗျည်း ခြားသော အရာကိုလည်း ဝဏ္ဏခြားဟု သိအပ်၏။ ထို့ကြောင့် သရာသရေလောပံ, ဟူသော ခေျသုတ်ကို တည်သတည်း။ ဂါထာ တို့၌ ဒုတိယပါဒ၏ အဆုံးနှင့် တတိယပါဒ၏ အစကို ကာလ ခြားဟူ၍ သိအပ်၏။

ဣတိ သန္ဓိကပ္ပေ ပဌမော ကဏ္ဍော။ ။သန္ဓိကပ္ပေ၊ သန္ဓိကျမ်း၌။ ပဌမော၊ ရှေဦးစွာသော။ ကဏ္ဍော၊ အပိုင်းအခြားသည်။ ဣတိ-သမတ္တော၊ပြည့်စုံပြီ။

ဒုတိယကဏ္ဍ

၁၂။ သရာသရေ လောပံ

သရေ၊ နောက်သရကြောင့်။ သရာ၊ရှေသရတို့သည်။ လောပံ၊ ကျေခြင်းသို့။ ပပ္ပေါန္တိ၊ ရောက်ကုန်၏။ ။"သုတ်"။ ။ပရေ၊နှောင်းသော။ သရေ၊ နောက်သရကြောင့်။ သရာခေါ၊ ရှေသရတို့သည်။ လောပံ၊ ကျေခြင်းသို့။ ပပ္ပေါန္တိ၊ ရောက်ကုန်၏။ ယဿ၊အကြင်ရဟန္တာပုဂ္ဂိုလ်၏။ ဣန္ဒြိယာနိ၊ ဣန္ဒြေတို့သည်။ သမထံ၊ ငြိမ်သက် တည်ကြည်ခြင်းသို့။ ဂတာနိ၊ ရောက်ကုန်၏။ ဘန္တေ၊အရှင်ဘုရား။ တေံ၊ ဤစကားသည်။ နောဟိ၊မသင့်။ အာယသ္မာ၊ အသက်ရှည်သော အရှင်သည်။ သံဃေန၊ သံဃာနှင့်။ သဒ္ဓိံ၊တကွ။ သမေတု၊ ညီစေသတည်း။ ဝါ၊ကား။ သမေတု၊တူသော အယူရှိစေသတည်း။

ဤသရာသရေလောပံ,ဟူသော သုတ်သည်ကား လေးပါးကုန်သော သုတ်တို့တွင် ဝိဓိသုတ်မည်၏။ ဝိဓိသုတ်တုံသော်လည်း လောပဝိဓိ, အာဒေသဝိဓိ, ဒီဃဝိဓိ, ရဿဝိဓိ, ပစ္စယဝိဓိ, ဝိဘတ္တိဝိဓိ, အာဂမ

http://www.dhammadownload.com

ဝိဓိ,ပဋိသေဓဝိဓိ,ဟူ၍ ရှစ်ပါးအပြားရှိ၏။ ထိုရှစ်ပါးတို့တွင် ချေသောသုတ် ဖြစ်သောကြောင့် **လောပဝိဓိ**မည်၏။ ပုဗ္ဗလောပ,ပရလောပ,အားဖြင့် နှစ်ပါးတို့တွင် နောက်သရ နှောင်းသောကြောင့် ရှေသရသည် ကျေရကား ပုဗ္ဗလောပမည်၏။ ထို့ကြောင့် ဤသရာသရေလောပံ, ဟူသော သုတ်ဖြင့် ကျေကောင်းသော သရကား ခြောက်ဆဲ့ လေးလုံးတည်း။ ။ဤသုတ်၏ အင်္ဂါကား နောက်သရလည်း နှောင်းစေ, ရှေသရလည်းရှိစေ, ဤသို့အားဖြင့် အင်္ဂါနှစ်ပါးတည်း။

ယသိန္ဒြိယာနိ, ကို ယဿ-ဣန္ဒြိယာနိ, ဟူ၍ ပုဒ်ဖြတ်၍တည်။ ပုဗ္ဗမဓောဌိတမသရံသရေန ဝိယောဇယေ, ဟူသော သုတ်ဖြင့် အ-သရမှ ဿ-ဗျည်းကိုခွင်း။ ဿ-အစိတ်-အ-ကြွင်းစေ။ သရ ကင်းသော ဿ-ဗျည်းကို ရှေဟု ဆိုအပ်သော အောက်၌ အစဉ် မပျက်ထား။ သရာ သရေလောပံ, ဟူသော ဤသုတ်ဖြင့် နောက်-ဣ-သရ နှောင်းသောကြောင့် ရှေသရ ဿ-အစိတ်-အ-ကို ချေ။ ဿ-ဣ-သို့ကပ်။ ယသိန္ဒြိယာနိ,ပြီး၏။ ။**နောဟေတံ**,ကို နောဟိ-ဧတံ၊ **သမေတာ ယသ္မာ**ကို သမေတု-အာယသ္မာ ဟူ၍ ပုဒ်ဖြတ်၍တည်။ သရာသရေလောပံ,ဖြင့် ချေ။ ကပ်။ ပြီး၏။

၁၃။ ဝါပရော အ-သရူပါ

အသရူပါ၊တူသောသုတိ ရှိသည် မဟုတ်သော သရဖြစ်သော ရှေကြောင့်။ ပရော၊ သရဖြစ်သော နောက်သည်။ ဝါ၊ အချိုသဖြင့်။ လောပံ၊ ကျေခြင်းသို့။ ပပွေါတိ၊ ရောက်၏။ ။"သုတ်"။ ။အသရူပါ၊ တူသော သုတိ ရှိသည် မဟုတ်သော။ သရမှာ၊ သရ-ဖြစ်သော ရှေကြောင့်။ သရော၊ သရဖြစ်သော။ ပရော၊ နောက်သည်။ ဝါ၊ အချိုသဖြင့်။ လောပံ၊ ကျေခြင်းသို့။ ပပွေါတိ၊ ရောက်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ ဣမေဓမ္မာ၊ ဤတရားတို့သည်။ စတ္တာရော၊ လေးပါးတို့တည်း။ ဣမာဝ၊ ဤမိန်းမတို့သည်သာလျှင်။ သမဏိယောကိံ နု၊

ဤသုတ်ပါ-ဝါသဒ္ဒါကား ဝဝတ္ထိတ အနက်ရှိသည်။ ထိုဝါသဒ္ဒါသည် နိစ္စဝိဓိ,အနိစ္စဝိဓိ, အသန္တဝိဓိကို ပြသည်။ ရူပသိဒ္ဓိ၌ (အဝဏ္ဏတော သရောဒါနီ၊ တိဝေ ဝါဒိံဝိနာ ပရော၊ နလုပွတ-ညတောဒီဃော၊ အာသေဝါဒိဝိဝဇ္ဇိတော)ဟု သင်္ဂဟဂါထာကို ဆိုသည်။

http://www.dhammadownload.com

ရဟန်းမိန်းမတို့လော။ ။ဝါတိကသ္မာ။ ဘောအာစရိယ၊ ဆရာ။ ဣမသ္မိံ သုတ္တေ၊ ဤသုတ်၌။ သမဘိနိဝိဋ္ဌံ၊ ကောင်းစွာ အကျုံးဝင်သော။ ဝါတိပဒံ၊ ဝါဟူသော ပုဒ်ကို။ ကသ္မာ၊ အဘယ့်ကြောင့်။ အာစရိယေန၊ ဆရာသည်။ ဝုတ္တံ၊ မိန့်အပ်သနည်း။ ဘောသိဿ၊ တပည့်။ ပဉ္ဇိန္ဒြိယာနိ, တယဿုဓမ္မာ ဇဟိတာဘဝန္တိ-ဣတိ အာဒီသု ဥဒါဟရဏေသု၊ ပဉ္ဇိန္ဒြိယာနိ, တယဿု ဓမ္မာ ဇဟိတာဘဝန္တိ၊ ဤသို့အစရှိကုန်သော ဥဒါဟရုဏ်တို့၌။ သတိပိ သရမှာ အသရူပေ ဝါသဒ္ဒေန နိဝါရိတတ္တာ။ သရမှာ၊ သရဖြစ်သောရှေ့မှ။ အသရူပေ၊တူသောသုတိ ရှိသည်မဟုတ်သော သရဖြစ်သော နောက်သည်။ သတိပိ၊ ရှိသော်လည်း။ ဝါသဒ္ဒေန၊ ဝါသဒ္ဒါဖြင့်။ မယာ၊ ငါသည်။ နိဝါရိတတ္တာ၊ မြစ်အပ်သော ဥဒါဟရုဏ်၏ အဖြစ်ကြောင့်။ ဣမိနာသုတ္တေန၊ ဝါ ပရော အသရူပါ,ဟူသော ဤသုတ်ဖြင့်။ လောပံ၊ကျေခြင်းသို့။ နပပွေါတိ၊မရောက်။ ဣတိဣမဿအတ္ထဿ၊ ဤသို့သော အနက်ကို။ ဉာပနတ္ထံ၊ သိစေခြင်းငှာ။ ဝါတိ ပဒံ၊ ဝါဟူသော ပုဒ်ကို။ မယာအာစရိယေန၊ ငါကစ္စည်း ဆရာသည်။ ဝုတ္တံ၊ မိန့်အပ်၏။ ပဉ္ဇ၊ ငါးပါးကုန်သော။ ဣန္ဒြိယာနိ၊ ဣန္ဒြေတို့သည်။ တယော၊ သုံးပါးကုန်သော။ ဓမ္မာ၊ တရားတို့ကို။ ဇဟိတာ၊ စွန့်အပ်ကုန်သည်။ ဘဝန္တိ၊ ဖြစ်ကုန်၏။

အဿုကား နိပါတ်မျှသာ အနက်မရှိ။ ။ဤ ဝါပရော အသရူပါ, ဟူသော သုတ်သည်ကား လေးပါးသော သုတ်တို့တွင် ဝိဓိသုတ်မည်၏။ ဝိဓိရှစ်ပါးတို့တွင် **လောပဝိဓိ**မည်၏။ ပုဗ္ဗလောပ,ပရလောပ, အားဖြင့် နှစ်ပါးတို့တွင် ရှေ့သရမှ တူသောသုတိမရှိသော နောက် သရသည် ကျေသောကြောင့် ပရလောပမည်၏။ ထို့ကြောင့် ဤ ဝါပရော အသရူပါ,ဟူသောသုတ်ဖြင့် ကျေကောင်းသော သရကား ငါးဆဲ့နှစ်လုံးရှိသည်၊ ဤသုတ်၏ အင်္ဂါကား တူသောသုတိမရှိသော ရှေ့သရလည်းရှိစေ, နောက် သရလည်းရှိစေ, ဤသို့လျှင် နှစ်ပါး တည်း။ သရာသရေလောပံ, ဟူသော သုတ်နှင့် ဝါပရော အသရူပါ, ဟူသော ဤနှစ်သုတ်သည်ကား ချေသောသုတ်တည်း။ပုဗ္ဗမဓောဋိတ မသရံ သရေန ဝိယောဇယေ,ဟူသော သုတ်ကား ခွင်းသော သုတ် တည်း။နယေပရံယုတ္တေ,ဟူသော သုတ်ကား ကပ်သော သုတ်တည်း။

ဇုန္ဆာသယ(က)၁၃၄-၅

http://www.dhammadownload.com

သရာ သရေ လောပံ,သုတ်ဖြင့်ကား ရှေသရကို ချေသည်။ ဝါပရော အသရူပါ, သုတ်ဖြင့်ကား နောက်သရကိုချေသည် ဤသည်လျှင် အထူးတည်း။

စတ္တာရောမေ,ကို စတ္တာရော-ဣမေ,ဟူ၍ ပုဒ်ဖြတ်၍တည်။ သြ-သရမှ ရ-ဗျည်းကို ခွင်း။ ရော-အစိတ်-သြ-ကြွင်းစေ။ သရာ သရေ လောပံ, သုတ်ဖြင့် နောက်-ဣသရ နှောင်းသောကြောင့် ရှေသရ ရော၏ အစိတ် သြ-ကို ချေလုလတ်သည်ရှိသော် သရာသရေလောပံ,သုတ်ကို လိုက်စေ၍ ဝါပရော အသရူပါ,ဟူသော ဤသုတ်ဖြင့် တူသော သုတိမရှိသော-သြ-သရ နောင်မှ နောက်ဖြစ်သော-ဣ-သရကိုချေ။ ရ-သြ-သို့ကပ်။ ပြီး၏။

ကိံနုမာဝ,ကို ကိံ နု-ဣမာဝ,ဟူ၍ ပုဒ်ဖြတ်၍တည်။ ဥ-သရမှ နု-ဗျည်းကိုခွင်း။ နု-အစိတ် ဥ-ကြွင်းစေ။ သရာသရေလောပံ,သုတ်ကို လိုက်စေ၍ ဝါပရောအသရူပါ,ဟူသော ဤသုတ်ဖြင့် တူသော သုတိမရှိသော-ဥ-သရ နောင်မှ နောက်ဖြစ်သော-ဣ-သရကိုချေ။ နု-ဥ-သို့ကပ်။ပြီး၏။

ကိံ၌ **ပဉ္ဇိန္ဒြိယာနိ**,ကို ပဉ္ဇ-ဣန္ဒြိယာနိ,ဟုတည်။ ဥ-ကိုခွင်း။ ဆရာ-ဆရာကား ဝါပရော အသရူပါ,ဟူသော ဤသုတ်ဖြင့် တူသော သုတိမရှိသော-အ-သရ နောင်မှ နောက်ဖြစ်သော-ဣ-သရကို ချေမြဲ ချေစပါလော့။ မချေစရ။ အဘယ့်ကြောင့် မချေစရသနည်း ဟူမူကား ဝါသဒ္ဒါဖြင့် မြစ်အပ်သော ဥဒါဟရုဏ်၏ အဖြစ်ကြောင့် မချေစရ။ သရာသရေလောပံ,သုတ်ဖြင့် နောက်-ဣ-သရ နှောင်းသောကြောင့် ရှေသရ-ဥ-အစိတ် အ-ကိုချေ။ ဥ-ဣ-သို့ကပ်။ ပြီး၏။

တယဿု,ကို တယော အဿု,ဟုတည်။ သြ-သရမှ ယဗျည်းကိုခွင်း။ ဆရာ-ဆရာကား ဝါပရော အသရူပါ, ဟူသော ဤသုတ်ဖြင့် တူသောသုတိမရှိသော သြ-သရ နောင်မှ နောက်ဖြစ်သော အ-သရကိုချေမြဲ ချေစပါလော့။ မချေစရ။ အဘယ့်ကြောင့် မချေစရသနည်း ဟူမူကား ဝါသဒ္ဒါဖြင့် မြစ်အပ်သော ဥဒါဟရုဏ်၏ အဖြစ်ကြောင့် မချေစရ။ သရာသရေလောပံ,ဖြင့် နောက်-အ-သရနှောင်းသောကြောင့် ရှေသရ ယော အစိတ်-သြ-ကိုချေ။ ကပ်။ ပြီး၏။

http://www.dhammadownload.com

သရေဟော သရာ ပုဗ္ဗာ၊ လုတ္တာ ဝါစီ ပရာ ရမာ။
ဗျဉ္ဇနာ စာဂမာ ဝါစီ၊ ဒီဃရဿာဒိ သဉ္ဇဝါ။

သရေဟော၀၊ နောက် သရတို့ကြောင့်လျှင်။ လုတ္တာ၊ သရာသရေလောပံ, သုတ်ဖြင့် ကျေကုန်သော။ ပုဗ္ဗာ၊ ရှေဖြစ်ကုန်သော။ သရာ၊ သရတို့သည်။ ဝါစီ၊ ခြောက်ဆဲ့ လေးလုံးတို့တည်း။ ပုဗ္ဗာ၊ ရှေဖြစ်ကုန်သော။ သရာ၊ သရတို့ကြောင့်။ လုတ္တာ၊ ဝါပရောအသရူပါ, သုတ်ဖြင့် ကျေကုန်သော။ ပရာ၊ နောက်သရတို့သည်ကား။ ရမာ၊ ငါးဆဲ့နှစ်လုံးတို့တည်း။ အာဂမာ၊ ယဝမဒနတရလာစာဂမာ, သုတ်ဖြင့် လာကုန်သော။ ဗျဉ္ဇနာစ၊ ဗျည်းတို့သည်လည်း။ ဝါစီ၊ ခြောက်ဆဲ့လေးလုံးတို့တည်း။ ဒီဃရဿာဒိ၊ ဒီဃ, ရဿ, အစရှိသည်ကား။ သမ္ဘဝါ၊ ဖြစ်သင့်သည်အားလျော်စွာ ဖြစ်ကုန်၏။

ဤဂါထာ၏ အဓိပ္ပါယ်ကား- သရာသရေလောပံ,ဖြင့် ကျေသော ရှေသရကား ခြောက်ဆဲ့လေးလုံးတည်း။ ခြောက်ဆဲ့လေးလုံး ဟူသော်ကား အ-နှောင်းရာ၌ ရှစ်လုံး၊ အာ-နှောင်းရာ၌ ရှစ်လုံး၊ ဣ-နှောင်းရာ၌ ရှစ်လုံး၊ ဤ-နှောင်းရာ၌ ရှစ်လုံး၊ ဥ-နှောင်းရာ၌ ရှစ်လုံး၊ ဦ-နှောင်းရာ၌ ရှစ်လုံး၊ ဧ-နှောင်းရာ၌ ရှစ်လုံး၊ ဩ-နှောင်းရာ၌ ရှစ်လုံး၊ ဤသို့ ခြောက်ဆဲ့ လေးလုံးတည်း။ ။ဝါပရော အသရူပါ,သုတ်ဖြင့်ကျေသော နောက်သရကား ငါးဆဲ့နှစ်လုံးတည်း။ ငါးဆဲ့နှစ်လုံး ဟူသော်ကား အ-ကြောင့် အ-အာ မကျေ။ ဣ-ဤ-ဥ-ဦ-ဧ-ဩ ဤခြောက်လုံးကျေ၏။ အာ-ကြောင့် အ အာ မကျေ၊ ဣ,ဤ,ဥ,ဦ,ဧ,ဩ ဤခြောက်လုံးကျေ၏။ဣ,ကြောင့် ဣ,ဤ မကျေ၊ အ,အာ,ဥ,ဦ,ဧ,ဩ ဤခြောက်လုံး ကျေ၏။ ဤ-ကြောင့် ဣ-ဤ မကျေ။ အ,အာ,ဥ,ဦ,ဧ,ဩ ဤခြောက်လုံး ကျေ၏။ ဥ-ကြောင့် ဥ,ဦ မကျေ။ အ,အာ,ဣ,ဤ,ဧ,ဩ ဤခြောက်လုံး ကျေ၏။ ဦ-ကြောင့် ဥ,ဦ မကျေ၊ အ,အာ,ဣ,ဤ,ဧ,ဩ ဤခြောက်လုံး ကျေ၏။ ဧ-ကြောင့် အ,အာ,ဣ,ဤ,ဥ,ဦ,ဧ,ဩ ဤရှစ်လုံးကျေ၏။ ဩ-ကြောင့် အ,အာ,ဣ,ဤ,ဥ,ဦ,ဧ,ဩ ဤရှစ်လုံးကျေ၏။ ဤသို့ ငါးဆဲ့နှစ်လုံးဖြစ်သတည်း။ ။ယဝမဒနတရလာစာဂမာ,သုတ်ဖြင့်

http://www.dhammadownload.com

လာသော ဗျည်းကား ခြောက်ဆဲ့ လေးလုံးတည်း။ ခြောက်ဆဲ့ လေးလုံး ဟူသော်ကား အ-နှောင်းရာ၌ ယ,ဝ,မ,ဒ,နှ,တ,ရ,လ, ဤဗျည်းရှစ်လုံး လာရ၏။ ဤအတူ အာ,နှောင်းရာ၌ ရှစ်လုံး၊ ဣ, နှောင်းရာ၌ ရှစ်လုံး၊ ဤ,နှောင်းရာ၌ ရှစ်လုံး၊ ဥ,နှောင်းရာ၌ရှစ်လုံး၊ ဦ,နှောင်းရာ၌ ရှစ်လုံး၊ ဧ,နှောင်းရာ၌ ရှစ်လုံး၊ ဩ,နှောင်းရာ၌ ရှစ်လုံး၊ ဤသို့ ခြောက်ဆဲ့လေးလုံး ဖြစ်သတည်း။ ။စသဒ္ဒါဖြင့် လာရသော ဗျည်းတို့ကား ဗျည်းသုံးဆဲ့သုံးလုံးတို့တွင် အံ ကိုလည်း ကောင်း, ဤ ယ,ဝ,မ,ဒ,နှ,တ,ရ,လာ စာဂမာသုတ်ဖြင့် လာရသော ရှစ်လုံးသောဗျည်းတို့ကိုလည်းကောင်း ကြဉ်၍ ကြွင်းနှစ်ဆဲ့လေးလုံး တို့တည်း။ ။ဒီသ,ရဿ အစရှိသည်ကား ဖြစ်သင့်သည်အားလျော်စွာ ဖြစ်ကုန်၏ ဟူလိုသော်။

၁၄။ ကွစာသဝဏ္ဏံ လုတ္တေ

လုတ္တေ၊ ရှေသရကျေပြီးသည်ရှိသော်။(တနည်းကား)လုတ္တေ၊ကျေသော ရှေသရကြောင့်။ ကွစိ-ကတ္ထစိ ပယောဂေ၊ အချိသော ပြယုဂ်၌။ (တနည်း ကား) ကွစိ၊ အချိသဖြင့်။ အသဝဏ္ဏံ၊ ဧ,ဩ ဟူသော အသဝဏ် အပြုသို့။ ပပွေါတိ၊ ရောက်၏။ ။"သုတ်"။ ။ပုဗ္ဗသရေ၊ ရှေသရသည်။ လုတ္တေ၊ ကျေပြီးသည်ရှိသော်။ (တနည်းကား)လုတ္တေ၊ကျေသော။ ပုဗ္ဗသရေ၊ ရှေသရ ကြောင့်။ ပရော၊ နောက်ဖြစ်သော။ သရောခေါ၊ သရသည်။ ကွစိ၊ အချိသော ဥဒါဟရုဏ်၌။အသဝဏ္ဏံ၊ဧ,ဩ ဟူသော အသဝဏ်အပြုသို့။ပပွေါတိ၊ရောက်၏။ ဝေဒဂူ၊ရဟန္တာပုဂ္ဂိုလ်သည်။ သဓ်ုံ၊ပုထုဇဉ်ဟူသော အရေအတွက်သို့။နောပေ တိ-နဥပေတိ၊ မရောက်။ ဗန္ဓုဿ၊ အဆွေအမျိုး၏။ သမာဂမောဣ၀၊ ပေါင်း ဖော်ခြင်းကဲ့သို့။ ။ကွစီတိ ကသ္မာ။ ဘော အာစရိယ၊ ဆရာ။ ဣမသ္မိံ သုတ္တေ၊ ၌။ သမဘိနိဝိဋ္ဌံ၊ ကောင်းစွာအကျုံးဝင်သော။ ကွစီတိပဒံ၊ကွစိဟူသောပုဒ်ကို။ ကသ္မာ၊ ကြောင့်။ အာစရိယေန၊ သည်။ ဝုတ္တံ၊ နည်း။ ဘောသိဿ၊ တပည့်။ ယဿိန္ဒြိယာနိ, တထူပမံ ဓမ္မဝရံ အဒေသယိ ဣတ်အာဒီသု ဥဒါဟရဏေသု၊

ရူပသိဒ္ဓိ၌-ဣဝဏ်နှင့် ဥ-သရကိုသာ အ,ဝဏ် ကျေရာ၌ ဧ,ဩ အစီအရင်ဖြစ်သည်ဟု ဆိုဏ်။မောဂ္ဂလ္လာန်ဆရာက ဦ,သရကိုပါယူ၏၊ ဝုတ္တိမောဂ္ဂလ္လာန်ကျမ်း၌ ကြည့်ရှုပါ။

http://www.dhammadownload.com

ယဿိန္ဒြိယာနိ, တထူပမံ ဓမ္မဝရံ အဒေသယိ, ဤသို့ အစရှိကုန်သော ဥဒါ ဟရုဏ်တို့၌။ သတိပိ ပုဗ္ဗလုတ္တပရသရေ ကွစိသဒ္ဒေန နိဝါရိတတ္တာ။ ပုဗ္ဗလုတ္တ ပရသရေ၊ ရှေသရ ကျေပြီးသည်မှ နောက်သရသည်။ သတိပိ၊ လည်း။ ကွစိ သဒ္ဒေန၊ ကွစိဟူသောသဒ္ဒါဖြင့်။ မယာ၊ ဝါသည်။ နိဝါရိတတ္တာ၊ မြစ်အပ်သော ဥဒါဟရုဏ်၏ အဖြစ်ကြောင့်။ ဣမိနာသုတ္တေန၊ ကွစာသဝဏ္ဏံလုတ္တေ, ဟူသော ဤသုတ်ဖြင့်။ အသဝဏ္ဏံ၊ ဧ,ဩဟူသော အသဝဏ် အပြုသို့။ နပပွေါတိ၊ မရောက်။ ဣတိဣမဿ အတ္ထဿ၊ ဤသို့သော အနက်ကို။ ဥပနတ္ထံ၊ ၄ာ။ ကွစီတိပဒံ၊ ကို။ မယာ အာစရိယေန၊ သည်။ ဝုတ္တံ၊ ၏။ ယဿ၊ အကြင် ရဟန္တာ၏။ ဣန္ဒြိယာနိ၊ ဣန္ဒြေတို့သည်။ တထူပမံ တထာဥပမံ၊ ထိုတောအုပ် လျှင် ဥပမာရှိသော။ ဓမ္မဝရံ၊ တရားမြတ်ကို။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ အဒေသယိ၊ ဟောတော်မူပြီ။

ဤသုတ်ကား လေးပါးသော သုတ်တို့တွင် ဝိဓိသုတ် မည်၏။ ဝိဓိ ရှစ်ပါးတို့တွင် **အာဒေသ ဝိဓိ** မည်၏။ ။ဤသုတ်၏အင်္ဂါကား တူသောသုတိ မရှိသော ရှေသရလည်း ကျေစေ, နောက်သရလည်း ဣ,ဥနှစ်လုံးလည်း ရှိစေ၊ ဤသို့လျှင် အင်္ဂါနှစ်ပါးတည်း။

နောပေတိ,ကို န-ဥပေတိ,ဟူ၍ ပုဒ်ဖြတ်၍တည်။ အ, သရမှ န,ဗျည်း ကိုခွင်း။ဝါပရောအသရူပါ,သုတ်ဖြင့် တူသောသုတိ မရှိသော အ-သရနောင်မှ နောက်ဖြစ်သော ဥ-သရကိုချေလုလတ်သော် ထိုသုတ်၌ ဝါသဒ္ဒါဖြင့်မြစ်သော ကြောင့် မချေစရ။ သရာသရေ လောပံ,ဖြင့် နောက် ဥ-သရ နှောင်းသော ကြောင့် ရှေသရ န-၏အစိတ် အ-ကိုချေ။ သရာသရေ လောပံ, ဝါပရော အသရူပါ သုတ်တို့ကိုလိုက်စေ၍ ကွစာသဝဏ္ဏံလုတ္တေ, ဟူသော ဤသုတ်ဖြင့် ရှေသရ ကျေပြီးသော် နောက် ဥ-သရကို ဩအသဝဏ်ပြု။ န-ဩသို့ကပ်။ ပြီး၏။

ဗန္ဓုဿေဝ,ကို ဗန္ဓုဿ-ဣဝ,ဟူ၍ ပုဒ်ဖြတ်၍တည်။ အ-သရမှ ဿ-ဗျည်းကိုခွင်း။ ဝါပရော အသရူပါ,သုတ်ဖြင့် တူသောသုတိမရှိသော အ-သရ မှ နောက်ဖြစ်သော ဣ-သရကို ချေလုလတ်သော် ထိုသုတ်၌ ဝါသဒ္ဒါ မြစ်သောကြောင့် မချေစရ။ သရာသရေ လောပံ, ဟူသောသုတ်ဖြင့် နောက် သရ နှောင်းသောကြောင့် ရှေသရ ဿ-၏အစိတ် အ-ကိုချေ။ သရာသရေ

http://www.dhammadownload.com

လောပံ, ဝါပရော အသရူပါ, သုတ်တို့ကို လိုက်စေ၍ ကွစာသဝဏ္ဏံလုတ္တော, ဟူသော ဤသုတ်ဖြင့် ရှေ့သရ ကျေပြီးသော် နောက် ဣ-သရကို အေသဝဏ် ပြု။ ဃ-ကို ဇ-သို့ကပ်။ ပြီး၏။

ကိံ ရူပ်၌ **ယသိန္ဒြိယာနိ**, ကို ယဿ ဣန္ဒြိယာနိ, ဟူ၍ ပုဒ်ဖြတ်၍တည်။ ဃ-ကိုခွင်း။ သရာသရေ လောပံ, သုတ်ဖြင့် နောက် ဣ-သရနှောင်းသော ကြောင့် ရှေ့သရ ဃ-၏အစိတ် အ-ကိုချေ။ ဆရာ- ဆရာကား ကွစာသဝဏ္ဏံ လုတ္တော, ဟူသော ဤသုတ်ဖြင့် ရှေ့သရ ကျေပြီးသော် နောက် ဣ-သရကို ဇ-အသဝဏ် ပြုမြဲ ပြုစပါလော့။ မပြုစရ။ အဘယ့်ကြောင့် မပြုစရသနည်း ဟူမူကား ဤသုတ်၌ ကွစိသဒ္ဒါမြစ်သောကြောင့် မပြုစရ။ ဃ- ဣ-သို့ကပ်။ ပြီး၏။

တထူပမံ, ကို တထာ-ဥပမံ, ဟူ၍ပုဒ်ဖြတ်၍တည်။ အာ-သရမှ ထ-ဗျည်း ကိုခွင်း။ သရာသရေလောပံ, သုတ်ဖြင့်ချေ။ ဆရာ-ဆရာကား ကွစာသဝဏ္ဏံ လုတ္တော, ဟူသော ဤသုတ်ဖြင့် ရှေ့သရ ကျေပြီးသော် နောက် ဥ-သရကို ဩ-အသဝဏ်ပြုမြဲပင် ပြုစပါလော့။ မပြုစရ။ အဘယ့်ကြောင့် မပြုစရနည်း ဟူမူကား ဤသုတ်၌ ကွစိသဒ္ဒါမြစ်သောကြောင့် မပြုစရ။ သရာသရေ လောပံ, ဝါပရောအသရူပါ, ကွစာသဝဏ္ဏံလုတ္တော, သုတ်တို့ကိုလိုက်စေ၍ ဒီဃံ ဟူသော သုတ်ဖြင့် ရှေ့သရကျေပြီးသော် နောက် ဥ-သရကို ဦ-ဒီဃပြု။ ထ ဦ-သို့ကပ်။ ပြီး၏။

၁၅။ ဒီဃံ

ဒီဃံ၊ နောက်သရသည် ဒီဃအပြုသို့။ ပပ္ပေါတိ၊ ရောက်၏။ ။"သုတ်"။ ပုဗ္ဗသရေ၊ ရှေ့သရသည်။ လုတ္တော၊ ကျေပြီးသည်ရှိသော်။ (တနည်းကား) လုတ္တော၊ ကျသော။ ပုဗ္ဗသရေ၊ ရှေ့သရကြောင့်။ ပရော၊ နောက်၌ဖြစ်သော။ သရောခေါ၊ သရသည်။ ကွစိ၊ အချို့သောပြယုဂ်၌။ ဒီဃံ၊ ဒီဃအပြုသို့။ ပပ္ပေါတိ၊ ရောက်၏။ ဣဓ၊ ဤလောကဌ်။ ပုရိသဿ၊ ယောကျ်ား၏။ သေဋ္ဌံ၊ မြတ်သော။ ဝိတ္တံ၊ ဥစ္စာကား။ သဒ္ဓါ၊ သဒ္ဓါတည်း။ ဂဟဋ္ဌေဟိစ၊ အိမ်ယာထောင်သော လူတို့နှင့်လည်းကောင်း။ အနာဂါရေဟိစ၊ အိမ်ယာမထောင်သော ရဟန်းတို့နှင့်လည်းကောင်း။ ဥဘယံ-ဥဘယေဟိ၊ နှစ်ပါးကုန်သော သူတို့နှင့်။ အသံသဋ္ဌံ၊ မရောနှော။ ။ကွစီတိကသ္မာ။ ဘောအာစရိယ၊

http://www.dhammadownload.com

ဆရာ။ ဣမသ္မိံ သုတ္တေ၊ ၌။ အဓိကိစ္စဝသေန၊ လိုက်သည်၏ အစ္ဈမ်းအားဖြင့်။ သမဘိနိဝိဋ္ဌံ၊ ကောင်းစွာအကျုံးဝင်သော။ကွစီတိပဒံ၊ ကို။ ကသ္မာ၊ ကြောင့်။ အာဓရိယေန၊ သည်။ ဝုတ္တံ၊ နည်း။ ဘောသိဿ၊ တပည့်။ ပဥ္စဟုပါလိအင်္ဂေါ်ဟိ သမန္နာဂတော နတ္ထည်ကိုဋ္ဌိ ဣတိအာဒီသု ဥဒါဟရဏေသု၊ ဤသို့ အစရှိကုန်သော ဥဒါဟရဏ်တို့၌။ သတိပိပုဗ္ဗလုတ္တပရသရေ ကွစိသဒ္ဒေန နိဝါရိတတ္တာ။ ပုဗ္ဗလုတ္တပရသရေ၊ ရွှေသရကျေသည်မှ နောက် ရဿသရသည်။ သတိပိ၊ လည်း။ ကွစိသဒ္ဒေန၊ ဖြင့်။ မယာ၊ သည်။ နိဝါရိတတ္တာ၊ ကြောင့်။ ဣမိနာ သုတ္တေန၊ ဒီဃံ,ဟူသော ဤသုတ်ဖြင့်။ ဒီဃံ၊ ဒီဃအပြုသို့။ နပပ္ပေါတိ၊ မရောက်။ ဣတိဣမသ္မာအတ္ထာဿ၊ ကို။ ဥပနတ္ထံ၊ ဌာ။ ကွစီတိပဒံ၊ ကို။ မယာ အာဓရိယေန၊ သည်။ ဝုတ္တံ၊ ၏။ ဥပါလိ၊ ဥပါလိ။ ပဥ္စဟိ၊ ငါးပါးကုန်သော။ အင်္ဂေါ်ဟိ၊ အင်္ဂါတို့နှင့်။ သမန္နာဂတော၊ ပြည့်စုံသောသူသည်။ အညံ၊ တပါး သော။ ကိဉ္စိ၊ တစုံတခုသည်။ နတ္ထိ၊ မရှိ။

ဤသုတ်ကား လေးပါးသောသုတ်တို့တွင် ဝိဓိသုတ်မည်၏။ ဝိဓိရှစ်ပါးတို့တွင် **ဒီဃဝိဓိ** မည်၏။ ပုဗ္ဗဒီဃ, ပရဒီဃ,အားဖြင့် နှစ်ပါးတို့တွင် ရွှေသရကျေ၍ နောက်ရဿသရ သုံးလုံးကို ဒီဃပြုသော ကြောင့် ပရဒီဃမည်၏။ ။ဤသုတ်၏ အင်္ဂါကား ရွှေသရလည်း ကျေစေ, နောက်သရလည်း အ,ဣ,ဥ,ဟူသော ရဿသရ သုံးလုံးလည်းရှိစေ၊ ဤသို့လျှင် အင်္ဂါနှစ်ပါးတည်း။

သဒ္ဓိဓ,ကို သဒ္ဓါ-ဣဓ,ဟူ၍ ပုဒ်ဖြတ်၍တည်။ အာ-သရမှ ဒ္ဓ-ဗျည်းကို ခွင်း။ သရာသရေ လောပံ,ဟူသောသုတ်ဖြင့် နောက် ဣ-သရနှောင်းသော ကြောင့် ရွှေသရ ဒ္ဓ-အစိတ် အာ-ကိုချေ။ သရာသရေ လောပံ, ဝါပရော အသရူပါ, ကွစာသဝဏ္ဏံလုတ္တေ, သုတ်တို့ကို လိုက်စေ၍ ဒီဃံ,ဟူသောဤသုတ်ဖြင့် ရွှေသရကျေပြီးသော် နောက် ဣ-သရကို ဤ-ဒီဃပြု။ ဒ္ဓ-ဤသို့ကပ်။ သဒ္ဓိဓ,ပြီး၏။

အနာဂါရေဟိ ဂူဘယံ,ကို အနာဂါရေဟိစ-ဥဘယံ ဟူ၍ ပုဒ်ဖြတ်၍တည်။ စ-ကိုခွင်း။ သရာသရေ လောပံ, သုတ်ဖြင့်ချေ။ သုတ်လိုက်မြဲ။ ဒီဃံ, ဟူသော ဤသုတ်ဖြင့် ရွှေသရကျေပြီးသော် နောက် ဥ-သရကို ဦ-ဒီဃပြု။ စ-ဦ-သို့ကပ်။ ပြီး၏။

http://www.dhammadownload.com

ကိံ ရုပ်၌ **ပဥ္ဇဟုပါလိ**,ကို ပဥ္ဇဟိ-ဥပါလိ,ဟု ပုဒ်ဖြတ်၍တည်။ ဟ-ကို ခွင်း။ သရာသရေလောပံ,သုတ်ဖြင့်ချေ။ ဆရာကား- ဒီဃံ,ဟူသော ဤသုတ်ဖြင့် ရှေသရကျေပြီးသော် နောက် ဥ-သရကို ဒီဃပြုမြဲ။ ကွစိ၊ မပြုစရ။ ဟ-ဥ-သို့ကပ်။ ပြီး၏။

နတ္ထည်,ကို နတ္ထိ-အည်ဟူ၍ ပုဒ်ဖြတ်၍တည်။ ဣ-သရမှ တ္ထ-ဗျည်းကို ခွင်း။ တ္ထ-အစိတ် ဣ-ကြွင်းစေ၊ သရာသရေ လောပံ, သုတ်ဖြင့်ချေ။ ဆရာကား- ဤသုတ်ဖြင့် ရှေသရကျေပြီးသော် နောက် အ-သရကို ဒီဃပြုမြဲ။ ကွစိ၊ မပြုစရ။ တ္ထ- အ-သို့ကပ်။ ပြီး၏။ ။[နေတ္ထ,ကား ဒီဃံသုတ်၌ ကိံ ဥဒါဟရုဏ်မဟုတ်၊ ပါဌ်လွန်]။

၁၆။ ပုဗ္ဗောစ

ပုဗ္ဗောစ၊ ရှေသရသည်လည်း။ ဒီဃံ၊ ဒီဃ အပြုသို့။ ပပွေါတိ၊ ရောက်၏။ "သုတ်"။ ။ပရသရလောပေ၊ နောက်သရ၏ ကျေခြင်းကို။ ကတေ၊ ပြုပြီးသည်။ သတိ၊ ရှိသော်။ ပုဗ္ဗော၊ ရှေ၌ဖြစ်သော။ သရောစ၊ သရသည်လည်း။ ကွစိ၊ ၌။ ဒီဃံ၊ ဒီဃအပြုသို့။ ပပွေါတိ၊ ရောက်၏။ ဣဓ၊ ဤလောက၌။ ပုရိသဿ၊ ယောကျ်ား၏။ သေဋ္ဌံ၊ အထူးသဖြင့် ချီးမွမ်းအပ်သော။ ဝိတ္တံ၊ ဥစ္စာကား။ ကိံ သု၊ အသို့နည်း။ သာဓူတိ-သာဓုဣတိ၊ ကောင်း၏ ဟူ၍။ ပဋိဿုဏိတွာ-ပဋိဝစနံဒတွာ၊ စကားတုံ့ပေး၍။ (တနည်းကား)၊ ပဋိဿုဏိတွာ၊ ဝန်ခံပြီး၍။ ကွစိတိကသ္မာ။ ဘောအာစရိယ၊ ဆရာ။ ဣမသ္မိံ သုတ္တေ၊ ၌။ အဓိကိစ္စဝသေန၊ လိုက်သည်၏ အစွမ်းအားဖြင့်။ သမဘိနိဝိဋ္ဌံ၊ သော။ ကွစီတိပဒံ၊ ကို။ ကသ္မာ၊ ကြောင့်။ အာစရိယေန၊ သည်။ ဝုတ္တံ၊ နည်း။ ဘောသိဿ၊ တပည့်။ ဣတိဿမုဟုတ္တမ္ပိ ဣတိအာဒီသု ဥဒါဟရဏေသု၊ တို့၌။ လ။ ပရလောပပုဗ္ဗသရေ၊ နောက်သရ ကျေသည်မှ ရှေသရသည်။ သတိပိ၊ လည်း။ ကွစိသဒ္ဒေန၊ ဖြင့်။ မယာ၊ သည်။ နိဝါရိတတ္တာ၊ ကြောင့်။ ဣမိနာ သုတ္တေန၊ ဤပုဗ္ဗောစ, ဟူသော သုတ်ဖြင့်။ ဒီဃံ၊ သို့။ နပပွေါတိ၊ မရောက်။ ဣတိ ဣမဿ အတ္ထဿ၊ ကို။ ဥာပနတ္ထံ၊ ၎ာ။ ကွစီတိပဒံ၊ ကို။ မယာအာစရိယေန၊ သည်။ ဝုတ္တံ၊ ၏။ ဣတိ၊ ဤသို့။ အဿ၊ ထိုသူ၏။ မုဟုတ္တမ္ပိ၊ တမဟုတ်မျှလည်း။

http://www.dhammadownload.com

ဤသုတ်သည်ကား လေးပါးသော သုတ်တို့တွင် ဝိဓိသုတ်မည်၏။ ဝိဓိရှစ်ပါးတို့တွင် **ဒီဃဝိဓိ** မည်၏။ပုဗ္ဗဒီဃ,ပရဒီဃအားဖြင့် နှစ်ပါးတို့တွင် နောက် သရကျေ၍ ရှေ့ရဿသရ သုံးလုံးကို ဒီဃပြုသော ကြောင့် ပုဗ္ဗဒီဃ မည်၏။ ။ဤသုတ်၏ အင်္ဂါကား နောက်သရလည်း ကျေစေ, ရှေ့သရလည်း အ, ဣ, ဥ, ဟူသော ရဿသရ သုံးလုံးလည်း ရှိစေ, ဤသို့လျှင် အင်္ဂါ နှစ်ပါးတည်း။ ။ဒီဃံ, ဟူသော သုတ်နှင့် ပုဗ္ဗောစ, ဟူသော ဤနှစ်သုတ် အထူးကား သရာသရေလောပံ, ဟူသော သုတ်ဖြင့်ရှေ့သရကို ချေပြီးလျှင် ဒီဃံ, ဟူသောသုတ်ဖြင့် နောက်သရကို ဒီဃပြုစရ၏။ ဝါပရောအသရူပါ, ဟူသော သုတ်ဖြင့် တူသောသုတိမရှိသော နောက်သရကို ချေပြီးလျှင် ပုဗ္ဗောစ, ဟူသောသုတ်ဖြင့် ရှေ့သရကို ဒီဃပြုစရ၏။ဤသည်လျှင် အထူးတည်း။

ကိံသူဓ,ကို ကိံ သု-ဣဓ, ဟူ၍တည်။ သ-ကိုခွင်း။သရာသရေ လောပံ, သုတ် လိုက်စေ၍ ဝါပရောအသရူပါ,ဖြင့် တူသော သုတိ မရှိသော-ဥ-သရ နောင်မှ နောက် ဖြစ်သော-ဣ-သရကိုချေ။ သရာသရေလောပံ, ဝါပရောအသရူပါ, ကွစာသဝဏ္ဏံလုတ္တေ, ဒီဃံ, ဟူသော သုတ် တို့ကို လိုက်စေ၍ ပုဗ္ဗောစ, ဟူသော သုတ်ဖြင့် နောက်သရ ကျေပြီးသော် ရှေ့သရ-သု-အစိတ်-ဥကို ဦ-ဒီဃပြု။ သ-ဦသို့ကပ်။ ပြီး၏။

သာဓူတိ,ကို သာဓု-ဣတိ, ဟူ၍တည်။ ဓ-ကိုခွင်း။ သရာသရေလောပံ, သုတ်လိုက်စေ၍ ဝါပရောအသရူပါ, သုတ်ဖြင့် တူသော သုတိ မရှိသော-ဥ-သရ နောင်မှ နောက်ဖြစ်သော-ဣသေရကိုချေ။ သရာသရေလောပံ,ဝါပရောအသရူပါ, ကွစာသဝဏ္ဏံလုတ္တေ, ဒီဃံ ဟူသော သုတ်တို့ကို လိုက်စေ၍ ပုဗ္ဗောစ, ဟူသော သုတ်ဖြင့် နောက်-ဣ-သရ ကျေပြီးသော် ရှေ့သရ-ဓု-အစိတ်-ဥ-ကို ဦ-ဒီဃပြု။ ဓ-ဦ-သို့ကပ်။ ပြီး၏။

ကိံရုပ်ကို **ဣတိ-အဿ**,တည်။ တိ-ကိုခွင်း။ သရာသရေလောပံ, သုတ်လိုက်စေ၍ ဝါပရောအသရူပါ, သုတ်ဖြင့် တူသော သုတိ မရှိသော-ဣ-သရ နောင်မှ နောက်ဖြစ်သော-အ-သရကိုချေ။ ဆရာကား ပုဗ္ဗောစ, ဟူသော

http://www.dhammadownload.com

ဤသုတ်ဖြင့် နောက်သရ ကျေပြီးသော် ရှေသရ-တိအစိတ်-ဣ-ကို ဤ-ဒီဃ ပြုမြဲ။ ကွစိ၊ မပြုစရ။ တ-ဣ-သို့ကပ်။ ပြီး၏။

၁၇။ ယမေ၊ဒန္တဿာ၊ဒေး၊သာ

ဒေန္တဿ၊ အစိတ်ဖြစ်သော-ဧ၏။ ယံ၊ ယ, အက္ခရာဟု ဆိုအပ်သော။ အာဒေသော၊ အာဒေသသည်။ ဟောတိ၊ ၏။ (တနည်းကား) ဒေန္တဿ၊ အစိတ် ဖြစ်သော-ဧ, ၏။ အာဒေသော၊ အာဒေသ ဖြစ်သော။ ယံ၊ ယ, အက္ခရာသည်။ ဟောတိ၊ ၏။ (တနည်းကား) အန္တဿ၊ အစိတ် ဖြစ်သော။ ဧ၊ ဧ, ဟူသော အက္ခရာ၏။ ယံ၊ ယ အက္ခရာဟု ဆိုအပ်သော။ အာဒေသော၊ အာဒေသသည်။ ဟောတိ၊ ၏။ ။"သုတ်"။ ။ပရေ၊ နှောင်းသော။ သရေ၊ သရကြောင့်။ အန္တဘူတဿ၊ အစိတ်ဖြစ်သော။ ကောရဿ၊ဧ,ဟူသော အက္ခရာ၏။ ကွစိ၌။ ယကာရော၊ယ,အက္ခရာ ဟု ဆိုအပ်သော။ အာဒေသော၊ အာဒေသသည်။ ဟောတိ၊ ၏။ မေ၊ ငါသည်။ အယံမေမ္မော၊ ဤတရားကို။ အဓိဂတောခေါ၊ သိအပ်ပြီ။ တေ၊ သင်အား။ အဟံ၊ သည်။ ဧဝံ၊ သို့။ ဝဒေယျ၊ ဆိုရာ၏။ တေ၊ ထိုကိလေသာတို့ကို။ အဿ၊ ထိုရဟန္တာ ပုဂ္ဂိုလ်သည်။ ပဟီနာ၊ ပယ်အပ်ကုန်သည်။ ဟောန္တိ၊ ကုန်၏။ ။ကွစိတိကသ္မာ၊ ဘော အာစရိယ၊ ဆရာ။ ဣမသ္မိံ သုတ္တေ အဓိကိစ္စဝသေန သမဘိနိဝိဋ္ဌံ ကွစိတိပဒံ ကသ္မာ အာစရိယေန ဝုတ္တံ။ ဘောသိဿ နေနာဂတာ ဣတိအာဒိသု ဥဒါဟရဏေသု၊ တို့၌။ သတိပိ ပရသရ အန္တဘူတ ကောရေ။ ပရသရ အန္တဘူတ ကောရေ၊ နောက်သရ နှောင်းခြင်းရှိသော အစိတ်ဖြစ်သော ဧ, ဟူသော အက္ခရာသည်။ သတိပိ၊ လည်း။ ကွစိသဒ္ဒေန၊ ဖြင့်။ မယာ၊ သည်။ နိဝါရိတတ္တာ၊ ကြောင့်။ ဣမိနာသုတ္တေန၊ ဤယမေဒန္တဿာဒေသော, ဟူသော သုတ်ဖြင့်။ ယကာရော၊ ယ,အက္ခရာဟု ဆိုအပ်သော။ အာဒေသော၊ အာဒေသသည်။ နဟောတိ၊ မဖြစ်။ ဣတိ ဣမဿ အတ္ထဿ ဉာပနတ္ထံ၊ ကွစိတိပဒံ မယာအာစရိယေန ဝုတ္တံ။ နေ၊ ထိုသူတို့သည်။ အနာဂတာ၊ မလာကုန်။ဣတိ တေံဝစနံ၊ ဤသို့သော စကားကို။ သုတ္တာ၊ ကြားကုန်၍။ နေ၊ထိုသူတို့သည်။ တတ္ထ၊ ဤအရပ်၌။ နအာဂတာ၊ မရောက်လာကုန်။

အာဒေသိ၏ အရကို မေ,တေ,ယေ သဒ္ဒါ၏ အစိတ် ဧ-ကိုယူလေ။ "မေ,တေ,ယေ,ဉ၊ စိတ်, ဧ,ပြု၊ မှတ်ကြ ရှုပသိဒ်"

http://www.dhammadownload.com

ဤသုတ် သည်ကား လေးပါးသော သုတ်တို့တွင် ဝိဓိသုတ် မည်၏။ ဝိဓိရှစ်ပါးတို့တွင် **အာဒေသဝိဓိ** မည်၏။ ။ဤသုတ်၏ အဂ်္ဂါကား နောက်သရ ဟု ဆိုအပ်သော သရ ရှစ်လုံးတွင် တလုံးလုံး နှောင်းသည်လည်း ဖြစ်စေ, အစိတ် ဖြစ်သော-ဧသရလည်း ဖြစ်စေ, ဤသို့လျှင် အင်္ဂါနှစ်ပါးတည်း။

ဗျာယံ,ကို မေ-အယံ, တည်။ သေခ္ခမှ မ-ဗျည်းကိုခွင်း။ သရာသရေ လောပံ,ကွစာသဝဏ္ဏံ လုတ္တေ,သုတ်တို့ကို လိုက်စေ၍ ယမေဒန္တဿာ ဒေသော, ဟူသော ဤသုတ်ဖြင့် နောက်-အ-သရ နှောင်းသောကြောင့် ရှေ့သရ မေ-အစိတ်-ဧ-ကို-ယ-ပြု။ သရာ ပကတိ ဗျဉ္ဇနေ, သရေကွစိ, လိုက်စေ၊ ဒီဃံ သုတ်ဖြင့် နောက်-ယ-ဗျည်းနှောင်းသောကြောင့် ရှေ့-အ-သရကို အာ-ဒီဃ ပြု။ ယ-အာသို့ကပ်။ ပြီး၏။ ။**တျာဟံ**,ကို တေ-အဟံ, တည်။ နှည်းတူ လုပ်။ ။**တျဿ**, ကို တေ,အဿ, တည်။ နည်းတူလုပ်။

ကိ်ဒ္ဒ **နေနာဂတာ**,ကို နေ-အနာဂတာ,တည်။ နေ-ကိုခွင်း။ ဆရာကား ယမေဒန္တဿာဒေသော, ဟူသော ဤသုတ်ဖြင့် နောက်-အ-သရ နှောင်းသောကြောင့် ရှေ့သရ-နေ-၏ အစိတ်-ဧ-ကို ယပြုမြဲ။ ကွစိ၊ မပြုစရ။ သရာသရေလောပံ, သုတ်လိုက်စေ၍ ဝါပရော အသရူပါ, သုတ်ဖြင့် တူသော သုတိ မရှိသော-ဧ-သရနောင်မှ နောက်ဖြစ်သော အ-သရကိုခေါ့။ န-ဧ သို့ကပ်။ နေနာဂတာ, ပြီး၏။

နေဿ,ကို နေ-တ္ထ, ဟူ၍တည်။ နေ-ကိုခွင်း။ ဆရာကား ယမေဒန္တဿာဒေသော, ဟူသော ဤသုတ်ဖြင့် နောက်-ဧ-သရ နှောင်းသောကြောင့် ရှေ့သရ-နေ-အစိတ်-ဧ-ကို ယပြုမြဲ။ ကွစိ၊ မပြုစရ။ သရာ သရေလောပံ, သုတ် လိုက်စေ၍ ဝါပရော အသရူပါ, သုတ်ဖြင့် တူသော သုတိ မရှိသော-ဧ-သရနောင်မှ နောက်ဖြစ်သော ဧ-သရကိုခေါ့။ န-ဧ-သို့ကပ်။ပြီး၏။

အ, အာ၊ ဣ, ဤ၊ ဥ, ဦ၊ ဤသရခြောက်လုံးကား နှစ်လုံးစီ အစုံ ဖြစ်သောကြောင့် သုတိ တူဆိုသည်။ ဧ-နှင့်-ဩ-ကား တလုံးစီ သာရှိသောကြောင့် သုတိတူ မရှိကုန်။ ထို့ကြောင့် ဝါပရော အသရူပါ, ဖြင့် ဉာသ်ဆရာခေါ့သည်။ နေတ္ထ, ကို နေ-တ္ထ, တည်။ သရာသရေ လောပံ, ဖြင့် ခေါ့သော်လည်း ရုပ်သည် ပြီး၏။ ဤ ယမေ

http://www.dhammadownload.com

ဒန္တဿာဒေသော, သုတ်ကို အတ္ထယောဇနာ ပြုရာ၌ ဉာသ်အလိုကား ဒေန္တဿ၊ အစိတ် ဖြစ်သော-ဧ-၏။ ယံ၊ယ,အက္ခရာ ဟု ဆိုအပ်သော။ အာဒေသော၊ အာဒေသသည်။ ဟောတိ၊ ဖြစ်၏။ ဤသို့ အတ္ထ ယောဇနာကို ပြုစေလိုသည်။ နိဒ္ဒေသ အလိုကား၊ ဒေန္တဿ၊ ၏။ အာဒေသော၊ အာဒေသဖြစ်သော။ ယံ၊ယ, အက္ခရာသည်။ ဟောတိ၊ ၏။ ဤသို့ ယောဇနာ စေလိုသည်။ ဝုတ္တိ အလိုသော်ကား။ အန္တဿ၊ အစိတ်ဖြစ်သော။ ဧ၊ ဧ,ဟူသော အက္ခရာ၏။ ယံအာဒေသော၊ ယ, အက္ခရာ ဟု ဆိုအပ်သော အာဒေသသည်။ ဟောတိ၊ ၏။ ဤသို့လျှင် အတ္ထ ယောဇနာ ပြုစေလိုသည်။ ဤသုံးပါးသော အတ္ထ ယောဇနာ သည် အနက်မပျက်သောကြောင့် သင့်သည်ချည်း။

၁၈။ ဝမောဒုဒန္တာနံ

ဩဒုဒန္တာနံ၊ အစိတ် ဖြစ်ကုန်သော ဩ, ဥ, တို့၏။ ဝါ၊ ကား။ အန္တာနံ၊ အစိတ် ဖြစ်ကုန်သော။ ဩ, ဥ၊ ဩ, အက္ခရာ-ဥ, အက္ခရာ တို့၏။ ဝံ၊ ဝ, အက္ခရာဟု ဆိုအပ်သော အာဒေသသည်။ ဟောတိ၊ ၏။ ။"သုတ်"။ ။ ပရေ၊ သော။ သရေ၊ ကြောင့်။ အန္တဘူတာနံ၊ အစိတ် ဖြစ်ကုန်သော။ ဩကာ ရူကာရာနံ၊ ဩ,အက္ခရာ-ဥ,အက္ခရာ တို့၏။ ကွစိ၊ ၌။ ဝကာရော၊ ဝ,အက္ခရာ ဟု ဆိုအပ်သော။ အာဒေသော၊ အာဒေသသည်။ ဟောတိ၊၏။ အထခေါ၊ ထိုအခါ၌။ အဿ၊ ထိုသူအား။ သော အာဗာဓော၊ ထိုအနာသည်။ အဿ၊ ထိုသူအား။ ဗဟု၊ များသည်။ ဟောတိ၊ ၏။ ဧတ္ထ၊ ဤအရပ်၌။ ဝတ္ထု၊အခင်း ကို။ နိစ္စံ၊ အမြဲ။ ဝိဟိတံ၊ စီရင်အပ်၏။ စက္ခုာပါထံ စက္ခု အာပါထံ၊ စက္ခု အား ထင်ခြင်းသို့။ အာဂစ္ဆတိ၊ ရောက်၏။ ။ကွစီတိ ကသ္မာ။ ဘော အာစရိယ ဣမသ္မိံ သုတ္တေ အဓိကိစ္စဝ သေန သမဘိ နိဝိဋ္ဌံ ကွစီတိပဒံ ကသ္မာ အာစရိယေန ဝုတ္တံ။ ဘောသိဿ၊ တပည့်၊ စတ္တာရောမေ ဘိက္ခဝေ ဓမ္မာ, ကိံ နုမာဝ သမဏိယော ဣတိအာဒီသု ဥဒါဟရဏေသု၊ တို့၌။ သတိပိ ပရ သရအန္တဘူတဩကာရူကာရေ ကွစိသဒ္ဒေန နိဝါရိတတ္တာ ဣမိနာသုတ္တေန ဝကာရာဒေသော နဟောတိ၊ ဣတိဣမဿ အတ္ထဿ ဉာပနတ္ထံ ကွစီတိပဒံ

အာဒေသီ၏ အရကို က,ခ,ယ,သ,တ,သဒ္ဒါတို့၏ အစိတ် ဩကို ယူလေ။

http://www.dhammadownload.com

မယာ အာစရိယေန ဝုတ္တံ။ ပရသရ အန္တဘူတသြကာရုကာရေ၊ နောက်သရ နှောင်းခြင်းရှိသော အစိတ်ဖြစ်သော သြ, အက္ခရာ ဥ, အက္ခရာသည်။ သတိပိ၊ လည်း။ ကွစိသဒ္ဒေန၊ ဖြင့်။ မယာ၊ သည်။ နိဝါရိတတ္တာ၊ ကြောင့်။ ဣမိနာ သုတ္တေန၊ ဤ ဝမောဒုဒန္တာနံ, ဟူသော သုတ်ဖြင့်။ ဝကာရာဒေသော၊ ဝ, အက္ခရာဟု ဆိုအပ်သော အာဒေသသည်။ နဟောတိ၊ မဖြစ်။ ဣတိ ဣမဿ အတ္ထဿ၊ ကို။ ဉာပနတ္ထံ၊ ၄ာ။ ကွစီတိပဒံ၊ ကို၊ မယာ အာစရိယေန၊ သည်။ ဝုတ္တံ၊၏။ ဘိက္ခဝေ၊တို့။ ဣမေဓမ္မာ၊ ဤတရားတို့သည်။ စတ္တာရော၊ လေးပါးတို့တည်း။ ဣမာဝ၊သာလျှင်။ သမဏိယော ကိံနု၊လော။

ဤသုတ် သည်ကား လေးပါးသော သုတ်တို့တွင် ဝိဓိသုတ်မည်၏။ ဝိဓိရှစ်ပါးတို့တွင် **အာဒေသဝိဓိ**မည်၏။ ။ဤသုတ်၏ အင်္ဂါကား နောက်သရဟု ဆိုအပ်သော သရ ရှစ်လုံးတွင် တလုံးလုံးလည်း နှောင်းသည် ဖြစ်စေ, အစိတ်ဖြစ်သော သြ,သရ-ဥ,သရလည်း ဖြစ်စေ, ဤသို့လျှင် အင်္ဂါနှစ်ပါးတည်း။

အထခွဿ,ကို အထခေါ-အဿ,တည်။ခေါကိုခွင်း။သရာသရေလောပံ, ကွစာသဝဏ္ဏံလုတ္တေ, ယမေဒန္တဿာဒေသော သုတ်တို့ကိုလိုက်စေ၍ ဝမောဒုဒန္တာနံ, ဟူသော ဤသုတ်ဖြင့် နောက်သရနှောင်းသောကြောင့် ရှေသရ ခေါ-အစိတ် သြ-ကို ဝ-ပြု။ ဝ-အ-သို့ကပ်။ ခ-ဝ-သို့ကပ်။ ပြီး၏။

သွဿ,ကို သော-အဿ၊ **ဗဟွာဗာဓော**,ကို ဗဟု-အာဗာဓော၊ **ဝထ္ထိတ္ထ**,ကို ဝတ္ထုတ္ထေ၊ **စက္ခွာပါထံ**,ကို စက္ခု-အာပါထံ,တည်။ လုပ်မြဲ။ သုတ်လိုက်မြဲ။ ဥ-ကို ဝ-ပြုသည်။ သြ-ကို ဝ-ပြုသည်။ ဤသို့ထူး၏။

ကိံ၌ **စတ္တာရောမေ**,ကို စတ္တာရော-ဣမေ,တည်။ ရော-ခွင်း။ဆရာကား ဝမောဒုဒန္တာနံ,ဟူသော ဤသုတ်ဖြင့် နောက် ဣ-သရနှောင်းသောကြောင့် ရှေသရ ရော-အစိတ် သြ-ကို ဝ-ပြုမြဲ။ ကွစိ၊ မပြုစရ။ လုပ်မြဲ။

ကိံနုမာဝသမဏိယော,ကား ချာသ၌ မရှိ။စောဒနာ၍ လုပ်လိုသော်ကား ကိံနုမာဝကိုကိံနု ဣမာဝတည်။ နုကိုခွင်း။ ဆရာကား ဝမောဒုဒန္တာနံ, ဟူသော ဤသုတ်ဖြင့် နောက်ဣသရ နှောင်းသောကြောင့် ရှေသရ-နုံ,အစိတ် ဥ-ကို-ဝပြုမြဲ။ ကွစိ၊ မပြုစရ။ ဝါပရော အသရူပါ,သုတ်ဖြင့် လုပ်မြဲ။

http://www.dhammadownload.com

ဝမောဒုဒန္တာနံ, ဟူသော ဤသုတ်ကို အတ္ထ ယောဇနာပြုရာ၌ ဉာဿ အလိုကား ဩဒုဒန္တာနံ၊ အစိတ်ဖြစ်ကုန်သော ဩ,ဥ-တို့၏။ ဝံ၊ဝ-အက္ခရာဟု ဆိုအပ်သော အာဒေသသည်။ ဟောတိ၊၏။ ဤသို့ အတ္ထ ယောဇနာ ပြုစေလိုသည်။ နိဒ္ဒေသ အလိုကား-ဩဒုဒန္တာနံ၊ အစိတ် ဖြစ်ကုန်သော ဩ, ဥ တို့၏။ အာဒေသော၊ အာဒေသ ဖြစ်သော။ ဝံ၊ ဝ, အက္ခရာသည်။ ဟောတိ၊ ၏။ ဤသို့ ယောဇနာစေလိုသည်။ ဝုတ္တိ အလိုကား-အန္တာနံ၊အစိတ် ဖြစ်ကုန်သော။ဩ-ဥ၊ဩ,အက္ခရာ-ဥ-အက္ခရာတို့၏။ ဝံ၊ ဝ,အက္ခရာဟု ဆိုအပ်သော အာဒေသသည်။ ဟောတိ၊ ၏။ ဤသို့လျှင် အတ္ထယောဇနာ ပြုစေလိုသည်။ ဤသုံးပါး သော အတ္ထ ယောဇနာ သည်လည်း အနက်မပျက် ဖြစ်သောကြောင့် သင့်သည်ချည်း။ ဝုတ္တိသို့ လိုက်၍ အတ္ထယောဇနာ ပြုသော်ကား သံဝဏ္ဏေတမ္ပ သံဝဏ္ဏနာ ဆိုရိုးနှင့် ညီ၏။

၁၉။ သမ္ဗော ဓံတိ

သမ္ဗော၊ ဗျည်းဖြစ်ပြီးသော အလုံးစုံသော။ တိ၊ တိသဒ္ဒါသည်။ စံ၊ဧ, အက္ခရာဟု ဆိုအပ်သော အာဒေသသို့။ ပပ္ပေါတိ၊ ၏။ ။"သုတ်"။ ။ပရေ၊ နှောင်းသော။ သရေ၊ သရကြောင့်။ ဗျဥ္ဇနေ၊ ဗျည်းဖြစ်ပြီးသော။ သမ္ဗော၊ အလုံးစုံသော။ ဤစွေသောတိသဒ္ဒေါ၊ ဤတိ, သဒ္ဒါသည်။ ကွစိ၊၌။ စကာရံ၊စ, အက္ခရာဟု ဆိုအပ်သော အာဒေသသို့။ ပပ္ပေါတိ၊ ၏။ ဤတိ၊သို့။ တေ၊ ဤ အမ္ပသည်။ ကုသလံ၊ အပြစ်မရှိ။ ဤတိ၊ ဤသို့။ ဝစနီယံ၊ ဆိုအပ်သည်။ အဿ၊ ၏။ ပစ္စုတ္တရိတ္တာ-ပတိဉတ္တရိတ္တာ၊ တဘန်ကူး၍။ ပစ္စာဟရတိ-ပတိအာဟရတိ၊ တဘန်ဆောင်၏။ ။ကွစိတိကသ္မာ၊ ဘော်အာစရိယ၊ ဆရာ။ ဤမသ္မိံ သုတ္တေ၊ ၌။ အဓိကိစ္စ ဝသေန၊ ဖြင့်။ သမဘိနိဝိဋ္ဌံ၊ သော။ ကွစိတိပဒံ၊ ကို။ ကသ္မာ၊ ကြောင့်။ အာစရိယေန၊ သည်။ ဝုတ္တံ၊ နည်း။ ဟောသိဿ၊ တပည့်။ ဤတိဿ မုဟုတ္တမ္ပိ ဤတိ အာဒီသု ဥဒါဟရဏေသု၊ တို့၌။ ပရသရတိသဒ္ဒေ၊ နောက်သရ

ရှာသ၌-တျ-ပြုပြီးမှ-စ-ပြီလေသည်။ ရှုပသိဒ္ဓိ၌-တိ-သဒ္ဒါကိုသာ-စ-ပြုလိုသည်။ ။ဤသို့ဆိုသော်ဟိ နိဒ္ဒေသတော အကတယကာရသ္သေဝါယံ ဝိမိ-ဟုဆို၏။ ။ဤသုတ်၌တိ၏ အရကို အတိ,ပတိ,ဤတိ,သဒ္ဒါတို့၏-တိ-ကို ယူလော

http://www.dhammadownload.com

နှောင်းခြင်းရှိသော တိ,သဒ္ဒါသည်။ သတိပိ၊လည်း။ ကွစိသဒ္ဒေန၊ဖြင့်။ မယာ၊ သည်။ နိဝါရိတတ္တာ၊ ကြောင့်။ ဣမိနာ သုတ္တေန၊ ဤ သဗ္ဗောစံတိ, ဟူသော သုတ်ဖြင့်။ စကာရံ၊ စအက္ခရာဟု ဆိုအပ်သော အာဒေသသို့။ နပပွေါတိ၊ မရောက်။ ဣတိဣမဿ အတ္ထဿ၊ ကို။ ဉာပနတ္ထံ၊ ၄ာ။ ကွစီတိပဒံ၊ ကို။ မယာအာစရိယေန၊ သည်။ ဝုတ္တံ၊ ၏။ ဣတိ၊ သို့။ အဿ၊ ထိုသူအား။ မုဟုတ္တမ္ပိ၊ တမဟုတ်မျှလည်း။

ဤသုတ်သည်ကား လေးပါးသော သုတ်တို့တွင် ဝိဓိသုတ် မည်၏။ ဝိဓိရှစ်ပါးတို့တွင် **အာဒေသဝိဓိ**မည်၏။ ။ဤသုတ်၏ အင်္ဂါကား အလုံးစုံ ဗျည်းဖြစ်ပြီးသော တိ,သဒ္ဒါလည်းဖြစ်စေ, နောက်သရ ဟု ဆိုအပ်သော ဣဝဏ် ကြဉ်သော သရခြောက်လုံးတွင် တလုံးလုံး လည်း နှောင်းသည်ဖြစ်စေ, ဤသို့လျှင် အင်္ဂါနှစ်ပါးတည်း။ ဣဝဏ် ကို ကြဉ်ကြောင်းကား အထက်၌ အတိဿ စန္တဿ, သုတ်ကို ထောက်သည်။

ဣစ္စေတံကို ဣတိဧတံ,တည်။ တိ·ကိုခွင်း၊ သရာ သရေ လောပံ, သုတ် လိုက်စေ၍ ဣဝဏ္ဏောယံနဝါ,ဖြင့် နောက် ဧ-သရ နှောင်းသောကြောင့် ရှေသရ တိ-အစိတ် ဣ-ကို ယ-ပြု။ တ-ယ-သို့ ကပ်။ သရာ သရေလောပံ, ကွစာသဝဏ္ဏံလုတ္တေ သုတ်တို့ကို လိုက်စေ၍ သဗ္ဗောစံတိ,ဟူသော ဤသုတ် ဖြင့် နောက် ဧ-သရ နှောင်းသောကြောင့် အလုံးစုံ ဗျည်းဖြစ်ပြီးသော တိ-သဒ္ဒါကို စပြု။ ပရဒ္ဒေဘာဝေါဌာနေ, သုတ်ဖြင့် ဣသရနောင်မှ နောက် ဖြစ်သော ပဌမအက္ခရာ စ-နှင့် စ-သဒိသ ဒ္ဒေဘော်ပြု။ စ-စ-သို့ကပ်။စ္စ-ဧ-သို့ကပ်။ ပြီး၏။ ဒ္ဒေဘော် ဟူသမျှ ကပ်လေ။

ဣစ္စဿ,ကို ဣတိ—အဿတည်။ **ပစ္စုတ္တရိတွာ**,ကို ပတိ-ဥတ္တရိတွာ။ **ပစ္စာဟရတိ**,ကို ပတိ—အာဟရတိတည်။ လုပ်မြဲ။ ရှေဗျည်းကို ခွင်း၍ သဒိသ ဒ္ဒေဘော်ပြု။

ကိံ၌,**ဣတိဿ**,ကို ဣတိ-အဿတည်။ တိ-ကို ခွင်း။ ဆရာကား ဣဝဏ္ဏောယံနဝါသုတ်ဖြင့် ဣ-ကို ယ-ပြု၍ တ-ယ-သို့ ကပ်၍။ သဗ္ဗောစံတိ, ဟူသော ဤသုတ်ဖြင့် ဗျည်းဖြစ်ပြီးသော အလုံးစုံသော တိ-သဒ္ဒါကို စ-ပြုမြဲ။ ကွစိ၊ မပြုစရ။ ဝါပရော အသရူပါ,သုတ်ဖြင့် ချေမြဲ။ ကပ်။ ပြီး၏။

http://www.dhammadownload.com

တျ,ကိုသာ စ,ပြုသည်။ တိ,ကို စ,မပြု။ ထိုသို့လျက် ဗျည်းဖြစ်ပြီး သော အလုံးစုံသော တိ,သဒ္ဒါဟု အဘယ့်ကြောင့် ဆိုသနည်းဟူမူကား ရှေးက တိ,ဖြစ်ဘူးသည်ကို ရည်၍ ပုဗ္ဗဝေါဟာရ အားဖြင့် တိ,ဟူ၍ ဆိုသည်။ ။သဗ္ဗောစံတိ, ဟူသော ဤသုတ်ဖြင့် တျ,ကို စ,ပြုသည်ကား ဉာသ်အလို။ တိ,ကိုပင် စ,ပြုသည်ကား ရှုပသိဒ္ဓိ အလို။ ဉာသ်ဆရာကား သဗ္ဗော ဣစ္စေသော တိသဒ္ဒေါ ဗျဥ္ဇနော, ဟူသော ပါဠိကို ထောက်သည်၊ ဌာန်ကိုလည်း နည်းစေသည်။ ရှုပသိဒ္ဓိ ဆရာကား ဣတိဿမုဟုတ္တမို့ ဟူသော ကိံ ဥဒါဟရဏ်ကိုငင်း၊ အထက် ပဥ္စမပိုင်း၌ အတိဿစန္တဿ,ကိုငင်း၊ထိုသုတ်၏ဝုတ္တိဖြစ်သော အတိ ဣစ္စေတဿ အန္တဘူတဿ တိသဒ္ဒဿ ဣဝဏ္ဏော ပရေသမ္မော စန္တိတိ ဝုတ္တ ရှုပံ နဟောတိ, ဟူသော ပါဠိကိုငင်း ထောက်သည်။

၂၀။ ဒေါခဿစ

ခဿစ၊ ခ,ဟူသော အက္ခရာ၏လည်း။ ဒေါ၊ ဒ,အက္ခရာဟု ဆိုအပ်သော အာဒေသသည်။ ဟောတိ၊ ၏။ ။"သုတ်"။ ။ပရေ၊ သော။ သရေ၊ ကြောင့်။ မဣစ္စေတဿ၊ ခ,ဟူသော အက္ခရာ၏။ ကွစိ၊ ၌။ ဒကာရာဒေသော၊ ဒအက္ခရာဟု ဆိုအပ်သော အာဒေသသည်။ ဟောတိ၊ ၏။ ဘိက္ခဝေ၊ရဟန်းတို့။ ဣခ၊ ဤအရပ်၌။ ဧကံ၊ တပါးသော။ သမယံ၊ အခါ၌။ အဟံ၊ ငါသည်။ ။ကွစိတိကသ္မာ၊ ဘောအာစရိယ၊ ဆရာ။ ဣမသ္မိံ သုတ္တေ၊ ၌။ အဓိကိစ္စဝသေန၊ ဖြင့်။ သမဘိနိဝိဋ္ဌံ၊ သော။ ကွစိတိပဒံ၊ ကို။ ကသ္မာ၊ ကြောင့်။ အာစရိယေန၊ သည်။ ဝုတ္တံ၊ နည်း။ ဘောသိဿ၊ ပည့်။ ဣဓေဝမရဏံ ဘဝိဿတိ ဣတိ အာဒီသု ဥဒါဟရဏေသု၊ တို့၌။ သတိပိပရသရဓကာရေ။ ပရသရဓကာရေ၊ နောက်သရကျေခြင်းရှိသော ခ,ဟူသော အက္ခရာသည်။ သတိပိ၊ လည်း။ ကွစိသဒ္ဒေန၊ ဖြင့်။ မယာ၊ သည်။ နိဝါရိတတ္တာ၊ ကြောင့်။ ဣမိနာသုတ္တေန၊ ဤဒေါခဿစ, ဟူသောသုတ်ဖြင့်။ ဒကာရာဒေသော၊ ဒ,အက္ခရာဟု ဆိုအပ်သော အာဒေသသည်။ နဟောတိ၊ မဖြစ်။ ဣတိ ဣမဿ အတ္ထဿ၊ ကို။ ဉာပနတ္ထံ၊ ၌။ ကွစိတိပဒံ၊ ကို။ မယာအာစရိယေန၊သည်။ ဝုတ္တံ၊ ၏။ ဣဓေဝ

ကေသဒ္ဓတော ပရဿ ဣခဿ ခကာရဿေဝါယံ။ ရှုပသိဒ္ဓိ။

http://www.dhammadownload.com

ဣ၀ ဧ၀၊ ဤအရပ်၌လျှင်။ မရဏံ၊ သေခြင်းသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ စဂ္ဂဟဏေန၊ စသဒ္ဒါဖြင့်၊ ဓကာရဿ၊ ဓ,ဟူသော အက္ခရာ၏။ ဟကာရာ ဒေသော၊ ဟ,အက္ခရာဟု ဆိုအပ်သောအာဒေသသည်။ဟောတိ၊၏။ အရိယာနံ၊ အရိယာ ဖြစ်ကုန်သော ပုဂ္ဂိုလ်တို့ကို။ ဒဿနံ၊ ဖူးမြင်ခြင်းသည်။ သာဟု-သာဓု၊ ကောင်း၏။ သုတ္တဝိဘာဂေန၊ သုတ်ကို ဝေဘန်ခြင်းဖြင့်။ ဗဟုဓာ၊ များသော အပြားရှိသော။ အာဒေသော၊ အာဒေသသည်။ သိယာ၊ဖြစ်ရာ၏။ ဒဿ၊ ဒ,အက္ခရာ၏။ တော၊ တ,အပြုသည်။ ဟောတိ၊၏။ ယထာ၊ဥဒါဟရုဏ် အဘယ်နည်း ဟူမူကား။ သုဂတော၊ သုဂတော ဟူသည်တည်း။ သုဂတော ကောင်းသော စကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရား။ တဿ၊ တ,အက္ခရာ၏။ ဋ္ဌော၊ ဋ္ဌ,အပြုသည်။ ဟောတိ၊ ၏။ ယထာ၊ဥဒါဟရုဏ် အဘယ်နည်း ဟူမူကား။ ဒုက္ကဋ္ဌံ၊ ဒုက္ကဋ္ဌံ ဟူသည်တည်း။ ဒုက္ကဋ္ဌံ၊ မကောင်းသဖြင့် ပြုအပ်သော အမှု။ တဿ၊ တ,အက္ခရာ၏။ ဓော၊ ဓ,အပြုသည်။ ဟောတိ၊၏။ ယထာ၊ ကား။ ဂန္ဓဗ္ဗော၊ ဂန္ဓဗ္ဗော ဟူသည်တည်း။ ဂန္ဓဗ္ဗော၊ ရောက်အပ်သော ဝတ္ထုရှိသောသူ။ ဝါ၊ ကား။ ဂန္ဓဗ္ဗော၊ ရောက်ခြင်းရှိသည်။ တ္တဿ၊တ္တ,အက္ခရာ၏။ တြော၊ တြအပြုသည်။ ဟောတိ၊ ၏။ ယထာ၊ ကား။ အတြဇော၊ အတြဇော ဟူသည်တည်း။ အတြဇော၊ မိမိမှဖြစ်သောသား။ ဂဿ၊ ဂ,အက္ခရာ၏။ ကော၊ က,အပြုသည်။ ဟောတိ၊ ၏။ယထာ၊ ကား။ကုလူပကော၊ကုလူပကော ဟူသည်တည်း။ ကုလူပကော၊ အိမ်သို့ ကပ်တတ်သော ရဟန်း။ ရဿ၊ ၏။ လော၊ လ,အပြုသည်။ ဟောတိ၊ ၏။ ယထာ၊ ကား။ မဟာသာလော၊ မဟာသာလော ဟူသည်တည်း။ မဟာသာလော၊များသော ဥစ္စာနှစ်ရှိသောသူ။ ယဿ၊ ၏။ ဇော၊ သည်။ ဟောတိ၊၏။ယထာ၊ ကား။ ဂဝဇော၊ တည်း။ ဂဝဇော၊ နွားနောက်။ ဝဿ၊ ၏။ ဗော၊သည်။ ဟောတိ၊ ၏။ ယထာ၊ ကား။ ကုဗ္ဗတော၊ တည်း။ ကုဗ္ဗတော၊ ပြုတတ်သောသူအား။ ယဿ၊ ၏။ ကော၊ သည်။ ဟောတိ၊ ၏။ ယထာ၊ ကား။ သကေ၊ တည်း။ သကေ၊ မိမိဥစ္စာ။ ဇဿ၊ ၏။ ယော၊ သည်။ ဟောတိ၊ ၏။ ယထာ၊ ကား။ နိယံပုတ္တံ၊ တည်း။ နိယံပုတ္တံ၊ မိမိမှဖြစ်သောသား။ တဿ၊ ၏။ ကော၊ သည်။ ဟောတိ၊ ၏။ ယထာ၊ ကား။ နိယကော၊ တည်း။ နိယကော၊ လုံ့လပြုသည်။ တဿ၊ ၏။ စော၊ သည်။ ဟောတိ၊ ၏။ ယထာ၊ ကား။ ဘစ္စော၊ တည်း။ ဘစ္စော၊ မွေး

http://www.dhammadownload.com

သောသူ။ ပဿ၊ ၏။ ဖော၊ သည်။ ဟောတိ၊ ၏။ ယထာ၊ ကား။ နိပ္ပတ္တိ၊နိပ္ပတ္တိ ဟူသည်တည်း။ နိပ္ပတ္တိ၊ ပြီးခြင်း။ ကဿ၊ ၏။ ခေါ၊ သည်။ ဟောတိ၊ ၏။ ယထာ၊ ကား။ နိကွမတိ၊ နိကွမတိ ဟူသည်တည်း။ နိကွမတိ၊ ထွက်မြောက်ခြင်း။ ဣစ္စေဝမာဒီ၊ ဤသို့ အစရှိကုန်သော ဥဒါဟရဏ်တို့ကို။ ယောဇေတဗ္ဗာ၊ ယှဉ်အပ်ကုန်၏။

ဤသုတ်သည်ကား ဧလေးပါးသော သုတ်တို့တွင် ဝိဓိသုတ် မည်၏။ ဝိဓိရှစ်ပါးတွင် **အာဒေသဝိဓိ**မည်၏။ ။ဤသုတ်၏ အဂ်ါကား နောက်သရဟု ဆိုအပ်သော သရ ရှစ်လုံးတွင် တလုံးလုံးလည်း နှောင်းသည်ဖြစ်စေ, ရှေ-ခ, အကွရာလည်းဖြစ်စေ ဤသို့လျှင် နှစ်ပါးတည်း။ ။သုတ္တဝိဘာဂေနဗဟုခာ သိယာ, ဟူသော ပါဠိကို ပါဠိဟောင်း မဟုတ်ဟူ၍ ဆရာတို့ဆိုကုန်၏။

ကေမိဒါဟံ,ကို ကေံ-ဣခ-အဟံ, တည်။ ခ-ကိုခွင်း။ သရာ သရေ လောပံ, ကွစာ သဝဏ္ဏံ လုတ္တေ, သုတ်တို့ကို လိုက်စေ၍ ဒေါဓဿစ, ဟူသော ဤသုတ်ဖြင့် နောက် သရ နှောင်းသောကြောင့် ဒန္တဇ စတုတ္ထကွရာ-ခကို ဒန္တဇ တတိယကွရာ-ဒ-ပြု။သရာ သရေ လောပံ,သုတ်ဖြင့် နောက်-အ-သရ နှောင်းသောကြောင့် ရှေသရ-ဒ-အစိတ် အ-ကိုခွေ။ သရာ သရေ လောပံ, ဝါပရောအသရွုပါ,ကွစာသဝဏ္ဏံ လုတ္တေ,သုတ်တို့ကိုလိုက်စေ၍ ဒီဃံ,ဟူသော သုတ်ဖြင့် ရှေသရကျေပြီးသော် နောက်-အ-သရကို အာဒီဃပြု။ ဒ-အာသို့ကပ်။ အံဗျဉ္ဇနေ နိဂ္ဂဟီတံ, ဝဂ္ဂန္တံဝါဝဂ္ဂေ,သုတ်တို့ကို လိုက်စေ၍ မဒါသရေ, သုတ်ဖြင့် နောက် ဣ-သရ နှောင်းသောကြောင့် က-၌ရှိသော နိဂ္ဂဟိတ်ကို မ-ပြု။ မ-ဣ-သို့ကပ်။ ပြီး၏။ ။ဣာသဒ္ဒ ဣခ-အဟံ,ဟု ပုဒ်ဖြတ်၍ ဣဒါဟံ ကိုသာ လုပ်၏။

ကိ်ဒ္ဒ **ဣဓေဝ**,ကို ဣခ-ဓေဝ,တည်။ ခ-ကိုခွင်း။ ဆရာကား ဒေါဓဿစ,ဟူသော ဤသုတ်ဖြင့် နောက်သရ နှောင်းသောကြောင့် ဒန္တဇစတုတ္ထကွရာ ခ-ကို ဒန္တဇ တတိယကွရာ-ဒ-ပြုမြဲ။ ကွစိ၊ မပြုစရာ။ သရာသရေလောပံ,သုတ်ဖြင့်ခွေ။ ကပ်။ ပြီး၏။

သာဟု,ကို သာခု,တည်။ ခု-ကိုခွင်း။ ဒေါဓဿစ ဟူသော ဤသုတ်၌ စသဒ္ဒါဖြင့် ဒန္တဇ စတုတ္ထကွရာ-ခ-ကို ဟပြု။ ကပ်။ပြီး၏။

http://www.dhammadownload.com

သုဂတော,ကို သုဂဒေါ,ဟုတည်။ ဒ,ကိုခွင်း။ ဤသုတ်၌ စ,သဒ္ဒါဖြင့် ဒန္တဇ တတိယက္ခရာ ဒ-ကို ဒန္တဇ ပဌမက္ခရာ တ-ပြု၊ ကပ်။ ပြီး၏။ ဓာတ်ရုပ် လုပ်သော်ကား **သုပုဗ္ဗ ဂဒ,သဒ္ဒါ**,တည်။ ဂဒ၊ ဂဒသဒ္ဒါကား။ ဝိယတ္တိယံ၊ ဆိုတတ်သောပုဂ္ဂိုလ်၏ ဥစ္စာဖြစ်သော။ ဝါစာယံ၊ စကား၌။ (တုနည်းကား) ဝိယတ္တိယံဝါစာယံ၊ လိမ္မာသောသူ၏ ဥစ္စာဖြစ်သောစကား၌။ ဝတ္တတိ၊ဖြစ်၏။ ဤတိအတ္ထော၊ ဤသို့သောအနက်၌။ ဘူဝါဒယော ဓာတဝေါ, ဟူသောသုတ်ဖြင့် ဂဒ-ကို ဓာတ်အမည်မှည့်။ ဒ-ကိုခွင်း။ ဓာတုဿန္တော လောပေါနေက သရဿ, ဟူသောသုတ်ဖြင့် များစွာသော သရရှိသော ဂဒ-ဓာတ်၏အစိတ် အ-ကိုခေါ်။ သုဋ္ဌု၊ ကောင်းစွာ။ ဝဒတိ၊ ဆိုတတ်၏။ ဤတိအတ္ထော၊ ဤသို့သောအနက်၌။ ဓာတုလင်္ကေဟိ ပရောပစ္စယာ, သုတ်ဖြင့် ဓာတ်လိင်တို့နောင်မှ ပစ္စည်းသက်ရာ၏ဟူ၍ ပရိဘာသာလာသောကြောင့် ဝိသရော ပဒါဒိတောဏော, သုတ်ဖြင့် ကတ္တားအနက်၌ ဂဒ-ဓာတ်နောင် ဏော-ပစ္စည်းသက်။ ကာရိတံ ဝိယ ဏောနုဗန္ဓော,သုတ်ဖြင့် ဏော-အနုဗန္ဓ်ရှိသော ပစ္စည်းကို ကာရိုက်ကဲ့သို့ငဲ့။ ကာရိတာနံဏောလောပံ, သုတ်ဖြင့် ကာရိုက်ပစ္စည်း၏ ဏော-အနုဗန္ဓ်ကိုခေါ်။ ပစ္စည်းအစိတ် အ-ကြွင်းစေ။ ဒ အ-သို့ကပ်။ ဂ-ကိုခွင်း။ အသံယော ဂန္တဿ ဝုဒ္ဓိကာရိတေ, သုတ်ဖြင့် ဏော-အနုဗန္ဓ်ရှိသော ကာရိုက်ပစ္စည်းနောင်း သောကြောင့် အ,၏ အာဝုဒ္ဓိအဖြစ်သို့ ရောက်လုလတ်သော် အာကတိဂိုဏ်း ဖြစ်သောကြောင့် ဃဋ္ဌာဒိဂိုဏ်း၌ ထည့်သောအားဖြင့် ဃဋ္ဌာဒီနံဝါ, သုတ်၌ ဝါသဒ္ဒါမြစ်သောကြောင့် မပြုစရ။ တဒ္ဓိတ သမာသ ကိတကာ နာမံဝါတဝေ တုနာ ဒီသုစ, သုတ်ဖြင့် သုဂဒ- ဟူသော ကိတ်ပုဒ်ကို နာမ်ကဲ့သို့ငဲ့။ ဇိနဝစနယုတ္တံဟိ လိင်္ဂနိပ္ပဇ္ဇတေ,ဟူသော သုတ်တို့ကို လိုက်စေ၍ တတောစ ဝိဘတ္တိယော,ဟူသော သုတ်ဖြင့် သုဂတလိင်နောင်မှ ဝိဘတ်သက်။ ထိုဝိဘတ်၏လည်း သိယော, အံယော, နာဟိ, သနံ, သ္မာဟိ, သနံ, သ္မိံသု, ဟူ၍ ဝိဘတ်ခုနစ်သွယ် အမှတ်မဲ့ လျှဉ်းလုလတ်သည်ရှိသော် သဒ္ဒါ၏ ဖြစ်ခြင်း, သဒ္ဒါကိုသိခြင်းသည်ကား ဟောလိုသော သူ၏ အလိုသာလျှင် ပြခန်းခြင်းရှိ၏ဟု ပရိဘာသာ လာသောကြောင့် လိင်အနက်ကို အလိုရှိရကား ပရသမညာ ပယောဂေ,သုတ်ဖြင့် လိင်အမည်မှည့်။ လိင်္ဂတော ပဌမာသုတ်ဖြင့် လိင်၏အနက်ကို ဟောကာမျှတည်းသော သုဂဒ-လိင်နောင်မှ ပဌမာဝိဘတ်

http://www.dhammadownload.com

သက်။ ထိုပဌမာဝိဘတ်၏လည်း ကေဝုစ်, ဗဟုဝုစ်,ဟူ၍ အမှတ်မဲ့ လျှဉ်းလု လတ်သည်ရှိသော် ကေဝုစ်ကို အလိုရှိရကား ကေဝုစ် သိ-သက်။ ဒ-ကိုခွင်း။ အတောနေန,သုတ် လိုက်စေ၍ သော, ဟူသောသုတ်ဖြင့် အကာရန္တ ပုလ္လိင် နောင်မှ နောက်ဖြစ်သော သိ-ဝိဘတ်ကို ဩ-ပြု။ သရလောပေါ မာဒေသ ပစ္ဆယာဒိမှိ သရလောပေတုပကတိ, ဟူသောသုတ်ဖြင့် နောက် ဩ-အာဒေသ နှောင်းသောကြောင့် ရှေ့သရ ဒ-အစိတ် အ-ကိုချေ။ ရှေ့သရကျေပြီးသော် ကွစာသဝဏ္ဏံလုတ္တော,သုတ်ဖြင့် ဩ-၏အသဝဏ်အဖြစ်သို့ ရောက်လုလတ်သော် ထိုသုတ်ဖြင့်လျှင် ဩ-ကို ဩ-ပကတိပြု။ ဤသုတ်၌ စသဒ္ဒါဖြင့် ဒန္တဇ တတိ ယက္ခရာ ဒ-ကို ဒန္တဇ ပဌမ အက္ခရာ တ-ပြု။ တ- ဩ-သို့ကပ်။ ပြီး၏။

(တနည်းကား) **သု,ပုဗ္ဗ ဂဒ,သဒ္ဒါ,**တည်။ ဓာတ်နက်စသည် ဆိုမြဲ။ ဤသ ဒုသူဟိခ, ဟူသောသုတ်ဖြင့် သုသဒ္ဒါ ရှေ့ရှိသော ဂဒ-ဓာဏ်နောင် ခ-ပစ္ဆည်းသက်။ ကွစိ ဓာတုဝိဘတ္တိပစ္စယာနံ ဒီဃဝိပရိတာ ဒေသလောပါ ဂမာစ,သုတ်ဖြင့် ခ-အနုဗန်ကိုချေ။ ပစ္ဆည်းအစိတ် အ-ကြွင်းစေ။ တဒ္ဓိတ, စသည် ဆိုမြဲ။ သုဂတော, ရုပ်တနည်းပြီး၏။

ဒုက္ကဋံ,ကို ဒုက္ကတံ,တည်။ စ,သဒ္ဒါဖြင့် ဒန္တဇ ပဌမအက္ခရာ တ-ကို မုဒ္ဓဇ ပဌမအက္ခရာ ဋ-ပြု။ ။ဓာတ်ရုပ် လုပ်သော်ကား **ဒု, ပုဗ္ဗ ကရသဒ္ဒါ,** တည်။ ကရ၊ ကရသဒ္ဒါသည်ကား။ ကရဏေ၊ ပြုခြင်းဟူသော အနက်၌ ဝတ္တာတိ၊ ၏။ ဆိုမြဲ။ ဘာဝကမ္မေသုတ,သုံတ်ဖြင့် ကံအနက်၌ ကရဓာတ်နောင် တ-ပစ္ဆည်းသက်။ သာသဒိသတော တဿ ရိဋ္ဌောစ, ဘုဇာဒိနမန္တော နော ဒ္ဓိစ, ဇနာဒိနမာတိမှိစ, သုတ်တို့ကိုလိုက်စေ၍ ရကာရောစ,သုတ်ဖြင့် ဓာတွန် ရ-ကိုချေ။ တဒ္ဓိတ, နာမ်ငဲ့၊ သိ-သက်။ တကိုခွင်း။ ယောနံနိ နပုံသကေဟိ, အတောနိစ်စံ, သုတ်တို့ကိုလိုက်စေ၍ သိ,ဟူသောသုတ်ဖြင့် နပုံးလိင် အကာ ရန္တနောင်မှ နောက်ဖြစ်သော သိ-ဝိဘတ်ကို အံ်ပြု။ သရလောပေါ,သုတ်ဖြင့် နောက် အံ်-အာဒေသ နှောင်းသောကြောင့် ရှေ့သရ တ-အစိတ် အ-ကိုချေ။ ရှေ့သရကျေပြီးသော် ကွစာသဝဏ္ဏံလုတ္တော,သုတ်ဖြင့် နိဂ္ဂဟိတ်မှိသော အ-သရ၏ ဧ- ဩ- ဟူသော အသဝဏ်အဖြစ်သို့ ရောက်လုလတ်သော် ဒီဃံ, သုတ်ဖြင့် အာ-ဒီဃအဖြစ်သို့ ရောက်လု လတ်သော် ထိုသုတ်ဖြင့် အ-ကို ပကတိပြု။ ဒ-ကိုခွင်း။ ပရဒ္ဒေဘာဝေါဌာနေ သုတ်ဖြင့် ဥသရ နောင်မှနောက်

http://www.dhammadownload.com

ဖြစ်သော ပဌမ အက္ခရာ-က-နှင့်က သဒိသဒ္ဒေဘော်ပြု၊ က-က-သို့ကပ်။ ဤသုတ်၌ စ, သဒ္ဒါဖြင့် ဒန္တဇ ပဌမအက္ခရာ-တ-ကို မုဒ္ဓဇ ပဌမ အက္ခရာ-ဋ-ပြု။ ဋ-အံ-သို့ကပ်။ ပြီး၏။

ဂန္ဓဗ္ဗော,ကို ဂန္တဗ္ဗော,တည်။ ခွင်း။ ဤ၌-စ,သဒ္ဒါဖြင့် ဒန္တဇပဌမက္ခရာ-န္တ-ကို ဒန္တဇစတုတ္ထက္ခရာ-န္ဓ-ပြု။ ကပ်။ပြီး၏။ ။ဓေတ်ရုပ် လုပ်သော်ကား **ဂမု,သဒ္ဒါ**တည်။ ဂမု၊ ဂမုသဒ္ဒါသည်ဌင်း။ သပ္ပ၊သပ္ပ၊သဒ္ဒါသည်ဌင်း။ ဣစ္စေတေသဒ္ဒါ၊ ထိုသဒ္ဒါတို့သည်။ ဂတိမှိ၊ လားခြင်းအနက်၌။ ဝတ္တန္တိ၊ ဖြစ်ကုန်၏။ ဣတိအတ္ထော၌။ ဂမုကို ဓာတ် အမည်မှည့်။ ခွင်း။ ဓာတုန်-ဥ-ကိုချေ။ ဘာဝကမ္မေသု တဒ္ဘာနီယာ, သုတ်ဖြင့် ဘော, ကံအနက်၌ ဂမုဓာတ်နောင်-တဗ္ဗ-ပစ္စည်းသက်။ရကာရောစ,သုတ်လိုက်စေ၍ ဂမဓနဟနရမာဒီနမန္တော,သုတ်ဖြင့် ဓာတုန်-မ-ကိုချေ လုလတ်သည်ရှိသော် ဂမဓနဟနရမာဒီနံတုံ တဒ္ဘာဒီသုန, သုတ်ဖြင့် ဓာတုန် မ-ကို-န-ပြု။ န-တ-သို့ကပ်။ တဒ္ဓိတ,သုတ်၌ စသဒ္ဒါဖြင့် နာမ်ငဲ့။ သိ-သက်။ ဩ-ပြု။ ဂန္တဗ္ဗော၊ပြီး၏။

ဂန္တဗ္ဗ-တ-အတ္ထိ,တည်။ ဂန္တဗ္ဗနောင် ပဌမာဝိဘတ် ဗဟုဝုစ်-ယော-သက်။ ဗ္ဗ-ကိုခွင်း။ အတောနိစ္စံ,ဖြင့် နပုံးလိင် အကာရန္တ နောင်မှ နောက်ဖြစ်သော ယော-ဝိဘတ်ကို နိ-ပြု။ သဗ္ဗယောနိနမာဧ,ဖြင့် နပုံးလိင် အကာရန္တ နောင်မှနောက်ဖြစ်သော ပဌမာ-ယော-ဝိဘတ်၏ နိ-ကို အာ-ပြု။ သရလော ။ပ။ ပကတိ။ ကပ်။ တ-နောင် စတုတ္ထိဝိဘတ် သ-သက်။ သသ္မာသ္မိံသံသာသ္မတ္တံ,ဖြင့် သ-ဝိဘတ် နှောင်းသောကြောင့်, အလုံးစုံသော တ-သဒ္ဒါကို အ-ပြု။သာဂမောသေ,ဖြင့် သဝိဘတ် နှောင်းသောကြောင့် သ-အက္ခရာလာ။ သ-သသို့ကပ်။ အတ္ထိနောင် ပဌမာ-ယောသက်။ သဗ္ဗာသမာဝုသော ပသဂ္ဂ နိပါတာဒီဟိစ, ဖြင့် အတ္ထိ ဟူသော နိပါတ်ပုဒ် နှောင်မှ နှောင်းသော ယော ဝိဘတ်ကိုချေ။ အဿ၊ ထိုပုဂ္ဂိုလ်အား။ ဂန္တဗ္ဗာ၊ ရောက်အပ်သော ဝတ္ထုတို့သည်။ အတ္ထိသန္တိ၊ရှိကုန်၏။ ဣတိအတ္ထော၌။(တနည်းကား) **ဂန္တဗ္ဗ-တ အတ္ထိ**,တည်။ ဂန္တဗ္ဗနောင် သိ-သက်။ အံ-ပြု။ တ နောင် သ-သက်။ တ-ကို အ-ပြု။ အတ္ထိ၊ ကား အာချာတ်ပုဒ် ဖြစ်သောကြောင့် ဝိဘတ်မသက်ရ၊ အဿ၊ အား။ ဂန္တဗ္ဗ-ဂတိမတ္တံ၊ ရောက်ခြင်းမျှသည်။ အတ္ထိ၊ ရှိ၏။ ဣတိအတ္ထော၊ ၌။ ဓာတုလင်္ဂေဟိ, ကြောင့် သဒ္ဒါဒိတောဏာ,ဖြင့် နှစ်ပုဒ်တို့၏

http://www.dhammadownload.com

အလယ်၌ ဏ-ပစ္စည်းသက်။ [နှစ်ပုဒ် ဟူသည်ကား ဂန္ထဗ္ဗနှင့် အဿကို ဆိုသည်]။ ပရသမညာပယောဂေ,ဖြင့် ဏ-ပစ္စည်းကို အဿထို့ တဒ္ဓိတ်အမည် မှည့်၍ တေသံ ဝိဘတ္တိယော လောပါစ, သုတ်၌ တေသံသဒ္ဒါဖြင့် တဒ္ဓိတ်၏ ဝိဘတ် သ-ကိုခေျ။ ဝုတ္တတ္ထာနမပွယောဂေါ, ဟောအပ်ပြီးသော အနက်ရှိသော သဒ္ဒါတို့ကို မယှဉ်စေရာဟူ၍ ပရိဘာသာ လာသော်ကြောင့် တ-ပုဒ်, သ-အာဂုံ, အတ္ထိပုဒ်တို့ကိုခေျ။ ပကတီစဿသရန္တဿ, သုတ်၌ စသဒ္ဒါဖြင့် ဂန္ထဗ္ဗဟူ၍ ပကတိပြု။ တေသံဏော လောပံ,ဖြင့် ဏအနုဗန်ကိုခေျ။ အ,ကြွင်း စေ။ခွင်း။ သရလော။ပ။ပကတိ။ကပ်။တဒ္ဓိတ,သုတ်ဖြင့် ဂန္ထဗ္ဗဟူသော တဒ္ဓိတ်ပုဒ်ကို နာမ်ကိုကဲ့သို့ငဲ့။ ဩ-ပြု။ ကပ်။န္တ-ကိုခွင်း။ ဤသုတ်၌ စသဒ္ဒါဖြင့် ဒန္တဇ ပဌမကွရာတ-ကို ဒန္တဇစတုတ္ထကွရာ ဓပြု။ ကပ်။ ပြီး၏။ ။[အတ္ထိကို အာချာတ်ပုဒ်,နိပါတ်ပုဒ်ဟု ကြံသည်။ ကေဝုစ်ဖြစ်မူကား အာချာတ်တည်း။ ဗဟုဝုစ်ဖြစ်မူကား နိပါတ်ပုဒ်တည်း]။

အ ဩဇော,ကို အတ္ထ-ဇော,တည်။ တ္ထ-ကိုခွင်း။ ဤသုတ်၌ စသဒ္ဒါဖြင့် ဒန္တဇပဌမကွရာ တ္ထ-နှစ်လုံးကို ဩ-ပြု။ကပ်။ ။ဓာတ်ရုပ်ကား **အဒသဒ္ဒါ** တည်။ အဒ အဒသဒ္ဒါကား။ ဘက္ခနေ၊ စားခြင်းအနက်၌။ ဝတ္တတိ၊ ဖြစ်တတ်၏။ ဣတိအတ္ထေ၊၌။ ဒေတ်မှည့်။ ခွင်း။ ဓာတ်တ္ထန်အ-ကိုခေျ။ သုခုဒုက္ခံ၊ ချမ်းသာဆင်းရဲကို။ အဒတိဘက္ခတိ၊ စားတတ်၏။ ဣတိအတ္ထေ၊ ၌။ ဓာတု လိင်္ဂ်ဟိ ကြောင့် ချာဒီဟိမန်မစတောဝါ, သုတ်ဖြင့် ကတ္တား အနက်၌ အဒဓာတ်နောင် မန် ပစ္စည်းသက်။ ထိသုတ်၌ တောသဒ္ဒါဖြင့် မ-ကိုတ-ပြု။ ဒေါဓဿစ, သုတ်၌ စသဒ္ဒါဖြင့် ဒန္တဇ တတိယကွရာ ဖြစ်သော ဓာတ္ထန် ဒ-ကို ဒန္တဇ ပဌမကွရာ တ-ပြု။ တ-တသို့ကပ်။ ကွစိဓာတုဝိဘတ္တိ ပစ္စယာနံ ဒီဃဝိပရိတာ ဒေသလောပါဂမာစ, သုတ်ဖြင့် သံယုဂ် နကိုခေျ။ တဒ္ဓိတ, နာမ်ငဲ့။ သိ-သက်။ သျာစ,သုတ်ဖြင့် အတ္တသဒ္ဒါနောင်မှ နှောင်းသော သိ-ဝိဘတ်ကို အာပြု။ သရလော။ပ။ပကတိ။ကပ်။ အတ္ထာ၊ ပြီး၏။

အတ္ထသဒ္ဒါပ ပဒ-ဇနသဒ္ဒါတည်။ ဇန၊ ဇနသဒ္ဒါကား။ ဇနနေ၊ ဖြစ်ခြင်းအနက်၌။ ဝတ္တတိ၊ ၏။ ဇနိ,သော်လည်းတည်။ ဇနိ၊ ကား။ ပါတုဘာဝေ၊ ထင်ရှားသောအဖြစ်၌။ ဝတ္တတိ၊၏။ ဣတိအတ္ထေ၊ ၌[ဇန,ဇနိကိုဓာတ် မှည့်။ ကွစိတောပဠုမျတ္ထေ, သုတ်ဖြင့် အတ္တသဒ္ဒါနောင် တော-ပစ္စည်းသက်။

http://www.dhammadownload.com

တ္ဝာဒယော ဝိဘတ္တိ သညာယော, သုတ်ဖြင့် တော ပစ္စည်းကို ပဥ္စမီဝိဘတ် အမည်မှည့်။ နှ-ကိုခွင်း။ ဓာတွန်ကိုခေျ။ အတ္ထတော၊ မိမိမှ။ ဇာတော၊ ဖြစ်တတ်သည်တည်း။ ဣတိအတ္ထော၊ ဥ်။ ဓာတုလင်္ဂဟိပရာ ပစ္စယာ, သုတ်ဖြင့် ဓာတ်လိင်တို့ နောင်မှ ပစ္စည်းသက် ရာ၏-ဟူ၍ ပရိဘာသာ လာသောကြောင့် ကိုစ, သုတ်ဖြင့် ကတ္တား အနက်၌ ကို ပစ္စည်းသက်။ ဓာတွန္တသာလောပေါ ကိုမှိ, သုတ်ဖြင့် ကို ပစ္စည်း နှောင်းသောကြောင့် ဓာတွန်နှ-ကိုခေျ။ ကိုလောပေါစ, သုတ်ဖြင့် ကိုပစ္စည်းကိုခေျ။ နာမ်ငဲ့။ သိ-သက်။ ဩ-ပြု။ ဇ-ဩကပ်။ အတ္ထတော၊ မိမိမှ။ ဇာတော၊ ဖြစ်သည်တည်း။ ဣတိအတ္ထော၊ ဥ်။ **နာမာနံ** သမာသောယုတ္တတ္ထော, ဖြင့် သမာသ် အမည်မှည့်။ **အမာဒယောပရပဒေဘိ**, သုတ်ဖြင့် တပ္ပုရိသ် အမည်မှည့်။ တေသံ ဝိဘတ္တိယောလောပါစ, သုတ်၌ တေသံသဒ္ဒါဖြင့် သမာသ်၏ ဝိဘတ် တော-ကိုခေျ။ သိ,ကိုခေျ။ ပကတိစသာ သရန္တာသာ, သုတ်ဖြင့် သရ အဆုံးရှိသော အတ္တဇကို အတ္တဇဟု ပကတိပြု။ တဒ္ဓိတ နာမ်ငဲ့။ သိ-သက်။ ဩ-ပြု။ တ္တ-ကိုခွင်း။ ဤသုတ်၌ စသဒ္ဒါဖြင့် ဒန္တဇပဌမက္ခရာ တ္တ-နှစ်လုံးကို တြ-ပြု။ ကပ်။ ပြီး၏။ (သမာသ်လည်းရ ကိတ်လည်းရ တချက်တည်း လုပ်သောကြောင့် တေသံ သဒ္ဒါဖြင့် ဝိဘတ် ကိုခေျ)။

ကုလူပကော, ကို ကုလူပကေါ,ဟု တည်။ ဂ-ကိုခွင်း။ ဤသုတ်၌ စသဒ္ဒါဖြင့် တတိယက္ခရာ-ဂ-ကို ပဌမက္ခရာ-က-ပြု။ ကပ်။ ။ဓာတ်ရုပ်ကား **ကုလသဒ္ဒ။ပ ပဒ-ဥပ, ပုဒ္ဓ-ဂမု. သဒ္ဒါ**တည်။ ဂမု၊ ဂမုသဒ္ဒါသည်ဌင်း။ သပ္ပ၊ ဌင်း။ ဣစ္စေတေသဒ္ဒါ၊ ထိုသဒ္ဒါတို့သည်။ ဂကိမှိ၊ ဥ်။ ဝတ္တာန္တိ၊ ကုန်၏။ ဣတိအတ္ထော၊ ဥ်။ ဓာတ်မှည့်။ ဓာတွန်ကိုခေျ။ ကုလံ၊ အမျိုးသို့။ ဥပဂစ္ဆတိ။ ကပ်တတ်၏။ ဣတိအတ္ထော၊ ဥ်။ ဓာတုလင်္ဂဟိပရာပစ္စယာ, ကြောင့်၊ ကိုစ, သုတ်ဖြင့် ကတ္တားအနက်၌ ကိုပစ္စည်းသက်။ ဓာတွန္တသာ လောပေါကိုမှိ, ဟူသော သုတ်ဖြင့် ကိုပစ္စည်းကိုခေျ။ လ-ကိုခွင်း။ သရာ သရေလောပံ, သုတ်ဖြင့်ခေျ။ ကပ်။ တဒ္ဓိတ, နာမ်ငဲ့။ သိ-သက်။ ဩ-ပြု။ စသဒ္ဒါဖြင့် ဂ-ကို-ကပြု။ က-ဩသို့ကပ်။ ပြီး၏။

မဟာသာလော,ကို မဟာသာရော, ဟုတည်။ ရ-ကိုခွင်း။စသဒ္ဒါဖြင့် ရ-ကို ဒန္တဇ လ-ပြု။ ကပ်။ ။သမာသ်ရုပ်ကား **မဟန္တာ-သာရ-ယ**,

http://www.dhammadownload.com

တည်။ သိ-နှစ်လုံးသက်။ စတုတ္ထီ သ-သက်ခြင်း စသည်ကိုပြု။ မဟန္တံသာရံ ယဿ၊ ဝါကျ။ ယဿပုရိသဿ၊ အား။ မဟန္တံ၊ များသော။ သာရံ၊ ဥစ္စာ သည်။ အတ္ထိ၊ ရှိ၏။ ဣတိအတ္ထော၊ ၌။ သမာသ် အမည်မှည့်။ အညပဒတ္ထေသု ဗဟုဗ္ဗီဟိ, သုတ်ဖြင့် ဗဟုဗ္ဗီဟိမှည့်။ တေသံ ဝိဘတ္တိယော လောပါစ,သုတ်ဖြင့် သမာသ်၏ ဝိဘတ်သိ-ကိုချေ, သ-ကိုချေ။ ဝုတ္တတ္ထာ။ လ။ ဂေါ၊ ယ-ပုဒ်,သ-အာဂုံကိုချေ။ မဟန္တသာရ, ဟုပကတိပြု။ မဟတံ မဟာတုလျာဓိကာရဏော ပဒေ သုတ်ဖြင့် တူသော တည်ရာ ရှိသော သာရ သဒ္ဒါ နှောင်းသောကြောင့် မဟန္တ သဒ္ဒါကို မဟာပြု။ တဒ္ဓိတ, နာမ်ငဲ့။ သိ-သက်။ ရကိုခွင်း။ စသဒ္ဒါဖြင့် ရ-ကို ဒန္တဇ လ-ပြု။ သိ-ကို ဩ-ပြု။ ကပ်။ ပြီး၏။

ဂဝဇော,ကို ဂဝယော, ဟုတည်။ ယ-ကိုခွင်း။ စသဒ္ဒါဖြင့် ယ-ကို တတိယာဒ္မရာ ဇ-ပြု။ ။ဓာတ်ရုပ်ကား **ဂေါသဒ္ဒ။ ပဝဒ-အယသဒ္ဒါ**, တည်။ အယ၊ ကား။ ဂတိမ်္ပိ၊ ၌။ ဝတ္တတိ၊ ၏။ လ။ ဂေါဝိယ၊ နွားကဲ့သို့။ အယတိဂစ္ဆတိ၊ သွားတတ်၏။ ဣတိအတ္ထေ၊ ၌။ ဓာတုလင်္ဂဟိ ပရာ ပစ္စယာ, ကြောင့် ဝိသရုပဒါဒိတော ဏ သုတ်ဖြင့် ကတ္တား အနက်၌ ဏ ပစ္စည်း သက်။ကာရိတံ ဝိယ ဏာနု ဗန္ဓော,သုတ်ဖြင့် ဏ-အနုဗန်ကို ကာရိုက် ကဲ့သို့ငဲ့။ ကာရိတာနံ ဏော လောပံ သုတ်ဖြင့် ကာရိုက် ပစ္စည်း၏ ဏ-အနုဗန်ကိုချေ။ အ-ကြွင်းစေ။ အသံယောဂန္တဿ ဝုဒ္ဓိ ကာရိတေ, သုတ်ဖြင့် အ-ကို အာဝုဒ္ဓိ ပြုလုလတ်သည် ရှိသော် ဃဋ္ဌာဒိဂိုဏ်း၌ တည်သော အားဖြင့် ဃဋ္ဌာဒီနံဝါ, သုတ်၌ ဝါသဒ္ဒါ မြစ်သောကြောင့် မပြုစရ။ဝ-ကိုခွင်း။ဂါဝသေ,အဝမ့်ဧသုတ် တို့ကို လိုက်စေ၍, သြ သရေစ, သုတ်ဖြင့် နောက်သရ နှောင်းသောကြောင့်, ဂေါ-၏ အစိတ် သြ-ကို အဝ-ပြု ဝ-အ, သို့ကပ်။ ယ-အ, သို့ကပ်။ တဒ္ဓိတ, နာမ်ငဲ့။ သိ-သက်။ ယ-ကိုခွင်း။ စသဒ္ဒါဖြင့် ယ-ကို တတိယာဒ္မရာ ဇ, ပြု။ သိ-ကိုသြ-ပြု။ ကပ်။ ပြီး၏။ ။(ကုလူ ပကော, ဂဝဇော တို့ကား ကိတန္တ သမာသ် ဖြစ်သောကြောင့် အတြဇော ကဲ့သို့ အနက် သမာသ သညာ ကြား၍လည်း လုပ်အပ်၏)။

ကုဗ္ဗတော,ကို ကုဝ္ဝတော, ဟုတည်။ ဝ-ကိုခွင်း။ စသဒ္ဒါဖြစ် ဝွန္နစ်လုံး ကို တတိယာဒ္မရာ-ဗ္ဗ-နှစ်လုံးပြု။ ။ ဓာတ်ရုပ်ကား **ကရ သဒ္ဒါ**တည်။ ကရ၊ ကား။ ကရဏော၊ ပြုခြင်း အနက်၌။ ဝတ္တတိ၊ ၏။ လ။ ကရောတိ၊

http://www.dhammadownload.com

ပြုတတ်၏။ ဣတိအတ္ထော၊ ၌။ ဓာတုလိင်္ဂဟိ ပရာပစ္စယာ, ကြောင့် ဝတ္ထုမာ
နေ မာနန္တာ,သုတ်ဖြင့် ကတ္တားအနက်၌ ကရဓာတ်နောင် အန္တ-ပစ္စည်းသက်။
တနာဒိတောဩယိရာ, သုတ်ဖြင့် ကရဓာတ်နောင် ဩ-ပစ္စည်းသက်။ ဥတ္တ
မော ကာရော, သုတ်ဖြင့် ဩ-ကို ဥ-ပြု။ က-ကိုခွင်း။ ဥတ္တမောကာရော,
သုတ်လိုက်စေ၍ ကရဿာ ကာရောစ,သုတ်ဖြင့် က-အစိတ် အ-ကို ဥ-ပြု။
ကွစိဓာတုဝိဘတ္တိ ပစ္စယာနံ ဒီဃဝိပရိတာဒေသလောပါဂမာစ, သုတ်ဖြင့် ရ-
အာလပနေ၊ အာလုပ်အနက်၌။ သိ၊ သို့, ဝိဘတ်သည်။ ဂသညော၊ ဂ, ဟူသော အမည်ရှိသည်။ ဟောတိ၊ ၏။ ။"သုတ်"။ ။အာလပနတ္ထေ၊ အာလုပ်အနက်၌။ ပဝတ္တော၊ ဖြစ်သော။ သိ၊ သို, ဝိဘတ်သည်။ ဂသညော၊ ဂ, ဟူသော အမည်ရှိသည်။ ဟောတိ၊ ဖြစ်၏။ ဘောတိ အယျ၊ အိုရှင်မ။ ဘောတိကညော၊ အိုသတို့သမီး။ ဘောတိခရတိယေ၊ အိုခရုတီယ အမည်ရှိ သောနှမ။ ။အာလပနေတိ ကိမတ္ထံ။ ဘောအာစရိယ၊ အိုရှင်မဟာကစ္စည်း ဆရာ။ ဣမသ္မိံ သုတ္တေ၊ ဤသုတ်၌။ သမဘိနိဝိဋ္ဌံ၊ ကောင်းစွာ အကျုံးဝင်သော။ "ကောင်းစွာ် တည်သော, လည်း်ဟူ"။ အာလပနေတိပဒံ၊ အာလပနေ

http://www.dhammadownload.com

ဟူသော ပုဒ်ကို။ ကိမတ္ထံ၊ အဘယ်အကျိုးငှာ။ ကိမတ္ထံ၊ အဘယ် အကျိုးရှိသော။ ကိမတ္ထံ၊ အဘယ်အကျိုးရှိ၍။ အာစရိယေန၊ အရှင်မဟာကစ္စည်း ဆရာသည်။ ဝုတ္တံ၊ မိန့်အပ်လေသနည်း။ ဘောသိဿ၊ အိုတပည့်။ သာအယျာ, ဣတိအာဒိသု ဥဒါဟရဏေသု၊ သာအယျာ,ဤသို့အစ ရှိကုန်သော ဥဒါဟရဏ်တို့၌။ သတိပိ သိဝစနေ အာလပနဿအဘာဝါ။ သိဝစနေ၊ သို့,ဝိဘတ်သည်။ သတိပိ၊ ရှိသော်လည်း။ အာလပနဿ၊ အာလုပ်ဟူသော အနက်၏။ အဘာဝါ၊ မဟုတ်သောကြောင့်။ ဤမိနာသုတ္တေန၊ ဤ--အာလပနေသိဂ သညော,ဟူသောသုတ်ဖြင့်။ ဂသညော၊ဂ,ဟူသော အမည်ရှိသည်။နဟောတိ၊ မဖြစ်။ ဤတိဤမဿ အတ္ထဿ၊ ဤသို့သော အနက်ကို။ ဉာပနတ္ထံ၊ သိစေခြင်းငှာ။ ဉာပနတ္ထံ၊ သိစေခြင်းအကျိုးငှာ။ ဉာပနတ္ထံ၊ သိစေခြင်း အကျိုးရှိ၍။ အာလပနေတိပဒံ၊ အာလပနေ, ဟူသောပုဒ်ကို။ မယာအာစရိယေန၊ ငါ ကစ္စည်းဆရာသည်။ ဝုတ္တံ၊မိန့်အပ်၏။သာအယျာ၊ ထိုရှင်မသည်။ သီတိကိမတ္ထံ။ ဘောအာစရိယ၊ ဤမသို့ သုတ္တေ၊ သမဘိနိဝိဋ္ဌံ၊ သီတိပဒံ၊ သို့, ဟူသောပုဒ်ကို။ ကိမတ္ထံ၊ အဘယ်ငှာ။ အာစရိယေန၊ သည်။ ဝုတ္တံ၊ နည်း။ ဘောသိဿ၊ အိုတပည့်။ ဘောတိယော အယျာယော, ဤတိအာဒိသု ဥဒါဟရဏေသု၊ ဘောတိယော အယျာယော,ဤသို့ အစရှိကုန်သော ဥဒါဟရဏ်တို့၌။ သတိပိ အာလပနေသိဝစနဿအဘာဝါ။ အာလပနေ၊ အာလုပ် ဟူသော အနက်သည်။ သတိပိ၊ လည်း။ သိဝစနဿ၊ သို့,ဝိဘတ်၏။ အဘာဝါ၊ ကြောင့်။ ဤမိနာသုတ္တေန၊ ဤ-အာလပနေ သိဂသညော, ဟူသော သုတ်ဖြင့်။ ဂသညော၊ ဂ,ဟူသော အမည်ရှိသည်။ နဟောတိ၊ မဖြစ်။ ဤတိဤမဿအတ္ထဿ၊ ကို။ ဉာပနတ္ထံ၊ သိစေခြင်းငှာ။ သိတိပဒံ၊ သို့,ဟူသော ပုဒ်ကို။ မယာအာစရိယေန၊ သည်။ ဝုတ္တံ၊ ဆိုအပ်၏။ ဘောတိယော အယျာယော၊ အိုရှင်မတို့။ ။ဂဤစ္စနေန ကတ္ထော၊ ဃတေစ။ ဘောအာစရိယ၊ ဆရာ။ ဂဤစ္စနေန-ဂဤတိအနေန သညာကရဏေန၊ ဂ,ဟူသော အမည်ကို ပြုသဖြင့်။ ကတ္ထော-ကောအတ္ထော၊ အဘယ်အကျိုး ရှိသနည်း။ (တနည်းကား) ကတ္ထ-ကတရသ္မိံ သုတ္တေ၊ ၌။ အတ္ထော-ပယောဇနံ၊ သည်။ ဘဝတိ၊ နည်း။ ဘောသိဿ၊ အိုတပည့်။ ဃတေစ, ဤတိအာဒိသုသုတ္တေသု၊ ဃတေစ, ဤသို့ အစရှိသောသုတ်တို့၌။အတ္ထော-ပယောဇနံ၊ ဂ,ဟု ခေါ်ဝေါ်ရခြင်းအကျိုးရှိသည်။ ဘဝတိ၊ ၏။

http://www.dhammadownload.com

ဤသုတ်ကား **သညာ**သုတ်တည်း။ ရှင်ဦးသညာတည်း။ ။ဤသုတ်၏ အဂ်ါကား အာလုပ်လည်းဖြစ်စေ, သိ-ဝိဘတ်လည်း ဖြစ်စေ, ဤသို့လျှင် အင်္ဂါနှစ်ပါးတည်း။ ဤအင်္ဂါနှစ်ပါး ညီသည်ရှိသော် သိ,ဝိဘတ်ကို ဂ,အမည်မှည့်ရ၏။ ဘောတိအယျော၊ ဘောတိကညေ၊ ဘောတိခရာတိယေ, တို့၌ကား အင်နှစ်ပါးညီသောကြောင့် ဂ,မှည့်ရ၏။ သာအယျာကား သိ, ဝိဘတ်ကား ဟုတ်၏။ အာလုပ်မဟုတ်သောကြောင့် ဂ-အမည်မမှည့်ရ။ အင်တပါး ချို့သည်။ ထို့ကြောင့် သတိပိ သိဝစနေ အာလပနဿ အဘာဝါ,ဟူ၍ သတိပိ စ္ဆန့် အလွန်ကို ဆိုသတည်း။ ဘောတိယော အယျာယော,၌ကား အာလုပ်ကား ဟုတ်၏။ သိ, ဝိဘတ်မဟုတ်သောကြောင့် ဂ-မမှည့်ရ။ အင်တပါး ချို့သည်။ ထို့ကြောင့် သတိပိ အာလပနေ သိ ဝစနဿ အဘာဝါ, ဟူ၍ သတိပိစ္ဆန့် အလွန်ကို ဆိုသတည်း။

ဘောတိ,ကား ဥဒါဟရဏ် မည်၏။ ထိုဥဒါဟရဏ်ကို ဘူသဒ္ဒါတည်။ ဘူ ဘူသဒ္ဒါကား။ သတ္တာယံ၊ ထင်ခြင်း၌။ ဝတ္တတိ၊ ဖြစ်တတ်၏။ ဣတိအတ္ထော၊ ဤသို့သောအနက်၌။ ဘူဝါဒယောဓာတဝေါ,ဟူသော သုတ်ဖြင့် ဘူကို ဓာတ်အမည်မှည့်။ ဝတ္တမာနေမာနန္တာ, ဟူသော သုတ်ဖြင့် ဘူဓာတ်နောင် အန္တ ပစ္စည်းသက်။ ဦ-သရမှ-ဘ-ဗျည်းကိုခွင်း။ ဘူ-၏ အစိတ် ဦ-ကြွင်းစေ။ အညေသုစ,ဟူသောသုတ်ဖြင့် အန္တပစ္စည်းနှောင်းသောကြောင့် ဦ-ကို ဩ-ဝုဒ္ဓိပြု။ ဩအဝသရေ, ဟူသော သုတ်ဖြင့် နောက် အ-သရနှောင်းသောကြောင့် ဩ-ကို အဝ်ပြု။ ဘ-အ-သို့ကပ်။ ဝ-အ-သို့ကပ်။ နဒါဒိတောဝါဤ,ဟူသော သုတ်ဖြင့် ဘဝန္တနောင် ဤ-ပစ္စည်းသက်။ နွ-ကို ခွင်း။ သရလောပေါ မာဒေသပစ္စယာဒိမှိ သရလောပေတု ပကတိ,ဟူသော သုတ်ဖြင့် နောက် ဤ-ပစ္စည်း နှောင်းသောကြောင့် ရွေသရ-နွ-၏အစိတ် အ-ကိုချေ။ နောက် ဤ-ကိုလည်း ဤ-ပကတိပြု။ နွ-ဤ-သို့ကပ်။ တဒ္ဓိတသမာသကိတကာနမံဝါ တဝေတုနာဒီသုစ,ဟူသောသုတ်ဖြင့် ဘဝန္တီ ဟူသော ဣတ္ထိလိင်ကို နာမ်ကဲ့သို့ဲ့။ အို့,ဟူ၍ အနုက်ပေးသောကြောင့်အာလုပ်အနုက်ကို အလိုရှိရကား ပရသမညာပယောဂေ, သုတ်ဖြင့် အာလုပ်အမည်မှည့်။ လိင်္ဂတ္ထေ ပဌမာ, ဟူသော သုတ်လိုက်စေ၍ အာလာပနေစ, ဟူသော သုတ်ဖြင့်

http://www.dhammadownload.com

အာလုပ် အံနက် လွန်သော လိင်အနက်ကို ဟောကာမျှ တည်းသော သဒ္ဒါဠ်
ပဌမာဝိဘတ် ကေဝုစ် သိ-သက်။ အာလပနေသိ ဂသညော, ဟူသော ဤသုတ်
ဖြင့် အာလုပ်အနက်ဠ် သက်သော သိ-ဝိဘတ်ကို ဂ-အမည်မှည့်။ ဤ-သရမှ
နွှ-ဗျည်းကိုခွင်း။ နွှီ-၏ အစိတ် ဤ-ကြွင်းစေ။ ဘဝတော ဘောတော,
ဟူသော သုတ်ဖြင့် ဣတ္ထိလိင် ဇောတက ဤပစ္စည်း နှောင်းသောကြောင့်
အလုံးစုံသော ဘဝန္တသဒ္ဒါကို ဘောတပြု။ [ဝါစကသော်လည်းဟူ]။ တေ
ဣတ္ထိ ချာပေါ, ဟူသောသုတ်ဖြင့် ဣတ္ထိလိင်ကို ဟောသော ဤ-ကို ပ-အမည်
မှည့်။ စျလပါရဿံ, ဟူသော သုတ်ဖြင့် ဂ-အမည်ရှိသော သိ-ဝိဘတ်
နှောင်းသောကြောင့် ပ-အမည်ရှိသော ဤ-ကို ဣ-ရဿပြု။ တ ဣ-သို့
ကပ်။ သေသတောလောပံဂသိပိ, ဟူသော သုတ်ဖြင့် ဂ-အမည် ရှိသော
သိ-ဝိဘတ်ကိုချေ။ ဘောတိ,ဟူသော ဥဒါဟရုဏ်၏ ရုပ်သည် မြတ်စွာဘုရား
ပါဠိတော်အား လျောက်ပတ်စွာ ပြီး၏။ [သေသတော လောပံ- ဂသိပိ,
သုတ်ဖြင့်ကား ဂ-အမည်ရှိသော သိဝိဘတ်လည်း ကျေ၏။ ဂ-အမည်မရှိ
သော သိ-ဝိဘတ်လည်း ကျေ၏။ ဤ-ဘောတိကား ဤ ကာရန္တ ပကတိ
ရှိသော ဣကာရန္တ ဣတ္ထိလိင် တည်း။ ဘောတိရုပ်ဠ် ဘဝန္တကို နာမ်ခဲ့၍
လည်းကောင်း ဘဝန္တီကို နာမ်ခဲ့၍ လည်းကောင်း ဣသဆရာ နှစ်နည်း
လုပ်၏]။

အယျ,ကို အယျ, လိင်တည်။ ဣတ္ထိယမတော အာပစ္စယော,ဟူသော
သုတ်ဖြင့် ဣတ္ထိလိင်ဠ်ဖြစ်သော-အ-ကာရန္တနောင်မှ အာ-ပစ္စည်းသက်။ အ-
သရမှ-ယျ-ဗျည်းကိုခွင်း။ သရလောပေါ မာဒေသပစ္စယာဒိမ္ပိသရလောပေတု
ပကတိ,ဟူသော သုတ်ဖြင့် ဣတ္ထိလိင်ဇောတက-အာ-ပစ္စည်း နှောင်းသော
ကြောင့် ရွှေသရ-ယျ-၏ အစိတ်-အ-ကိုချေ။ [ဝါစက သော်လည်းဟူ]။
နောက်-အာ-ကိုလည်း- အာ ပကတိပြု။ ယျ-အာ-သို့ကပ်။ တဒ္ဓိတ သမာ
သကိတကာနာမံဝါ တဝေတုနာဒီသုစ, ဟူသော သုတ်ဠ် စသဒ္ဒါဖြင့် အယျာ
ဟူသော ဣတ္ထိလိင်ကို နာမ်ကဲ့သို့ခဲ့။ အို,ဟူ၍အနက်ပေးသောကြောင့်။ဆိုမြဲ။
လိင်္ဂတ္ထော ပဌမာ, ဟူသော သုတ်ကိုလိုက်စေ၍ အာလပနေစ, ဟူသော သုတ်
ဖြင့် အာလုပ် အနက်လွန်သော လိင်အနက်ကို ဟောကာမျှ တည်းသော
သဒ္ဒါဠ် ပဌမာဝိဘတ်-ကေဝုစ် သိသက်။ အာလပနေသိဂသညော, ဟူသော

http://www.dhammadownload.com

ဤသုတ်ဖြင့် အာလုပ်အနက်၌ သက်သော သိဝိဘတ်ကို ဂ-အမည်မှည့်။ အာ-သဒ္ဒမှ ယျ-ဗျည်းကိုခွင်း။ အာဃော ဟူသော သုတ်ဖြင့် ဣတ္ထိလိင်ကို ဟော သော အာ-ကို ဃ-အမည်မှည့်။ ဃတေစ, ဟူသောသုတ်ဖြင့် ဃ-နောင်မှ နှောင်းသော ဂ-အမည်ရှိသော သိ-ဝိဘတ်-ကို ဧ-ပြု။ သရလောပေါ, သုတ် ဖြင့် နောက်-ဧ-အာဒေသ နှောင်းသောကြောင့် ရှေ့သရ ယျာ-၏ အစိတ် အာ-ကိုချေ။ နောက် ဧ-ကိုလည်း-ဧ-ပကတိပြု။ ယျ-ဧ-သို့ကပ်။ အယျေ, ပြီး၏။ ။**ဘောတိ**,ကားလုပ်မြဲ။ **ကညေ**,ကို ကညလိင်တည်။ အာ-ပစ္စည်း သက်။ **ခရာတိယေ**,ကို ခရာတိယလိင်တည်။ အာ-ပစ္စည်းသက်။ အယျေနှင့် အတူလုပ်။ အယျေ,ကညေ,ခရာတိယေ, တို့ကား ဣတ္ထိလိင် အာကာရန္တချည်း တည်း။ မူလဥဒါဟရဏ်ပြီး၏။ ။**သာ**,ကား ကိ ဉဒါဟရဏ်မည်၏။ ထိုဥဒါ ဟရဏ်ကို တ,လိင်တည်။ အာ-ပစ္စည်းသက်။ တ-ကိုခွင်း။ သရလော။ပ။ ပကတိပြု။ တ-အာသို့ကပ်။ စသဒ္ဒါဖြင့် တာ-ဟူသော ဣတ္ထိလိင်ကို နာမ် ကဲ့သို့ငဲ့။ သည်,ဟူ၍ အနက်ပေးသောကြောင့် လိင်အနက်ကို အလိုရှိရကား ပရသမညာပယောဂေ, ဟူသောသုတ်ဖြင့် လိင်အမည်မှည့်။ လိင်္ဂတ္ထေပဌမာ, ဟူသောသုတ်ဖြင့် လိင်အနက်ကို ဟောကာမျှတည်းသော သဒ္ဒါ၌ ပဌမာ ဝိဘတ် ဧကဝုစ် သိသက်။ ဆဏ-ဆဏကား အာလပနေသိဂသညော,ဟူသော ဤသုတ်ဖြင့် သိဝိဘတ်ကို-ဂ-အမည်မှည့်မြဲ မှည့်စပါလော။မမှည့်စရ။အဘယ့် ကြောင့် မမှည့်စရသနည်းဟူမူကား အာလုပ် မဟုတ်သောကြောင့် မမှည့် စရ။ အာသရမှတ-ဗျည်းကိုခွင်း။ တာ-၏အစိတ် အာ-ကြွင်းစေ။ တေတေ သန္တော,သုတ်ဖြင့် သိဝိဘတ် နှောင်းသောကြောင့်-တာ-သဒ္ဒါ၏ အစိတ် ဖြစ်သော တ-ကို သ-ပြု။ သ-အာသို့ကပ်။ သေသတောလောပံ ဂသိပိ, ဟူသော သုတ်ဖြင့် သိဝိဘတ်ကိုချေ။ သာ,ပြီး၏။

အယျာ,ကား ကိ ဉဒါဟရဏ်မည်၏။ ထိုဥဒါဟရဏ်ကိုအယျ,လိင်တည်။ အာပစ္စည်းသက်။ ယျ-ကိုခွင်း။ သရလော။ပ။ ပကတိပြု။ ယျ-အာ-သို့ကပ်။ စသဒ္ဒါဖြင့် အယျာဟူသော ဣတ္ထိလိင်ကို နာမ်ကဲ့သို့ငဲ့။ သည်,ဟူ၍ အနက် ပေးသောကြောင့်၊ ဆိုမြဲ။ လိင်္ဂတ္ထေ ပဌမာဟူသော သုတ်ဖြင့် လိင်အနက်ကို ဟောကာမျှတည်းသော သဒ္ဒါ၌ ပဌမာ ဝိဘတ်-ဧကဝုစ်-သိ-သက်။ဆဏ-ဆဏကား အာလပနေသိ ဂသညော, ဟူသော ဤသုတ်ဖြင့် သိဝိဘတ်ကို

http://www.dhammadownload.com

ဂ-အမည်မှည့်မြဲ မှည့်စပါလော။ မမှည့်စရ။ အဘယ့်ကြောင့် မမှည့်စရ သနည်း ဟူမူကား အာလုပ်မဟုတ်သောကြောင့် မမှည့်စရ။ သေသတော, သုတ်ဖြင့် သိဝိဘတ်ကိုခေ့။ အယျာ, ပြီး၏။ ။ပဌမကိ ပြီး၏။ ။**ဘာ တိယော**,ကား ကိ ဥဒါဟရဏ် မည်၏။ ထိုဥဒါဟရဏ်ကို ဘူ,သဒ္ဒါတည်။ ဘူ၊ ဘူသဒ္ဒါကား။ သတ္တာယံ၊ ထင်ခြင်းအနက်၌။ ဝတ္တတိ၊ ဖြစ်တတ်၏။ ဣတိ အတ္ထေ၊ ဤသို့သော အနက်၌။ ဘူ-ကို ဓာတ်အမည်မှည့်။ အန္တ ပစ္စည်းသက်။ ဦ-သရမှ-ဘ-ဗျည်းကိုခွင်း။ ဦ-ကို-ဩ-ဝုဒ္ဓိပြု။ ဩ-ကို-အော-ပြု။ ဘ-အ-သို့ကပ်။ ဝ-အ-သို့ကပ်။ ဘဝန္တနောင် ဤ-ပစ္စည်းသက်။ နွှ-ကိုခွင်း။ သရ လော။ ပ။ ပကတိပြု။ နွှ-ဤ-သို့ကပ်။ တဒ္ဓိတ, သုတ်ဖြင့် ဘဝန္တိ ဟူသော ဣတ္ထိလိင်ကို နာမ်ကဲ့သို့ငဲ့။ အို အရှင်မတို့, ဟူ၍ အနက် ပေးသောကြောင့် လိင်္ဂတွေ ပဌမာ ဟူသော သုတ်ကို လိုက်စေ၍ အာလပနေစ, ဟူသော သုတ်ဖြင့် အာလုပ် အနက်လွန်သော လိင်အနက်ကို ဟောကာမျှ တည်းသော သဒ္ဒါ၌ ပဌမာဝိဘတ် ဗဟုဝုစ်ယော-သက်။ ဆရာ-ဆရာကား ဤသုတ်ဖြင့် အာလုပ်အနက်၌ သက်သော ဝိဘတ်ကို-ဂ-အမည်မှည့်မြဲ မှည့်စပါလော။ မမှည့်စရ။ အဘယ်ကြောင့် မမှည့်စရ သနည်း ဟူမူကား။ သိ-ဝိဘတ်မဟုတ် သောကြောင့် မမှည့်စရ။ဤ-သရမှ-နွှ-ဗျည်းကိုခွင်း။ဘဝတော ဘောတော, ဟူသောသုတ်ဖြင့် ဣတ္ထိလိင် ဇောတက-ဤ-ပစ္စည်း နှောင်းသောကြောင့် အလုံးစုံသော ဘဝန္တ သဒ္ဒါကို ဘောတပြု။ တေဣတ္တိချာပေါ, ဟူသော သုတ်ဖြင့် ဣတ္ထိလိင်ကို ဟောသော ဤ-ကို-ပ-အမည်မှည့်။ အဿော ရဿား က ဝစန ယောသ္မပိစ-ဟူသော သုတ်ဖြင့် ယော ဝိဘတ် နှောင်းသော ကြောင့် ဃ မဟုတ်သော-ပ-အမည်ရှိသော ဤ-ကို ဣ-ရဿပြု။ တ-ဣ-ကပ်။ ဘောတိယော,ပြီး၏။ ။**အယျာ ယော**,ကို အယျ, လိင်တည်။အာ-ပစ္စည်းသက်။ ယျ-ကိုခွင်း။သရလော။ ပ။ ပကတိပြု။ ယျ-အာသို့ကပ်။စသဒ္ဒါ ဖြင့် အယျာ ဟူသော ဣတ္ထိလိင်ကို နာမ်ကဲ့သို့ငဲ့။ အို အရှင်မတို့,ဟူ၍ အနက် ပေးသောကြောင့် လိင်္ဂတွေ ပဌမာ, ဟူသောသုတ်ကို လိုက်စေ၍ အာလပနေ စ,ဟူသောသုတ်ဖြင့် အာလုပ် အနက်ကို လွန်သော လိင်အနက်ကို ဟောကာမျှ တည်းသော သဒ္ဒါ၌ ပဌမာဝိဘတ်-ဗဟုဝုစ်-ယော-သက်။ဆရာ-ဆရာကား ဤသုတ်ဖြင့် အာလုပ် အနက်၌ သက်သော ဝိဘတ်ကို- ဂ- အမည် မှည့်

http://www.dhammadownload.com

မှည့်စပါလော့။ မမှည့်စရ။ အဘယ့်ကြောင့် မမှည့်စရ သနည်း ဟူမူကား သိဝိဘတ် မဟုတ်သောကြောင့် မမှည့်စရ။ အယျာယော, ပြီး၏။ ။ ဒုတိယကိ ပြီး၏။

၅၈။ ဣ ဝဏ္ဏု ဝဏ္ဏာ ဈ လာ

ဣဝဏ္ဏု ဝဏ္ဏာ၊ ဣဝဏ်, ဥဝဏ်, တို့သည်။ ဈလာ၊ ဈ, ဟူသောအမည်၊ လ, ဟူသောအမည် ရှိကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ။"သုတ်"။ ။ဣဝဏ္ဏု ဝဏ္ဏာ ဣစ္စေတေ၊ ဣဝဏ်၊ ဥဝဏ်, တို့သည်၊ ယထာသင်္ချံ၊ အရေအတွက် အားလျော်စွာ။ "လျော်သဖြင့် လည်းဟူ"။ ဈ,လ သညာ၊ ဈ, ဟူသော အမည်၊ လ, ဟူသော အမည်ရှိကုန်သည်။ ဟောန္တိ၊ ကုန်၏။ ဣသိနော၊ ရသေ့အား၊ ရသေ့၏။ ဒဏ္ဍိနော၊ တောင်ဝှေး ရှိသောသူအား၊ တောင်ဝှေး ရှိသော သူ၏။ ဝါ၊ ကား။ ဒဏ္ဍိနော၊ အာဏာရှိသော သူအား၊ သူ၏။ အဂ္ဂိနော၊ မီးအား၊ မီး၏။ ဂဟပတိနော၊ သူကြွယ်အား၊ သူကြွယ်၏။ သေတုနော၊ တံတားအား၊ တံတား၏။ ကေတုနော၊ မှန်ကင်းအား၊ မှန်ကင်း၏။ ဘိက္ခုနော၊ ရဟန်းအား၊ ရဟန်း၏။ သယံဘုနော၊ ဘုရားအား၊ ဘုရား၏။ "အသညသတ် ဗြဟ္မာအား၊ ဗြဟ္မာ၏, လည်းဟူ"။ ။ဈလဣစ္စနေန ကွတ္ထော၊ ဈလတော သဿနောဝါ။ ဘောအာစရိယ၊ ဆရာ။ ဈလဣစ္စနေန ဈလ ဣတိအနေန သညာကရဏေန၊ ဈ,လ,ဟူသော အမည်ကို ပြုသဖြင့်။ ကွတ္ထော-ကော အတ္ထော၊ နည်း။ (တနည်းကား) ကွ-ကတရသို့ သုတ္တေ၊ ၌။ အတ္ထော-ပယောဇနံ၊ သည်။ ဘဝတိ၊ နည်း။ ဘောသိဿ၊ တပည့်။ ဈလ တော သဿနောဝါ, ဣတိအာဒီသု သုတ္တေသု၊ ဈလတော သဿနောဝါ ဤသို့ အစရှိသော သုတ်တို့၌။ အတ္ထော-ပယောဇနံ၊ ဈ,လ,ဟူ၍ ခေါ်ဝေါ် ရခြင်း အကျိုးရှိသည်။ ဘဝတိ၊ ဖြစ်၏။

ဤသုတ်ကား **သညာ**, သုတ်တည်း။ ရုဋ္ဌီသညာတည်း။ အ, အာ, နှစ်လုံးသည် အဝဏ်မည်၏။ ဣ,ဤ, နှစ်လုံးသည် ဣဝဏ်မည်၏။ ဥ, ဦ,နှစ်လုံးသည် ဥဝဏ်မည်၏။ ထို့ကြောင့် ဤသုတ်၌ ဣ,ဤ,နှစ်လုံး ကို-ဣဝဏ်, ဥ,ဦ,နှစ်လုံးကို-ဥဝဏ် ဟူ၍ သိအပ်၏။ ယထာသင်္ချံ ပါ၌၏ အဓိပ္ပါယ်ကား ဣဝဏ်ကို-ဈ, ဥဝဏ်ကို-လ, ဤသို့ အရေ

http://www.dhammadownload.com

အတွက် အားလျော်စွာ မှည့်အပ်၏ ဟူလိုသည်။ ဤသုတ်၏ အင်္ဂါကား ပုလ္လိင်-နပုံးလိင်-လည်း ဖြစ်စေ, ဣဝဏ်-ဥဝဏ်လည်း ဖြစ်စေ, ဤသို့ အင်္ဂါနှစ်ပါး ညီသည်ရှိသော် ဣဝဏ်ကိုကား-စျ, ဥဝဏ်ကို ကား-လ, မှည့်စရ၏။

ဣသိနော,ကို ဣသိ,လိင်တည်။ ရသေ့အား, ဟူ၍ အနက်ပေးသော ကြောင့် သမ္ပဒါန် အနက်ကို အလိုရှိရကား ယဿဒါတုံကာမော ရောစတော ဓာရယတေဝါ-တံ်သမ္ပဒါနံ, ဟူသော သုတ်ဖြင့် သမ္ပဒါန် အမည်မှည့်။သမ္ပဒါ နေစတုတ္ထီ,ဟူသော သုတ်ဖြင့် သမ္ပဒါန် အနက်၌ စတုတ္ထီ ဝိဘတ်ကေဝုစ် သ-သက်။ ရသေ့၏, ဟူ၍အနက် ပေးသောကြောင့် သာမီအနက်ကို အလိုရှိရ ကား ယဿဝါ ပရိဂ္ဂဟော-တံ်သာမီ,ဟူသော သုတ်ဖြင့် သာမီအမည်မှည့်။ သာမီသို့ ဆဋ္ဌီ,ဟူသော သုတ်ဖြင့် သာမီအနက်၌ ဆဋ္ဌီဝိဘတ် ကေဝုစ် သ-သက်။ ဣ-သရမှ သ-ဗျည်းကိုခွင်း။ အာလပနေသိ ဂသညော,ဟူသောသုတ် မှ သညာလိုက်၍, ဣဝဏ္ဏ ဝဏ္ဏာ စျလာ, ဟူသော ဤသုတ်ဖြင့် ဣ-ကို စျ-အမည်မှည့်။ စျလတော သဿနောဝါ, ဟူသော သုတ်ဖြင့် စျ-နောင်မှ နှောင်းသော-သ-ဝိဘတ်ကို နော-ပြု။ သ-ဣ-သို့ကပ်။ ဣသိနော, ပြီး၏။ (ဣသိနော, အဂ္ဂိနော, ဂဟပတိနော,ကား ဣကာရန္တပုလ္လိင်တည်း)။ **ဒဏ္ဍီနော**,ကို ဒဏ္ဍီလိင်တည်။ တောင်ဝှေး ရှိသော သူအား, ဟူ၍ အနက်ပေး သောကြောင့် သမ္ပဒါန် အမည်မှည့်။ သမ္ပဒါန် အနက်၌ စတုတ္ထီဝိဘတ် ကေဝုစ် သ-သက်။တောင်ဝှေးရှိသောသူ၏, ဟူ၍ အနက် ပေးသောကြောင့် သာမီ အမည်မှည့်။ သာမီအနက်၌ ဆဋ္ဌီဝိဘတ် ကေဝုစ် သ-သက်။ ဤ-သရမှ-ဏ္ဍ-ဗျည်းကိုခွင်း။ သုတ်လိုက်၍ ဤသုတ်ဖြင့် ဤ-ကို-စျ-အမည်မှည့်။ အဃော ရဿ မေကဝစနယောသ္မိပစ, ဟူသော သုတ်ဖြင့် ကေဝုစ်-သ-ဝိဘတ် နှောင်းသောကြောင့် ဃ-မဟုတ်သော စျ-အမည် ရှိသော-ဤ-ကို-ဣ-ရဿပြု။ စျလတော သဿ နောဝါ, ဟူသော သုတ်ဖြင့် စျ နောင်မှ နှောင်းသော သ-ဝိဘတ်ကို နော-ပြု။ ဏ္ဍ-ဣ-သို့ကပ်။ ဒဏ္ဍီနော, ပြီး၏။ [ဒဏ္ဍီနောကား ဤကာရန္တ ပုလ္လိင်တည်း။ ထို့ကြောင့် ရဿပြု သတည်း]။ ။ **အဂ္ဂိနော**,ကို အဂ္ဂိ, လိင်တည်။ မီးအား, ဟူ၍ အနက် ပေးသောကြောင့် သမ္ပဒါန် အမည်မှည့်။ သမ္ပဒါန် အနက်၌ စတုတ္ထီ ဝိဘတ် ကေဝုစ်-သ-သက်။

http://www.dhammadownload.com

မီး၏, ဟူ၍ အနက် ပေးသောကြောင့် သာမီအမည်မှည့်။ သာမီ အနက်၌ ဆဋ္ဌိဝိဘတ် ကေဝုစ် သ-သက်။ ဣ·သရမှ ဂ္ဂ-ဗျည်းကိုခွင်း။ ဤသုတ်ဖြင့် ဣ-ကို စျ-အမည်မှည့်။ စျလတော သဿနောဝါ, သုတ်ဖြင့် စျ-နောင်မှ နှောင်းသော သ-ဝိဘတ်ကို နော-ပြု။ ဂ္ဂ-ဣ-သို့ကပ်။ အဂ္ဂိနော,ပြီး၏။ ။ **ဂဟပတိနော**,လည်း နည်းတူ။ **သေတုနော**, ကိုသေတု, လိင်တည်။ **ဘိက္ခုနော**,ကို ဘိက္ခု, လိင်တည်။ အား, ကြောင့် သမ္ပဒါန် အမည်မှည့်။ စတုတ္ထီ သ-သက်။ ၏,ကြောင့် သာမီမှည့်။ ဆဋ္ဌီ သ-သက်။ ခွင်း။ ဥ-ကို လ-မှည့်။ စျလတော သဿနောဝါ,ဖြင့် လ-နောင်မှ နှောင်းသော သ-ဝိဘတ်ကို နော-ပြု။ ဂ္ဂ-ဥ-သို့ကပ်။ပြီး၏။ ။[ဤ သေတုနော, ဘိက္ခုနော,ကား ဥကာရန္တ ပုလ္လိင်တည်း]။

သယံဘုနော,ကို သယံဘု,လိင်တည်။ ဘုရားအား,ဟူ၍ အနက်ပေးသောကြောင့် သမ္ပဒါန်မှည့်၍စတုတ္ထီဝိဘတ် ကေဝုစ် သ-သက်။ ဘုရား၏ဟူ၍ အနက်ပေးသောကြောင့် သာမီမှည့်၍ ဆဋ္ဌီဝိဘတ် ကေဝုစ် သ-သက်။ ဦ-သရမှ ဘူ-ဗျည်းကိုခွင်း။ ဤသုတ်ဖြင့် ဦ-ကို လ-မှည့်။ အဃော ရဿမေက ဝစနယောသ္မပိစ,ဟူသောသုတ်ဖြင့် ကေဝုစ် သ-ဝိဘတ်နှောင်းသောကြောင့် ဃ-မဟုတ်သော လ့-အမည်ရှိသော ဦ-ကို ဥ-ရဿပြု။ စျလတော သဿ နောဝါ,ဖြင့် လ-နောင်မှ နှောင်းသော သ-ဝိဘတ်ကို နောပြု။ ဘ-ဥ-သို့ကပ်။ သယံဘုနော,ပြီး၏။ ။[ဤသယံဘုနော,ကား ဦကာရန္တပုလ္လိင်တည်း။ ထို့ကြောင့် ရဿပြုသတည်း။ ဤဆိုအပ်ပြီးသောရူပ်ကား နာမ်ရူပ်ချည်းတည်း။] ။အကျယ်လုပ်သော် ကိတ်အစရှိသောရူပ်ကား **ဣသိနော**,ကို ဣသသဒ္ဒါတည်။ ဣသ၊ ဣသသဒ္ဒါကား။ ပရိယေသနေ၊ ရှာမှီးခြင်းဟူသော အနက်၌။ ဝတ္တတိ၊ ဖြစ်တတ်၏။ (တနည်းကား)။ ဝတ္တတိ၊ လည်တတ်၏။ ဣတိအတ္ထော၊ ဤသို့သောအနက်၌။ဘူဝါဒယောဓာတဝေါ,သုတ်ဖြင့် ဣသ,ကို ဓာတ်ဟူ၍ အမည်မှည့်။ သ-ကိုခွင်း။ ဓာတုဿန္တော လောပေါနေကသရဿ, သုတ်ဖြင့် များသောသရရှိသော ဣသဓာတ်၏ အစိတ် အ-ကိုချေ။ သီလာဒိက္ခန္ဓေ၊ သီလအစရှိသော ကျေးဇူးအစုတို့ကို။ သေတိ- ဂဝေသတိ၊ ရှာမှီးတတ်၏။ ဣတိအတ္ထော၊ ၌။ ဓာတုလင်္ဂေဟိ ပရာပစ္စယာ,သုတ်ဖြင့် ဓာတ်လိင်တို့နောင်မှ ဝိဘတ်ပစ္စည်းသက်ရာ၏ဟု ပရိဘာသာ လာသောကြောင့် မုနာဒီ

http://www.dhammadownload.com

ဟိစိ,သုတ်ဖြင့် ဣသဓေတ်နောင် ဣ--ပစ္စည်းသက်။ သ-ဣ-သို့ကပ်။ **တဒ္ဓိတ,** သုတ်ဖြင့် ဣသိဟူသော်ကိတ်ပုဒ်ကိုနာမ်ကဲ့သို့ငဲ့။ ဇိနဝစန ယုတ္တံဟိလိင်္ဂဉ္စနိပ္ဖဇ္ဇ တေ,ဟူသော သုတ်တို့ကို လိုက်စေ၍ တတောစ ဝိဘတ္တိယော,သုတ်ဖြင့် ဣသိ လိင်နောင် နာမ်ဝိဘတ်သက်။ ထိုနာမ်ဝိဘတ်၏လည်း သိယော, အံယော, နာဟိ, သနံ, သ္မာဟိ, သနံ, သ္မိံ သု,ဟူ၍ ဝိဘတ်ခုနစ်သွယ် အမှတ်မဲ့ လျှဉ်းလုလတ်သည်ရှိသော် သဒ္ဒါ၏ဖြစ်ခြင်း၊ သဒ္ဒါကိုသိခြင်းသည်ကား ဟောခြင်းငှာ အလိုရှိသောသူ၏ ဆန္ဒသာလျှင် ပြဓာန်းခြင်းရှိ၏ဟု ပရိဘာသာလာသော ကြောင့် သမ္ဗဒါန်အနက်ကိုအလိုရှိရကား ယဿ ဒါတုကာမော ရောစတေ ဓာရယတေဝါ-တံသမ္ပဒါနံ, ဟူသောသုတ်ဖြင့် သမ္ပဒါန်အမည်မှည့်။ သမ္ပဒါနေ စတုတ္ထိ,ဟူသောသုတ်ဖြင့် သမ္ပဒါန်အနက်၌ စတုတ္ထိဝိဘတ် သက်။ ထို စတုတ္ထိဝိဘတ်၏လည်း ကေဝုစ်,ဗဟုဝုစ်အားဖြင့် အမှတ်မဲ့လျှဉ်းလုလတ်သည်ရှိသော် သဒ္ဒါ၏ဖြစ်ခြင်း သဒ္ဒါကိုသိခြင်းသည်ကား ဟောခြင်းငှာ အလိုရှိသောသူ၏ဆန္ဒသာလျှင် ပြဓာန်းခြင်းရှိ၏ဟု ပရိဘာသာလာသောကြောင့် ကေဝုစ်ကို အလိုရှိရကား ကေဝုစ် သ-သက်။ သာမိအနက်ကို အလိုရှိရကား ယဿဝါ ပရိဂ္ဂဟော-တံသာမိ,ဟူသောသုတ်ဖြင့် သာမိအမည်မှည့်။ သာမိသို့ ဆဋ္ဌီ,ဟူသောသုတ်ဖြင့် သာမိအနက်၌ ဆဋ္ဌီဝိဘတ်သက်။ ထိုဆဋ္ဌီဝိဘတ်၏လည်း ကေဝုစ်, ဗဟုဝုစ်အားဖြင့် အမှတ်မဲ့ လျှဉ်းလုလတ်သည်ရှိသော် သဒ္ဒါ၏ဖြစ်ခြင်း သဒ္ဒါကိုသိခြင်းသည်ကား ဟောခြင်းငှာ အလိုရှိသော သူ၏ ဆန္ဒသာလျှင် ပြဓာန်းခြင်းရှိ၏ဟု ပရိဘာသာလာသောကြောင့် ကေဝုစ်ကို အလိုရှိရကား ကေဝုစ် သ-သက်။ ဣ--သရမှ သဗျည်းကိုခွင်း သ-အစိတ် ဣ-ကြွင်းစေ။ အာလပနေသိ ဂသညော,သုတ်မှ သညာလိုက်၍ ဣဝဏ္ဏုဝဏ္ဏာ စျလော,ဟူသောဤသုတ်ဖြင့် ဣ-ကို စျ-အမည်မှည့်။ စျလတောသဿနောဝါ, သုတ်ဖြင့် စျ-မှနှောင်းသော သ-ဝိဘတ်ကို နောပြု။ သ-ဣ-သို့ကပ်။ ဣသိ နော, ပြီး၏။

ဒဖ္ဂိနော,ကို ဒဏ္ဍ,သဒ္ဒါတည်။ ဒဏ္ဍ၊ ဒဏ္ဍသဒ္ဒါကား။ နိပါတေ၊ ကျခြင်းဟူသောအနက်၌။ ဝတ္တတိ၊ ဖြစ်တတ်၏။ ဝါ၊ ကား။ ဒဏ္ဍ၊ သည်။ **အာဏာယီ**၊ အာဏာ၌။ ဝတ္တတိ၊ ၏။ ဣတိအတ္ထေ၊ ၌။ ဘူဝါဒယော ဓာတဝေါသုတ်ဖြင့် ဒဏ္ဍကို ဓာတ်အမည်မှည့်။ ဏ္ဍ-ကိုခွင်း။ ဓာတုဿန္တော

http://www.dhammadownload.com

လောပေါနေက သရဿ,ဟူသော သုတ်ဖြင့် များသော သရရှိသော ဒဏ္ဍ ဓာတ်၏ အစိတ် အ-ကိုချေ။ ဒဏ္ဍေတိ-နိပါတေတိ၊ ကျတတ်၏။ ဣတိအတ္ထေ ဝါ၊ ဤသို့သော အနက်၌၎င်း။ ဧတေနစက္ကေန၊ ထိုအာဏာဖြင့်။ ဒဏ္ဍေတိ-အာဏံကရောတိ၊ အာဏာကို ပြုတတ်၏။ ဣတိအတ္ထေဝါ၊ ၌၎င်း။ ဓာတု လိင်္ဂေဟိပရာပစ္စယာ, ကြောင့် ကဥ္ပ ာဒီဟိကော, သုတ်ဖြင့် ဒဏ္ဍဓာတ်နောင် ကပစ္စည်းသက်။ ကွစိ ဓာတုဝိဘတ္တိပစ္စယာနံ ဒီဃဝိပရီတာ ဒေသလောပါ ဂမာစ, သုတ်ဖြင့် က-အနုဗန်ကိုချေ။ ပစ္စည်းအစိတ် အ-ကြွင်းစေ။ ဏ္ဍ-အ-သို့ကပ်။ တဒ္ဓိတ,သုတ်ဖြင့် ဒဏ္ဍဟူသော ကိတ်ပုဒ်ကို နာမ်ကဲ့သို့ငဲ့။ လိင်အနက်ကို အလိုရှိရကား လိင်္ဂတ္ထေ ပဌမာ, သုတ်ဖြင့် လိင်အနက်ကို ဟောကာမျှ တည်းသော သဒ္ဒါ၌ ပဌမာဝိဘတ် ဧကဝုစ် သိသက်။ ဏ္ဍ-ကိုခွင်း။ အ တောနေန, သုတ်လိုက်စေ၍ သော,ဟူသော သုတ်ဖြင့် ပုလ္လိင်အကာရန္တနောင် မှ နောက်ဖြစ်သော သိ-ဝိဘတ်ကို သြ-ပြု။ သရလောပေါ,သုတ်ဖြင့် နောက် သြ-အာဒေသနှောင်းသောကြောင့် ရှေသရ ဏ္ဍ-၏အစိတ်အ-ကိုချေ။နောက် သြ-အာဒေသကိုလည်း သြ-ဟု ပကတိပြု။ ဏ္ဍ-ကို သြ-သို့ကပ်။ ဒဏ္ဍော, ကား ပြီး၏။ ။**ဒဏ္ဍသဒ္ဒါ,တသဒ္ဒါ,အတ္ထိသဒ္ဒါ,**တည်။လိင်အနက်ကို အလိုရှိရကား လိင်္ဂတ္ထေပဌမာ,သုတ်ဖြင့် သိ-သက်။ခွင်း။သြ-စသည်ပြု။သမ္ပဒါန် အနက်ကို အလိုရှိရကား။ သမ္ပဒါန်မှည့်။ စတုတ္ထီ-သ-သက်။ သာဂမောသေ, သုတ်ဖြင့် သ-ဝိဘတ် နှောင်းသောကြောင့် သ-အက္ခရာလာ။ သ-သ-သို့ ကပ်။ သသ္မာသို့ သံသာသွတ္တံ, သုတ်ဖြင့် သ-ဝိဘတ် နှောင်းသောကြောင့် အလုံးစုံသော-တ-သဒ္ဒါကို-အ-ပြု။ ဒဏ္ဍော အဿအတ္ထိ, ဟူသော တဒ္ဓိတ် ဝါကျရုပ်ကား ပြီး၏။ အဿ၊ ထိုသူအား။ ဒဏ္ဍော၊ တောင်ဝှေးသည်။ ဝါ၊ ကား။ ဒဏ္ဍော၊ အာဏာသည်။ အတ္ထိ၊ ၏။ ဣတိအတ္ထေ၊ ၌။ ဓာတုလိင်္ဂေဟိ, ကြောင့် တဒဿတ္ထီ,ဟူသော ဝိသယလိုက်၍ ဒဏ္ဍာဒိတော ဣက ဤ,သုတ်ဖြင့် အဿတ္ထိအနက်၌ ဒဏ္ဍ လိင်နောင် နှစ်ပုဒ်တို့၏ အလယ်၌-ဤပစ္စည်း သက်။ ပရသမညာ ပယောဂေသုတ်ဖြင့် ဤပစ္စည်းကို အဿတ္ထိ တဒ္ဓိတ်ဟူ၍ အမည် မှည့်။ ဝုတ္တတ္ထာနပ္ပယောဂေါ-ဟောအပ်ပြီးသော အနက်ရှိသော သဒ္ဒါတို့ကို မယှဉ်ရာဟူ၍ ပရိဘာသာလာသောကြောင့် တေသံ သဒ္ဒါဖြင့် တဒ္ဓိတ်၏ ဝိဘတ် သိ-ကိုချေ။ သ-ကိုချေ။ တ-ပုဒ် သ-အာဂုမ် အတ္ထိပုဒ်ကိုချေ။ ပကတီ

http://www.dhammadownload.com

စဿ သရန္တဿ,သုတ်၌ စဿဒ္ဒါဖြင့် ဒဏ္ဍဟု ပကတိပြု။ ဏ္ဍ-ကိုခွင်း။ သရ လော။ပ။ ပကတိပြု။ ဏ္ဍ-ဤသို့ ကပ်။ တဒ္ဓိတ, သုတ်ဖြင့် ဒဏ္ဍီ ဟူသော တဒ္ဓိတ်ပုဒ်ကို နာမ်ကဲ့သို့ငဲ့။ ဇိနဝစနယုတ္တံဟိ, လိင်္ဂဥနိပ္ဖဇ္ဇတေ, သုတ်တို့ကို လိုက်စေ၍ တတောစ ဝိဘတ္တိယော, သုတ်ဖြင့် ဒဏ္ဍီလိင်နောင် နာမ်ဝိဘတ် သက်။ ထိုနာမ်ဝိဘတ်၏လည်း သိယော,အံယော, နာဟိ, သနံ, သ္မာဟိ,သနံ, သ္မိံ သု,ဟူ၍ ဝိဘတ်ခုနစ်သွယ် အမှတ်မဲ့ လျဉ်းလုလတ်သော် သဒ္ဒါ၏ဖြစ်ခြင်း, သဒ္ဒါကို သိခြင်းသည်ကား ဟောခြင်းငှာ အလိုရှိသော သူ၏ ဆန္ဒသာလျင် ပြခန်းခြင်းရှိ၏ဟု ပရိဘာသာလာသောကြောင့် သမ္မဒါန်အနက်ကို အလိုရှိ ရကားသမ္မဒါန်မှည့်၍ သမ္မဒါန်အနက်၌ စတုတ္ထိဝိဘတ်သက်။ထိုစတုတ္ထိဝိဘတ် ၏လည်း ကေဝုစ်,ဗဟုဝုစ်အားဖြင့် အမှတ်မဲ့ လျဉ်းလုလတ်သည်ရှိသော် ဆိုမြဲ။ ဆဋ္ဌီလည်း ဆိုမြဲ။ ကေဝုစ် သ-သက်။ ဏ္ဍ-ကိုခွင်း။ သုတ်လိုက်စေ၍ ဤသုတ် ဖြင့် ဤ-ကို စျ-အမည်မှည့်။ အဿောရဿမေကဝစန ယောသ္မပိ စ,ဟူသော သုတ်ဖြင့် ကေဝုစ် ဝိဘတ် နှောင်းသောကြောင့် ဃ-မဟုတ်သော စျ-အမည် ရှိသော ဤ-ကို ဏ္ဍ-ရဿပြု။ စျလတော သဿနောဝါ, သုတ်ဖြင့် နော-ပြု။ ကပ်။ ဒဏ္ဍိနော၊ ပြီး၏။

ဤဒဏ္ဍိနော၏ဓာတ်ရုပ်ကို ဤသုတ်၌ ဒဏ္ဍတည်၏။ ဥဏာဒိ-ကဥ္ဇ ဒီဟိကော, သုတ်၌ကား ဒဠိတည်၍ နိဂ္ဂဟိတ်လာ၍ လုပ်၏။ ဒဏ္ဍ ကား စုရာဒိဂိုဏ်းတည်း။ ထို့ကြောင့် ဒဏ္ဍေတိ,ဟု အနက်ကိုကြား သည်။ ဒဠိဓာတ်ကား ဘူဝါဒိဂိုဏ်းတည်း။ ထို့ကြောင့် ဒဏ္ဍတိဟု အနက်ကိုကြားသည်။

အဂ္ဂိနော,ကို အဂသဒ္ဒါတည်။ အဂ၊ အဂသဒ္ဒါသည်။ ကုဋိလဂတိမှ၊ ကောက်တကျစ် သွားခြင်း ဟူသော အနက်၌။ ဝတ္တတိ၊ ၏။ ဣတိအတ္ထေ၊ ၌။ အဂကိုဓာတ်မှည့်။ ဂ-ကိုခွင်း။ ဓာတုဿန္တော,ခေျ။ ကုဋိလံ၊ ကောက်တကျစ် လျင်။ အဂတိ-ဂစ္ဆတိ၊သွားတတ်၏။ ဣတိအတ္ထေ၊ ၌။ ဓာတုလင်္ဂေဟိ,ကြောင့် မုနာဒီဟိစိ,သုတ်ဖြင့် အဂဓာတ်နောင်ဣ-ပစ္စည်းသက်။ပရဒ္ဒေဘာဝေါဒ္ဒါနေ, သုတ်ဖြင့် အ-သရမှ နောက်ဖြစ်သော တတိယက္ခရာ ဂ-နှင့် ဂ-ကို ဆောင်၍ သဒိသ ဒ္ဒေဘော်ပြု။ ဂ္ဂ-ဣသို့ကပ်။ တဒ္ဓိတ,သုတ်ဖြင့် အဂ္ဂိ ဟူသောကိတ်ပုဒ်ကို နာမ်ကဲ့သို့ငဲ့။ ဆိုမြဲ။ စတုတ္ထိသက်မြဲ။ ဏ္ဍ-သရမှ ဂ္ဂ-ဗျည်းကိုခွင်း။ သုတ်လိုက်

http://www.dhammadownload.com

စေ၍ ဤသုတ်ဖြင့် ဤ-ကို စျ-အမည်မှည့်။ နော-ပြုမြဲ။ ကပ်။ အဂိုနော, ပြီး၏။ ။**ဂဟပတိနော**,ကို ဂဟသဒ္ဒါ ပတိသဒ္ဒါတည်။ ဂဟနောင် ဆင့် သ-သက်။ သ-လာ။ ကပ်။ ပတိနောင် သိ-သက်။ သိ-ကိုချေ။ဂဟဿ၊ အိမ်၏။ ပတိ၊ အရှင်တည်း။ ဤတိအတ္ထော၌။ နာမာနံသမာသောယုတ္တတ္ထော, သုတ်ဖြင့် သမာသ်အမည်မှည့်။ နာမာနံသမာသောယုတ္တတ္ထော,သုတ်လိုက်စေ၍ အမာဒယော ပရပဒေဘိ,သုတ်ဖြင့် တပ္ပုရိသ်အမည်မှည့်။ ဓေသံ ဝိဘတ္တိယော လောပါစ,သုတ်ဖြင့် သမာသ်၏ဝိဘတ် သ-ကိုချေ။ ဝုတ္တတ္ထာနမပ္ပယောဂေါ ဟောအပ်ပြီးသော အနက်ရှိသော သဒ္ဒါတို့ကို မယှဉ်ရာဟူရကား တေသံသဒ္ဒါဖြင့် သ-အာဂုံကိုချေ။ ပကတီစသ သရန္တဿ,သုတ်ဖြင့် သရအဆုံးရှိသော ဂဟပတိကို ဂဟပတိဟု ပကတိပြု။ တဒ္ဓိတ,သုတ်ဖြင့် ဂဟပတိဟူသော သမာသ်ပုဒ်ကို နာမ်ငဲ့။ ဆိုမြဲ။ စတုတ္ထီ သ-သက်၍ အဂိုနော,နှင့် အတူလုပ်။

သေတုနော,ကို သိ-သဒ္ဒါတည်။ သိ၊ သည်။ ဂတိမ္ပိ၊သွားခြင်းဟူသော အနက်၌ လည်းကောင်း။ ဗန္ဓနေ၊ ဖွဲ့ခြင်းဟူသောအနက်၌ လည်းကောင်း။ ဝတ္တတိ၊ ၏။ ဤတိအတ္ထော၊ ၌။ သိ-ကို ဓာတ်မှည့်။ တေန၊ ထိုအကြောင်းဖြင့်။ ဂစ္ဆန္တိ၊ သွားတတ်ကုန်၏။ ဤတိအတ္ထော၀ါ၊ ၌ဂင်း။ ဗန္ဓိယတိ၊ ဖွဲ့အပ်၏။ ဤတိအတ္ထော၀ါ၊ ၌ဂင်း။ ဓာတုလင်္ဂေါ, ကြောင့် ဟနာဒီဟိ နဏုတော၀ါ,သုတ်ဖြင့် သိ-ဓာတ်နောင် တု-ပစ္စည်းသက်။ ဤ-သရမှ သ-ဗျည်းကိုခွင်း။ အသံယော ဂန္တာသ ဝုဒ္ဓိကာရိတော,သုတ်မှ အသံယောဂန္တာသ, ဟူသော ကာရီ- ဝုဒ္ဓိဟူသော ကာရိယလိုက်စေ၍ အညေသုစ,သုတ်ဖြင့် ဤ-ကို ဧ-ဝုဒ္ဓိပြု။ သ-ဧ-သို့ကပ်။ တဒ္ဓိတ,သုတ်ဖြင့် သေတုဟူသော ကိတ်ပုဒ်ကို နာမ်ကဲ့သို့ငဲ့။ ဆိုမြဲ။ စတုတ္ထီ သ-သက်မြဲ။ တ-ကိုခွင်း။ ဤသုတ်ဖြင့် ဥ-ကို လ-အမည်မှည့်။ စျလတော သဿနောဝ၀ါ,သုတ်ဖြင့် လ-နောင်မှနောက်ဖြစ်သော သ-ဝိဘတ်ကို နော-ပြု။ တ-ဥ-သို့ကပ်။ သေတုနော,ပြီး၏။

ဘိက္ခုနော,ကို ဘိက္ခ,သဒ္ဒါတည်။ ဘိက္ခ၊ သည်။ ယာစနေ၊ တောင်းခြင်းဟူသော အနက်၌။ ဝတ္တတိ၊ ၏။ ဤတိအတ္ထော၊ ၌။ ဓာတ်မှည့်။ ဘိက္ခန သီလော၊ တောင်းတတ်သော အလေ့တည်း။ ဘိက္ခနဓမ္မော၊ တောင်းတတ်သော သဘောတည်း။ ဘိက္ခနေ၊ တောင်းခြင်း၌။ သာဓုကာရီ၊ ကောင်းစွာ

http://www.dhammadownload.com

ပြုတတ်သည်တည်း။ ဣတိအတ္ထေ၊ ၌။ ဓာတုလိင်္ဂေဟိ, ကြောင့် တဿီလာ ဒီသုဏီတွာဝီစ,သုတ်မှ တဿီလာဒိဟူသော အနက်ဝိသယ, ပါရာဒိဂမိမှာရှု, သုတ်မှ ရှု-ပစ္စည်းဟူသော ဝိသယီ,လိုက်စေ၍ ဘိက္ခာဒိတောစ, သုတ်ဖြင့် ဘိက္ခဓာတ်နောင် ရှု-ပစ္စည်းသက်။ ကွ-ကိုခွင်း။ ရမှိရန္တောရာဒိနော, သုတ်ဖြင့် ရ-အနုဗန်ရှိသော ပစ္စည်းနှောင်းသောကြောင့် ဓာတွန်အ-ကိုချေ။ ရ-အနုဗန်ကိုလည်းချေ။ ပစ္စည်းအစိတ် ဦ-ကြွင်းစေ။ ကွစာဒိ မဇ္ဈုတ္တရာနံ ဒီဃရဿာ ပစ္စယေသုစ,သုတ်ဖြင့် အဆုံး၌တည်သော ဦ-ကို ဥရဿပြု။ ကွ-ဥ-သို့ကပ်။ တဒ္ဓိတ,သုတ်ဖြင့် ဘိက္ခုဟူသော ကိတ်ပုဒ်ကို နာမ်ကဲ့သို့ငဲ့။ ဆိုမြဲ။ သေတုနောနှင့် အတူလုပ်။

သယံဘုနော,ကို သယံသဒ္ဒူပပဒ- ဘူ-သဒ္ဒါတည်။ "သယံသဒ္ဒါ အနီးရှိသော ဘူ-သဒ္ဒါတည်သော်လည်းဆို"။ ဘူ၊ သည်။ သတ္တာယံ၊ ထင်ခြင်းဟူသောအနက်၌။ ဝတ္တတိ၊ ၏။ ဣတိအတ္ထေ၊ ၌။ ဓာတ်မှည့်။ သယံ၊ မိမိအလိုလို။ ဘူတော၊ ထင်ရှားတတ်၏။ ဣတိအတ္ထေ၊ ၌။ ဓာတုလိင်္ဂေဟိ, ကြောင့် ကွိစ,သုတ်ဖြင့် ဘူ-ဓာတ်နောင် ကွိပစ္စည်းသက်။ ကွိလောပေါစ, သုတ်ဖြင့် ကွိပစ္စည်းကိုချေ။ တဒ္ဓိတ,သုတ်ဖြင့် သယံဘူဟူသော ကိတ်ပုဒ်ကို နာမ်ကဲ့သို့ငဲ့။ ဆိုမြဲ။ စတုတ္ထီ, ဆဋ္ဌီဝိဘတ် သ-သက်မြဲ။ ဘ-ကိုခွင်း။ သုတ်လိုက်စေ၍ ဤသုတ်ဖြင့် ဦ-ကို လ-အမည်မှည့်။ အဃောရဿ မေကဝစနယောသွပိစ, ဟူသောသုတ်ဖြင့် ဧကဝုစ် သ-ဝိဘတ် နှောင်းသောကြောင့် ဃ-မဟုတ်သော လ-အမည်ရှိသော ဦ-ကို ဥ-ရဿပြု။ နော-ပြုမြဲ။ ဘ-ဥသို့ကပ်။ သယံဘုနော,ပြီး၏။

၅၉။ ဘေ ဇုတ္ထိ ချာပေါ

ဣတ္ထိချာ၊ ဣတ္ထိလိင်ကို ဟောကုန်သော။ တေ၊ ထို ဣဝဏ်, ဥဝဏ်,တို့သည်။ ပေါ၊ ပ-ဟူသော အမည်ရှိကုန်၏။ (တနည်းကား)။ တေ၊ ထိုဣဝဏ်, ဥဝဏ်တို့သည်။ ယဒါ၊ အကြင်အခါ၌။ ဣတ္ထိချာ၊ ဣတ္ထိလိင်ကို ဟောကုန်သည်။ ဟောန္တိ၊ ကုန်၏။ တဒါ၊ ထိုအခါ၌။ ပေါ၊ ပ-ဟူသော အမည်ရှိ

ဇုကာရန္တ ပ,မှည့်ရသောသဒ္ဒါများကား၊ ပတ္တိ,ယုတ္တိ,ဝုတ္တိ,ကိတ္တိ,မုတ္တိ,တိတ္တိ,ခန္တီ, ကန္တိ,စသောဇုတ္ထိလိင်ဟောသဒ္ဒါများတည်း။ ။ရူပသိဒ္ဓိမှာကြည့်။

http://www.dhammadownload.com

ရှိကုန်သည်။ ဟောန္တိ၊ကုန်၏။ တေ ဣဝဏ္ဏဝဏ္ဏာ၊ ထိုဣဝဏ်, ဥဝဏ်,တို့သည်။ ယဒါ၊ အကြောင်အခါ၌။ ဣတ္ထိချာ။ ဣတ္ထိလိင်ကို ဟောကုန်သည်။ ဟောန္တိ၊ဖြစ်ကုန်၏။ တဒါ၊ထိုအခါ၌။ ပသညာ၊ ပ,ဟူသော အမည်ရှိကုန်သည်။ ဟောန္တိ၊ဖြစ်ကုန်၏။ ရတ္တိယာ၊ ညဉ်ဖြင့်၊ ညဉ်နှင့်၊ ညဉ်သည်၊ ညဉ်ကြောင်း။ ညဉ်အား၊ ညဉ်မှ၊ ညဉ်ကြောင့်၊ ညဉ်၏၊ ညဉ်၌၊ ညဉ်ကြောင့်။ ဣတ္ထိယာ၊ မိန်းမဖြင့်၊မိန်းမနှင့်၊ မိန်းမသည်၊ မိန်းမကြောင့်၊ မိန်းမအား၊မိန်းမမှ၊မိန်းမကြောင့်၊ မိန်းမ၏၊ မိန်းမ၌၊ မိန်းမကြောင့်။ ဝဓုယာ၊ ချွေးမဖြင့်၊ ချွေးမနှင့်၊ ချွေးမသည်၊ ချွေးမကြောင့်၊ ချွေးမအား၊ချွေးမမှ၊ ချွေးမကြောင့်၊ ချွေးမ၏၊ ချွေးမ၌၊ ချွေးမကြောင့်။ ဓေနုယာ၊နွားမဖြင့်၊နွားမနှင့်၊နွားမသည်၊နွားမကြောင့်၊နွားမအား၊ နွားမမှ၊ နွားမကြောင့်၊နွားမ၏၊ နွားမ၌၊နွားမကြောင့်။ ။ဣတ္ထိချာတိကိမတ္ထံ၊ ဘောအာစရိယ၊ဆရာ။ ဣမသ္မိံ သုတ္တေ၊ ၌။ သမဘိနိဝိဋ္ဌံ၊ သော။ ဣတ္တိချာတိပဒံ၊ ဣတ္ထိချာဟူသော ပုဒ်ကို။ ကိမတ္ထံ၊ အဘယ်ငှာ။ အာစရိယေန၊ သည်။ ဝုတ္တံ၊ နည်း။ ဘောသိဿ၊ တပည့်။ ဣသိနာ, ဘိက္ခုနာ, ဣတိအာဒီသု ဥဒါဟရဏေသု၊ဣသိနာ, ဘိက္ခုနာ, ဤသို့ အစရှိကုန်သော ဥဒါဟရဏ်တို့၌။ သတိပိ ဣဝဏ္ဏု ဝဏ္ဏော ဣတ္ထိချာနံ အဘာဝါ။ ဣဝဏ္ဏုဝဏ္ဏော၊ ဣဝဏ်, ဥဝဏ်သည်။ သတိပိ၊ လည်း။ ဣတ္ထိချာနံ၊ ဣတ္ထိလိင်ကို ဟောကုန်သည် တို့၏။ အဘာဝါ၊ မဟုတ်သောကြောင့်။ ဣမိနာသုတ္တေန၊ ဤ-တေဣတ္ထိ ချာပေါ ဟူသောသုတ်ဖြင့်။ ပသညာ၊ ပ,ဟူသော အမည်ရှိကုန်သည်။ နဟောန္တိ၊ ကုန်။ ဣတိဣမဿ အတ္ထဿ၊ ကို။ ဉာပနတ္ထံ၊ သိစေခြင်းငှာ။ ဣတ္ထိချာတိပဒံ၊ကို။ မယာ အာစရိယေန၊ သည်။ ဝုတ္တံ၊ မိန့်အပ်၏။ ဣသိနာ၊ ရသေ့ဖြင့်၊ ရသေ့နှင့်၊ ရသေ့သည်၊ ရသေ့ကြောင့်။ ဘိက္ခုနာ၊ ရဟန်းဖြင့်၊ ရဟန်းနှင့်၊ ရဟန်းသည်၊ ရဟန်းကြောင့်။ ။ပဣစ္စနေနကတ္ထော၊ ပတောဃာ။ ဘောအာစရိယ၊ ဆရာ။ ပဣစ္စနေန-ပဣတိ အနေန သညာ ကရဏေန၊ ပ,ဟူသော အမည်ကို ပြုသဖြင့်။ ကတ္ထော-ကောအတ္ထော၊နည်း။ (တနည်း)ကတ-ကတရသ္မိံ သုတ္တေ၊၌။ အတ္ထော ပယောဇနံ၊ သည်။ ဘဝတိ၊ နည်း။ ဘောသိဿ၊ တပည့်။ ပတောဃာ, ဣတိအာဒီသု သုတ္တေသု၊ ပတောဃာ,ဤသို့အစရှိကုန်သော သုတ်တို့၌။ အတ္ထော-ပယောဇနံ၊ ပ,ဟူ၍ ခေါ်ဝေါ်ရခြင်း အကျိုးသည်။ ဘဝတိ၏။

http://www.dhammadownload.com

ဤသုတ်သည်ကား **သညာ** သုတ်တည်း။ ရုဋ္ဌိသညာတည်း။ ဤသုတ်၏ အဂ်ါကား ဣတ္ထိလိင်လည်းဖြစ်စေ, ဣဝဏ်, ဥဝဏ်လည်းဖြစ်စေ, ဤသို့လျှင် အဂ်ါနှစ်ပါးတည်း။ ဤအဂ်ါနှစ်ပါးညီသည်ရှိသော် ဣဝဏ်, ဥဝဏ်, နှစ်ပါးကို ပ,မှည့်ရ၏။ ရတ္တိယာ အစရှိသည်ကား အင်နှစ်ပါး ညီသောကြောင့် ပ,မှည့်ရ၏။ ဣသိနာ, ဘိက္ခုနာ အစရှိသည်ကား ဣဝဏ်, ဥဝဏ်ကားဟုတ်၏။ ဣတ္ထိလိင်မဟုတ်သောကြောင့် ပ,မမှည့်စရ။ အင်တပါးချုိသည်။ ထို့ကြောင့် သတ်ပိဣဝဏ္ဏ ဝဏ္ဏော ဣတ္ထိချာနံ အဘာဝါ,ဟူ၍ သတိပိ အစ္ဆန္ဒ်အလွန်ကို ဆိုသတည်း။ သုတ်၌ကား ပေါ,ဟူ၍ ဧကော ဝစနန္တရှိသည်။ ဝုတ္တိ၌ကား ပသညာ,ဟူ၍ဗဟုဝစနန္တရှိသည်။ သုတ်နှင့်ဝုတ္တိမညီ။ နိဒ္ဒေသ၌ကား သုတ်နှင့်ဝုတ္တိ ညီအောင် ပ,နောင် ပဌမာ ဗဟုဝုစ်-ယော-သက်၍၊ တတောယောနမောတု,သုတ်၌ တုသဒ္ဒါဖြင့်-ယော-ဝိဘတ်ကို ဩ-ပြု၍ သရလောပ,အစရှိသည်ကို စီရင်၍ ပေါ,ဟု ဗဟုဝုစ်ဖြစ်စေ၏။

ရတ္တိယာ,ကို ရတ္တိ, လိင်တည်။ ညဉ်ဖြင့်,ဟူ၍ အနက်ပေးသောကြောင့် ကရိဏ်း အနက်ကို အလိုရှိရကား ယေနဝါကရီယတေ-တံကရဏံ, ဟူသော သုတ်ဖြင့် ကရိဏ်း အမည်မှည့်။ ကရဏေ တတိယာ, ဟူသော သုတ်ဖြင့် ကရိဏ်းအနက်၌ တတိယာ ဝိဘတ် ဧကဝုစ် နာသက်။ ညဉ်နှင့်,ဟူ၍ အနက်ပေးသောကြောင့် သဟာဒိယောဂ အနက်ကို အလိုရှိကား ပရသမညာ ဃယောဂေ,သုတ်ဖြင့် သဟာဒိယောဂ အမည်မှည့်။ သဟာဒိယောဂေစ, ဟူသောသုတ်ဖြင့် သဟာဒိယောဂအနက်၌ တတိယာဝိဘတ်ဧကဝုစ် နာသက်။ ညဉ်သည်,ဟူ၍ အနက်ပေးသောကြောင့် ကတ္တား အနက်ကို အလိုရှိရကား ယောကရောတိ-သကတ္တာ,ဟူသော သုတ်ဖြင့် ကတ္တား အမည်မှည့်။ ကတ္တရိစ, ဟူသော သုတ်ဖြင့် ကတ္တား အနက်၌ တတိယာ ဝိဘတ် - ဧကဝုစ်-**နာသက်**။ ညဉ်ကြောင့်ဟူ၍ အနက် ပေးသောကြောင့် ဟိတ် အနက်ကို အလိုရှိရကား ပရသမညာ ပယောဂေ, သုတ်ဖြင့် ဟိတ် အမည်မှည့်။ ဟေတ္ထတ္ထေစ, ဟူသော သုတ်ဖြင့် ဟိတ်အနက်၌ တတိယာ ဝိဘတ်-ဧကဝုစ်- နာ- သက်။ ဣသရ မှ-တ္တ- ဗျည်းကိုဒွင်း။ အာလပနေ သိ

http://www.dhammadownload.com

ဂဿညော, သုတ်မှ သညာ-ဣဝဏ္ဏု ဝဏ္ဏာ စျလာ, သုတ်မှ ဣဝဏ် လိုက်စေ၍ တေဣတ္ထိချာပေါ, ဟူသော ဤသုတ်ဖြင့် ဣတ္ထိလိင်ကို ဟောသော ဣ-ကို ပ-အမည်မှည့်။ ပတောယာ, ဟူသောသုတ်ဖြင့် ပ-နောင်မှ နှောင်းသော နာ-ဝိဘတ်ကို ယာ ပြု။ တ္တ ဣ-သို့ကပ်။ ရတ္တိယာ, ပြီး၏။ ။(ကာရကကျမ်း၌ ကရိဏ်း, သဟာဒိယောဂ, ကတ္တား, ဟိတ်,ဤသို့ အစရှိသည်ကို ထောက်၍ ဆိုသကဲ့သို့။ သည်,နှင့်,ဖြင့်, ကြောင့်, စ တတိယာ, ဟူသော ပရိဘာသာကို ထောက်၍လည်း အစဉ်ကို ပြုကုန်၏)။ ။ဤကား တတိယာ နာ ဝိဘတ် လေးနက်တည်း။

ရတ္တိယာ,ကို ရတ္တိ,လိင်တည်။ ညဉ်အား,ဟူ၍ အနက်ပေးသောကြောင့် သမ္ပဒါန် အနက်ကို အလိုရှိရကား ယဿ ဒါတုကာမော ရောစတေ ဓာရယတေဝါ တံသမ္ပဒါနံ, ဟူသောသုတ်ဖြင့် သမ္ပဒါန် အမည်မှည့်။ သမ္ပဒါနေ စတုတ္ထီ, ဟူသောသုတ်ဖြင့် သမ္ပဒါန်အနက်၌ စတုတ္ထီ ဝိဘတ် ကေဝုစ်-သ-သက်။ ဣ-သရမှ-တ္တ-ဗျည်းကိုခွင်း။ ဤသုတ်ဖြင့် ဣတ္ထိလိင်ကို ဟောသော ဣ-ကို ပ-အမည်မှည့်။ ပတောယာ,ဟူသော သုတ်ဖြင့် ပ-နောင်မှ နှောင်းသော သ-ဝိဘတ်ကို ယာ-ပြု။ တ္တ-ဣ-သို့ကပ်။ ရတ္တိယာ,ပြီး၏။ ။ဤကား စတုတ္ထီ သ-ဘို့။

ရတ္တိယာ,ကို ရတ္တိ,လိင်တည်။ ညဉ်မှ, ဟူ၍ အနက် ပေးသောကြောင့် အပါဒါန် အနက်ကို အလိုရှိရကား ယသ္မာဒပေတိ ဘယမာ ဒတ္တေဝါ-တဒပါဒါနံ, ဟူသော သုတ်ဖြင့် အပါဒါန် အမည်မှည့်။ အပါဒါနေ ပဉ္စမီ, ဟူသော သုတ်ဖြင့် အပါဒါန် အနက်၌ ပဉ္စမီဝိဘတ် ကေဝုစ် သ္မာ-သက်။ ညဉ်ကြောင့်, ဟူ၍ အနက် ပေးသောကြောင့် ကာရဏ အနက်ကို အလိုရှိရကား ပရသမညာပယောဂေ, သုတ်ဖြင့် ကာရဏမှည့်။ ကာရဏတ္တေစ, ဟူသော သုတ်ဖြင့် ကာရဏ အနက်၌ ပဉ္စမီဝိဘတ် ကေဝုစ်သ္မာ-သက်။ ဣ-သရမှ တ္တ-ဗျည်းကိုခွင်း။ ဤသုတ်ဖြင့် ဣတ္ထိလိင်ကို ဟောသော ဣ-ကို ပ-အမည်မှည့်။ ပတောယာ, သုတ်ဖြင့် ပ-နောင်မှ နှောင်းသော သ္မာ-ဝိဘတ်ကို ယာ-ပြု။တ္တ-ဣ-သို့ကပ်။ ရတ္တိယာ,ပြီး၏။ ။ဤကား ပဉ္စမီ-သ္မာ-ဘို့။ ။

ရတ္တိယာ,ကို ရတ္တိ,လိင်တည်။ ညဉ်၏,ဟူ၍ အနက် ပေးသောကြောင့် သာမိ အနက်ကို အလိုရှိရကား ယဿဝါ ပရိဂ္ဂဟော-တံသာမိ, ဟူသော သုတ်ဖြင့်

http://www.dhammadownload.com

သာမီ အမည်မှည့်။ သာမိသို့ ဆဋ္ဌီ, ဟူသော သုတ်ဖြင့် သာမီအနက်၌ ဆဋ္ဌီဝိဘတ် ကေဝုစ် သ-သက်။ ဣ-သရမှ တ္တ ဗျည်းကိုခွင်း။ ဤသုတ်ဖြင့် ဣ-ကို ပ-အမည်မှည့်။ ပတောယာ, ဟူသောသုတ်ဖြင့် ပ-နောင်မှ နှောင်းသော သ-ဝိဘတ်ကို ယာ-ပြု။ တ္တ-ဣ-ကိုကပ်။ ရတ္တိယာ,ပြီး၏။ ဤကား ဆဋ္ဌီ-သ ဘို့။ ။**ရတ္တိယာ**,ကို ရတ္တိ,လိင်တည်။ ညဉ်၌,ဟူ၍ အနက်ပေးသောကြောင့် ဩကာသ အနက်ကို အလိုရှိရကား ယောဓာရော-တမောကာသံ, သုတ်ဖြင့် ဩကာသ အမည်မှည့်။ ဩကာသေ သတ္တမီ, ဟူသောသုတ်ဖြင့် ဩကာသ အနက်၌ သတ္တမီဝိဘတ် ကေဝုစ်သို့-သက်။ ညဉ်ကြောင့် ဟူ၍ အနက်ပေး သောကြောင့် နိမိတ် အနက်ကို အလိုရှိရကား ပရသမညာ ပယောဂေ, ဟူသော သုတ်ဖြင့် နိမိတ် အမည်မှည့်။ ကမ္မကရဏ နိမိတ္တတ္ထေသု သတ္တမီ, ဟူသော သုတ်ဖြင့် နိမိတ် အနက်၌ သတ္တမီဝိဘတ် ကေဝုစ် သို့-သက်။ ဣ-သရမှ တ္တ-ဗျည်းကိုခွင်း။ ဤသုတ်ဖြင့် ဣ-ကို ပ-အမည်မှည့်။ ပတောယာ, ဟူသော သုတ်ဖြင့် ပ-နောင်မှ နှောင်းသော သို့-ဝိဘတ်ကို ယာ-ပြု။ တ္တ-ဣ-ကပ်။ ရတ္တိယာ, ပြီး၏။ ။ဤကား သတ္တမီဝိဘတ်ဘို့။

ဤရတ္တိယာကား ဣကာရန္တ ဣတ္ထိလိင်တည်း။ ဦးသ၌ကား ဣသိ နာ, ဘိက္ခုနာ,ဟူသော ကို ဥဒါဟရုဏ်ကို ထောက်၍ တရုပ်သာ လုပ်သည်။ ဦးသပင် မလုပ်သော်လည်း ပတောယာ,သုတ်၌ ဥဒါဟ ရုဏ်ကို အစေ့ပြသဖြင့် နာ,အစရှိသော ကေဝုစ် ဝိဘတ် ငါးသွယ်၏ ရုပ်ကို အစေ့ပြုလုပ်သတည်း။

ဣတ္ထိယာ, ကို ဣတ္ထိလိင်တည်။ ဖြင့်,ဟူ၍ အနက် ပေးသောကြောင့် ကရိုဏ်း အမည်မှည့်။ ကရိုဏ်း အနက်၌ တတိယာဝိဘတ် ကေဝုစ် နာ-သက်။ နှင့်,ဟူ၍ အနက်ပေးသောကြောင့် သဟာဒိယောဂေစ, သုတ်ဖြင့် သဟာဒိ ယောဂ အနက်၌ တတိယာ ဝိဘတ် ကေဝုစ် နာ-သက်။ သည်,ဟူ၍ အနက် ပေးသောကြောင့် ယောကရောတိ-သကတ္တာ,သုတ်ဖြင့် ကတ္တား အမည်မှည့်။ ကတ္တရိစ, ဟူသော သုတ်ဖြင့် ကတ္တား အနက်၌ တတိယာ ဝိဘတ် ကေဝုစ် နာ-သက်။ ကြောင့်, ဟူ၍ အနက်ပေးသောကြောင့် ဟေတွတ္ထေစ, သုတ်ဖြင့် ဟိတ်အနက်၌ တတိယာ ဝိဘတ် ကေဝုစ် နာ သက်။ ဤ-သရမှ တ္တ-ဗျည်းကို ခွင်း။တေဣတ္ထိချာပေါ,ဟူသော ဤသုတ်ဖြင့် ဣတ္ထိလိင်ကို ဟောသောဤ

http://www.dhammadownload.com

ပ-အမည်မှည့်။အဃော ရဿမေက ဝစနယော သွပိစ,သုတ်ဖြင့် ကေဝုစ် နာ-ဝိဘတ် နှောင်းသောကြောင့် ဃ မဟုတ်သော ပ-အမည်ရှိသော ဤ-ကို ဣ-ရဿပြု။ ပတောယာ, သုတ်ဖြင့် ပ-နောင်မှ နှောင်းသော နာ-ဝိဘတ်ကို ယာ-ပြု။ တ္ထ-ဣ-သို့ကပ်။ ဣတ္ထိယာ,ပြီး၏။ [ကြွင်းသော ရုပ်တို့ကိုလည်း အနက်အားလျော်စွာ ဝိဘတ်သက်၍ ဤနည်းအတိုင်း လုပ်အပ်၏]။

ဝဇုယာ,ကို ဝဇု, လိင်တည်။ ဖြင့်, ဟူ၍ အနက် ပေးသောကြောင့် ယေနဝါ ကရီယတေ-တံကရဏံ, ဟူသော သုတ်ဖြင့် ကရိုဏ်း အမည်မှည့်။ ကရဏေတတိယာ, ဟူသော သုတ်ဖြင့် ကရိုဏ်းအနက်၌ တတိယာ ဝိဘတ် ကေဝုစ် နာ သက်။ နှင့်, ဟူ၍ အနက်ပေးသောကြောင့် သဟာဒိယောဂ အနက်၌ တတိယာဝိဘတ် ကေဝုစ် နာ-သက်။ သည်,ဟူ၍ အနက်ပေးသော ကြောင့် ယောကရောတိ-သကတ္တာ သုတ်ဖြင့် ကတ္တားအမည်မှည့်။ ကတ္တရိစ, သုတ်ဖြင့် ကတ္တားအနက်၌ တတိယာဝိဘတ် ကေဝုစ် နာ-သက်။ ကြောင့်, ဟူ၍ အနက်ပေးသောကြောင့် ဟေတွတ္ထေစ, သုတ်ဖြင့် ဟိတ် အနက်၌ တတိယာဝိဘတ် ကေဝုစ် နာ—သက်။ ဦ—သရမှ ဓ-ဗျည်းကိုခွင်း။ အာလ ပနေသိ ဂသညော,သုတ်မှ သညာ၊ ဣဝဏ္ဏုဝဏ္ဏာစျလာ,သုတ်မှ ဥဝဏ်လိုက် စေ၍ ဤသုတ်ဖြင့် ဣတ္ထိလိင်ကို ဟောသော ဦ-ကို-ပ အမည်မှည့်။ အဃော ရဿမေကဝစနယောသွပိစ,ဟူသော သုတ်ဖြင့် ကေဝုစ် နာ—ဝိဘတ်နှောင်း သောကြောင့် ဃ-မဟုတ်သော ပ-အမည်ရှိသော ဦ-ကို ဥ-ရဿပြု။ ပတော ယာ,သုတ်ဖြင့် ပ-နောင်မှ နှောင်းသော နာ-ဝိဘတ်ကို ယာ—ပြု။ ဓ-ဥ—သို့ကပ်။ ဝဇုယာ, ပြီး၏။ [ကြွင်းသောရုပ်တို့ကိုလည်း အနက်အားလျော်စွာ ဝိဘတ်သက်၍ ဤနည်းတူလုပ်အပ်၏]။ ။**ဓေနုယာ**,ကို ဓေနု,လိင် တည်။ တတိယာဝိဘတ် ကေဝုစ် နာ—သက်။ စတုတ္ထီဝိဘတ် ကေဝုစ် သ—သက်။ပဉ္စမီ ဝိဘတ် ကေဝုစ် သ္မာ-သက်။ ဆဋ္ဌီဝိဘတ် ကေဝုစ် သ-သက်။ သတ္တမီဝိဘတ် ကေဝုစ် သ္မိံ-သက်။ ခွင်း။ ဥ-ကို ပ-အမည်မှည့်။ ပတောယာ, ဟူသော သုတ်ဖြင့် ပ-နောင်မှ နှောင်းသော နာ-ဝိဘတ်, သ-ဝိဘတ်,သ္မာ-ဝိဘတ်, သ-ဝိဘတ်, သ္မိံ,ဝိဘတ်ကို ယာ-ပြု။ န-ဥ-သို့ကပ်။ ဓေနုယာ, ပြီး၏။ [ဥကာရန္တ ဖြစ်သောကြောင့် အဃောရဿ,သုတ်ဖြင့် ရဿ မပြုရသည်။ ဤ ဥဒါဟရုဏ်တို့တွင် ရတ္ထိယာကား ဣကာရန္တတည်း။ ဣတ္ထိယာကား ဤကာ

http://www.dhammadownload.com

ရန္တတည်း။ ဓေနုယာကား ဥကာရန္တတည်း။ ဝဓုယာကား ဥကာရန္တတည်း။ ဤ ကာရန္တတို့ကို နှလုံးသွင်း၍ ရဿပြု၍ လည်းကောင်း, မပြုမူ၍ လည်း ကောင်း, ရုပ်ကိုစီရင်အပ်၏]။

ကိ ံဥဒါဟရဏ်၌ **ဣသိနာ**,ကို ဣသိလိင်တည်။ ဖြင့်, ဟူ၍ အနက်ပေး သောကြောင့် ကရိဏ်းမှည့်။ ကရိဏ်းအနက်၌ တတိယာဝိဘတ် ကေဝုစ် နာ-သက်။ နှင့်,ကြောင့် သဟာဒိယောဂအနက်၌ တတိယာဝိဘတ် ကေဝုစ် နာ-သက်။ သည်,ကြောင့် ကတ္တားမှည့်။ ကတ္တား အနက်၌ တတိယာဝိဘတ် ကေဝုစ် နာ သက်။ ကြောင့်,ကြောင့်ဟိတ် အနက်၌ တတိယာဝိဘတ် ကေဝုစ် နာ-သက်။ ဣ-သရမှ သ-ဗျည်းကိုခွင်း။ ဆရာကား- တေဣတ္ထိ ချာပေါ, ဟူသော ဤသုတ်ဖြင့် ဣ-ကို ပ-အမည်မှည့်မြဲ မှည့်စပါလော့။ မမှည့်စရ။ အဘယ့်ကြောင့် မမှည့်စရသနည်း ဟူမူကား။ ဣတ္ထိလိင်မဟုတ်သောကြောင့် မမှည့်စရ။ သ ဣ-သို့ကပ်။ ဣသိနာ,ပြီး၏။

ဘိက္ခုနာ, ကို ဘိက္ခု, လိင်တည်။ ဖြင့်,ကြောင့် ကရိဏ်းမှည့်၊ ကရိဏ်း အနက်၌ တတိယာဝိဘတ် ကေဝုစ် နာ-သက်။ သည်,ကြောင့် ကတ္တားမှည့်။ ကတ္တားအနက်၌ တတိယာ ကေဝုစ် နာ-သက်။ကြောင့်,ကြောင့်ဟိတ်အနက်၌ တတိယာဝိဘတ် ကေဝုစ် နာ-သက်။ ဥ-သရမှ က-ဗျည်းကိုခွင်း။ ဆရာ ကား- တေဣတ္ထိချာပေါ, ဟူသော ဤသုတ်ဖြင့် ဥ-ကို ပ မှည့်မြဲ မှည့်စ ပါလော့။ မမှည့်စရ။ အဘယ့်ကြောင့်။ ဣတ္ထိလိင် မဟုတ်သောကြောင့် မမှည့်စရ။ က-ဥ-သို့ကပ်။ ဘိက္ခုနာ, ပြီး၏။ [ကိ ံဥဒါဟရဏ်နှစ်ခုကား ဘတိယာ နာ-ဝိဘတ်တခုသာတည်း]။

ရတ္တိယာ,ကို ရန္တသဒ္ဒါသည်။ ရန္တ၊ ရန္တသဒ္ဒါသည်။ ရာဂေ၊ တပ်ခြင်း ဟူသောအနက်၌။ ဝတ္တတိ၊ ၏။ ဣတိအတ္ထေ၊ ၌။ ဓာတ်မှည့်။ န္တ-ကိုခွင်း။ဓာတု ဿန္တော,ခေျ။တ္ထေကာလေ၊ထိုကာလ၌။ သတ္တာ၊ သတ္တဝါတို့သည်။ ရန္တန္တိ၊တပ် တတ်ကုန်၏။ ဣတိအတ္ထေ၊ ၌။ ဓာတုလင်္ဂေါ,ကြောင့်၊ မိဒါဒိဟိတ္တိတိယော, သုတ်ဖြင့် ရန္တဓာတ်နောင် တ္တိ-ပစ္စည်းသက်။ ကွစိ ဓာတုဝိဘတ္တိပစ္စယာနံ ဒီဃ ဝိပရိတာဒေသလောပါ ဂမာစ,သုတ်ဖြင့်ရန္တဓာတ်၏အစိတ်ဖြစ်သောန္တ-ကိုချေ၊ တဒ္ဓိတ,သုတ်ဖြင့် ရတ္တိဟူသောကိတ်ပုဒ်ကိုနာမ်ကဲ့သို့ငဲ့။ဇိနဝစနယုတ္တံဟိ,လိင်္ဂ .နိပ္ပဇ္ဇတေ, သုတ်တို့ကို လိုက်စေ၍ တတောစ ဝိဘတ္တိယော, သုတ်ဖြင့် ရတ္တိလိင်

http://www.dhammadownload.com

နောင်နာမ်ဝိဘတ်သက်။ထိုနာမ်ဝိဘတ်၏လည်း သိယော,အံယော,နာဟိ,သနံ သ္မာဟိ, သနံ, သ္မိံ သု,ဟူ၍ ဝိဘတ်ခုနစ်သွယ် အမှတ်မဲ့ လျှဉ်းလုလတ်သည် ရှိသော် သဒ္ဒါ၏ဖြစ်ခြင်း သဒ္ဒါကို သိခြင်းသည်ကား ဟောခြင်းငှာ အလိုရှိသောသူ၏ ဆန္ဒသာလျှင် ပြဓာန်းခြင်းရှိ၏ဟု ပရိဘာသာလာသောကြောင့် ကတ္တားအနက်ကိုအလိုရှိရကား ယောကရောတိ-သကတ္တာ,သုတ်ဖြင့် ကတ္တားအမည်မှည့်။ ကရဏေ တတိယာ,ဟူသောသုတ်မှ တတိယာဟူသော ကာရိယဝိသယီလိုက်စေ၍ ကတ္တာရိစ,ဟူသောသုတ်ဖြင့် ကတ္တားအနက်၌ တတိယာဝိဘတ်သက်။ ထိုတတိယာဝိဘတ်၏လည်း ကေဝုစ်ဗဟုဝုစ်အားဖြင့် အမှတ်မဲ့ လျှဉ်းလုလတ်သည်ရှိသော် သဒ္ဒါ၏ဖြစ်ခြင်း သဒ္ဒါကို ,သိခြင်းသည်ကား ဟောခြင်းငှာ အလိုရှိသောသူ၏ ဆန္ဒသာလျှင် ပြဓာန်းခြင်းရှိ၏ဟု ပရိဘာသာ လာသောကြောင့် ကေဝုစ်ကိုအလိုရှိရကား ကေဝုစ်နာ-သက်။ဣ-သရမှတ္တ-ဗျည်းကိုခွင်း။ တ္တိ-အစိတ် ဣ-ကြွင်းစေ။ အာလပနေသိဂသညော,သုတ်မှ သညာ၊ ဣဝဏ္ဏဥဝဏ္ဏာစျလာသုတ်မှ ဣဝဏ္ဏလိုက်စေ၍ တေ ဣတ္တိ ချာပေါ်, ဟူသောဤသုတ်ဖြင့် ဣတ္တိလိင်ကိုဟောသော ဣ-ကို ပ-အမည်မှည့်။ဃတောနာဒီနံ,သုတ်မှ နာဒီနံဟူသော ကာရိလိုက်စေ၍ ပတောဃာ,သုတ်ဖြင့် ပ-နောင်မှ နောက်ဖြစ်သော နာဝိဘတ်ကို ယာ-ပြု။ တ္တ-ဣ-သို့ကပ်။ ရတ္တိယာ, ပြီး၏။

ဣတ္ထိယာ,ကို ဣသုသဒ္ဒါတည်။ ဣသု၊ သည်။ ဣစ္ဆာကန္တီသု၊ ဣစ္ဆာဟူသောအနက်, နှစ်သက်ခြင်းဟူသော အနက်တို့၌။ ဝတ္တတိ၊ ၏။ ဣတိအတ္ထော၊ ၌။ ဣသုကိုဓာတ်မှည့်။ သ-ကိုခွင်း။ ဓာတုဿန္တော,ချေ။ သယံဝါ၊ မိမိသည်မူလည်း။ ဣစ္ဆတိ၊ အလိုရှိတတ်၏။ အညေဟိဝါ၊ သူတပါးတို့သည်မူလည်း။ ကာမီယတိ၊ အလိုရှိအပ်၏။ ဣတိအတ္ထော၊ ၌။ ဓာတုလင်္ဂေဟိ, ကြောင့် သမာဒီဟိထမာ,သုတ်ဖြင့် ဣသုဓာတ်နောင် ထ-ပစ္စည်းသက်။ ကဲ့စိဓာတုဝိဘတ္တိပစ္စယာနံ ဒီဃ ဝိပရိတာဒေသလောပါဂမာစ, သုတ်ဖြင့် ဣသုဓာတ်၏အစိတ် သ-ကိုချေ။ ပရဒ္ဒေဘာဝေါ ဌာနေ,သုတ်လိုက်စေ၍ ဝဂ္ဂေဃောသာဃောသာနံ တတိယပဌမာ,သုတ်ဖြင့် မိမိသရမှရွှေ့, သူ့သရမှနောက်ဖြစ်သောအဃောသဖြစ်သော ဒန္တဇဒုတိယက္ခရာ ထ-နှင့် အဃောသဖြစ်သော ဒန္တဇပဌမက္ခရာ တ-ကိုဆောင်၍ အသဒိသ ဒ္ဝေဘော်ပြု။ တ-ထ-သို့ကပ်။ ဣတ္ထိယမတော

http://www.dhammadownload.com

အာပစ္စယော,သုတ်မှ ဣတ္ထိယံဟူသော အာဓာရ သတ္တမီလိုက်စေ၍ နဒါဒိ တောဝါ ဤ,သုတ်ဖြင့် ဤ-ပစ္စည်းသက်။ တ္ထ-ကိုခွင်း။ သရလော။ပ။ပကတိ ပြု။ ကပ်။ တဒ္ဓိတ,သုတ်၌ စသဒ္ဒါဖြင့် ဣတ္ထီဟူသော ဣတ္ထိလိင်ကို နာမ်ကဲ့သို့ငဲ့။ [ဇိနဝစနယုတ္တံဟိ,မှ ပ-မှည့်သည်တိုင်အောင် ဆိုမြဲ]။ အဃောရဿမေက ဝစနယောသွပိစ,သုတ်ဖြင့် ဧကဝုစ် နာ ဝိဘတ်နှောင်းသောကြောင့် ဃ-မဟုတ်သော ပ-အမည်ရှိသော ဤ-ကို ဣ-ရဿပြု။ နာ-ဝိဘတ်ကို ယာ-ပြုမြဲ။ ကပ်။ ဣတ္ထိယာ,ပြီး၏။

ဒွေဘာဝေန ပဌမက္ခရမာနေတွာ နေတဗ္ဗံနေတွာ,ဟူသော ဆျာသ ပါဌ်ကြောင့် ဆောင်၍ဆိုသတည်း။ ဒွေဘော်သည် သံယုဂ်ဖြစ်သော ကြောင့် ကပ်ရသတည်း။ ထို့ကြောင့် ဗျဥ္ဇနောစ ဝိသညောဂေါ, သုတ်၏ အဘွင့် သန္ဓိဆျာသ၌ "တထာဟိ ဒုဝိဓော သံယောဂေါ၊ သံယုဇ္ဇတီတိ သံယောဂေါ၊နယေပရံ ယုတ္တေတိ နေတဗ္ဗော,သံယုဇ္ဇတိ ဧတ္ထာတိ ဝါ သံယောဂေါ၊ နယေပရံ ယုတ္တေတိ နေတဗ္ဗက္ခရဿ ပတိဋ္ဌော,တိ"။ တထာ တံဝစနံ၊ ထိုစကားသည်။ ဟိသစ္စံ၊ မှန်၏။ သံယောဂေါ၊ သံယုဂ်သည်။ ဒုဝိဓော၊ နှစ်ပါးအပြားရှိ၏။ ယော ဝဏ္ဏော၊ အကြင်ဝဏ္ဏသည်။ သံယုဇ္ဇတိ၊ ကောင်းစွာ ယှဉ်တတ်၏။ ဣတိတသ္မာ၊ ထိုသို့ ကောင်းစွာယှဉ်တတ်သောသတ္တိကြောင့်။ သော ဝဏ္ဏော၊ သည်။ သံယောဂေါ၊ မည်၏။ နယေပရံ ယုတ္တေတိသုတ္တေန၊ ဖြင့်။ နေတဗ္ဗော၊ ဆောင်အပ်သောဝဏ္ဏကို။ လဗ္ဘတိ၊ ရအပ်၏။ ဝါ၊ ကား။ ဧတ္ထဝဏ္ဏေ၊ ထိုဝဏ္ဏ၌။ သံယုဇ္ဇတိ၊ ယှဉ်တတ်၏။ ဣတိတသ္မာ၊ ထိုသို့ယှဉ်ရာဖြစ်သော သတ္တိကြောင့်။ သောဝဏ္ဏော၊ သည်။ သံယော ဂေါ၊ မည်၏။ နယေပရံယုတ္တေတိ သုတ္တေန၊ ဖြင့်။ နေတဗ္ဗက္ခရဿ၊ ဆောင်အပ်သောအက္ခရာ၏။ ပတိဋ္ဌော၊ တည်ရာဖြစ်သော ဝဏ္ဏဇာတိ ကို။ လဗ္ဘတိ၊ ရအပ်၏။ ဣတိအယံ၊ ဤသည်လျှင်တည်း။ ဤသို့ဆို သတည်း။ ထိုစကား၌ ရှေဝိကပ်ဖြင့် ဆောင်အပ်သော အက္ခရာကို ပြ၏။ နောက်ဝိကပ်ဖြင့်ကား ယှဉ်ရာအက္ခရာကိုပြ၏။ ထိုဒွေဘော်၌ နိမိတ်ကို ခွင်းမှသာနိမိတ်ဖြစ်သည်။ မခွင်းဘဲသော်လည်း နိမိတ်ဖြစ် တော့သည်ဟု အထူးထူးဆိုကုန်၏။ ထိုစကား၌ခွင်းမှ နိမိတ်ဖြစ်၏

http://www.dhammadownload.com

ဟူသောစကားသည် သင့်၏။ အဘယ့်ကြောင့်နည်းဟူမူကား စတ္တာ
ရောမေ, အတိပ္ပဂေါဓေါ, အစရှိသည်၏ ရုပ်ကိုလုပ်ရာ၌၊ နျာသ
ဆရာခွင်း၍ လုပ်သောကြောင့်တည်း။ ။ဣသိနော,ရုပ်၌ ဣသဓာတ်
ကား အကာရန္တ ဓာတ်တည်း။ ဣတ္ထိယာ,၌ ဣသုဓာတ်ကား ဥကာ
ရန္တဓာတ်တည်း။ ဤသို့အထူးမှတ်အပ်၏။

ဝဓုယာ,ကို ဟန, သဒ္ဒါတည်။ ဟန၊ သည်။ ဟိ ံသာဂတီသု၊ ညဉ်းဆဲ
ခြင်းကပ်ခြင်းဟူသော အနက်တို့၌။ ဝတ္တတိ၊ ၏။ ဣတိအတ္ထေ၊၌။ ဟနကိုဓာတ်
အမဲည်မှည့်။ ဓာတုန်ကို မချေလင့်ဦး။ အန္တမသော၊ ခပ်သိမ်းစုံ၏ အဆုံးဖြစ်
သော အပိုင်းအခြားအားဖြင့်။ သုနခံအပါ၊ ခွေးကိုသော်လည်း။ ဥပဂမနသီ
လော၊ ကပ်တတ်သော အလေ့ရှိ၏။ ဣတိအတ္ထေ၊ ၌။ ဓာတုလင်္ဂေါဟိ ပရာ
ပစ္စယာ, ကြောင့် တဿီလာဒိသုဏိတ္တာဝိစ, ပါရာဒိဂမိမှာ ရှု,သုတ်တို့ကိုလိုက်
စေ၍ ဘိက္ခာဒိတောစ, သုတ်ဖြင့် ဟနဓာတ်နောင် ရှု-ပစ္စည်းသက်။ နှ-ကို
ခွင်း။ ရုမှိ ရန္တောရာဒိနော, သုတ်ဖြင့် ရ-အက္ခရာရှိသော ပစ္စည်းနှောင်းသော
ကြောင့် ရ-ကိုချေ။ ဟနဓာတ်၏ အစိတ် အ-ကိုချေ။ (တနည်းကား)။ဟန
ဓာတ်၏ အစိတ် အ-ကိုချေ ရ-ကိုလည်းချေ။ ပစ္စည်းအစိတ် ဥိ-ကြွင်းစေ။
ဟနဿ ဃာတော, မှ ဟနဿ ဟူသော ကာရိလိုက်စေ၍ ဝဓေဝါ သဗ္ဗတ္ထ,
သုတ်ဖြင့် အလုံးစုံသော ဟနဓာတ်ကို ဝဓ,ပြု။ ဓ-ဥိ-သို့ကပ်။ တဒ္ဓိတ, သုတ်
ဖြင့် ဝဓူဟူသော ကိတ်ပုဒ်ကို နာမ်ကဲ့သို့ဲ့၊ ဆိုမြဲ။ ကတ္တားအနက်ကို အလိုရှိ
ရကား ကတ္တားမှည့်။ ကတ္တားအနက်၌ တတိယာ ဝိဘတ်ကေဝုစ် နာ-သက်။
ဓ-ကိုခွင်း။ အာလပနေသိဂသညော, သုတ်မှ သညာ၊ ဣဝဏ္ဏာ ဝဏ္ဏာ-စျလော,
သုတ်မှ ဥဝဏ္ဏလိုက်စေ၍ တေဣတ္ထိချာပေါ,ဟူသော ဤသုတ်ဖြင့် ဣတ္ထိလိင်ကို
ဟောသော ဥိ-ကို ပ-အမည်မှည့်။ အဃောရဃ မေ-ကဝစန ယောသွပိစ,
သုတ်ဖြင့် ကေဝုစ် နာ-ဝိဘတ် နှောင်းသောကြောင့် ဃ-မဟုတ်သော ပ-
အမည်ရှိသော ဥိ-ကို ဥ-ရဿပြု။ နာ-ဝိဘတ်ကို ယာ-ပြုမြဲ။ ကပ်။ပြီး၏။

ဓေနုယာ,ကို ဓေ,သဒ္ဒါတည်။ ဓေ၊သည်။ ပါနေ၊သောက်ခြင်းဟူသော
အနက်၌။ ဝတ္တတိ၊ ၏။ ဣတိအတ္ထေ၊၌။ ဓေ,ကိုဓာတ်အမည်မှည့်။ ဣတော,ဤ
နွားမမှ။ ပိဝတိ၊ သောက်တတ်၏။ ဣတိအတ္ထေဝါ၊ ဤသို့သော အနက်၌
လည်းကောင်း။ သယံ၊မိမိသည်။ ပါယေတိ၊ သောက်စေတတ်၏။ ဣတိအတ္ထေ

http://www.dhammadownload.com

ဝါ၊ ၌လည်းကောင်း။ ဓာတုလိင်္ဂဟို,ကြောင့် ဟနာဒီဟိကာနုတဝေါ,သုတ်ဖြင့် ဓေ-ဓာတ်နောင် နု-ပစ္စည်းသက်။ တဒ္ဓိတ,သုတ်ဖြင့် ဓေနု ဟူသောကိတ်ပုဒ်ကို နာမ်ကဲ့သို့ငဲ့။ ဆိုမြဲ။ ကတ္တားအနက်၌ တတိယာဝိဘာတ် နာ-သက်မြဲ။ နကိုဥင်း။ သညာ,ဣဝဏ်လိုက်စေ၍ ဤသုတ်ဖြင့် ဥ-ကို ပ-အမည်မှည့်။ ယာ-ပြုမြဲ။ကပ်။ဓေနုယာ,ပြီး၏။ ။မူလဥဒါဟရဏ်ပြီး၏။ ။(ကိ ကိုကား ကတ္တားအနက်၌ တတိယာ နာ-သက်၍ ရွှေဆိုတိုင်း စောဒနာ ပရိဟာရ,ပြု၍လုပ်)။

၆၀။ အာယော

အာ၊အာ,ဟူသော အက္ခရာသည်။ ယော၊ ယ,ဟူသော အမည်ရှိသည်။ ဟောတိ၊၏။ ။အာကာရော၊ အာ-ဟူသော အက္ခရာသည်။ ယဒါ၊ အကြင် အခါ၌။ ဣတ္ထိချော၊ ဣတ္ထိလိင်ကိုဟောသည်။ ဟောတိ၊ ၏။ တဒါ၊ ထိုအခါ၌။ ယ-သညော၊ ယ,ဟူသော အမည်ရှိသည်။ ဟောတိ၊ ၏။ သဒ္ဒါယ၊ သဒ္ဒါခြင်းဖြင့်၊ သဒ္ဒါခြင်းနှင့်၊ သဒ္ဒါခြင်းသည်၊ သဒ္ဒါခြင်းကြောင့်၊ သဒ္ဒါခြင်းအား၊ သဒ္ဒါခြင်းမှ၊ သဒ္ဒါခြင်းကြောင့်၊ သဒ္ဒါခြင်း၏၊ သဒ္ဒါခြင်း၌၊ သဒ္ဒါခြင်းကြောင့်။ (ဆယ်နက်ယောဇနာ)။ ကညာယ၊ သတ္တိသို့မီးဖြင့်၊ သတ္တိသို့မီးနှင့်၊သည်၊ ကြောင့်၊အား၊ မှ၊ကြောင့်၊၏၊ ၌၊ကြောင့်။ဝိဏာယ၊စောင်းဖြင့်၊ နှင့်၊သည်၊ ကြောင့်၊ အား၊မှ၊ကြောင့်၊ ၏၊၌၊ ကြောင့်။ ဂင်္ဂါယ၊ ဂင်္ဂါဖြင့်၊ နှင့်၊ သည်၊ ကြောင့်၊ အား၊ မှ၊ကြောင့်၊၏၊ ၌၊ကြောင့်။ ဒိသာယ၊ အရပ်ဖြင့်၊ နှင့်၊ သည်၊ ကြောင့်၊ အား၊မှ၊ ကြောင့်၊ ၏၊၌၊ ကြောင့်။ သဒ္ဒလာယ၊ စရပ်ဖြင့်၊နှင့်၊ သည်၊ ကြောင့်၊ အား၊မှ၊ ကြောင့်၊ ၏၊၌၊ ကြောင့်။ မာလာယ၊ ပန်းဖြင့်။ တုလာယ၊ ချိန်ဖြင့်။ တောလာယ၊ နှိုင်းရှည့်အပ်သော မိန်းမဖြင့်။ "ဒေါလာယ,လည်းရှိ၏။ ယောဉ်ဖြင့်,ဟုဆို"။ ပဘာယ၊ အရောင်ဖြင့်။ သောတာယ၊ အယဉ်ဖြင့်၊ ပညာယ၊ပညာဖြင့်။ ကရုဏာယ၊ ကရုဏာဖြင့်။ နာဝါယ၊လှေဖြင့်။ ကပလာယ၊ခွက်ဖြင့်။(ဆယ်နက်ပင်ယောဇနာ)။ ။အာတိကိမတ္တံ။ဘောအာစရိယ ဣမသ္မိံ သုတ္တေ သမဘိန်ဝိဋ္ဌံ၊အာတိပဒံ၊ အာ,ဟူသောပုဒ်ကို။ ကိမတ္ထံ၊အာစရိယေန ဝုတ္တံ။ဘောသိဿ။ရတ္တိယာ ဣတ္ထိယာ,ဣတိအာဒီသု ဥဒါဟရဏေသု၊ တို့၌။ သတိပိ ဣတ္ထိချေ အာကာရဿ အဘာဝါ။ ဣတ္ထိချေ၊ ဣတ္ထိလိင်ကိုဟောသည်။ သတိပိ၊ လည်း။ အာကာရဿ၊ အာ, ဟူသော အက္ခရာ၏။ အဘာဝါ၊

http://www.dhammadownload.com

ကြောင့်။ ဣမိနာသုတ္တေန၊ ဤ အာဃော,ဟူသော သုတ်ဖြင့်။ ဃသညော၊ ဃ, ဟူသောအမည်ရှိသည်။ နဟောတိ၊မဖြစ်။ ဣတိ ဣမဿအတ္ထဿ၊ဉာပနတ္ထံ၊အာ တိပဒံ၊ အာ,ဟူသောပုဒ်ကို။ မယာအာစရိယေန၊ ဝုတ္တံ၊ ၏။ ရတ္တိယာ၊ညဉ့်ဖြင့်။ ဣတ္ထိယာ၊ မိန်းမဖြင့်။ (ဆယ်နက်) ဣတ္ထိချာတိကိမတ္ထံ၊ ဘောအာစရိယ၊ ဣမ သ္မိံ သုတ္တေ၊ ၌။ အဓိကိစ္စဝသေန၊ လိုက်သည်၏အစွမ်းအားဖြင့်။ သမဘိ နိဝိဋ္ဌံ၊ သော။ ဣတ္ထိချောတိပဒံ၊ ဣတ္ထိချော, ဟူသောပုဒ်ကို။ ကိမတ္ထံအာစရိ ယေန ဝုတ္တံ၊ ဘောသိဿ။ သတ္ထာရာ ဒေသိတော အယံဓမ္မော ဣတိအာဒီသု ဥဒါဟရဏေသု၊ တို့၌။ သတိပိ အာကာရေ ဣတ္ထိချဿ အဘာဝါ။ အာကာ ရေ၊ အာ,ဟူသော အက္ခရာသည်။ သတိပိ၊ လည်း။ ဣတ္ထိချဿ၊ ဣတ္ထိလိင်ကို ဟောသည်၏။ အဘာဝါ၊ ကြောင့်။ ဣမိနာသုတ္တေန၊ ဤအာဃော,ဟူသော သုတ်ဖြင့်။ ဃသညော၊ ဃ,ဟူသောအမည်ရှိသည်။ နဟောတိ၊ မဖြစ်။ ဣတိ ဣမဿ အတ္ထဿ ဉာပနတ္ထံ၊ ဣတ္ထိချောတိပဒံ၊ ဣတ္ထိချော,ဟူသော ပုဒ်ကို။ မယာအာစရိယေန၊ သည်။ ဝုတ္တံ၊ ၏။ သတ္ထာရာ၊ မြတ်စွာဘုရားသည်။ အယံ ဓမ္မော၊ ဤတရားကို။ ဒေသိတော၊ ဟောတော်မူအပ်ပြီ။ ။ဃဣစ္စနေန ကွတ္ထော၊ ဃတောနာဒီနံ။ ဘော အာစရိယ၊ ဃဣစ္စနေန- ဃဣတိအနေန သညာကရဏေန၊ ဃ,ဟူသောအမည်ကို မှည့်သဖြင့်။ ကွတ္ထော၊ကောအတ္ထော၊ အဘယ်အကျိုးရှိသနည်း။(တနည်းကား)။ ကွ-ကတရသ္မိံ သုတ္တေ၊ အတ္ထော ပယောဇနံ။ ဘောသိဿ၊ ဃတောနာဒီနံ, ဣတိအာဒီသု သုတ္တေသု၊ ဃတော နာဒီနံ, ဤသို့အစရှိကုန်သော သုတ်တို့၌။ အတ္ထော ပယောဇနံ၊ ဃ,ဟူ၍ ခေါ်ဝေါ်ရခြင်း အကျိုးသည်။ ဘဝတိ၊ ၏။

ဤသုတ်၌ အာ,ရှိသောကြောင့် ရှေကိံ၌ အဓိကိစ္စဝသေန,ကိုမထည့် ဘဲ ယောဇနာသည်။ ဣတ္ထိချာကား မရှိ။ တေဣတ္ထိချာပေါ, သုတ်မှ လိုက်သည်ကိုရည်၍ အဓိကိစ္စဝသေန,ကိုထည့်၍ ယောဇနာသည်။ ဤနည်းကိုမှီ၍ နောက်သုတ်တို့၌လည်း အတ္ထယောဇနာကို ပြုအပ် ၏။ အဓိကိစ္စဝသေန, အဓိကာရဝသေန, အနုဝတ္တမာန ဝသေန, ဟူသော သဒ္ဒါသုံးပါးတို့ဘွင် ကြိုက်ရာကိုဆို။ ။ဤသုတ်ကား **သညာ**သုတ်တည်း။ ရုဋ္ဌီသညာတည်း။ ဤသုတ်၏ အဂ်ါကား ဣတ္ထိလိင်လည်းဖြစ်စေ, အာ-လည်းဖြစ်စေ, ဤသို့လျှင် နှစ်ပါး

http://www.dhammadownload.com

တည်း။ ဤသို့ အင်နှစ်ပါးညီသည်ရှိသော် အာ-ကို ဃ-မှည့်စရာ၏။ သဒ္ဓါယ,စသည်၌ကား အင်နှစ်ပါးညီသောကြောင့် အာ-ကို ဃ-မှည့်သည်။ ရတ္တိယာ,အစရှိသည်ကား ဤတွင်လိုင်ကား ဟုတ်၏။ အာ, မဟုတ်။ အင်တပါးချို့သည်။ ထို့ကြောင့် သတိပိ ဤတွင်ခြေအာကာရဿ အဘာဝါ,ဟူ၍ သတိပိ အစ္ဆဲန္ဒင့်အလွန်ကို ဆိုသတည်း။ သတ္ထာရော, အစရှိသည်တို့၌ကား အာ,ကားဟုတ်၏။ ဤတွင်လိုင်မဟုတ်။ အင်တပါးချို့သည်။ ထို့ကြောင့် သတိပိ အာကာရေ ဤတွင်ခြေအာဘာဝါ,ဟူ၍ သတိပိအစ္ဆဲန္ဒင့် အလွန်ကို ဆိုသတည်း။

သဒ္ဓါယ,ကို သဒ္ဒ,လိင်တည်။ အာ-ပစ္စည်းသက်။ ဒ္ဓ-ကိုခွင်း။ သရလော ။ပ။ ပကတိပြု။ ဒ္ဓ-အာ-သို့ကပ်။ စသဒ္ဒါဖြင့် သဒ္ဓါဟူသော ဤတွင်လိုင်ကို နာမ်ကဲ့သို့ငဲ့။ ဖြင့်, ကြောင့် ကရိဏ်းမှည့်။ ကရိဏ်းအနက်၌ တတိယာဝိဘတ် ကေဝုစ် နာ-သက်။ နှင့်, ကြောင့် သဟာဒိယောဂအနက်၌ တတိယာဝိဘတ် ကေဝုစ် နာ-သက်။ သည်, ကြောင့် ကတ္တားမှည့်။ ကတ္တားအနက်၌ တတိယာဝိဘတ် ကေဝုစ် နာ-သက်။ ကြောင့်, ကြောင့် ဟိတ်အနက်၌ တတိယာဝိဘတ် ကေဝုစ် နာ-သက်။ အာ-သရမှ ဒ္ဓ-ဗျည်းကိုခွင်း။ အာလပနေသိဂသညော,သုတ်မှ သညာ၊ တေဤတွင်ခြာပေါ,သုတ်မှ ဤတွင်ခြာသဒ္ဒါလိုက်စေ၍ အာဃော,ဟူသောဤသုတ်ဖြင့် ဤတွင်လိုင်ကိုဟောသော အာ-ကို ဃ-အမည်မှည့်။ ဃတောနာဒီနံ, ဟူသောသုတ်ဖြင့် ဃ-နောင်မှ နှောင်းသော နာ-ဝိဘတ်ကို အာယပြု။ သရလော။ပ။ ပကတိ,သုတ်ဖြင့် အာယအာဒေသ နှောင်းသောကြောင့် ရွှေသရ ဒ္ဓါ-၏အစိတ်ဖြစ်သော အာ-ကိုခြေ။ နောက် အာယ-ကိုလည်း အာယ ပကတိပြု။ ဒ္ဓ-အာ-သို့ကပ်။ သဒ္ဓါယ,ပြီး၏။ ။ ဤကား တတိယာ နာ-ဝိဘတ်ဘို့။

သဒ္ဓါယ,ကို သဒ္ဒ,လိင်တည်။အာ-ပစ္စည်းသက်။ ဒ္ဓ-ကိုခွင်း။ သရလော ။ပ။ ပကတိပြု။ ဒ္ဓ-အာ-သို့ကပ်။ စသဒ္ဒါဖြင့် သဒ္ဓါဟူသော ဤတွင်လိုင်ကို နာမ်ကဲ့သို့ငဲ့။ အား, ကြောင့် သမ္ပဒါန် အမည်မှည့်။ သမ္ပဒါန်အနက်၌ စတုတ္ထီဝိဘတ် ကေဝုစ်-သ-သက်။ အာ-သရမှ-ဒ္ဓ-ဗျည်းကိုခွင်း။ အာဃော, ဟူသော ဤသုတ်ဖြင့် ဤတွင်လိုင်ကို ဟောသော-အာ-ကို-ဃ-အမည်မှည့်။ ဃတောနာဒီနံ, ဟူသော သုတ်ဖြင့်-ဃ-နောင်မှ နှောင်းသော-သ-ဝိဘတ်

http://www.dhammadownload.com

ကို အာယပြု။ သရလော။ ပ။ ပကတိပြု။ ဒွ-အာ-သို့ကပ်။ သဒ္ဓါယ,ပြီး၏။ ။ ဤကား စတုတ္ထိ-သ-ဘို့။

သဒ္ဓါယ,ကို သဒ္ဓ,လိင်တည်။ အာ-ပစ္စည်းသက်။ ဒွ-ကိုခွင်း။သရလော။ ပ။ ပကတိပြု။ ဒွ-အာ-သို့ကပ်။ စသဒ္ဒါဖြင့် သဒ္ဓါဟူသော ဣတ္ထိလိင်ကို နာမ်ကဲ့သို့ငဲ့။ မှ,ကြောင့် အပါဒါန်မှည့်။ အပါဒါန်အနက်၌ ပဉ္စမီ ဝိဘတ် ကေဝုစ် သွာ-သက်။ အာ-သရမှ-ဒွ-ဗျည်းကိုခွင်း။ အာဃော, ဟူသော ဤသုတ်ဖြင့် ဣတ္ထိလိင်ကို ဟောသော-အာ-ကို-ဃ-အမည်မှည့်။ ဃတောနာဒီနံ,သုတ်ဖြင့် ဃ နောင်မှ နှောင်းသော သွာ-ဝိဘတ်ကို အာယပြု။ သရလော။ ပ။ပကတိပြု။ ဒွ-အာ-သို့ကပ်။ သဒ္ဓါယ,ပြီး၏။ ။ကြောင့်, ကြောင့် ကာရဏတ္ထေစ, သုတ်ဖြင့် ကာရဏ အနက်၌ ပဉ္စမီဝိဘတ် ကေဝုစ် သွာ-သက်။ လုပ်မြဲလုပ်။ ဤကား ပဉ္စမီ-သွာ-ဘို့။

သဒ္ဓါယ, ကို သဒ္ဓ,လိင်တည်။ အာ-ပစ္စည်းသက်။ ဒွ-ကိုခွင်း။ သရလော။ ပ။ ပကတိပြု။ ဒွ အာ-သို့ကပ်။ စသဒ္ဒါဖြင့် သဒ္ဓါ ဟူသော ဣတ္ထိလိင်ကို နာမ်ကဲ့သို့ငဲ့။ ၏,ကြောင့် သာမီမှည့်။သာမီ အနက်၌ ဆဋ္ဌီဝိဘတ် ကေဝုစ်-သ-သက်။ အာ-သရမှ-ဒွ-ဗျည်းကိုခွင်း။ အာဃော, ဟူသော ဤသုတ်ဖြင့် ဣတ္ထိလိင်ကို ဟောသော-အာ-ကို-ဃ-အမည်မှည့်။ ဃတောနာဒီနံ, သုတ်ဖြင့်-ဃ-နောင်မှ နှောင်းသော-သ-ဝိဘတ်ကို အာယပြု။ သရလော။ ပ။ ပကတိပြု။ ဒွ-အာ-သို့ကပ်။ သဒ္ဓါယ,ပြီး၏။ ။ဤကား ဆဋ္ဌီ-သ-ဘို့။

သဒ္ဓါယ, ကို သဒ္ဓ, လိင်တည်။ အာ-ပစ္စည်းသက်။ ဒွ-ကိုခွင်း။ သရလော။ ပ။ ပကတိပြု။ ဒွ-အာ-သို့ကပ်။ စသဒ္ဒါဖြင့် သဒ္ဓါ ဟူသော ဣတ္ထိလိင်ကို နာမ်ကဲ့သို့ငဲ့။ ၌, ကြောင့် ဩကာသမှည့်။ ဩကာသအနက်၌ သတ္တမီ ဝိဘတ် ကေဝုစ်-သ္မိ-သက်။ ကြောင့်, ကြောင့် ကမ္မကရဏ နိမိတ္တတ္ထေသု သတ္တမီ,သုတ်ဖြင့် နိမိတ်အနက်၌ သတ္တမီဝိဘတ် ကေဝုစ်-သ္မိ-သက်။ အာသ ရမှ-ဒွ-ဗျည်းကိုခွင်း။ အာဃော, ဟူသော ဤသုတ်ဖြင့် ဣတ္ထိလိင်ကို ဟောသော-အာ-ကို ဃ-အမည်မှည့်။ ဃတောနာဒီနံ,ဟူသော သုတ်ဖြင့်-ဃ-နောင်မှ နှောင်းသော-သ္မိ-ဝိဘတ်ကို အာယပြု။ သရလော။ ပ။ ပကတိပြု။ ဒွ-အာ-သို့ကပ်။ သဒ္ဓါယ,ပြီး၏။ ။ဤကား သတ္တမီဝိဘတ်ဘို့။

http://www.dhammadownload.com

ကညာယ, ကို ကည,လိင်တည်။ အာပစ္စည်းသက်။ **ဝိဏာယ**,ကိုဝိဏ, လိင်တည်။ အာ-ပစ္စည်းသက်။ **ဂင်္ဂါယ**,ကို ဂင်္, လိင်တည်။ အာ-ပစ္စည်း သက်။ **ဒိသာယ**,ကို ဒိသ,လိင်တည်။ အာ-ပစ္စည်းသက်။ **သာလာယ**,ကို သာလ, လိင်တည်။ အာ-ပစ္စည်းသက်။ **မာလာယ**,ကို မာလတည်။အာ-ပစ္စည်းသက်။ **တုလာယ**,ကို တုလ,တည်။ အာ-ပစ္စည်းသက်။ **ဒေါလာယ**,ကို ဒေါလ,တည်။ အာ-ပစ္စည်းသက်။ **ပဘာယ**,ကို ပဘ,တည်။ အာ-ပစ္စည်းသက်။ **သောတာယ**,ကို သောတလိင်တည်။ အာ-ပစ္စည်းသက်။ **ပညာယ**,ကို ပည,လိင်တည်။ အာ-ပစ္စည်းသက်။ **ကရဏာယ**,ကို ကရဏ, လိင်တည်။ အာ-ပစ္စည်းသက်။ **နာဝါယ**,ကို နာဝ,လိင်တည်။ အာ-ပစ္စည်း သက်။ **ကပလာယ**,ကို ကပလ,လိင်တည်။ အာ-ပစ္စည်းသက်။(သဒ္ဒါယနှင့် အတူ အနက် အားလျော်စွာ ဝိဘတ် ငါးလုံးသက်၍ ရုပ်ကို စီရင်အပ်၏။ သဒ္ဒါယ အစရှိသော ဥဒါဟရဏ်တို့ကား ဣတ္ထိလိင် အာကာရန္တ ချည်း တည်း)။ ။ကိ ဥဒါဟရဏ်၌ **ရတ္တိယာ**,ကို ရတ္တိလိင်တည်။ ဖြင့်, ကြောင့် ကရိဏ်းမှည့်။ ကရိဏ်းအနက်၌ တတိယာ ဝိဘတ် ကေဝုစ် နာ-သက်။ ဣ-သရ မှ တ္ထ-ဗျည်းကိုခွင်း။ ဆရာကား အာဃော, ဟူသော ဤသုတ်ဖြင့် ဣတ္ထိ လိင်ကို ဟောသော အက္ခရာကို ဃ,မှည့်မြဲ မှည့်စပါလော့။ မမှည့်စရ။ အဘယ့်ကြောင့် မမှည့် စရသနည်း ဟူမူကား-အာ-မဟုတ်သောကြောင့် မမှည့်စရ။ တေဣတ္ထိချာပေါ်,ဟူသော သုတ်ဖြင့် ဣတ္ထိလိင်ကို ဟောသော ဣ-ကိုပ-အ့မည်မှည့်။ပတောဃာ,သုတ်ဖြင့် ပ-နောင်မှ နှောင်းသော နာ-ဝိဘတ် ကို ယာ-ပြု။ တ္တ-ဣသို့ကပ်။ ရတ္တိယာ,ပြီး၏။ (ကြွင်းသော ရုပ်တို့ကိုလည်း အနက်အား လျော်စွာ ဝိဘတ်သက်၍ ရွေနည်းအတိုင်း လုပ်အပ်၏)။ ။ **ဣတ္ထိယာ**,ကား ချာသဒ္ဒ် မရှိ။ ရုပ်လုပ်လိုသော်ကား ဣတ္ထိ,လိင်တည်။ ဖြင့်, ကြောင့် ကရိဏ်းမှည့်။ ကရိဏ်း အနက်၌ တတိယာ ဝိဘတ် ကေဝုစ် နာသက်။ နှင့်,ကြောင့် သဟာဒိယောဂ အနက်၌ တတိယာ ဝိဘတ် ကေဝုစ် နာ-သက်။ သည့်,ကြောင့် ကတ္တားမှည့်။ ကတ္တားအနက်၌ တတိယာ ဝိဘတ် ကေဝုစ်-နာ သက်။ ကြောင့်, ကြောင့် ဟိတ်အနက်၌ တတိယာ ဝိဘတ် ကေဝုစ် နာ-သက်။ ဤ-သရမှ တ္ထ-ဗျည်းကိုခွင်း။, ဆရာကား- အာဃော,ဟူသော ဤသုတ်ဖြင့် ဣတ္ထိလိင်ကို ဟောသော အက္ခရာကို ဃ-မှည့်မြဲ မှည့်စပါလော။ မမှည့်စရ။

http://www.dhammadownload.com

အဘယ့်ကြောင့် မမှည့်စရသနည်း ဟူမူကား အာ-မဟုတ်သောကြောင့် မမှည့်စရ။ တေ ဣတ္ထိချာပေါ,ဟူသောသုတ်ဖြင့် ဣတ္ထိလိင်ကို ဟောသော ဤ-ကို ပ-အမည်မှည့်။ အဃောရဿ မေက ဝစန ယောသွပိစ, သုတ်ဖြင့် ဧကဝုစ် နာ-ဝိဘတ် နှောင်းသောကြောင့် ဃ-မဟုတ်သော ပ-အမည်ရှိသော ဤ-ကို ဣ-ရဿပြု။ ပတောယာ,သုတ်ဖြင့် ပ-နောင်မှ နှောင်းသော နာ-ဝိဘတ်ကို ယာ-ပြု။ တ္ထ-ဣ သို့ကပ်။ ဣတ္ထိယာ,ပြီး၏။ [ကြွင်းသောရုပ်တို့ကိုလည်း အနက်အားလျော်စွာ ဝိဘတ်သက်၍ ရှေနည်းအတိုင်း လုပ်အပ်၏]။

သတ္ထာရာ,ကို သတ္ထုလိင်တည်။ သည်,ကြောင့် ကတ္တားမှည့်။ ကတ္တား အနက်၌ တတိယာဝိဘတ် ဧကဝုစ် နာ-သက်။ ဥ-သရမှ တ္ထ-ဗျည်းကိုခွင်း။ အညေသွာ ရတ္တံ,သုတ်ဖြင့် နာ-ဝိဘတ် နှောင်းသောကြောင့် သတ္ထုသဒ္ဒါ၏ အစိတ် ဥ-ကို အာရပြု။ အာဃော, ဟူသော ဤသုတ်ဖြင့် အာ-ကို ဃ-အမည်မှည့်မြဲ။ မှည့်စပါလော။ မမှည့်စရ။ အဘယ့်ကြောင့် မမှည့်စရသနည်း ဟူမူကား ဣတ္ထိလိင် မဟုတ်သောကြောင့် မမှည့်စရ။ နာအာ, ဟူသော သုတ်ဖြင့် အာရ-အပြု, နောင်မှ နှောင်းသော နာ-ဝိဘတ်ကို အာ-ပြု။ တ္ထ-အာ-သို့ကပ်။ ရ-ကိုခွင်း။ သရလော။ပ။ ပကတိပြု။ ရ-အာ-သို့ကပ်။ သတ္ထာရာ,ပြီး၏။ ။သုတ်လိုက်နှင့်အတူ တရုပ်သာ လုပ်သော်ကား မူလကို **သဒ္ဓ,ကည, ဝီဏ,ဂဂ်**,ဤသို့ အစရှိသည်တည်။ အာ-ပစ္စည်းသက်။ ခွင်း။ သရလော။ပ။ပကတိပြု။ ကပ်။ စသဒ္ဒါဖြင့် နာမ်ကဲ့သို့ငဲ့။ကတ္တားမှည့်။တတိယာ နာ သက်။ ခွင်း။ အာလပနေသိ ဂသညော, သုတ်မှသညာ၊ တေဣတ္ထိချာပေါ သုတ်မှ ဣတ္ထိချာ သဒ္ဒါကို လိုက်စေ၍ အာဃော, ဟူသော ဤသုတ်ဖြင့် ဣတ္ထိလိင်ကို ဟောသော အာ-ကို ဃ-မှည့်။ အာယစတုတ္ထေ ကဝစနဿတု, သုတ်မှ အာယ ဟူသော ကာရီယလိုက်စေ၍ ဃတောနာဒီနံ,ဟူသော သုတ်ဖြင့် ဃ-နောင်မှ နှောင်းသော နာ-ဝိဘတ်ကို အာယပြု။ သရလော။ပ။ ပကတိပြု။ ကပ်။ ပြီး၏။ ။**ရတ္တိယာ**,ကား ကတ္တား အနက်၌ တတိယာ နာ-ဝိဘတ် သက်၍ ရှေအတိုင်း စောဒနာ၍ လုပ်။ ။**သတ္ထာရာ**,ကို သာသ, သဒ္ဒါတည်။ သာသ၊သည်။ အနုသိဋ္ဌိမှိ၊ ဆုံးမခြင်းအနက်၌။ ဝတ္တတိ၊ ၏။ ဣတိအတ္ထေ၊ ၌။ သာသကိုဓာတ်မှည့်။ ဓာတွန်ကို မချေလင့်ဦး။ သဒေ

http://www.dhammadownload.com

ဝကေ၊ နတ်နှင့်တကွ ဖြစ်ကုန်သော။ လောကေ၊ သတ္တလောကတို့ကို။ သာသတိ၊ ဆုံးမတော်မူတတ်၏။ ဣတိ အတ္ထော၊ ၌။ ဓာတုလိင်္ဂေါ်ဟိ, ကြောင့် သာသာဒီဟိ ရတ္ထာ့သုတ်ဖြင့် သာသဓာတ်နောင် ရတ္ထာပစ္စည်းသက်။ အာ-သရမှ သ-ဗျည်းကို ခွင်း။ ရမှိရန္တော ရာဒိနော, သုတ်ဖြင့် ရ-အက္ခရာရှိသော ပစ္စည်း နှောင်းသောကြောင့် ဓာတုန်ဖြစ်သောအာ-ကိုချေ။ သ-ကိုချေ။ရ ကို လည်းချေ။သ-အ-သို့ကပ်။ (တနည်းကား) ရ-ကိုချေ။ သ-ကိုချေ။အာ-ကို ချေ။သ-အသို့ကပ်။ တဒ္ဓိတ, သုတ်ဖြင့် သတ္ထာ့ဟူသောကိတ်ပုဒ်ကို နာမ်ကဲ့သို့ငဲ့။ ကတ္တားမှည့်။ တတိယာ နာ-သက်။ တ္ထ-ကိုခွင်း။ သတ္ထုပိတာဒီနမာသိသို့ သိလောပေါစ, သုတ်လိုက်စေ၍ အညေသ္ဝာရတ္တံ, သုတ်ဖြင့် နာ-ဝိဘတ်နှောင်း သောကြောင့် သတ္ထုသဒ္ဒါ၏ အစိတ်ဖြစ်သော ဥ-ကို အာရပြု။ ဆရာကား အာဃော, ဟူသော ဤသုတ်ဖြင့် အာ-အက္ခရာကို ဃ-အမည်မှည့်မြဲ မှည့်စ ပါလေ့။ ဣတ္ထိလိင်ကို ဟောသော အာ-အက္ခရာ မဟုတ်သောကြောင့် မမှည့်စရ။ အညေသ္ဝာရတ္တံ, တတောသ္မိမိ၊ သုတ်တို့ကို လိုက်စေ၍ နာအာ, ဟူသော သုတ်ဖြင့် အာရ အပြုနောင်မှ နှောင်းသော နာ ဝိဘတ်ကို အာ-ပြု။ တ္ထ-အာသို့ကပ်။ ရကိုခွင်း။ သရလော။ပ။ ပကတိပြု။ ရ-အာသို့ကပ်။ ပြီး၏။

၆၁။ သာ-ဂမော သေ

သေ၊ ဝိဘတ်ဖြစ်သော သ, ကြောင့်။ သာဂမော၊ သ, ဟူသော အက္ခရာ လာသည်။ ဟောတိ၊ ၏။ ။ဝိဘတ္တိမ္ပိ၊ သော။ သေ၊ ကြောင့်။ သကာရာ ဂမော၊ သ, ဟူသော အက္ခရာလာသည်။ ဟောတိ၊ ၏။ ပုရိသဿ၊ ယောကျ်ား အား၊ ယောကျ်း၏။ အဂ်ိဿ၊ မီးအား၊ မီး၏။ ဘိက္ခုဿ၊ ရဟန်းအား၊ ရဟန်း၏။ သယံဘုဿ၊ ဘုရားအား၊ ဘုရား၏။ ဝါ၊ ကား။ သယံဘုဿ၊ အရူပပြဟ္မာအား၊ အရူပပြဟ္မာ၏။ အဘိဘုဿ၊ အသညသတ် ပြဟ္မာအား၊ ပြဟ္မာ၏။ ဒဏ္ဍိဿ၊ တောင်ဝှေး ရှိသော သူအား၊ သူ၏။ ။(တနည်း ကား) ဒဏ္ဍိဿ၊ အာဏာရှိသောသူအား၊ သူ၏။ ဣသိဿ၊ ရသေ့အား။ ရသေ့၏။ သေတိကိမတ္ထံ၊ ဘောအာစရိယ၊ ဣမသ္မိံ သုတ္တေ၊ သမဘိနိဝိဋ္ဌံ၊ သေတိပဒံ၊ သေဟူသောပုဒ်ကို၊ ကိမတ္ထံ၊ အာစရိယေန၊ ဝုတ္တံ၊ ဘောသိဿ၊ ပုရိသသ္မိံ, ဣတိအာဒီသု ဥဒါဟရဏေသု၊တို့၌။ သတိပိဝိဘတ္တိမ္ပိ သဝိဘတ္တိယာ

http://www.dhammadownload.com

အဘာဝါ။ ဝိဘတ္တိမှိ၊ သည်။ သတိပိ၊ လည်း။ သဝိဘတ္တိယာ၊ သ, ဝိဘတ်၏။ အဘာဝါ၊ ကြောင့်။ ဤမိနာ သုတ္တေန၊ ဤ-သာဂမော သေ-ဟူသော သုတ်ဖြင့်။ သကာရာဂမော, သ,ဟူသော အက္ခရာလာသည်။ နဟောတိ။လ။ ပုရိသသ္မိ၊ ယောကျိုးဌ်။

ဤသုတ်သည်ကား **၀၀** သုတ်မည်၏၊ ဝိဓိ ရှစ်ပါးတွင် အာဂမ ဝိဓိမည်၏။ ဤသုတ်၏ အဂ်ါကား ဝိဘတ်လည်းဖြစ်စေ, စတုတ္ထီ ဆဋ္ဌီ-လည်းဖြစ်စေ,ဤသို့အင်္ဂနှစ်ပါးညီသည်ရှိသော် သ,အက္ခရာလာရ၏။ ပုရိသဿ,အစရှိသည်ဌ်ကား အင်္ဂနှစ်ပါးညီသောကြောင့် သ,အက္ခရာလာရသည်။ ပုရိသသ္မိ, အစရှိသည်ကား ဝိဘတ်ကား ဟုတ်၏။ သ, မဟုတ်။ အင်တပါးချို့သည်။ ထို့ကြောင့် သတိပိဝိဘတ္တိမှိ သဝိဘတ္တိယာ အဘာဝါ,ဟူ၍ သတိပိ အစွဲနှင့် အလွန်ကို ဆိုသတည်း။

ပုရိသဿ,ကို ပုရိသ,လိင်တည်။သမ္ပဒါန်အနက်ကိုအလိုရှိရကား သမ္ပဒါန်မှည့်။(တနည်းကား)၊ အား,ကြောင့် သမ္ပဒါန် အမည်မှည့်။သမ္ပဒါန်အနက်ဌ် စတုတ္ထီဝိဘတ် ဧကဝုစ် သ-သက်။ သာဂမောသေ, ဟူသောဤသုတ်ဖြင့် သ-ဝိဘတ် နှောင်းသောကြောင့် သ-အက္ခရာလာ။ နယေပရံယုတ္တေ, ဖြင့် သ-သ-သို့ကပ်။ ပုရိသဿ,ပြီး၏။' **ပုရိသဿ**,ကို ပုရိသ,လိင်တည်။ သာမီအနက်ကို အလိုရှိရကား သာမီအမည်မှည့်။ (တနည်းကား)၏,ကြောင့် သာမီမှည့်။ သာမီအနက်ဌ် ဆဋ္ဌီဝိဘတ် ဧကဝုစ် သ-သက်။ သာဂမောသေ,ဟူသော ဤသုတ်ဖြင့် ဝိဘတ်ဖြစ်သော သ-နှောင်းသောကြောင့် သ-အက္ခရာလာ။ သ-သ-သို့ကပ်။ ပုရိသဿ,ပြီး၏။ **အဂ္ဂိဿ**,ကို အဂ္ဂိ,လိင်တည်။ **ဘိက္ခုဿ**,ကို ဘိက္ခု,လိင်တည်။ လုပ်မြဲ။ ။**သယံဘုဿ**,ကို သယံဘူ, လိင်တည်။ အား,ကြောင့် သမ္ပဒါန်မှည့်။သမ္ပဒါန်အနက်ဌ် စတုတ္ထီဝိဘတ် ဧကဝုစ် သ-သက်။၏,ကြောင့် သာမီမှည့်။ သာမီအနက်ဌ် ဆဋ္ဌီဝိဘတ် ဧကဝုစ် သ-သက်။ ဦ-သရမှ ဘ-ဗျည်းကိုခွင်း။ ဤဝဏ္ဏုဝဏ္ဏာစျလာ, ဟူသော သုတ်ဖြင့် ဦ-ကို လ-အမည်မှည့်။ အဃော ရဿ မေက ဝစနယောသ္မိဝစ, သုတ်ဖြင့် ဧကဝုစ်-သဝိဘတ် နှောင်းသောကြောင့် ဃ-မဟုတ်သော လ-အမည်ရှိသော ဦ-ကို ဥ-ရဿပြု။ ဘ-ဥ-သို့ကပ်။ ဤသုတ်ဖြင့် သ-ဝိဘတ် နှောင်းသောကြောင့် သ-အက္ခရာလာ။သ-သ-သို့ကပ်။သယံဘုဿ,ပြီး၏။**အဘိဘုဿ**,ကို အဘိဘူ,လိင်တည်။

http://www.dhammadownload.com

သယံဘုဿနှင့် အတူလုပ်။ **ဒဏ္ဍိဿ**,ကို ဒဏ္ဍီ,လိင်တည်။ ဤ-ကို စျ-မှည့်။ အဓေါရဿ,ဖြင့်ရဿပြု၍ လုပ်မြဲလုပ်။**ဇ္ဈသိဿ**,ကို ဇ္ဈသီ,လိင်တည်။အဂ်ိဿနှင့်အတူလုပ်။ ။(ဤဥဒါဟရဏ်တို့တွင် ပုရိသဿကား အကာရန္တ။ အဂ်ိဿ, ဇ္ဈသိဿကား ဇ္ဈကာရန္တ။ဒဏ္ဍိဿကား ဤကာရန္တ။ သယံဘုဿ,အဘိဘုဿ, ကား ဥကာရန္တပုလ္လိင်တည်း။ ဤသို့ပကတိပြု၍ ရဿပြု၍ငင်း, ရဿမပြုဘဲ ငင်း, ရှပ်ကိုစီရင်အပ်၏)။ ။ကိ ဥဒါဟရဏ်၌ **ပုရိသဿိ**,ကို ပုရိသ, လိင်တည်။ ၌,ကြောင့် ဩကာသ အနက်၌ သတ္တမီဝိဘတ် ကေဝုစ် သ္မိ-သက်။ ကြောင့်,ကြောင့် နိမိတ်အနက်၌ သတ္တမီဝိဘတ် ကေဝုစ် သ္မိ-သက်။ဆရာကား သာဂမောသေ, ဟူသော ဤသုတ်ဖြင့် ဝိဘတ်နှောင်းသောကြောင့် သ-လာမြဲလာစပါလော့။ မလာစရ။ အဘယ့်ကြောင့် မလာစရသနည်း ဟူမူကား-သ-မဟုတ်သောကြောင့် မလာစရ။ ပုရိသသ္မိ်ပြီး၏။

၆၂။ သံသာသ္မေ-က ဝစနေသုစ

ကေဝစနေသု၊ ကေဝုစ် ဖြစ်ကုန်သော။ သံသာသု၊ သံ,သာ, တို့ကြောင့်။ သာဂမောစ၊ သ,ဟူသော အက္ခရာလာသည်လည်း။ ဟောတိ၊ ၏။ ။ကေဝစနေသု၊ ကေဝုစ်ဖြစ်ကုန်သော။ ဝိဘတ္တာဒေသေသု၊ ဝိဘတ် အပြုဖြစ်ကုန်သော။ သံသာသု၊သံသာ, တို့ကြောင့်။သကာရာဂမော၊သ,ဟူသော အက္ခရာလာသည်။ ဟောတိ၊ ၏။ တေသံ၊ထိုမိန်းမ၌။တေဿ၊ထိုမိန်းမအား၊ထိုမိန်းမ၏။ဤမိဿံ၊ ဤမိန်းမ၌။ ဤမိဿာ၊ဤမိန်းမအား၊ဤမိန်းမ၏။ တိဿံ၊ထိုမိန်းမ၌။ တိဿာ၊ ထိုမိန်းမအား၊ထိုမိန်းမ၏။ တဿံ၊ထိုမိန်းမ၌။ တဿာ၊ထိုမိန်းမအား၊ထိုမိန်းမ၏။ယဿံ၊ အကြင် မိန်းမ၌။ ယဿာ၊အကြင်မိန်းမအား၊ အကြင်မိန်းမ၏။ အမုဿံ၊ ဤအမည်ရှိသောမိန်းမ၌။ အမုဿာ၊ ဤအမည်ရှိသောမိန်းမအား။ မိန်မ၏။ ။သံသာသ္မီတိ ကိမတ္ထံ။ ဘောအာစရိယ၊ ဤမသ္မိ်သုတ္တော၊ သမဘိနိဝိဋ္ဌံ၊ သံသာသ္မီတိပဒံ။ သံသာသု,ဟူသောပုဒ်ကို။ ကိမတ္ထံ၊ အာစရိယေန၊ ဝုတ္တံ။ ဘောသိဿ၊ အဂ်ိနာ, ပါဏိနာ, ဤတိအာဒီသု ဥဒါဟရဏေသု၊ တို့၌။ သတိပိ ကေဝစနေ သံသာနံ အဘာဝါ။ ကေဝစနေ၊ ကေဝုစ် ဝိဘတ်သည်။ သတိပိ၊ လည်း။ သံသာနံ၊ သံအပြု,သာအပြုတို့၏။ အဘာဝါ၊ ကြောင့်။ ဤမိနာသုတ္တေန၊ ဤသံသာသ္မေက ဝစနေသုစ, သုတ်ဖြင့်။ သကာရာဂမော၊

http://www.dhammadownload.com

သ,ဟူသော အက္ခရာလာသည်။ နဟောတိ။ လ။ အဂိုနာ၊ မီးဖြင့်၊ နှင့်၊ သည်၊ ကြောင့်။ ပါဏိနာ၊ လက်ဖြင့်၊ နှင့်၊ သည်၊ ကြောင့်။ ။ကေဝစနေသ္မိံတိကိမတ္ထံ။ ဘောအာစရိယ၊ ဣမသ္မိံ သုတ္တေ၊ သမဘိနိဝိဋ္ဌံ၊ ကေဝစနေ သ္မိံတိပဒံ၊ ကေဝစနေသု,ဟူသောပုဒ်ကို။ ကိမတ္ထံ အာစရိယေန ဝုတ္တံ။ ဘောသိဿတာသံ, သဗ္ဗာသံ ဣတိအာဒီသု ဥဒါဟရဏေသု၊ တို့၌။ သတိပိ ဝိဘတ္တာဒေသေ သံသဒ္ဒေ ကေဝစနဿ အဘာဝါ။ ဝိဘတ္တာဒေသေ၊ ဝိဘတ်အပြုဖြစ်သော။ သံသဒ္ဒေ၊ သံ,သဒ္ဒါသည်။ သတိပိ၊ လည်း။ ကေဝစနဿ၊ ကေဝုစ်၏။ အဘာဝါ၊ ကြောင့်။ ဣမိနာသုတ္တေန၊ ဤ-သံသာသ္မေက ဝစနေသုစ,သုတ်ဖြင့်။ သကာရာဂမော၊ သ,ဟူသောအက္ခရာလာသည်။ နဟောတိ။လ။ တာသံ၊ ထိုမိန်းမတို့အား။ ထိုမိန်းမတို့၏။ သဗ္ဗာသံ၊ ခပ်သိမ်းကုန်သော မိန်းမတို့အား။ မိန်းမတို့၏။ ဝိဘတ္တာဒေသေသ္မိံတိကိမတ္ထံ။ ဘောအာစရိယ၊ ဣမသ္မိံသုတ္တေ၊ သဓဘိနိဝိဋ္ဌံ၊ ဝိဘတ္တာ ဒေသေသ္မိံတိပဒံ၊ ဝိဘတ္တာဒေသေသု,ဟူသောပုဒ်ကို။ ကိမတ္ထံ၊ အာစရိယေန၊ ဝုတ္တံ။ ဘောသိဿ၊ မနသာ, ဝစသာ, ထာမသာ, ဣတိအာဒီသု ဥဒါဟရဏေသု၊ တို့၌။ သတိပိ ကေဝစန သာသဒ္ဒေ ဝိဘတ္တာဒေသဿ အဘာဝါ။ ကေဝစန သာသဒ္ဒေ၊ ကေဝုစ် သာသဒ္ဒါသည်။ သတိပိ၊ လည်း။ ဝိဘတ္တာဒေသဿ၊ ဝိဘတ်အပြု၏။ အဘာဝါ၊ ကြောင့်။ ဣမိနာသုတ္တေန၊ ဖြင့်။ သကာရာဂမော၊ သည်။ နဟောတိ။ လ။ မနသာ၊ စိတ်ဖြင့်။ ဝစသာ၊ စကားဖြင့်။ ထာမသာ၊ အစွမ်းအားဖြင့်။

ဤသုတ်သည်ကား **အာဂမဝိဓိ** သုတ်မည်၏။ ဤသုတ်၏ အဂ်ါကား ကေဝုစ်ဝိဘတ်လည်းဖြစ်စေ,အပြုလည်းဖြစ်စေ, သံ,သာ,လည်းဖြစ်စေ, ဤသို့လျှင် သုံးပါးတည်း။ ဤသို့ အဂ်ါသုံးပါး ညီသည်ရှိသော် သ-လာရ၏။ တေဿံ,တေဿာ,အစရှိသည်၌ကား အင်သုံးပါး ညီသောကြောင့် သ-လာရသည်။ အဂိုနာ, ပါဏိနာ, အစရှိသည်၌ကား ကေဝုစ်ကားဟုတ်၏။ ဝိဘတ်အပြု သံ,သာ, မဟုတ်။ နှစ်အင်ချို့သည်။ ထို့ကြောင့် သတိပိ ကေဝစနေ သံသာနံ အဘာဝါ, ဟူ၍ သတိပိအစ္ဆဲနှင့် အလွန်ကို ဆိုသတည်း။ ချာသဒ္ဒ်ကား သံ,သာ, မဟုတ်သည်ရှိသော် ဝိဘတ်အပြုမဟုတ်သည်သာ ဖြစ်သောကြောင့် တအင်သာယုတ်သည်မည်၏ဟု ဆို၏။ တာသံ, သဗ္ဗာသံ,အစရှိသည်

http://www.dhammadownload.com

တို့၌ကား ဝိဘတ်အပြု သံ,ကားဟုတ်၏။ ကေဝုစ်မဟုတ်။ တအင်ယုတ်သည်။ ထို့ကြောင့် သတိပိ ဝိဘတ္တာဒေသေ သံသဒ္ဒေ- ကေဝစနဿ အဘာဝါ,ဟူ၍ သတိပိအစ္ဆဲနှင့် အလွန်ကို ဆိုသတည်း။ မနသာ, အစရှိသည်တို့၌ကား ကေဝုစ် သာ-သဒ္ဒါကား ဟုတ်၏။ ဝိဘတ်အပြုမဟုတ်။ သ,အာဂုမ်သာ။ တအင်ချိသည်။ ထို့ကြောင့် သတိပိ ကေဝစန သာသဒ္ဒေ ဝိဘတ္တာ ဒေသဿ အဘာဝါ,ဟူ၍ သတိပိအစ္ဆဲနှင့် အလွန်ကိုဆိုသတည်း။ ကေဝုစ် သံ,သာ,ဟု ဆိုသည်ရှိသော် ဝိဘတ် ခုနစ်သွယ်၌ ကေဝုစ် သံ, သာ,ဟု မရှိ။ ထို့ကြောင့် ဝိဘတ်အပြုဟူ၍သိအပ်သော အတ္ထာပတ္တိကို ပြအံ့သောငှာ ဝိဘတ္တာ ဒေသေသု,ဟု ဝုတ္တိ၌ဆိုသတည်း။

တိဿံ,ကို တေ,လိင်တည်။ အာ-ပစ္စည်းသက်။ တ-ကိုခွင်း။သရလော ။ပ။ ပကတိပြု။ တ-အာ-သို့ကပ်။ စသဒ္ဒါဖြင့် တောဟူသော ဣတ္ထိလိင်ကို နာမ်ကဲ့သို့ငဲ့။ ၌, ကြောင့် ဩကာသမှည့်။ ဩကာသအနက်၌ သတ္တမီဝိဘတ် ကေဝုစ် သို့ -သက်။ အာ-သရမှ တဗျည်းကိုခွင်း။ အာလပနေသိဂသညော,မှ သညာ၊ တေဣတ္ထိချာပေါ,သုတ်မှ ဣတ္ထိချာသဒ္ဒါ လိုက်စေ၍ အာဃော, သုတ်ဖြင့် အာ-ကို ဃ-အမည်မှည့်။ ဃပတော သို့ သာနံ သံသာ,သုတ်ဖြင့် ဃ,နောင်မှနှောင်းသော သို့-ဝိဘတ်ကို သံ-ပြု။ သာဂမောသေ, သုတ်မှ သာဂမောလိုက်စေ၍ သံသာသွေက ဝစနေသုစ,ဟူသော ဤသုတ်ဖြင့် ကေဝုစ် သံ-အပြု နှောင်းသောကြောင့် သ-လာ။ သ-သံ-သို့ကပ်။ သံသာသွေက ဝစနေသုစ,သုတ်မှ ကေဝစနေသု,ဟူသော ဝိသေသန၊ သံသာသု, ဟူသော နိမိတ်လိုက်စေ၍ တေမာသမိ, ဟူသောသုတ်ဖြင့် ကေဝုစ် သံ-အပြုနှောင်းသောကြောင့် တောသဒ္ဒါ၏ အစိတ်ဖြစ်သော အာ-ကို ဣ-ပြု။ တ-ဣ-သို့ကပ်။ တေဿံ,ပြီး၏။

တေဿာ,ကို တေ,လိင်တည်။ အာ-ပစ္စည်းသက်။ တ-ကိုခွင်း။ သရလော။ပ။ ပကတိပြု။ တ-အာ-သို့ကပ်။ စသဒ္ဒါဖြင့် တော,ဟူသော ဣတ္ထိလိင်ကို နာမ်ကဲ့သို့ငဲ့။ အား, ကြောင့် သမ္ပဒါန်မှည့်။ သမ္ပဒါန်အနက်၌ စတုတ္ထီဝိဘတ် ကေဝုစ် သ-သက်။ ၏,ကြောင့် သာမီမှည့်။သာမီအနက်၌ ဆဋ္ဌီဝိဘတ် ကေဝုစ် သ-သက်။ အာ-သရမှ တ-ဗျည်းကိုခွင်း။ သုတ်လိုက်စေ၍ အာ

http://www.dhammadownload.com

ဃော,ဟူသောသုတ်ဖြင့် ဣတ္ထိလိင်ကိုဖေါ်ပြသော အာ-ကို ဃ-အမည်မှည့်။ ဃပတော သို့ သာနံ သံသာ, ဟူသောသုတ်ဖြင့် ဃ-နောင်မှ နှောင်းသော သ-ဝိဘတ်ကို သာ-ပြု။ သာဂမောသေ,သုတ်မှ သာဂမော,လိုက်စေ၍ သံသာသွေက ဝစနေသုစ,ဟူသော ဤသုတ်ဖြင့် ကေဝုစ်ဝိဘတ် သာ-အပြု နှောင်းသောကြောင့် သ-လာ။ သ-သာ-သို့ကပ်။ သံသာသွေက ဝစနေသုစ,သုတ်လိုက်စေ၍ တေိမာသမိ,သုတ်ဖြင့် ကေဝုစ်ဝိဘတ် သာ-အပြု နှောင်းသောကြောင့် တောသဒ္ဒါ၏ အစိတ်ဖြစ်သော အာ-ကို ဣ-ပြု။ တ-ဣသို့ကပ်။ တေိဿာ, ပြီး၏။ **ဣမိဿံ**,ကို ဣမ,လိင်တည်။ အာ-ပစ္စည်းသက်။ တေိဿံ,နှင့် အတူလုပ်။ **ဣမိဿာ**,ကို ဣမ,လိင်တည်။ အာ-ပစ္စည်းသက်။ တေိဿာ,နှင့် အတူလုပ်။

တိဿံ,ကို တ,လိင်တည်။အာ-ပစ္စည်းသက်။ တ-ကိုခွင်း။ သရလော ။ပ။ ပကတိပြု။ တ-အာ-သို့ကပ်။ စသဒ္ဒါဖြင့် တာ-ဟူသော ဣတ္ထိလိင်ကို နာမ်ကဲ့သို့ငဲ့။ ဥ,ကြောင့် ဩကာသမှည့်၊ ဩကာသအနက်၌ သတ္တမီဝိဘတ် ကေဝုစ်သို့ သက်။ အာ-သရမှ တ-ဗျည်းကိုခွင်း။ သုတ်လိုက်စေ၍ အာဃော,ဟူသောသုတ်ဖြင့် ဣတ္ထိလိင်ကိုဟောသော အာ-ကို ဃ-အမည်မှည့်။ ဃပတော သို့ သာနံ သံသာ,သုတ်ဖြင့် ဃ-နောင်မှနှောင်းသော သို့ဝိဘတ်ကို သံ-ပြု။ သုတ်လိုက်။ သံသာသွေက ဝစနေသုစ,ဟူသော ဤသုတ်ဖြင့် ကေဝုစ်ဝိဘတ် သံ အပြု နှောင်းသောကြောင့် သ-လာ။ သ-သံ-သို့ကပ်။ သံသာသွေက ဝစနေသုစ, တေိမာသမိ, သုတ်တို့ကိုလိုက်စေ၍ တဿဝါ,သုတ်ဖြင့် ကေဝုစ်ဝိဘတ် သံ-အပြုနှောင်းသောကြောင့် တာ,သဒ္ဒါ၏ အစိတ်ဖြစ်သော အာ-ကို ဣ-ပြု။ တ-ဣ-သို့ကပ်။တိဿံ, ပြီး၏။

တိဿာ,ကို တ,လိင်တည်။ အာ-ပစ္စည်းသက်။ တ-ကိုခွင်း။ သရလော ။ပ။ ပကတိပြု။ တ-အာ-သို့ကပ်။ စသဒ္ဒါဖြင့် တာ-ဟူသော ဣတ္ထိလိင်ကို နာမ်ကဲ့သို့ငဲ့။ အား, ကြောင့် သမ္မဒါန်မှည့်။ သမ္မဒါန်အနက်၌ စတုတ္ထီဝိဘတ် ကေဝုစ်သ-သက်။ ၏,ကြောင့် သာမိမှည့်။ သာမိအနက်၌ ဆဋ္ဌီဝိဘတ်ကေဝုစ် သ-သက်။အာ-သရမှ တ-ဗျည်းကိုခွင်း။ သုတ်လိုက်စေ၍အာဃော,ဟူသော သုတ်ဖြင့် ဣတ္ထိလိင်ကို ဟောသော အာ—ကို ဃ—အမည်မှည့်။ ဃပတော သို့ သာနံ သံသာ,သုတ်ဖြင့် ဃ-နောင်မှနှောင်းသော သ-ဝိဘတ်ကို သာ-

http://www.dhammadownload.com

ပြု။ သုတ်လိုက်စေ၍ သံသာသွေက ဝစနေသုစ,ဟူသော ဤသုတ်ဖြင့် ကေဝုစ် ဝိဘတ် သာ,အပြုနှောင်းသောကြောင့် သ-လာ။ သ-သာ-သို့ကပ်။ သံသာသွေက ဝစနေသုစ, ဇတိမာသမိ,သုတ်လိုက်စေ၍ တဿာဝါ,သုတ်ဖြင့် ဇကဝုစ်ဝိဘတ်အပြု သာ-နှောင်းသောကြောင့် တ-သဒ္ဒါ၏ အစိတ်ဖြစ်သော အာ-ကို ဣ-ပြု။ တ-ဣ-သို့ကပ်။ တိဿာ, ပြီး၏။

တဿံ,ကို တ,လိင်တည်း။ အာ-ပစ္စည်းသက်။ တ ကိုခွင်း။ သရလော ။ပ။ ပကတိပြု။ တ-အာ-သို့ကပ်။ စသဒ္ဒါဖြင့် တာ-ဟူသော ဣတ္ထိလိင်ကို နာမ်ကဲ့သို့ငဲ့။ ၌,ကြောင့် ဩကာသမှည့်။ ဩကာသအနက်၌ သတ္တမီဝိဘတ် ကေဝုစ် သို့ သက်။ အာ-သရမှ တ-ဗျည်းကိုခွင်း။ အာ-ကို ဃ-အမည်မှည့်။ ဃပတော သို့ သာနံ သံသာ,သုတ်ဖြင့် ဃ-နောင်မှနှောင်းသော သို့ဝိဘတ်ကို သံ-ပြု။ ဤသုတ်ဖြင့် သ-လာ။ သ-သံ-သို့ကပ်။ သံသာသွေက ဝစနေသုစ,သုတ်လိုက်စေ၍ ဃောရဿံ,သုတ်ဖြင့် ကေဝုစ် သံ-အပြု နှောင်းသောကြောင့် ဃ-အမည်ရှိသော အာ-ကို အ-ရဿပြု။ တ-အ-သို့ကပ်။ တဿံ, ပြီး၏။

တဿာ,ကို တ,လိင်တည်။ အာ-ပစ္စည်းသက်။ တ-ကိုခွင်း။ သရလော ။ပ။ပကတိပြု။တ-အာ-သို့ကပ်။စသဒ္ဒါဖြင့်တာ-ဟူသောဣတ္ထိလိင်ကို နာမ်ကဲ့သို့ငဲ့။ အာ, ကြောင့် သမ္ပဒါန်မှည့်။ သမ္ပဒါန်အနက်၌ စတုတ္ထီဝိဘတ် ကေဝုစ် သ-သက်။ ၏,ကြောင့် သာမီမှည့်။ သာမီအနက်၌ ဆဋ္ဌီဝိဘတ် ကေဝုစ် သ-သက်။ အာ-သရမှ တ-ဗျည်းကိုခွင်း။ ဃ-မှည့်။ ဃပတော သို့ သာနံသံသာ, သုတ်ဖြင့် ဃ-နောင်မှနှောင်းသော သ-ဝိဘတ်ကို သာ-ပြု။ ဤသုတ်ဖြင့် သ-လာ။ သ-သာ-သို့ကပ်။ သံသာသွေက ဝစနေသုစ, သုတ်လိုက်စေ၍ ဃောရဿံ,သုတ်ဖြင့် ကေဝုစ် ဝိဘတ် သာ-အပြု နှောင်းသောကြောင့် ဃ အမည်ရှိသော အာ-ကို အ-ရဿပြု။ တ-အ-သို့ကပ်။ တဿာ,ပြီး၏။

ယဿံ, ကို ယ, လိင်တည်။ အာ, ပစ္စည်းသက်။ တဿံနှင့်, အတူလုပ်။
ယဿာ,ကို ယ, လိင်တည်။ အာပစ္စည်းသက်။ တဿာ, နှင့် အတူလုပ်။
အမုဿံ,ကို အမုလိင်တည်။ ၌,ကြောင့် ဩကာသမှည့်။ ဩကာသ အနက်၌ သတ္တမီဝိဘတ် ကေဝုစ်သို့-သက်။ ဥ ကို ပ-အမည်မှည့်။ ဃပတောသို့

http://www.dhammadownload.com

သာနံသံသာ-သုတ်ဖြင့် ပ-နောင်မှ နှောင်းသော သို့ ဝိဘတ်ကို သံ-ပြု။ ဤသုတ်ဖြင့် သ-လာ။ သ-သံ သို့ကပ်။ မ-ဥ-သို့ကပ်။ အမုဿံ,ပြီး၏။

အမုဿာ,ကို အမု,လိင်တည်။ အား,ကြောင့် သမ္မဒါန်မှည့်။ သမ္မဒါန် အနက်၌ စတုတ္ထီဝိဘတ် ဧကဝုစ်-သ-သက်။ ၏,ကြောင့် သာမီမှည့်။ သာမီ အနက်၌ ဆဋ္ဌီဝိဘတ် ဧကဝုစ်-သ-သက်။ ဥ-သရမှ-မ-ဗျည်းကိုခွင်း။ ဥ-ကို ပ-မှည့်။ ဃ-ပတော သို့ သာနံသံသာ,သုတ်ဖြင့်-ပ-နောင်မှ နှောင်းသော-သ-ဝိဘတ်ကို-သာပြု။ ဤသုတ်ဖြင့် သ-လာ။ သ-သာ-သို့ကပ်။ မ-ဥ-သို့ကပ်။ အမုဿာ,ပြီး၏။ ။(ဤဥဒါဟရဏ်၌ ဧတိဿံ, ဧတိဿာ, ဣမိဿံ, ဣမိဿာ,တိဿံ,တိဿာ, တဿံ,တဿာ,ယဿံ, ယဿာ,တို့ကား အကာရန္တ ဣတ္ထိလိင် ချည်းတည်း။ အမုဿံ,အမုဿာ,တို့ကား ဥကာရန္တတည်း)။

ကိ ဥဒါဟရဏ်၌ **အဂ္ဂိနာ**,ကို အဂ္ဂိ,လိင်တည်။ ဖြင့်,ကြောင့် ကရိဏ်း မှည့်။ ကရိဏ်းအနက်၌ တတိယာ ဝိဘတ် ဧကဝုစ်-နာ-သက်။ နှင့်, ကြောင့် သဟာဒိယောဂ အနက်၌ တတိယာ ဝိဘတ် ဧကဝုစ်-နာ-သက်။ သည့်, ကြောင့် ကတ္တားမှည့်။ ကတ္တားအနက်၌ တတိယာ ဝိဘတ် ဧကဝုစ် နာ-သက်။ ကြောင့်,ကြောင့် ဟိတ်အနက်၌ တတိယာဝိဘတ် ဧကဝုစ် နာ-သက်။ ဆရာ-ဆရာကား-သံသာသ္မေက ဝစနေ သုစ,ဟူသော ဤသုတ်ဖြင့် ဧကဝုစ် ဝိဘတ် နှောင်းသောကြောင့်-သ-လာမြဲ လာစပါလေ့။ မလာစရ။ အဘယ့်ကြောင့် မလာစရသနည်း ဟူမူကား သံ-အပြု, သာ-အပြု, မနှောင်းသောကြောင့် မလာစရ။ အဂ္ဂိနာ,ပြီး၏။ **ပါဏိနာ**,ကို ပါဏိ,လိင်တည်။ စောဒနာမြဲ။ လုပ်မြဲ။

တာသံ,ကို တ,လိင်တည်။ အာ-ပစ္စည်းသက်။ တ-ကိုခွင်း။ သရလော။ ပ။ ပကတိပြု။ တ-အာ-သို့ကပ်။ စသဒ္ဒါဖြင့်-တာ-ဟူသော ဤထို လိင်ကို နာမ်ကဲ့သို့ငဲ့။ တို့အား, ကြောင့် သမ္မဒါန် မှည့်။ သမ္မဒါန်အနက်၌ စတုတ္ထီ ဝိဘတ် ဗဟုဝုစ်-နံ-သက်။ တို့၏, ကြောင့် သာမီမှည့်၊ သာမီ အနက်၌ ဆဋ္ဌီဝိဘတ် ဗဟုဝုစ် နံ-သက်။ သမ္မတောနံသံသာနံ,သုတ်ဖြင့် တာ-ဟူသော သမ္မနာမ် ဖြစ်သော သဒ္ဒါ နောင်မှ နှောင်းသော-နံ-ဝိဘတ်ကို-သံ-ပြု။ ဆရာကား ဤသုတ်ဖြင့် ဝိဘတ်အပြု သံ-နှောင်းသောကြောင့်-သ လာမြဲ လာစပါလေ့။ မလာစရ။ အဘယ့်ကြောင့်။ ကေဝုစ် ဝိဘတ် မဟုတ်သော

http://www.dhammadownload.com

ကြောင့် မလာစရ။ တာသံ, ပြီး၏။ **သဗ္ဗာသံ**, ကို သဗ္ဗ, လိင်တည်။ အာ, ပစ္စည်းသက်။ စောဒနာမြဲ။ လုပ်မြဲ။

မနသာ,ကို မန, လိင်တည်။ ဖြင့်, ကြောင့် ကရိုဏ်းမှည့်။ ကရိုဏ်းအနက် ၌ တတိယာဝိဘတ် ဧကဝုစ်-နာ-သက်။ မနောဂဏာဒိတောသ္မိံ နာနမိအာ, သုတ်ဖြင့် မနဟူသော မနောဂိုဏ်း နောင်မှ နှောင်းသော နာဝိဘတ်ကို-အာ-ပြု။ သသရေဝါဂမော,သုတ်ဖြင့် ဝိဘတ်အပြု-အာ-သရနှောင်းသောကြောင့် သ-လာ။ သ-အာ-သို့ကပ်။ ဆရာကား-ဤသုတ်ဖြင့် ဧကဝုစ် ဝိဘတ် သာ-နှောင်းသောကြောင့် သ-လာမြဲ လာစပါလော့။ မလာစရ။ အဘယ့်ကြောင့်၊ ဝိဘတ် အပြု မဟုတ်သောကြောင့် မလာစရ။ မနသာပြီး၏။ **ဝစသာ**, **ထာမသာ**,ကိုလည်း ဝစသဒ္ဒါ,ထာမသဒ္ဒါ, တည်၍ စောဒနာမြဲ။ လုပ်မြဲ။ (ပဌမကိုံ ဥဒါဟရုဏ်၌ အဂ္ဂိနာ, ပါဏိနာ, ကို နှစ်အင် ညီစေလိုသော်မှ,ဟု အနက်ပေး၍-ဣ ကို စျလတောစ,သုတ်ဖြင့်-စျနောင်မှ နှောင်းသော သ္မာ-ဝိဘတ်ကို-နာ-ပြုသော် ညီ၏)။

ဓာတ်ရုပ်ကား **မနသာ**,ကို မန သဒ္ဒါတည်။ မန၊ သည်။ဉာဏ၊ သိခြင်း ဟူသောအနက်၌။ ဝတ္တတိ၊ ၏။ ဣတိအတ္ထေ၊ ၌။မနကို ဓာတ်မှည့်။ န-ကိုခွင်း။ ဓာတုဿန္တော,ချေ။ မနတိ၊ သိတတ်၏။ ဣတိအတ္ထေ၊ ၌။ ဓာတုလိင်္ဂေဟိ, ကြောင့် သညာယမနု,သုတ်မှသညာလိုက်စေ၍ သဗ္ဗတော ဏ္ဍုတ္ဌာဝီဝါ, သုတ်ဖြင့် မနဓာတ်နောင် အ-ပစ္စည်းသက်။ န-အ သို့ကပ်။ တဒ္ဓိတ,သုတ်ဖြင့် မန, ဟူသော ကိတ်ပုဒ်ကို နာမ်ကဲ့သို့ငဲ့။ ကရိုဏ်းမှည့်။ နာ,သက်။ မနောဂဏာဒိ တောသ္မိံ နာနမိအာ,သုတ်ဖြင့် မနဟူသော မနောဂိုဏ်း နောင်မှနှောင်းသော နာ-ဝိဘတ်ကို အာ ပြု။မနောဂဏာဒိတောသ္မိံ နာနမိအာ,သုတ်မှမနောဂဏာ ဒိတော ဟူသော ပုဗ္ဗနိမိတ် လိုက်စေ၍ သသရေဝါဂမော, သုတ်ဖြင့် ဝိဘတ် အပြု-အာ-သရ နှောင်းသောကြောင့် သ-အက္ခရာလာ။ သ-အာ-သို့ကပ်။ ဆရာကား- သံသာသွေကဝစနေ သုစ,ဟူသော ဤသုတ်ဖြင့် ဧကဝုစ် ဝိဘတ် သာ-သဒ္ဒါ နှောင်းသောကြောင့် သ-လာမြဲ။ ဝိဘတ်အပြု မဟုတ်သော ကြောင့်။လ။ပြီး၏။

ဝစသာ,ကို ဝစသဒ္ဒါတည်။ ဝစ၊ သည်။ ဝိယတ္တိယံ၊ ဆိုတတ်သော ပုဂ္ဂိုလ်၏ ဥစ္စာဖြစ်သော။ ဝါစာယံ၊ စကား၌။ ဝါ၊ ကား။ဝိယတ္တိယံ ဝါစာယံ၊

http://www.dhammadownload.com

လိမ္မာသောသူ၏ ဥစ္စာဖြစ်သောစကား၌။ ဝတ္တတိ၊ ၏။ ဤမျှဓာတ်နက်သာ ထူးသည်။ မနသာနှင့် အတူဆို။ ။[ထာမသာ,ကား ပါဠိပဒိကောဝ ဝိသေသော,ဟု ဆိုသောကြောင့် ချာသဆရာအလိုအားဖြင့်ကား ထာမ,သဒ္ဒါတည်၍ ရှေ့ဆိုပြီးသော အတိုင်းသာလုပ်သည်]။ ဓာတ်ရုပ်သော်ကား **ထာ**,သဒ္ဒါတည်။ ထာ၊ သည်။ ဂတိနိဝတ္တိမှိ၊ လာခြင်းမှနစ်ခြင်း၌။ ဝတ္တတိ၊ ၏။ ဣတိအတ္ထေ၊ ၌။ ထာ,ကို ဓာတ်မှည့်။ ထာတိ၊ ရပ်တတ်၏။ ဣတိအတ္ထေ၊ ၌။ ဓာတုလိင်္ဂေဟိ၊ ကြောင့်။ သမာဒီဟိထမာ, သုတ်ဖြင့် ထာဓာတ်နောင်-မ-ပစ္စည်းသက်။ တဒ္ဓိတ, သုတ်ဖြင့် ထာမဟူသော ကိတ်ပုဒ်ကို နာမ်ကဲ့သို့ငဲ့။ မနသာနှင့် အတူဆို။

၆၃။ တေ·မာသ·မိ

တေမာသံ၊ တောသဒ္ဒါ, ဣမာသဒ္ဒါတို့၏။ အန္တော၊ အစိတ်သည်။ ဣ၊ ဣ,အပြုဖြစ်၏။ ။ကေဝစနေသု၊ကုန်သော။ဝိဘတ္တာ ဒေသေသု၊ ကုန်သော။ သံသာသု၊ တို့ကြောင့်။ တော ဣမာ ဣစ္စေတေသံ၊ တောသဒ္ဒါ, ဣမာသဒ္ဒါတို့၏။ အန္တော၊ အစိတ်ဖြစ်သော။ သရော၊ အာ,သရသည်။ ဣကာရော၊ ဣ,အပြုသည်။ ဟောတိ၊ ၏။ တေဿံ၊ ထိုမိန်းမ၌။ တေဿာ၊ ထိုမိန်းမအား။ ထိုမိန်းမ၏။ ဣမိဿံ၊ ၌။ ဣမိဿာ၊ ဤမိန်းးမအား၊ ဤမိန်းမ၏။ ။ သံသာသ္ဒီတိကိမတ္ထံ။ ဘောအာစရိယ၊ ဣမသ္မိံ သုတ္တေ၊ အဓိကိစ္စဝသေန၊ သမဘိနိဝိဋ္ဌံ၊ သံသာသ္ဒီတိပဒံ၊ သံသာသု,ဟူသောပုဒ်ကို။ကိမတ္ထံ၊အာစရိယေန၊ ဝုတ္တံ။ ဘောသိဿ၊ တောယ, ဣမာယ, ဣတိအာဒီသု ဥဒါဟရဏေသု၊ တို့၌။ သတိပိ ကေဝစနေ ဝိဘတ္တာဒေသေ သံသာနံ အဘာဝါ၊ ကေဝစနေ၊ ကေဝုစ်ဖြစ်သော။ ဝိဘတ္တာဒေသေ၊ ဝိဘတ်အပြုသည်။ သတိပိ၊ လည်း။ သံသာနံ၊ သံ-အပြု, သာအပြုတို့၏။ အဘာဝါ၊ ကြောင့်။ ဣမိနာ သုတ္တေန၊ ဤ-တေမာသမိ,ဟူသော သုတ်ဖြင့်။ ဣကာရော၊ ဣ,အပြုသည်။ နဟောတိ ။လ။ တောယ၊ ထိုမိန်းမဖြင့်၊ နှင့်၊ သည်၊ ကြောင့်၊ အား၊မှ၊ ကြောင့်၊၏၊၌၊ကြောင့်။ ဣမာယ၊ ဖြင့်၊နှင့်၊သည်၊ကြောင့်၊အား၊မှ၊ကြောင့်၊၏၊ ၌၊ကြောင့်။ ။ကေဝစနေသ္ဒီတိ ကိမတ္ထံ။ ဘောအာစရိယ၊ ဣမသ္မိံ သုတ္တေ၊ အဓိကိစ္စဝသေန၊ သမဘိနိဝိဋ္ဌံ၊ ကေဝစနေသ္ဒီတိ ပဒံ၊ ကေဝစနေသု, ဟူသော ပုဒ်ကို။ ကိမတ္ထံ၊

http://www.dhammadownload.com

အာစရိယေန၊ ဂုတ္တံ။ ဘောသိဿ၊ တောသံ-ဣမာသံ, ဣတိအာဒီသု ဥဒါ ဟရဏေသု၊ တို့၌။ သတိပိ၊ဝိဘတ္တာဒေသေ သံသဒ္ဒေ ကေဝစနဿ အဘာဝါ၊ ဝိဘတ္တာဒေသေ၊ ဝိဘတ် အပြုဖြစ်သော။ သံသဒ္ဒေ၊ သံသဒ္ဒါသည်။ သတိပိ၊ လည်း။ ကေဝစနဿ၊ကေဝုစ်၏။ အဘာဝါ၊ကြောင့်။ ဣမိနာသုတ္တေန၊ ဖြင့်။ ဣကာရော၊ သည်။ နဟောတိ ။လ။ တောသံ၊ ထိုမိန်းမတို့အား၊ တို့၏။ ဣမာသံ၊ တို့အား၊ တို့၏။

ဤသုတ်ကား အစိတ်ကို ဣပြုသောကြောင့် **အာဒေသဝိဓိ**မည်၏။ ဤသုတ်၏ အဂ်ါကား ကေဝုစ်လည်း ဖြစ်စေ, သံသာ, လည်း နှောင်းသည်ဖြစ်စေ တောသဒ္ဒါ, ဣမာသဒ္ဒါ၏ အစိတ်ဖြစ်သော အာ-လည်း ဖြစ်စေ, ဤသို့လျှင် အင်သုံးပါး။ ကိံဥဒါဟရဏ်တို့၌ အင်ချို့မာန်ကို ရွေးနည်းကိုမှီ၍ သိအပ်၏။ တေမာနံ,ဟူ၍ အန္တာပေက္ခ ဆဋ္ဌီကို ထင်စွာ မဆိုမူ၍ တေမာသံ, ဟူ၍ ဆိုခြင်းသည် သံ-သာ တို့၏ အရာသည်ကား ဣတ္ထိလိင်တည်းဟု ပြအံ့သောငှာ ဆိုသတည်း။ ဂမ္ဘီရဂန္ဆနိဒ္ဒေသဋ္ဌကား ကျယ်ဝန်းစွာ ဆို၏။

တေသံ,ကို ရွေတေသဲကဲ့သို့ **တေသာ**, ကိုလည်း ရွေတေသာကဲ့သို့ လုပ်။ **ဣမိသံ**, **ဣမိသာ**, တို့ကိုလည်း ရွှေကဲ့သို့ ရုပ်ကို စီရင်အပ်၏။ ။ ကိံဥဒါဟရဏ်၌ **တောယ**, ကို တော, လိင်တည်။ အာပစ္စည်းသက်။ တ-ကိုခွင်း။ သရလော။ပ။ ပကတိပြု။ တ-အာ-သို့ကပ်။ စသဒ္ဒါဖြင့် တောဟူသော ဣတ္ထိလိင်ကို နာမ်ကဲ့သို့ငဲ့။ ဖြင့်, ကြောင့် ကရိဏ်း မှည့်။ ကရိဏ်း အနက်၌ တတိယာဝိဘတ် ကေဝုစ် နာ-သက်။ နှင့်, ကြောင့်, သဟာဒိယောဂ အနက်၌ တတိယာဝိဘတ် ကေဝုစ် နာ-သက်။ သည့်,ကြောင့် ကတ္တားမှည့်။ ကတ္တားအနက်၌ တတိယာဝိဘတ် ကေဝုစ် နာ-သက်။ ကြောင့်, ကြောင့် ဟိတ်အနက်၌ တတိယာဝိဘတ် ကေဝုစ် နာ-သက်။ အား,ကြောင့် သမ္ဗဒါန် အမည်မှည့်။ သမ္ဗဒါန်အနက်၌ စတုတ္ထိဝိဘတ် ကေဝုစ် သ-သက်။ မှ,ကြောင့် အပါဒါန်မှည့်။ အပါဒါန်အနက်၌ ပဉ္စမီဝိဘတ် ကေဝုစ် သ္မာ-သက်။ ကြောင့်,ကြောင့် ကာရဏ အနက်၌ ပဉ္စမီဝိဘတ် ကေဝုစ် သ္မာ-သက်။ ၏,ကြောင့် သာမိမှည့်။ သာမိအနက်၌ ဆဋ္ဌီဝိဘတ် ကေဝုစ် သ-သက်။ ၌,ကြောင့် ဩကာသမှည့်။ ဩကာသ အနက်၌ သတ္တမီဝိဘတ် ကေဝုစ်သ္မိ-

http://www.dhammadownload.com

သက်။ ကြောင့်,ကြောင့် နိမိတ်အနက်၌ သတ္တမီဝိဘတ် ကေဝုစ် သို့ -သက်။ အာသရမှ တ-ဗျည်းကိုခွင်း။ အာဃော,သုတ်ဖြင့် ဣတ္ထိလိင်ကို ဟောသော အာ-ကို ဃ-အမည်မှည့်။ ဃာတောနာဒီနံ, ဟူသော သုတ်ဖြင့် ဃ-နောင်မှ နှောင်းသော သို့ ဝိဘတ်ကို အာယပြု။ ဆရာကား-ဤတေမာသမိ,သုတ်ဖြင့် ကေဝုစ်ဝိဘတ် အပြု နှောင်းသောကြောင့် တောသဒ္ဒါ၏ အစိတ် အာ-ကို ဣ ပြုမြဲ ပြုစပါလော့။ မပြုစရ။ အဘယ့်ကြောင့် သံ-အပြု သာ-အပြု မနှောင်း သောကြောင့် မပြုစရ။ သရလောပေါ မာဒေသ ပစ္စယာဒိမှိ သရလောပေတု ပကတိ,သုတ်ဖြင့် နောက် အာယ-အာဒေသ နှောင်းသောကြောင့် ရှေ့သရ တာ-၏ အစိတ် ဖြစ်သော အာကိုခေျ။ နောက် အာယကိုလည်း အာယဟု ပကတိပြု။ တ-အာသို့ကပ်။ တောယ,ပြီး၏။ ။**ဣမာယ**,ကို ဣမ,လိင်တည်။ အာ-ပစ္စည်းသက်။ စောဒနာမြဲ။

တောသံ,ကို တေ,လိင်တည်။ အာပစ္စည်းသက်။ တ-ကိုခွင်း။ သရလော ။ပ။ပကတိပြု။ တ အာသို့ကပ်။ စသဒ္ဒါဖြင့် တောဟူသော ဣတ္ထိလိင်ကို နာမ် ကဲ့သို့ငဲ့။ ဘိုအား,ကြောင့် သမ္ပဒါန်မှည့်။ သမ္ပဒါန်အနက်၌ စတုတ္ထိဝိဘတ် ဗဟုဝုစ် နံ့သက်။ တို့၏,ကြောင့် သာမိမှည့်။ သာမိအနက်၌ ဆဋ္ဌိဝိဘတ် ဗဟု ဝုစ် နံ့သက်။ သမ္ဗတောနံ သံသာနံ့,သုတ်ဖြင့် တောဟူသော သမ္ဗနာမ်ပုဒ် နောင်မှ နှောင်းသော နံ့-ဝိဘတ်ကို သံ-ပြု။ အာ-သရမှ တ-ဗျည်းကိုခွင်း။ ဆရာကား-ဤသုတ်ဖြင့် ဝိဘတ်အပြု သံ-နှောင်းသောကြောင့် တောသဒ္ဒါ၏ အစိတ် အာ-ကို ဣ-ပြုမြဲပြုစပါလော။ မပြုစရ။ အဘယ့်ကြောင့် ကေဝုစ် မဟုတ်သောကြောင့် မပြုစရ။ တ-အာသို့ကပ်။ တောသံ,ပြီး၏။ ။**ဣမာသံ**, ကို ဣမ,လိင်တည်။ အာ-ပစ္စည်းသက်။ စောဒနာမြဲ။ လုပ်မြဲ။

၆၄။ တဿာ ဝါ

တဿာ၊ တာ,သဒ္ဒါ၏ အစိတ်ဖြစ်သော အာ,အက္ခရာ၏။ ဝါ၊ ဖြင့်။ ဣ၊ ဣ,အပြုသည်။ ဟောတိ၊ ၏။ ။ကေဝစနေသု၊ ကေဝုစ် ဖြစ်ကုန်သော။ ဝိဘတ္တာ ဒေသေသု၊ ဝိဘတ်အပြု ဖြစ်ကုန်သော။ သံသာသု၊ တို့ကြောင့်။ ဣတ္ထိယံ၊ ဣတ္ထိလိင်၌။ ဝတ္တမာနာယ၊ ဖြစ်သော။ တဿာ၊ တာ,သဒ္ဒါ၏။ အန္တဿ၊ အစိတ်ဖြစ်သော။ အာကာရဿ၊ အာဟူသော အက္ခရာ၏။ ဣကာ

http://www.dhammadownload.com

ရော၊ ဣ,အပြုသည်။ ဝါ၊ အချိုသဖြင့်။ ဟောတိ၊ ၏။ တိဿံ၊ ထိုမိန်းမ၌။ တိဿာ၊ ထိုမိန်းမအား၊ ထိုမိန်းမ၏။ တဿံ၊ ၌။ တဿာ၊ ထိုမိန်းမအား၊ ထိုမိန်းမ၏။

ဤသုတ်ကား **အာဒေဿဒီ** မည်၏။ ဤသုတ်၏ အဂ်ါကား ကေဝုစ်လည်း ဖြစ်စေ သံသာလည်း နှောင်းစေ, တာ-သဒ္ဒါ၏ အစိတ် ဖြစ်သော အာ-လည်း ဖြစ်စေ, ဤသို့လျှင် သုံးပါးတည်း။ တိဿံ, တိဿာ,ကား မူလဥဒါဟရုဏ်။ တဿံ, တဿာ, ကား ကိ ဥဒါဟရုဏ်။

တိဿံ,ကို တ,လိင်တည်။ အာ-ပစ္စည်းသက်။ တ-ကိုခွင်း။ သရလော။ ပ။ ပကတိပြု။ ရွှေတိဿံ,နှင့် အတူလုပ်။ **တိဿာ**, ကို တ, လိင်တည်။ အာ ပစ္စည်းသက်။ တ-ကိုခွင်း။ သရလော။ ပ။ ပကတိပြု။ ရွှေ တိဿာ,နှင့် အတူ လုပ်။ ။ကိ ဥဒါဟရုဏ်၌**တဿံ**,ကို တ,လိင်တည်။ အာပစ္စည်းသက်။ တ, ကိုခွင်း။ သရလော။ ပ။ ပကတိပြု။ တ-အာသို့ကပ်။စသဒ္ဒါဖြင့် တာ,ဟူသော ဣတ္ထိလိင်ကို နာမ်ကဲ့သို့ဲ့။ ၌။ ကြောင့် ဩကာသမှည့်။ ဩကာသ အနက်၌ သတ္တမီ ဝိဘတ် ကေဝုစ် သို့ -သက်။ အာသရမှ တ-ဗျည်းကိုခွင်း။ အာ-ကို ဃ-မှည့်။ ဃပတော သို့ သာနံ သံသာ,သုတ်ဖြင့် ဃ-နောင်မှ နှောင်းသော သို့ ဝိဘတ်ကို သံ-ပြု။ သံသာသွေက ဝစနေသုစ, သုတ်ဖြင့် ကေဝုစ် သံ-အပြု နှောင်းသောကြောင့် သ-လာ။ သ-သံ သို့ကပ်။ ဆရာကား-တဿာဝါ, ဟူသော ဤသုတ်ဖြင့် ကေဝုစ် သံ-အပြု နှောင်းသောကြောင့် တာ-သဒ္ဒါ ၏ အစိတ် ဖြစ်သော အာကို ဣ-ပြုမြဲ ပြုစပါလော့။ မပြုစရ။ အဘယ့်မကြောင့် ဝါ, သဒ္ဒါမြစ်သော ဥဒါဟရုဏ်၏ အဖြစ်ကြောင့် မပြုစရ။ ဃောရဿံ,သုတ်ဖြင့် ကေဝုစ် သံ-အပြု နှောင်းသောကြောင့် ဃ-အမည်ရှိသော အာ-ကို အ-ရဿပြု။ တ-အ-သို့ကပ်။ တဿံ,ပြီ၏။

တဿာ,ကို တ,လိင်တည်။ အာ-ပစ္စည်းသက်။ တ-ကိုခွင်း။ သရလော။ ပ။ ပကတိပြု။ တ-အာ-သို့ကပ်။ စသဒ္ဒါဖြင့် တာ-ဟူသော ဣတ္ထိလိင်ကို နာမ်ကဲ့သို့ဲ့။ အား, ကြောင့် သမ္ပဒါန်မှည့်။ သမ္ပဒါန် အနက်၌ စတုတ္ထီ ဝိဘတ် ကေဝုစ် သ-သက်။ ၏, ကြောင့် သာမီမှည့်။ သာမီအနက်၌ ဆဋ္ဌီ ဝိဘတ် ကေဝုစ် သ-သက်။ အာ-သရမှ တ-ဗျည်းကိုခွင်း။ အာ-ကို ဃ-မှည့်။ ဃပတော

http://www.dhammadownload.com

သို့ သာနံ သံသာ, သုတ်ဖြင့် ဃ-နောင်မှ နှောင်းသော သ-ဝိဘတ်ကို သာ-ပြု။ သံသာသ္မေက ဝစနေသုစ, သုတ်ဖြင့် ကေဝုစ် သာ-အပြု နှောင်းသော ကြောင့် သ-လာ။ သ-သာ-သို့ကပ်။ ဆရာကား-တဿာဝါ, ဟူသော ဤသုတ်ဖြင့် ကေဝုစ် သာ-အပြု နှောင်းသောကြောင့် တာသဒ္ဒါ၏ အစိတ်ဖြစ်သော အာ-ကို ဣ-ပြုမြဲ ပြုစပါလော့။ မပြုစရ။ အဘယ့်ကြောင့်။ ဝါ, မပြုစရ။ ဃောရဿံ,သုတ်ဖြင့် ကေဝုစ် သာ-အပြု နှောင်းသောကြောင့် ဃ-အမည်ရှိသော အာ-ကို အ ရဿပြု။ တ-အ-သို့ကပ်။ တဿာ,ပြီး၏။

၆၅။ တာတာ သဿ ဿာယ

တတော၊ ထိုတာသဒ္ဒါ, တောသဒ္ဒါ,ဣမာသဒ္ဒါ,တို့နောင်မှ။ သဿ၊ သ, ဝိဘတ်၏။ ဿာယ၊ ဿာယ,အပြုသည်။ ဟောတိ၊ ဖြစ်၏။ ။တတော တာတော ဣမာတော၊ ထိုတာသဒ္ဒါ, တောသဒ္ဒါ,ဣမာသဒ္ဒါ,တို့နောင်မှ။ သဿ၊ သ,ဖြစ်သော။ ဝိဘတ်တို့ဿ၊ ၏။ ဿာယာဒေသော၊ ဿာယ,အပြုသည်။ ဝါ၊ အချို့သဖြင့်။ ဟောတိ၊ ၏။ တိဿာယ၊ ထိုမိန်းမအား၊ ထိုမိန်းမ၏။ တေိဿာယ၊ ထိုမိန်းမအား၊ ထိုမိန်းမ၏။ ဣမိဿာယ၊ ဤမိန်းမအား။ဤမိန်းမ၏။ ။ ဝါတိကိမတ္ထံ။ ဘောအာစရိယ၊ ဣမသ္မိံ သုတ္တေ၊ အဓိကိစ္စဝသေန သမဘိနိဝိဋ္ဌံ ဝါတိပဒံ ကိမတ္ထံ၊ အာစရိယေန၊ ဝုတ္တံ။ ဘောသိဿ၊ တိဿာ, တေိဿာ, ဣမိဿာ, ဣတိအာဒီသု ဥဒါဟဏေသု၊ တို့၌။ သတိပိ တာ တော ဣမာတော သဝိဘတ္တိမှီ ဝါသဒ္ဒေန နိဝါရိတတ္တာ။တာ တော ဣမာတော၊တာသဒ္ဒါ,တော သဒ္ဒါ ဣမာသဒ္ဒါတို့ နောင်မှ။ သဝိဘတ္တိမှီ၊သ,ဝိဘတ်သည်။ သတိပိ၊ လည်း။ ဝါသဒ္ဒေန၊ ဖြင့်။ မယာ၊ သည်။ နိဝါရိတတ္တာ၊ ကြောင့်။ ဣမိနာ သုတ္တေန၊ တတော သဿဿာယ, ဟူသော ဤသုတ်ဖြင့်။ ဿာယာဒေသော၊ ဿာယ, အပြု သည်။ နဟောတိ။ လ။ တိဿာ၊ ထိုမိန်းမအား၊ ထိုမိန်းမ၏။ တေိဿာ၊ ထိုမိန်းမအား၊ ထိုမိန်းမ၏။ ဣမိဿာ၊ ဤမိန်းမအား၊ ဤမိန်းမ၏။

ဤသုတ်ကား **အာဒေသဝိဓိ** မည်၏။ ဤသုတ်၏ အဂ်ါကား တာသဒ္ဒါ တောသဒ္ဒါ ဣမာသဒ္ဒါ လည်းဖြစ်စေ,သဝိဘတ်လည်းဖြစ်စေ, ဤသို့လျှင် နှစ်ပါးတည်း။ ။ဝုတ္တိဒ္ဒ တတောတာ တောဣမာတော, ဟူ၍ ဆိုခြင်း သည်ကား ပစ္စာသတ္တိနည်း အားဖြင့် ဆိုသ

http://www.dhammadownload.com

တည်း။ အန္တောစသဏော ဣကာဏော ဟောတိ, ဟူ၍ အချို့သော စာတို့၌ ဝုတ္တိပါဌ်ရှိ၏။ ထိုပါဌ်သည် ဣာသ, နိဒ္ဒေသတို့နှင့် မညီဖြစ်သောကြောင့် မရှိသင့်။

တိဿာ ယ,ကို တ,လိင်တည်။ အာ-ပစ္စည်းသက်။ တ-ကိုခွင်း။ သရလော။ ပ။ ပကတိပြု။ တ-အာ သို့ကပ်။ စသဒ္ဒါဖြင့် တာ-ဟူသော ဣတ္ထိလိင်ကို နာမ်ကဲ့သို့ငဲ့။ အား,ကြောင့် သမ္ပဒါန်မှည့်။ သမ္ပဒါန် အနက်၌ စတုတ္ထိဝိဘတ် ကေဝုစ် သ-သက်။ ၏,ကြောင့် သာမီအနက်၌ ဆဋ္ဌီဝိဘတ် ကေဝုစ် သ-ဿက်။ ခွင်း။ အာ-ကို ဃ-မှည့်။ ဃပတောသ္မိံ သာနံ သံသာ, သုတ်ဖြင့် ဃ-နောင်မှ နှောင်းသော သ-ဝိဘတ်ကို-သာ-ပြုလုလတ်သည် ရှိသော် တတောသဿ ဆာယ, ဟူသော ဣသုတ်ဖြင့် တာ-သဒ္ဒါ နောင်မှ နှောင်းသော သဝိဘတ်ကိုဿာယပြု။ အာ-သရမှ တ-ဗျည်းကိုခွင်း။ သံသာသ္မေက ဝစနေသုစ, တေိမာသမိ, သုတ်တို့ကို လိုက်စေ၍ တဿာဝါ,သုတ်ဖြင့် ကေဝုစ် သာ-အပြုနှောင်းသောကြောင့် တာသဒ္ဒါ၏ အစိတ်ဖြစ်သော အာ-ကို ဣ-ပြု။တ-ဣ-သို့ကပ်။ တိဿာယ, ပြီး၏။

ဇေတိဿာ ယ,ကို ဇေ-လိင်တည်။ အာ-ပစ္စည်းသက်။ တ-ကိုခွင်း။သရလော။ ပ။ ပကတိပြု။ တ-အာ-သို့ကပ်။ စသဒ္ဒါဖြင့် ဇော ဟူသော ဣတ္ထိလိင်ကို နာမ်ကဲ့သို့ငဲ့။ အား, ကြောင့် သမ္ပဒါန်မှည့်။ သမ္ပဒါန် အနက်၌ စတုတ္ထိ ဝိဘတ် ကေဝုစ် သ-သက်။ ၏, ကြောင့် သာမီမှည့်။ သာမီ အနက်၌ ဆဋ္ဌီ ဝိဘတ် ကေဝုစ် သ-သက်။ ခွင်း။ ဃ-မှည့်။ အလျဉ်းဆို။ တတောသဿဿာယ, ဟူသော ဣသုတ်ဖြင့် ဇော သဒ္ဒါ နောင်မှ နှောင်းသော သ-ဝိဘတ်ကို ဿာယပြု။ အာ-သရမှ တ-ဗျည်းကိုခွင်း၊ သံသာသ္မေက ဝစနေသုစ, သုတ်လိုက်စေ၍ ဇေတိမာသမိ, သုတ်ဖြင့် ကေဝုစ် ဿာယအပြု နှောင်းသောကြောင့် ဇောသဒ္ဒါ၏ အစိတ်ဖြစ်သော အာ-ကို ဣ-ပြု။ တ-ဣ-သို့ကပ်။ ဇေတိဿာယ,ပြီး၏။

ဣမိဿာ ယ,ကို ဣမ, လိင်တည်။ အာ-ပစ္စည်းသက်။ မ-ကိုခွင်း၊ သရလော။ပ။ ပကတိပြု။ မ-အာ သို့ကပ်။ စသဒ္ဒါဖြင့် ဣမာဟူသော ဣတ္ထိလိင်ကို နာမ်ကဲ့သို့ငဲ့။အား,ကြောင့် စတုတ္ထိဝိဘတ် ကေဝုစ် သ-သက်။၏,ကြောင့် ဆဋ္ဌီ ဝိဘတ် ကေဝုစ် သ-သက်။ခွင်း။ ဃ-မှည့်။အလျဉ်းဆို။တတောသဿဿာယ,

http://www.dhammadownload.com

ဟူသောဤသုတ်ဖြင့် ဣမာသဒ္ဒါ နောင်မှနှောင်းသော သ-ဝိဘတ်ကို ဿာယ ပြု။ အာ-သရမှ မ-ဗျည်းကိုခွင်း။ သံသာသွေက ဝစနေသုစ,သုတ်လိုက်စေ၍ တိမာသမိ,သုတ်ဖြင့် ကေဝုစ် ဿာယ အပြုနှောင်းသောကြောင့် ဣမာသဒ္ဒါ ၏ အစိတ်ဖြစ်သော အာ-ကို ဣ-ပြု။ မ-ဣ-သို့ကပ်။ ဣမိဿာယ,ပြီး၏။

ဿာယဒ္ဒ- ဿာကို သာ-နိမိတ်ပြု၍ ဣ-ပြုသတည်း။ ပြုကြောင်း ကား ဿာယအပြုသည် သ-အပြုနှင့် အလားတူသောကြောင့် တည်း။

ကိံဥဒါဟရဏ်ဌ် **တိဿာ**,ကို တ,လိင်တည်။ အာ-ပစ္စည်းသက်။ တ-ကို ခွင်း။ သရလောပ။ ပကတိပြု။ တ-အာ-သို့ကပ်။ စသဒ္ဒါဖြင့် တာ-ဟူသော ဣတ္ထိလိင်ကို နာမ်ကဲ့သို့ငဲ့။ အား,ကြောင့် စတုတ္ထီဝိဘတ် ကေဝုစ် သ-သက်။ ၏,ကြောင့် ဆဋ္ဌီဝိဘတ် ကေဝုစ်သ-သက်။ဆရာကား-တတောသဿသာယ, ဟူသော ဤသုတ်ဖြင့် တာသဒ္ဒါ နောင်မှ နှောင်းသော သဝိဘတ်ကို ဿာယ-ပြုမြဲ ပြုစပါလော့။မပြုစရ။အဘယ့်ကြောင့်။ဝါ မပြုစရ။အာ-သရမှ တ-ဗျည်း ကိုခွင်း။ အာ-ကို ဃ-မှည့်။ ဃပတောသို့ သာနံသံသာ, ဟူသော သုတ်ဖြင့် ဃ-နောင်မှ နှောင်းသော သ-ဝိဘတ်ကို သာ-ပြု။ သံသာသွေက ဝစနေသုစ, သုတ်ဖြင့် ကေဝုစ် သာ-အပြု နှောင်းသောကြောင့် သ-လာ။ သ-သာ-သို့ ကပ်။ တဿာဝါ, သုတ်ဖြင့် ကေဝုစ် သာ—အပြု နှောင်းသောကြောင့် တာ သဒ္ဒါ၏ အစိတ်ဖြစ်သော အာ - ကို ဣ-ပြု။ တ-ဣ-သို့ကပ်။ တိဿာ, ပြီး၏။

ဧတိဿာ,ကို ဧတ,လိင်တည်။ အာ-ပစ္စည်းသက်။ တ,ကိုခွင်း။ သရ လောပ။ပကတိပြု။ တ-အာ-သို့ကပ်။စသဒ္ဒါဖြင့် ဧတာဟူသော ဣတ္ထိလိင်ကို နာမ်ကဲ့သို့ငဲ့။ အား,ကြောင့် စတုတ္ထီ-၏,ကြောင့် ဆဋ္ဌီဝိဘတ် ကေဝုစ် သ-သက်။ ဆရာကား- ဤသုတ်ဖြင့် ဧတာ သဒ္ဒါနောင်မှ နှောင်းသော သ-ဝိဘတ်ကို ဿာယပြုမြဲ ပြုစပါလော့။ မပြုစရ။ အဘယ့်ကြောင့်။ ဝါ,မပြုစရ။ အာ-သရမှ တ-ဗျည်းကိုခွင်း။ အာ-ကို ဃ-မှည့်။ ဃပတော သို့ သာနံ သံသာ,သုတ်ဖြင့် ဃ-နောင်မှ နှောင်းသော သ-ဝိဘတ်ကိုသာ-ပြု။ သ-သာ သို့ကပ်။ ဧတိမာသမိ, သုတ်ဖြင့် ကေဝုစ် သာ-အပြု နှောင်းသောကြောင့် ဧတာသဒ္ဒါ၏ အစိတ်ဖြစ်သော အာ-ကို ဣ-ပြု။ တ-ဣ-သို့ကပ် ဧတိဿာ, ပြီး၏။ ။**ဣမိဿာ**,ကိုဣမလိင်တည်၍ ဧတိဿာနှင့်အတူလုပ်မြဲစောဒနာမြဲ။

http://www.dhammadownload.com

၆၆။ ဃောရဿံ

ဃော-ဃ,အမည်ရှိသော အာ,သည်။ ရဿံ၊ ရဿအပြုသို့။ အာပဇ္ဇတေ၊ ရောက်၏။ ။ကေဝစနေသု၊ ကေဝုစ် ဖြစ်ကုန်သော။ ဝိဘတ္တာဒေသေသု၊ ကုန်သော။ သံသာသု၊ တို့ကြောင့်။ ဃော၊ ဃ,အမည်ရှိသော အာ, သည်။ ရဿံ၊ ရဿအပြုသို့။ အာပဇ္ဇတေ၊ ရောက်၏။ တဿံ၊ ထိုမိန်းမ၌။ တဿာ၊ ထိုမိန်းမအား၊ ထိုမိန်းမ၏။ ယဿံ၊အကြောင်မိန်းမ၌။ ယဿာ၊ အကြောင်မိန်းမအား၊ အကြောင် မိန်းမ၏။ သဗ္ဗဿံ၊ ခပ်သိမ်းသောမိန်းမ၌။ သဗ္ဗဿာ၊ ခပ်သိမ်းသော မိန်းမအား၊ မိန်းမ၏။ ။သံသာသို့တိုက်မတ္ထံ၊ ဘောအာစရိယ၊ ဤမသို့ သုတ္တော့၊ ၌။အဓိကိစ္စဝသေန၊ သမဘိနိဝိဋ္ဌံ၊ သံသာသို့တိပဒံ၊ သံသာသု,ဟူသော ပုဒ်ကို။ ကိမတ္ထံ၊ အာစရိယေန၊ ဝုတ္တံ။ ဘောသိဿ၊ တာယ,သဗ္ဗာယ,ဤတိ အာဒီသု ဥဒါဟရဏေသု၊ တို့၌။ သတိပိ ကေဝစနေ သံသာနံ အဘာဝါ။ ကေဝစနေ၊ သည်။ သတိပိ၊ လည်း။ သံသာနံ၊ သံ အပြု,သာ–အပြုတို့၏။ အဘာဝါ၊ ကြောင့်။ ဤမိနာသုတ္တေန၊ ဤ–ဃောရဿံ,ဟူသော သုတ်ဖြင့်။ ရဿံ၊ ရဿ အပြုသို့။ နအာပဇ္ဇတေ၊ မရောက်။လ။ တာယ၊ ထိုမိန်းမဖြင့်၊ နှင့်၊ သည်၊ ကြောင့်။ သဗ္ဗာယ၊ ခပ်သိမ်းသော မိန်းမဖြင့်၊ နှင့်၊ သည်၊ ကြောင့်။ ကေဝစနေသို့တိ ကိမတ္ထံ။ ဘောအာစရိယ၊ ဤမသို့ သုတ္တော့၊အဓိကိစ္စ ဝသေန၊ သမဘိနိဝိဋ္ဌံ၊ ကေဝစနေသို့တိပဒံ၊ ကေဝစနေသု, ဟူသော ပုဒ်ကို။ ကိမတ္ထံ၊ အာစရိယေန၊ ဝုတ္တံ။ ဘောသိဿ၊ တာသံ, သဗ္ဗာသံ, ဤတိ အာဒီသု ဥဒါဟရဏေသု၊ တို့၌။ သတိပိ သံသဒ္ဒေ ကေဝစနဿ အဘာဝါ။ သံသဒ္ဒေ၊ သံသဒ္ဒါသည်။ သတိပိ၊ လည်း။ ကေဝစနဿ၊ကေဝုစ်၏။ အဘာဝါ၊ ကြောင့်။ ဤမိနာသုတ္တေန၊ ဖြင့်။ ရဿံ၊ နအာပဇ္ဇတေ။ တာသံ၊ ထိုမိန်းမတို့အား။ တို့၏။ သဗ္ဗာသံ၊ ခပ်သိမ်းကုန်သော မိန်းမတို့အား။ တို့၏။

ဤသုတ်သည်ကား **ရဿဝိဓိ**မည်၏။ ဤသုတ်၏ အဂ်ါကား ကေဝုစ်လည်းဖြစ်စေ, သံအပြု, သာအပြုလည်း နှောင်းစေ, ဃ–လည်း ဖြစ်စေ, ဤသို့လျှင် သုံးပါးတည်း။

တဿံ,တဿာ,ယဿံ,ယဿာ,တို့ကို ရှေ့ကဲ့သို့လုပ်။ **သဗ္ဗဿံ**, ကို သဗ္ဗ, လိင်တည်။ အာ–ပစ္စည်းလက်။ သ္မိံ–သက်။ **သဗ္ဗဿာ**, ကို သဗ

http://www.dhammadownload.com

လိင်တည်။ အာ-ပစ္စည်းသက်။ စတုတ္ထီ၊ ဆဋ္ဌီဝိဘတ် သ-သက်။ တဿံ,တဿာ နှင့်အတူ။သံသာသွေက ဝစနေသုစ,သုတ်၌ လုပ်တိုင်းလုပ်။ ။**ကိ်၌ တာ ယ,** ကို တ-လိင်တည်။ အာ-ပစ္စည်းသက်။ တ-ကိုခွင်း။ သရလော။ပ။ ပကတိပြု။ တ-အာ-သို့ကပ်။ နာမ်ငဲ့ တတိယာ နာ-သက်။ တ-ကိုခွင်း။ အာ-ကို ဃ-မှည့်။ ဆရာကား ဃောရဿံ,ဟူသော ဤသုတ်ဖြင့် ကေဝုစ် နာ-ဝိဘတ် နှောင်းသောကြောင့် ဃ-အမည်ရှိသော အာ-ကို အ-ရဿပြုမြဲပြုစပါလော့။ မပြုစရ။ အဘယ့်ကြောင့် သံ-အပြု သာ-အပြု မနှောင်းသောကြောင့် မပြု စရ။ ဃတော နာဒီနံ,ဖြင့် ဃ-နောင်မှနှောင်းသော နာ-ဝိဘတ်ကို အာယ-ပြု။ သရလော။ပ။ ပကတိပြု။ တ-အာသို့ကပ်။ တာယ,ပြီး၏။ ။**သဗ္ဗာ ယ,** ကို သဗ္ဗ,လိင်တည်။ အာ-ပစ္စည်းသက်။ ဗ္ဗ-ကိုခွင်း။ သရလော။ပ။ပကတိပြု။ ဗ္ဗ-အာ-သို့ကပ်။ စောဒနာမြဲ၊ လုပ်မြဲ။ ။**တာ သံ,**ကို တ-လိင်တည်။ အာ-ပစ္စည်းသက်။ တ-ကိုခွင်း။ သရလော။ပ။ ပကတိပြု။ တ-အာ-သို့ကပ်။ စသဒ္ဒါဖြင့် နာမ်ကဲ့သို့ငဲ့။ တို့အား, ကြောင့် စတုတ္ထီဝိဘတ် ဗဟုဝုစ် နံ-သက်။ တို့၏, ကြောင့် ဆဋ္ဌီ ဗဟုဝုစ် နံ-သက်။ သဗ္ဗတော နံ သံသာနံ,သုတ်ဖြင့် တာ-ဟူသော သဗ္ဗနာမ်ပုဒ်နောင်မှနှောင်းသော နံ-ဝိဘတ်ကို သံ-ပြု။ အာ-သရမှ တ-ဗျည်းကိုခွင်း။ အာ-ကို ဃ-မှည့်။ ဆရာကား ဃောရဿံ, ဟူသော ဤသုတ်ဖြင့် ဝိဘတ်အပြု သံ-နှောင်းသောကြောင့် ဃ-အမည်ရှိသော အာ-ကို အ-ရဿ ပြုမြဲ ပြုစပါလော့။ မပြုစရ။ အဘယ့်ကြောင့်။ ကေဝုစ် မဟုတ်သောကြောင့် မပြုစရ။ တ-အာ-သို့ကပ်။ တာသံ,ပြီး၏။ ။**သဗ္ဗာ သံ,**ကို သဗ္ဗ,လိင်တည်။ အာ-ပစ္စည်းသက်။ ဗ္ဗ-ကိုခွင်း သရလော။ပ။ ပကတိပြု။ ဗ္ဗ-အာ-သို့ကပ်။ စသဒ္ဒါဖြင့် နာမ်ငဲ့။ တို့အား, ကြောင့် စတုတ္ထီ ဗဟုဝုစ် နံ-သက်။ တို့၏,ကြောင့် ဆဋ္ဌီ ဗဟုဝုစ် နံ-သက်။ သဗ္ဗတောနံသံသာနံ, သုတ်ဖြင့် သဗ္ဗ-ဟူသော သဗ္ဗနာမ်ပုဒ်နောင်မှ နှောင်းသော နံ ဝိဘတ်ကို သံ-ပြု။ အာ-သရမှ ဗ္ဗ-ဗျည်းကိုခွင်း။ အာ-ကို ဃ-မှည့်။ ဆရာကား ဃောရဿံ, ဟူသော ဤသုတ်ဖြင့် ဝိဘတ်အပြု သံ-နှောင်းသောကြောင့် ဃ-အမည်ရှိသော အာ-ကို အ-ရဿပြုမြဲပြုစပါလော့။ မပြုစရ။ အဘယ့်ကြောင့်။ ကေဝုစ် မဟုတ်သောကြောင့် မပြုစရ။ ဗ္ဗ-အာ-သို့ကပ်။ သဗ္ဗာသံ, ပြီး၏။

http://www.dhammadownload.com

၆၇။ နောစ ဒ္ဒါဒိတောနံမှိ

ဒ္ဒါဒိတော၊ ဒ္ဒိ,လျှင် အပိုင်းအခြားရှိသော သဒ်္ဒါသဒ္ဒါနောင်မှ။ နံမှိ၊ နံ,ဝိဘတ်ကြောင့်။ နောစ၊ နှ,အက္ခရာ လာသည်လည်း။ ဟောတိ၊ ၏။ ။ ဒ္ဒိဣစ္စေဝမာဒိတော၊ ဒ္ဒိ,လျှင် အပိုင်းအခြားရှိသော။ သဒ်္ဒါတော၊ သဒ်္ဒါသဒ္ဒါနောင်မှ။ နံမှိ၊ နံ,ဖြစ်သော။ ဝိဘတ္တိမှိ၊ ကြောင့်။ ဝါ၊ ကား။ ဝိဘတ္တိမှိ၊ ဝိဘတ်ဖြစ်သော။ နံမှိ၊ နံ,ကြောင့်။ နကာရာဂမော၊ နှ,အက္ခရာ လာသည်။ ဟောတိ၊ ၏။ ဒ္ဒိနှုံ၊ နှစ်ယောက်ကုန်သော သူတို့အား။ သူတို့၏။ တိနှုံ၊ သုံးယောက်ကုန်သော သူတို့အား။ သူတို့၏။ စတုနှုံ၊ လေးယောက်ကုန်သော သူတို့အား။ သူတို့၏။ ပဉ္စနှုံ၊ ငါးယောက်ကုန်သော သူတို့အား။ သူတို့၏။ ဆနှုံ၊ ခြောက်ယောက်ကုန်သော သူတို့အား။ သူတို့၏။ သတ္တနှုံ၊ ခုနစ်ယောက်ကုန်သော သူတို့အား။ သူတို့၏။ အဋ္ဌနှုံ၊ ရှစ်ယောက်ကုန်သော သူတို့အား။ သူတို့၏။ နဝနှုံ၊ ကိုးယောက်ကုန်သောသူတို့အား။ သူတို့၏။ ဒသနှုံ၊ တကျိပ်ကုန်သောသူတို့အား။ သူတို့၏။ ။ဒ္ဒါဒိတောတိကိမတ္ထံ၊ ဘောအာစရိယ၊ ဣမသ္မိံ သုတ္တေ၊ သမဘိနိဝိဋ္ဌံ၊ ဒ္ဒါဒိတောတိပဒံ၊ ဒ္ဒါဒိတော,ဟူသော ပုဒ်ကို။ ကိမတ္ထံ၊ အာစရိယေန၊ ဝုတ္တံ၊ ဘောသိဿ၊ သဟ့ဿာနံ ဣတိအာဒီသု ဥဒါဟရဏေသု၊ တို့၌။ သတိပိ၊ နံ,ဝိဘတ္တိမှိ ဒ္ဒါဒိတော အပရတ္တာ။ နံ,ဝိဘ့တ္တိမှိ၊ နံ,ဝိဘတ်သည်။ သတိပိ၊ လည်း။ ဒ္ဒါဒိတော၊ ဒ္ဒိ,လျှင်အပိုင်းအခြားရှိသော သဒ်္ဒါသဒ္ဒါ နောင်မှ။ အပရတ္တာ၊ မနှောင်းသောကြောင့်။ ဣမိနာ သုတ္တေန၊ ဤ-နောစဒ္ဒါဒိတောနံမှိ,ဟူသောသုတ်ဖြင့်။ နကာရာဂမော၊ နှ,အက္ခရာ လာသည်။ နဟောတိ။လ။ သဟဿာနံ၊ တထောင်ကုန်သော သူတို့အား၊သူတို့၏။ နံမှိတိကိမတ္ထံ၊ ဘောအာစရိယ၊ ဣမသ္မိံ သုတ္တေ၊ သမဘိနိဝိဋ္ဌံ၊ နံမှိတိပဒံ၊ နံမှိ,ဟူသောပုဒ်ကို။ ကိမတ္ထံ၊ အာစရိယေန၊ ဝုတ္တံ။ ဘောသိဿ၊ ဒ္ဒီသု, တီသု, ဣတိအာဒီသု ဥဒါဟရဏေသု၊ တို့၌။ သတိပိ ဒ္ဒါဒိမှိ နံဝစနဿ အဘာဝါ။ ဒ္ဒါဒိမှိ၊ ဒ္ဒိ,လျှင် အပိုင်းအခြားရှိသော သဒ်္ဒါသည်။ သတိပိ၊ လည်း။ နံဝစနဿ၊ နံ,ဝိဘတ်၏။ အဘာဝါ၊ ဣမိနာ သုတ္တေန၊ နကာရာဂမော၊ နဟောတိ။လ။ ဒ္ဒီသု၊ နှစ်ယောက်ကုန်သော သူတို့၌။ တီသု၊သုံးယောက်ကုန်သော သူတို့၌။ စဂ္ဂဟဏေန၊ စသဒ္ဒါဖြင့်။ ဿဥ္စာဂမော၊ ဿဒ္ဒေဘော်လာသည်လည်း။ ဟောတိ၊၏။

http://www.dhammadownload.com

စတာဃန်း၊ လေးယောက်ကုန်သော။ ဣတ္ထီနှံ၊ မိန်းမတို့အား။ မိန်းမတို့၏။ တိဃန်း၊ သုံးပါးကုန်သော။ ဝေဒနာနှံ၊ ဝေဒနာတို့အား၊ ဝေဒနာတို့၏။

ဤသုတ်ကား **အာဂမဝိဓိ**မည်၏။ ။ဤသုတ်၏ အဂ်ါကား ဒွိအစ, အဋ္ဌာရသ တိုင်အောင်သော သခ်ျာသဒ္ဒါလည်းဖြစ်စေ, စတုတ္ထီ, ဆဋ္ဌီ, ဗဟုဝုစ်-နံ-လည်း နှောင်းစေ, ဤသို့လျှင် အဂ်ါနှစ်ပါးတည်း။ ဤအင်္ဂနှစ်ပါး ညီသည်ရှိသော် နှ,အက္ခရာလာရ၏။ ။အာဒိဝန်ကိုကား တိအစ, အဋ္ဌာရသ တိုင်အောင်သော သခ်ျာကို ယူအပ်၏။

ဒွိန်နှံ,ကို ဒွိ, သခ်ျာ သဒ္ဒါတည်။ တို့အား, ကြောင့် သမ္ပဒါန်မှည့်။ သမ္ပဒါန်အနက်၌ စတုတ္ထီဝိဘတ် ဗဟုဝုစ်နံ-သက်။ တို့၏,ကြောင့်သာမိမှည့်။ သာမိအနက်၌ ဆဋ္ဌီဝိဘတ် ဗဟုဝုစ် နံ-သက်။ သာဂမောသေ,သုတ်မှ သာဂမော သဒ္ဒါလိုက်စေ၍ ဒနာစ ဒ္ဓါဒိတောနံမှိ,ဟူသော ဤသုတ်ဖြင့် နံ ဝိဘတ်နှောင်း သောကြောင့် ဒွိ,ဟူသော သခ်ျာသဒ္ဒါနောင်မှ-န-အက္ခရာလာ။ န-နံ-သို့ကပ်။ ဒွိန်နှံ,ပြီး၏။ **တိန်နှံ**,ကို တိ,သခ်ျာ သဒ္ဒါတည်။ စတုတ္ထီ,ဆဋ္ဌီ, ဗဟုဝုစ် နံသက်။ **စတုန်နှံ**ကို, စတုသခ်ျာသဒ္ဒါတည်။ စတုတ္ထီ,ဆဋ္ဌီ,ဗဟုဝုစ်-နံသက်။ ဒွိန်နှံနှင့်အတူလုပ်။ ။**ပဉ္စန်နှံ**,ကို ပဉ္စ,သခ်ျာ သဒ္ဒါတည်။ တို့အား,ကြောင့် သမ္ပဒါန်မှည့်။ သမ္ပဒါန်အနက်၌ စတုတ္ထီ ဝိဘတ် ဗဟုဝုစ်-နံသက်။ တို့၏, ကြောင့် သာမိမှည့်။ သာမိအနက်၌ ဆဋ္ဌီဝိဘတ် ဗဟုဝုစ်-နံ-သက်။ ဤသုတ်ဖြင့်-နံ-ဝိဘတ် နှောင်းသောကြောင့် ပဉ္စဟူသော သခ်ျာ သဒ္ဒါနောင်မှ န-အက္ခရာလာ။ န-နံသို့ကပ်။အ-သရမှ-ဥ္ဆ-ဗျည်းကိုဥ္ဆင်း။ သုနံဟိသုစ,ဟူသောသုတ်ဖြင့် နံ-ဝိဘတ် နှောင်းသောကြောင့် ရွှေသရ-ဥ္ဆ-အစိတ်-အ-ကို-အာ-ဒီဃပြုလုလတ်သည်ရှိသော် ပဉ္စာဒီနမတ္တံ,ဟူသောသုတ်ဖြင့်--နံ ဝိဘတ် နှောင်းသောကြောင့် ပဉ္စဟူသော သခ်ျာ သဒ္ဒါ၏ အစိတ်ဖြစ်သော-အ-ကိုအ-ပြု။ ဥ္ဆ-အသို့-ကပ်။ ပဉ္စန်နှံ,ပြီး၏။ **ဆန်နှံ**,ကို ဆ,သခ်ျာ သဒ္ဒါတည်။ **သတ္တန်နှံ**,ကို သတ္တ, သခ်ျာ သဒ္ဒါတည်။ **အဋ္ဌန်နှံ**,ကို အဋ္ဌသခ်ျာသဒ္ဒါတည်။ **နဝန်နှံ**,နဝ,သခ်ျာသဒ္ဒါတည်။ **ဒသန်နှံ**,ကို ဒသ,သခ်ျာသဒ္ဒါတည်။ စတုတ္ထီ,ဆဋ္ဌီ,ဗဟုဝုစ်-နံ-သက်၍ ပဉ္စန်နှံနှင့်အတူလုပ်။ ကိ ဉဒါဟရဏ်၌ **သဟဿာနံ**, ကိုသဟဿ သခ်ျာသဒ္ဒါတည်။တို့အား,ကြောင့် သမ္ပဒါန်မှည့်။ သမ္ပဒါန် အနက်၌ စတုတ္ထီဝိဘတ် ဗဟုဝုစ်-နံ-သက်။ တို့၏,ကြောင့် သာမိမှည့်။သာမိ အနက်၌ ဆဋ္ဌီ ဝိဘတ် ဗဟုဝုစ်

http://www.dhammadownload.com

နံ-သက်။ ဆရာကား-နောစဒ္ဓါဒိတောနံမှိ,ဟူသော ဤသုတ်ဖြင့်-နံ-ဝိဘတ် နှောင်းသောကြောင့်-န-လာမြဲ လာစပါလော့။ မလာစရ။ အဘယ့်ကြောင့်။ ဒ္ဓိလျှင်အပိုင်းအခြားရှိသော သင်္ချာ သဒ္ဒါနောင်မှ မနှောင်းသောကြောင့်။ မလာစရ။ ဿ-ကိုခွင်း။သုနံဟိသုစ,သုတ်ဖြင့်-နံ-ဝိဘတ်နှောင်းသောကြောင့် ဿ-၏အစိတ်ဖြစ်သော အ-ကို-အာ-ဒီဃပြု။ ဿ-အာသို့ကပ်။ သဟဿာနံ, ပြီး၏။ ။ဒုတိယ ကိုဥဒါဟရုဏ်၌ **ဒ္ဓိသု**,ကို ဒ္ဓိ,သင်္ချာ သဒ္ဒါတည်။ တို့၌, ကြောင့် ဩကာသမှည့်။ ဩကာသ အနက်၌ သတ္တမီ ဝိဘတ် ဗဟုဝုစ် သု-သက်။ ဆရာကား-ဤသုတ်ဖြင့် ဒ္ဓိ,သဒ္ဒါနောင်မှ န-လာမြဲ လာစပါလော့။ မလာစရ။ အဘယ့်ကြောင့် နံ-ဝိဘတ်မနှောင်းသောကြောင့် မလာစရ။ ဣ-သရမှ ဒ္ဓ-ဗျည်းကိုခွင်း။ သုနံဟိသုစ,သုတ်ဖြင့် သု-ဝိဘတ် နှောင်းသော ကြောင့် ဒ္ဓိ-သဒ္ဒါ၏ အစိတ်ဖြစ်သော ဣ-ကို ဤ-ဒီဃပြု, ဒ္ဓ ဤ-သို့ကပ်။ ဒ္ဓိသု,ပြီး၏။ ။**တိသု**,ကို တိ,သဒ္ဒါတည်။ သု-ဝိဘတ်သက်။ စောဒနာမြဲ။ လုပ်မြဲ။ ။**စတဿန္ဓ**,ကို စတု,သဒ္ဒါတည်။ တို့အား,ကြောင့် သမ္ပဒါန် အနက်၌ စတုတ္ထီ ဝိဘတ်ဗဟုဝုစ် နံ-သက်။ တို့၏,ကြောင့် သာမီအနက်၌ ဆဋ္ဌီ ဝိဘတ်ဗဟုဝုစ် နံ-သက်။ နောစဒ္ဓါဒိတောနံမှိ,ဟူသော ဤသုတ်၌ကောင်းစွာ အကျုံးဝင်သော စသဒ္ဒါဖြင့် ဿ-ဒ္ဓေဘော်လည်း လာ။ န-အက္ခရာလည်း လာ။ န-နံသို့ကပ်။ တ-ကိုခွင်း။ လောပဥ္ဇတတြာကာရော, သုတ်ဖြင့် ဿ-ဗျည်းနှောင်းသောကြောင့် တု-၏ အစိတ်ဖြစ်သော ဥ-ကိုချေ။ ထိုကျေရာ၌ လည်း အ-လာ။ တ-အ-သို့ကပ်။ စတဿန္ဓံ,ပြီး၏။

> ကွစာ ဒိမဇ္ဈုတ္တရာနံ ဒီဃရဿာ ပစ္စယေသုစ, သုတ်မှ ကွစိသဒ္ဒါ, မဇ္ဈ သဒ္ဒါလိုက်စေ၍ တေသုဝုဒ္ဓိ လောပါဂမ ဝိကာရ ဝိပရီတာဒေသာ စ,သုတ်ဖြင့်သော်လည်း စတု,ဟူသော သင်္ချာသဒ္ဒါ၏ အစိတ်ဖြစ် သော ဥ-ကို အ-ပြု၍လည်း နျာသဆရာ နှစ်နည်းလုပ်၏။

တိဿန္ဓံ,ကို တိသင်္ချာသဒ္ဒါတည်။ တို့အား, ကြောင့် သမ္ပဒါန်အနက်၌ စတုတ္ထီဝိဘတ် ဗဟုဝုစ် နံ-သက်။ တို့၏, ကြောင့် သာမီအနက်၌ ဆဋ္ဌီဝိဘတ် ဗဟုဝုစ် နံ-သက်။ ဤသုတ်၌ စသဒ္ဒါဖြင့် ဿ-ဒ္ဓေဘော်လည်းလာ။ န-အက္ခရာလည်းလာ။ န-နံ-သို့ကပ်။ တိဿန္ဓံ,ပြီး၏။

http://www.dhammadownload.com

အချိသောဆရာတို့ကား သုတ်လုံးဖြင့် နှ,အကွရာ။ စသဒ္ဒါဖြင့် ဿ-ဒ္ဒေဘော်လာ၏။ ထိုသို့စီရင်ခြင်းသည် "ဣဓ စဂ္ဂဟဏေန သကာရဒ္ဒယဿစ နကာရဿစ အာဂမံ ကတ္ဒာ" ဟူသော ဒျာသပါဌ်နှင့် လည်းကောင်း။ "ဿဥ္ဇာဂမောတိ သကာရဒ္ဒယာဂမောစ နကာရာဂမောစ ဟောတိ။ ဧတ္ထ ဟိ စသဒ္ဒေန နကာရာဂမံ သမုစ္စေတိ၊ ဣဒံ စဂ္ဂဟဏ ဖလံ ဣတ္ထိလိင်္ဂေယေဝ ဟောတိ" ဟူသော နိဒ္ဒေသပါဌ်နှင့် လည်းကောင်း မညီသောကြောင့် မသုံးဆောင်အပ်။

၆၈။ အမာ ပတော သွိ ဿွာနံဝါ

ပတော၊ ပ,နောင်မှ။ သွိ ဿွာနံ၊ သွိ ဝိဘတ်, သွာဝိဘတ်တို့၏။ ဝါ၊ ဖြင့်။ အံ,အာ၊ အံ,အပြု၊ အာ,အပြုတို့သည်။ ဟောန္တိ၊ ကုန်၏။ ဝါ၊ ဖြင့်။ နဟောန္တိ၊ ကုန်။ ။ ပ ဣစ္စေတသွာ၊ ပ,နောင်မှ။ သွိ ဿွာဣစ္စေတေသံ၊ သွိ ဝိဘတ်, သွာ-ဝိဘတ်တို့၏။ အံအာဒေသာ၊ အံ-အပြု။ အာ-အပြုတို့သည်။ ယထာသခ်ျံ၊ အစဉ်အားလျော်စွာ။ ဝါ၊ ဖြင့်။ ဟောန္တိ၊ ကုန်၏။ ဝါ၊ ဖြင့်။ နဟောန္တိ၊ ကုန်။ မတျံ၊ ပညာ၌။ မတိယံ၊ ပညာ၌။ မတျာ၊ မှ။ မတိယာ၊ ပညာမှ။ နိကတျံ၊ စဉ်းလဲခြင်း၌။ နိကတျာ၊ စဉ်းလဲခြင်းမှ။ နိကတိယာ၊ စဉ်းလဲခြင်းမှ။ ဝိကတျံ၊ ဘောက်ပြန်ခြင်း၌။ ဝိကတိယံ၊ ဘောက်ပြန်ခြင်း၌။ ဝိကတျာ၊ ဘောက်ပြန်ခြင်းမှ။ ဝိကတိယာ၊ ဘောက်ပြန်ခြင်းမှ။ ဝိရတျံ၊ ကြဉ်ခြင်း၌။ ဝိရတိယံ၊ ကြဉ်ခြင်း၌။ ဝိရတျာ၊ မှ။ ဝိရတိယာ၊ မှ။ ရတျံ၊မွေ့လျော်ခြင်း၌။ ရတိယံ၊ ၌။ ရတျာ၊ မှ။ ရတိယာ၊ မှ။ ပုထဗျာ၊ မြေ၌။ ပုထဝိယံ၊ မြေ၌။ ပုထဗျာ၊ မြေမှ။ ပုထဝိယာ၊ မြေမှ။ ပဝတျံ၊ ဖြစ်ခြင်း၌။ ပဝတ္တိယံ၊ ၌။ ပဝတျာ၊ မှ။ ပဝတ္တိယာ၊ မှ။

ဤသုတ်သည်ကား **အာဒေသဝိဓိ**မည်၏။ ဤသုတ်၏ အင်္ဂါကား ပ,လည်းဖြစ်စေ, သွိ ဝိဘတ် သွာဝိဘတ်လည်း ဖြစ်စေ, ဤသို့ အင်နှစ်ပါးတည်း။ ဤအင်နှစ်ပါး ညီသည်ရှိသော် အချိသဖြင့် သွိ ဝိဘတ်ကို အံ၊ သွာဝိဘတ်ကို အာ-ပြုရာ၏။ ယထာသခ်ျံ၏အဓိပ္ပါယ်ကား သွိ ဝိဘတ်ကို အံ၊ သွာဝိဘတ်ကို အာ-ပြုလိုသည်။

မတျံ,ကို မတိလိင်တည်။ ၌,ကြောင့် ဩကာသအနက်၌ သတ္တမီဝိဘတ် ဧကဝုစ် သွိ သက်။ ဣ-သရမှ တ-ဗျည်းကိုခွင်း။ ဣ-ကို ပ-မှည့်။ အမာပ

http://www.dhammadownload.com

တော သို့ **သွာနံဝါဟူသော** ဤသုတ်ဖြင့် ပ-နောင်မှနှောင်းသော သို့ ဝိဘတ်ကို အံ-ပြု။ **ပသညဿစ,ဟူသော** သုတ်ဖြင့် ဝိဘတ်အပြုဖြစ်သော နိဂ္ဂဟိတ်မှိသော **အ-သရ နှောင်းသောကြောင့်** ပ-အမည်ရှိသော ဣ-ကို ယ-ပြု။ ယ- အံ-သို့ကပ်။ **တ-ယံ-သို့ကပ်**။ မတို့,ပြီး၏။ ။**မတိ ယံ, ဟူသော** ကို ဥဒါဟရုဏ်ကို မတိ,လိင်တည်။ ၌, ကြောင့် ဩကာသအနက်၌ **သတ္တမီ** ဝိဘတ် ဧကဝုစ် သို့ -သက်။ ဣ-သရမှ တ-ဗျည်းကိုခွင်း။ ဣ-ကို ပ-မှည့်။ ဆရာကား ဤသုတ်ဖြင့် ပ-နောင်မှနှောင်းသော သို့ ဝိဘတ်ကို အံ-ပြုမြဲပြု စပါလော။ မပြုစရ။ အဘယ့်ကြောင့် ဝါသဒ္ဒါ မြစ်သောကြောင့် မပြုစရ။ ဃပတော သို့ ယံဝါ,ဟူသောသုတ်ဖြင့် ပ-နောင်မှနှောင်းသော သို့ ကို ယံ-ပြု။ တ-ဣ-သို့ကပ်။ မတိယံ,ပြီး၏။

မ တျာ,ကို မတိ,လိင်တည်။ မှ, ကြောင့် အပါဒါန်အနက်၌ ပဥ္စမီဝိဘတ် ဧကဝုစ် သွာ-သက်။ **ဣ-သရမှ တ-ဗျည်းကိုခွင်း**။ ဣ-ကို ပ-မှည့်။ ဤသုတ်ဖြင့် ပ-နောင်မှနှောင်း**သော သွာ - ဝိဘတ်ကို အာ**-ပြု။ ပသညဿစ,သုတ်ဖြင့် ဝိဘတ် အပြု အာ-သရ နှောင်းသောကြောင့် ပ-အမည်ရှိသော ဣ-ကို ယ-ပြု။ ယ-အာ-သို့ကပ်။ တ-ယာ-သို့ကပ်။ မတျာ,ပြီး၏။ ။**မတိ ယာ**, ဟူသော ကို ဥဒါဟရုဏ်ကို မတိ,လိင်တည်။ မှ,ကြောင့် အပါဒါန် အနက်၌ ပဥ္စမီဝိဘတ် ဧကဝုစ် သွာ-သက်။ ဣ-သရမှ တ-ဗျည်းကိုခွင်း။ ဣ-ကို-ပ-မှည့်။ ဆရာကား-ဤသုတ်ဖြင့် ပ-နောင်မှ နှောင်းသော သွာ-ဝိဘတ်ကို အာ-ပြုမြဲ ပြုစပါလော့။ မပြုစရ။ အဘယ့်ကြောင့်။ ဝါ,မပြုစရ။ ပတောယာ, သုတ်ဖြင့် သွာ-ဝိဘတ်ကို ယာ-ပြု။ တ-ဣ-သို့ကပ်။ မတိယာ,ပြီး၏။

နိ က တျံ,ကို နိကတိ, လိင်တည်။ မတျံနှင့် အတူလုပ်။ **နိ က တိ ယံ**, ကို နိကတိ,လိင်တည်။ မတိယံနှင့်အတူလုပ်။ စောဒနာ။ **နိ က တျာ**, ကို နိကတိ, လိင်တည်။ မတျာနှင့်အတူလုပ်။ **နိ က တိ ယာ**,ကို နိကတိလိင်တည်။ မတိယာနှင့်အတူ စောဒနာ။ ။**ဝိ က တျံ**,ကို ဝိကတိ,လိင်တည်။ မဘံနှင့်အတူလုပ်။ **ဝိ က တိ ယံ**,ကို ဝိကတိ,လိင်တည်။ မတိယံနှင့် အတူလုပ်။ စောဒနာမြဲ။ **ဝိ က တျာ**,ကို ဝိကတိ,လိင်တည်။ မတျာနှင့် အတူလုပ်။ **ဝိ က တိ ယာ**,ကို ဝိကတိ,လိင်တည်။ မတိယာနှင့်အတူလုပ်။ စောဒနာမြဲ။ ။**ဝိ ရ တျံ**, ကို ဝိရတိ,လိင်တည်။ မတျံနှင့်အတူလုပ်။ **ဝိ ရ တိ ယံ**,ကို ဝိရတိ,လိင်တည်။ မတိယံ

http://www.dhammadownload.com

နှင့်အတူလုပ်။ စောဒနာမြဲ။ **ဝိရတျာ**,ကို ဝိရတိ, လိင်တည်။ မတျာနှင့် အတူလုပ်။ **ဝိရတိယာ**,ကို ဝိရတိ,လိင်တည်။ မတိယာနှင့်အတူလုပ်။ စောဒနာမြဲ။

ရတျံ, ကို ရတိ, လိင်တည်။ မတျံနှင့် အတူလုပ်။ **ရတိယံ**, ကို ရတိ,လိင်တည်။ မတိယံနှင့်အတူလုပ်။ စောဒနာမြဲ။ **ရတျာ**,ကို ရတိ,လိင်တည်။မတျာနှင့်အတူလုပ်။ **ရတိယာ**,ကို ရတိ,လိင်တည်။ မတိယာနှင့်အတူလုပ်။ စောဒနာမြဲ။

ပုထဗျံ,ကို ပုထဝီ,လိင်တည်။ ၌, ကြောင့် ဩကာသမှည့်။ ဩကာသအနက်၌ **သတ္တမီဝိဘတ်** ဧကဝုစ်သို့ သက်။ ဤသရမှ ဝ-ဗျည်းကိုခွင်း။ ဤ-ကို ပ-မှည့်။ ဤသုတ်ဖြင့် ပ-နောင်မှ နှောင်းသော သို့-ဝိဘတ်ကို အံ-ပြု။ ပသညဿစ,ဟူသော သုတ်ဖြင့် ဝိဘတ်အပြု ဖြစ်သော နိဂ္ဂဟိတ် မှီသော အ-သရ နှောင်းသောကြောင့် ပ-အမည် ရှိသော ဤ-ကို ယ-ပြု။ ယ-အံ-သို့ကပ်။ ဒေါဓဿစ,သုတ်၌ စသဒ္ဒါဖြင့် ဝ-ကို တတိယက္ခရာ ဗ-ပြု။ ဗ-ယံ-သို့ကပ်။ ပုထဗျံ,ပြီး၏။

ပုထဝိယံ,ကား ကိ ံတည်း။ ပုထဝီ,လိင်တည်။ ၌,ကြောင့် ဩကာသမှည့်။ ဩကာသ အနက်၌ သတ္တမီ ဝိဘတ် ဧကဝုစ် သို့ သက်။ ဤ-သရမှ ဝ-ဗျည်းကိုခွင်း။ ဤ-ကို ပ-မှည့်။ ဆရာကား-ဤသုတ်ဖြင့် **ပ-နောင်မှ** နှောင်းသော သို့-ဝိဘတ်ကို အံ-ပြုမြဲ ပြုစပါလော့။ **မပြုစရ။ အဘယ့်**ကြောင့်။ ဝါ,မပြုစရ။ အဃောရဿ မေက ဝစနယောသွပိစ, **သုတ်ဖြင့် ဧက**ဝုစ် သို့ ဝိဘတ် နှောင်းသောကြောင့် ဃ-မဟုတ်**သော ပ-အမည် ရှိ**သော ဤ-ကို ဣ-ရဿပြု။ ဃပတော သို့ ယံဝါ,သုတ်ဖြင့် **ပ-နောင်မှ နှောင်း**သော သို့-ဝိဘတ်ကို ယံ-ပြု။ ဝ-ဣသို့ကပ်။ ပုထဝိယံ, **ပြီး၏။** ။**ပုထဗျာ**, ကို ပုထဝီ,လိင်တည်။ မှ,ကြောင့် အပါဒါန်မှည့်။ **အပါဒါန် အနက်**၌ ပဉ္စမီဝိဘတ် ဧကဝုစ် သွာ-သက်။ ဤ-သရမှ **ဝ-ဗျည်းကိုခွင်း။ ဤ**-ကို ပ-မှည့်။ ဤသုတ်ဖြင့် ပ-နောင်မှ နှောင်း**သော သွာ-ဝိဘတ်ကို** အာပြု။ ပသညဿစ, သုတ်ဖြင့် ဝိဘတ် အပြု **အာ-သရ နှောင်း**သောကြောင့် ပ-အမည် ရှိသော ဤ-ကို-ယ-ပြု။ **ယ-အာသို့ကပ်။ ဒေါဓဿစ**,သုတ်၌ စသဒ္ဒါဖြင့် ဝ-ကို တတိယက္ခရာ ဗ-ပြု။ **ဗ-ယာသို့ကပ်။** ပုထဗျာ,ပြီး၏။ ။**ပုထဝိယာ**, ကား ကိ ံတည်း။ ပုထဝီ, လိင်တည်။ မှ,ကြောင့် အပါဒါန်မှည့်။ အပါဒါန် အနက်၌

http://www.dhammadownload.com

ပဥ္စမီ ဝိဘတ် ကေဝုစ် သဗ္ဗာ-သက်။ ဤ-သရမှ ဝ-ဗျည်းကိုခွင်း။ ဤ-ကို ပ-မှည့်။ ဆရာကား-ဤသုတ်ဖြင့် ပ-နောင်မှ နှောင်းသော သဗ္ဗာ-ဝိဘတ်ကို အာပြုမြဲ ပြုစပါလော့။ မပြုစရ။ အဘယ့်ကြောင့်။ ဝါ, မပြုစရ။ အသောရဿ မေက ဝစနယောသ္မပိစ,သုတ်ဖြင့် ကေဝုစ် သဗ္ဗာ-ဝိဘတ် နှောင်းသောကြောင့် ဿ-မဟုတ်သော ပ-အမည် ရှိသော ဤ-ကို ဣ-ရဿပြု။ ပတောယာ,သုတ်ဖြင့် ပ-နောင်မှ နှောင်းသော သဗ္ဗာ-ဝိဘတ်ကို ယာ-ပြု။ ဝ-ဣ-သို့ကပ်။ ပုထ ဝိယာ,ပြီး၏။ ။(ချာသဒ္ဒါကား ပုထု,သဒ္ဒါတည်၍ ထု၏ အစိတ် ဥ-ကို လ-မှည့်၍ ယဝကာရာစ, သုတ်ဖြင့် လ-အမည်ရှိသော ဥ-ကို ဝ-ပြု၍ အကျယ် လုပ်၏။ ထိုသို့ လုပ်ရာ၌ ဥ-ကို လ-မှည့်ခြင်း, နဒါဒိတောဝါ ဤ, သုတ်ဖြင့် ဤ-ပစ္စည်း သက်ခြင်းကို ကြံအပ်၏)။ ။**ပဝတ္တုံ**, ကို ပဝတ္တိလိင်, တည်။ မတုံနှင့် အတူလုပ်။ ဗျာဋနောစ ဝိသညောဂေါ, သုတ်၌ စသဒ္ဒါဖြင့် သုံးလုံး ကုန်သော ဗျည်းတို့တွင် သုတိတူသော အစဗျည်း တလုံးကိုချေ။ **ပဝတ္တိယံ**, ကို ပဝတ္တိ, လိင်တည်။ မတိယံနှင့် အတူလုပ်။ စောဒနာ။ **ပဝတ္တာ**, ကို ပဝတ္တိလိင်တည်။ မတ္တာနှင့်အတူလုပ်။ တ—တလုံးကိုချေ။ **ပဝတ္တိယာ**,ကို ပဝတ္တိ,လိင်တည်။ မတိယာနှင့် အတူလုပ်။ စောဒနာ။

ဓာတ်ရုပ်ကား **နိကတ္တုံ**,ကို နိ-ရွှေရှိသော ကရ, သဒ္ဒါ တည်။ ကရ၊ သည်။ ကရဏေ၊ ပြုခြင်းဟူသော အနက်၌။ ဝတ္တတိ၊ ၏။ ဤတိအတ္ထေ၊ ၌။ ကရ,ကို ဓာတ်မှည့်။ ရ-ကိုခွင်း။ ဓာတုဿန္တော, ချေ။ ဟီနဘာဝေန၊ ယုတ်သော နိမ့်သော အဖြစ်အားဖြင့်။ ကရဏံ၊ ပြုခြင်းတည်း။ ဤတိ အတ္ထေ၊ ၌။ ဓာတုလင်္ဂေဟိ, ကြောင့် ဤတ္ထိယ မတိယဝေါ ဝါ, သုတ်ဖြင့် ကရ ဓာတ်နောင် တိ-ပစ္စည်းသက်။ ဣဇာဒိန မန္တော နော ဒ္ဝိစ,သုတ်မှ အန္တောဟူသော ဝိသေ သနကာရီ နောဟူသော ကာရိယ၊ ဇနာဒိနမာတိမှိစ, သုတ်လိုက်စေ၍ ရကာ ရော့စ,သုတ်ဖြင့် ကရဓာတ်၏အစိတ် ရ-ကိုချေ။ တဒ္ဓိတ, သုတ်ဖြင့် နိကတိ ဟူသော ကိတ်ပုဒ်ကို နာမ်ကဲ့သို့ငဲ့။ သြ-သက်။ ရွှေလုပ်မြဲ နာမ်ရုပ်ကို ကြည့်၍ဆို။ **နိကတ္တာ**,၌လည်း ဓာတ်ပစ္စည်း,သည်နည်းချည်း။ သဗ္ဗာ-သက်၍ နာမ်ရုပ်လုပ်မြဲ။

ဝိကတ္တုံ, ကို ဝိ ရွှေရှိသော ကရ,သဒ္ဒါတည်။ ဆိုမြဲ။ ဝိပရိဏာမေန၊ ဘောက်ပြန်ခြင်းဖြင့်။ ကရဏံ၊ပြုခြင်းတည်း။ ဤတိအတ္ထေ၊ ၌။ ဓာတုလင်္ဂေဟိ,

http://www.dhammadownload.com

ကြောင့် ဣတ္ထိယ မတိယ ဝေါဝါ သုတ်ဖြင့် ကရဓာတ် နောင် တိ-ပစ္စည်း သက်။ နိကတုံနှင့် အတူဆိုရိုး။ **ဝိက တျာ**,လည်း ဓာတ်,ပစ္စည်း,နည်းတူပင်။ သွာ-သက်၍ လုပ်မြဲ။ ။**ဝိရုတျံ**,ကို ဝိ-ရွှေရှိသော ရမှု, သဒ္ဒါတည်။ ရမှု၊ သည်။ ကိဋ္ဌာယံ၊ ကစားခြင်း ဟူသောအနက်၌။ ဝတ္တတိ၊ ၏။ ဣတိအတ္ထော၊ ၌။ ရမှု,ကို ဓာတ်မှည့်။ မ-ကိုခွင်း။ ဓာတုဿန္တော, ခွေ။ ဝိသေသေန၊ အထူး သဖြင့်။ ရမနံကီဋ္ဌနံ၊ ကစားခြင်းတည်း။ ဣတိအတ္ထော၊ ၌။ ဓာတုလင်္ဂေဟိ, ကြောင့် ဣတ္ထိယ မတိယဝေါဝါ သုတ်ဖြင့် ရမှုဓာတ် နောင် တိ-ပစ္စည်း သက်။ ဘုဇာဒီန မန္တော်နော ဒ္ဒိစ, ဇနာဒီနမာတိမ္ပိစ, သုတ်တို့ကို လိုက်စေ၍ ဂမနဟန ရမာဒီနမန္တော,သုတ်ဖြင့် တိ-ပစ္စည်း နှောင်းသောကြောင့် ရမုဓာတ်၏ အစိတ် မ-ကိုခွေ။ နိကတုံနှင့်အတူဆိုရိုး။ **ဝိရတျာ**,လည်း ဓာတ်, ပစ္စည်း, နည်းတူ။ သွာ-သက်၍လုပ်မြဲ။

ပုထဗျံ,ကို ပုထ,သဒ္ဒါ, ဟုတ္ဝာသဒ္ဒါ, ဇာတသဒ္ဒါ,တည်။ ပုထနောင် လိင်္ဂတ္ထေပဌမာ, သုတ်ဖြင့် သိ-သက်။ ပုထဿပုထု ပထာမောဝါ, သုတ်ဖြင့် ပုထသဒ္ဒါကို ပုထုပြု။ သေသတော,ဖြင့် သိ-ကိုခွေ။ ဟုတ္ဝာ၊ကား။ နိပါတ်ပုဒ် အဆုံးရှိသောကြောင့် ဝိဘတ်မသက်ရ။ သက်လိုသော် တတောစဝိဘတ္တိ ယော,သုတ်၌ စသဒ္ဒါဖြင့် ပဌမာဝိဘတ် ဧကဝုစ် သိ-သက်။ သဒ္ဒဿ မာဝု သော ပသဂ္ဂနိပါတာဒီဟိစ, သုတ်ဖြင့် နိပါတ်ပစ္စည်း အဆုံးရှိသော ဟုတ္ဝာ ဟူသော ပုဒ်နောင် နှောင်းသော သိ-ဝိဘတ်ကိုခွေ။ ဇာတနောင် လိင်္ဂတ္ထေ ပဌမာသုတ်ဖြင့် သိ-သက်။ တ-ကိုခွင်း။ သိ်,ဟူသော သုတ်ဖြင့် နပုံးလိင် အကာရန္တ နောင်မှ နှောင်းသော သိ-ဝိဘတ်ကို အံ-ပြု။ သရလော။ပ။ပကတိ ပြု။ တ-အံသို့ကပ်။ ပုထု ဟုတ္ဝာ ဇာတံ,ဟူသော တဒ္ဓိတ်ဝါကျရုပ်ကားပြီး၏။ ပုထု, များသည်။ ဟုတ္ဝာ၊ ဖြစ်၍။ ဇာတံ၊ ဖြစ်သည်တည်း။ ဣတိအတ္ထော၊ ၌။ ဓာတုလင်္ဂေဟိ,ကြောင့် ဏရာဂါတဿေဒ မညတ္ထေသုစ,သုတ်ဖြင့် ရာဂအနက် ဣဒံအနက်မှ တပါးဖြစ်သော ဇာတအနက်၌ ပုထလိင်နောင် နှစ်ပုဒ်တို့၏ အလယ်၌ ဏ-ပစ္စည်းသက်။ ဇာတ တဒ္ဓိတ်မှည့်။ ဝုတ္တထ္ထာနမပ္ပယောဂေါ, ကြောင့် တေသံ,သုတ်၌ တေသံသဒ္ဒါဖြင့် တဒ္ဓိတ်၏ ဝိဘတ် သိ-ကိုခွေ။ဇာတ ပုဒ် ဟုတ္ဝာ ပုဒ်ကိုခွေ။ ပစ္စည်း အ-ကြွင်းစေ။ ထ-ကိုခွင်း ဝုဒ္ဓါဒိ သရဿဝါ သံယောဂန္တဿ သဏ္ဍေစ,သုတ်ဖြင့် ဏ-အက္ခရာရှိသော အ-ပစ္စည်း နှောင်း

http://www.dhammadownload.com

သောကြောင့် **သံယုဂ်အဆုံးမရှိသော** အစဉ် တည်သော ဥ-ကို သြ-ဝုဒ္ဓိပြု။ (တနည်းကား)။ ဝုဒ္ဓိပြု။ ထိုဝုဒ္ဓိ၏လည်း အာ ဝုဒ္ဓိ, ဧဝုဒ္ဓိ, သြဝုဒ္ဓိအားဖြင့် အမှတ်မဲ့ လျဉ်းလုလတ်သည်ရှိသော် အယုဝဏ္ဏာနဉ္စာယော ဝုဒ္ဓိ, သုတ်ဖြင့် အ-ကို အာ-ဝုဒ္ဓိပြု။ ဣ-ဤ-ကို ဧ-ဝုဒ္ဓိပြု။ ဥ-ဦ-ကို သြ-ဝုဒ္ဓိပြုရာ၏ ဟူ၍ ပရိဘာသာ လာသောကြောင့် ဥ-ကို သြ-ဝုဒ္ဓိပြု။ သြအဝသရေ, သုတ်ဖြင့် နောက် အ-သရ နှောင်းသောကြောင့် သြ—ကို အဝပြု။ (တနည်းကား) ထ ကိုခွင်း။ အာလပနေသိဂသညော, သုတ်လိုက်စေ၍ ဣဝဏ္ဏုဝဏ္ဏာ စျလာ, သုတ်ဖြင့် ဥ-ကို လမှည့်။ စျလာနမိယုဝါ သရေဝါ,သုတ်မှ ဣျလာနံဟူသော ကာရီ,သရေ ဟူသောနိမိတ်လိုက်စေ၍ ယဝကာရာစ, သုတ်ဖြင့် လ-အမည်ရှိသော ဥ-ကို ဝ-ပြု။ ကွစာဒိမဇ္ဈုတ္တရာနံ ဒီဃရဿာ ပစ္စယေသုစ,သုတ်မှ ကွစိ သဒ္ဒါ ဥတ္တရဿဒ္ဒါလိုက်စေ၍ တေသုဝုဒ္ဓိလောပါဂမ ဝိကာရဝိပရိဘာဒေသာစ, သုတ်ဖြင့် ပုထသဒ္ဒါ၏အဆုံးဥ်အ-အက္ခရာလာ။ထ-အ-သို့ကပ်။ဝ-အ-သို့ကပ်။ ဣတ္ထိယမတော အာပစ္စယောသုတ်မှ ဣတ္ထိယံ, ဟူသော အာဓာရသတ္တမီ လိုက်စေ၍ နဒါဒိတောဝါဣ် သုတ်ဖြင့် ဣ-ပစ္စည်းသက်။(တနည်းကား)ဣတ္ထိယ မတော အာပစ္စယော,သုတ်လိုက်စေ၍ နဒါဒိတောဝါဣ်သုတ်မှ ဣ်,ပစ္စယော ဟူသော ကာရိယ ဝိသယီလိုက်စေ၍ ဏဝဏိကဏ္ဏေယျဏန္တုဟိ,သုတ်ဖြင့် ဣ် ပစ္စည်းသက်။ ဝ-ကိုခွင်း။ သရလော။ပ။ ပကတိပြု။ တဒ္ဓိတ, သုတ်ဖြင့် ပုထဝီ ဟူသော တဒ္ဓိတ်ပုဒ်ကို နာမ်ကဲ့သို့ငဲ့။ သြကာသမှည့်။ သို့ -သက်။လ။ အပါဒါန်မှည့်။ သွာ-သက်။ နာမ်ရုပ်လုပ်မြဲ။ ပုထဗျံ့,ပုထဗျာ,နှစ်ရုပ်ပြီး၏။

ဥဏာဒိဒ္ဓ၊ ပုထဿပုထုပထာမောဝါ, သုတ်ဒ္ဓလုပ်သောရုပ်ကား **ပုထ သဒ္ဒါဇာတသဒ္ဒါ**,တည်။ သိ-သက်။ ခေျ။ သိ-သက်။ အံ-ပြု။ ပုထဇာတံ, ဝါကျ၊ ပုထ, ကိုပုထဟုတ္တာ, ဟုဘွင့်။ ပုထဟုတ္တာ၊ များသည်ဖြစ်၍။ ဇာတံ၊ ဖြစ်သည်တည်း။ ဣတိအတ္ထော၊ဒ္ဓ။ ဓာတုလင်္ဂေါ်,ကြောင့် ဏရာဂါတဿေဒ မည်တွေ့သုစ,သုတ်ဖြင့် ရာဂအနက်ဣဒံအနက်မှတပါးဖြစ်သောဇာတအနက်ဒ္ဓ ပုထလိင်နောင် ဏ-ပစ္စည်း သက်။ ဇာတ တဒ္ဓိတ်မှည့်။ ဝုတ္တထ္ထာန မပွယော ဂေါ,ကြောင့် တေသံ ဝိဘတ္တိယောလောပါစ,သုတ်ဒ္ဓ တေသံသဒ္ဒါဖြင့် တဒ္ဓိတ် ၏ ဝိဘတ် သိကိုခေျ။ ဇာတပုဒ်ကိုခေျ။ တေသံဏောလောပံ, သုတ်ဖြင့် ဏ-အနုဗန်ကို ခေျ။ ပစ္စည်း အ-ကြွင်းစေ။ ပုထဿ ပုထုပထာမောဝါ,သုတ်ဖြင့်

http://www.dhammadownload.com

ပုထသဒ္ဒါကို ပုထုပြု၊ ထ-ကိုခွင်း။ ဣဝဏ္ဏု **ဝဏ္ဏာစျလာ**, သုတ်ဖြင့် ဥ-ကို လ-အမည်မှည့်။ စျလာနမိယုဝါသရေဝါ, သုတ်ဖြင့် လ-အမည်ရှိသော ဥ-ကို ဥဝ-ပြု။ ကွစာဒိ,သုတ်လိုက်စေ၍ တေသုဝုဒ္ဓိ,သုတ်ဖြင့် ဥ-ကို အ-ပြု။ထ အ-သို့ကပ်။ ဣတ္ထိယမတော အာပစ္စယော, နဒါဒိ တောဝါ ဤ, သုတ်တို့ကို လိုက်စေ၍ ဏဝဏိကဏေယျဏန္တုဟိ,သုတ်ဖြင့် ဤ-ပစ္စည်းသက်။ ဝ-ကိုခွင်း။ သရလော။ပ။ ပကတိ။ ပြု။ ကပ်။ တဒ္ဓိတ,နာမ်ငဲ့။ သ္မိံ-သက်။ သ္မာ-သက်။ နာမ်ရုပ်လုပ်မြဲ။ ဤသို့အထူးနှစ်နည်း စီရင်ဟန်ကို မှတ်အပ်၏။

ပဝတျံ,ကို ပ-ရှေရှိသော ဝတု,သဒ္ဒါတည်။ ဝတု၊ သည်။ ဝတ္တနေ၊ ဖြစ်ခြင်း,လည်ခြင်းဟူသော အနက်၌။ ဝတ္တတိ၊၏။ ဣတိအတ္ထေ၊၌။ ဝတုကိုဓာတ်မှည့်။ တ-ကိုခွင်း။ ဓာတုဿန္တော,ချေ။ ပဝတ္တနံ၊ ဖြစ်ခြင်း။ ဣတိအတ္ထေ၊၌။ ဓာတုလိင်္ဂေဟိ,ကြောင့် ဣတ္ထိယမတိယဝေါဝါ, သုတ်ဖြင့် ဝတုဓာတ်နောင် တိ-ပစ္စည်းသက်။ တ-တိ-သို့ကပ်။ တဒ္ဓိတ,သုတ်ဖြင့် ပဝတ္တိဟူသော ကိတ်ပုဒ်ကို နာမ်ကဲ့သို့ငဲ့။ ဩကာသမှည့်။ သ္မိံ-သက်။လ။ အပါဒါန်မှည့်။ သ္မာ-သက်။ တ-တလုံးကိုချေ။ နာမ်ရုပ်လုပ်မြဲပင်။ ပြီး၏။

၆၉။ အာဒိတော ဩစ

အာဒိတော၊ အာဒိ, သဒ္ဒါနောင်မှ။ ဩစ၊ အံ-အပြု,ဩ-အပြု, တို့သည်လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ ။အာဒိဣစ္စေတသ္မာ၊ အာဒိ သဒ္ဒါနောင်မှ။ ပရဿ၊ သော။ သ္မိံဝစနဿ၊ သ္မိံဝိဘတ်၏။ အံဩအာဒေသာ၊ အံ-အပြု, ဩ အပြု,တို့သည်။ ဝါ၊ဖြင့်။ ဟောန္တိ၊ ကုန်၏။ ဝါ၊ဖြင့်။ နဟောန္တိ၊ ကုန်။ အာဒိံ၊ အစ၌။အာဒေါ၊အစ၌။ ဝါတိကိမတ္ထံ၊ဘောအာစရိယ၊ဣမသ္မိံ သုတ္တေ၊အဓိကိစ္စဝသေန၊သမဘိနိဝိဋ္ဌံ၊ ဝါတိပဒံ၊ကိမတ္ထံ၊အာစရိယေန၊ ဝုတ္တံ၊ ဘောသိဿ၊အာဒိသ္မိံ,အာဒိမှိ,ဣတိအာဒီသုဥဒါဟရဏေသု၊တို့၌။ သတိပိအာဒိတောသ္မိံဝစနေ၊ ဝါသဒ္ဒေန နိဝါရိတတ္တာ၊ အာဒိတော၊ အာဒိ, သဒ္ဒါနောင်မှ။ သ္မိံဝစနေ၊ သ္မိံဝိဘတ်သည်။ သတိပိ၊ လည်း။ ဝါသဒ္ဒေန၊ ဖြင့်။ နိဝါရိတတ္တာ၊ကြောင့်။

ဤသုတ်ပါ စသဒ္ဒါဖြင့် သ္မိံဝိဘတ်၏ အံ-ကိုဆိုခြင်းသည် နိဒါနဝဂ္ဂသံယုတ်-မဟာဝဂ္ဂဋီကာ၌,ရတ္တိန္တိရတ္တိယံ၊ဘုမ္မတ္ထေဟေတံဥပယောဂဝစနံ" ဟုဆိုခြင်းကြောင့် စဉ်းစားစရာပင်။ (မြောင်းမြ-ဇေယျမေဒနီ ဆရာတော်)။

http://www.dhammadownload.com

ဣမိနာသုတ္တေန၊ဤ-အာဒိတောဩြစ,ဟူသော သုတ်ဖြင့်။ အံဩြအာဒေသာ၊ အံ-အပြု,ဩြ-အပြု,တို့သည်။ နဟောန္တိ၊ကုန်။လ။ အာဒိသို့ ၊ အစဉ်။ အာဒိမှ၊ အစဉ်။ နာထံ၊ မြတ်စွာဘုရားကို။ နမဿိကၠာ၊ရှိခိုး၍။ စဂ္ဂဟဏေန၊ဖြင့်။ အညသ္မာပိ၊ အာဒိ,သဒ္ဒါမှ တပါးသော သဒ္ဒါနောင်မှလည်း။ သို့ ဝစနဿ၊ သို့ , ဝိဘတ်၏။ အာဩြအံအာဒေသာ၊ အာ-အပြု,ဩြ-အပြု, အံအပြု,တို့သည်။ ဟောန္တိ၊ကုန်၏။ ဒိဝါစ၊နေ့၌လည်းကောင်း။ ရတ္တောစ၊ ည၌၌လည်းကောင်း။ ယေ၊ အကြင်သူတို့သည်။ ဗလိ ၊ ပူဇော်သက္ကာကို။ ဟရန္တိ၊ ဆောင်ကုန်၏။ ဗာရာဏသိ ၊ ဗာရာဏသီ အမည်ရှိသောပြည်၌။ ရာဇာ၊ မင်းသည်။ အဟု၊ ဖြစ်ပြီ။

ဤသုတ်ကား **အာဒေသဝိဓိ** မည်၏။ ဤသုတ်၏ အဂ်ါကား အာဒိ သဒ္ဒါလည်း ဖြစ်စေ, သို့ ,ဝိဘတ်လည်း ဖြစ်စေ, ဤသို့ အင်္ဂ နှစ်ပါးတည်း။ ဤအင်္ဂနှစ်ပါး ညီသည်ရှိသော် သို့ ,ဝိဘတ်ကို အ၌ သဖြင့် အံ,ဩြ,ပြုစရ၏။

အာဒိ ,ကို အာဒိ,လိင်တည်။ ၌,ကြောင့် ဩြကာဿ အနက်၌ သတ္တမီ ဝိဘတ် ကေဝုစ် သို့ -သက်။ အမာပတော သို့ သွာနံဝါ, သုတ်မှ အံ-အာဒေသ လိုက်စေ၍ အာဒိတော ဩြစ, ဟူသော ဤသုတ်ဖြင့် အာဒိ သဒ္ဒါ နောင်မှ နှောင်းသော သို့ -ဝိဘတ်ကို အံပြု။ ဣ-သရမှ ဒ-ဗျည်းကိုခွင်း။ ဣ-ကို ဗျ-မှည့်။ သရာသရေလောပံ, သုတ်မှ သရာ ဟူသော ကာရီ-လောပ် ဟူသော ကာရိယ လိုက်စေ၍ ဝါပရော အသရွှပါ, သုတ်ဖြင့် တူသော သုတိ မရှိသော ဣ-သရနောင်မှ နောက်ဖြစ်သော နိဂ္ဂဟိတ် မှိသော အ-သရကို ချေလုလတ်သော် ထိုသုတ်၌ ဝါသဒ္ဒါ မြစ်သောကြောင့် မချေစရ။ သရလောပေါ, သုတ်ဖြင့် နောက် အံ-အာဒေသ နှောင်းသောကြောင့် ရှေ့သရ ဣ-ကိုချေလုလတ်သော် အံမောနိဂ္ဂဟီတံ စျလပေဟိ,သုတ်ဖြင့် စျ-နောင်မှ နှောင်းသော အံ ဝိဘတ်ကို နိဂ္ဂဟိတ်ပြု။ ဒ-ဣ်-သို့ကပ်။ အာဒိ , ပြီး၏။ ။အာဒိသဒ္ဒါ ကား ပုလ္လိင်တည်း။

ဓာတ်ရုပ်ကား **အာ**, ရှေ့ရှိသော **ဒါ,သဒ္ဒါ**,တည်။ အာပုဗ္ဗော၊ အာရှေ့ရှိသော။ ဒါ၊ ဒါ,သဒ္ဒါသည်။ အာဒါနေ၊ယူခြင်း ဟူသော အနက်၌။ဝတ္ထုတို့ ၏။ ဣတိအတ္ထော၊ ၌။ ဒါ-ကို ဓာတ်မှည့်။ အာဒီယတိ၊ ယူအပ်၏။ ဣတိ

http://www.dhammadownload.com

အတ္ထေ၊ ၌။ ဓာတုလိင်္ဂေဟိ, ကြောင့် သညာယံ ဒါဓာတော ဣ, သုတ်ဖြင့် ဒါ-ဓာတ်နောင် ဣ-ပစ္စည်းသက်။ ဒ ကိုခွင်း။ သရလော။ ပ။ ပကတိပြု။ ကပ်။ တဒ္ဓိတ, သုတ်ဖြင့် အာဒိ ဟူသော ကိတ်ပုဒ်ကို နာမ်ကဲ့သို့ငဲ့။ ဩကာသ မှည့်။ သို့-သက်။ နာမ်ရုပ်လုပ်မြဲ။

အာဒေါ,ကို အာဒိ,လိင်တည်။ ၌,ကြောင့် ဩကာသ အနက်၌ သတ္တမီ ဝိဘတ် ဧကဝုစ် သို့-သက်။ ဤသုတ်ဖြင့် အာဒိသဒ္ဒါ နောင်မှ နှောင်းသော သို့-ဝိဘတ်ကို ဩ-ပြု။ ဒ-ကိုခွင်း။ သရလော။ ပ။ ပကတိပြု။ ဒ-ဩ-သို့ကပ်။ အာဒေါ,ပြီး၏။ ။ကိုဥဒါဟရုဏ်၌ **အာဒိသို့**,ကို အာဒိ,လိင်တည်။ ၌,ကြောင့် ဩကာသ အနက်၌ သတ္တမီ ဝိဘတ် ဧကဝုစ် သို့-သက်။ ဆရာကား အာဒိတောဩစ, ဟူသော ဤသုတ်ဖြင့် အာဒိသဒ္ဒါ နောင်မှ နှောင်းသော သို့-ဝိဘတ်ကို အံ ဩ-ပြုမြဲ ပြုစပါလော့။ မပြုစရ။ အဘယ့်ကြောင့်။ ဝါ,မပြုစရ။ အာဒိသို့,ပြီး၏။ **အာဒိမှိ**,ကို အာဒိ, လိင်တည်။ ၌, ကြောင့် ဩကာသ အနက်၌ သတ္တမီ ဝိဘတ် ဧကဝုစ် သို့-သက်။ ဆရာကား ဤသုတ်ဖြင့် အာဒိသဒ္ဒါ နောင်မှ နှောင်းသော သို့-ဝိဘတ်ကို အံ-ဩ ပြုမြဲ ပြုစပါလော့။ မပြုစရ။ အဘယ့်ကြောင့်။ ဝါ, မပြုစရ။ သွာဟိသို့ နံမှာဘိမှိဝါ, သုတ်ဖြင့် အာဒိသဒ္ဒါ နောင်မှ နှောင်းသော သို့ ဝိဘတ်ကို မှိ-ပြု။ အာဒိမှိ ပြီး၏။

ဒိဝါ,ကို ဒိဝ,လိင်တည်။ ၌,ကြောင့် ဩကာသ အနက်၌ သတ္တမီ ဝိဘတ် ဧကဝုစ် သို့-သက်။ အာဒိတော ဩစ, ဟူသော ဤသုတ်၌ ကောင်းစွာ အကျုံးဝင်သော စသဒ္ဒါဖြင့် ဒိဝသဒ္ဒါနောင်မှ နှောင်းသော သို့-ဝိဘတ်ကို အာပြု။ ဝ-ကိုခွင်း။ သရလော။ ပ။ ပကတိပြု။ ဝ-အာ-သို့ကပ်။ ဒိဝါ,ပြီး၏။ ဒိဝါကား နိပါတ်တည်း။ ။**ရတ္တော**, ကို ရတ္တိ လိင်တည်။ ၌, ကြောင့် ဩကာသ အနက်၌ သတ္တမီ ဝိဘတ် ဧကဝုစ် သို့-သက်။ ဤသုတ်၌ စသဒ္ဒါဖြင့် ရတ္တိသဒ္ဒါ နောင်မှ နှောင်းသော သို့ ဝိဘတ်ကို ဩ-ပြု။ တ္တိ-ကိုခွင်း။ သရလော။ ပ။ ပကတိပြု။ တ္တ-ဩ-သို့ကပ်။ရတ္တော,ပြီး၏။ ။**ဗာရာဏသိ**, ကို ဗာရာဏသီ,လိင်တည်။ ၌,ကြောင့် ဩကာသ အနက်၌ သတ္တမီ ဝိဘတ် ဧကဝုစ် သို့-**သက်**။ သ-ကိုခွင်း။ ဤ-ကို ပ-မှည့်။ အဃောရဿ မေကဝစန ယောသွပိစ,သုတ်ဖြင့် ဧကဝုစ် သို့-ဝိဘတ် နှောင်းသောကြောင့် ဃ-မဟုတ်သော ပ-အမည် ရှိသော ဤ-ကို ရဿပြု။ ဤသုတ်၌ စသဒ္ဒါဖြင့် ဗာရာဏ

http://www.dhammadownload.com

သိံပုဒ် နောင်မှ နှောင်းသော သို့ -ဝိဘတ်ကို အံ-ပြု။ အာဒိံ ကဲ့သို့ အလျဉ်း ဆို။ အံမော နိဂ္ဂဟီတံ စျလပေဟိ,သုတ်ဖြင့် ပ-နောင်မှ နှောင်းသော အံ-ဝိဘတ်ကို နိဂ္ဂဟိတ်ပြု။ သ-ဣ-သို့ကပ်။ ဗာရာဏသိံ ပြီး၏။ ။(နျာသဉ်ဒ အံ-ကို နိဂ္ဂဟိတ် ပြုပြီးမှ ဤ-ကို ရဿပြုသည်။ နိဂ္ဂဟိတ်သည် ရဿ သရကို သာ မှီသည်။ ဒီဃသရကို မမှီသောကြောင့် ဆင်ခြင်အပ်၏)။

၇၀။ စျ လာန မိ ယု ဝါ သရေ ဝါ

သရေ၊ သရကြောင့်။ စျလာနံ။ စျ,လ,တို့၏။ ဝါ၊ ဖြင့်။ ဣယုဝါ၊ ဣယ အပြု ဥဝအပြုတို့သည်။ ဟောန္တိ၊ ကုန်၏။ ဝါ၊ နဟောန္တိ၊ကုန်။ ပရေ၊ သော။ သရေ၊ ကြောင့်။ စျလဣစ္စေတေသံ၊ စျ,လ,တို့၏။ ဣယဥဝဣစ္စေတေ အာဒေ သာ၊ ဣယအပြု၊ ဥဝအပြုတို့သည်။ ဝါ၊ ဖြင့်။ ယထာသင်္ချံ၊ အစဉ်အားလျော် စွာ။ ဟောန္တိ၊ ကုန်၏။ ဝါ၊ နဟောန္တိ၊ ကုန်။ တိယန္တံ၊ သုံးခုသော အစွန်း။ ပစ္ဆိယာဂါရေ၊ ခြင်းအိမ်၌။အဂ္ဂိယာဂါရေ၊ မီးအိမ်၌။ ဘိက္ခုဝါသနေ၊ ရဟန်း တို့၏နေရာ၌။ နိသီဒတိ၊ နေ၏။ ပုထုဝါသနေ၊ ကြီးသောနေရာ၌။ နိသီဒတိ၊ ၏။ သရေတိကိမတ္ထံ။ ဘောအာစရိယ၊ ဣမသို့ သုတ္တေ၊ သမဘိနိဝိဋ္ဌံ၊ သရေတိ ပဒံ၊ သရေဟူသောပုဒ်ကို။ ကိမတ္ထံ၊ အာစရိယေန၊ ဝုတ္တံ။ ဘောသိဿ၊ တိမလံ၊ တိဖလံ, ဣတိအာဒီသု ဥဒါဟရဏေသု၊ ကို့၌။ သတိပိ စျလေ သရဿ အဘာ ဝါ။ စျလေ၊ စျ,လ,သည်။ သတိပိ၊ လည်း။ သရဿ၊ သရနှောင်းခြင်း၏။ အဘာဝါ၊ ကြောင့်။ ဣမိနာသုတ္တေန၊ ဤစျလာနမိယုဝါ သရေဝါ, ဟူသော သုတ်ဖြင့်။ ဣယဥဝဣစ္စေတေ အာဒေသာ၊ ဣယအပြု, ဥဝအပြု,တို့သည်။ နဟောန္တိ။လ။ တိမလံ၊ သုံးပါးသော အညစ်အကြေး။ တိဖလံ၊ သုံးလုံးသော သစ်သီး။ တိစတုက္ကံ၊ သုံးခုလေးခု။ တိဒဏ္ဍံ၊ သုံးစင်းသော တောင်ဝှေး။ တိလောကံ၊ သုံးပါးသောလောက။ တိနယနံ၊ သုံးပါးသောမျက်စိ။တိပါသံ၊ သုံးပါးသောကြောဂ္ဂင်း။ တိဟံသံ၊ သုံးကောင်သော ဟင်္သာ။ တိဘဝံ၊ သုံးပါးသော ဘဝ။ တိခန္ဓံ၊ သုံးပါးသော ခန္ဓာ။ တိပိဋ္ဌကံ၊ သုံးပါးသော ပိဋ္ဌက။ တိဝေဒနံ၊ သုံးပါးသော ဝေဒနာ။ စတုဒ္ဒိသံ၊ လေးပါးသော အရပ်။ ပုထုဘူတံ၊ များစွာဖြစ်သည်။ ။ဝါတိကိမတ္ထံ။ ဘောအာစရိယ၊ ဣမသို့ သုတ္တေ၊ သမဘိနိဝိဋ္ဌံ၊ ဝါထိပဒံ၊ ကိမတ္ထံ၊ အာစရိယေန၊ ဝုတ္တံ။ ဘောသိဿ၊

http://www.dhammadownload.com

ပဋ္ဌဟင်္ဂေါဟိ, တီဟာကာရေဟိ, စက္ခာယတနံ, ဣတိအာဒီသု ဥဒါဟရဏေသု, တို့၌။ သတိပိ၊ပရသရစ္ဒလေ ဝါသဒ္ဒေန နိဝါရိတတ္တာ။ ပရသရစ္ဒလေ၊ သရ နှောင်းခြင်းရှိသော စ္ဒ,လသည်။ သတိပိ၊ လည်း။ ပါသဒ္ဒေန၊ နိဝါရိတတ္တာ၊ ဣမိနာသုတ္တေန, ဣယဉဝဣစ္စေတေအာဒေသာ၊နဟောန္တိ။လ။ ပဋ္ဌဟိ၊ငါးပါး ကုန်သော။ အင်္ဂေဟိ၊ အင်္ဂါတို့နှင့်။ တီဟိ၊ သုံးပါးကုန်သော။ အာကာရေဟိ၊ အခြင်းအရာတို့ဖြင့်။ စက္ခာယတနံ၊ စက္ခုဟု ဆိုအပ်သော အာယတန။ ဝါတိ ပဒံ၊ ဝါဟူသောပုဒ်သည်။ ဝိကပ္ပနတ္ထံ၊ အထူးသဖြင့် ကြံခြင်းအနက်ရှိသည်။ ဟောတိ၊ ၏။ ဣကာရဿ၊ ဣ,အက္ခရာ၏။ အယာဒေသော၊ အယ-အပြု သည်။ ဟောတိ၊ ၏။ ဝတ္ထုတ္ထယံ၊ ဝတ္ထုတို့၏သုံးပါးတို့၏ အပေါင်း။

ဤသုတ်သည်ကား **အာဒေသဝိဓိ** မည်၏။ ဤသုတ်၏ အင်္ဂါကား စ္ဒ,လ,လည်းဖြစ်စေ, သရလည်းနှောင်းစေ, ဤသို့လျှင် အင်္ဂနှစ်ပါး တည်း။ ဤအင်္ဂနှစ်ပါး ညီသည်ရှိသော် စ္ဒ,အမည်ရှိသော ဣ,ကို ဣယပြု။ လ,အမည်ရှိသော ဥ,ကို ဥဝပြုစရ၏။ အချို့သဖြင့် မပြုစရ။

တိယန်ဒံ,ကို တိအန်ဒံ,တည်။ ဣ-သရမှ တ-ဗျည်းကိုခွင်း။ ဣ ကို စ္ဒ-မှည့်။ စ္ဒလာနမိယုဝါ သရေဝါ,ဟူသော ဤသုတ်ဖြင့် အ-သရနှောင်းသော ကြောင့် စ္ဒ,အမည်ရှိသော ဣ-ကို ဣယပြု။ တ-ဣ-သို့ကပ်။ ယ-အ-သို့ ကပ်။ တိယန်ဒံ, ပြီး၏။ ။**ပန္နိယာဂါရေ**,ကို ပန္နိ အာဂါရေ,တည်။ **အဂ္ဂိယာဂါရေ**,ကို အဂ္ဂိအာဂါရေ,တည်။ လုပ်မြဲ။ အဂါရေ, တည်မူကား ဒီဃပြု။

ဘိက္ခုဝါသနေ,ကို ဘိက္ခုအာသနေ,တည်။ ဥ-သရမှ က္ခ-ဗျည်းကို ခွင်း။ ဥ-ကို လ-မှည့်။ ဤသုတ်ဖြင့် အာ-သရနှောင်းသောကြောင့် လ-အ မည်ရှိသော ဥ-ကို ဥဝပြု။ က္ခ-ဥ-သို့ကပ်။ ဝ-အာ-သို့ကပ်။ ဘိက္ခုဝါသနေ ပြီး၏။ ။**ပုထုဝါသနေ**,ကို ပုထု အာသနေ,တည်။ လုပ်မြဲ။ ။**ကိံ ဥဒါ** ဟရဏ်၌ **တိမလံ**,ကို တိမလ,တည်။ ဣ-သရမှ တ-ဗျည်းကိုခွင်း။ ဣ-ကို စ္ဒ-မှည့်။ ဆရာကား စ္ဒလာနမိယုဝါ သရေဝါ,ဟူသောဤသုတ်ဖြင့် စ္ဒ-အ မည်ရှိသော ဣ-ကို ဣယ-ပြုမြဲ ပြုစပါလော့။ မပြုစရ။ အဘယ်ကြောင့်။ သရ မနှောင်းသောကြောင့် မပြုစရ။ တ-ဣ-သို့ကပ်။ တိမလံ, ပြီး၏။ **တိဖလံ, တိစတုက္ကံ**,အစရှိသည်ကိုလည်း၊ နည်းတူ စောဒနာ၍လုပ်။ ။**စတုဒ္ဒိသံ,**

http://www.dhammadownload.com

ကို စတုဒ္ဒိသံ,ဟူ၍်တည်။ ဥ-သရမှ တ-ဗျည်းကိုခွင်း။ ဥ-ကို လ-မှည့်။ ဆရာကား ဤသုတ်ဖြင့် လ-အမည်ရှိသော ဥ-ကို ဥဝ-ပြုမြဲ ပြုစပါလော့။ မပြုစရ။ အဘယ်ကြောင့်။ သရမနှောင်းသောကြောင့် မပြုစရ။ တ-ဥ-သို့ ကပ်။ စတုဒ္ဒိသံ,ပြီး၏။ **ပုထုဘူတံ**,ကိုလည်း နည်းတူလုပ်။ စောဒနာ။ ။ ဝါသဒ္ဒါ၏အကျိုးဌ **ပဉ္စဟင်္ဂေဟိ**,ကို ပဉ္စဟိ အင်္ဂေဟိ,ဟူ၍်တည်။ ဣ သရမှ ဟ-ဗျည်းကိုခွင်း ဣ-ကို စျ-မှည့်။ ဆရာကား ဤသုတ်ဖြင့် အ-သရ နှောင်းသောကြောင့် စျ-အမည်ရှိသော ဣ-ကို ဣယ-ပြုမြဲ ပြုစပါလော့။ မပြုစရ။ အဘယ်ကြောင့်။ ဝါ, မပြုစရ။ ဣဝဏ္ဏော ယံ နဝါ,ဖြင့် နောက် သရနှောင်းသောကြောင့် ဣ-ကို ယ-ပြုလုလတ်သော် ထိုသုတ်ဌ ဝါသဒ္ဒါ မြစ်သောကြောင့် မပြုစရ။ ဝါပရော အသရူပါ, ကိုလည်းအလျဉ်းဆို။ ဝါ, မြစ်သောကြောင့်။ သရာသရေ လောပံ, သုတ်ဖြင့် ရှေသရ-ဟိ-အစိတ်ဖြစ်သော ဣ-ကိုချေ။ ဟ-အ-သို့ကပ်။ ပဉ္စဟင်္ဂေဟိ, ပြီး၏။ **တီဟာကာရေဟိ**,ကို တီဟိအာကာရေဟိ,တည်။ ဟိ-ကိုခွင်း။ ဗျ-မှည့်။ စောဒနာမြဲ။ လုပ်မြဲ။

စက္ခာယတနံ,ကို စက္ခုအာယတနံ,တည်၊ က္ခ-ကိုခွင်း။ ဥ-ကို-လမှည့်။ ဆရာကား- ဤသုတ်ဖြင့် အာ-သရ နှောင်းသောကြောင့် လ-အမည်ရှိသော- ဥ-ကို ဥဝ-ပြုမြဲ ပြုစပါလော။မပြုစရ။ အဘယ့်ကြောင့်။ ဝါ,မပြုစရ။ ဝမောဒုဒန္တာနံ,သုတ်ဖြင့် ဥ-ကို ဝ-ပြု လုလတ်သော် ကွစိ,မပြုစရ။ ဝါပရော ကိုလည်း အလျဉ်းဆို။ ဝါ,မြစ်။ သရုံသရေလောပံ,ဖြင့် အာ-သရ နှောင်းသောကြောင့် ရှေသရ-ကု-၏အစိတ်ဖြစ်သော ဥ-ကိုချေ။ က္ခ-အာ-သို့ကပ်။ စက္ခာယတနံ,ပြီး၏။ ။[ဝတ္ထုတယံ,ဌ် တယံကား သမူဟ တဒ္ဓိတ်တည်း။ ဝတ္ထုတယံကား ဆဋ္ဌီတပ္ပုရိသ်သမာသ်တည်း]။

တယံ,ကို တိသဒ္ဒါ,သမာဟာရ သဒ္ဒါတည်။ တို့၏,ကြောင့် တိ-နောင် ဆဋ္ဌီဝိဘတ်-ဗဟုဝုစ် **နံ**-သက်။ နောစဒ္ဒါဒိတောနံမှိ, ဟူသော သုတ်ဖြင့် နံ-ဝိဘတ်နှောင်းအောကြောင့် တိ-ဟူသော သခ်ျာ သဒ္ဒါနောင်မှ-န-လာ။ န-နံ-သို့ကပ်။ **လိင်္ဂတ္ထပဌမာ**,ဟူသော သုတ်ဖြင့် လိင်အနက်ကို ဟောကာမျှ တည်းသော သဒ္ဒါဌ် ပဌမာ ဝိဘတ်ဧကဝုစ်-သိ-သက်။ ရ-ကိုခွင်း။ သော, ဟူသော သုတ်ဖြင့် ပုလ္လိင် အကာရန္တ နောင်မှ နှောင်းသော သိ-ဝိဘတ်ကို ဩ-ပြု။ သရလော။ပ။ ပကတိပြု။ ရ-ဩ-သို့ကပ်။ တိန္နံသမာဟာရော,

http://www.dhammadownload.com

အမှ,တည်။ ပဌမာ ယော-သက်။ အမှဿမမံ သဝိဘတ္တိဿသေ, သုတ်လိုက် စေ၍ ဤသုတ်ဖြင့် ပဌမာ ယော-ဝိဘတ် နှောင်းသောကြောင့် ဝိဘတ်နှင့်တကွ အလုံးစုံသော အမှသဒ္ဒါကို မယံ-ပြု။ ပြီး၏။ နှစ်ရပ်။ ပဌမကိံ ကို **ပုရိသ**,တည်။ ပဌမာ ယော-သက်။ ဆရာကား-ဤသုတ်ဖြင့် ပဌမာ ဝိဘတ် နှောင်းသောကြောင့် ဝိဘတ်နှင့်တကွ အလုံးစုံသော သဒ္ဒါကို မယံ-ပြုမြဲ ပြုစပါလော့။ မပြုစရ။ အဘယ့်ကြောင့်။ အမှ သဒ္ဒါ မဟုတ်သောကြောင့်။ သ-ကိုခွင်း။ သဗ္ဗယောနိ နမာဧ, သုတ်ဖြင့် ပုလ္လိင် အကာရန္တ နောင်မှ နှောင်းသော ပဌမာယော-ကို အာ-ပြု။ သရလော။ ပ။ ပကတိပြု။ ကပ်။ ပြီး၏။ ။ ဒုတိယကိံ ကို **အမှ** တည်။ သိ-သက်။ ဆရာကား-ဤသုတ်ဖြင့် ပဌမာဝိဘတ် နှောင်းသောကြောင့် ဝိဘတ်နှင့်တကွ အလုံးစုံသော အမှသဒ္ဒါကို မယံ-ပြုမြဲ။ ယော-ဝိဘတ် မဟုတ်သောကြောင့်။ တုမဟံ သိမှိ စ,ဖြင့် သိ-ဝိဘတ် နှောင်းသောကြောင့် ဝိဘတ်နှင့်တကွ အလုံးစုံသော အမှသဒ္ဒါကို အဟံ-ပြု။ပြီး၏။ ။ တတိယကိံ ကို **အမှ**,တည်။ ဒုတိယာ ယော-သက်။ ဆရာကား-ဤသုတ်ဖြင့် ယော-ဝိဘတ် နှောင်းသောကြောင့် ဝိဘတ်နှင့်တကွ အလုံးစုံသော အမှသဒ္ဒါကို မယံ-ပြုမြဲ ပြုစပါလော့။ မပြုစရ။ အဘယ့်ကြောင့်။ ပဌမာ မဟုတ်သောကြောင့်။ ဝါယောပဌမော,ဖြင့် အမှသဒ္ဒါ နောင်မှ နှောင်းသော ပဌမာ မဟုတ်သော ဒုတိယာ ယော-ဝိဘတ်ကို အာကံပြု။ ခွင်း။ အ-ကိုချေ။ပကတိ

http://www.dhammadownload.com

ပြု။ မှ-အာ-သို့ကပ်။ ပြီး၏။ ။(အာကံ-အာဒေ့သ နှောင်းသောကြောင့် ဟူ၍ဆို)။

၁၂၂။ န္တုဿန္တော

န္တုဿ၊ န္တုပစ္စည်း၏။ နွော၊ နွော,အပြု ဖြစ်၏။ ပဌမေ၊ သော၊ ယော့မှိ၊ ကြောင့်။ သဝိဘတ္တိဿ၊ သော။ သဗ္ဗဿေဝ၊ သော။ န္တု ပစ္စယဿ၊ န္တု, ပစ္စည်း၏။ နွောအာဒေသော၊ နွော,အပြုသည်။ ဟောတိ၊ ၏။ ဂုဏဝန္တော၊ ဂုဏ်ရှိသောသူတို့သည်။ တိဋ္ဌန္တိ၊ ရပ်ကုန်၏။ ။န္တုဿေတိကိမတ္ထံ။ န္တုဿေ တိပဒံ၊ န္တုဿ,ဟူသော ပုဒ်ကို။ လ။ သဗ္ဗေသတ္တာ ဂစ္ဆန္တိ,ဣတိ အာဒီသု ဥဒါ ဟရဏေသု၊ တို့၌။ သတိပိယော ပဌမေ န္တုပစ္စယဿ အဘာဝါ။ ယောပဌမေ၊ ပဌမာ-ယော,သည်။ သတိပိ၊ လည်း။ န္တုပစ္စယဿ၊န္တု,ပစ္စည်း၏။ အဘာဝါ၊ ကြောင့်။ ဣမိနာသုတ္တေန၊ ဖြင့်။ နွောအာဒေသော၊ နွော, အပြုသည်။ နဟောတိ။ လ။ သဗ္ဗေ၊ ပေ်သိမ်းကုန်သော။ သတ္တာ၊ သတ္တဝါတို့သည်။ဂစ္ဆန္တိ၊ သွားကုန်၏။ ။ပဌမေတိကိမတ္ထံ။ ပဌမေတိပဒံ၊ ပဌမေ, ဟူသော ပုဒ်ကို။ ဂုဏဝန္တေ ပဿန္တိ ဇနာ,ဣတိ အာဒီသု ဥဒါဟရဏေသု၊ တို့၌။ သတိပိ န္တု ပစ္စယေ ယောဝစနေ ပဌမဿ အဘာဝါ။ ယောဝစနေ၊ ယော,ဝိဘတ် နှောင်း ခြင်းရှိသော။ န္တုပစ္စယေ၊ န္တုပစ္စည်းသည်။ သတိပိ၊ လည်း။ ပဌမဿ၊ ပဌမာ ၏။ အဘာဝါ။ ကြောင့်။ ဣမိနာသုတ္တေန၊ ဖြင့်။ နွောအာဒေသော၊ သည်။ နဟောတိ၊ မဖြစ်။ ဂုဏဝန္တေ၊ တို့ကို။ ဇနာ၊လူတို့သည်။ ပဿန္တိ၊ မြင်ကုန်၏။

ဂုဏသဒ္ဒါ, တသဒ္ဒါ, အတ္ထိသဒ္ဒါ, တည်။ လိင်အနက်ကို အလိုရှိ သောကြောင့် လိင်တ္ထေ ပဌမာ,ဖြင့် လိင်အနက်ကို ဟောကာမျှတည်း သောဂုဏသဒ္ဒါ၌ ပဌမာဝိဘတ် ဧကဝုစ်-သိသက်။ ဏ ကိုခွင်း။ သိ-ကို ဩ-ပြု။ သရလော။ ပ။ ပကတိပြု။ ဏ-ဩ-သို့ကပ်။ သမ္ပဒါန် အနက်ကို အလိုရှိ သောကြောင့် ယဿဒါတုကာမော သုတ်ဖြင့် တ-ကို သမ္ပဒါန် အမည်မှည့်။ စတုတ္ထီ-သ-သက်။ သသ္မာသို့ သံသာ သွတ္တံ,ဖြင့် သ-ဝိဘတ် နှောင်းသော ကြောင့် အလုံးစုံသော တ-သဒ္ဒါကို အ-ပြု။သ-လာ။ သ-သ-သို့ကပ်။အဿ၊ ထိုပုဂ္ဂိုလ်အား။ ဂုဏော၊ ကျေးဇူးသည်။ အတ္ထိ၊ ရှိ၏။ ဣတိအတ္ထေ၊ ၌။

http://www.dhammadownload.com

ဝာတုလိဂေ်ဟိ,ကြောင့် ဂုဏာဒိကောဝန္တု,ဖြင့် အဿတ္ထ် အနက်၌ နှစ်ပုဒ်တို့၏ အလယ်၌ ဝန္တုပစ္စည်းသက်။ အဿတ္ထိတဒ္ဓိတ် အမည်မှည့်။ တေသံ, သုတ်၌ တေသံ သဒ္ဒါဖြင့် တဒ္ဓိတ်၏ ဝိဘတ် သိကိုချေ။ သကိုချေ။ ဝုတ္တတ္ထာန, ကြောင့် တေသံ,သုတ်၌ တေသံသဒ္ဒါဖြင့် တ ပုဒ်,သ-အာဂုမ်,အတ္ထိပုဒ်,တို့ကိုချေ။ ပက ကိစ်သသရန္တသ,သုတ်၌ စသဒ္ဒါဖြင့် သရအဆုံးရှိသော ဂုဏဝန္တုကို ဂုဏဝန္တု ဟု ပကတိပြု။ တဒ္ဓိတ,နာမ်ငဲ့။ ပဌမာ ယော-သက်။ နောက် နှစ်သုတ် လိုက်။ ဤသုတ်ဖြင့် ယော-ဝိဘတ် နှောင်းသောကြောင့် ဝိဘတ်နှင့်တကွ အလုံးစုံသော နွှု-ပစ္စည်းကို နွှော-ပြု။ဂုဏဝန္တော,ပြီး၏။အကျဉ်းကား။**ဂုဏဝန္တု**, တည်။ ယော-သက်။ လုပ်မြဲ။ နာမ် မငဲ့လင့်။ ။ပဌမကိံ ကို **သဗ္ဗ**, တည်။ ပဌမာ ယော-သက်။ ဆရာကား-ဤသုတ်ဖြင့် ပဌမာ ယော-ဝိဘတ် နှောင်းသောကြောင့် ဝိဘတ်နှင့်တကွ အလုံးစုံသော သဒ္ဒါကို နွှော-ပြုမြဲ။နွှုပစ္စည်း မဟုတ်သောကြောင့်။ ခွင်း။ သဗ္ဗနာမကာရတေ ပဌမော,ဖြင့် အကာရန္တ နောင်မှ နှောင်းသော ပဌမာ ယော-ဝိဘတ်ကို ၉-ပြု။ သရလော။ ပ။ ပက တိပြု။ ကပ်။ ပြီး၏။

သော ဟူ၍ အနက် ပေးသောကြောင့် ဝိသေသန ပုဒ်ဖြစ်သော ကြောင့် ဝိသေသနေစ, သုတ်ဖြင့်သာ ဝိဘတ်သက်ရာသည်။ လိင်္ဂတ္ထေ ပဌမာ,ဖြင့် မသက်ရာ တကား ဟူတုံအံ့။ သတ္တာ,ဟူသော ပဓာန ပုဒ်သို့ လိုက်ရသည်။

သတ္တ, တည်။ ပဌမာ ယော-သက်။ စောဒနာမြဲ။ သဗ္ဗယောနိ နမာဧ, သုတ်ဖြင့် ပုလ္လိင် အကာရန္တ နောင်မှ နှောင်းသော ပဌမာ ယော-ကို အာ-ပြု။ သရလော။ ပ။ ပကတိပြု။ ကပ်။ ပြီး၏။ ။ဒုတိယကိံ ကို **ဂုဏဝန္တု**, တည်။ ဒုတိယာ ယော-သက်။ ဆရာကား-ဤသုတ်ဖြင့် ယောဝိဘတ် နှောင်းသောကြောင့် ဝိဘတ်နှင့်တကွ အလုံးစုံသော နွှု-ပစ္စည်းကို နွှော-ပြုမြဲ။ ပဌမာ မဟုတ်သောကြောင့်။ ခွင်း။နွှုသ နွှော ယောသုစ,ဖြင့် ယော-ဝိဘတ် နှောင်းသောကြောင့် နွှု-ပစ္စည်း၏ အစိတ် ဖြစ်သော ဥ-ကို-အ-ပြု။ သဗ္ဗ ယောနိန မာဧ ဖြင့် ပုလ္လိင် အကာရန္တ နောင်မှ နှောင်းသော ဒုတိယာ ယော-ကို ၉-ပြု။ သရလော။ ပ။ ပကတ်ပြု။ ကပ်။ ပြီး၏။

http://www.dhammadownload.com

၁၂၃။ နွဿ သေ ဝါ

သေ၊ သ,ဝိဘတ်ကြောင့်။ ဝါ၊ ဖြင့်။ နွဿ၊ နွဿ,အပြု ဖြစ်၏။ ။သေ၊ သ,ဖြစ်သော။ ဝိဘတ္တိမှိ၊ ကြောင့်။ သဗ္ဗသေဝ၊ သော။ သဝိဘတ္တိဿ၊သော။ နွဲပစ္စယဿ၊ ၏။ နွဿာဒေသော၊ နွဿ,အပြုသည်။ ဝါ၊ ဖြင့်။ ဟောတိ၊၏။ စျာယိနော၊ မကောင်းမှုကို ဘုတ်ကြည်းတတ်သော။ သီလဝနွဿ၊ သီလရှိသော သူအား၊ သူ၏။ ဝါ၊ ကား။ စျာယိနော၊ သော။ သီလဝတော၊ သီလရှိသော သူအား၊ သူ၏။ ။သေတိ ကိမတ္ထံ၊ သေတိပဒံ၊ သေ,ဟူသောပုဒ်ကို။ သီလဝါ တိဋ္ဌတိ, ဣတိအာဒီသု ဥဒါဟရဏေသု၊ တို့၌။ သတိပိ နွဲပစ္စယေ သဿ အဘာဝါ။ နွဲပစ္စယေ၊ သည်။ သတိပိ၊ လည်း။ သဿ၊ သ,ဝိဘတ်၏။ အဘာဝါ။ ကြောင့်။ ဣမိနာသုတ္တေန၊ ဖြင့်။ နွဿာဒေသော၊ သည်။ နဟောတိ၊ မဖြစ်။ သီလဝါ၊ သီလရှိသော သူသည်။ တိဋ္ဌတိ၊ တည်၏။

သီလဝနွဲ, တည်။ စတုတ္ထီ, ဆဋ္ဌီ, သ-သက်။ ဤသုတ်ဖြင့် သ-ဝိဘတ်နှောင်းသောကြောင့် ဝိဘတ်နှင့်တကွ အလုံးစုံသော နွဲ-ပစ္စည်းကို နွဿပြု။ ပြီး၏။ **သီလဝတော**,ကား ဝါသဒ္ဒါ၏ အကျိုးတည်း။ ကိံလည်းမည်၏။ သီလဝနွဲ,တည်။ သ-သက်။ ဆရာကား ဤသုတ်ဖြင့် သ-ဝိဘတ်နှောင်းသောကြောင့် ဝိဘတ်နှင့်တကွ အလုံးစုံသော နွဲ-ပစ္စည်းကို နွဿပြုမြဲ။ ဝါ၊ မပြစရ။ တောတိတာ သသ္မိံ နာသု,သုတ်ဖြင့် သ-ဝိဘတ်နှောင်းသောကြောင့် ဝိဘတ်နှင့် တကွ အလုံးစုံသော နွဲ-ပစ္စည်းကို တော-ပြု။ ပြီး၏။ ။ ကိံကို **သီလဝနွဲ**, တည်။ သိ-သက်။ ဆရာကား-ဤသုတ်ဖြင့် ဝိဘတ်နှောင်းသောကြောင့် ဝိဘတ်နှင့်တကွ အလုံးစုံသော နွဲ-ပစ္စည်းကို နွဿပြုမြဲ။ သ-ဝိဘတ် မဟုတ်သောကြောင့်။ အာသိမှိ,သုတ်ဖြင့် သိ-ဝိဘတ်နှောင်းသောကြောင့် ဝိဘတ်နှင့်တကွ အလုံးစုံသော နွဲ-ပစ္စည်းကို အာ-ပြု။ ဝ-ကိုခွင်း သရလော။ ပ။ ပကတိပြု။ ဝ-အာသို့ကပ်။ ပြီး၏။

၁၂၄။ အာ သိမှိ

သိမှိ၊ သိ,ဝိဘတ်ကြောင့်။အာ၊အာ,အပြုဖြစ်၏။ ။သိမှိ၊ သော။ ဝိဘတ္တိမှိ၊ ကြောင့်။ သဗ္ဗသေဝ၊ သော။ သဝိဘတ္တိဿ၊ သော။ နွဲပစ္စယဿ၊ ၏။ အာ

http://www.dhammadownload.com

အာဒေသော၊ သည်။ ဟောတိ၊ ၏။ ဂုဏဝါ၊ ဂုဏ်ရှိသောသူသည်။ ပညဝါ၊ ပညာရှိသော သူသည်။ သီလဝါ၊ သီလရှိသောသူသည်။ ဗလဝါ၊ အားရှိသော သူသည်။ ဓနဝါ၊ ဥစ္စာရှိသောသူသည်။ မတိမာ၊ ပညာရှိသော သူသည်။ သတိမာ၊ သတိရှိသောသူသည်။ ဓိတိမာ၊ တည်ကြည်ခြင်းရှိသောသူသည်။ ။ နွှုဿေတိကိမတ္ထံ။နွှုဿေတိပဒံ၊နွှုဿဟူသောပုဒ်ကို။ပုရိသော တိဋ္ဌတိ, ဣတိ အာဒီသု ဥဒါဟရဏေသု၊ တို့၌။ သတိပိ သိမှိ နွှုပစ္စယဿ အဘာဝါ။ သိမှိ၊ သိ,ဝိဘတ်သည်။ သတိပိ၊ လည်း။ နွှုပစ္စယဿ၊ နွှုပစ္စည်း၏။ အဘာဝါ၊ ကြောင့်။ ဣမိနာသုတ္တေန၊ ဖြင့်။ အာ-အာဒေသော၊ သည်။ နဟောတိ။လ။ ပုရိသော၊ သည်။ တိဋ္ဌတိ၊တည်၏။ ။သိမှိတိကိမတ္ထံ။ သိမှိတိပဒံ၊သိမှိဟူသော ပုဒ်ကို။ သီလဝန္တောတိဋ္ဌန္တိ, ဣတ်အာဒီသု ဥဒါဟရဏေ သု၊ တို့၌။ သတိပိနွှုပစ္စယေ သိဿ အဘာဝါ။ နွှုပစ္စယေ၊ သည်။ သတိပိ၊ လည်း။ သိဿ၊ သိ, ဝိဘတ်၏။ အဘာဝါ၊ ကြောင့်။ ဣမိနာ သုတ္တေန အာအာဒေသော၊ နဟောတိ။လ။ သီလဝန္တော၊ တို့သည်။ တိဋ္ဌန္တိ၊ တည်ကုန်၏။

ဂုဏဝန္တု,တည်။ သိ-သက်။ ဤသုတ်ဖြင့် သိ-ဝိဘတ် နှောင်းသော ကြောင့် ဝိဘတ်နှင့်တကွ အလုံးစုံသော နွှု-ပစ္စည်းကို အာ-ပြု။ ခွင်း။ သရ လော။ပ။ ပကတိပြု။ ကပ်။ ပြီး၏။ ။**ပညာ အဿ အတ္ထိ**,ဟု ဝါကျ။ ပညာကား ဣတ္ထိလိင်တည်း။ ပညာနောင် သိ-သက်၍ချေ။ ည အစိတ် အာ-ကို ကွစာဒိ,ဖြင့် ရဿ။ **ပညဝန္တု**,တည်။ **သီလဝန္တု, ဗလဝန္တု, ဓနဝန္တု, မတိမန္တု, သတိမန္တု, ဓိတိမန္တု**, တည်။ လုပ်မြဲ။ ။ပဋမ ကိုံကို **ပုရိသ**, တည်။ သိ-သက်။ ဆရာကား ဤသုတ်ဖြင့် သိ-ဝိဘတ် နှောင်းသောကြောင့် ဝိဘတ်နှင့်တကွ အလုံးစုံသော သဒ္ဒါကို အာ-ပြုမြဲ။ နွှုပစ္စည်း မဟုတ်သောကြောင့်။ ခွင်း။ သိ-ကို သြ-ပြု။ သရလော။ပ။ပကတိ ပြု။ ကပ်။ ပြီး၏။. ။ဒုတိယကိုံကို **သီလဝန္တု**,တည်။ ပဋမာ ယော-သက်။ ဆရာကား-ဤသုတ်ဖြင့် ပဋမာဝိဘတ် နှောင်းသောကြောင့် ဝိဘတ်နှင့်တကွ အလုံးစုံသော နွှု-ပစ္စည်းကို အာ-ပြုမြဲ။ သိ-မဟုတ်သောကြောင့်။ နွှုဿ နွှော, ဖြင့် ပဋမာ ယော-ဝိဘတ် နှောင်းသောကြောင့် ဝိဘတ်နှင့်တကွ အလုံးစုံသော နွှု-ပစ္စည်းကို နွှော-ပြု။ပြီး၏။

http://www.dhammadownload.com

၁၂၅။ အံနပုံသကေ

နပုံသကေ၊ ၌။ အံ၊အံ, အပြုဖြစ်၏။ ။သိမှိ၊ သော။ ဝိဘတ္တိမှိ၊ ကြောင့်။ နပုံသကေ၊ ၌။ ဝတ္တမာနသာ၊ဖြစ်သော။ သဗ္ဗသာ၊ ခပ်သိမ်းသော။သဝိဘတ္တိသာ၊ သော။ နွှုပစ္စယသာဝေ၊ ၏သာလျှင်။ အံအာဒေသော၊ အံ, အပြုသည်။ ဟောတိ၊ ၏။ ဂုဏဝံ၊ ဂုဏ်ရှိသော။ စိတ္တံ၊ စိတ်သည်။ တိဋ္ဌတိ၊ ၏။ ရူစိမံ၊ အဆင်းရှိသော။ "အရောင်ရှိသော သော်လည်းဟူ"။ ပုပ္ပံ၊ ပန်းသည်။ ဝိရောစတိ၊ တင့်တယ်၏။ ။သိမှိတိကိမတ္တံ။ သိမှိတိပဒံ၊ သိမှိ,ဟူသောပုဒ်ကို။ဝဏ္ဏဝန္တံ,ဣတိအာဒိသု ဥဒါဟရဏေသု၊ တို့၌။သတိပိ နွှုပစ္စယေ သိဿအဘာဝါ။ နွှုပစ္စယေ၊ သည်။ သတိပိ၊ လည်း။ သိဿ၊၏။ အဘာဝါ၊ ကြောင့်။ ဣမိနာ သုတ္တေန၊ ဖြင့်။ အံအာဒေသော၊ သည်။ နဟောတိ။လ။ ဝဏ္ဏဝန္တံ၊အဆင်းရှိသော။ အဂန္ဓကံ၊ အနံ့မရှိသော။ ဝိရုဋ္ဌပုပ္ပံ၊ မိုယ်းဆွေပန်းကို။ တွံ၊ သင်သည်။ ပဿသိ၊ ရှုလော့။

ဂုဏဝန္တု, ရူစိမန္တု, တည်။ သိ-သက်။ ဤသုတ်ဖြင့် သိ-ဝိဘတ် နှောင်းသောကြောင့် ဝိဘတ်နှင့်တကွ နပုံလိင်၌ဖြစ်သော အလုံးစုံသော နွှု-ပစ္စည်းကို အံပြု။ ခွင်း။ သရလော။ပ။ ပကတိပြု။ ကပ်။ပြီး၏။

သော, ဟူ၍ အနက်ပေးလျက် စိတ္တ, ပုပ္ပ,ဟူသော ပဓာနဝိသေသျ ပုဒ်သို့ လိုက်၍ သည်,ဟူ၍ ဆိုသည်။

ကိံကို **ဝဏ္ဏဝန္တု,**တည်။ ကို,ကြောင့် အံ-သက်။ ဆရာကား-ဤ ဤသုတ်ဖြင့် ဝိဘတ်နှင့်တကွ နပုံလိင်၌ ဖြစ်သော အလုံးစုံသော နွှု-ပစ္စည်း ကို အံ-ပြုမြဲ။ သိ-မဟုတ်သောကြောင့်။ ခွင်း။ လ-မှည့်။ အံမောနိဂ္ဂဟီတံ စျလပေဟိ,သုတ်ဖြင့် လ-နောင်မှ နှောင်းသော အံ-ဝိဘတ်ကို နိဂ္ဂဟိတ် ပြုလုလတ်သော် မဥ္ဇာဒီနမတ္တံ, သုတ်မှ အတ္တံ, ဟူသော ကာရိယလိုက်စေ၍ နွှုဿနွှော ယောသုစ, သုတ်၌ စသဒ္ဒါဖြင့် နွှု-ပစ္စည်း၏ အစိတ် ဖြစ်သော ဥ-ကို အ-ပြု။ သရလော။ပ။ ပကတိပြု။ကပ်။ ပြီး၏။ [အနက်ကား၊ ဝိရုဋ္ဌပုပ္ပံ, ဟူသော ဝိသေသျသို့လိုက်သည်]။

http://www.dhammadownload.com

၁၂၆။ အဝဏ္ဏာစ ဂေ

ဂေ၊ ဂ,အမည်ရှိသော သိ-ဝိဘတ်ကြောင့်။ အဝဏ္ဏာစ၊ အံ-အပြု,အဝဏ်အပြု,တို့သည်လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ [အ, နှင့် အာ, ကို အဝဏ်ဟုဆိုသည်။ စသဒ္ဒါဖြင့် အံ,ကို ငင်သည်]။

အဝဏ္ဏ,တည်။ သိ-သက်။ သိ-ကို တေသုဝုဒ္ဓိ,ဖြင့် ပဌမာယော-ပြု။ ခွင်း။ ယော-ဝိဘတ်ကို ချေ၍။ ဒီဃ-ပြု။ ။ကပ်။ ဝစန ဝိပလ္လာသတည်း။

ပရေ၊ သော။ ဂေ၊ ကြောင့်။ သဗ္ဗဿ၊ သော။ သဝိဘတ္တိဿ၊ သော။ နွှုပစ္စယဿဧဝ၊ ၏သာလျှင်။ အံ-အဝဏ္ဏာစ၊ အံ-အပြု, အဝဏ်အပြု,တို့သည်လည်း။ ဟောန္တိ၊ ကုန်၏။ ဘောဂုဏဝံ၊ အို ဂုဏ်ရှိသောသူ။ ဘောဂုဏဝ၊ အိုဂုဏ်ရှိသောသူ။ ဘောဂုဏဝါ၊ အိုဂုဏ်ရှိသောသူ။ စဂ္ဂဟဏံ၊ စသဒ္ဒါသည်။ အနုကဃုနတ္ထံ၊ အံ,ဟူသော ကာရိယကိုငင်ခြင်းအနက်ရှိသည်။ ဟောတိ၊၏။

ဘော,ကိုကား- အာလုပ်ထင်အောင်သာ ထည့်သည်။ အရာမဟုတ်။ လုပ်လိုသော်ကား-ရှေနည်းအတိုင်းလုပ်။

ဂုဏဝန္တု,တည်။အာလုပ် သိ-သက်။ ဂ-မှည့်။ ဤသုတ်ဖြင့် ဂ-အမည်ရှိသော သိ-ဝိဘတ်နှောင်းသောကြောင့် သိ-ဝိဘတ်နှင့် တကွ အလုံးစုံသော နွှုပစ္စည်းကို အံ-ပြု၊အပြု။အာ-ပြု။ ခွင်း။ သရလော။ပ။ပကတိပြု။ကပ်။ပြီး၏။ အစဉ်အတိုင်းလုပ်။

၁၂၇။ တော-တိ-တာ သ-သ္မိံ နာသု

သသ္မိံ နာသု၊ သ-ဝိဘတ်, သ္မိံ-ဝိဘတ်, နာ ဝိဘတ်, တို့ကြောင့်။ တောတိတာ၊ တော-အပြု, တိ-အပြု, တာ-အပြု, တို့သည်။ ဟောန္တိ၊ ကုန်၏။ ။သသ္မိံ နာဣ္ဣစ္စေတေသု၊ သ-ဝိဘတ်, သ္မိံ-ဝိဘတ်, နာ-ဝိဘတ်, တို့ကြောင့်။ သဗ္ဗဿ၊ သော။ သဝိဘတ္တိဿ၊ သော။ နွှုပစ္စယဿဧဝ၊ ၏သာလျှင်။ တောတိတာ အာဒေသာ၊ တော-အပြု,တိအပြု, တာ-အပြု,တို့သည်။ ယတာသခ်ျံ၊စွာ။ဝါ၊ဖြင့်။ ဟောန္တိ၊ကုန်၏။ဂုဏဝတော၊အား၊ ၏။ဂုဏဝန္တဿ၊ အား၊၏။ဂုဏဝတိ၊၌။ ဂုဏဝန္တသ္မိံ၊၌။ ဂုဏဝတာ၊ဖြင့်၊နှင့်၊သည်၊ကြောင့်။ ဂုဏဝန္တေန၊ဖြင့်၊နှင့်၊ သည်၊ ကြောင့်။သတိမတော၊ သတိရှိသော သူအား၊ သူ၏။

http://www.dhammadownload.com

သတိမန္တဿ၊အား၊ ၏။ သတိမတိ၊၌။ သတိမန္တသ္မိံ၊ ၌။သတိမတာ၊ ဖြင့်၊ နှင့်၊ သည်၊ ကြောင့်။ သတိမန္တေန၊ ဖြင့်၊နှင့်၊သည်၊ ကြောင့်။ ။ဧတေသ္ဒီတိကိမတ္ထံ။ ဧတေသ္ဒီတိပဒံ၊ ဧတေသု,ဟူသောပုဒ်ကို။လ။ ဂုဏဝါ,သတိမာ, ဣတိအာဒီသု ဥဒါဟရဏေသု၊ တို့၌။ သတိပိန္တုပစ္စယေ ဧတေသံ အဘာဝါ။ နွုပစ္စယေ၊ သည်။ သတိပိ၊ လည်း။ဧတေသံ၊ထိုသ-ဝိဘတ်,သ္မိံ ဝိဘတ် နာ-ဝိဘတ်,တို့၏။ အဘာဝါ၊ ကြောင့်။ ဣမိနာသုတ္တေန၊ ဖြင့်။ တောတိတာ အာဒေသာ၊ တို့သည်။ နဟောန္တိ၊ ကုန်။ ဂုဏဝါ၊ သည်။ သတိမာ၊ သည်။

ဧတေသုကား-သုတ်၌မရှိ။ ဝုတ္တိ၌ ဣစ္စေတေသု,ကို ရည်၍ ဆိုသည်။ ယထာသခ်ျံ၏ အဓိပ္ပါယ်ကား-သ,ဝိဘတ်၌-တော၊ သ္မိံ,ဝိဘတ်၌-တိ၊ နာ-ဝိဘတ်၌-တာ၊ ဤသို့ စီရင်လေ ဟူလိုသည်။

ဂုဏဝန္တု,တည်။ အား,၏, ကြောင့်သ-သက်။ ဤသုတ်ဖြင့် သ-ဝိဘတ် နှောင်းသောကြောင့် ဝိဘတ်နှင့်တကွ အလုံးစုံသော နွု-ပစ္စည်းကို တော-ပြု။ ပြီး၏။ ။ဝါသဒ္ဒါ၏အကျိုးကိုလည်း **ဂုဏဝန္တု**, တည်။ အား, ၏, ကြောင့် သ-သက်။ဆရာကား-ဤသုတ်ဖြင့် သ-ဝိဘတ်နှောင်းသောကြောင့် ဝိဘတ်နှင့်တကွ အလုံးစုံသော နွုပစ္စည်းကို တော-ပြုမြဲ။ ဝါ,မပြုစရ။ ခွင်း။ နွုဿန္တောယောသုစ,သုတ်၌ စသဒ္ဒါဖြင့် သ-ဝိဘတ် နှောင်းသောကြောင့် နွုပစ္စည်း၏ အစိတ် ဥ-ကို အ-ပြု။ နွ-အ-သို့ကပ်။ သ-လာ။ သ-သ-သို့ ကပ်။ပြီး၏။ ။**ဂုဏဝတိ**,ကို ဂုဏဝန္တု,တည်။ သ္မိံ-သက်။ဤသုတ်ဖြင့် သ္မိံ-ဝိဘတ်နှောင်းသောကြောင့် ဝိဘတ်နှင့်တကွ အလုံးစုံသော နွု-ပစ္စည်းကို တိ-ပြု။ပြီး၏။ ။**ဂုဏဝန္တသ္မိံ**,ကို ဂုဏဝန္တု,တည်။ သ္မိံ-သက်။ဆရာကား-ဤသုတ်ဖြင့် သ္မိံ-ဝိဘတ်နှောင်းသောကြောင့် ဝိဘတ်နှင့်တကွ အလုံးစုံသော နွုပစ္စည်းကို တိ-ပြုမြဲ။ ဝါ, မပြုစရ။ ခွင်း။ နွုဿန္တောယောသုစ, သုတ်၌ စသဒ္ဒါဖြင့် သ္မိံ-ဝိဘတ် နှောင်းသောကြောင့် နွု-ပစ္စည်း၏ အစိတ်ဖြစ်သော ဥ-ကို အ-ပြု။ ကပ်။ ပြီး၏။ ။**ဂုဏဝန္တု**, တည်။ ဖြင့်, နှင့်, သည်, ကြောင့်, ကြောင့် နာ-သက်။ ဤသုတ်ဖြင့် နာ-ဝိဘတ်နှောင်းသောကြောင့် ဝိဘတ်နှင့်တကွ အလုံးစုံသော နွု-ပစ္စည်းကို တာ ပြု။ပြီး၏။

ကိံကိုလည်း **ဂုဏဝန္တု**,တည်။ နာသက်။ ဆရာကား- ဤသုတ်ဖြင့် နာ-ဝိဘတ် နှောင်းသောကြောင့် ဝိဘတ်နှင့် တကွ အလုံးစုံသော နွု

http://www.dhammadownload.com

ပစ္စည်းကို တာ-ပြုမြဲ။ ဝါ, မပြုစရ။ ခွင်း။ န္တုဿန္တောယောသုစ, သုတ်၌ စသဒ္ဒါဖြင့် နာ-ဝိဘတ်နှောင်းသောကြောင့် န္တု-ပစ္စည်း၏ အစိတ်ဖြစ်သော ဥ-ကို အပြု။ အတောနေန, ဖြင့် အကာရန္တနောင်မှ နှောင်းသော နာ-ဝိဘတ်ကို နေ ပြု။ သရလော။ပ။ ပကတိပြု။ ကပ်။ ပြီး၏။ ။**သတိမတော**, စသည်၌လည်း သတိမန္တု, တည်၍ အနက်သို့လိုက်၍ ဝိဘတ်သက်၍ လုပ်မြဲ။ စောဒနာ ပရိဟာရ်ပြုမြဲ။

ကိ ကို **ဂုဏဝန္တု**, တည်။ **သတိမန္တု**,တည်။သိ-သက်။ ဆရာကား-ဤသုတ်ဖြင့် ဝိဘတ် နှောင်းသောကြောင့် ဝိဘတ်နှင့်တကွ အလုံးစုံသော န္တု-ပစ္စည်းကို တော-ပြုမြဲ။ တိ-ပြုမြဲ, တာ-ပြုမြဲ, ပြုစပါလော့။ မပြုစရ။သ-ဝိဘတ်, သို့ ဝိဘတ်,နာ-ဝိဘတ်, မဟုတ်သောကြောင့်။ အာသိမှ့, သုတ်ဖြင့် သိ-ဝိဘတ် နှောင်းသောကြောင့် ဝိဘတ်နှင့်တကွ အလုံးစုံသော န္တု-ပစ္စည်းကို **အာ**ပြု။ ခွင်း။ သရလော။ပ။ ပကတိပြု။ ကပ်။ပြီး၏။

၁၂၈း နံမြိ တံ ဝါ

နံမြိ၊ နံ, ဝိဘတ်ကြောင့်။ ဝါ။ ဖြင့်။ **တံ**၊ တံ, အပြုဖြစ်၏။ ။နံမြိ၊နံ,ဖြစ်သော။ ဝိဘတ္တိမြိ၊ ကြောင့်။ သဒ္ဒဿ၊ သော။ သဝိဘတ္တိဿ၊သော။ န္တု ပစ္စယဿဝေ၊ ၏သာလျှင်။ တံအာဒေသော၊ သည်။ ဝါ၊ ဖြင့်။ ဟောတိ၊ ၏။ ဂုဏဝတံ၊ တို့အား၊ တို့၏။ ဂုဏဝန္တာနံ၊ တို့အား၊ တို့၏။ သတိမတံ၊ တို့အား၊ တို့၏။ သတိမန္တာနံ၊ ကို့အား၊ တို့၏။ ။နံမြိတိကိမတ္ထံ။ နံမြိတိပဒံ၊ နံမြိ, ဟူသော ပုဒ်ကို။လ။ ဂုဏဝန္တောတိဋ္ဌန္တိ, ဣတိအာဒိသု ဥဒါဟရဏေသု၊ တို့၌။ သတိပိ န္တုပစ္စယေနံဝစနဿ အဘာဝါ၊ န္တုပစ္စယော၊ န္တု, ပစ္စည်းသည်။ သတိပိ၊ လည်း။ နံဝစနဿ၊ ၏။ အဘာဝါ၊ ကြောင့်။ ဣမိနာသုတ္တေန၊ ဖြင့်။ တံအာဒေသော၊ သည်။ နဟောတိ၊ မဖြစ်။လ။ ဂုဏဝန္တော၊တို့သည်။ တိဋ္ဌန္တိ၊ တည်ကုန်၏၊ သတိမန္တော၊ တို့သည်။ တိဋ္ဌန္တိ၊ ကုန်၏။

ဂုဏန္တု, **သတိမန္တု**, တည်။ တို့အား, ကြောင့် စတုတ္ထီ, တို့၏, ကြောင့် ဆဋ္ဌီဗဟုဝုစ် နံ-သက်။ ဤသုတ်ဖြင့် နံ-ဝိဘတ်နှောင်းသောကြောင့် ဝိဘတ်နှင့်တကွ အလုံးစုံသော **န္တု**ပစ္စည်းကို တံ—ပြု။ ဂုဏဝတံ, သတိမတံ,

http://www.dhammadownload.com

ပြီး၏။ ။**ဂုဏာဝန္တာနံ, သတိမန္တာနံ,** ကား-ဝါ သဒ္ဒါ၏**အကျိုး** တည်း။ ဂုဏာဝန္တ္၊ သတိမန္တ္၊တည်။ နံ-သက်။ ဆရောကား-ဤသုတ်ဖြင့် နံ-ဝိဘတ်နှောင်းသောကြောင့် ဝိဘတ်နှင့်တကွ အလုံးစုံသော နှုတ်-ပစ္စည်းကို တံ-ပြု၍။ ဝါ၊မပြုစရ။ ခွင်း။ နှုတ်ဿန္တောယောသုစ, သုတ်ဖြင့် နံ-ဝိဘတ် နှောင်းသောကြောင့် နှုတ်-ပစ္စည်း အစိတ်ဖြစ်သော ဥ-ကို အ-ပြု။ သုနံဟိ သုစ, ဖြင့် နံ-ဝိဘတ်နှောင်းသောကြောင့် ရွှေ-အ-သရကို အာဒီဃပြု။ကပ်။ ပြီး၏။ ကိုကို **ဂုဏာဝန္တ္၊ သတိမန္တ္၊** တည်။ ပဌမာ ယော-သက်။ ဆရောကား-ဤသုတ်ဖြင့် ဝိဘတ်နှောင်းသောကြောင့် ဝိဘတ်နှင့်တကွအလုံးစုံသော နှုတ်-ပစ္စည်းကို တံ- ပြု၍။ နံ-ဝိဘတ် မဟုတ်သောကြောင့်။ နှုတ်ဿန္တောယောသုစ, သုတ်ဖြင့် ပဌမာ ယော- ဝိဘတ် နှောင်းသော ကြောင့် ဝိဘတ်နှင့်တကွ အလုံးစုံသော နှုတ်-ပစ္စည်းကို နွော-ပြု။ပြီး၏။

၁၂၉။ အုမဿိ-ဒ-မံ-သိသု နပုံသကေ

နပုံသကေ၊ နပုံလိင်္ဂ၌၊ အံသိသု၊ အံ-ဝိဘတ်, သိ-ဝိဘတ်, တို့ကြောင့်။ ဣမဿ၊ ဣမသဒ္ဒါ၏။ ဣဒံ၊ ဣဒံ, အပြုဖြစ်၏။ ။အံသိသု၊ အံ-ဝိဘတ်, သိ-ဝိဘတ်တို့ကြောင့်။ နပုံသကေ၊ ၌။ ဝတ္တမာနဿ၊ သော။ သဒ္ဒဿော၀၊ အလုံးစုံသာလျှင်ဖြစ်သော။ သဝိဘတ္တိဿ၊ သော။ ဣမသဒ္ဒဿ၊ ၏။ ဣဒံ အာဒေသော၊ သည်။ ဝ၊ ဖြင့်။ ဟောတိ၊ ၏။ ဣဒံ၊ ဤသို့သဘောရှိသော။ စိတ္တံ၊ စိတ်ကို။ တံ၊ သင်သည်။ ပဿသိ၊ ရှုလော့။ (ဘုံ, ကား ကတ္တားအလို့ငှာထည့်သည်)။ ဣဒံ၊ သော။ စိတ္တံ၊ သည်။ တိဋ္ဌတိ၊ တည်၏။ ဣမံ၊ သော။ စိတ္တံ၊ ကို။ တံ၊ သင်သည်။ ပဿသိ၊ ရှုလော့။ ဣမံ၊ သော။ စိတ္တံ၊ သည်။ တိဋ္ဌတိ၊၏။ ။နပုံသကေတိ ကိမတ္ထံ၊ နပုံသကေတိပဒံ၊ နပုံသကေ, ဟူသော ပုဒ်ကို။ ဣမံပုရိသံ, ဤတိအာဒီသု ဥဒါဟရဏေသု၊ တို့၌။ သန္တေ သုပိ အံသိသု နပုံသကဿ အဘာဝါ။ အံသိသု၊ အံ-ဝိဘတ်,သိ-ဝိဘတ်တို့ သည်။ သန္တေသုပိ၊ ရှိကုန်သော်လည်း။ နပုံသကဿ၊၏။ အဘာဝါ၊ ကြောင့်။ ဣမိနာ သုတ္တေန၊ဖြင့်။ ဣဒံအာဒေသော၊သည်။ နဟောတိ။လ။ ဣမံ၊ သော။ ပုရိသံ၊ကို။ တံ၊သည်။ ပဿသိ၊လော့။ အယံ၊ဤသို့သဘောရှိသော။ ပုရိသော၊ သည်။ တိဋ္ဌတိ၊၏။

http://www.dhammadownload.com

ဣမ,တည်။ ကို,ကြောင့် အံ-သက်။ ဤသုတ်ဖြင့် အံ-ဝိဘတ် နှောင်းသောကြောင့် ဝိဘတ်နှင့်တကွ နပုံလိင်၌ဖြစ်သော အလုံးစုံသော ဣမသဒ္ဒါကို ဣဒံပြု။ ပြီး၏။

သော,ဟူ၍ အနက်ပေးလျက် ကို,ဟူ၍ ဆိုသည်ကား စိတ္တံ,ဟူသော ဝိသေသျပဓာနသို့ လိုက်သည်။ ကြွင်းသမျှ ဤနည်းတူ။

ဣမ, တည်။ သည်, ကြောင့် သိ-သက်။ ဤသုတ်ဖြင့် သိ-ဝိဘတ် နှောင်းသောကြောင့် ဝိဘတ်နှင့်တကွ နပုံလိင်၌ ဖြစ်သော အလုံးစုံသော ဣမသဒ္ဒါကို ဣဒံ-ပြု။ ပြီး၏။ ။ကိံ ကို **ဣမ**,တည်။ ကို,ကြောင့် အံ-သက်။ ဆရာကား-ဤသုတ်ဖြင့် အံ-ဝိဘတ် နှောင်းသောကြောင့် ဝိဘတ်နှင့်တကွ နပုံလိင်၌ဖြစ်သော အလုံးစုံသော ဣမ သဒ္ဒါကို ဣဒံပြုမြဲ။ ဝါ,မပြုစရာ။ ခွင်း။ သရလော။ပ။ ပကတိပြု။ ကပ်။ ပြီး၏။ **ဣမ**,တည်။ သည်,ကြောင့် သိ-သက်။ ဆရာကား ဤသုတ်ဖြင့် သိ-ဝိဘတ်နှောင်းသောကြောင့် ဝိဘတ်နှင့်တကွ နပုံလိင်၌ ဖြစ်သော အလုံးစုံသော ဣမသဒ္ဒါကို ဣဒံပြုမြဲ။ ဝါ,မပြုစရာ။ ခွင်း။ သိ-ကို အံ-ပြု။ သရလော။ပ။ ပကတိပြု။ ကပ်။ ပြီး၏။

နောက်ကိံ ကို **ဣမ**,တည်။ ကို,ကြောင့် အံ-သက်။ ဆရာကား-ဤသုတ်ဖြင့် အံ-ဝိဘတ် နှောင်းသောကြောင့် ဝိဘတ်နှင့်တကွ အလုံးစုံသော ဣမသဒ္ဒါကို ဣဒံပြုမြဲ။ နပုံလိင် မဟုတ်သောကြောင့်။ ခွင်း။ သရလော။ပ။ပကတိပြု။ကပ်။ပြီး၏။ ။**အယံ**,ကို ဣမ,တည်။ သိ သက်။ ဆရာကား-ဤသုတ်ဖြင့် သိ-ဝိဘတ် နှောင်းသောကြောင့် ဝိဘတ်နှင့်တကွ အလုံးစုံသော ဣမသဒ္ဒါကို ဣဒံ ပြုမြဲ။ နပုံလိင် မဟုတ်သောကြောင့် အနပုံသကဿာယံ သိမှိ,ဖြင့် သိ-ဝိဘတ် နှောင်းသောကြောင့် နပုံလိင်မဟုတ်သော ဣမသဒ္ဒါကို အယံပြု။ သိ-ကိုချေ။ပြီး၏။ (ပုလ္လိင်ဟူလိုသည်)။

၁၃၀။ အမုသဒ္ဒ

အမုဿ၊အမု,သဒ္ဒါ၏။အခုံ၊အဒုံ,အပြုဖြစ်၏။ ။အံ-သိသု၊အံ-ဝိဘတ်,သိ-ဝိဘတ်တို့ကြောင့်။ နပုံသကေ၊၌။ ဝတ္တမာနဿ၊ သော။ သဝိဘတ္တိဿ၊ သော။ သဗ္ဗဿော၊ ဒသဿ။ အမုသဒ္ဒဿ၊ ၏။ အခုံအာဒေသော၊ သည်။ ဟောတိ၊၏။ အခုံ၊ ဤအမည်ရှိသော။ ပုဗ္ဗံ၊ပန်းကို။ ကံ့၊သင်သည်။ ပဿသိ၊ ရှုလော့။ အခုံ၊

http://www.dhammadownload.com

ဤအမည်ရှိသော။ ပုပ္ပံ၊ ပန်းသည်။ ဂိရောစတိ၊တင့်တယ်၏။ ။နပုံသကေတိ ကိမတ္တံ။ နပုံသကေတိပဒံ၊ နပုံသကော, ဟူသော ပုဒ်ကို။လ။ အမုံရာဇာနံ, ဣတိ အာဒီသု ဥဒါဟရဏေသု၊ တို့၌။ သန္တေသုပိ **အံ**သိသု နပုံသကာဿ အဘာဝါ။ အံသ်သု၊ **အံ-ဝိဘတ်**, သိဝိဘတ်, တို့သည်။ သန္တေသုပိ၊ ကုန်သော်လည်း။ နပုံသကာဿ၊ **နပုံလိင်၏**။ အဘာဝါ၊ ကြောင့်။ ဣမိနာ သုတ္တေန၊ဖြင့်။ အဒုံအာဒေသော၊**သည်**။ နဟောတိ၊ မဖြစ်။လ။အမုံ၊ဤအမည်ရှိသော။ ရာဇာနံ၊ မင်းကို။. တုံ၊သင်သည်။ ပဿသိ၊ **ရှုလော့**။ အမုံ၊သော။ ရာဇာ၊သည်။ တိဋ္ဌတိ၏။

အမု,တည်။ ကို,ကြောင့် အံ-**သက်**။ ဤသုတ်ဖြင့် အံ-ဝိဘတ် နှောင်းသောကြောင့် ဝိဘတ်နှင့်တကွ နပုံလိင်၌ဖြစ်သော အလုံးစုံသော အမုသဒ္ဒါကို အဒုံပြု။ **ပြီး၏**။ ။**အမု**,တည်။ သည်,ကြောင့် သိ-သက်။ ဤသုတ်ဖြင့် သိ-ဝိဘတ်နှောင်းသောကြောင့် ဝိဘတ်နှင့်တကွ နပုံလိင်၌ ဖြစ်သော **အလုံးစုံ**သော အမုသဒ္ဒါကို အဒုံပြု။ ပြီး၏။ ။**ကိံ**ကို **အမု**,တည်။ ကို,ကြောင့်-အံ-သက်။ ဆရာကား-- ဤသုတ်ဖြင့် အံ-ဝိဘတ်နှောင်းသောကြောင့် ဝိဘတ်နှင့်တကွ အလုံးစုံသော အမုသဒ္ဒါကို အဒုံပြုမြဲ။ နပုံလိင်မဟုတ်သောကြောင့်။ ခွင်း။ ဥ-ကို လမှည့်။ အံမောနိဂ္ဂဟီဘံ စျလပေဟိ,သုတ်ဖြင့် လ-နောင်မှ နှောင်းသော အံ-ဝိဘတ်ကို နိဂ္ဂဟိတ်ပြု။ မ-ဉံသို့ကပ်။ အမုံ,ပြီး၏။ ။**အမု**, တည်။သည်,ကြောင့် သိ-သက်။ ဆရာကား-ဤသုတ်ဖြင့် သိ-ဝိဘတ် နှောင်းသောကြောင့် ဝိဘတ်နှင့်တကွ အလုံးစုံသော အမုသဒ္ဒါကို အဒုံပြုမြဲ။ နပုံလိင်မဟုတ်သောကြောင့်။ သိ-ကိုခေျ။ ပြီး၏။ (ပုလ္လိင်ဟူလိုသည်)။

၁၃၁။ ဣဿဿမုနပုံသကာသန်ဿံ

ဤသ္ထိပုမ နပုံသကာသန်ဿံ၊ ဤတ္ထိလိင်, ပုလ္လိင်, နပုံလိင်, ဟူသော အမည်ကို။ ကာတဗ္ဗံ၊ ပြုအပ်၏။ ။ဤသ္ထိပုမနပုံသကာသန်ဿံ ဤစ္စေတံ- ဤတိတေသုတ္တံ၊ ဤသ္ထိပုမနပုံသကသန်ဿံ, ဟူသော ဤသုတ်ကို။ အဓိကာရတ္ထော၊ အဓိကာရ, ဟူသောအကျိုးငှာ။ သေယျတ္ထိကေန၊ကိုးပါးသော လောကုတ္တရာ တရားဖြင့် အလိုရှိသော အမျိုးသားသည်။ ဝေဒိတဗ္ဗံ၊ သိအပ်၏။

ဤသုတ်ကား--လေးပါးသော သုတ်တို့တွင် **အဓိကာရ**သုတ်တည်း။ ဝိဓိသုတ်မဟုတ်။ ထို့ကြောင့် ဥဒါဟရဏ်မရှိ။

http://www.dhammadownload.com

၁၃၂။ ယောသုဒ္ဓိန္နံ ဒွေစ

ယောသု၊ ယော,ဝိဘတ်တို့ကြောင့်။ ဒ်ိန္နံ၊ ဒ်ိ,သရ်ျာ သဒ္ဒါကို၏။ ဒွေစ၊ ဒွေ, အပြုသည်လည်း။ ဟောတိ၊ ၏။ ။ယောဏ္ဍစ္စေတေသု၊ ယော, ဝ်ဘတ်ဟို့ ကြောင့်။ ဏ္ဍထ်ိပုမနပုံသကော၊ ဏ္ဍထ်ိလိင်, ပုလ်ိင်, နပုံလိင်၌။ ဝတ္တမာနာနံ၊ ဖြစ်ကုန်သော။ သဝိဘတ်ကိုနံ၊ ဝိဘတ်နှင့်တကွဖြစ်ကုန်သော။ ဒ်ိန္နံ,ဒ်ိ,ဖြစ်ကုန်သော။ သရ်ျာနံ၊ သရ်ျာတို့၏။ ဒွေ,ဒွေ,အပြုသည်း ဟောတိ၊ ၏။ ဒွေ,နှစ်ယောက်ကုန် ကုန်သော။ ဏ္ဍထ်ိယော၊ တို့သည်၊ တို့ကို။ ဒွေ၊ နှစ်ပါးကုန်သော။ မွေ၊ တရား တို့သည်၊ တို့ကို။ ဒွေ၊ နှစ်ပါးကုန်သော။ ရွှပါနိ၊ ရုပ်တို့သည်၊ ရွှပ်ကို့ကို။ ယောသ္မိတိကိမတ္ထံ။ ယောသ္မိတိပဒံ၊ ယောသု, ဟူသောပုဒ်ကို့။လ။ ဒ်ိသု, ဏ္ဍတိ အာဒီသု ဥဒါဟရဏေသု၊ တို့၌။ သတိပိ ဒ်ိသဒ္ဒေ ယောနံ အဘာဝါ။ ဒ်ိသဒ္ဒေ၊ ဒ်ိ,ဟူသော သရ်ျာသဒ္ဒါသည်။ သတိပိ၊လည်း။ ယောနံ၊ ယော, ဝိဘတ်တို့၏။ အဘာဝါ၊ ကြောင့်။ ဏ္ဍမိနာသုတ္တေန၊ဖြင့်။ ဒွေ၊ဒွေ,အပြုသည်။ နဟောတိ။လ။ ဒ်ိသု၊ နှစ်ပါးကုန်သော သူတို့၌။ စဂ္ဂဟဏေန၊ဖြင့်။ ယောနာအံ နံဏ္ဍစ္စေတေသု၊ ယော-ဝိဘတ်,နာ-ဝိဘတ်, အံ-ဝိဘတ်,နံ-ဝိဘတ်တို့ကြောင့်။ ဒုဝေဒ္ဓယ ဥဘ ဥဘယဒုဝိစ၊ ဒုဝေ-အပြု, ဒွယ-အပြု, ဥဘ-အပြု, ဥဘယ-အပြု, ဒုဝိ-အပြုတို့ သည်လည်း။ ဟောန္တိ၊ ကုန်၏။ (ယော,ဝိဘတ်နှောင်းရာ၌ကား ဒုဝေ, အပြု။ နာ,အံ,၌ကား ဒွယ,အပြု။ နံ၌ကား ဥဘ,ဥဘယ, ဒုဝိ,အပြုဟူလိုသည်)။ဒုဝေ၊ နှစ်ယောက်ကုန်သော။ သမဏာ၊ရဟန်းတို့သည်။ ဒုဝေ၊ကုန်သော။ဗြာဟ္မဏာ၊ ပုဏ္ဏားတို့သည်။ ဒုဝေ၊ ကုန်သော။ ဇနာ၊ လူတို့သည်။ ဒွယေန၊ နှစ်ယောက် ဖြင့်။ ဒွယံ၊ နှစ်ယောက်ကို။ ဥဘိန္နံ၊ နှစ်ယောက်ကုန်သော သူတို့အား၊သူတို့၏။ ဥဘယေသံ၊ နှစ်ယောက်ကုန်သော သူတို့အား၊ သူတို့၏။ ဒုဝိန္နံ၊ နှစ်ယောက် ကုန်သော သူတို့အား၊ သူတို့၏။

ဒွေဏ္ဍထ်ိဓေယျ,၌ ဒွေ,ကို ဒ်ိသရ်ျာသဒ္ဒါတည်။ တို့သည်,ကြောင့် ပဌမာ၊ တို့ကို, ကြောင့် ဒုတိယာဗဟုဝုစ်ယော-သက်။ ဏ္ဍထ်ိပုမနပုံ သကသရ်ျံ,သုတ် ကို လိုက်စေ၍ ဤသုတ်ဖြင့် ယော-ဝိဘတ်နှောင်းသောကြောင့် ဝိဘတ်နှင့် တကွ ဏ္ဍထ်ိလိင်၌ ဖြစ်သော ဒ်ိသရ်ျာကို-ဒွေပြု။ပြီး၏။ ။**ဒွေဝမ္မာ**,၌ ဒွေ,ကို ဒ်ိ,သရ်ျာ သဒ္ဒါတည်။ ပဌမာယောသက်။ သုတ်လိုက်မြဲ။ ဤသုတ်ဖြင့် ယော-

http://www.dhammadownload.com

ဝိဘတ် နှောင်းသောကြောင့် ဝိဘတ်နှင့်တကွ နပုလ္လိင်၌ဖြစ်သော ဒွိ-သင်္ချာ သဒ္ဒါကို ဒွေ-ပြု။ ပြီး၏။

တို့ကို,ဟူ၍ဆိုသော်လည်း ပဌမာယော-ဝိဘတ်သက်။ လိင်္ဂတ္ထခုည်း။ ဒွေဓမ္မာ,ဟူ၍ ပဌမာသာစာကိုယ်၌ရှိသည်၊ ဒုတိယာပြီးမရှိ။ဒွေမ္မေ, ဟုဒုတိယာပြီးလည်း ရှိ၏။

ဒွေရူပါနိ၌လည်း ဒွိ,သင်္ချာတည်။ ပဌမာ,ဒုတိယာ, ယော-သက်၊ သုတ်လိုက်မြဲ။ ဤသုတ်ဖြင့် ယော-ဝိဘတ် နှောင်းသောကြောင့် ဝိဘတ်နှင့်တကွ နပုံလိင်၌ဖြစ်သော ဒွိ-သင်္ချာသဒ္ဒါကို ဒွေ-ပြု။ ပြီး၏။ (သုံးရုပ်လုပ် ဣတ္ထိလိင်, ပုလ္လိင်,နပုလ္လိင် ဟူ၍ ဆိုသည်ထူးသာသည်။)။

ကိုံ ကို **ဒွိ**,သင်္ချာသဒ္ဒါတည်။ သု-သက်။ ဆရာကား- ဤသုတ်ဖြင့် ဣတ္ထိလိင် ပုလ္လိင်၌ဖြစ်သော ဒွိ-သင်္ချာ သဒ္ဒါကို ဝိဘတ်နှင့်တကွ ဒွေ-ပြုမြဲ။ ယော-ဝိဘတ်မနှောင်းသောကြောင့်။ ခွင်း။ သုနံဟိသုစ,ဖြင့် သု-ဝိဘတ်နှောင်းသောကြောင့် ရှေသရ ဒွိ-အစိတ်ဖြစ်သော ဣ-ကို ဤ-ဒီဃပြု။ ကပ်။ ပြီး၏။ ဒုဝေသမဏာ,စသည်ကား စ,သဒ္ဒါ၏အကျိုးတည်း။**ဒွိ**,သင်္ချာတည်။ တို့သည်, ကြောင့်,ပဌမာယော-သက်။ ဤသုတ်၌ စ-သဒ္ဒါဖြင့် ယော-ဝိဘတ် နှောင်းသောကြောင့်ဝိဘတ်နှင့်တကွ အလုံးစုံသော ဒွိ-သင်္ချာသဒ္ဒါကို။ဒုဝေပြု။ပြီး၏။ သုံးရုပ်။ ။**ဒွယေန**,ကိုဒွိ,သင်္ချာတည်။ နာ-သက်။ဤသုတ်၌ စ-သဒ္ဒါဖြင့်နာ-ဝိဘတ်နှောင်းသောကြောင့် ဒွိ-သင်္ချာကို ဒွယ-ပြု။ ခွင်း။ နာ-ကို နေ-ပြု။ သရလော။ပ။ ပကတ်ပြု။ ကပ်။ ပြီး၏။**ဒွယံ**, ဒွိ,သင်္ချာတည်။ အံ-သက်။ စ-သဒ္ဒါဖြင့် အံ-ဝိဘတ်နှောင်းသောကြောင့် ဒွိ-သင်္ချာကို ဒွယ-ပြု။ ယ-ကို ခွင်း။ သရလော။ပ။ ပကတိပြု။ ကပ်။ ပြီး၏။

ဥဘိန္နံ, ကို ဒွိ,သင်္ချာတည်။ နံ-သက်။ စ-သဒ္ဒါဖြင့် နံ-ဝိဘတ်နှောင်းသောကြောင့် ဒွိ-သင်္ချာကို ဥဘ-ပြု။ ဥဘာဒိတော နမိန္နံ, ဖြင့် ဥဘသင်္ချာ နောင်မှ နှောင်းသော နံ-ဝိဘတ်ကို ဣန္နံ-ပြု။ ခွင်း။ သရလော။ပ။ ပကတိပြု။ ကပ်။ ပြီး၏။ ။**ဥဘယေသံ**,ကို ဒွိသင်္ချာတည်။ နံ-သက်။ စ-သဒ္ဒါဖြင့် နံ-ဝိဘတ်နှောင်းသောကြောင့် ဒွိ-သင်္ချာကို ဥဘယ-ပြု။ သဗ္ဗတော နံသံသာနံ, ဖြင့် ဥဘယ-ဟူသော သင်္ချာသဗ္ဗနာမ်ပုဒ်နောင်မှ နှောင်းသော နံ-ဝိဘတ်ကို သံ-ပြု။ ယ-ကိုခွင်း။ သဗ္ဗနာမာနံ နံမှိစ, ဖြင့် နံ ဝိဘတ်

http://www.dhammadownload.com

နှောင်းသောကြောင့် ဥဘယ-ဟူသော သဗ္ဗနာမ်ပုဒ်၏ အစိတ်ဖြစ်သော အ-ကို ဧ-ပြု။ ယ-သွေ့ကပ်။ ပြီး၏။ **ဒုဝိန္နံ**,ကိုလည်း ဒွိ,သဒ္ဒါတည်း။ နုံ-သက်။ စ-သဒ္ဒါဖြင့် နုံ-ဝိဘတ် နှောင်းသောကြောင့် ဒွိသဒ္ဒါကို ဒုဝိ- ပြု။နောစ ဒွါဒိတော နံမှိ,ဖြင့် နုံ-ဝိဘတ်နှောင်းသောကြောင့် ဒွိ-သဒ္ဒါနောင်မှ နု-အာဂမရာလာ။ နု-နုံသို့ကပ်။ ပြီး၏။ (တနည်းကား) ဒ္ဝိ,တည်။ နုံ-သက်။ စသဒ္ဒါဖြင့် နုံ-ဝိဘတ်နှောင်းသောကြောင့် ဒွိ-သဒ္ဒါကို ဒုဝိပြု။ ဥဘာဒိတော နမိန်္နံ, ဖြင့် ဒုဝိသဒ္ဒါနောင်မှ နှောင်းသော နုံ-ဝိဘတ်ကို ဏ္ဍံ-ပြု။ ဝ-ကို ခွင်း။ သရလော။ပ။ ပကတ်ပြု။ ဝ-ဏ္ဍ-သို့ကပ်။ ဒုဝိန္နံ, ပြီး၏။ ချာသဒ္ဒ် နှစ်နည်းလုပ်၏။

၁၃၃။ တိ စတုန္နံ တိဏ္ဏာ စတဿော တယော စတ္ထာရော တီဏိ စတ္ထာရိ

တိစတုန္နံ၊ တိ-သဒ္ဒါ, စတုသဒ္ဒါ, တို့၏။ တိဿော စတဿော တယော စတ္ထာရော တီဏိ စတ္ထာရိ၊ တိဿော-အပြု, စတဿော-အပြု,တယော-အပြု, စတ္ထာရော- အပြု,တီဏိ-အပြု, စတ္ထာရိ- အပြုတို့သည်။ ဟောန္တိ၊ ကုန်၏။ (တိဿော, စတဿော,ကား ဏ္ဍတ္ထလိင်။ တယော, စတ္ထာရော,ကား ပုလ္လိင် တီဏိစတ္ထာရိကား နပုလ္လိင်)။ ယော ဏ္ဍစ္စေတေသု၊ ယော-ဝိဘတ်တို့ကြောင့်။ ယထာသဒ္ဒ်၊ အရေအတွက် အားလျော်စွာ။ ဏ္ဍတ္ထိ ပုမ နပုံသကေ၊ ဏ္ဍတ္ထလိင်, ပုလ္လိင်, နပုံလိင်,၌။ ဝတ္တမာနာနုံ၊ကုန်သော။ သဝိဘတ္တိနုံ၊ ဝိဘတ်နှင့်တကွ ဖြစ်ကုန်သော။ တိ,စတုန္နံ၊ တိ,စတု, ဖြစ်ကုန်သော။ သဒ္ဒါနုံ၊ သဒ္ဒါတို့၏။ တိဿော စတဿော တယော စတ္ထာရော တီဏိ စတ္ထာရိ ဏ္ဍစ္စေတေ အာဒေသာ၊ တိဿော-အပြု, စတဿောအပြု, တယော- အပြု, စတ္ထာရော- အပြု,တီဏိ-အပြု, စတ္ထာရိ- အပြုတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တိဿော၊ သုံးပါးအတိုင်း အရှည် ရှိကုန်သော။ ဝေဒနာ၊ တို့သည်၊တို့ကို။ စတဿော၊ လေးပါး အတိုင်းအရှည် ရှိကုန်သော။ ဒိသာ၊ အရပ်တို့သည်၊ အရပ်တို့ကို။ တယော၊ သုံးပါးအတိုင်း အရှည်ရှိကုန်သော။ ဇနာ၊ လူတို့သည်။ ဇနေ၊ လူတို့ကို။ စတ္ထာရော၊ လေးယောက်အတိုင်း အရှည်ရှိကုန်သော။ ပုရိသာ၊ တို့သည်။ ပုရိသေ၊ တို့ကို။ တီဏိ၊ သုံးပါး အတိုင်းအရှည်ရှိကုန်သော။အာယတနာနိ၊အာယတနတို့သည်၊တို့ကို။စတ္တာရိ၊

http://www.dhammadownload.com

ကုန်သော။ သစ္စာနိ၊ တို့သည်။ တို့ကို။ ။ယောသို့ဘိကိမတ္တံ။ ယောသို့တိ ပဒံ၊ ယောသု,ဟူသောပုဒ်ကို။လ။ တီသု, စတူသု, ဣတိအာဒီသု ဥဒါဟရဏေ သု၊ တို့၌။သတိပိ တိ စတုသဒ္ဒေ ယောနံ အဘာဝါ။တိ စတုသဒ္ဒေ၊တိ-သဒ်္ဒါ, စတု-သဒ်္ဒါ, သဒ္ဒါသည်။ သတိပိ၊ လည်း။ ယောနံ၊ တို့၏။ အဘာဝါ၊ ကြောင့်။ ဣမိနာသုတ္တေန၊ ဖြင့်။တိဿော။လ။စတ္တာရိ ဣစ္စေတေ အာဒေသာ၊ တို့သည်။ နဟောန္တိ၊ ကုန်။လ။ တီသု၊ သုံးပါတို့၌။ စတူသု၊ လေးပါးတို့၌။

ဇနေ, ပုရိသေ, ကား စာကိုယ်၌မရှိ။ ဒုတိယန္တပုလ္လိင် ထင်အောင် သာ ထည့်သည်။ ဆျာသ၌ကား ဝေဒနာ, ပုရိသ, သစ္စ, ဟူသော ပုဒ်သုံးပါးကို ပဓာနပုဒ်အဖြစ်ဖြင့် ဆို၏။

တိ,သဒ်္ဒါတည်။ ပဌမာ, ဒုတိယာ, ယော-သက်။ ဤသုတ်ဖြင့် ယော-ဝိဘတ် နှောင်းသောကြောင့် ဝိဘတ်နှင့် တကွ ဣတ္ထိလိင်၌ဖြစ်သော တိ-သဒ်္ဒါကို တိဿောပြု။ပြီး၏။ **စတု**, သဒ်္ဒါတည်။ ပဌမာ,ဒုတိယာ, ယော-သက်။ ဤသုတ်ဖြင့် ယော-ဝိဘတ်နှောင်းသောကြောင့် ဝိဘတ်နှင့် တကွ ဣတ္ထိလိင်၌ဖြစ်သော စတုသဒ်္ဒါကို စတဿောပြု။ ပြီး၏။ ဤကား ဣတ္ထိလိင် တည်း။ **တိ**,တည်။ယော-သက်။ပုလ္လိင်တည်း။ တယော-ပြု။**စတု**,တည်။ယော သက်။ ပုလ္လိင်။စတ္တာရော-ပြု။ ဤကား ပုလ္လိင်တည်း။ **တိ**,တည်။ယော-သက်။ နပုံလိင်။ တီဏိ-ပြု။ **စတု**, တည်။ ယော-သက်။ နပုံလိင်။ စတ္တာရိ-ပြု။ ဤကား နပုံလိင်တည်း။ ဝိဘတ်နှင့်တကွ ချည်းပြုလေ။ ။ကိံ ကို**တိ**,တည်။ သု-သက်။ ဆရာကား-ဤသုတ်ဖြင့် ဝိဘတ်နှင့်တကွ တိသဒ်္ဒါကို တိဿော, တယော,တီဏိ,ပြုမြဲ။ ယော-ဝိဘတ် မနှောင်းသောကြောင့်။ ပြီး၏။ ။**စတု**, တည်။ သု-သက်။ ဆရာကား-ဤသုတ်ဖြင့် ဝိဘတ်နှင့်တကွ စတုသဒ်္ဒါကို စတဿော,စတ္တာရော, စတ္တာရိ, ပြုမြဲ။ ယောဝိဘတ် မနှောင်းသောကြောင့်။ ပြီး၏။ (ဆျာသ၌ ဒီဃမပြု။ ဒီဃပြုသော်လည်း သင့်တော့သည်သာ ဖြစ်သော ကြောင့် သုနံဟိသုစ,ဖြင့် ဒီဃပြု)။

၁၃၄။ ပဋ္ဌာဒီနမေ ကာရော

ပဋ္ဌာဒီနံ၊ ပဋ္ဌ,အစရှိကုန်သော သဒ်္ဒါတို့၏။ အကာရော၊ အ, အပြုသည်။ ဟောတိ၊ ၏။ ။ယော-ဣစ္စေတေသု၊ တို့ကြောင့်။ ဣတ္ထိ ပုမ နပုံသကေ၊ ၌။ ဝတ္တမာနာနံ၊ ကုန်သော။ ပဋ္ဌာဒီနံ၊ ပဋ္ဌ,အစရှိကုန်သော။ သဒ်္ဒါနံ၊ သဒ်္ဒါ

http://www.dhammadownload.com

တို့၏။ သဝိဘတ္တိဿ၊ သော။ အန္တဿ၊ အစိတ်ဖြစ်သော။ သရဿ၊ သရ၏။ အကာရော၊ သည်။ ဟောတိ၊ ၏။ ပဋ္ဌ၊ ငါးပါးတို့သည်၊ တို့ကို။ ပဋ္ဌ၊ တို့သည်။ တို့ကို။ လ။ ဒသ၊ တို့သည်၊ တို့ကို။ (ထပ်၍ နှစ်ထပ် ဆိုသည်ကား ဤသုတ်သည်ကား နိစ္စသုတ်တည်းဟု သိစေလိုသောငှာ ဆိုသည်။ ရုပ်ကား တခုစီသာ လုပ်)။ ။ပဋ္ဌာဒီနမိတိကိမတ္ထံ။ ပဋ္ဌာဒီနမိတိပဒံ၊ ပဋ္ဌာဒီနံ,ဟူသော ပုဒ်ကို။ ဒ္ဒေ,တယော,ဣတိအာဒီသု ဥဒါဟရဏေသု၊ တို့၌။ သတိပိ ယောဝစနေပဋ္ဌာဒီနံ အဘာဝါ၊ ယောဝစနေ၊ သည်။ သတိပိ၊ လည်း။ ပဋ္ဌာဒီနံ၊ ပဋ္ဌ,အစရှိကုန်သော သင်္ချာတို့၏။ အဘာဝါ၊ ကြောင့်။ ဣမိနာသုတ္တေန၊ ဖြင့်။ အကာရော၊ သည်။ နဟောတိ။ လ။ ဒ္ဒေ၊ နှစ်ပါးတို့သည်၊ တို့ကို။ တယော၊ သုံးပါးတို့သည်၊ တို့ကို။

ပဋ္ဌ,တည်။ ပဌမာ,ဒုတိယာ,ယော-သက်။ ခွင်း။ သဒ္ဒယော နီနမာဇ,ဖြင့် ယော-ဝိဘတ်ကို အာ-ဇ ပြုလုလတ်သည် ရှိသော် ဤသုတ်ဖြင့် ယော-ဝိဘတ် နှောင်းသောကြောင့် ဝိဘတ်နှင့်တကွ ပဋ္ဌ ဟူသော သင်္ချာသဒ္ဒါ၏ အစိတ် ဖြစ်သော အ-ကို အ-ပြု။ ကပ်။ ပြီး၏။ **ဆ,သတ္တ,အဋ္ဌ,နဝ,ဒသ,** တည်။ ပဌမာ,ဒုတိယာ,ယော-သက်၍ လုပ်မြဲ။ ။ကိုံကို ဒ္ဒိ, သင်္ချာတည်။ ပဌမာ,ဒုတိယာ,ယော-သက်။ ခွင်း။ ဆရာကား-ဤသုတ်ဖြင့် ယော-ဝိဘတ် နှောင်းသောကြောင့် ဝိဘတ်နှင့် တကွ သင်္ချာသဒ္ဒါ၏ အစိတ်ကို အ-ပြုမြဲ။ ပဋ္ဌ-အစရှိကုန်သော သင်္ချာသဒ္ဒါတို့ မဟုတ်သောကြောင့်။ ကပ်။ယောသု ဒ္ဒိနှုံ ဒ္ဒေစ,ဖြင့် ယော-ဝိဘတ် နှောင်းသောကြောင့် ဝိဘတ်နှင့် တကွ ဒ္ဒိ-သင်္ချာကို ဒ္ဒေ-ပြု။ ပြီး၏။ ။**တိ**,သင်္ချာတည်။ ပဌမာ, ဒုတိယာ, ယော-သက်။ ခွင်း။ ဆရာကား-ဤသုတ်ဖြင့် ယော-ဝိဘတ် နှောင်းသောကြောင့် ဝိဘတ်နှင့်တကွ သင်္ချာသဒ္ဒါ၏ အစိတ် အ-ကို အ-ပြုမြဲ။ ပဋ္ဌ, အစရှိကုန်သော သင်္ချာသဒ္ဒါတို့ မဟုတ်သောကြောင့်။ ကပ်။တိ စတုနှုံ တိဿော စတဿော တယောစတ္တာရာ တီဏိ စတ္တာရိ,သုတ်ဖြင့် ယော-ဝိဘတ် နှောင်းသောကြောင့် ဝိဘတ်နှင့်တကွ ပုလ္လိင်၌ ဖြစ်သော တိ-သင်္ချာကို တယော-ပြု။ ပြီး၏။

၁၃၅။ ရာဇဿ ရညော ရာဇိနော သေ

သေ၊ သ,ဝိဘက်ကြောင့်။ ရာဇဿ၊ ရာဇသဒ္ဒါ၏။ ရညော ရာဇိနော၊ ရညောအပြု,ရာဇိနော အပြုတို့သည်။ဟောန္တိ၊ဖြစ်ကုန်၏။ သေ၊ သ,ဖြစ်သော။

http://www.dhammadownload.com

ဝိဘတ္တိမှိ၊ ကြောင့်။ သဝိဘတ္တိဿ၊ သော။ သဗ္ဗဿော၀၊ သော။ ရာဇသဒ္ဒဿ၊ ရာဇသဒ္ဒါ၏။ ရညောရာဇိနော ဣစ္စေတေ အာဒေသာ၊ ရညောအပြု,ရာဇိနော အပြု,တို့သည်။ ဟောန္တိ၊ ကုန်၏။ ရညော၊ မင်းအား၊ မင်း၏။ ရာဇိနော၊ မင်းအား၊ မင်း၏။ ။သေတိကိမတ္ထံ။ သေတိပဒံ၊ သေ, ဟူသော ပုဒ်ကို။ ရညော,ဣတိအာဒိသု ဥဒါဟရဏေသု၊ တို့၌။သတိပိ ရာဇသဒ္ဒေ သဿ အဘာ ၀ါ။ ရာဇသဒ္ဒေ၊ သည်။ သတိပိ၊ လည်း။ သဿ၊ သ, ဝိဘတ်၏၊ အဘာ၀ါ၊ ကြောင့်။ ဣမိနာသုတ္တေန၊ ဖြင့်။ ရညော ရာဇိနော ဣစ္စေတေ အာဒေသာ၊ တို့သည်။ နဟောန္တိ၊ ကုန်။ ရညာ၊ မင်းဖြင့်၊ နှင့်၊ သည်၊ ကြောင့်။

ရာဇ,တည်။ သ-သက်။ ဣသုတ်ဖြင့် သ-ဝိဘတ် နှောင်းသောကြောင့် ဝိဘတ်နှင့်တကွ အလုံးစုံသော ရာဇသဒ္ဒါကို ရညော-ပြု,ရာဇိနော, ပြု။ပြီး၏။ နှစ်ရှုပ်လုပ်။ ။ကိံ ကို **ရာဇ**, တည်။ နာ-သက်။ ဆရာကား-ဣသုတ် ဖြင့် ဝိဘတ် နှင့် တကွ အလုံးစုံသော ရာဇ သဒ္ဒါကို ရညော, ရာဇိနော, ပြုမြဲ။ သ-ဝိဘတ် မဇ္ဈောင်း သောကြောင့်။ နာမှိ ရညာ၀ါ, သုတ်ဖြင့် နာ-ဝိဘတ် နှောင်းသောကြောင့် ဝိဘတ်နှင့်တကွ အလုံးစုံသော ရာဇသဒ္ဒါကို ရညာပြု။ ပြီး၏။

၁၃၆။ ရညံ နံမှိ ဝါ

နံမှိ၊ နံ,ဝိဘတ်ကြောင့်။ ဝါဖြင့်။ ရညံ၊ ရညံ,အပြုသည်။ ဟောတိ၊ဖြစ်၏။ ဝိဘတ္တိမှိ၊ သော။ နံမှိ၊ ကြောင့်။ သဝိဘတ္တိဿ၊ သော။ သဗ္ဗဿော၀၊ သော။ ရာဇသဒ္ဒဿ၊ ၏။ ရညံအာဒေသော၊ ရညံ,အပြုသည်။ ဝါ၊ ဖြင့်။ ဟောတိ၊၏။ ရညံ၊ တို့အား၊ တို့၏။ ရာဇူနံ၊ မင်းတို့အား၊ မင်းတို့၏။ ဣဒံ၊ ဤသို့သဘော ရှိသော။ ရဋ္ဌံ၊ တိုင်းသည်။ ဟောတိ၊ ၏။ [စတုတ္ထီ,ဆဋ္ဌီ,သင့်အောင် နှစ်နက် ယောဇနာသည်]။

ရာဇ,တည်။ နံ-သက်။ ဣသုတ်ဖြင့် နံ-ဝိဘတ် နှောင်းသောကြောင့် ဝိဘတ်နှင့်တကွ အလုံးစုံသော ရာဇသဒ္ဒါကို ရညံပြု။ ပြီး၏။ ။ကိံ ကိုလည်း **ရာဇ**,တည်။ စတုတ္ထီ,ဆဋ္ဌီ နံ-သက်။ ဆရာကား ဣသုတ်ဖြင့် နံ-ဝိဘတ် နှောင်းသောကြောင့် ဝိဘတ်နှင့်တကွ အလုံးစုံသော ရာဇသဒ္ဒါကို ရညံ,ပြုမြဲ။ ဝါ, မပြုစရာ။ ရာဇဿ ရာဇူသုနံဟိသုစ,ဖြင့် နံ-ဝိဘတ် နှောင်းသောကြောင့်

http://www.dhammadownload.com

အလုံးစုံသော ရာဇသဒ္ဒါကို ရာဇ-ပြု။ ခွင်း။ သုနံဟိသုစ,ဖြင့် နံ-ဝိဘတ်နှောင်းသောကြောင့် ရာဇသဒ္ဒါ၏အစိတ်ဖြစ်သော ဥ-ကို ဦ-ဒီဃပြု။ ကပ်။ ရာဇူနံ, ပြီး၏။ [စတုတ္ထီ,ဆဋ္ဌီ,ဘို နှစ်ရုပ်လုပ်]။

၁၃၇။ နာမှိ ရညာ ၀ါ

နာမှိ၊ နာ,ဝိဘတ်ကြောင့်။ ၀ါ၊ ဖြင့်။ ရညာ၊ ရညာ,အပြု ဖြစ်၏။ ။ နာမှိ၊ သော။ ဝိဘတ္တိမှိ၊ ကြောင့်။ သဝိဘတ္တိဿ၊ သော။ သဗ္ဗဿေဝ၊ သော။ ရာဇသဒ္ဒဿ၊ ၏။ ရညာအာဒေသော၊ သည်။ ၀ါ၊ ဖြင့်။ ဟောတိ၊ ၏။ တေန၊ ထိုသို့သဘောရှိသော။ ရညာ၊ သည်။ ကတံ၊ ပြုအပ်သော အမှုတည်း။ ၀ါ၊ ကား။ ရာဇေန၊ သည်။ ကတံ၊ တည်း။ ။နာမှိတိကိမတ္ထံ။ နာမှိတိပဒံ၊ နာမှိ, ဟူသောပုဒ်ကို။ ရညောသန္တကံ,ဣတိအာဒီသု ဥဒါဟရဏေသု၊ တို့၌။ သတိပိ ရာဇသဒ္ဒေ နာဝစနဿ အဘာဝါ။ ရာဇသဒ္ဒေ၊ သည်။ သတိပိ၊လည်း။ နာဝစနဿ၊ ၏။ အဘာဝါ၊ ကြောင့်။ ဣမိနာသုတ္တေန၊ ဖြင့်။ ရညာအာဒေသော၊ သည်။ နဟောတိ။လ။ ရညော၊ မင်း၏။ သန္တကံ၊ ဥစ္စာသည်။ ဟောတိ၊ ၏။

ရာဇ,တည်။ နာ-သက်။ ဤသုတ်ဖြင့် နာ-ဝိဘတ်နှောင်းသောကြောင့် ဝိဘတ်နှင့်တကွ အလုံးစုံသော ရာဇသဒ္ဒါကို ရညာပြု။ ကပ်။ ပြီး၏။ ။၀ါ သဒ္ဒါ၏ အကျိုးကိုလည်း **ရာဇ**,တည်။ နာ-သက်။ ဆရာကား ဤသုတ်ဖြင့် နာ-ဝိဘတ်နှောင်းသောကြောင့် ဝိဘတ်နှင့်တကွ အလုံးစုံသော ရာဇသဒ္ဒါကို ရညာပြုမြဲ။ ၀ါ, မပြုစရ။ ခွင်း။ နာ-ကို ဧန-ပြု။ သရလော။ပ။ ပကတိပြု။ ကပ်။ ပြီး၏။ ။ကိံ ကိုလည်း **ရာဇ**,တည်။ သ-သက်။ ဆရာကား ဤသုတ်ဖြင့် ဝိဘတ်နှင့်တကွ အလုံးစုံသော ရာဇသဒ္ဒါကို ရညာပြုမြဲ။ နာ-ဝိဘတ်မဟုတ်သောကြောင့် ရာဇဿ ရညော ရာဇိနောသေ,သုတ်ဖြင့် သ-ဝိဘတ်နှောင်းသောကြောင့် ဝိဘတ်နှင့်တကွအလုံးစုံသော ရာဇသဒ္ဒါကို ရညောပြု။ ပြီး၏။

၁၃၈။ သိမ်ံမှိ ရညေ-ရာဇိနိ

သိမ်ံမှိ၊ သိမ်ံ-ဝိဘတ်ကြောင့်။ ရညေရာဇိနိ၊ ရညေအပြု, ရာဇိနိ အပြု,တို့ သည်။ ဟောန္တိ၊ ကုန်၏။ ။သိမ်ံမှိ၊ သော။ ဝိဘတ္တိမှိ၊ ကြောင့်။ သဗ္ဗဿေဝ၊ သော။ သ,ဝိဘတ္တိဿ၊ သော။ ရာဇသဒ္ဒဿ၊ ၏။ ရညေရာဇိနိဣစ္စေတေအာဒေ

http://www.dhammadownload.com

သာ၊ ရဉ္ဇေအပြု, ရာဇိနိအပြုတို့သည်။ ဟောန္တိ၊ ကုန်၏။ ရဉ္ဇေ၊ ၌။ ရာဇိနိ၊ ၌။ သိလံ၊ သီလသည်။ တိဋ္ဌတိ၊ တည်၏။

ရာဇ,တည်။သို့-သက်။ ဤသုတ်ဖြင့် သို့-ဝိဘတ်နှောင်းသောကြောင့် ဝိဘတ်နှင့်ကကွ အလုံးစုံသော ရာဇသဒ္ဒါကို ရဉ္ဇေပြု။ ရာဇိနိပြု။ ပြီး၏။ [အသီးအသီးလုပ်]။

၁၃၉။ တုမ္ဟ မှာကံ တယိ မယိ

တုမ္ဟ မှာကံ၊ တုမ္ဟသဒ္ဒါ, အမှသဒ္ဒါ,တို့၏။ တယိမယိ၊ တယိအပြု, မယိအပြု,တို့သည်။ ဟောန္တိ၊ ကုန်၏။ ။သို့မှိ၊ သော။ ဝိဘတ္တိမှိ၊ ကြောင့်။ သဒ္ဒေသံ၊ ကုန်သော။ သ-ဝိဘတ္တိနံ၊ ကုန်သော။ တုမ္ဟအမှဃဒ္ဒါနံ၊ တို့၏။ တယိမယိဂ္ဂစ္ဆေတေအာဒေသာ၊ တယိအပြု, မယိအပြု,တို့သည်။ ယထာသခ်္ခံ၊ စွာ။ ဟောန္တိ၊ ကုန်၏။ [ယထာသခ်္ခံ၏အဓိပ္ပါယ်ကား တုမ္ဟသဒ္ဒါကို တယိ, အမှသဒ္ဒါကို မယိပြုဟူလိုသည်]။ တယိ၊ ၌။ မယိ၊ ၌။ ။သို့မှိတိ ကိမတ္ထံ။ သို့မှိတိပဒံ၊ သို့မှိ, ဟူသောပုဒ်ကို။ တံ ဘဝသိ, အဟံဘဝါမိ, ဣတိအာဒီသု ဥဒါဟရဏေသု၊ တို့၌။ သတိပိ၊ တုမ္ဟအမှသဒ္ဒေ သို့ဝစနဿ အဘာဝါ။ တုမ္ဟအမှသဒ္ဒေ၊ သည်။ သတိပိ၊ လည်း။သို့ဝစနဿ၊ ၏။ အဘာဝါ၊ ကြောင့်။ ဣမိနာသုတ္တေန၊ ဖြင့်။ တယိမယိဂ္ဂစ္ဆေတေအာဒေသာ၊ တို့သည်။ နဟောန္တိ၊ ကုန်။ တံ၊ သင်သည်။ဘဝတိ၊ ဖြစ်၏။ အဟံ၊ ငါသည်။ ဘဝါမိ၊ ဖြစ်၏။

တုမ္ဟ,တည်။ သို့-သက်။ ဤသုတ်ဖြင့် သို့-ဝိဘတ်နှောင်းသောကြောင့် ဝိဘတ်နှင့်တကွ အလုံးစုံသော တုမ္ဟသဒ္ဒါကို တယိပြု။ ပြီး၏။ ။**အမှ**,တည်။ သို့-သက်။ ဤသုတ်ဖြင့် သို့-ဝိဘတ်နှောင်းသောကြောင့် ဝိဘတ်နှင့်တကွ အလုံးစုံသော အမှသဒ္ဒါကို မယိပြု။ ပြီး၏။ ။**ကိ**ကို **တုမ္ဟ**,တည်။သိ-သက်။ ဆရာကား-ဤသုတ်ဖြင့် ဝိဘတ်နှင့်တကွ အလုံးစုံသော တုမ္ဟ သဒ္ဒါကို တယိပြုမြဲ။ သို့ဝိဘတ် မဟုတ်သောကြောင့်။ တုမဟံသိမှိစ,ဖြင့် သိ-ဝိဘတ်နှောင်းသောကြောင့် ဝိဘတ်နှင့်တကွ အလုံးစုံသော တုမ္ဟသဒ္ဒါကို တုံ-ပြု။ ပြီး၏။ ။**အမှ**,တည်။ သိ-သက်။ ဆရာကား-ဤသုတ်ဖြင့် ဝိဘတ်နှင့်တကွ အလုံးစုံသော အမှသဒ္ဒါကို မယိပြုမြဲ။ သို့-ဝိဘတ်မဟုတ်သောကြောင့်။ တုမဟံသိမှိစ, သုတ်ဖြင့် သိ-ဝိဘတ်နှောင်းသောကြောင့် ဝိဘတ်နှင့်တကွ အလုံးစုံသော အမှသဒ္ဒါကို အဟံပြု။ပြီး၏။

http://www.dhammadownload.com

၁၄၀။ တွမဟံ သိမ္ဒိစ

သိမ္ဒိစ၊ သိ-ဝိဘတ်ကြောင့်လည်း။ တွမဟံ၊ တွံအပြု, အဟံအပြု,တို့သည်။ ဟောန္တိ။ ကုန်၏။ ။သိမ္ဒိ၊သော။ ဝိဘတ္တိမ္ဒိ၊ ကြောင့်။ သဗ္ဗေသံ၊ကုန်သော။ သဝိဘတ္တိနံ၊ ကုန်သော။ တုမှ အမှ သဒ္ဒါနံ၊ တို့၏။ တွံ အဟံဣစ္စေတေ အာဒေသာ၊ တို့သည်။ ယထာသင်္ချံ၊ စွာ။ ဟောန္တိ၊ ကုန်၏။ (ယထာသင်္ချံ၏ အဓိပ္ပါယ်ကား တုမှသဒ္ဒါကို တွံ,အမှသဒ္ဒါကို အဟံ, ပြုလိုသည်)။ တွံ၊ သည်။ အဟံ၊ သည်။ ။သိမ္ဒိတိကိမတ္ထံ။ သိမ္ဒိတိပဒံ၊ သိမ္ဒိ, ဟူသောပုဒ်ကို။ တယိမယိ,ဣတိအာဒီသု ဥဒါဟရဏေသု၊ တို့၌။သတိပိ တုမှအမှသဒ္ဒေ သိဝစနဿ အဘာဝါ၊ တုမှအမှ သဒ္ဒေ၊ သည်။ သတိပိ၊ ရှိသော်လည်း။ သိဝစနဿ၊ ၏။ အဘာဝါ၊ မဟုတ်သည်၏အဖြစ်ကြောင့်။ ဣမိနာသုတ္တေန၊ ဖြင့်။ တွံအဟံ ဣစ္စေတေ အာဒေသာ၊ တို့သည်။ နဟောန္တိ၊ ကုန်။ တယိ၊၌။ မယိ၊၌။ စဂ္ဂဟ-ဏေန၊ ဖြင့်။ တုဝံစ၊ တုဝံအပြုသည်လည်း။ ဟောတိ၊၏။ တုဝံ၊ သင်သည်ကား။ သတ္ထာ၊ ဆရာသည်။ ဟောတိ၊ ၏။

တုမှ,တည်။ သိ-သက်။ ဤသုတ်ဖြင့် သိ-ဝိဘတ် နှောင်းသောကြောင့် ဝိဘတ်နှင့်တကွ အလုံးစုံသော တုမှသဒ္ဒါကို တွံ-ပြု။ပြီး၏။ ။**အမှ**,တည်။ သိ-သက်။ ဤသုတ်ဖြင့် သိ-ဝိဘတ် နှောင်းသောကြောင့် ဝိဘတ်နှင့်တကွ အလုံးစုံသော အမှသဒ္ဒါကို အဟံပြု။ ပြီး၏။ ကိံကိုလည်း၊ **တုမှ**,တည်။ သို့-သက်။ ဆရာကား-ဤသုတ်ဖြင့် ဝိဘတ်နှင့်တကွ အလုံးစုံသော တုမှသဒ္ဒါကို တွံ-ပြုမြဲ။ သိ-ဝိဘတ်မနှောင်းသောကြောင့်။ တုမှမှာကံ တယိမယိ, ဖြင့် သို့-ဝိဘတ်နှင့်တကွ အလုံးစုံသော တုမှသဒ္ဒါကို တယိပြု။ပြီး၏။ ။**အမှ**,တည်။ သို့-သက်။ ဆရာကား-ဤသုတ်ဖြင့် ဝိဘတ်နှင့်တကွ အလုံးစုံသော အမှသဒ္ဒါကို အဟံပြုမြဲ။ သိ-ဝိဘတ်မနှောင်းသောကြောင့်။ တုမှမှာကံ တယိမယိ,ဖြင့် သို့-ဝိဘတ်နှောင်းသောကြောင့် ဝိဘတ်နှင့်တကွ အလုံးစုံသော အမှသဒ္ဒါကို မယိပြု။ပြီး၏။ ။**တုဝံ**,ကား စသဒ္ဒါ၏အကျိုးတည်း။ တုမှ,တည်။ သိ-သက်။ ဤသုတ်၌ စသဒ္ဒါဖြင့် သိ-ဝိဘတ်နှင့်တကွ အလုံးစုံသော တုမှသဒ္ဒါကို တုဝံပြု။ ပြီး၏။

http://www.dhammadownload.com

၁၄၁။ တဝ မမ သေ

သေ၊ သ,ဝိဘတ်ကြောင့်။ တဝ မမ၊ တဝ အပြု, မမ အပြု, တို့သည်။ ဟောန္တိ၊ ကုန်၏။ သေ၊သော။ ဝိဘတ္တိမှိ၊ ကြောင့်။ သဗ္ဗေသံ၊ ကုန်သော။ သ-ဝိဘတ္တီနံ၊ ကုန်သော။ တုမှအမှသဒ္ဒါနံ၊ တို့၏။ ယထာသင်္ချံ၊ စွာ။ တဝ မမဣစ္ဆေတေ အာဒေသာ၊ တို့သည်။ ဟောန္တိ၊ ကုန်၏။ (ယထာသင်္ချံ၏ အဓိပ္ပါယ်ကား တုမှကို တဝ, အမှကို မမပြုဟူလိုသည်)။ တဝ၊ သင်အား၊၏။ မမ၊ ငါ့အား၊ ၏။ သေတိကိမတ္ထံ။ သေတိပဒံ၊ ကို။လ။ တယိ,မယိ,ဣတိအာဒီသု ဥဒါဟရဏေသု၊ တို့၌။ သတိပိ တုမှအမှသဒ္ဒေ သဝစနဿ အဘာဝါ။ တုမှအမှ သဒ္ဒေ၊ သည်။ သတိပိ၊ လည်း။ သဝစနဿ၊ ၏။ အဘာဝါ၊ကြောင့်။ ဣမိနာသုတ္တေန၊ ဖြင့်။ တဝမမ ဣစ္ဆေတေ အာဒေသာ၊ တို့သည်။ နဟောန္တိ၊ ကုန်။ တယိ၊ ၌။ မယိ၊ ၌။

တုမှ, တည်။ သ-သက်။ ဤသုတ်ဖြင့် သ-ဝိဘတ် နှောင်းသော ကြောင့် ဝိဘတ်နှင့်တကွ အလုံးစုံသော တုမှသဒ္ဒါကို တဝပြု။ ပြီး၏။ ။ **အမှ,** တည်။ သ-သက်။ ဤသုတ်ဖြင့် သ-ဝိဘတ် နှောင်းသောကြောင့် ဝိဘတ်နှင့်တကွ အလုံးစုံသော အမှသဒ္ဒါကို မမပြု။ ပြီး၏။ ။ကိံကို လည်း၊ **တုမှ,**တည်။ သို့-သက်။ ဆရာကား- ဤသုတ်ဖြင့် ဝိဘတ်နှင့်တကွ အလုံးစုံသော တုမှသဒ္ဒါကို တဝ-ပြုမြဲ။ သ-ဝိဘတ် မနှောင်းသောကြောင့်။ တုမှမှာကံ တယိမယိ,ဖြင့် သို့-ဝိဘတ်နှောင်းသောကြောင့် ဝိဘတ်နှင့်တကွ အလုံးစုံသော တုမှသဒ္ဒါကို တယိ,ပြု။ ပြီး၏။ ။**အမှ,**တည်။ သို့-သက်။ ဆရာကား- ဤသုတ်ဖြင့် ဝိဘတ်နှင့်တကွ အလုံးစုံသောအမှ သဒ္ဒါကို မမ-ပြုမြဲ။ သ-ဝိဘတ် မနှောင်းသောကြောင့်။ တုမှမှာကံ တယိမယိ,ဖြင့်။လ။ မယိပြု။ပြီး၏။

၁၄၂။ တုယှံ မယှ.ဥ

တုယှံ မယှဥ၊ တုယှံအပြု, မယှံအပြု,တို့သည်လည်း။ ဟောန္တိ၊ ကုန်၏။ ။ ဝိဘတ္တိမှိ၊ သော။ သေ၊ကြောင့်။ သဗ္ဗေသံ၊ ကုန်သော။သဝိဘတ္တီနံ၊ ကုန်သော။ တုမှ အမှသဒ္ဒါနံ၊ တို့၏။ တုယှံမယှံ ဣစ္ဆေတေအာဒေသာ၊ တို့သည်။ ယထာသင်္ချံ၊ စွာ။ ဟောန္တိ၊ ကုန်၏။ တုယှံ၊ သင့်အား။ မယှံ၊ငါ့အား။ ဓနံ၊ ဥစ္စာကို။

http://www.dhammadownload.com

မယာ၊ ငါသည်။ ဒီယတော၊ ပေးအပ်၏။ တုယ့်၊ သင်၏။ မယ့်၊ ငါ၏။ ဓနံ၊ သည်။ ဟောတိ၊ ၏။ [ဆင်ခြင်သို့ထပ်၍ ယောဇနာ သည်။ ယထာ သန်း့ ၏ အဓိပ္ပါယ်ကား တုမှကို တုယ့်, အမှကို မယ့်, ပြုဟူလိုသည်)။ ။သေတိ ကိမတ္ထံ။ သေတိပဒံ၊ကို။လ။ တယာ, ယော, ဣတိ အာဒီသု ဥဒါဟရဏေသု၊ တို့၌။ သတိပိ တုမှ အမှသဒ္ဒေ သဝစနဿ အဘာဝေါ။ တုမှ အမှသဒ္ဒေ၊သည်။ သတိပိ၊ လည်း။ သဝစနဿ၊ ၏။ အဘာဝေါ၊ ကြောင့်။ ဣမိနာသုတ္တေန၊ ဖြင့်။ တုယ့် မယ့် ဣစ္စေတေအာဒေသာ၊ တို့သည်။ နဟောန္တိ၊ ကုန်။ တယာ၊သည်။ မယာ၊ သည်။

တုမှ,တည်။ စတုတ္ထိ,ဆဋ္ဌိ, သ-သက်၍ ဣသုတ်ဖြင့် သ-ဝိဘတ် နှောင်း သောကြောင့် ဝိဘတ်နှင့်တကွ အလုံးစုံသော တုမှသဒ္ဒါကို တုယ့်ပြု။ ပြီး၏။ **အမှ**, တည်။ စတုတ္ထိ,ဆဋ္ဌိ, သ-သက်။ ဣသုတ်ဖြင့် သ-ဝိဘတ် နှောင်း သောကြောင့် ဝိဘတ်နှင့်တကွ အလုံးစုံသော အမှသဒ္ဒါကို မယ့်ပြု။ ပြီး၏။ **ကိံ**ကို **တုမှ**,တည်။ **အမှ**,တည်။ နာ-သက်။ စောဒနာ၍ နာမှိ တယာမယာ, ဖြင့် လုပ်မြဲ။

၁၄၃။ တံ-မ မံဆို

အံမှိ၊အံ,ဝိဘတ်ကြောင့်။ တံမံ၊ တံ-အပြု, မံ-အပြု,တို့သည်။ ဟောန္တိ၊ဖြစ်ကုန်၏။ ။ဝိဘတ္တိမှိ၊သော။ အံမှိ၊ ကြောင့်။ သဗ္ဗေသံ၊ ကုန်သော။ သဝိဘတ္တိနံ၊ ကုန်သော။ တုမှအမှသဒ္ဒါနံ၊ တို့၏။ တံမံဣစ္စေတေ အာဒေသာ၊ တို့သည်။ ယထာသန်း့ ံ စ္စာ။ ဟောန္တိ၊ ကုန်၏။ တံ၊ သင့်ကို။ မံ၊ငါ့ကို။ အံမှိတိကိမတ္ထံ၊ အံမှိတိပဒံ၊ အံမှိ,ဟူသောပုဒ်ကို။ တယာ,မယာဣတိအာဒီသု ဥဒါဟရဏေသု၊ တို့၌။ တုမှအမှ သဒ္ဒေ၊ သည်။ သတိပိ၊ လည်း။ အဝစနဿ၊ ၏။ အဘာဝေါ၊ ကြောင့်။ ဣမိနာသုတ္တေန၊ ဖြင့်။ တံမံဣစ္စေတေ အာဒေသာ၊ တို့သည်။ နဟောန္တိ၊ ကုန်။ တယာ၊ သင်သည်။ မယာ၊ ငါသည်။

တုမှ, တည်။ **အမှ**,တည်။ အံ-သက်။ ဣသုတ်ဖြင့် အံ-ဝိဘတ် နှောင်း သောကြောင့် ဝိဘတ်နှင့်တကွ အလုံးစုံသော တုမှ သဒ္ဒါကို တံ-ပြု။ အမှ သဒ္ဒါကို မံ-ပြု။ ပြီး၏။ ။ကိံ ကိုလည်း။ **တုမှ**,**အမှ**,တည်။ နာ-သက်။ ဆရာဘား-ဣသုတ်ဖြင့် ဝိဘတ်နှင့်တကွ အလုံးစုံသော တုမှ သဒ္ဒါကို တံ-

http://www.dhammadownload.com

ပြုမြဲ။ အမှသဒ္ဒါကို မံ-ပြုမြဲ။ အံ-ဝိဘတ် မနှောင်းသောကြောင့်။ နာမှိ တယာ မယာ,ဖြင့် လုပ်မြဲ။

၁၄၄။ တဝံ.မမ.ဥ နဝါ

နဝါ၊ အချိသဖြင့်။ တဝံမမဥ၊ တဝံ အပြု, မမံ အပြု, တို့သည်လည်း။ ဟောန္တိ၊ ကုန်၏။ ။အံမှိ၊ သော။ ဝိဘတ္တိမှိ၊ ကြောင့်။ သဗ္ဗေသံ၊ ကုန်သော။ သဝိဘတ္တိနံ၊ ကုန်သော။ တုမှအမှသဒ္ဒါနံ၊ တို့၏။ တဝံ မမံ ဣစ္စေတေ အာဒေသာ၊ တဝံ အပြု, မမံ,အပြု,တို့သည်။ ယထာသင်္ချံ၊ စွာ။ နဝါ၊ ဖြင့်။ ဟောန္တိ၊ ကုန်၏။ တဝံ၊ သင့်ကို။ မမံ၊ ငါ့ကို။ ပဿတိ၊ မြင်၏။ ။နဝါတိ ကိမတ္ထံ။ နဝါတိ ပဒံ၊ ဟူသောပုဒ်ကို။လ။သတိပိသုတ္တင်း နဝါသဒ္ဒေန နိဝါရိ တတ္တာ၊ သုတ္တင်း၊ အပြည့်အစုံဖြစ်သော သုတ်၏ အင်္ဂါသည်။သတိပိ၊ရှိသော် လည်း။ နဝါသဒ္ဒေန၊ ဖြင့်။ နိဝါရိတတ္တာ၊ ကြောင့်။ ဣမိနာ သုတ္တေန၊ ဖြင့်။ တဝံ မမံ ဣစ္စေတေ အာဒေသာ၊ တို့သည်။ နဟောန္တိ၊ ကုန်။လ။တံ၊သင့်ကို။ မံ၊ ငါ့ကို။ ပဿတိ၊ မြင်၏။ စဂ္ဂဟဏံ၊ ကို။ အနုကစုနတ္ထံ၊ အံ,ဟူသော နိမိတ် ကို ငင်ခြင်းငှါ။ ကတံ၊ ပြုအပ်၏။

တုမှ,တည်။ **အမှ**,တည်။ အံ-သက်။ ဤသုတ်ဖြင့် အံ-ဝိဘတ် နှောင်း သောကြောင့် ဝိဘတ်နှင့်တကွ အလုံးစုံသော တုမှသဒ္ဒါကို တဝံ-ပြု။ အမှ သဒ္ဒါကို မမံ-ပြု။ ပြီး၏။ (အသီးအသီးလုပ်)။ ။ကိံကိုလည်း **တုမှ**, တည်။ **အမှ**, တည်။ အံ-သက်။ ဆရာကား- ဤသုတ်ဖြင့် အံ-ဝိဘတ် နှောင်းသောကြောင့် ဝိဘတ်နှင့်တကွ အလုံးစုံသော တုမှ သဒ္ဒါကို တဝံ,အမှ သဒ္ဒါကို မမံ-ပြုမြဲ။ နဝါ,မပြုစရ။ တံမမံမှိ,ဖြင့် လုပ်မြဲ။

၁၄၅။ နာမှိ တယာမယာ

နာမှိ၊နာ,ဝိဘတ်ကြောင့်။ တယာမယာ၊ တယာအပြု,မယာအပြု,တို့သည်။ ဟောန္တိ၊ ကုန်၏။ ။နာမှိ၊သော။ ဝိဘတ္တိမှိ၊ ကြောင့်။ သဗ္ဗေသံ၊ ကုန်သော။ သဝိဘတ္တိနံ၊ကုန်သော။ တုမှအမှသဒ္ဒါနံ၊ တို့၏။ တယာမယာ ဣစ္စေတေ အာ ဒေသာ၊ တို့သည်။ ယထာသင်္ချံ၊စွာ။ ဟောန္တိ၊ကုန်၏။ တယာ၊သည်။ မယာ၊ သည်။ကမ္မံ၊အမှုကို။ ကတံ၊ပြုအပ်ပြီ။ နာမှိတိကိမတ္ထံ။ နာမှိတိပဒံ၊နာမှိ,ဟူသော ပုဒ်ကို။တုမှေဟိ,အမှေဟိ,ဣတိအာဒီသု ဥဒါဟရဏေသု၊တို့၌။ သတိပိတုမှအမှ

http://www.dhammadownload.com

သဒ္ဒေ နာဝစနဿအဘာဝါ၊တုမှအမှသဒ္ဒေ၊သည်။ သီတိပိ၊လည်း။နာဝစနဿ၊ ၏။ အဘာဝါ၊ ကြောင့်။ ဣမိနာ သုတ္တေန၊ ဖြင့်။ တယာ မယာ ဣစ္စေတေ အာဒေသာ၊ တို့သည်။ နဟောန္တိ၊ ကုန်။ တုမှေဟိ၊ သင်တို့သည်။ အမှေဟိ၊ ငါတို့သည်။

တုမှ,တည်။ **အမှ**,တည်။ သည်,ကြောင့် ကတ္တားမှည့်။ နာ-သက်။ ဤ သုတ်ဖြင့် လုပ်မြဲ။ ။ကိံကို **တုမှ**,တည်။ **အမှ**,တည်။ တို့သည်,ကြောင့် ကတ္တားမှည့်။ တတိယာ ဟိ-သက်။ ဆရာကား-ဤသုတ်ဖြင့် ဝိဘတ်နှင့်တကွ တုမှ-သဒ္ဒါကို တယာ၊ အမှ-သဒ္ဒါကို မယာပြုမြဲ။ နာ-ဝိဘတ်မနှောင်း သောကြောင့်။ ခွင်း။ သုဟိ သွကာရော ဧ,ဖြင့် ဟိ-ဝိဘတ် နှောင်းသော ကြောင့် အစိတ်ဖြစ်သော အ-ကို ဧ-ပြု။ မှ-ဧ-သို့ကပ်။ တုမှေဟိ, အမှေဟိ, ပြီး၏။

၁၄၆။ တုမှဿ တုဝံတွဲ-မံမှ်

အမှိ၊အံဝိဘတ်ကြောင့်။ တုမှဿ၊တုမှသဒ္ဒါ၏။ တုဝံတွံ၊တုဝံအပြု,တွံ,အပြု, တို့သည်။ ဟောန္တိ၊ ကုန်၏။ ။အံမှိ၊သော။ ဝိဘတ္တိမှိ၊ ကြောင့်။ သဗ္ဗဿေဝ၊ သော။ သဝိဘတ္တိဿ၊ သော။ တုမှ သဒ္ဒဿ၊ ၏။ တုဝံတွံ ဣစ္စေတေ အာဒေသာ၊ တုဝံ အပြု၊ တွံ အပြု,တို့သည်။ ဟောန္တိ၊ကုန်၏။ ကလိဂ်ရဿ၊ထင်း တုံး ဖွဲ့ကိုကဲ့သို့။ တုဝံ၊သင့်ကို။ မညေ၊ အောက်မေ့၏။ ကဋ္ဌဿ၊ ထင်းတုံကို ကဲ့သို့။ တွံ၊သင့်ကို။ မညေ၊အောက်မေ့၏။

တုမှ,တည်။ အံ-သက်။ ဤသုတ်ဖြင့် အံ-ဝိဘတ် နှောင်းသောကြောင့် ဝိဘတ်နှင့်တကွ အလုံးစုံသော တုမှသဒ္ဒါကို တုဝံပြု။ ပြီး၏။ ။**တုမှ**, တည်။ အံ-သက်။ ဤသုတ်ဖြင့် အံ-ဝိဘတ် နှောင်းသောကြောင့် ဝိဘတ်နှင့်တကွ အလုံးစုံသော တုမှသဒ္ဒါကို တွံ-ပြု။ ပြီး၏။ (နှစ်ရုပ်သာ)။

၁၄၇။ ပဒတော ဒုတိယာ စတုတ္ထီ ဆဋ္ဌီသု ဝေါနော

ပဒတော၊ ပုဒ်နောင်မှ။ ဒုတိယာ စတုတ္ထီ ဆဋ္ဌီသု၊ ဒုတိယာ,စတုတ္ထီ,ဆဋ္ဌီ, ဝိဘတ်တို့ကြောင့်။ ဝေါနော၊ *ဝေါ-အပြု, နော-အပြု,တို့သည်။ ဟောန္တိ၊

*ဤသုတ်၌ ဝါသဒ္ဒါ လိုက်လာခြင်းကြောင့် ဝေါ,နော,တေ,မေ, အပြုတို့သည် ပါဒ၏အစ၌ရင်း စ,သဒ္ဒါ-ဝါ,သဒ္ဒါ-ဧဝ,သဒ္ဒါ-စသည်တို့နှင့် ယှဉ်ရာ၌ရင်း မဖြစ် ကုန်ဟု ရူပသိဒ္ဓိ၌ဆိုသည်။

http://www.dhammadownload.com

ကုန်၏။ ။ဗဟုဝစနေသု၊ ဗဟုဝုစ်ဖြစ်ကုန်သော။ ဒုတိယာ စတုတ္ထီ ဆဋ္ဌီ ဣစ္ဆေ တေသု၊ ဒုတိယာ,စတုတ္ထီ,ဆဋ္ဌီ,ဝိဘတ် တို့ကြောင့်။ ယဒါ၊၌။ ပဒသ္မာ၊ပုဒ် နောင်မှ။ ပရေသံ၊ နှောင်းကုန်သော။ သဗ္ဗေသံ၊ ကုန်သော။ သဝိဘတ္တိနံ၊ကုန် သော။ တုမှ အမှ သဒ္ဒါနံ၊ တို့၏။ ယထာသခ်ျံ၊ စွာ။ ဝေါနောအာဒေသာ၊ ဝေါ-အပြု, နော-အပြု,တို့သည်။ နဝါ၊ဖြင့်။ ဟောန္တိ၊ကုန်၏။

ယထာ သခ်ျံ၏ အဓိပ္ပါယ်ကား-တုမှ သဒ္ဒါကို ဝေါ,အမှ သဒ္ဒါကို နော-ပြုဟူလိုသည်။

ဘိက္ခဝေ၊တို့။ ဝေါ၊သင်တို့ကို။ ပဟာယ၊စွန့်၍။ အဟံ၊ငါသည်။ ဂမိဿာမိ၊ သွားအံ့။ အဇ္ဇ၊ယနေ့။ ရညော၊မင်း၏။ သူဒါ၊စဖိုသည်တို့သည်။ မဟာနသေ၊ စဖိုအိမ်၌။ နော၊ငါတို့ကို။ မာဝိကန္ဒိံသု၊ မဖျက်ဆီးလင့်ကုန်။ "မမြည်တမ်း လင့်ကုန်သော်လည်းဟူ"။ ဧဝံ၊ ဤသို့။ ဒုတိယတ္ထေ၊ ဒုတိယာ ဝိဘတ်၏ အနက်၌။ ဟောတိ၊၏။ ဘိက္ခဝေ၊ ရဟန်းတို့။ ဝေါ၊သင်တို့အား။ အဟံ၊ ငါ သည်။ ဓမ္မံ၊ကို။ ဒေသိဿာမိ၊ဟောပေအံ့။ နော၊ငါတို့အား။ ရဇ္ဇေန-ရဇ္ဇံ၊ပြည် စည်းစိမ်ကို။ သံဝိဘဇေထ၊ဝေဘန်ကုန်ရာ၏။ ဧဝံ၊ဤသို့။ စတုတ္ထ၂ တ္ထေ၊စတုတ္ထီ ဝိဘတ်၏အနက်၌။ ဟောတိ၊၏။ (ရဇ္ဇေန,ကား-ကံအနက်၌ တတိယာဝိဘတ် သက်သည်)။ ဘိက္ခဝေ၊ တို့။ ဝေါ၊ သင်တို့၏။ ပကတိယာ၊ သဘော အားဖြင့်။ တုဋ္ဌော၊ နှစ်သက်သည်။ အသို့၊ ဖြစ်၏။ နော၊ ငါတို့၏။ သတ္ထာ၊ ဆရာဖြစ်သော။ ဘဂဝါ၊ သည်။ အနုပ္ပတ္တော၊ အစဉ်ရောက်သည်။ ဟောတိ၊ ၏။ ဧဝံ၊ ဤသို့။ ဆဋ္ဌ၂ တ္ထေ၊ ဆဋ္ဌီဝိဘတ်၏အနက်၌။ ဟောတိ၊ ၏။ ။နဝါတိ ကိမတ္ထံ။ နဝါတိပဒံ၊ နဝါ, ဟူသောပုဒ်ကို ။လ။ ဧသော အမှာကံ သတ္ထာ, တုမှာကံ,ဣတိအာဒီသု ဥဒါဟရဏေသု၊ တို့၌။ သတိပိ တုမှ အမှ သဒ္ဒတော ဝုတ္တဝစနေ နဝါသဒ္ဒေန နိဝါရိတတ္တာ။ တုမှအမှ သဒ္ဒတော၊ တုမှသဒ္ဒါ, အမှ သဒ္ဒါတို့နောင်မှ။ ဝုတ္တဝစနေ၊ ဆိုအပ်ပြီးသော ဝိဘတ်သည်။ သတိပိ၊ လည်း။ နဝါသဒ္ဒေန နိဝါရိတတ္တာ၊ ဝေါနောအာဒေသာ၊ နဟောန္တိ။ ဧသော၊ ဤသူ သည်။ အမှာကံ၊ ငါတို့၏။ သတ္ထာ၊ ဆရာတည်း။ တုမှာကံ၊ သင်တို့၏။သတ္ထာ၊ ဆရာတည်း။

http://www.dhammadownload.com

ဝုတ္တဝစနေ၏ အရကား ဒုတိယာ,စတုတ္ထီ,ဆဋ္ဌီ,ကိုဆိုသည်။များသော စာတို့၌ကား အမှာက်,သာရှိသည်။

တုမှမှာက မိတိကိမတ္ထံ။ တုမှမှာကဓိတိပဒံ၊ တုမှမှာကံ, ဟူသောပုဒ်ကို။ တေ ဣသယော ပဿသိ, ဣတိအာဒီသု ဥဒါဟရဏေသု၊ တို့၌။ သတိပိ ဝုတ္တဝစနေ တုမှမှာကံ အဘာဝေါ။ ဝုတ္တဝစနေ၊ ဆိုအပ်ပြီးသော ဝိဘတ်သည်။ သတိပိ၊ လည်း။ တုမှမှာကံ၊ တုမှသဒ္ဒါ, အမှသဒ္ဒါ,တို့၏။ အဘာဝေါ၊ကြောင့်။ ဣမိနာသုတ္တေန၊ ဝေါနော အာဒေသော၊ နဟောန္တိ။ တေ၊ ထိုသို့သဘော ရှိကုန်သော။ ဣသယော၊ ရသေ့တို့ကို။ တံ့၊ သင်သည်။ ပဿသိ၊ ရှုလော့။ [ဝုတ္တဝစနေကား ယူမြဲပင်။ စာကိုယ်၌ ကိ ကား ဒုတိ့ယာတခုကိုသာ ပြသည်] ပဒတောတိကိမတ္ထံ။ ပဒတောတိပဒံ၊ ပဒတော, ဟူသောပုဒ်ကို။ တုမှာကံ သတ္ထာ, ဣတိအာဒီသု ဥဒါဟရဏေသု၊ တို့၌။ သတိ့ပိတုမှအမှသဒ္ဒတော ဝုတ္တဝစနေ ပဒတောအပရတ္တာ။ တုမှအမှသဒ္ဒတော၊မှ။ ဝုတ္တဝစနေ၊သည်။ သတိပိ၊ လည်း။ ပဒတော၊ ပုဒ်နောင်မှ။ အပရတ္တာ၊ ကြောင့်။ ဣမိနာသုတ္တေန၊ ဝေါနောအာဒေသော၊ နဟောန္တိ။ တုမှာကံ၊ သင်တို့၏။ သတ္ထာ၊ ဆရာတည်း။ အမှကံ၊ ငါတို့၏။ သတ္ထာ၊ ဆရာတည်း။ [များသော စာတို့၌ကား တုမှာကံ တခုကိုသာ ပြသည်]။ တေသဒ္ဒတိကိမတ္ထံ။ တေသုတိပဒံ၊ တေသု,ဟူသော ပုဒ်ကို။ ဂစ္ဆထတုမှေ,ဣတိအာဒီသု ဥဒါဟရဏေသု၊ တို့၌။ သတိပိ ပဒတော တုမှအမှသဒ္ဒေ တေသံ အဘာဝေါ။ ပဒတော၊ ပုဒ်နောင်မှ။ တုမှအမှသဒ္ဒေ၊ သည်။ သတိပိ၊ လည်း။ တေသံ၊ ထိုဒုတိယာ, စတုတ္ထီ, ဆဋ္ဌီ ဝိဘတ်တို့၏။ အဘာဝေါ၊ ကြောင့်။ ဣမိနာသုတ္တေန၊ ဝေါနော အာဒေသော၊ နဟောန္တိ။ တုမှေ၊ သင်တို့သည်။ ဂစ္ဆထ၊ သွားကုန်လော့။ အမှေ၊ ငါတို့သည်။ ဂစ္ဆာမ၊ သွားကုန်အံ့။ [များသောစာတို့၌ တုမှေ,တခုကိုသာ ပြသည်]။

ဝေါ,ကို တုမှ,တည်။ ဒုတိယာ ယော-သက်။ ဣသုတ်ဖြင့် ဒုတိယာ ဝိဘတ် ဗဟုဝုစ် ယော-နှောင်းသောကြောင့် ဝိဘတ်နှင့်တကွ ပဟာယဟူသော ပုဒ်နောင်မှနှောင်းသော တုမှသဒ္ဒါကို ဝေါ-ပြု။ ပြီး၏။ ။**နော**,ကို အမှ,တည်။ ဒုတိယာ ယော-သက်။ ဣသုတ်ဖြင့် ဒုတိယာဝိဘတ် ဗဟုဝုစ် ယော-နှောင်းသောကြောင့် ဝိဘတ်နှင့်တကွ မာ,ဟူသော ပုဒ်နောင်မှနှောင်းသော အမှ,သဒ္ဒါကို နော-ပြု။ ပြီး၏။ ဣကား ဒုတိယာသို့။ ။**ဝေါ**,ကို

http://www.dhammadownload.com

တုမ္ဟ,တည်။ စတုတ္ထီ ဗဟုဝုစ် နံ-သက်။ ဤသုတ်ဖြင့် စတုတ္ထီဝိဘတ် ဗဟုဝုစ် နံ-နှောင်းသောကြောင့် ဝိဘတ်နှင့်တကွ ဓမ္မံဟူသော ပုဒ်နောင်မှနှောင်းသော အလုံးစုံသော တုမှသဒ္ဒါကို ဝေါ-ပြု။ ပြီး၏။ ။**နော**,ကို အမှ,တည်။ စတုတ္ထီဗဟုဝုစ် နံ-သက်။ ဤသုတ်ဖြင့် စတုတ္ထီဝိဘတ် ဗဟုဝုစ် နံနှောင်းသောကြောင့် ဝိဘတ်နှင့်တကွ သံဝိဘဇေထ,ဟူသော ပုဒ်နောင်မှ နှောင်းသော အလုံးစုံသော အမှသဒ္ဒါကို နော-ပြု။ ပြီး၏။ ဤကား စတုတ္ထီဘို့။ **ဝေါ**,ကို တုမ္ဟ,တည်။ ဆဋ္ဌီဗဟုဝုစ် နံ-သက်။ ဤသုတ်ဖြင့် ဆဋ္ဌီဝိဘတ် ဗဟုဝုစ် နံ-နှောင်းသောကြောင့် ဝိဘတ်နှင့်တကွ အသ္မီ,ဟူသော ပုဒ်နောင်မှ နှောင်းသော အလုံးစုံသော တုမှသဒ္ဒါကို ဝေါ-ပြု။ ပြီး၏။ **နော**,ကို အမှ,တည်။ ဆဋ္ဌီ ဗဟုဝုစ် နံ-သက်။ ဤသုတ်ဖြင့် ဆဋ္ဌီဝိဘတ် ဗဟုဝုစ် နံ-နှောင်းသောကြောင့် ဝိဘတ်နှင့်တကွ သတ္ထာ,ဟူသော ပုဒ်နောင်မှနှောင်းသော အလုံးစုံသော အမှသဒ္ဒါကို နော-ပြု။ ပြီး၏။ ဤကား ဆဋ္ဌီဘို့။

တုမှာကံ,အမှာကံ,ကို တုမ္ဟ,တည်။ အမှ,တည်။ ဆဋ္ဌီ ဗဟုဝုစ် နံ-သက်။ ဆရာကား ဤသုတ်ဖြင့် ဆဋ္ဌီဝိဘတ်ဗဟုဝုစ် နံ-နှောင်းသောကြောင့် ဝိဘတ်နှင့်တကွ ဧသော,ဟူသော ပုဒ်နောင်မှနှောင်းသော တုမှသဒ္ဒါကို ဝေါ, အမှသဒ္ဒါကို နောပြုမြဲပြုစပါလော့။ မပြုစရ။ အဘယ့်ကြောင့်။ နဝေါ,မပြုစရ။ တုမှမှေဟိ နမာကံ,ဖြင့် တုမှသဒ္ဒါ, အမှသဒ္ဒါနောင်မှနှောင်းသော နံ-ဝိဘတ်ကို အာကံ-ပြု။ ခွင်း။ သရလော ။ပ။ ပကတိပြု။ ကပ်။ ပြီး၏။ (နှစ်ရှုပ် အသီးအသီးလုပ်)။ ။**ဣသယော**,ကို ဣသိ,တည်။ ဒုတိယာ ယော-သက်။ ဆရာကား-ဤသုတ်ဖြင့် ဒုတိယာ ဝိဘတ် ဗဟုဝုစ် ယော-နှောင်းသောကြောင့် ဝိဘတ်နှင့်တကွ ဧတေ ဟူသောပုဒ် နောင်မှ နှောင်းသော သဒ္ဒါကို ဝေါ-ပြုမြဲ, နော-ပြုမြဲ။ တုမှသဒ္ဒါ, အမှသဒ္ဒါ, မဟုတ်သောကြောင့် သ-ကို ခွင်း။ ဣ-ကို ဈ-မှည့်။ ယောသ္မကတရဿော စျော,ဖြင့် ယော ဝိဘတ်နှောင်းသောကြောင့် မပြုအပ်သော ရဿရှိသော စျ-အမည်ရှိသော ဣ-ကို အ-ပြု။ ကပ်။ ပြီး၏။ ။**တုမှာကံ,အမှာကံ**,ကို တုမှသဒ္ဒါ, အမှသဒ္ဒါ, တည်။ ဆဋ္ဌီ နံ-သက်။ ဆရာကား-ဤသုတ်ဖြင့် ဆဋ္ဌီ ဝိဘတ် ဗဟုဝုစ် နံ-နှောင်းသောကြောင့် ဝိဘတ်နှင့် တကွ တုမှသဒ္ဒါကို ဝေါ, အမှသဒ္ဒါကို နော-ပြုမြဲ။ ပုဒ်နောင်မှ မနှောင်းသောကြောင့် မပြုစရ။ တုမှမှေဟိ နမာကံ,ဖြင့် လုပ်မြဲ။

http://www.dhammadownload.com

(နှစ်ရပ်အသီးအသီးလုပ်)။ ။**တုမ္မေ**,ကို တုမ္မ, တည်။ **အမ္မေ**, ကို အမ္မ တည်။ ပဌမာ ဗဟုဝုစ် ယော-သက်။ ဆရာကား-ဤသုတ်ဖြင့် ဗဟုဝုစ်ဝိဘတ် နှောင်းသောကြောင့် ဂစ္ဆထ-ဟူသော ပုဒ်နောင်မှ နှောင်းသော တုမ္မသဒ္ဒါ ကို-ဝေါ,အမ္မသဒ္ဒါကို-နော,ပြုမြဲ။ဒုတိယာ,စတုတ္ထီ,ဆဋ္ဌီ,ဝိဘတ် မဟုတ်သော ကြောင့်။ ခွင်း။ သဗ္ဗနာမ ကာရတော ပဌမော,ဖြင့် သဗ္ဗနာမ် အကာရန္တနောင်မှ နှောင်းသော ပဌမာယောကို ဧ-ပြု။ သရလော။ ပ။ ပကတိပြု။ကပ်။ပြီး၏။

၁၄၈။ တေ ဧမေ က ဝစနေသု စ

ကေ ဝစနေသုစ၊ ကေဝုစ် ဝိဘတ်တို့ ကြောင့်လည်း။ *တေမေ၊ တေ အပြု,မေ အပြု,တို့သည်။ဟောန္တိ၊ ကုန်၏။ ။ကေဝစနေသု၊ ကေဝုစ် ဖြစ်ကုန်သော။ စတုတ္ထီ ဆဋ္ဌီ ဣစ္စေတေသု စ၊ စတုတ္ထီ,ဝိဘတ်, ဆဋ္ဌီ,ဝိဘတ် တို့ကြောင့် လည်း။ ယဒါ၌ ၌။ ပဒသ္မာ၊ ပုဒ်မှ။ ပရေသံ၊ ကုန်သော။ သဗ္ဗေသံ၊ ကုန်သော။ သဝိဘတ္တိနံ၊ ကုန်သော။ တုမ္မ အမ္မ သဒ္ဒါနံ၊ တို့၏။ ယထာသခ်္ဂံ၊ စ္စာ။ တေမေ အာဒေသာ၊ တေအပြု,မေအပြု, တို့သည်။ ဟောန္တိ၊ ကုန်၏။ တေ၊သင်အား၊ ပဋ္ဌ၊ ငါးပါးကုန်သော။ ဂါမဝရာနိ၊ ရွာမြတ်တို့ကို။ "အခွန် တသိန်းထုက်သော ရွာတို့ကို" သော်လည်းဟူ။ အဟံ၊ သည်။ ဒဒါမိ၊ ပေး၏။ မေ၊ ငါ့အား။ ဂါမဝရံ၊ ကို။ တုံ၊ သင်သည်။ ဒဒါဟိ၊ ပေးလော့။ ဣဒံ၊ ဤတိုင်းသည်ကား။ တေ၊ သင်၏။ ရဋ္ဌံ၊ တိုင်းသည်။ ဟောတိ ၏။ အယံ၊ ဤသူသည်။ မေ၊ ငါ၏။ ပုတ္တော၊ သည်။ ဟောတိ၊ ၏။ ။ပဒတောတိ ကိမတ္ထံ။ ပ။ တဝဉ္စာတိ, မမ ဉာတိ,ဣတိအာဒိသု ဥဒါဟရဏေသု၊ တို့၌။ သတိပိ တုမ္မအမ္မသဒ္ဒေ ပဒတော အပရတ္တာ။ တုမ္မ အမ္မသဒ္ဒေ၊ သည်။ သတိပိ၊ လည်း။ပဒတော၊ မှ။ အပရတ္တာ၊ ကြောင့်။ ဣမိနာ သုတ္တေန၊ တေ မေ အာဒေသာ၊ နဟောန္တိ။ တဝ၊ ၏။ ဉာတိ၊ ဆွေမျိုး တည်း။ မမ၊ ၏။ ဉာတိ၊ တည်း။

---

*သမုစ္စယဝိကပ္ပ-ဒ္ဝုတဓေဒါ ဝဓာရဏတ္ထာနံ စ,ဝါ,ဟ,အဟ,ဓေါနံ ပဋ္ဌန္နံ အညတရေန ယောဂေ (သိဒ္ဓန္တကောမုဒိ) အလိုမူ ဟ-သဒ္ဒါအဒ္ဒုတ အနက်ကို, အဟ-သဒ္ဒါဓေဒအနက်ကို ဟော၏။ ဤ စ,ဝါ,ဟ,အဟ,ဓေ-သဒ္ဒါတို့တွင် တခုခုနှင့် ယှဉ်ရာ၌ တုမ္မ,အမ္မ,သဒ္ဒါ-တို့ကို ဝေါ,နော,တေ,မေ,မပြုရ ဟူ၏။ သို့ရာတွင် အဆင့်ဆင့် ယှဉ်ရာ၌ကား"ဟရော ဟရိစ မေ သ မိ"ဟူရာ၌ ကဲ့သို့ အာဒေသကို ခွင့်ပြုသည်။

http://www.dhammadownload.com

တုမှ,တည်။ စတုတ္ထီ သ-သက်။ ဤသုတ်ဖြင့် စတုတ္ထီ ဧကဝုစ် သ-ဝိဘတ် နှောင်းသောကြောင့် ဝိဘတ်နှင့် တကွ ဒဒါမိ-ဟူသောပုဒ် နောင်မှ နှောင်းသော အလုံးစုံသော တုမှ သဒ္ဒါကို တေပြု။ ပြီး၏။ **မေ**,ကို အမှ, တည်။ စတုတ္ထီ သ-သက်။ လုပ်မြဲ။ ဒဒါဟိ ပုဒ်နောင်မှ ဟူ၍ဆို။ ဤကား စတုတ္ထီ ဘို့။ ။**တုမှ**,တည်။ ဆဋ္ဌီ သ-သက်။ ဣဒံပုဒ် နောင်မှ ဟူ၍ဆို။ **အမှ**, တည်။ ဆဋ္ဌီ သ-သက်။ အယံ ပုဒ်နောင်မှ ဟူ၍ဆို။ ဤကား၊ ဆဋ္ဌီဘို့။ ။ **တုမှ**,**အမှ**,တည်။ ဆဋ္ဌီ သ-သက်။ ဆရာကား၊ ဤသုတ်ဖြင့် ဆဋ္ဌီ ဧကဝုစ် သ-ဝိဘတ် နှောင်းသောကြောင့် သ-ဝိဘတ်နှင့်တကွ အလုံးစုံသော-တုမှ သဒ္ဒါ,အမှသဒ္ဒါ,ကို တေပြုမြဲ။ မေပြုမြဲ။ ပုဒ်နောင် မနှောင်းသောကြောင့်။ တဝမမသေ,စသည်ဖြင့် လုပ်မြဲ။

၁၄၉။ နအံမှိ

အံမှိ၊ အံဝိဘတ်ကြောင့်။ နဲ၊ တေအပြု,မေအပြု,တို့သည် မဖြစ်ကုန်။ ။ ဝိဘတ္တိမှိ၊ သော။ အံမှိ၊ ကြောင့်။ ယဒါ၊ ၌။ ပဒသ္မာ၊ မှ။ ပရေသံ၊ကုန်သော။ သဒ္ဒေသံ၊ ကုန်သော။ သဝိဘတ္တိနံ၊ ကုန်သော။ တုမှ အမှသဒ္ဒါနံ၊ တို့၏။ တေမေအာဒေသာ၊ တို့သည်။ နဟောန္တိ၊ ကုန်။ ဝဿသတံ၊ အနှစ်တရာပတ်လုံး။ တံ၊ သင့်ကို။ အာရောဂျံ၊ အနာမရှိသည်၏ အဖြစ်ကို။ အဟံ၊ ငါသည်။ ပဿေယျံ၊ မြင်ချင်၏။ သော၊ ထိုသူသည်။ မံ၊ ငါ့ကို။ ဣဒံဝစနံ၊ ဤစကားကို။ ဗြဝီတိ၊ ဆိုတတ်၏။

> ဣန္ဒ ဝဇိရာ ဂါထာဖြစ်သောကြောင့် ပဿေယျ,ဟု ဆန်းဂိုဏ်းသင့်အောင် နိဂ္ဂဟိတ်ကို ချေ၍ရွတ်။ အနက် ယောဇနာ သော်မူကား-အမှယောဂ-ဧယျံ ဝိဘတ် ထင်အောင် ပဿေယျံ, ဟု ရွတ်၍ ယောဇနာ။

တံ,ကိုတုမှ,တည်။ အံ-သက်။ တေမေက ဝစနေသုစ,ဖြင့် ဧကဝုစ် ဝိဘတ် နှောင်းသောကြောင့် ပဿေယျံဟူသော ပုဒ် နောင်မှ နှောင်းသော အလုံးစုံသော တုမှ သဒ္ဒါကို ဝိဘတ်နှင့် တကွ တေ ပြုလုလတ်သည်ရှိသော် ဤသုတ်ဖြင့် အံ-ဝိဘတ် နှောင်းရာ၌ မြစ်သောကြောင့် မပြုစရ။ တံမမံမှိ, ဖြင့်လုပ်မြဲ။ **မံ**,ကို အမှ,တည်။ အံ-သက်။ တေမေက ဝစနေသုစ, ဖြင့် ဧကဝုစ် ဝိဘတ်

http://www.dhammadownload.com

နှောင်းသောကြောင့် သော,ဟူသော ပုဒ်နောင်မှ နှောင်းသော အလုံးစုံသော အမှသဒ္ဒါကို ဝိဘတ်နှင့်တကွ မေ ပြုလုလတ်သည် ရှိသော် ဤသုတ်ဖြင့် အံ-ဝိဘတ် နှောင်းရာ၌ မြစ်သောကြောင့် မပြုစရ။ တံမံမိံ,ဖြင့် မံ-ပြု။ ပြီး၏။

၁၅၀။ ဒါတတိယေစ

တတိယေစ၊ တတိယာ ကေဝုစ် ဝိဘတ်ကြောင့်လည်း။ ဝါ၊ ဖြင့်။တေမေ၊ တေအပြို့,မေအပြို့,တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ။ပရေ၊ သော။ တတိယေက ဝစနေ၊ တတိယာ ကေဝုစ် ဝိဘတ်ကြောင့်။ ယဒါ၊ ၌။ ပဒသ္မာ၊ မှ။ ပရေသံ၊ ကုန်သော။ သဝိဘတ္တိနံ၊ ကုန်သော။ သဒ္ဒေသံ၊ ကုန်သော။ တုမှအမှ သဒ္ဒါနံ၊ တို့၏။ တေမေအာဒေသာ၊ တို့သည်။ ယထာသင်္ချံ၊ စ္စာ။ ဝါ၊ ဖြင့်။ ဟောန္တိ၊ ကုန်၏။ တေ၊ သင်သည်။ ပါပေါ၊ ကို။ ကတံ၊ပြုအပ်၏။ တယာ၊ သင်သည်။ ပါပေါ၊ ကို။ ကတံ၊ ပြုအပ်၏။ မေ၊ ငါသည်။ ပါပေါ၊မကောင်းမှုကို။ကတံ၊ ၏။ မယာ၊ ငါသည်။ ပါပေါ၊ မကောင်းမှုကို။ ကတံ၊ ၏။ ။ပဒတောတိကိမတ္ထံ။ ပဒတောတိပဒံ၊ ပဒတော,ဟူသော ပုဒ်ကို။ ပ။ တယာ ကတံ, မယာ ကတံ, ဤတိ အာဒိသု ဥဒါဟရဏေသု၊ တို့၌။ သတိပိ တုမှအမှ သဒ္ဒတော တတိယေကဝစနေ ပဒတော အပရတ္ထာ။ တုမှအမှ သဒ္ဒတော၊ မှ။ တတိယေကဝစနေ၊ တတိယာ ကေဝုစ် ဝိဘတ်သည်။ သတိပိ၊ လည်း။ ပဒတော၊ မှ။ အပရတ္ထာ၊ ကြောင့်။ ဤမိနာသုတ္တေန၊ တေမေအာဒေသာ၊ နဟောန္တိ။တယာ၊သင်သည်။ ကတံ၊ ပြုအပ်၏။ မယာ၊ ငါသည်။ ကတံ၊ ၏။

တေ,ကို တုမှ,တည်။ နာ-သက်၊ ဤသုတ်ဖြင့် တတိယာ ကေဝုစ် နာ ဝိဘတ် နှောင်းသောကြောင့် ဝိဘတ်နှင့်တကွ ကတံ ဟူသော ပုဒ်နောင်မှ နှောင်းသော အလုံးစုံသော တုမှသဒ္ဒါကို တေပြု။ ပြီး၏။ ။**တယာ**, ကို တုမှ,တည်။ နာ-သက်။ ဆရာကား-ဤသုတ်ဖြင့် တတိယာ ကေဝုစ် နာ ဝိဘတ် နှောင်းသောကြောင့် နာ ဝိဘတ်နှင့်တကွ ကတံ ဟူသော ပုဒ်နောင်မှ နှောင်းသော အလုံးစုံသော တုမှသဒ္ဒါကို တေ ပြုမြဲ ပြုစပါလော့။ မပြုစရ။ အဘယ့်ကြောင့်။ ဝါ,မပြုစရ။ နာမှိ တယာမယာ,ဖြင့် လုပ်မြဲ။ ။**မေ**, ကို အမှ,တည်။ နာသက်။ ဤသုတ်ဖြင့် လုပ်မြဲ။ **မယာ**,ကို အမှ,တည်။ နာ-သက်။ စောဒနာမြဲ။ လုပ်မြဲ။ အင်တူမြစ်။ ကိံ ကို **တုမှ**, တည်။ **အမှ**, တည်။

http://www.dhammadownload.com

နာ-သက်။ ဆရာကား-ဤသုတ်ဖြင့် တတိယာ ကေဝုစ် နာဝိဘတ် နှောင်း သောကြောင့် ဝိဘတ်နှင့် တကွ တုမှ သဒ္ဒါကို တေပြူမြဲ။ အမှသဒ္ဒါကို မေပြူမြဲ။ ပုဒ်နောင်မှ မနှောင်းသောကြောင့်။ နာမိုတယာမယာ,ဖြင့် လုပ်မြဲ။

၁၅၁။ ဗဟုဝစနေသု ဧဝါနော

၁ ကွိဏာပုဗ္ဗဿာ, ကို ဒက္ခိဏာသဒ္ဒါ, စသဒ္ဒါ, ပုဗ္ဗသဒ္ဒါ, စသဒ္ဒါ, တည်။ ဒက္ခိဏာနောင် အာ-ပစ္စည်းသက်။ ဏ-ကိုခွင်း။ သရလော။ ပ။ ပကတိပြု။ ကပ်။ ပုဗ္ဗနောင် အာ-ပစ္စည်းသက်။ ဗ္ဗ-ကိုခွင်း။ သရလော။ ပ။ ပကတိပြု။ ကပ်။ စသဒ္ဒါဖြင့် နာမ်ငဲ့။ ဒက္ခိဏာနောင် သိ-သက်။ စ-နောင် သိ-သက်။ ပုဗ္ဗာနောင် သိ-သက်။ စ-နောင်သိသက်။ သေသတော, ဖြင့် ဒက္ခိဏာနောင် သက်သော သိ-ဝိဘတ်ကိုချေ။ သဗ္ဗာသမာဝုသော, ဖြင့် စ-နိပါတ် နောင် သက်သော သိ-ဝိဘတ်ကိုချေ။ သေသတော-ဖြင့် ပုဗ္ဗာနောင်သက်သော သိ-ဝိဘတ်ကိုချေ။ သဗ္ဗာသမာဝုသော့,ဖြင့် စ-နိပါတ် နောင်သက်သော သိ-ဝိဘတ်ကိုချေ။ ဒက္ခိဏာစ၊ တောင် အရပ်လည်း။ ပုဗ္ဗာစ၊ အရှေ့အရပ်လည်း။ ဣတိအတ္ထေ၊ ၌။ သမာသ်မှည့်။ ဒွန်မှည့်။ ဝုတ္တထ္ထာန, ဖြင့် စ-နိပါတ်ပုဒ်တို့ကိုချေ။ ဒက္ခိဏာ ပုဒ္ဓာ,ဟု ပကတိပြု။ ရဿ စသည်ကား ပြုမြဲ။ တဒ္ဓိတ,သုတ်ဖြင့် ဒက္ခိဏာ ပုဗ္ဗာ,ဟူသော ဣတ္ထိလိင်ကို နာမ်ကဲ့သို့ငဲ့။အာ, ကြောင့် စတုတ္ထီ၏,ကြောင့် ဆဋ္ဌီကေဝုစ် သ-သက်။ ဗ္ဗ-ကိုခွင်း။ အာ-ကို

http://www.dhammadownload.com

ဿ-မှည့်။ ဆရာကား-ဿပတော သို့ သာနံသံသာ-သုတ်ဖြင့် ဿ-နောင်မှ နှောင်းသော သ-ဝိဘတ်ကို သာ-ပြုလုလတ် သည်ရှိသော် ဤသုတ်ဖြင့် သမာသ်၌ မြစ်မြဲမြစ်စပါလော။ မမြစ်စရ။ အဘယ့်ကြောင့်။စသဒ္ဒါ မြစ်သော ကြောင့် မမြစ်စရ။ဿပတောသို့ သာနံ သံသာ,ဖြင့် ဿ-နောင်မှ နှောင်းသော သ-ဝိဘတ်ကို သာ-ပြု။ သံသာသ္ကေက ဝစနေသု စ,ဖြင့် သ-လာ။ သ-သာသို့ က်ပ်။ ဿောရဿံ,ဖြင့် ဿ-အမည်ရှိသော အာ-ကို အ-ရဿပြု။ က်ပ်။ပြီး၏။ **ဥတ္တရပုဗ္ဗဿ,** ကို ဥတ္တရ သဒ္ဒါ, စသဒ္ဒါ, ပုဗ္ဗသဒ္ဒါ, စသဒ္ဒါ,တည်။ ဥတ္တရ နောင် အာ-ပစ္စည်းသက်။ ဗ္ဗ-ကိုဒ္ဓင်း။ သရဇလာ။ ပ။ ပကတိပြု။ က်ပ်။ ပုဗ္ဗ နောင် အာ-ပစ္စည်းသက်။ ဗ္ဗ-ကိုဒ္ဓင်း။ သရလောပ။ ပကတိပြု။ က်ပ်။စသဒ္ဒါ ဖြင့် နာမ်ခဲ့။ ဥတ္တရာနောင် သိ-သက်။ စ-နောင် သိ-သက်။ ပုဗ္ဗာ-နောင် သိ-သက်။ စ-နောင် သိ-သက်။ သေသတော,ဖြင့် ဥတ္တရာ နောင် သက်သော သိ-ဝိဘတ်ကိုချေ။ သဗ္ဗာသမာဝုသော, ဖြင့် စ-နိပါတ်နောင် သက်သော သိ-ဝိဘတ်ကိုချေ။ သေသတော,ဖြင့် ပုဗ္ဗာနောင် သက်သော သိ-ဝိဘတ်ကို ချေ။ သဗ္ဗာသမာဝုသော,ဖြင့် စ-နိပါတ်နောင် သက်သော သိ-ဝိဘတ်ကို ချေ။ ဥတ္တရာစ၊ မြောက်အရပ်လည်း။ပုဗ္ဗာစ၊ အရှေ့အရပ်လည်း။ကွတိအတ္ထော၊ ၌။ သမာသ်မှည့်။ ဒ္ဝန်မှည့်။ ဝုတ္တတ္ထာန,ဖြင့် စနိပါတ်တို့ကိုချေ။ ဥတ္တရာ ပုဗ္ဗာ, ဟူ၍ ပကတိပြု။ ရဿ-စသည်ကိုပြု။ တဒ္ဓိတ,သုတ်ဖြင့် ဥတ္တရ ပုဗ္ဗာ, ဟူသော သမာသ် လွတ်လိုင်ကို နာမ်ကဲ့သို့ခဲ့။ ၌,ကြောင့် သို့-သက်။ ဗ္ဗ-ကိုဒ္ဓင်း။အာ-ကို ဿ-မှည့်။ဆရာကား-ဿပတောသို့ သာနံ သံသာ,ဖြင့် ဿ-နောင်မှနှောင်း သော သို့-ဝိဘတ်ကို သံပြုလုလတ်သည် ရှိသော် ဤသုတ်ဖြင့် သမာသ်၌ မြစ်မြဲ မြစ်စပါလော့။ စသဒ္ဒါ မြစ်သောကြောင့် မမြစ်စရ။ ဿပတော သို့ သာနံ သံသာ,ဖြင့် ဿ-နောင်မှ နှောင်းသော သို့-ဝိဘတ်ကို သံ-ပြု။ သံသာ သ္ကေက,ဖြင့် သ-လာ။ သ-သ-သို့က်ပ်။ ဿောရဿံ-ဖြင့် ဿ-အမည်ရှိသော အာ-ကို အ-ရဿပြု။ ဗ္ဗ-အ-သို့က်ပ်။ ပြီး၏။ **ဥတ္တရပုဗ္ဗဿာ,** ကို ဥတ္တရ သဒ္ဒါ,စသဒ္ဒါ, ပုဗ္ဗသဒ္ဒါ,စသဒ္ဒါ,တည်။ ဥတ္တရနောင် အာ-ပစ္စည်းသက်။ ရ-ကိုဒ္ဓင်း။ သရလော။ ပ။ ပကတိပြု။ က်ပ်။ ပုဗ္ဗနောင် အာပစ္စည်းသက်။ဗ္ဗ-ကို ဒ္ဓင်း။ သရလော။ ပ။ ပကတိပြု။ က်ပ်။ စသဒ္ဒါဖြင့် နာမ်ခဲ့၊ ဥတ္တရာနောင် သိ-သက်။ ပုဗ္ဗာနောင် သိ-သက်။ စ-နောင် သိ-သက်။ သေသတော,ဖြင့် ဥတ္တရာ

http://www.dhammadownload.com

နောင် သက်သော သိ-ဝိဘတ်ကိုချေ။ သဗ္ဗာသမာဝုသော, ဖြင့် စ-နိပါတ် နောင် သက်သော သိ-ဝိဘတ်ကိုချေ။ သေသတော, ဖြင့် ပုဗ္ဗာနောင် သက်သော သိ-ဝိဘတ်ကိုချေ။ သဗ္ဗာသမာဝုသော, ဖြင့် စ-နိပါတ်နောင် သက်သော သိဝိဘတ်ကိုချေ။ ဥတ္တရာစ၊ မြောက်အရပ်လည်း။ ပုဗ္ဗာစ၊ အရှေ အရပ်လည်း။ ဣတိအတ္ထေ၊ ၌။ သမာသ်မှည့်။ ဒွန်မှည့်။ ဝုတ္တတ္ထာန, ဖြင့် စ-နိပါတ်ပုဒ် တို့ကိုချေ။ ဥတ္တရာပုဗ္ဗာ, ဟူ၍ ပကတိပြု။ရဿ စသည် ပြု၍ တဒ္ဓိတ, သုတ်ဖြင့် ဥတ္တရပုဗ္ဗာ ဟူသော သမာသ် ဣတ္ထိလိင်ကို နာမ်ကဲ့သို့ငဲ့။ အား,ဟူ၍၊ ၏,ဟူ၍ အနက် ပေးသောကြောင့် သ-သက်။ ဗ္ဗ-ကိုခွင်း။ အာကို ဃ-မှည့်။ ဆရာကား-ဃပတောသို့ သာနံ သံသာ,ဖြင့် ဃ-နောင်မှ နှောင်းသော သ-ဝိဘတ်ကို သာ-ပြုလုလတ်သည်ရှိသော် ဤသုတ်ဖြင့် မြစ်မြဲ မြစ်စပါလော့။ စ-သဒ္ဒါ မြစ်သောကြောင့် မမြစ်စရ။ ဃပတောသို့ သာနံ သံသာ,ဖြင့် ဃ-နောင်မှ နှောင်းသော သ-ဝိဘတ်ကို သာ-ပြု။ သံသာသွေက,ဖြင့် သ-လာ။ သ-သာ-သို့ကပ်။ဃောရဿံ, ဖြင့် ဃ-အမည် ရှိသော အာ-ကို အ-ရဿပြု။ ကပ်။ပြီး၏။[ဤရုပ်ကား ဆျာသ,သဒ္ဒနီတိ,တို့အလိုတည်း]။ ။(တနည်းကား) **ဒက္ခိဏသဒ္ဒါ,စသဒ္ဒါ,ပုဗ္ဗသဒ္ဒါ, စသဒ္ဒါ, အန္တရာဋ္ဌသဒ္ဒါ,** တည်။ ဒက္ခိဏ-နောင် အာ-ပစ္စည်းသက်။ သ-ဝိဘတ်သက်။ စ-နောင် သ-သက်။ပုဗ္ဗ နောင် အာ-ပစ္စည်းသက်။ သ-ဝိဘတ်သက်။ စ-နောင် သ-သက်။ အန္တရာဋ္ဌ-နောင် သိ-သက်။ ဏ-ကိုခွင်း။ ဗ္ဗ-ကိုခွင်း။ အာ-ကို ဃ-မှည့်။ ဃပတော သို့ သာနံသံသာ, သံသာသွေက ဝစနေသုစ,ဃောရဿံ,ဖြင့် လုပ်မြဲ။ သ-သာ သို့ကပ်။ သဗ္ဗာသမာဝုသောဖြင့် စ-နိပါတ်ပုဒ်နောင် သက်သော သ-ဝိဘတ် ကိုချေ။ သံသာသွေက ဝစနေသုစ,ဖြင့် သ-လာ။ သ-သာသို့ကပ်။ သဗ္ဗာ သမာဝုသော,ဖြင့် စ-နိပါတ်ပုဒ်နောင်သက်သော သ-ဝိဘတ်ကိုချေ။ ဋ္ဌ-ကို ခွင်း။ သို့,ဟူသောသုတ်ဖြင့် နပုံလိင် အကာရန္တနောင်မှ နှောင်းသော သိ-ဝိဘတ်ကို အံ-ပြု။ သရလော။ပ။ ပကတိပြု။ ကပ်။ ဒက္ခိဏဿာစ ပုဗ္ဗဿာစ အန္တရာဋ္ဌံ,ဟူသော သမာသ်ဝါကျ ရုပ်ကား ပြီး၏။ ဒက္ခိဏဿာစ၊ တောင် အရပ်၏ လည်းကောင်း။ ပုဗ္ဗဿာစ၊ အရှေအရပ်၏လည်းကောင်း။ အန္တရာဋ္ဌံ၊ အကြားတည်း။ ဣတိအတ္ထေ၊ ၌။ သမာသ်မှည့်။ ဗဟုဗ္ဗိဟိမှည့်။ တေသံ,သုတ် ဖြင့် သမာသ်၏ ဝိဘတ် သိ-ကိုချေ။ ဝုတ္တတ္ထာန,ဖြင့် စ-နိပါတ် အန္တရာဋ္ဌပုဒ်

http://www.dhammadownload.com

သ-အာဂုမ်ကိုခေျ။ ဒက္ခိဏာပုဗ္ဗာ,ဟု ပကတိပြု။ ရဿစသည်ကိုပြု၍ တဒ္ဓိတ်, သုတ်ဖြင့် ဒက္ခိဏာပုဗ္ဗာ, ဟူသော သမာသ်ဣတ္ထိလိင်ကို နာမ်ကဲ့သို့ဲ့။ ၌,ဟူ၍ အနက်ပေးသောကြောင့် သတ္တမီဝိဘတ် ဧကဝုစ် သ္မိ သက်။ ဗ္ဗ-ကိုခွင်း။အာ-ကို ဃ-မှည့်။ ဆရာကား ဃပတော သ္မိ သာနံသံသာ,ဖြင့် ဃနောင်မှ နှောင်းသော သ္မိ ဝိဘတ်ကို သံ-ပြုလုလတ်သည်ရှိသော် ဣသုတ်ဖြင့် မြစ်မြဲမြစ်စပါလော့။ စသဒ္ဒါမြစ်သောကြောင့် မမြစ်စရ။ ဃပတော သ္မိ သာနံသံသာ,ဖြင့် ဃ-နောင်မှ နှောင်းသော သ္မိ ဝိဘတ်ကို သံ-ပြု။ သံသာသွေက, ဖြင့် သ-လာ။ သ-သံသိုကပ်။ ဃောရဿံ,ဖြင့် ဃ-အမည်ရှိသော အာ-ကို အ-ရဿပြု။ ကပ်။ ပြီး၏။

၁ ကွိဏာပုဗ္ဗဿာ,ကို ဒက္ခိဏာသဒ္ဒါ, စသဒ္ဒါ, ပုဗ္ဗသဒ္ဒါ,စသဒ္ဒါ, အန္တရာဋ္ဌသဒ္ဒါတည်။ ဒက္ခိဏာနောင် အာ-ပစ္စည်းသက်။ သ—ဝိဘတ်သက်။ စ-နောင် သ—သက်။ ပုဗ္ဗနောင် အာ-ပစ္စည်းသက်။ သ-ဝိဘတ်သက်။ စ-နောင် သ-သက်။ အန္တရာဋ္ဌနောင် သိ-သက်။ ဃပတော,ဖြင့် သာပြု။ သံသာသွေက သုတ်ဖြင့် သ-လာ။ သ-သာသိုကပ်။ သဗ္ဗာသမာဝုသော,ဖြင့် စ-နိုပါတ် နောင်သက်သော သ-ဝိဘတ်ကိုခေျ။ ဃပတော,ဖြင့် သာပြု။ သံသာသွေက, သုတ်ဖြင့် သ-လာ။ သ-သာ-သိုကပ်။ သဗ္ဗာသမာဝုသော,ဖြင့် စ-နိုပါတ်ပုဒ် နောင်သက်သော သ-ဝိဘတ်ကိုခေျ။ ဋ္ဌ-ကိုခွင်း။ သိ,ဟူသောသုတ်ဖြင့် နပုံလိင် အကာရန္တနောင်မှ နှောင်းသောသိ ဝိဘတ်ကို အံ-ပြု။ သရလော ။ပ။ ပကတိပြု။ ကပ်။ ဒက္ခိဏာဿာစ၊ တောင်အရပ်၏ ၎င်း။ ပုဗ္ဗဿာစ၊အရှေ့အရပ်၏ ၎င်း။ အန္တရာဋ္ဌံ၊ အကြားတည်း။ ဣတိအတ္ထော၊ ၌။ သမာသ်မှည့်။ ဗဟုဗ္ဗိဟိမှည့်။ တေသံ,သုတ်ဖြင့် သမာသ်၏ဝိဘတ် သ-ကိုခေျ။ သိ-ကိုခေျ။ဝုတ္တတ္ထာန, ဖြင့် စ-နိုပါတ် အန္တရာဋ္ဌပုဒ်သ-အာဂုမ်ကိုခေျ။ ဒက္ခိဏာပုဗ္ဗာ,ဟူ၍ ပကတိပြု။ ရဿ စသည်ကိုပြု၍ တဒ္ဓိတ်,သုတ်ဖြင့် ဒက္ခိဏာပုဗ္ဗာ,ဟူသော သမာသ်ဣတ္ထိလိင်ကို နာမ်ကဲ့သို့ဲ့။ အား,၏,ဟူ၍ အနက်ပေးသောကြောင့် သ—သက်။ ဗ္ဗ-ကိုခွင်း။ အာ-ကို ဃ-မှည့်။ ဆရာကား ဃပတော သ္မိ သာနံသံသာ,ဖြင့် ဃ-နောင်မှ နှောင်းသော သ-ဝိဘတ်ကို သာပြုလုလတ်သည်ရှိသော် ဣသုတ်ဖြင့် မြစ်မြဲမြစ်စပါလော။ စသဒ္ဒါမြစ်သောကြောင့် မမြစ်စရ။ ဃပတောသ္မိ သာနံသံသာ,ဖြင့် ဃ-နောင်မှနှောင်းသော သ-ဝိဘတ်ကို သာ-ပြု။ သံသာသွေက,

http://www.dhammadownload.com

ဖြင့် သ-လာ။ သ-သာသို့ကပ်။ ဃောရဿံ,ဖြင့် ဃ-အမည်ရှိသော အာ-ကို အ-ရဿပြု။ဗွ-အ-သို့ကပ်။ ပြီး၏။ ။**ဥတ္တရပုဗ္ဗဿံ**,ကို ဥတ္တရသဒ္ဒါ,စသဒ္ဒါ, ပုဗ္ဗသဒ္ဒါ,စသဒ္ဒါ, အန္တရာဋ္ဌသဒ္ဒါ,တည်။ ဥတ္တရနောင် အာ-ပစ္စည်းသက်။ သ-ဝိဘတ်သက်။ စ-နောင် သ-သက်။ပုဗ္ဗနောင် အာ-ပစ္စည်းသက်။ သ-ဝိဘတ်သက်။ စ-နောင် သ-သက်။ အန္တရာဋ္ဌနောင် သိ-သက်။ ဃပတော,ဖြင့် သာ-ပြု။ သံသာသ္မေက,ဖြင့် သ-လာ။ သ-သာသို့ကပ်။ သဗ္ဗာသမာဝုသော, ဖြင့် စ-နိပါတ်ပုဒ်နောင် သက်သော သ-ဝိဘတ်ကိုခေျ။ ဃပတော,ဖြင့် သာ-ပြု။ သံသာသ္မေက,သုတ်ဖြင့် သ-လာ။ သ-သာသို့ကပ်။ သဗ္ဗာသမာဝုသော,ဖြင့် စ—နိပါတ်နောင် သက်သော သ-ဝိဘတ်ကိုခေျ။ ဋ္ဌ-ကိုဋ္ဌင်း။ သိ်,ဟူသောသုတ်ဖြင့် နပုံလိင် အကာရန္တနောင်မှ နောင်းသော သိ-ဝိဘတ်ကို အံ-ပြု။ သရလော။ပ။ ပကတိပြု။ ကပ်။ ဥတ္တရဿာစ၊ မြောက်အရပ်၏ လည်းကောင်း။ ပုဗ္ဗဿာစ၊အရှေ့အရပ်၏ လည်းကောင်း။ အန္တရာဋ္ဌ၊ အကြား တည်း။ ဣတိအတ္ထေ၊ ဣ၊ သမာသ်မှည့်။ ဗဟုဗ္ဗီဟိမှည့်။ တေသံ, သုတ်ဖြင့် သမာသ်၏ ဝိဘတ် သ-ကိုခေျ။ သိ-ကိုခေျ။ ဝုတ္တတ္ထာန,ဖြင့် စ-နိပါတ် အန္တရာဋ္ဌပုဒ် သ-အာဂုမ်ကိုခေျ။ ဥတ္တရာ ပုဗ္ဗာ, ဟူ၍ ပကတိပြု။ ရဿ စသည်ကို ပြု၍ တဒ္ဓိတ, သုတ်ဖြင့် ဥတ္တရ ပုဗ္ဗာ, ဟူသော သမာသ်၊ ဣတ္ထိလိင်ကို နာမ်ကဲ့သို့ငဲ့။ ဥ် ကြောင့် သို်-သက်။ ဗွ-ကိုဋ္ဌင်း။ အာ-ကို ဃ-မှည့်။ ဆရာကား-ဃပတောသ်ို့ သာနံသံသာ, သုတ်ဖြင့် ဃ-နောင်မှ နောင်းသော သို်-ဝိဘတ်ကို သံ-ပြုလုလတ်သည် ရှိသော် ဤသုတ်ဖြင့် ဗဟုဗ္ဗီဟိသမာသ်၌ မြစ်မြဲ မြစ်စပါလော့။စသဒ္ဒါ မြစ်သောကြောင့် မမြစ်စရ။ ဃပတောသို့် သာနံသံသာ,သုတ်ဖြင့် ဃ-နောင်မှ နောင်းသော သို်-ဝိဘတ်ကို သံ-ပြု။ သံသာသ္မေက,ဖြင့် သ-လာ။ သ-သံ-သို့ကပ်။ ဃောရဿံ, ဖြင့် ဃ-အမည်ရှိသော အာ-ကို အ-ရဿပြု။ ကပ်။ ပြီး၏။ **ဥတ္တရပုဗ္ဗဿာ**,ကို ဥတ္တရသဒ္ဒါ,စသဒ္ဒါ, ပုဗ္ဗသဒ္ဒါ, စသဒ္ဒါ, အန္တရာဋ္ဌသဒ္ဒါ, တည်။ ဥတ္တရနောင် အာ-ပစ္စည်းသက်။ သ-သက်။ စ-နောင် သ-သက်။ ပုဗ္ဗနောင် အာ-ပစ္စည်းသက်။ သ-သက်။ စ-နောင် သ-သက်။ အန္တရာဋ္ဌနောင် သိ-သက်။ ဃပတော,ဖြင့် သာ-ပြု။ သံသာသ္မေက,သုတ်ဖြင့် သ-လာ။ သ-သာ-သို့ကပ်။ သဗ္ဗာသမာဝုသော,ဖြင့် စ-နိပါတ်နောင် သက်သော သ-ဝိဘတ်ကိုခေျ။ ဃပတော, ဖြင့်

http://www.dhammadownload.com

သာ-ပြု။ သံသာသွေက, ဖြင့် သံ-လာ။ သ-သာ-သို့ကပ်။ သဗ္ဗာသမာဝု သော,ဖြင့် စ-နိပါတ်နောင် သက်သော သ-ဝိဘတ်ကိုချေ။ ဋ္ဌ-ကိုခွင်း။ သိ ဟူသော သုတ်ဖြင့် နပုံလိင် အကာရန္တ နောင်မှ နှောင်းသော သိ-ဝိဘတ်ကို အံ-ပြု။ သရလော။ ပ။ ပကတိပြု။ ကပ်။ ဥတ္တရဿာစ၊ မြောက်အရပ်၏ လည်းကောင်း။ ပုဗ္ဗဿာစ၊ အရှေ့အရပ်၏ လည်းကောင်း။ အန္တရာဋ္ဌ၊အကြား တည်း။ ဣတိအတ္ထေ၊ ၌။ သမာသ်မှည့်။ ဗဟုဗ္ဗီဟိမှည့်။ တေသံ, သုတ်ဖြင့် သမာသ်၏ ဝိဘတ် သ-ကိုချေ။ သိ-ကိုချေ။ ဝုတ္တတ္ထာန, ဖြင့် စ-နိပါတ် အန္တရာဋ္ဌ သ-အာဂုမ်ကိုချေ။ ဥတ္တရာပုဗ္ဗာ,ဟူ၍ ပကတိပြု။ ရဿ စသည်ကား လုပ်မြဲ။ တဒ္ဓိတ,သုတ်ဖြင့် ဥတ္တရပုဗ္ဗာ,ဟူသော သမာသ် ဣတ္ထိလိင်ကို နာမ်ကဲ့ သို့ငဲ့။ အား,ဟူ၍ ၏,ဟူ၍ အနက်ပေးသောကြောင့် သ-သက်။ ဗ္ဗ-ကိုခွင်း။ အာ-ကို ဃ-မှည့်။ ဆရာကား-ဃပတောသို့ သာနံသံသာ,ဖြင့် ဃ-နောင်မှ နှောင်းသော သ-ဝိဘတ်ကို သာ-ပြုလုလတ်သည်ရှိသော် ဤသုတ်ဖြင့် ဗဟုဗ္ဗီ ဟိ သမာသ်၌ မြစ်မြဲ မြစ်စပါလော့။ မမြစ်စရ။ အဘယ့်ကြောင့်။ စသဒ္ဒါ မြစ်သောကြောင့် မမြစ်စရ။ ဃပတော သို့ သာနံ သံသာ,ဖြင့်, ဃ-နောင်မှ နှောင်းသော သ-ဝိဘတ်ကို သာ-ပြု။ သံသာသွေက,ဖြင့် သ-လာ။ သ-သာ-သို့ကပ်။ ဃောရဿံ,ဖြင့် ဃ-အမည်ရှိသော အာ-ကို အ-ရဿပြု။ကပ်။ ပြီး၏။-

ဤရူပ်ကား ရူပသိဒ္ဓိ အလိုတည်း။ အညပုဒ်-အန္တရာဋ္ဌ, သည် နပုံ ဖြစ်လျက် အာ, ပစ္စည်း အဆုံး ရှိသည်ကား ဒိသာ ဟူသော ဝါစ္စသို့ လိုက်သည်။ အပ္ပက ဝါစ္စလိင်တည်း။ ဤသုတ်၏ ဥဒါဟရုဏ် ရူပ်တို့ကား ကလာပ်ကျမ်း၌ ရှိကုန်၏။

၁၆၈။ သဗ္ဗတော နံ သံ သာနံ

သဗ္ဗတော၊ သဗ္ဗနာမ်ပုဒ်နောင်မှ။ နံ၊ နံ,ဝိဘတ်၏။ သံသာနံ၊ သံ-အပြု, သာနံ-အပြု, ဖြစ်ကုန်၏။ ။သဗ္ဗတော သဗ္ဗနာမတော၊ သဗ္ဗနာမ်ပုဒ်နောင်မှ။ နံဝစနဿ၊နံ,ဝိဘတ်၏။ သံသာနံ ဤစ္စေတေ အာဒေသာ၊ သံ-အပြု သာနံ-အပြု,တို့သည်။ ဟောန္တိ၊ ကုန်၏။ သဗ္ဗေသံ၊ ခပ်သိမ်းကုန်သော ယောကျ်ားတို့ အား၊ တို့၏။ သဗ္ဗေသာနံ၊ တို့အား၊ ဟို့၏။ သဗ္ဗာသံ၊ ခပ်သိမ်း ကုန်သော

http://www.dhammadownload.com

မိန်းမ တို့အား၊ တို့၏။ သဗ္ဗသာနံ၊ တို့အား၊ တို့၏။ ယေသံ၊ အကြင် ယောကျ်ားတို့အား၊ တို့၏။ယေသာနံ၊ တို့အား၊ တို့၏။ ယာသံ၊ အကြင်မိန်းမ တို့အား၊ တို့၏။ ယာသာနံ၊ တို့အား၊တို့၏။ တေသံ၊ ထိုယောကျ်ား တို့အား၊ တို့၏။ တေသာနံ၊ တို့အား၊ တို့၏။ တာသံ၊ ထိုမိန်းမတို့အား၊ တို့၏။ တာသာနံ၊ တို့အား၊ တို့၏။ ကေသံ၊ အဘယ် မည်ကုန်သော ယောကျ်ား တို့အား၊ တို့၏။ ကေသာနံ၊ တို့အား၊တို့၏။ ကာသံ၊ အဘယ် မည်ကုန်သော မိန်းမတို့ အား၊ တို့၏။ ကာသာနံ၊ တို့အား၊ တို့၏။ ဣမေသံ၊ ဤအမည် ရှိကုန်သော ယောကျ်ားတို့အား၊ တို့၏။ ဣမေသာနံ၊ တို့အား၊ တို့၏။ ဣမာသံ၊ ဤအမည် ရှိကုန်သော မိန်းမတို့အား၊ တို့၏။ ဣမာသာနံ၊ တို့အား၊ တို့၏။ အမူသံ၊ ဤ အမည်ရှိကုန်သော သူတို့အား၊ သူတို့၏။ အမူသာနံ၊ တို့အား၊ တို့၏။ ။နံမ္မိ တိ ကိမတ္ထံ၊ နံမ္မိတိပဒံ၊ နံမ္မိ,ဟူသော ပုဒ်ကို။ သဗ္ဗဿ,ဣတိအာဒီသု ဥဒါဟရဏေသု၊ တို့၌။ သတိပိ သဗ္ဗနာမေ နံဝစနဿ အဘာဝေါ၊ သဗ္ဗနာမေ၊ သဗ္ဗနာမ် သည်။ သတိပိ၊ လည်း။ နံဝစနဿ၊ ၏။ အဘာဝေါ၊ ကြောင့်။ ဣမိနာသုတ္တေန၊ ဖြင့်။ သံသာနံ ဣစ္စေတေ အာဒေသာ၊ သံ-အပြု, သာနံ-အပြု, တို့သည်။ နဟောန္တိ၊ ကုန်။ သဗ္ဗဿ၊ ခပ်သိမ်းသော တရားအား၊ တရား၏။ ယဿ၊ အကြင် တရားအား၊ တရား၏။ တဿ၊ အား၊ ၏။ ဧဝံ၊ ဤသို့။ သဗ္ဗတ္ထ၊ ခပ်သိမ်းသော ဥဒါဟရဏ်၌။ ဘဝတိ၊ ဖြစ်၏။

သဗ္ဗ,တည်။ နံ-သက်။ ဤသုတ်ဖြင့် သဗ္ဗ,ဟူသော သဗ္ဗနာမ်ပုဒ်နောင်မှ နှောင်းသော နံ-ဝိဘတ်ကို သံ-ပြု။ သာနံပြု။ ဥင်း။ သဗ္ဗနာမာနံ နံမ္မိစ, သုတ်ဖြင့် နံ-ဝိဘတ်နှောင်းသောကြောင့် သဗ္ဗဟူသော သဗ္ဗနာမ်ပုဒ်အစိတ် အ-ကို ဧ-ပြု။ကပ်။ သဗ္ဗေသံ, သဗ္ဗေသာနံ, ပြီး၏။ (နှစ်ချုပ်)။ **သဗ္ဗ**, တည်။ အာ-ပစ္စည်းသက်။ ဤသုတ်ဖြင့် သံ-ပြု,သာနံပြု။ သဗ္ဗာသံ, သဗ္ဗာသာနံ, ပြီး၏။ (နှစ်ချုပ်)။ **ယ**,တည်။ **တ**,တည်။ **ကိ**,တည်။ **ဣမ**,တည်။ နည်းတူ လုပ်။ ကိ-ကို က-ပြု။ အာ-ပစ္စည်းသက်။ နည်းတူလုပ်။ **အမု**,တည်။ နံ-သက်။ ဥင်း။ သုနံဟိသုစ, ဖြင့် ဒီဃပြု။ ဤသုတ်ဖြင့် သံ ပြု။ သာနံပြု။အမူသံ, အမူသာနံ,ပြီး၏။ (သဗ္ဗနာမ်ချည်း)။ ကိ ကို **သဗ္ဗ**,တည်။ **ယ**,ကည်။**တ**, တည်။ သ-သက်။ ဆရာကား-ဤသုတ်ဖြင့် သဗ္ဗ-ယ-တ-ဟူသော သဗ္ဗနာမ်

http://www.dhammadownload.com

ပုဒ် နောင်မှ နှောင်းသော ဝိဘတ်ကို သံ-ပြုမြဲ။ သာနံ-ပြုမြဲ။ နံ-ဝိဘတ် မဟုတ်သောကြောင့်။ သ-လာ။ ကပ်။ သဗ္ဗဿ, စသည်ပြီး၏။

၁၆၉။ ရာဇဿ ရာဇာ သု-နံ-ဟိသုဇ

သုနံဟိသုစ၊ သု–ဝိဘတ်, နံ-ဝိဘတ်, ဟိ-ဝိဘတ်, တို့ကြောင့်လည်း။ ရာဇဿ၊ ရာဇသဒ္ဒါ၏။ ရာဇာ၊ ရာဇာ,အပြုဖြစ်၏။ ။သုနံဟိဣစ္စေတေသု၊ သု-ဝိဘတ်, နံ-ဝိဘတ်, ဟိ-ဝိဘတ်တို့ကြောင့်။ သဗ္ဗဿေဝ၊ သော။ ရာဇသဒ္ဒဿ၊ ရာဇသဒ္ဒါ၏။ ရာဇာ အာဒေသော၊ ရာဇာ,အပြုသည်။ ဟောတိ၊၏။ ရာဇူသု၊ မင်းတို့၌။ ရာဇူနံ၊ တို့အား၊ တို့၏။ ရာဇူဟိ၊ တို့ဖြင့်၊ တို့မှ။ ရာဇူဘိ၊ တို့ဖြင့်၊ တို့မှ။ သုနံဟိသူတိကိမတ္ထံ။ သုနံဟိသူတိပဒံ၊ သုနံဟိသု, ဟူသောပုဒ်ကို။ ရာဇာ,ဣတိ အာဒီသု ဥဒါဟရဏေသု၊တို့၌။ သတိပိရာဇသဒ္ဒေ သုနံဟိဝစနဿ အဘာဝါ။ ရာဇသဒ္ဒေ၊သည်။ သတိပိ၊လည်း။ သုနံဟိဝစနဿ၊ သု-ဝိဘတ်, နံ-ဝိဘတ်, ဟိ-ဝိဘတ်,၏။ အဘာဝါ၊ ကြောင့်။ ဣမိနာသုတ္တေန၊ ဖြင့်။ ရာဇာ အာဒေသော၊ သည်။ နဟောတိ၊ ရာဇာ၊ သည်။ စဂ္ဂဟဏံ၊ ကို။ အဝဓာရဏတ္ထံ၊ မြစ်ခြင်းငှာ။ ကတံ၊ ပြုအပ်၏။ ရာဇေသု၊ တို့၌။ ရာဇာနံ၊ တို့အား၊ ကို့၏။ ရာဇေဟိ၊ တို့ဖြင့်၊ တို့မှ။ ရာဇေဘိ၊ ကို့ဖြင့်၊ တို့မှ။ **ရာဇ**,တည်။ သု-သက်။နံ-သက်။ ဟိ-သက်။ ဤသုတ်ဖြင့် သု-ဝိဘတ်, နံ-ဝိဘတ်, ဟိ ဝိဘတ် နှောင်းသော ကြောင့် အလုံးစုံသော ရာဇသဒ္ဒါကို ရာဇုပြု။ ခွင်း။ သုနံဟိသုစ,ဖြင့် ဒီဃပြု။ **ရာဇူဘို့**,ကား သ္မာဟိသ္မိံ နံမှာဘိမ္ဟါ,ဖြင့် ဘိ-ပြုသည်သာထူးသည်။ လေးရုပ်အသီးသီးလုပ်။ ကိံ ကို **ရာဇ**,တည်။ သိ-သက်။ ဆရာကား-ဤသုတ်ဖြင့် အလုံစုံသော ရာဇသဒ္ဒါကို ရာဇုပြုမြဲ။ သု-ဝိဘတ်၊ နံ-ဝိဘတ်, ဟိ ဝိဘတ်, မနှောင်းသောကြောင့်။ သျာစ,ဖြင့်လုပ်မြဲ။ **ရာဇေသု**,စသည်ကား စသဒ္ဒါ၏အကျိုးတည်း။ **ရာဇ**,တည်။ သု-နံ-ဟိ-သက်။ ဆရာကား-ဤသုတ်ဖြင့် သု-နံ ဟိ-ဝိဘတ်နှောင်းသောကြောင့် အလုံးစုံသော ရာဇသဒ္ဒါကို ရာဇုပြုမြဲ။ ဤသုတ်၌ စသဒ္ဒါမြစ်သောကြောင့် မပြုစရာ။ သုဟိသူကာရော ဧ,ဖြင့် လုပ်မြဲ။ ရာဇေသု, ရာဇေဟိ, ရာဇေဘိ, ရုပ်သုံးရုပ်၊ ဟိ-ကိုလည်း ဘိ-ပြု။ သုနံဟိသုစ, ဖြင့်လုပ်မြဲ။ ရာဇာနံ,လည်းတရုပ်။

http://www.dhammadownload.com

၁၇၀။ သဗ္ဗညဿ မေ ဿသ ဒါ

သဗ္ဗဿ၊ အလုံးစုံသော။ ဣမဿ၊ ဣမသဒ္ဒါ၏။ ဝါ၊ဖြင့်။ ဧ၊ေ,အပြုဖြစ်၏။ သုနံဟိ ဣစ္စေတေသု၊ သု-ဝိဘတ်,နံ-ဝိဘတ်, ဟိ-ဝိဘတ်,တို့ကြောင့်။သဗ္ဗဿ၊ သော။ ဣမသဒ္ဒဿ၊ ၏။ ကောရော၊ ေ,အပြုသည်။ ဝါ၊ ဖြင့်။ ဟေ၊တိ၏။ သေ၊ ဤအမည်ရှိကုန်သော သူတို့၌။ ဣမေသု၊ တို့၌။ သေံ၊ ဤအမည်ရှိကုန်သောသူတို့အား၊ သူတို့၏။ ဣမေသံ၊ တို့အား၊တို့၏။ ဟေ၊ ဤအမည်ရှိကုန်သော သူတို့ဖြင့်၊ သူတို့မှ။ ဘေ၊ တို့ဖြင့်၊ တို့မှ။ ဣမေဟိ၊တို့ဖြင့်၊တို့မှ။ ဣမေဘိ၊ တို့ဖြင့်၊ တို့မှ။ ။ဣမဿေတိကိမတ္ထံ။ ဣမဿေတိပဒံ၊ ဣမဿ, ဟူသော ပုဒ်ကို။ ဧတေသု, ဣတိအာဒီသု ဥဒါဟရဏေသု၊ တို့၌။ သတိပိ သုနံဟိဝစနေ ဣမဿ အဘာဝါ။ သုနံဟိဝစနေ၊ သု-ဝိဘတ်,နံ-ဝိဘတ်, ဟိ-ဝိဘတ်သည်။ သတိပိ၊ လည်း။ ဣမဿ၊ ၏။ အဘာဝါ၊ ကြောင့်။ ဣမိနာသုတ္တေန၊ ဖြင့်။ ကောရော၊ သည်။ နဟောတိ၊တေသု၊ ထိုသူတို့၌။ ဧတေသံ၊ ထိုသူတို့အား။ ထိုသူတို့၏။ ဧတေဟိ၊ တို့ဖြင့်၊ တို့မှ။

ဣမ,တည်။ သု-နံ-ဟိ-ဝိဘတ်သက်။ ဤသုတ်ဖြင့် သု-နံ-ဟိဝိဘတ် နှောင်းသောကြောင့် အလုံးစုံသော ဣမသဒ္ဒါကို ဧ-ပြု။ ဧသု-သေံ,ဧဟိ, သုံးရုပ်။ သေံ,၌ကား- သဒ္ဒတောနံသံသာနံ, ဖြင့် နံ-ကို သံ-ပြု။ ။ဝါ၏ အကျိုးကိုလည်း **ဣမ**,တည်။ သု-နံ- ဟိ-ဝိဘတ်သက်။ ဆရာကား- ဤသုတ်ဖြင့် သု-နံ-ဟိ-ဝိဘတ်နှောင်းသောကြောင့် အလုံးစုံသော ဣမသဒ္ဒါကို ဧ-ပြုမြဲ။ ဝါ,မပြုစရာ။ ခွင်း။သုဟိသွကာရော,ဖြင့် လုပ်မြဲ။ ဣမေသု, ဣမေဟိ, ဣမေဘိ,သုံးရုပ်။ ဘိ-ပြုမြဲ။ **ဣမေသံ**,ကား-သဗ္ဗနာမာနံ နံမ့်စ,ဖြင့် ဧ-ပြု။ သဗ္ဗတောနံ သံသာနံ, ဖြင့် သံ-ပြု။ ။ကိံ ကို **ဧတ**, တည်။ သု-နံ-ဟိ-ဝိဘတ်သက်။ ဆရာကား-ဤသုတ်ဖြင့် သု-နံ-ဟိ-ဝိဘတ် နှောင်းသော ကြောင့် အလုံးစုံသော သဒ္ဒါကို ဧ-ပြုမြဲ။ ဣမသဒ္ဒါ မဟုတ်သောကြောင့်။ ခွင်း။ သုဟိသွကာရော,ဖြင့် လုပ်မြဲ။ ဧတေသု, ဧတေဟိ, ဧတေဘိ, သုံးရုပ်။ ဘိ-ပြုမြဲ။ **ဧတေသံ**,ကိုကား ဣမေသံနှင့် အတူလုပ်။

၁၇၁။ ဘနိ ဓိ နာမ္ဟိ ဧ

နာမ်ိစ၊ နာ, ဖြစ်သော ဝိဘတ် ကြောင့်လည်း။ အနိမိ၊ အနအပြု, ဣမိ အပြု,တို့သည် ဖြစ်ကုန်၏။ ။နာမ်ိ၊ နာဖြစ်သော။ ဝိဘတ္တိမ်ိ၊ ကြောင့်။

http://www.dhammadownload.com

သဗ္ဗသော၊ သော။ ဣမသဒ္ဒဿ၊ ၏။ အနဣမိ ဣစ္စေတေအာဒေသာ၊ အန အပြု, ဣမိအပြု,တို့သည်။ ဟောန္တိ၊ ကုန်၏။ အနေန၊ ဤသို့ သဘောရှိသော။ ဓမ္မဒါနေန၊ တရားဟူသော အလှူဖြင့်။ သာပဇာ၊ ထိုသတ္တဝါသည်။ သုဝိတာ၊ ချမ်းသာခြင်းရှိသည်။ ဟောတု၊ ဖြစ်စေလော့၊ "ဖြစ်စေသတည်း, သော်လည်း ဟူ"။ ဣမိနာ၊ ဤသို့ သဘောရှိသော။ ဗုဒ္ဓပူဇေန၊ ဘုရားကို ပူဇော်ခြင်းဖြင့်။ အမတံ၊ မသေသော။ ပဒံ၊ အကြောင်းသို့။ ဝါ၊ ကား။ အမတံ၊ အမတဟု ဆိုအပ်သော။ ပဒံ၊ နိဗ္ဗာန်သို့။ ဂန္ဆာန၊ ရောက်၍။ ။နာမ်ဒီတိကိမတ္တံ။ နာမ်ဒီ တိပဒံ၊ နာမ်ဒီ,ဟူသော ပုဒ်ကို။ ဣမေသု, ဣတိအာဒီသု ဥဒါဟရဏေသု၊ တို့၌။ သဘိပိ ဣမသဒ္ဒေ နာဝစနဿ အဘာဝါ။ ဣမသဒ္ဒေ၊ သည်။ သတိပိ၊လည်း။ နာဝစနဿ၊ ၏။ အဘာဝါ၊ ကြောင့်။ ဣမိနာသုတ္တေန၊ ဖြင့်။ အနဣမိ ဣစ္စေ တေ အာဒေသာ၊ တို့သည်။ နဟောန္တိ၊ ကုန်။ ဣမေသု၊ဤအမည် ရှိကုန်သော သူတို့၌။ ဣမေသံ၊ တို့အား၊ တို့၏။ ဣမေဟိ၊ ဣမေဘိ၊ တို့ဖြင့်၊ တို့မှ။

ဣမ,တည်။ နာ-သက်။ ဤသုတ်ဖြင့် နာ-ဝိဘတ် နှောင်းသောကြောင့် အလုံးစုံသော ဣမ သဒ္ဒါကို အန-ပြု။ ခွင်း။ အတောနေန,ဖြင့် လုပ်။အနေန, ပြီး၏။ ။**ဣမ**,တည်၊ နာ-သက်။ ဤသုတ်ဖြင့် နာ-ဝိဘတ် နှောင်းသော ကြောင့် အလုံးစုံသော ဣမသဒ္ဒါကို ဣမိပြု။ ပြီး၏။ ကိံ ကို **ဣမ**,တည်။သု-သက်။ ဆရာကား-ဤသုတ်ဖြင့် အလုံးစုံသော ဣမသဒ္ဒါကို အနပြုမြဲ။ ဣမိ ပြုမြဲ။ နာ-ဝိဘတ် မနှောင်းသောကြောင့်။ ခွင်း။ သုဟိသွကာရောဇ,ဖြင့်လုပ်။ **ဣမေသံ**,ကို ဣမ,တည်။ နံ-သက်။ စောဒနာ။ သဗ္ဗနာမာနံ နံမှိစ,ဖြင့် နံ-ဝိဘတ် နှောင်းသောကြောင့် ဣမ,ဟူသော သဗ္ဗနာမ်ပုဒ်၏ အစိတ်ဖြစ်သော အ-ကို ဧ-ပြု။ သဗ္ဗတော နံ သံသာနံ,ဖြင့် နံ-ဝိဘတ်ကို သံ-ပြု။ပြီး၏။ **ဣမ**, တည်။ တတိယာဟိ,ပဉ္စမီ ဟိ-သက်။ စောဒနာ၍ ရှေလုပ်မြဲ လုပ်။ ဣမေဟိ, ဣမေဘိ, နှစ်ရုပ်ပြီး၏။

၁၇၂။ အနပုံသကဿ လံ သိမှိ

သိမှိ၊ သိ,ဝိဘတ်ကြောင့်။ အနပုံသကဿ၊ နပုံလိင် မဟုတ်သော ဣမ သဒ္ဒါ၏။ အယံ၊ အယံ,အပြုဖြစ်၏။ ။သိမှိ၊ သိ-ဖြစ်သော။ဝိဘတ္တိမှိ၊ကြောင့်။ အနပုံသကဿ၊ နပုံလိင် မဟုတ်သော။ သဗ္ဗသော၊ သော။ ဣမသဒ္ဒဿ၊ ၏။

http://www.dhammadownload.com

အယံအာဒေသော၊ အယံ,အပြုသည်။ ဟောတိ၊ ၏။ အယံ၊ ဤသို့ သဘောရှိသော။ ပုရိသော၊ သည်။ အယံ၊ သော။ ဣတ္ထီ၊သည်။ ။အနပုံသကဿေတိ ကိမတ္ထံ။ အနပုံသကဿေတိ ပဒံ၊ အနပုံသကဿ, ဟူသော ပုဒ်ကို။ လ။ ဣဒံ, ဣတိအာဒီသု ဥဒါဟရဏေသု၊တို့၌။သတိပိ သိပရေဣမသဒ္ဒေ အနပုံသကဿ အဘာဝါ။ သိပရေ၊ သိ,ဝိဘတ် နှောင်းခြင်းရှိသော။ ဣမသဒ္ဒေ၊သည်။ သတိပိ၊ လည်း။ အနပုံသကဿ၊ ၏။ အဘာဝါ၊ ကြောင့်။ ဣမိနာသုတ္တေန၊ ဖြင့်။ အယံ အာဒေသော၊ သည်။ နဟောတိ။ လ။ ဣဒံ၊ ဤသို့ သဘောရှိသော။ စိတ္တံ၊ သည်။ တိဋ္ဌတိ၊ ၏။ ။သိမှိတိကိမတ္ထံ၊သိမှိတိပဒံ၊ သိမှိ,ဟူသောပုဒ်ကို။ ဣမံ,ဣတိအာဒီသု၊ တို့၌။ သတိပိ အနပုံသက ဣမသဒ္ဒေ သိဝစနဿ အဘာဝါ၊ အနပုံသက ဣမသဒ္ဒေ၊ နပုံလိင် မဟုတ်သော ဣမသဒ္ဒါသည်။ သတိပိ၊ လည်း။ သိဝစနဿ၊ ၏။ အဘာဝါ၊ ကြောင့်။ ဣမိနာသုတ္တေန၊ ဖြင့်။ အယံ အာဒေသော၊ သည်။ နဟောတိ။ လ။ ဣမံ၊ ဤသို့ သဘောရှိသော။ ပုရိသံ၊ ကို။ တွံ၊သည်။ ပဿသိ၊ ရှုလော့။ "မြင်၏,ဟူ၍ သော်လည်းပေး"။

ဣမ,တည်။ သိ သက်။ ဤသုတ်ဖြင့် သိ-ဝိဘတ် နှောင်းသောကြောင့် နပုံလိင် မဟုတ်သော အလုံးစုံသော ဣမသဒ္ဒါကို အယံ-ပြု။ သိ-ကိုချေ။ နှစ်ရုပ်။ (အယံ ပုရိသော၌ အယံကား ပုလ္လိင်၊ အယံဣတ္ထီ၌ အယံကား ဣတ္ထိလိင်)။ ၊ပဌမ ကိံကို **ဣမ**, တည်၊ သိ-သက်။ ဆရာကား-ဤသုတ်ဖြင့် သိ-ဝိဘတ် နှောင်းသောကြောင့် အလုံးစုံသော ဣမသဒ္ဒါကို အယံပြုမြဲ။ နပုံလိင်မဟုတ်သည် မဟုတ်၊ နပုံလိင်ဟုတ်သောကြောင့်။ ဣမသိ ဒမံသိသု နပုံသကေ,ဖြင့် သိ-ဝိဘတ် နှောင်းသောကြောင့် ဝိဘတ်နှင့်တကွ အလုံးစုံသော ဣမသဒ္ဒါကို ဣဒံပြု။ ပြီး၏။

ဒုတိယကိံကို **ဣမ**,တည်။ အံ-သက်။ ဆရာကား ဤသုတ်ဖြင့် နပုံလိင် မဟုတ်သော အလုံးစုံသော ဣမသဒ္ဒါကို အယံပြုမြဲ။ သိ-ဝိဘတ် မနှောင်းသောကြောင့်။ မ-ကိုခွင်း သရလော။ပ။ပကတိပြု။ ကပ်။ ပြီး၏။

၁၇၃။ အမုဿ မောသံ

အမုဿ၊ အမုသဒ္ဒါ၏။ မော၊ မ,သည်။ သံ၊ သ,အပြုသို့။ အာပဇ္ဇတေ၊ ရောက်၏။ ။သိမှိ၊ သော။ ဝိဘတ္တိမှိ၊ ကြောင့်။ အနပုံသကဿ၊ သော။

http://www.dhammadownload.com

အမုသဒ္ဒဿ၊ ၏။ မကာရော၊ သည်။ သကာရံ၊ သ,အပြုသို့။ ဝါ၊ ဖြင့်။ အာပဇ္ဇတေ၊ ၏။ [ဝါသဒ္ဒါကား သဒ္ဒသိမဿေဝါ,မှ လိုက်သည်]။ အသု၊ ဤအမည်ရှိသော။ ရာဇာ၊ သည်။ အသု၊ သော။ ဣတ္ထိ၊ သည်။ အမုကော၊ ဤအမည်ရှိသော။ ရာဇာ၊ သည်။ အမုကာ၊ သော၊ ဣတ္ထိ၊ သည်။ ။အနုပုံသကဿေတိ ကိမတ္ထံ။ အနုပုံသကဿေတိ ပဒံ၊ အနုပုံသကဿ,ဟူသော ပုဒ်ကို။ ။လ။ အဒ္ဒံ,ဣတိအာဒီသု၊ တို့၌။ သတိပိ သိပရေ အမုသဒ္ဒေ အနုပုံသကဿ အဘာဝါ။ သိပရေ၊ သော။ အမုသဒ္ဒေ၊ သည်။ သတိပိ၊ လည်း။ အနုပုံသကဿ၊ နပုံလိင်မဟုတ်သည်၏။ အဘာဝါ၊ ကြောင့်။ ဣမိနာသုတ္တေန၊ ဖြင့်။ သကာရံ၊ သို့။ နအာပဇ္ဇတေ။ ။လ။ အဒံ၊ ဤအမည်ရှိသော။ ပုရိသော၊ သည်။ တိဋ္ဌတိ၊ တည်၏။ ။ သိဒ္ဓံတိ ကိမတ္ထံ။ သိဒ္ဓံတိ ပဒံ၊ သိမှ, ဟူသောပုဒ်ကို။လ။ အမုံပုရိသံ, ဣတိအာဒီသု၊ တို့၌။ သဘိပိ အနုပုံသက အမုသဒ္ဒေ သိဝစနဿ အဘာဝါ။ အနုပုံသက အမုသဒ္ဒေ၊ နပုံလိင်မဟုတ်သော အမုသဒ္ဒါသည်။ သတိပိ၊ လည်း။ သိဝစနဿ၊ ၏။ အဘာဝါ၊ ကြောင့်။ ဣမိနာသုတ္တေန၊ ဖြင့်။ သကာရံ၊ သို့။ နအာပဇ္ဇတေ။လ။ အမုံ၊ ဤအမည်ရှိသော။ ပုရိသံ၊ ကို။ တို့၊ သည်။ ပဿသိ၊ လော။

အမု,တည်။ သိ-သက်။ ခွင်း။ ဤသုတ်ဖြင့် သိဝိဘတ် နှောင်းသော ကြောင့် နပုံလိင်မဟုတ်သော အမုသဒ္ဒါ၏အစိတ် မ-ကို သ-ပြု။ သိ-ကိုချေ။ နှစ်ချုပ်။ [အသုရာဇာ,စသည်၌ အသု, အမုကော,ကား ပုလ္လိင်။ အသုကာ ဣတ္ထိ,စသည်၌ အသု, အမုကာ,ကား ဣတ္ထိလိင်]။ ဝါသဒ္ဒါ၏ အကျိုးကို လည်း **အမု**,တည်။ သိ-သက်။ ခွင်း။ ဆရာကား ဤသုတ်ဖြင့် သိ-ဝိဘတ် နှောင်းသောကြောင့် နပုံလိင်မဟုတ်သော အမုသဒ္ဒါ၏အစိတ် မ-ကို သ-

http://www.dhammadownload.com

ပြုမြဲ။ ဝါ, မပြုစရ။ ကပ်။ သဗ္ဗတောကော,ဖြင့် အမှ,ဟူသော သဗ္ဗနာမ်ပုဒ် နောင်မှ က-အက္ခရာလာ။ က-ကိုခွင်း။ သြ-စသည်ပြု။ ကပ်။ ပြီး၏။

အမုကာ,ကို အမု,တည်။ က-လာမြဲ။ အာ-ပစ္စည်းသက်။ စသဒ္ဒါဖြင့် နာမ်ငဲ့။ သိ-သက်။ မ-ကိုခွင်း။ ဆရာကား ဤသုတ်ဖြင့် သိ-ဝိဘတ် နှောင်းသောကြောင့် နပုံလိင်မဟုတ်သော အမုသဒ္ဒါ၏အစိတ် မ-ကို သ ပြုမြဲ။ ဝါ, မပြုစရ။ ကပ်။ သိ-ကိုချေ။ ပြီး၏။

အဒုံ,ကို အမု,တည်။ သိ-သက်။ ဆရာကား ဤသုတ်ဖြင့် သိ-ဝိဘတ် နှောင်းသောကြောင့် အမုသဒ္ဒါ၏အစိတ် မ-ကို သ-ပြုမြဲ။ နပုံလိင်မဟုတ်သည်မဟုတ်၊ နပုံလိင်ဟုတ်သောကြောင့်။ အမုဿာဒုံ,ဟူသောသုတ်ဖြင့် သိ-ဝိဘတ် နှောင်းသောကြောင့် ဝိဘတ်နှင့်တကွ နပုံလိင်၌ဖြစ်သော အလုံးစုံသော အမု,သဒ္ဒါကို အဒုံ,ပြု။ ပြီး၏။

အယံ,ကို ဣမဘည်။ သိ-သက်။ ဆရာကား ဤသုတ်ဖြင့် သိ-ဝိဘတ် နှောင်းသောကြောင့် နပုံလိင်မဟုတ်သော သဒ္ဒါ၏အစိတ် မ-ကို သ-ပြုမြဲ။ အမုသဒ္ဒါမဟုတ်သောကြောင့်။ အနပုံသကဿာဟံသိမှိ,ဖြင့် လုပ်မြဲ။ **အမုံ**, ကို အမု,တည်။ သိ-သက်။ ဆရာကား ဤသုတ်ဖြင့် နပုံလိင်မဟုတ်သော အမုသဒ္ဒါ၏ အစိတ် မ-ကို သ-ပြုမြဲ။ သိ-ဝိဘတ် မနှောင်းသောကြောင့်။ ဥ-ကို လ-မှည့်။ အံမော နိဂ္ဂဟီတံ စျလပေဟိ,ဖြင့် လုပ်မြဲ။

၁၇၄။ တေတေသံ ဘော

တေတေသံ၊ တေ,သဒ္ဒါ တသဒ္ဒါတို့၏။ တော၊ တ,သည်။ သံ၊သ, အပြုသို့။ အာပဇ္ဇတေ၊ ရောက်၏။ သိမှိ၊ သော။ ဝိဘတ္တိမှိ၊ ကြောင့်။ အနပုံသကာနံ၊ နပုံလိင် မဟုတ်ကုန်သော။ တေတ ဣစ္စေတေသံ၊ တေ-သဒ္ဒါ, တ-သဒ္ဒါတို့၏။ အန္တော၊ အစိတ်ဖြစ်သော။ တကာရော၊ တ,အက္ခရာသည်။ သကာရံ၊ သ,အပြုသို့။ အာပဇ္ဇတေ၊ ရောက်၏။ သေော၊ ဤသို့ သဘောရှိသော။ ပုရိသော၊ သည်။ သော၊ သော။ ဣဘ္ဆီ၊ သည်။ သော၊ ထိုသို့ သဘောရှိသော။

မောဂ္ဂလာန်၌ တျ-သဒ္ဒါကိုယူ၍ တျ၏ သ-အပြုကိုဆိုသည်။တျသဒ္ဒေါ တသဒ္ဒေန သမာနတ္ထော၊ သောဟိ ကေဝဏ္ဏဏ္ဍာ နိဿရာနမေဝ တ ကာရာနံ သကာရာဒေသော (ပဒသာဓနဋီကာ) အရတျ-သဒ္ဒါသည် တ-သဒ္ဒါနှင့်အနက်တူ ဖြစ်သည်။

http://www.dhammadownload.com

ပုရိသော၊ သည်။ သာ၊ သော။ ဣတ္ထီ၊ သည်။ တေတေသမိတိကိမတ္ထံ။ **တေ** တေသမိတိပဒံ၊ တေတေသံ, ဟူသောပုဒ်ကို။ ဣတရော, ဣတိအာဒီသု၊ တို့၌။ သတိပိအနပုံသကေ တေတေသံ အဘာဝါ။ အနပုံသကေ၊ နပုံလိင် မဟုတ် သော့လိင်သည်။ သတိပိ၊လည်း။ တေတေသံ၊ **တေ-သဒ္ဒါ**, **တ-သဒ္ဒါတို့၏**။ အဘာဝါ၊ ကြောင့်။ ဣမိနာသုတ္တေန၊ ဖြင့်။ သကာရံ၊သို့။ နအာပဇ္ဇတေ။လ။ ဣတရော၊ ဤမှတပါးသော။ ပုရိသော၊ သည်။ ဣတရာ၊ သော။ ဣတ္ထီ၊သည်။ အနပုံသကဿတိ ကိမတ္ထံ။ အနပုံသကဿတိ ပဒံ၊ အနပုံသကဿ, ဟူသော ပုဒ်ကို။ **တေ**,ဣတိအာဒီသု၊ တို့၌။ သတိပိ **တေ တ သဒ္ဒေ** အနပုံသကဿ အဘာဝါ။ **တေ တ သဒ္ဒေ**၊ **တေသဒ္ဒါ**, **တသဒ္ဒါ**,သည်။ သတိပိ၊ လည်း။ အနပုံသကဿ၊ နပုံလိင်မဟုတ်သည်၏။ အဘာဝါ၊ ကြောင့်။ ဣမိနာသုတ္တေန၊ ဖြင့်။ သကာရံ၊ သို့။ နအာပဇ္ဇတေ။လ။ **တေ**၊ ဤသို့ သဘောရှိသော။ စိတ္တံ၊ သည်။ **တေ**၊သော။ ရူပံ၊ရူပ်သည်။ **တ**၊ ထိုသို့သဘောရှိသော။ စိတ္တံ၊သည်။ **တ**၊ သော။ ရူပံ၊ ရူပ်သည်။

တေ,တည်။ သိ-သက်။ ခွင်း။ ဤသုတ်ဖြင့် သိ-ဝိဘတ် နှောင်းသော ကြောင့် နပုံလိင်မဟုတ်သော **တေသဒ္ဒါ**၏ အစိတ် တ-ကို သ-ပြု။ ဩ-စသည် ပြု။ ပြီး၏။ ။**သေ**,ကို **တေ**,တည်။ အာ-ပစ္စည်းသက်။ ခွင်း။ ဤသုတ်ဖြင့် လုပ်မြဲ။ သိ-ကိုခေျ။ **သေ**,ကို **တ**,တည်။ သိ-သက်။ ခွင်း။ ဤသုတ်ဖြင့် သိ-ဝိဘတ် နှောင်းသောကြောင့် နပုံလိင်မဟုတ်သော **တ-သဒ္ဒါ**၏အစိတ် တ-ကို သ-ပြု။ ဩ-စသည်ပြု။ ပြီး၏။ ။**သေ**,ကို **တ**,တည်။ အာ-ပစ္စည်း သက်။ သိ-သက်။ လုပ်မြဲ။ သိ-ကိုခေျ။ ပြီး၏။ ဣတ္ထိလိင်အကာရန္တ ဖြစ် သောကြောင့် **တ**ာသဒ္ဒါ, **တ**ာ-သဒ္ဒါပင်တည်၍ သိ-သက်၍ သော်လည်း လုပ်။ ။ပဌမကိ်ံကို **ဣတရ**,တည်။ သိ-သက်။ ခွင်း။ ဆရာကား ဤသုတ် ဖြင့် သိ-ဝိဘတ်နှောင်းသောကြောင့် နပုံလိင်မဟုတ်သော **သဒ္ဒါ**၏အစိတ်ကို သ-ပြုမြဲ။ **တေ-သဒ္ဒါ**, **တ-သဒ္ဒါ**, မဟုတ်သောကြောင့် ဩ-စသည်ပြုမြဲ။ **ဣတရာ**,ကို ဣတရာ,တည်။ သိ-သက်။ ခွင်း။ စောဒနာမြဲ။ သိ-ကိုခေျ။ ။ ဒုတိယကိ်ံကို **တေ**,တည်။ **တ**,တည်။ သိ-သက်။ ခွင်း။ ဆရာကား ဤသုတ် ဖြင့် သိ-ဝိဘတ်နှောင်းသောကြောင့် **တေ-သဒ္ဒါ**, **တ-သဒ္ဒါ**၏ အစိတ်ဖြစ် သော **တ**-ကို သ-ပြုမြဲ။ နပုံလိင် မဟုတ်သည်မဟုတ်။ နပုံလိင် ဟုတ်သော

http://www.dhammadownload.com

ကြောင့်။ သိ ,သုတ်ဖြင့် နပုံလိင် အကာရန္တနောင်မှ နှောင်းသော သိ-ဝိဘတ်ကို အံပြု။ သရလော။ပ။ ပကတိပြု။ ကပ်။ ပြီး၏။

၁၇၉။ တဿ ဝါ နတ္တံ သဗ္ဗတ္ထ

သဗ္ဗတ္ထ၊ ခပ်သိမ်းကုန်သောလိင်တို့၌။ တဿ၊ တ,သဒ္ဒါ၏။ ဝါ၊ဖြင့်။ နတ္တံ၊ နအဖြစ်သည်။ ဟောတိ၊ ၏။ ။သဗ္ဗတ္တ၊ ခပ်သိမ်းကုန်သော။ လိင်ဂ်သု၊ လိင်တို့၌။ တဿ၊ ထိုသို့သဘောရှိသော။ သဗ္ဗနာမဿ၊ သဗ္ဗနာမ်ဖြစ်သော။ တကာရဿ၊ တ,အကွရာ၏။ နတ္တံ၊ နအဖြစ်သည်။ ဝါ၊ ဖြင့်။ ဟောတိ၊ ၏။ နာယ၊ ထိုမိန်းမဖြင့်။ တာယ၊ ထိုမိန်းမဖြင့်။ နံ၊ ထိုသူကို။ တံ၊ ထိုသူကို။ နေ၊ ထိုသူတို့သည်။ တေ၊ ထိုသူတို့သည်။ နေသု၊ ထိုသူတို့၌။ တေသု၊ ထိုသူတို့၌။ နမှိ၊ ထိုသူ၌။ တမှိ၊ ထိုသူ၌။ နာဟိ၊ တာဟိ၊ နာဘိ၊ တာဘိ၊ ထိုမိန်းမတို့ဖြင့်၊ တို့မှ။

နာယ,ကို တ,တည်။ အာ-ပစ္စည်းသက်။ နာ-သက်။ ခွင်း။ ဤသုတ်ဖြင့် ဣတ္ထိလိင်၌ဖြစ်သော တ-သဒ္ဒါကို နပြု။ အာ-ကို ဃ-မှည့်။ ဃတောနာဒီနံ,ဖြင့် ဃ-နောင်မှ နှောင်းသော နာ-ဝိဘတ်ကို အာယပြု။ သရလော။ပ။ ပကတိပြု။ နအာသို့ကပ်။ ပြီး၏။ **တာယ**,ကို တ,တည်။ အာ-ပစ္စည်းစသည်ပြု။ စောဒနာ။ ဃတောနာဒီနံ,ဖြင့် လုပ်မြဲ။ **နံ**,ကို တ-တည်။ အံ-သက်။ ခွင်း။ ဤသုတ်ဖြင့် အလုံးစုံသော လိင်၌ဖြစ်သော တ-ကို နပြု။ သရလော။ပ။ ပကတိပြု။ နအံ-သို့ကပ်။ ပြီး၏။တိလိင်တည်း။ **တံ**,ကို တ,တည်။ အံ-သက်။ ခွင်း။ စောဒနာ။ သရလော။ပ။ ပကတ်ပြု။ တအံ-သို့ကပ်။ တိလိင်တည်း။

နေ,ကို တ,တည်။ ပဌမာ ယော-သက်။ ခွင်း။ ဤသုတ်ဖြင့် ပုလ္လိင်ဖြစ်သော တ-ကို နပြု။ သဗ္ဗနာမကာရတေ ပဌမော,ဖြင့် တ-ဟူသော သဗ္ဗနာမ်နောင်မှ နှောင်းသော ပဌမာယော-ဝိဘတ်ကို ဧပြု။ သရလော။ပ။ ပကတိပြု။ ကပ်။ ပုလ္လိင်တည်း။ **တေ**,ကို တ,တည်။ ယော-သက်။ ခွင်း။ စောဒနာ။ သဗ္ဗနာမကာရတေ ပဌမော,ဖြင့် လုပ်မြဲ။ **နေသု**,ကို တ,တည်။ သု သက်။ ခွင်း။ ဤသုတ်ဖြင့် ပုလ္လိင် နပုံလိင်ဖြစ်သော တ-ကို နပြု။ သုဟိသွ ကာရောဧ,သုတ်ဖြင့် လုပ်မြဲ။ **တေသု**,ကို တ,တည်။ သု-သက်။ ခွင်း။

http://www.dhammadownload.com

စောဒနာ။ သုဟိသွကာရောဇ,ဖြင့် လုပ်မြဲ။ **နမှိ**,ကို တ,တည်။ သွိ-သက်။ ခွင်း။ ဤသုတ်ဖြင့် ပုလ္လိင်၌ဖြစ်သော တ-ကို နပြု၊ သွာဟိသွိ နံမှာ ဘိမှိဝါ, ဖြင့် လုပ်မြဲ။ **တမှိ**,ကို တ,တည်။ သွိ-သက်။ ခွင်း။ စောဒနာ။ မှိ-ပြု။ **နာဟိ**,ကို တ,တည်။ အာ-ပစ္စည်းသက်။ ဟိ-သက်။ ခွင်း။ ဤသုတ်ဖြင့် ဣတ္ထိလိင်၌ဖြစ်သော တ-ကို နပြု။ သုနံဟိသုစ,ဖြင့် လုပ်မြဲ။ ကပ်။ **တာဟိ**, ကို တ,တည်။ အာ-ပစ္စည်းသက်။ ဟိ-သက်၊ ခွင်း။ စောဒနာ။ **နာဘိ**, လည်း နည်းတူ။ ဟိ-ကို ဘိ-ပြုသည်သာ ထူးသည်။ **တာဘိ**,လည်း နည်းတူ စောဒနာ။

၁၇၆။ သ-သွာ-သွိ-သံ သာသွတ္တံ

သသွာသွိ သံသာသု၊ သ-ဝိဘတ်, သွာ-ဝိဘတ်, သွိ-ဝိဘတ်, သံ-အပြု, သာ-အပြုတို့ကြောင့်။ အတ္တံ၊ အ,အဖြစ်သည်။ ဟောတိ၊ ၏။ ။သဗ္ဗတ္ထ၊ ခပ်သိမ်းကုန်သော။ လိင်္ဂေသု၊ လိင်တို့၌။ သသွာသွိ သံသာ ဣစ္စေတေသု၊ သ-ဝိဘတ်, သွာ-ဝိဘတ်, သွိ-ဝိဘတ်, သံ-အပြု, သာ-အပြု, တို့ကြောင့်။ တဿ၊ သော။ သဗ္ဗနာမဿ၊ သော။ သဗ္ဗဿေဝ၊ သော။ တကာရဿ၊ ၏။ ဝါ၊ ဖြင့်။ အတ္တံ၊ အ,အဖြစ်သည်။ ဟောတိ၊ ၏။ အဿ၊ ထိုသူအား၊ ၏။ တဿ၊ ထိုသူအား၊ ၏။ အသွာ၊ ထိုသူမှ။ တသွာ၊ ထိုသူမှ။ အသွိ၊ ထိုသူ၌။ တသွိ၊ ထိုသူ၌။ အဿံ၊ ထိုမိန်းမ၌။ တဿံ၊ ထိုမိန်းမ၌။ အဿာ၊ ထိုမိန်းမအား၊ ၏။ တဿာ၊ ထိုမိန်းမအား၊ ၏။ ။တကာရဿေတိ ကိမတ္တံ။ တကာရဿေတိ ပဒံ၊ တကာရဿ, ဟူသော ပုဒ်ကို။လ။ အမုဿံ၊ အမုဿာ, ဣတိ အာဒီသု ဥဒါဟရဏေသု၊ တို့၌။ သန္တေသုပိ ဧတေသု တကာရဿ အဘာဝါ။ ဧတေသု၊ ထို သ-ဝိဘတ်, သွာ-ဝိဘတ်, သွိ-ဝိဘတ်, သံ-အပြု, သာ-အပြု တို့သည်။ သန္တေသုပိ၊ ရှိကုန်သော်လည်း။ တကာရဿ၊ တ,အကွရာ၏။ အဘာဝါ၊ ကြောင့်။ ဣမိနာသုတ္တေန၊ အတ္တံ၊ နဟောတိ။ အမုဿံ၊ ဤအမည် ရှိသောမိန်းမ၌။ အမုဿာ၊ ဤအမည်ရှိသော မိန်းမအား၊ ၏။ [စာကိုယ်၌ ကား သံနှင့် သာကိုသာ ပြသည်။ သ,သွာ, သွိ,တို့ကို မပြ]။ ။ဧတေသွိတိ ကိမတ္တံ။ ဧတေသွိတိ ပဒံ၊ ဧတေသု,ဟူသော ပုဒ်ကို။လ။ နေသု, တေသု, ဣတိ အာဒီသု၊ တို့၌။ သတိပိ တကာရေ ဧတေသံ အဘာဝါ၊ တကာရေ၊ တအကွ

http://www.dhammadownload.com

ရာသည်။ သတိပိ၊ လည်း။ ဧတေသံ၊ ထိုသ-ဝိဘတ်, သ္မာ-ဝိဘတ်, သ္မိံ-ဝိဘတ်, သံ-အပြု, သာ,အပြုတို့၏။ အဘာဝါ၊ ကြောင့်။ ဣမိနာသုတ္တေန၊ အတ္တံ၊ နဟောတိ။ နေသု၊ ထိုသူတို့၌။ တေသု။ ထိုသူတို့၌။

အသ,ကို တ,လိင်တည်။ သ-သက်။ ဤသုတ်ဖြင့် သ-ဝိဘတ် နှောင်းသောကြောင့် အလုံးစုံသော တ-သဒ္ဒါကို အ ပြု။ သာဂမောသေ,ဖြင့် သ-လာ။ သ-သသို့ကပ်။ ပြီး၏။ **တသ**,ကို တ,တည်။ သ-သက်။ ဆရာကား ဤသုတ်ဖြင့် သ-ဝိဘတ်နှောင်းသောကြောင့် အလုံးစုံသော တ-သဒ္ဒါကို အ-ပြုမြဲ၊ ဝါ,မပြုစရ။ သ-လာ။ သ-သသို့ကပ်။ ပြီး၏။ **အသ္မာ, အသ္မိံ**၌ တ,တည်၍ သ္မာ-သ္မိံ-သက်၍ လုပ်မြဲ။ **တသ္မာ, တသ္မိံ**,၌ တ,တည်၍ သ္မာ-သ္မိံ-သက်၍ စောဒနာမြဲ။ ။**အသံ**,ကို တာ,တည်။ သ္မိံ-သက်။ ခွင်း။ အာ-ကို ဃ-မှည့်။ ဃပတော သ္မိံ သာနံသံသာ,ဖြင့် ဃ-နောင်မှ နှောင်းသော သ္မိံ-ဝိဘတ်ကို သံ-ပြု။ သံသာသွေက,ဖြင့် သ-လာ။ သ-သံသို့ကပ်။ ဃောရသံ,ဖြင့် ရသ။ တ-အသို့ကပ်။ ဤသုတ်ဖြင့် သံ-အပြု နှောင်းသောကြောင့် အလုံးစုံသော တ-သဒ္ဒါကို အ-ပြု။ ပြီး၏။ **တသံ**,ကို တာ,တည်။ သ္မိံ-သက်။ စောဒနာ၍လုပ်မြဲ။ **အသာ**,ကို တာ,တည်။ သ-သက်။ သာပြု။ လုပ်မြဲ။ **တသာ**,ကို တာ,တည်။ သ-သက်။ သာ-ပြုမြဲ။ စောဒနာ၍လုပ်မြဲ။

ပဋ္ဌမကိုံ၌ **အမုသံ**,ကို အမု,တည်။ သ္မိံ-သက်။ ခွင်း။ ဥ-ကို ပ-မှည့်။ သ္မိံကို သံ-ပြု။ သ-လာ။ သ-သံသို့ကပ်။ ဆရာကား ဤသုတ်ဖြင့် သံ-အပြု နှောင်းသောကြောင့် အလုံးစုံသော သဒ္ဒါကို အ-ပြုမြဲ။ တ သဒ္ဒါမဟုတ်သောကြောင့် မ-ဥသို့ကပ်။ ပြီး၏။ **အမုသာ**,ကို အမု,တည်။ သာ-စသည်ပြု။ စောဒနာ။ သံသာသွေက, သုတ်၌ လုပ်သကဲ့သို့လုပ်။ ။ဒုတိယကိုံ၌ **နေသု**,ကို တ,တည်။ သု-သက်။ **တေသု**,ကို တ,တည်။ သု-သက်။ ဆရာကား ဤသုတ်ဖြင့် အလုံးစုံသော တ-သဒ္ဒါကို အ-ပြုမြဲ။ သ-ဝိဘတ်, သ္မာ-ဝိဘတ်, သ္မိံ-ဝိဘတ်, သံ-အပြု, သာ-အပြု မနှောင်းသောကြောင့်။ တသ ဝါ နတ္တံ သဗ္ဗတ္ထ,၌ လုပ်သကဲ့သို့လုပ်။

၁၇၇။ ဣမသဒ္ဒသ ၈

ဣမသဒ္ဒသစ၊ အလုံးစုံသော ဣမသဒ္ဒါ၏လည်း။ အတ္တံ၊ အ,အဖြစ်သည်။ ဟောတိ၊ ၏။ ။သဗ္ဗတ္ထ၊ ခပ်သိမ်းကုန်သော။ လိင်္ဂေသု၊ တို့၌။ သသ္မာသ္မိံ

http://www.dhammadownload.com

သံသာဣစ္ဆေတေသု၊ တို့ကြောင့်။ သဗ္ဗဿေဝ၊ သော။ ဣမသဒ္ဒဿစ၊၏လည်း။ ဝါ၊ဖြင့်။အတ္တံ၊အ,အဖြစ်သည်။ ဟောတိ၊၏။ အဿ၊ ဤသူအား၊ ၏။ဣမဿ၊ အား၊ ၏။ အသ္မာ၊ ဤအမည်ရှိသောသူမှ။ ဣမသ္မာ၊ မှ။ အသ္မိံ၊ ဤအမည်ရှိသောသူ၌။ဣမသ္မိံ၊၌။ အဿံ၊ဤအမည်ရှိသောမိန်းမ၌။ ဣမိဿံ၊ ၌။ အဿာ၊ ဤအမည်ရှိသော မိန်းမအား၊ ၏။ ဣမသဒ္ဒဿေတိ ကိမတ္ထံ။ ဣမသဒ္ဒဿေတိ ပဒံ၊ ဣမသဒ္ဒဿ,ဟူသောပုဒ်ကို။ ဧတိဿံ, ဣတိအာဒီသု၊ တို့၌။ သန္တေသုပိ ဧတေသု ဣမသဒ္ဒဿ အဘာဝါ။ ဧတေသု၊ ထိုသ-ဝိဘတ်, သ္မာ-ဝိဘတ်, သ္မိံ-ဝိဘတ်, သံ-အပြု, သာ-အပြုတို့သည်။ သန္တေသုပိ၊ ရှိကုန်သော်လည်း။ ဣမသဒ္ဒဿ၊ ၏။ အဘာဝါ၊ ကြောင့်။ ဣမိနာသုတ္တေန၊ ဖြင့်။ အတ္တံ၊ သည်။ နဟောတိ။လ။ ဧတိဿံ၊ ထိုမိန်းမ၌။ ဧတိဿာ၊ အား၊ ၏။ (စာကိုယ်၌ကား သံ-အပြု, သာ-အပြု,နှောင်းသည်ကို ပြသည်)။

ဣမ,တည်။ သ-သက်။ ဤသုတ်ဖြင့် သ-ဝိဘတ် နှောင်းသောကြောင့် အလုံးစုံသော ဣမသဒ္ဒါကို အ-ပြု။ သာဂမောသေ,ဖြင့် သ-လာ။ ကပ်။ ပြီး၏။ **ဣမဿ**,ကို ဣမ,တည်။ သ-သက်။ ဆရာကား ဤသုတ်ဖြင့် သ-ဝိဘတ်နှောင်းသောကြောင့် အလုံးစုံသော ဣမသဒ္ဒါကို အ-ပြုမြဲ။ ဝါ,မပြုစရ။ သ—လာ။ ကပ်။ ပြီး၏။ **ဣမ**,တည်။ သ္မာ-သ္မိံ-သက်။ ဤသုတ်ဖြင့် လုပ်မြဲ။ အသ္မာ,အသ္မိံ,နှစ်ရုပ်။ **ဣမသ္မာ,ဣမသ္မိံ**,ကိုလည်း သ္မာ- သ္မိံ-သက်။ စောဒနာ။

အဿံ,ကို ဣမ,တည်။ သ္မိံ-သက်။ ဃ-မှည့်။ သ္မိံဝိဘတ်ကို သံ-ပြု။ ဃောရဿံ,ဖြင့် ရဿ။ ဤသုတ်ဖြင့် သံ-အပြုနှောင်းသောကြောင့် အလုံးစုံသော ဣမသဒ္ဒါကို အ-ပြု။ သံသာသွေက,ဖြင့် သ-လာ။ **ဣမိဿံ**,ကို ဣမ,တည်။ သ္မိံ-စသည်သက်။ စောဒနာ။ ဧတိမာသမိ,၌ လုပ်သကဲ့သို့လုပ်။ **အဿာ,ဣမိဿာ**,လည်း လုပ်မြဲ။ **ဧတိဿံ**,ကို ဧတာ,တည်။ သ္မိံသက်။ ဃ-မှည့်။ သံ-ပြု။ စောဒနာ။ ။**ဧတိဿာ**,ကို ဧတာ,တည်။ သ-သက်။ သာ-ပြု။ စောဒနာ။ ဣမသဒ္ဒါမဟုတ်သောကြောင့် ဧတိမာသမိ,၌ လုပ်သကဲ့သို့ နည်းတူလုပ်။ (ဧျာသ၌ ဧတိဿာ,တခုကိုသာ ပြသည်)။

http://www.dhammadownload.com

၁၇၀။ သဗ္ဗဘောဇနကာ

သဗ္ဗတော၊ သဗ္ဗစသော သဒ္ဒါနောင်မှ။ ကော၊ က,အက္ခရာ လာ၏။ ။ သဗ္ဗတော သဒ္ဒနာမတော၊သဗ္ဗနာမ်ပုဒ်နောင်မှ။ ကကာရာဂမော၊ က,အက္ခရာ လာသည်။ ဝါ၊ ဖြင့်။ ဟောတိ၊ ၏။ သဗ္ဗကော၊ ခပ်သိမ်းသော သူသည်။ ယကော၊ အကြွင်သူသည်။ သကော။ ထိုသူသည်။ အမုကော၊ ဤအမည်ရှိသောသူသည်။ အသုကော၊ ဤအမည်ရှိသော သူသည်။ ။ဝါတိ ကိမတ္ထံ။ ဝါတိ ပဒံ၊ ဝါ,ဟူသောပုဒ်ကို။ သဗ္ဗော, ယော, တ္ဂတိအာဒီသု၊ တို့၌။ သတိပိ သုတ္တင်္ဂေ ဝါသဒ္ဒေန နိဝါရိတတ္တာ။သုတ္တင်္ဂေ၊ အပြည့်အစုံဖြစ်သော သုတ်၏အင်္ဂါသည်။ သတိပိ၊ လည်း။ ဝါသဒ္ဒေန၊ နိဝါရိတတ္တာ၊ ဤမိနာသုတ္တေန၊ ကကာရာဂမော၊ နဟောတိ။ သဗ္ဗော၊ ခပ်သိမ်းသော သူသည်။ ယော၊ အကြွင်သူသည်။ သော၊ ထိုသူသည်။ ကော၊ အဘယ်မည်သော သူသည်။ ။သဗ္ဗနာမတောတိ ကိမတ္ထံ။ သဗ္ဗနာမတောတိ ပဒံ။ သဗ္ဗနာမတော်,ဟူသောပုဒ်ကို။လ။ ပုရိသော,ဤတ္ဂတိအာဒီသု၊ တို့၌။ သတိပိ သဗ္ဗသဒ္ဒေ သဗ္ဗနာမာနံ အဘာဝါ၊ သဗ္ဗသဒ္ဒေ၊ အလုံးစုံသော သဒ္ဒါသည်။ သတိပိ၊ လည်း။ သဗ္ဗနာမာနံ၊သဗ္ဗနာမ်ပုဒ်တို့၏။ အဘာဝါ၊ကြောင့်။ ဤမိနာသုတ္တေန၊ ကကာရာဂမော၊ နဟောတိ။ ပုရိသော၊ သည်။ ပုန၊ တဘန်။ သဗ္ဗတော ဂဟဏေန၊ သဗ္ဗတောသဒ္ဒါဖြင့်။ အညသ္မာပိ၊ သဗ္ဗနာမ်ပုဒ်မှ တပါးသော ပုဒ်ဧနောင်မှလည်း။ ကကာရာဂမော၊ က,အက္ခရာ လာသည်။ ဟောတိ၊ ၏။ ဟိနကော၊ယုတ်သည်။ ပေါတကော၊ သူငယ်သည်။

သဗ္ဗကော,ကို သဗ္ဗ,တည်။ သိ-သက်။ ဤသုတ်ဖြင့် သဗ္ဗ,ဟူသော သဗ္ဗ နာမ်ပုဒ် နောင်မှ က-အက္ခရာလာ။ က-ကိုခွင်း။ ဩ-စသည်ပြု။ **ယကော**, ၌ ယ,တည်၍ လုပ်မြဲ။ **သကော**,၌ တ,တည်။ သိသက်။ ဤသုတ်ဖြင့် က-လာ။ က-ကိုခွင်း။ တေတေသံတော,ဖြင့် သိ-ဝိဘတ် နှောင်းသောကြောင့် တ-သဒ္ဒါ၏ အစိတ် တ-ကို သ-ပြု။ လုပ်မြဲ။ သကော,ပြီး၏။ **အမုကော**, ကို အမု,ကည်။ သိ-သက်။ ဤသုတ်ဖြင့် က-လာ။ **အသုကော**,ကို အမု, တည်။ သိ-သက်။ ဤသုတ်ဖြင့် က-လာ။ ခွင်း။ အမုဿမောသံ,ဖြင့် အမု၏ အစိတ် မ-ကို သ-ပြု။ လုပ်မြဲ။ ဩ-စသည်ပြု။ ပြီး၏။ ။**ကိံ**-ကို **သဗ္ဗ**,

http://www.dhammadownload.com

တည်။ သိ-သက်။ ဆရာကား-ဤသုတ်ဖြင့် သဗ္ဗ,ဟူသော သဗ္ဗနာမ် နောင်မှ က-လာမြဲ။ ဝါ,မလာစရ။ ဩ-စသည်ပြု။ **ယော**,ကို ယ,တည်။ သိ-သက်။ စောဒနာ။ ဩ-စသည်ပြု။ **သော**,ကို တ, တည်။ သိ-သက်။ စောဒနာ။ ဧတေတသံတော,ဖြင့် လုပ်မြဲ။ **ကော**,ကို ကိံ တည်။ သိ-သက်။ စောဒနာ။ ဩ-စသည်ပြု။ ။ဒုတိယ ကိံ ကို **ပုရိသ**, တည်။ သိ-သက်။ ဆရာကား-ဤသုတ်ဖြင့် က-လာမြဲ။ သဗ္ဗနာမ်ပုဒ် မဟုတ်သောကြောင့် မလာစရ။ ဩ-စသည်ပြု။ ။**ဟီနကော,ပေါတကော**,ကား စသဒ္ဒါ၏ အာကျိုးတည်း။ ဟီန,ပေါတ,တည်။ သိ-သက်။ ဤသုတ်၌ သဗ္ဗတော, သဒ္ဒါဖြင့် က-လာ။ က-ကိုခွင်း။ သိ-ကို ဩ-ပြု။ ပြီး၏။

၁၇၉။ ဃ-ပဘော သ္မိံ သာနံ သံသာ

ဃပတော၊ ဃ,ပ,နောင်မှ။ သ္မိံ-သာနံ၊ သ္မိံ-ဝိဘတ်, သ-ဝိဘတ်,တို့၏။ **သံ-သာ**၊ သံ-အပြု, သာ-အပြုတို့သည်။ ဟောန္တိ၊ ၏။ ဃ,ပ,သညာတော၊ ဃ-ဟူသောအမည်, ပ-ဟူသော အမည်ရှိသော။ သဗ္ဗတော-သဗ္ဗနာမတော၊ **သဗ္ဗနာမ်ပုဒ်နောင်မှ**။ သ္မိံ သဏ္ဍေတေသံ၊ သ္မိံ-ဝိဘတ်, သ-ဝိဘတ်တို့၏။ သံသာအာဒေသာ၊ သံ-အပြု,သာ-အပြုတို့သည်။ ယထာသန်္ခံ ၊စ္ဆာ။ ဝါ၊ဖြင့်။ ဟောန္တိ၊ ကုန်၏။ [သ္မိံ,ကိုကား သံ၊ သ,ကိုကား သာ။ ဤသည်လျှင် ယထာသန်္ခံ၏ အဓိပ္ပါယ်တည်း]။ သဗ္ဗဿံ၊ ခပ်သိမ်းသော မိန်းမ၌။ သဗ္ဗဿာ၊ အား၊ ၏။ သဗ္ဗာယံ၊ ၌။ သဗ္ဗာယ၊ အား၊ ၏။ ဣမိဿံ၊၌။ ဣမိဿာ၊ အား၊ ၏။ ဣမာယံ၊ ၌။ ဣမာယ၊ အား၊ ၏။ အမုဿံ၊ ၌။ အမုဿာ၊ အား၊ ၏။ အမုယံ၊ ၌။ အမုယာ၊ အား၊ ၏။ [ဣတ္ထိလိင်ဖြစ်သောကြောင့် ဣတ္ထိလိင်ချည်း ယောဇနာ]။ ။သဗ္ဗနာမတောတိ ကိမတ္ထံ။ သဗ္ဗနာမတောတိ ပဒံ၊ သဗ္ဗနာမတော,ဟူသောပုဒ်ကို။ ဣတ္ထိယံ,ဣတိအာဒီသု၊ တို့၌။ သတိပိ သ္မိံ သဏ္ဍေတေသဒ္ဒနာမာနံ အဘာဝါ။ သ္မိံ သဏ္ဍေတေ၊ သ္မိံ-ဝိဘတ်, သ-ဝိဘတ်သည်။ သတိပိ၊ လည်း။ သဗ္ဗနာမာနံ၊ သဗ္ဗနာမ်ပုဒ်တို့၏။ အဘာဝါ၊ ကြောင့်။ ဣမိနာသုတ္တေန၊ ဖြင့်။ သံသာအာဒေသာ၊ တို့သည်။ နဟောန္တိ၊ ကုန်။ ဣတ္ထိယံ၊ ၌။ ဣတ္ထိယာ၊ အား၊ ၏။ ।သ္မိံ သာနမိတိ ကိမတ္ထံ။ သ္မိံ သာနမိတိ ပဒံ၊ သ္မိံ သာနံ,ဟူသောပုဒ်ကို။လ။ အမုယော, ဣတိအာဒီသု၊ တို့၌။

http://www.dhammadownload.com

သတိပိ သဗ္ဗနာမေ သို့ သာနံ အဘာဝေါ။ သဗ္ဗနာမေ၊သဗ္ဗနာမ်သည်။ သတိပိ၊ လည်း။ သို့ သာနံ၊ သို့-ဝိဘတ်, သ-ဝိဘတ်,တို့၏။ အဘာဝေါ၊ ကြောင့်။ ဣမိနာသုတ္တေန၊ သံသာအာဒေသာ၊ နဟောန္တိ၊ အမုယော၊ဤအမည်ရှိသော မိန်းမတို့သည်၊ တို့ကို။

သဗ္ဗာ,တည်။ သို့-သက်။ ခွင်း။ ဃ-မှည့်။ ဤသုတ်ဖြင့် ဃ-နောင်မှ နှောင်းသော သို့-ဝိဘတ်ကို သံ-ပြု။ သံသာသ္မေက,ဖြင့် သ လာ။ က၀်။ ဃောရဿံ,ဖြင့် ရဿပြု။ ပြီး၏။ ။**သဗ္ဗာ**,တည်။ သ-သက်။ ခွင်း။ ဃ-မှည့်။ ဤသုတ်ဖြင့် ဃ-နောင်မှနှောင်းသော သ-ဝိဘတ်ကို သာ-ပြု။ သံသာသ္မေ က,ဖြင့် သ-လာ။ က၀်။ ဃောရဿံ,ဖြင့် လုပ်မြဲ။ ။ဝါသဒ္ဒါ၏ အကျိုးကို လည်း **သဗ္ဗာ**,တည်။ သို့-သက်။ ခွင်း။ ဃ-မှည့်။ ဆရာကား ဤသုတ်ဖြင့် ဃ-နောင်မှနှောင်းသော သို့-ဝိဘတ်ကို သံ-ပြုမြဲ။ ဝါ,မပြုစရ။ ဃပတော သို့ ယံဝါ,ဖြင့် ဃ-နောင်မှနှောင်းသော သို့-ဝိဘတ်ကို ယံ-ပြု။ က၀်။ ပြီး၏။ **သဗ္ဗာ**ယ,ကို သဗ္ဗာတည်။ သ-သက်။ ခွင်း။ ဃ-မှည့်။ ဆရာကား ဤသုတ် ဖြင့် ဃ-နောင်မှနှောင်းသော သ-ဝိဘတ်ကို သာ-ပြုမြဲ။ ဝါ,မပြုစရ။ ဃတော နာဒီနံ,ဖြင့် ဃ-နောင်မှနှောင်းသော သ-ဝိဘတ်ကို အာယပြု။ သရလော ။ပ။ ပကာတ်ပြု။ က၀်။ ပြီး၏။

ဣမိဿံ,ကို ဣမာ,တည်။ သို့-သက်။ ခွင်း။ ဃ-မှည့်။ ဤသုတ်ဖြင့် ဃ-နောင်မှ နှောင်းသော သို့ဝိဘတ်ကို သံ-ပြု။ သံသာသ္မေက,ဖြင့် သ-လာ။ သ-သံ-သို့က၀်။ တေါမာသမိ,ဖြင့် ကေဝုစ် ဝိဘတ်အပြု သံ-နှောင်းသော ကြောင့် ဣမသဒ္ဒါ၏အစိတ် အာ ကို ဣ-ပြု။ က၀်။ ပြီး၏။ **ဣဒ်ဿာ**,ကို ဣမာတည်။ သ-သက်။ ခွင်း။ ဃ-မှည့်။ ဤသုတ်ဖြင့် ဃ-နောင်မှ နှောင်း သော သ-ဝိဘတ်ကို သာ-ပြု။ သံသာသ္မေက,ဖြင့် သ-လာ။ သ-သာ-သို့က၀်။ တေါမာသမိ,ဖြင့် ကေဝုစ် သာ-အပြု နှောင်းသောကြောင့် ဣမသဒ္ဒါ၏ အစိတ် အာ-ကို ဣ ပြု။ က၀်။ ပြီး၏။ **ဣမာယံ, ဣမာယ**, လုပ်မြဲ။ ။ **အမုဿံ**,ကို အမု,တည်။ သို့-သက်။ ခွင်း။ ပ-မှည့်။ **အမုဿာ**,ကို အမု, တည်။ သ-သက်။ ခွင်း။ ပ-မှည့်။ ဤသုတ်ဖြင့် ပ-နောင်မှ နှောင်းသော သို့-ဝိဘတ်ကို သံ-ပြု။ သ-ဝိဘတ်ကို သာ-ပြု။ သံသာသ္မေက,ဖြင့် သ-လာ။ သ-သံ-သို့က၀်။ သ-သာ-သို့က၀်။ မ-ဥ-သို့က၀်။ အမုဿံ,အမုဿာ, ပြီး၏။

http://www.dhammadownload.com

အမုယံ,ကို အမု,တည်။ သို့-သက်။ ခွင်း။ ပ-မှည့်။ စောဒနာ။ ဃပ တော သို့ ယံဝါ,ဖြင့် ပ-နောင်မှနှောင်းသော သို့-ဝိဘတ်ကို ယံ-ပြု။ ကပ်။ ပြီး၏။ **အမုယာ**,ကို အမု,တည်။ သ-သက်။ ခွင်း။ ပ-မှည့်။ စောဒနာ။ ပတောယာ,ဖြင့် ပ-နောင်မှ နှောင်းသော သ-ဝိဘတ်ကို ယာ-ပြု။ ကပ်။ ပြီး၏။ ။ပဌမကိ ကို **ဣတ္ထီ**,တည်။ သို့-သက်။ ခွင်း။ ဤ-ကို ပ-မှည့်။ ဆရာကား ဤသုတ်ဖြင့် ပ-နောင်မှ နှောင်းသော သို့-ဝိဘတ်ကို သံ-ပြုမြဲ။ သဗ္ဗနာမ် မဟုတ်သောကြောင့် မပြုစရ။ ဃပတော သို့ ယံဝါ,ဖြင့် ပ-နောင်မှ နှောင်းသော သို့-ဝိဘတ်ကို ယံ-ပြု။ ဃောရဿံ,ဖြင့် ရဿ။ ကပ်။ ပြီး၏။ **ဣတ္ထိယာ**,ကို ဣတ္ထီ,တည်။ သ-သက်။ ခွင်း။ ပ-မှည့်။ ဆရာကား ဤသုတ်ဖြင့် ပ-နောင်မှ နှောင်းသော သ-ဝိဘတ်ကို သာ-ပြုမြဲ။ သဗ္ဗနာမ် မဟုတ်သောကြောင့် မပြုစရ။ အဃောရဿ,ဖြင့် ရဿ။ ပတောယာ,ဖြင့် ပ-နောင်မှ နှောင်းသော သ-ဝိဘတ်ကို ယာ-ပြု။ ကပ်။ ပြီး၏။ ။ဒုတိယကိ ကို **အမု**, တည်။ ပဌမာ, ဒုတိယာ, ယော-သက်။ ခွင်း။ ပ-မှည့်။ ဆရာကား ဤသုတ်ဖြင့် ပ နောင်မှ နှောင်းသောဝိဘတ်ကို သံ,သာပြုမြဲ။ သို့-ဝိဘတ်, သ-ဝိဘတ် မဟုတ်သောကြောင့် မပြုစရ။ ကပ်။ ပြီး၏။

၁၈၀။ နေ့ဘာဟိ သို့မာယ-ယာ

ဘောဟိ၊ ဃ,ပ,အမည်ရှိကုန်သော ထိုသဗ္ဗနာမ် ပုဒ်တို့နောင်မှ။ သို့၊ သို့,ဝိဘတ်၏။ အာယယာ၊ အာယအပြု, ယာအပြု,တို့သည်။ နှ၊မဖြစ်ကုန်။ ဃပသညာတော၊ ဃ-ဟူသောအမည်, ပ-ဟူသောအမည် ရှိကုန်သော။ ဘောဟိ၊ ထိုသို့သဘောရှိကုန်သော။ သဗ္ဗနာမာဟိ၊ ဣတ္ထိလိင်ဖြစ်ကုန်သော သဗ္ဗနာမ်ပုဒ်တို့နောင်မှ။ သို့ ဝစနဿ၊ ၏။ အာယယာဒေသာ၊ အာယအပြု, ယာအပြုတို့သည်။ နေဝဟောန္တိ၊ ကုန်။ ဘေိဿံ၊ ၌။ ဘောယံ၊ ၌။ ဣမိဿံ၊ ၌။ ဣမာယံ၊ ၌။ အမုဿံ၊ ၌။ အမုယံ၊ ၌။ [မိန်းမချည်း ယောဇနာ]။ ။သို့ တိ ကိမတ္တံ။ သို့ တိ ပဒံ၊ သို့-ဟူသောပုဒ်ကို။ တာယ, ဣတိအာဒီသု၊ တို့၌။ သတိပိ ဃပေ သို့ ဝစနဿ အဘာဝါ။ ဃပေ၊ ဃ,ပ,သည်။ သတိပိ၊ လည်း။ သို့ ဝစနဿ၊ ၏။ အဘာဝါ၊ ကြောင့်။ ဣမိနာသုတ္တေန၊ ဖြင့်။ အာယယာ ဒေသာ၊ တို့သည်။ နေဝဟောန္တိ၊ မဖြစ်ကုန်သည်ကား။ နှ၊ မဟုတ်ကုန်။

http://www.dhammadownload.com

ဟောန္တိဧ၀၊ ဖြစ်ကုန်သလျှင်ကတည်း။ တာယ၊ ထိုသို့ သဘောရှိသော။ ဣတ္ထိယာ၊ ၏။ မုခံ၊ မျက်နှာတည်း။ ။တောဟိတိ ကိမတ္ထံ။ တောဟိတိ ပဒံ၊ တောဟိ,ဟူသောပုဒ်ကို။ ကညာယ,ဣတိအာဒီသု၊ တို့၌။ သန္တေသုပိ သို့ပရာသု ဃပသညာသု တောသံ သဗ္ဗနာမာနံ အဘာ၀ါ။ သို့ပရာသု၊ **သို့**, ဝိဘတ် နှောင်းခြင်းရှိကုန်သော။ ဃပသညာသု၊ ဃ, ပ, အမည်တို့သည်။ သန္တေသုပိ၊ ရှိကုန်သော်လည်း။ တောသံ သဗ္ဗနာမာနံ၊ ထိုဣတ္ထိလိင်သဗ္ဗနာမ်တို့၏။ အဘာ၀ါ၊ကြောင့်။ ဣမိနာသုတ္တေန၊ အာယယာဒေသော နေ၀ဟောန္တိ၊ န၊ ဟောန္တိဧ၀။ ကညာယ၊ ၌။လ။ ကပလာယ၊ ၌။ [စာကိုယ်၌ ဃ-ကိုသာ ပြသည်။ ပ,ကား မရှိ။ ထိုသို့သော်လည်း ဥဒါဟရဏ်ကို သိအပ်တော့သည်]။

ဧတာ,တည်။ သို့-သက်။ ခွင်း။ ဃ-မှည့်။ ဃတောနာဒီနံ,ဖြင့် ဃ-နောင်မှနှောင်းသော သို့-ဝိဘတ်ကို အာယပြုလုလတ်သည်ရှိသော် ဤသုတ်ဖြင့် သဗ္ဗနာမ်ဖြစ်သော ဃ-နောင်မှ နှောင်းသော သို့-ဝိဘတ်၏ အာယ အပြုကို မြစ်သောကြောင့် မပြုစရ။ ဃပတော သို့သာနံသံသာ,ဖြင့် ဃ-နောင်မှ နှောင်းသော သို့-ဝိဘတ်ကို သံ-ပြု။ သံသာသွေက,ဖြင့် သ-လာ။ သ-သံ-သို့ကပ်။ တေမာသမိ,ဖြင့် ဧတာသဒ္ဒါ၏အစိတ် အာ-ကို ဣ-ပြု။ ကပ်။ ပြီး၏။ ။**ဧတာယံ**,ကိုလည်း။ တော,တည်။ သို့-သက်။ ခွင်း။ ဃ-မှည့်။ ဃတောနာဒီနံ,ဖြင့် ဃ-နောင်မှ နှောင်းသော သို့-ဝိဘတ်ကို အာယ ပြုလုလတ်သည်ရှိသော် ဤသုတ်ဖြင့် သဗ္ဗနာမ်ဖြစ်သော ဃ-နောင်မှ နှောင်းသော သို့-ဝိဘတ်၏ အာယအပြုကို မြစ်သောကြောင့်။ ဃပတော သို့-ယံ၀ါ, ဖြင့် လုပ်မြဲ။ **ဣမိဿံ,ဣမာယံ**,၌လည်း၊ ဣမာ,တည်၍ သို့-သက်၍ ဆိုမြဲ။ လုပ်မြဲ။

အမုဿံ,ကို အမုတည်။ သို့-သက်။ ခွင်း။ ပ-မှည့်။ ပတောယာ,ဖြင့် ပ-နောင်မှ နှောင်းသော သို့-ဝိဘတ်ကို ယာ-ပြုလုလတ်သည် ရှိသော် ဤသုတ်ဖြင့် သဗ္ဗနာမ် ဖြစ်သော ပ-နောင်မှ နှောင်းသော သို့-ဝိဘတ်၏ အာယအပြုကို မြစ်သောကြောင့် မပြုစရ။ သံသာသွေက,၌ လုပ်သကဲ့သို့လုပ်။ **အမုယံ**,ကို အမု,တည်။ သို့-သက်။ ခွင်း။ ဆိုမြဲ။ ဃပတောသို့-ယံ၀ါ,ဖြင့် လုပ်မြဲ။ ။ ပဌမကို့ကို **တာ**,သဒ္ဒါတည်။ ဆဋ္ဌီ သ-သက်။ ခွင်း။ ဃ-မှည့်။ ဆဏာကား- ဃတောနာဒီနံ,ဖြင့် ဃ-နောင်မှ နှောင်းသော သ-ဝိဘတ်ကို အာယ ပြုလု

http://www.dhammadownload.com

လတ်သည်ရှိသော် ဤသုတ်ဖြင့် မြစ်မြဲ မြစ်စပါလော့။ မမြစ်စရ။ အဘယ့်ကြောင့်။ သို့ဝိဘတ် မဟုတ်သောကြောင့် မမြစ်စရ။ ဃတောနာဒီနံ,ဖြင့် ဃနောင်မှ နှောင်းသော သ-ဝိဘတ်ကို အာယပြု။ သရလော။ ပ။ ပကတိပြု။ ကပ်။ ပြီး၏။

ဒုတိယကိုံကို၊ **ပညာ, ဝိဏာ, ဂဂ်ါ, ကပလာ**, တည်။ သို့-သက်။ ခွင်း။ ဃ-မှည့်။ ဆရာကား-ဃတောနာဒီနံ,ဖြင့် ဃ-နောင်မှ နှောင်းသော သို့-ဝိဘတ်ကို အာယပြုလုလတ်သည်ရှိသော်၊ ဤသုတ်ဖြင့် မြစ်မြဲ မြစ်စပါလော။ မမြစ်စရ။ အဘယ့်ကြောင့်။ သဗ္ဗနာမ် မဟုတ်သောကြောင့်။ ဃတောနာဒီနံ,ဖြင့် လုပ်မြဲ။

၁၈၁။ မနောဂဏာဒိတော သို့နာနမိ အာ

မနောဂဏာဒိတော၊ မနောဂိုဏ်းလျှင် အပိုင်းအခြားရှိသော သဒ္ဒါနောင်မှ။ သို့နာနံ၊ သို့-ဝိဘတ်,နာ-ဝိဘတ်တို့၏။ ဣအာ၊ ဣ-အပြု, အာ-အပြု, တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ။တသ္မာ၊ထိုသို့ သဘောရှိသော။မနောဂဏာဒိတော၊ မနောဂိုဏ်းလျှင် အပိုင်းအခြား ရှိသော သဒ္ဒါ နောင်မှ။ သို့နာ ဣစ္စေတေသံ၊ သို့-ဝိဘတ်,နာ-ဝိဘတ် တို့၏။ ဣကာရ အာကာရာ ဒေသာ၊ ဣ-အပြု,အာ-အပြု,တို့သည်။ ယထာသင်္ချံ၊ စွာ။ ဝါ၊ဖြင့်။ ဟောန္တိ၊ ကုန်၏။ (သို့,ကိုကား-ဣ။နာ,ကိုကား-အာ။ဤသည်လျှင် ယထာသင်္ချံ၏ အဓိပ္ပါယ်တည်း)။ မနသိ၊ စိတ်၌။ မနသို့၊ စိတ်၌။ သိရသိ၊ ဦးခေါင်း၌။ သိရသို့၊ ဦးခေါင်း၌။ မနသာ၊ စိတ်ဖြင့်။မနေန၊ စိတ်ဖြင့်။ ဝစသာ၊ စကားဖြင့်။ ဝစေန၊ စကားဖြင့်။ သိရသာ၊ ဦးခေါင်းဖြင့်။ သိရေန၊ ဖြင့်။ သရသာ၊ အသံဖြင့်။

မောဂ္ဂလ္လာန်၌ အဟ,သဒ္ဒါ မနာဒိ၌ အစီအရင်မရှိသောကြောင့်၎င်း,ရဟ,သဒ္ဒါ၏ နိပါတ်ဖြစ်သောကြောင့်၎င်း မနာဒိ၌ မပြအပ်ဟု မိန့်ဆို၏။ ။ရူပသိဒ္ဓိ၌ကား ဧဝံ ဝစော ဝယော တေဇော၊ တပေါ စေတော တမော ယသော၊ အယော ပယောသိရော သရော ဥရော ရဟော အဟောဝိစ-ဟု ဆို၍ ရဟ,အဟ သဒ္ဒါ တို့ကို မနောဂိုဏ်း၌ သွင်းသည်။

သဒ္ဒနီတိ၌လည်း ရဟသာ ရဟသော ရဟသိ၊ အဟသာ အဟသော အဟသိဟု ရုပ်ပြီးစဉ်ကို ပြသောကြောင့် ထိုဆရာ၏ အလိုအားဖြင့်လည်း ဤနှစ်ပုဒ် တို့သည် မနာဒိဂိုဏ်း၌ ဝင်ကုန်သည်ဟု မှတ်အပ်၏။

http://www.dhammadownload.com

သရေန၊ ဖြင့်။ တပသာ၊ အကျင့်ဖြင့်။ တပေန၊ ဖြင့်။ ဝယသာ၊ အရွယ်ဖြင့်။ ဝယေန၊ ဖြင့်။ ယသသာ၊ အခြံအရံဖြင့်။ ယသေန၊ ဖြင့်။တေဇသာ၊တန်ခိုးဖြင့်။ တေဇေန၊ ဖြင့်။ဥရသာ၊ ရင်ဖြင့်။ ဥရေန၊ ဖြင့်။ ထာမသာ၊ အစွမ်းဖြင့်။ထာမေန၊ ဖြင့်။ ။သို့ နာနမိတ်ကိမတ္ထံ။သို့ နာနမိတိ ပဒံ၊ သို့ နာနံ,ဟူသောပုဒ်ကို။ လ။ မနော,ဣတိအာဒိသု၊ ကို၌။ သတိပိ မနောဂဏာဒိမို့ သို့ နာနံ အဘာဝါ။ မနောဂဏာဒိမို့၊ မနောဂိုဏ်းလျှင် အပိုင်းအခြားရှိသော သဒ္ဒါသည်။ သတိပိ၊ လည်း။ သို့ နာနံ၊ သို့ ,နာ,ဝိဘတ်တို့၏။ အဘာဝါ၊ ကြောင့်။ဣမိနာ သုတ္တေန၊ ဣကာရ အာကာရာဒေသာ၊ တို့သည်။ နဟောန္တိ၊ ကုန်။ မနော၊ စိတ်သည်။ သိရော၊ ဦးခေါင်းသည်။ တမော၊ အမိုက်သည်။ တပေါ၊ အကျင့်သည်။ တေဇော၊ တန်ခိုးသည်။ အာဒိဂုဟာဏေန၊ အာဒိသဒ္ဒါဖြင့်။အညသ္မာပိ၊ မနောဂိုဏ်းမှ တပါးသော သဒ္ဒါနောင်မှလည်း။ သို့ နာနံ၊ တို့၏။ ဣကာရ အာကာရာဒေသာ၊ တို့သည်။ ဟောန္တိ၊ ကုန်၏။ ဗိလသိ၊ အစုဉ်။ ဗိလသာ၊ ဖြင့်။ ပဒသိ၊ အကြောင်းဉ်။ ပဒသာ၊ ဖြင့်။

မန, တည်။ သို့ -သက်။ ဣသုတ်ဖြင့် မနသဒ္ဒါ နောင်မှ နှောင်းသော သို့ -ဝိဘာဂ်ကို ဣ-ပြု။ သသရော၀ါဂမော,ဖြင့် ဝိဘတ် အပြု ဣ-သရနှောင်း သောကြောင့် သ-လာ။ ကပ်။ ပြီး၏။ **မနသို့,**ကား ဝါသဒ္ဒါ၏ အကျိုး တည်း။ မန,ကည်။ သို့ -သက်။ ဆရာကား-ဣသုတ်ဖြင့် မန-သဒ္ဒါနောင်မှ နှောင်းသော သို့ -ဝိဘာဂ်ကို ဣ-ပြုမြဲ။ ဝါ,မပြုစရ။ ပြီး၏။ ။**သိရ,**တည်။ သို့ -သက်။ ဣသုတ်ဖြင့် သိရသဒ္ဒါနောင်မှ နှောင်းသော သို့ -ဝိဘတ်ကို ဣ-ပြု။ သ-လာမြဲ။ ကပ်။ ပြီး၏။ **သိရသို့,**ကို သိရ,တည်။ သို့ -သက်။ ဆရာကား-ဣသုတ်ဖြင့် သိရ သဒ္ဒါနောင်မှ နှောင်းသော သို့ -ဝိဘတ်ကို ဣ-ပြုမြဲ။ ဝါ,မပြုစရ။ ပြီး၏။ ။**မန,**တည်။ နာ-သက်။ ဣသုတ်ဖြင့် မန သဒ္ဒါ နောင်မှ နှောင်းသော နာ-ဝိဘတ်ကို အာ-ပြု။ သ-လာ။ ကပ်။ပြီး၏။ **မန,**တည်။ နာ—သက်။ ဣသုတ်ဖြင့် မနသဒ္ဒါ နောင်မှ နှောင်းသော နာ-ဝိဘတ်ကို အာ-ပြုမြဲ။ ဝါ,မပြုစရ။ ခွင်း။ အတောနေန,ဖြင့် အကာရန္တနောင်မှ နှောင်းသော နာ-ဝိဘတ်ကို နေ-ပြု။ သရလော။ ပ။ ပကတိပြု။ န-ဧ-သို့ ကပ်။ ပြီး၏။

http://www.dhammadownload.com

ကြွင်းသော ဥဒါဟရဏ် တို့ကိုလည်း ဝစ, စသည် တည်၍ လုပ်မြဲ။ စောဒနာမြဲ။ ရွှေရွှေကား မူလ။ နောက်နောက်ကား ဝါသဒ္ဒါ၏ အကျိုးတည်း။

ကိ ံကို **မန**, စသည်ကည်။ သိ-သက်။ ဆရာကား-ဤသုတ်ဖြင့် မန-သဒ္ဒါ နောင်မှ နှောင်းသော ဝိဘတ်ကို ဣ-ပြုမြဲ, အာ-ပြုမြဲ ပြုစပါလော့။ မပြုစရ။ အဘယ့်ကြောင့် သို ံ-ဝိဘတ်,နာ-ဝိဘတ်, မဟုတ် သောကြောင့်။ သြ-စသည်ပြု။ ။အာဒိ သဒ္ဒါ၏ အကျိုးကိုလည်း။ **ဗိလ**, ကည်။ သို ံ-သက်။ ဤသုတ်၌ အာဒိသဒ္ဒါဖြင့် သို ံ-ဝိဘတ်ကို ဣ-ပြု။ မနောဂဏာဒိတော သို ံ နာနမိအာ,သုတ်မှ လိုက်သောအားဖြင့် သသရေဝါဂမော, သုတ်၌ အကျုံးဝင်သော အာဒိ သဒ္ဒါဖြင့် ဝိဘတ်အပြု သရ နှောင်းသောကြောင့် သ-လာ။ သ-ဣ-သို့ကပ်။ ဗိလသိ,ပြီး၏။ ။**ဗိလ**,တည်။နာ-သက်။ဤသုတ်၌ အာဒိသဒ္ဒါဖြင့် နာ-ဝိဘတ်ကို အာ-ပြု။မနောဂဏာဒိကောသို ံ နာနမိအာ, သုတ်မှ လိုက်သော အားဖြင့် သသရေဝါဂမော, သုတ်၌ အကျုံး ဝင်သော အာဒိသဒ္ဒါဖြင့် သ-လာ။ သ-အာသို့ကပ်။ ဗိလသာ,ပြီး၏။ **ပဒသ်**, ကိုလည်း ပဒ,တည်၍ သို ံ-သက်၌ ဗိလသိနှင့် အတူလုပ်။ **ပဒသာ**, ကို ပဒတည်၍ နာ-သက်၌ ဗိလသာနှင့် အတူလုပ်။

၁၀၂။ သဿ ဧစေ

သဿစ၊ သ,ဝိဘတ်၏လည်း။ သြ၊ သြ, အပြု ဖြစ်၏။ တသ္မာ၊ လို့ဘွဲ့ သဘောရှိသော။ မနောဂဏာဒိတော၊ မနောဂို့ဏ်းလျှင် အပိုင်း အခြား ရှိသော သဒ္ဒါနောင်မှ။ သဿစ၊ သ,ဝိဘတ်၏လည်း။ သြကာရော၊ သြ,အပြု သည်။ ဟောတိ၊ ၏။ မနသော၊ စိတ်အား၊ ၏။ ထာမသော၊ အစွမ်းအား၊ ၏။ တပသော၊ အကျင့်အား၊ ၏။

မန,ထာမ,တပ,တည်။ သ-သက်။ ဤသုတ်ဖြင့် မန သဒ္ဒါ နောင်မှ နှောင်းသော သ-ဝိဘတ်ကို သြ-ပြု။ သသရေဝါဂမော, ဖြင့် ဝိဘတ် အပြု သြ-သရ နှောင်းသောကြောင့် သ-လာ။ သ-သြသို့ကပ်။ ပြီး၏။

သို့အံ့နှောင်းသည်ရှိသော် ဤသုတ်၌ စသဒ္ဒါဖြင့် သြ-ပြုရ သည်ဟု နိဒ္ဒေသ၌ ဆို၏။ ပြဟုဂ်ကား-အုဗျဂ္ဂမနသော နရော၊ ကဿပဿ

http://www.dhammadownload.com

ဝစော သုတ္ဒာ,စသည်တည်း။ အဗျဂ္ဂမနသော၊ အာရုံ တခုတည်း၌ စိတ်ရှိသော သူသည်။ ။**အဗျဂ္ဂ**,ကို အဝိ-အဂ္ဂ,ဟု ပုဒ်ဖြတ်။ ဣ-ကို ယ-ပြု။ ဝ-ကို တတိယကွရာ ဗ-ပြု။ ကဿပဿ၊ ကဿပ၏။ ဝစော၊ စကားကို။ သုတ္ဒာ၊ ကြား၍။ **အဗျဂ္ဂမန**,တည်။ သိ-သက်။ ဤသုတ်၌ စသဒ္ဒါဖြင့် သိ-ဝိဘတ်ကို သြ-ပြု။ သ-လာ။ ကပ်။ပြီး၏။ **ဝစ**,တည်။ အံ-သက်။ ဤသုတ်၌ စသဒ္ဒါဖြင့် အံ-ဝိဘတ်ကို သြ-ပြု။ ခွင်း။ သရလော။ ပ။ ပကတိပြု။ ကပ်။ ပြီး၏။

၁၈၃။ ဧတေသ မော လောပေ

လောပေ၊ ဝိဘတ်၏ ကျေခြင်းကို။ ကတေ၊ ပြုအပ် ပြီးသည် ရှိသော်။ ဧတေသံ၊ ထိုမနောဂိုဏ်းလျှင် အပိုင်းအခြား ရှိကုန်သော သဒ္ဒါ တို့၏။ အန္တော၊ အစိတ်ဖြစ်သော သရသည်။ သြ၊သြ,အပြုသို့။အာပဇ္ဇတေ၊ရောက်၏။ ဝိဘတ္တိလောပေ၊ ဝိဘတ်၏ ကျေခြင်းကို။ ကတေ၊ ပြုအပ် ပြီးသည်ရှိသော်။ ဧတေသံ၊ ထိုသို့သဘော ရှိကုန်သော။ မနောဂဏာဒီနံ၊ မနောဂိုဏ်းလျှင် အပိုင်းအခြား ရှိကုန်သော သဒ္ဒါအပေါင်းတို့၏။ အန္တော၊အစိတ်ဖြစ်သော သရသည်။ သြတ္တံ၊ သြ, အဖြစ်သို့။ အာပဇ္ဇတေ၊ ရောက်၏။ မနောမယံ၊ စိတ်ဖြင့် ပြုအပ်သောအမှု။ အယော မယံ၊ သံဖြင့် ပြုအပ်သော အမှု။ တေဇော သမေန၊ တန်ခိုးနှင့် တူသဖြင့်။ တပေါဂုဏေန၊ အကျင့်လျှင် ဖြစ်သော ဂုဏ်ဖြင့်။ "နှင့်, လည်းဟူ"။ သိရောရုဟေန၊ ဦးခေါင်း၌ ရောက်သဖြင့်။ ဘောအာစရိယ၊ ဆရာ။ အာဒိဂ္ဂဟဏံ၊ ကို။ ကိမတ္ထံ၊ ငှာ။ ကတံ၊ ပြုအပ် သနည်း။ ဘောသိဿ၊ တပည့်။ အညေသံ၊ မနောဂိုဏ်းမှ တပါးကုန်သော သဒ္ဒါတို့၏။ အန္တော၊ သည်။ သြတ္တံ၊ သို့။ အာပဇ္ဇတေ၊ ရောက်၏။ ဣတိဣမဿအတ္ထဿ၊ ဥ တ္ထံ၊ အာဒိဂ္ဂဟဏံ၊ ကတံ၊ အာပေါသမေန၊ ရေနှင့်တူသဖြင့်။ ဝါယောသမေန၊ လေနှင့်တူသဖြင့်။ ။ လောပေဘိ ကိမတ္ထံ။ လောပေတိ ပဒံ၊ လောပေ,ဟူသောပုဒ်ကို။လ။ ပဒသာ, ဣတိအာဒီသု၊ တို့၌၊ သတိပိ မနောဂဏာဒိကေ လောပဿ အဘာဝါ။ မနောဂဏာဒိကေ၊ မနောဂိုဏ်းလျှင် အပိုင်းအခြားရှိသော သဒ္ဒါသည်။ သတိပိ၊ လည်း။ လောပဿ၊ ကျေသည်၏။ အဘာဝါ၊ ကြောင့်။လ။ ပဒသာ၊

http://www.dhammadownload.com

ဖြင့်။ တပသာ၊ ဖြင့်။ ယသသာ၊ ဖြင့်။ ဝစသာ၊ ဖြင့်။ မနသာ၊ ဖြင့်။ ဧဝံ၊ ဤအတူ။ အညေပိ၊ တပါးကုန်သော သဒ္ဒါတို့ကိုလည်း။ ယောဇေတဗ္ဗာ၊ ယှဉ်အပ်ကုန်၏။

မနောမယံ,ကို မနသဒ္ဒါ, ပကတသဒ္ဒါ,တည်။ မနနောင် နာ-သက်။ ပကတနောင် သိ-သက်။ မနောဂဏာဒိတောသို့ နာနမိအာ,ဖြင့် နာ-ဝိဘတ်ကို အာ-ပြု။ သ သရေဝါဂမော,ဖြင့် သ-လာ။ သ-အာသို့ကပ်။ တ-ကိုခွင်း။ သိံ,သုတ်ဖြင့် နပုံလိင် အကာရန္တနောင်မှ နှောင်းသော သိ-ဝိဘတ်ကို အံ-ပြု။ သရလော။ပ။ ပကတိပြု။ ကပ်။ မနသာ ပကတံ,ဟု တဒ္ဓိတ်ဝါကျ။ မနသာ၊ စိတ်ဖြင့်။ ပကတံ၊ ပြုအပ်သော အမှုတည်း။ ဣတိအတ္ထေ၊ ၌။ ဓာတုလိင်္ဂေဟိ ပရာပစ္စယာ။လ။ တပ္ပကတိဝစနေ မယော,ဖြင့် နှစ်ပုဒ်တို့၏အလယ်၌ မယပစ္စည်းသက်။ တေသံ,သုတ်၌ တေသံသဒ္ဒါဖြင့် နာ-ဝိဘတ်, သိ-ဝိဘတ်, ပကတပုဒ်,တို့ကိုချေ။ နာ-ကိုခွင်း။ ဤသုတ်ဖြင့် ဝိဘတ်ကို ချေပြီးသည်ရှိသော် မနသဒ္ဒါ၏ အစိတ်ဖြစ်သော အ-ကို ဩ-ပြု။ကပ်။ တဒ္ဓိတ,နာမ်ငဲ့။ သိ-သက်။ အံ-ပြု။ မနောမယံ,ပြီး၏။ **အယောမယံ**,ကို အယ, ပကတ,တည်။ အယသာ ပကတံ,ဟု ဝါကျဖြစ်စေ။ အယသာ၊ သံဖြင့်။ ပကတံ၊ ပြုအပ်သော အမှုတည်း။ ဣတိအတ္ထေ၊ ၌။ ဝိဘတ်ကိုချေမြဲ။ ဩ-စသည်ပြုမြဲ။ အယောမယံ, ပြီး၏။

တေဇောသမေန,ကို တေဇသဒ္ဒါ, သမသဒ္ဒါ,တည်။ တေဇနောင် သဟာဒိယောဂ နာ-သက်။ အာ-စသည်ပြု။ သမနောင် သိ-သက်။ ဩ-စသည်ပြု။ တေဇသာ သမော,ဟု ဝါကျ။ တေဇသာ၊ တန်ခိုးနှင့်။ သမော၊ တူသည်တည်း။ ဣတိအတ္ထေ၊ ၌။ သမာသ်မှည့်။ တပ္ပုရိသ်မှည့်။ တေသံ, သုတ်ဖြင့် သမာသ်၏ဝိဘတ် နာ-သိ-တို့ကိုချေ။ တေဇသမ,ဟု ပကတိပြု။ ဇ-ကိုခွင်း။ ဤသုတ်ဖြင့် ဝိဘတ်ကျေပြီးသည်ရှိသော် တေဇသဒ္ဒါ၏ အစိတ် အ-ကို ဩ-ပြု။ တေဇော သမ,ကို နာမ်ကဲ့သို့ငဲ့။ ဝိသေသနေစ,ဖြင့် ဝိသေသနအနက်၌ တတိယာဝိဘတ် ဧကဝုစ် နာ-သက်။ နေ-စသည်ပြု။ ပြီး၏။ **တပ,ဂုဏ**,တည်။ တပနောင် သိ-သက်။ ဂုဏနောင် သိ-သက်။ ဩ-စသည်ပြု။ တပေါ ဂုဏော,ဟု သမာသ်ဝါကျ။ တပေါဧဝ၊ အကျင့်သည်သာလျှင်။ ဂုဏော၊ ဂုဏ်တည်း။ [ဧဝကိုကား အဝဓာရဏကမ္မဓာရယ် ထင်အောင်

http://www.dhammadownload.com

သာ ထည့်သည်]။ ဣတိအတ္ထော၊ ၌။ သမာသ်မှည့်။ ဒို့ပဒေ တုလျာဓိကရဏော **ကမ္မဓာရယော**,ဖြင့် ကမ္မဓာရယ် အမည်မှည့်။ တေသံ,သုတ်ဖြင့် သမာသ်၏ ဝိဘတ် သိ-ကိုချေ။ တပဂုဏ,ဟု ပကတိပြု။ ပ-ကိုခွင်း။ ဤသုတ်ဖြင့် ဩ-ပြုမြဲ။ တပေါဂုဏ,ကို နာမ်ခဲ့။ ဖြင့်,ကြောင့် ကရိဏ်းအနက်၌ နာ-သက်။ သဟာဒိယောဂသော်လည်းကြံ။ နေ-စသည်ပြု။ ပြီး၏။

သိရဂုဟ,တည်။ သိရနောင် သ်ံ-သက်။ ရဂုဟနောင် သိ-သက်။ ဟ-ကို ခွင်း။ သော,သုတ်ဖြင့် သိ-ကို ဩ-ပြု။ သရလော။ပ။ ပကတိပြု။ သိရသ်ံ၊ ဦးခေါင်း၌။ ရဂုဟော၊ ရောက်သည်တည်း။ ဣတိအတ္ထော၊ ၌။ သမာသ်မှည့်။ တပ္ပုရိသ်မှည့်။ တေသံ,သုတ်ဖြင့် သမာသ်၏ ဝိဘတ် သ်ံ-ကိုချေ။ သိ-ကို ချေ။ သိရဂုဟ,ဟု ပကတိပြု။ ရ-ကိုခွင်း။ ဤသုတ်ဖြင့် ဩ-ပြုမြဲ။ သိရော ရဂုဟကို နာမ်ခဲ့။ ဝိသေသနအနက်၌ နာ-သက်။ နေ-စသည်ပြု။ ပြီး၏။

အာပေါသမေန,စသည်ကား အာဒိသဒ္ဒါ၏ အကျိုးတည်း။ **အာပသမ**,တည်။ **ဝါယ,သမ**,တည်။ နာ-သက်။ အာပေနသမော, ဝါယေန သမော,ဟု ဝါကျ။ အာပေန၊ ရေနှင့်။ သမော၊ တူသည်တည်း။ ဝါယေန၊ လေနှင့်။ သဒ်မော၊ တူသည်တည်း။ ဣတိအတ္ထော၊ ၌။ သမာသ်။ တပ္ပုရိသ်မှည့်။ တေသံ,သုတ်ဖြင့် သမာသ်၏ ဝိဘတ် နာ-ကိုချေ။ သိ-ကိုချေ။ အာပသမ, ဝါယသမ,ဟု ပကတိပြု။ ပ-ကိုခွင်း။ ယ-ကိုခွင်း။ မနောဂဏာဒိတော သ်ံ နာနမိအာ, သုတ်မှ လိုက်သောအားဖြင့် ဤသုတ်၌ အကျုံးဝင်သော အာဒိသဒ္ဒါဖြင့် မနသဒ္ဒါမှ တပါးသော အာပသဒ္ဒါ၏ အစိတ် အ-ကို ဩ-ပြု။ ကပ်။ ဝါယသဒ္ဒါ၏ အစိတ် အ-ကို ဩ-ပြု။ ကပ်။ အာပေါသမ, ဝါယောသမ,ကို နာမ်ခဲ့။ ဝိသေသန နာ-သက်။ အသီးအသီးလုပ်မြဲ။ ။ ကိ်ကို **ပဒ**,စသည်တည်။ နာ-သက်။ ခွင်း။ ဆရာကား-ဤသုတ်ဖြင့် ပဒ စသော သဒ္ဒါ၏အစိတ် အ-ကို ဩ-ပြုမြဲ။ဝိဘတ်မကျေသောကြောင့်။ပဒသာ, စသည်ပြီးအောင်လုပ်မြဲ။

၁၀၄။ သ သရေ ဝါ။ဂမော

သရေ၊ ဝိဘက် အပြုသရ နှောင်းသောကြောင့်။ ဝါ၊ ဖြင့်။ သ၊ သ, အက္ခရာ၏။ အာဂ။မော၊ လာခြင်းသည်။ ဟောတိ၊ ၏။ ။ဝိဘတ္တာဒေသော၊

http://www.dhammadownload.com

ဂိဘတ်အပြုဖြစ်သော။ ပရေ၊ သော။ သရေ၊ ကြောင့်။ ဧတေဟိ၊ ထိုသို့သဘော ရှိကုန်သော။ မနောဂဏာဒီဟိ ဧဝ၊ မနောဂိုဏ်း အစရှိသော သဒ္ဒါတို့နောင်မှ လျှင်။ ဝါ၊ ဖြင့်။ သကာရာဂမော၊ သည်။ ဟောတိ၊ ၏။ မနသာ၊ ဖြင့်။ ဝစသာ၊ ဖြင့်။ မနသိ၊ ၌။ ဝစသိ၊ ၌။ ။ဝါတိကိမတ္ထံ။ ဝါတိပဒံ၊ ဝါဟူသော ပုဒ်ကို။ မနေန, ဣတိအာဒီသု၊တို့၌။ သတိပိသုတ္တဂေ် ဝါသဒ္ဒေန နိဝါရိတတ္တာ။ သုတ္တဂေ်၊ အပြည့်အစုံဖြစ်သော သုတ်၏အင်္ဂါသည်။ သတိပိ၊ လည်း။ ဝါသဒ္ဒေန၊ ဖြင့်။ နိဝါရိတတ္တာ၊ ကြောင့်။ ဣမိနာသုတ္တေန၊ သကာရာဂမော၊ နဟောတိ။ မနေန၊ ဖြင့်။ တေဇေန၊ ဖြင့်။ ယသေန၊ ဖြင့်။ ။သရေတိကိမတ္ထံ။ သရေတိပဒံ၊ သရေ,ဟူသောပုဒ်ကို။ မနောဣတိအာဒီသု၊ တို့၌။ သတိပိမနော ဂဏာဒိမှိ ပရသရဿ အဘာဝါ။ မနော,ဂဏာဒိမှိ၊ မနောဂိုဏ်းလျှင် အပိုင်း အခြားရှိသော သဒ္ဒါသည်။ သတိပိ၊ လည်း။ ပရ သရဿ၊နှောင်းခြင်းရှိသော သရ၏။ အဘာဝါ၊ ကြောင့်။ ဣမိနာသုတ္တေန၊ သကာရာဂမော၊ နဟောတိ။ မနော၊ သည်။ တေဇော၊ သည်။ ယသော၊ သည်။ ပုန၊ တဘန်။ အာဒိဂ္ဂဟ ဏေန၊အာဒိသဒ္ဒါဖြင့်။ အညသ္မိံ ပိ၊မနောဂိုဏ်းမှ တပါးသော သဒ္ဒါ၌လည်း။ ပရေ၊ သော။ ပစ္စယေ၊ ကြောင့်။ သကာရာဂမော၊ သည်။ ဟောတိ၊ ၏။ မာနသိကံ၊ စိတ်ဖြင့်ပြုအပ်သောအမှု။ ဝါစသိကံ၊ စကားဖြင့်ပြုအပ်သောအမှု။

မန,စသည်တည်။ နာ-သက်။ သ္မိံ-သက်။ အာ-ပြု။ ဣ-ပြု။ ဤသုတ်ဖြင့် သ-လာ။ လုပ်မြဲ။ ။ဝါသဒ္ဒါ၏ အကျိုးကို **မန**,စသည်တည်။ နာ-သက်။ ခွင်း။ နေ-ပြု။ ဆရာကား- ဤသုတ်ဖြင့် ဂိဘတ်အပြု ဖြစ်သော ဧ သရ နှောင်းသောကြောင့် သ-လာမြဲ။ ဝါ,မလာစရ။ ကပ်။ ပြီး၏။ ။မနော, စသောကိုံ ကိုလည်း။ **မန**,စသည်တည်။ သိ-သက်။ ဆရာကား-ဤသုတ်ဖြင့် မနစသော သဒ္ဒါနောင်မှ သ-လာမြဲ။ သရမနှောင်းသောကြောင့် မလာစရ။ သြ-စသည်ပြုမြဲ။

မာနသိကံ, စသည်ကား အာဒိသဒ္ဒါ၏ အကျိုးတည်း။ **မန,ပကတ,** တည်။ မနနောင် နာ-သက်။ ပကတနောင် သိ-သက်။ မနသာပကတံ။ ဟု ဝါကျ။ မနသာ၊ စိတ်ဖြင့်။ ပကတံ၊ ပြုအပ်သော။ ကမ္မံ၊ အမှုတည်း။ [ကမ္မံ,ကို ကား ပဓာနပုဒ်အလို့ငှာ တည့်သည်။ ရုပ်မလုပ်ရ]။ ဣတိအတ္ထေ၊ ၌။ ဓာတု လိင်္ဂေဟိ,ကြောင့်။ ယေနဝါ သံသဋ္ဌံ တရတိ စရတိ ဝဟတိ ဏိကော,ဟူသော

http://www.dhammadownload.com

သုတ်ကိုလိုက်စေ၍၊ တမဓိတေတေနကတာဒိ သန္ဒိဓာန နိယောဂသိပ္ပဘဏ္ဍ ဇီဝိကတ္ထေသုစ,ဖြင့် သိပ္ပအနက်၌ နှစ်ပုဒ်တို့၏ အလယ် ဏိကပစ္စည်းသက်။ တေသံ,သုတ်၌ တေသံ သဒ္ဒါဖြင့် တဒ္ဓိတ်၏ဝိဘတ် နာ-သိ-ကိုချေ။ ပကတ ပုဒ်ကိုချေ။ တေသံနောလောပံ,ဖြင့် ဏ-အနုဗန်ကိုချေ။ ပစ္စည်း အစိတ် ဣက-ကြွင်းစေ။ မ-ကိုခွင်း။ ဝုဒ္ဓါဒိသရသ ဝါ သံယောဂန္တသ သဏေစ,ဖြင့် ဏ-အနုဗန်ရှိသော ဣက-ပစ္စည်း နှောင်းသောကြောင့် သံယုဂ် အဆုံးမရှိသော အစ၌တည်သော အ-ကို အာ-ဝုဒ္ဓိပြု။ ကပ်။ မနောဂဏာဒိတော သ္မိံ နာန မိအာ,သုတ်မှ လိုက်သောအားဖြင့် ဤသုတ်၌ အကျုံးဝင်သော အာဒိ သဒ္ဒါဖြင့် ဣက-ပစ္စည်း နှောင်းသောကြောင့် သ-လာ သ-ဣသို့ကပ်။ တဒ္ဓိတ,နာမ်ငဲ့။ သိ-သက်။ က-ကိုခွင်း။ သိ-ကို အံ-ပြု။ သရလော။ပ။ ပကတိ ပြု။ ကပ်။ ပြီး၏။

ဝါစသိကံ,ကို ဝစ,ပကတ,တည်။ ဝစ-နောင် နာသက်။ ပကတနောင် သိ-သက်။ ဝစသာပကတံ,ဟု ဝါကျ။ ဝစသာ၊ စကားဖြင့်။ ပကတံ၊ ပြုအပ်သော။ ကမ္မံ၊ အမှုတည်း။ ဣတိအတ္ထေ၊၌။ ဏိက ပစ္စည်းသက်ခြင်းစသည်ပြုမြဲ။

၁၈၅။ သန္တ သဒ္ဒဿ သော ဘေ ဗေ စန္တေ

ဘေ၊ ဘ,အက္ခရာကြောင့်။ သန္တသဒ္ဒဿ၊ သန္တ,သဒ္ဒါ၏။ သော၊ သ,အပြုဖြစ်၏။ အန္တေစ၊ အဆုံး၌လည်း။ ဗော၊ ဗ,အက္ခရာလာ၏။ ။ပရေ၊ သော။ ဘကာရေ၊ ဘ,အက္ခရာကြောင့်။ သဗ္ဗဿ၊ သော။ သန္တသဒ္ဒဿ၊ ၏။ သကာရာ ဒေသော။ သ,အပြုသည်။ ဟောတိ၊ ၏။ အန္တေစ၊ အဆုံး၌လည်း။ ဗကာရာ ဂမော၊ ဗ,အက္ခရာလာသည်။ ဟောတိ၊ ၏။ *သဗ္ဗိရေဝ-သဗ္ဗိဝေ၊ သူတော်ကောင်းတို့နှင့်သာလျှင်။ သမာသေထ၊ ပေါင်းဘော်ရာ၏။ သဗ္ဗိ၊ သူတော်ကောင်းတို့နှင့်။ သန္ထဝံ၊ ပေါင်းဘော်ခြင်းကို။ ကုဗ္ဗေထ၊ ပြုရာ၏။ သတံ၊ သူတော်ကောင်းတို့၏။ သဒ္ဓမ္မံ။ သူတော်ကောင်းတို့၏ တရားကို၊ အညာယ၊

---

*"အသမ္မောဒကော ထဒ္ဓေါ အသဗ္ဗိရူပေါ"ဟူ၍ (မဟောသဓောတ်)စသည်၌ ပြယုဂ်ထင်သောကြောင့် ဣကာရန္တ သဗ္ဗိသဒ္ဒါလည်းရှိသည်ဟု မှတ်အပ်၏ (ပဋိကာပဒီပ) သို့ရာတွင် သဘာယံ သာဓု သဗ္ဗော၊ လူကြီးလူကောင်း။ နသဗ္ဗော-အသဗ္ဗော၊ လူယုတ်မာ။ အသဗ္ဗာနံရူပံ သဘာဝေါ ယဿာတိ အသဗ္ဗ ရူပေါဟု ဝိပြိုဟ်ပြု၍ "အသဗ္ဗရူပေါ"ဟု ပါဠိမှန်ဖြစ်သင့်၏။ (အဘယာရာမ ဆရာတော်)။

http://www.dhammadownload.com

ကာလဘာဝေသုစ၊ ကာလ ဟူသော အနက်,ကြိယာ ဟူသော အနက်, တို့၌လည်း။ သတ္တမီ၊ သတ္တမီ ဝိဘတ်သည်။ ဟောတိ၊ ၏။ ။ကာလဘာဝေသုစ၊ ကာလဟူသောအနက်,ကြိယာ ဟူသောအနက် တို့၌လည်း။ ကတ္တရိ၊ ကတ္တားကို။ ပယုဇ္ဇမာနေ၊ ယှဉ်အပ်သည် ရှိသော်။ သတ္တမီ ဝိဘတ္တိ၊ သည်။ ဟောတိ၊ ၏။ ပုဗ္ဗနှသမယေ၊ နံနက်အခါ၌။ ဂတော၊ သွား၏။ သာယနှသမယေ၊ ညချမ်းအခါ၌။ အာဂတော၊ လာ၏။ ဘိက္ခူသု၊ရဟန်းတို့ကို။ဘောဇီယမာနေသု၊ ဆွမ်းကျွေးအပ်ကုန်သည် ရှိသော်။ ဂတော၊ သွား၏။ ဘုတ္တေသု၊ ဆွမ်းဘုဉ်းပေးကုန်ပြီးသည် ရှိသော်။ အာဂတော၊ လာ၏။ဂေါသု၊နွားတို့ကို။

http://www.dhammadownload.com

ဒုယှမာနာသု၊ နှိုညှစ်အပ်ကုန်သည် ရှိသော်။ ဂတော၊ သွား၏။ ဒုဒ္ဓါသု၊နှိုညှစ် ကုန်ပြီးသည် ရှိသော်။ အာဂတော၊ လာ၏။

ပုဗ္ဗနှသမယ, သာယနှသမယ, တည်။ ကာလ အနက် ရှိခြင်းကြောင့် ဤသုတ်ဖြင့် ကာလ ဟူသော အနက်၌ သတ္တမီ ဝိဘတ် ဧကဝုစ် သို့-သက်။ ခွင်း။ သွာသို့ နံဝါ,ဖြင့် အကာရန္တ နောင်မှ နှောင်းသော သို့-ဝိဘတ်ကို ဧ-ပြု။ သရလော။ ပ။ပကတိပြု။ပြီး၏။(ဤကား ကာလ အနက်တည်း)။ ။ **ဘောဇီယမာန, ဘုတ္တ,** တည်။ **ဒုယှမာန, ဒုဒ္ဓ,** တည်။ ကြိယာ အနက် ရှိခြင်းကြောင့် ဤသုတ်ဖြင့် ကတ္တားယှဉ်ရာ ကြိယာ ဟူသောအနက်၌ သတ္တမီ ဝိဘတ် ဗဟုဝုစ် သု-သက်။ ခွင်း။ သုဟိသွကာရောဧ,ဣတ္ထိယမတော အာပစ္စ ယော,အစရှိသော သုတ်တို့ဖြင့် လုပ်မြဲ။ (ဤကား ကြိယာ အနက်တည်း။ ကတ္တရိ ပယုဇ္ဇမာနေကို ကြိယာကိုသာ ရည်၍ ဆိုသတည်း)။

၃၁၄။ ဥပါ ချာဒီကိ ဿရ ဝစနေ

[ဣဿရ,ကို ဣဿရ,ဣဿရဝန္တ, ဟု နှစ်ပါးယူ။ ဣဿရယူမူ အရှင်ရ၏။ ဣဿရဝန္တယူမူ ကျွန်ရ၏]။

*ဥပါဓိ၊ ဥပသဒ္ဒါ,အဓိသဒ္ဒါတို့၏။ ပယောဂေ၊ အယှဉ်၌။ အဓိကိဿရ ဝစနေ၊ လွန်သောအနက်, အစိုးရသူရှိသော အနက်,ကို ဟောသည်။ သတိ၊ ရှိသော်။ သတ္တမီ၊ သတ္တမီ ဝိဘတ်သည်။ ဟောတိ၊ ၏။ ။ဥပအဓိ ဣစ္စေ တေသံ၊ ဥပသဒ္ဒါ,အဓိသဒ္ဒါတို့၏။ ပယောဂေ၊ အယှဉ်၌။ အဓိကိဿရ ဝစနေ၊ လွန်သော အနက်, အစိုးရသော အနက်, အစိုးရသူ ရှိသော အနက်, ကို ဟောသည်။ သတိ၊ သော်။ သတ္တမီ ဝိဘတ္တိ၊ သည်။ ဟောတိ၊ ၏။ဒေါဏော၊ စရွတ်သည်။ ဥပခါရိယံ၊ တင်းထက် လွန်၏။ ကဟာပဏံ၊ကျပ်သည်။ဥပနိက္ခေ၊ နိက္ခထက် လွန်၏။ ပဉ္စာလာ၊ ပဉ္စာလ တိုင်းသူတို့သည်။ အဓိဗြဟ္မဒတ္တေ၊ ဗြဟ္မဒတ် ဟူသော အစိုးရသောသူရှိ၏။ ဂေါတမီ၊ ဂေါတမီသည်။ အဓိနစ္စေ၊ ကချေသည် တို့ကို အစိုးရ၏။ (တနည်းကား) ကချေသည်တို့၌ အစိုးရ၏။ ဗုဒ္ဓေါ၊ ဘုရားသည်။ အဓိဒေဝေသု၊ နတ်တို့ကို အစိုးရ၏။

---

*အဓိက,အဓိကီ နှစ်မျိုးရှိသည်တွင် အဓိကီနောင် သတ္တမီသက်ရ၏။ ဥပခါရိယံ ဒေါဏောကို တခါရီနှင့် တစရွတ် ဟု အနက်ပေး။ ရူပသိဒ္ဓိ၌ ဒေါဏက ခါရိထက် အရေအတွက်လွန်သည်ကိုပြ၏။

http://www.dhammadownload.com

ဥပခါရိ,တည်။ ဒုရန္တိ,၌ စသဒ္ဒါဖြင့် အပါဒါန် အနက်၌ ဆဋ္ဌီ ဝိဘတ် လျဉ်းလုလတ်သည် ရှိသော်၊ ဤသုတ်ဖြင့် အဓိ အနက်ကို ဟောသော ဥပ ဟူသော ဥပသာရ အယှဉ်၌ သတ္တမီ ဝိဘတ် ဧကဝုစ် သို့-သက်။ ခွင်း။ ဤ-ကို ပ-မှည့်။ အဃော,ဖြင့် ရဿ။ ဃပတောသို့ ယံဝါ,ဖြင့် လုပ်မြဲ။**ဥပနိက္ခ**, တည်။ ဆိုမြဲ။ သို့-သက်။ သွာသို့ နံဝါ,ဖြင့် ဧ-ပြုသည်သာ ထူးသည်။ ။ **အဓိဗြဟ္မဒတ္တ**,တည်။ ဒုတိယာ ပဉ္စမီနဉ္စ,သုတ်ဖြင့် ကံအနက်၌ ဆဋ္ဌီ ဝိဘတ် လျဉ်းလုလတ်သော်။ (တနည်းကား)သာမိဿ ရာဓိပတိ,သုတ်ဖြင့် အာဓာရ အနက်၌ သတ္တမီ လျဉ်းလုလတ်သော် ဤသုတ်ဖြင့် ဣဿရဝန္တ အနက်ကို ဟောသော အဓိဟူသော ဥပသာရ အယှဉ်၌ သတ္တမီ ဝိဘတ် ဧကဝုစ် သို့-သက်။ သွာသို့ နံဝါ,ဖြင့် ဧ-ပြုမြဲ။ **အဓိနစ္စ**,တည်။ ဆိုမြဲ။ ဣဿရ အနက်။ **အဓိဒေဝ**, တည်။ ဆိုမြဲ။ ဣဿရ အနက်၌ ဗဟုဝုစ် သု-သက်။ သုဟိသွ ကာရောဧ,ဖြင့် စီရင်သည်သာ ထူးသည်။

၃၁၅။ မဏ္ဍိဘု ဿုဏ္ဍေသု တတိယာ

မဏ္ဍိတုဿုဏ္ဍေသု၊ ကြည်ခြင်း,ကြောင့်ကြခြင်း, အနက်တို့ကို။ ဂမျမာနေသု၊ သိအပ်ကုန်သည် ရှိသော်။ တတိဇာ၊ သည်။ ဟောတိ၊ ၏။ ။မဏ္ဍိတ ဥဿုဏ္ဍဣစ္စေတေသု၊ ကြည်ခြင်း, ကြောင့်ကြခြင်း,ဟူကုန်သော။အတ္ထေသုစ၊ အနက်တို့ကိုလည်း။ ဂမျမာနေသု၊ သော်။ တတိယာ၊ သည်။ ဟောတိ၊ ၏။ သတ္တမီစ၊ သည်လည်း။ ဟောတိ၊ ၏။ တထာဂတောဝါ၊ မြတ်စွာဘုရား သည်လည်းကောင်း။ တထာဂတ ဂေါတ္တောဝါ၊မြတ်စွာဘုရား၏ အမျိုးတော် သည်လည်းကောင်း။ ဥာဏေန၊ ဥဏ်အားဖြင့်၊ ဥဏ်အားကြောင့်။ ပသီဒိတော၊ ကြည်၏။ ဝါ၊ ကား။ ဥာဏသို့ ၊ ၌။ ပသီဒိတော၊ ၏။ ဥာဏေန၊ ဖြင့်။ ဥဿုဏ္ဍော၊ လုံ့လပြု၏။ ဝါ၊ကား။ ဥာဏသို့ ၊၌။ ဥဿုဏ္ဍော၊ ၏။ (ဤအရာ၌ ကြောင့်ကြခြင်းအနက်,လုံ့လပြုသော အနက်သည် တူ၏။ ဝါ သဒ္ဒါလည်း သမုစ္စည်းတည်း)။

ဥာဏ,တည်။ ဤသုတ်ဖြင့် မဏ္ဍိတအနက် အယှဉ်၌ တတိယာ သက်။ **သတ္တမီ**လျဉ်း။ ဥာဏေန,ဥာဏသို့ ,နှစ်ရုပ်။ **ဥာဏ**,တည်။ ဤသုတ်ဖြင့် ဥဿုဏ္ဍ အနက် အယှဉ်၌ တတိယာ သက်။ သတ္တမီ လျဉ်း။ ဥာဏေန,ဥာဏသို့ ,နှစ်ရုပ်။

http://www.dhammadownload.com

ဥပမျာဓိကိဿရ ဝစနေ, သုတ်၏ အဓိပ္ပါယ် အကျယ်ကို ဉာဿ်, သံပျင်, သဒ္ဒနီတိ, နိဒ္ဒေသ, တို့ကို ကြည့်၍ သိရာ၏။

နာမကပ္ပေ၊ နာမ်ကျမ်း၌။ ကာရက ကပ္ပေါ်၊ကာရက ကျမ်းဖြစ်သော။ ဆဋ္ဌော၊ ခြောက်ခုတို့၏ ပြည့်ကြောင်း ဖြစ်သော။ ကဏ္ဏော-ပရိစ္ဆေဒေါ်၊ ကျမ်းအပိုင်းအခြားသည်။ ဣတိ-သမတ္တော၊ ပြီးပြည့်စုံပြီ။

ကာရက-ဆဋ္ဌ ကဏ္ဍ ပြီး၏။

အာဒိဒ္ဓိအဂ္ဂသဒ္ဒေန၊ ဓမ္မဲလက််ဝရသညိနာ။
ထေရေန ဒ္ဝါရိတံ သာရု၊ ရူပံ ကာရက နိဿယံ။
မယာ ကတံ သမာသေန၊ ဂြမံ,ဥ ဘွာန သဇ္ဇနာ။
ဂြန္ဆိတဗ္ဗံ ဝဥ္ဆန္တြန္ဆ၊ မံ ဝိ ဓာနန္ဆ သာသနေ။

အာဒိမှိ၌။ အဂ္ဂသဒ္ဒေန၊ နှင့်။ သဟ၊တက္ခ။ ဓမ္မလက််ဝရသညိနာ၊သော။ ထေရေန၊ သည်။ ကာရက နိဿယံ၊ သော။ ရူပံ၊ ကို။ သာဓု၊ စွာ။ ဥဒ္ဓါရိတံ၊ ပြီ။ မယာ၊ သည်။ သမာသေန၊ ဖြင့်။ ကတံ၊ သော။ ဂြမံရူပံ၊ ကို။ ဥ တွာန၊ နက်နဲ ထိမိ ဆိုရိုးသိ၍။ သဇ္ဇနာ၊ သူတော်ကောင်း ဖြစ်ကုန်သော စာသင်သားတို့သည်။ ဂြန္ဆိတဗ္ဗံ၊ အလိုရှိအပ်သော အရာကို။ ဝဥ္ဆန္တြန္ဆ၊ သုံးဆောင်စေကုန်သတည်း။ မံပိ၊ ငါ့ကိုလည်း။ သာသနေ၊ သာသနာတော်၌။ ဇာနန္တြန္ဆ၊ သိစေကုန်သတည်း။

ကာရကနိဿယ ပြီး၏။

---

http://www.dhammadownload.com

သမာသ သင်္ဂြဟကဏ္ဍ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

ဝန္ဒိတ္ဝာ ဝရပညော ယော၊ ဗောဓေသိ ဇနတံ ဗဟုံ။
တံ ရစိဿံ သမာသေန၊ သမာသံ သာဓ္ဆရူပကံ။

ယောယာဒိသော၊ အကြင်သို့သဘောရှိသော၊ အကြင်သို့ထူးသော။ ဝရပညော၊ မြတ်စွာဘုရားသည်။ ဗဟုံ၊ များသော။ ဇနတံ၊ လူအပေါင်းကို။ ဗောဓေသိ၊ ပွင့်စေတော်မူ၏။ တံ-တာဒိသံ၊ ထိုသို့သဘောရှိသော၊ ထိုသို့ထူးသော။ ဝရပညံ၊ မြတ်စွာဘုရားကို။ အဟံ၊ ငါသည်။ ဝန္ဒာမိ၊ ရှိခိုးပါ၏။ ဝန္ဒိတ္ဝာ၊ ရှိခိုးပြီး၍။ သမာသေန၊ အကျဉ်းအားဖြင့်။ သာဓ္ဆရူပကံ၊ အနက်နှင့်တကွ ရုပ်မျှသာဖြစ်သော။ သမာသံ၊ သမာသ်ကျမ်းကို။ ရစိဿံ-ရစိဿာမိ၊ စီရင်လတ္တံ့။

အဘယ့်ကြောင့် သမာသ်မည်သနည်း ဟူမူကား သမသနံ သမာသော, ဟူသော ဝစနတ္ထနှင့်ညီစွာ နာမ်ပုဒ်တို့ချဉ်းခြင်းသည် သမာသ်မည်၏။ သမသနံ၊ ချဉ်းခြင်း။ သမာသော၊ ချဉ်းခြင်း။ (တနည်းကား) သမဿတေတိ သမာသော, ဟူသော ဝစနတ္ထနှင့်ညီစွာ၊ ချဉ်းအပ်သောပုဒ်သည် သမာသ်မည်၏။ ယံနာမံ၊ အကြင်နာမ်ကို။ သမဿတေ၊ ချဉ်းအပ်၏။ ဣတိတသ္မာ၊ ထိုသို့ချဉ်းအပ်သော သတ္တိကြောင့်။ တံနာမံ၊ ထိုနာမ်သည်။ သမာသော၊ သမာသ်မည်၏။ အဓိပ္ပါယ်ကား- နာမ်ပုဒ်ချင်းချင်း ချဉ်း၍ ဝါကျအခိုက်၌ အနက်သည် မပျောက်မူ၍၊ သမာသ်ပြီးလတ်သော် ကျေ, မကျေ,သော ဝိဘတ် အနက်အတွင်း ငုပ်,မငုပ်,သောနာမ်သည် သမာသ်နာမ်မည်၏ ဟူလိုသည်။ ။ ထိုနာမ်သည် နာမ်ပုဒ် ချင်းချင်း ချဉ်း၍ ဝါကျအနက်သည် မပျောက်မူ၍ သမာသ်ပြီးလတ်သော် ကျေ,မကျေသော ဝိဘတ်၏အနက် ငုပ်,မငုပ်,သော သာမည လက္ခဏာအားဖြင့် တပါးတည်းသာ၊ ဝိသေသလက္ခဏာ အားဖြင့် ကား နိစ္စသမာသ်, အနိစ္စသမာသ်,အားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးကို့တွင် သမာသ်သာရှိ၍ ဝါကျ မရှိကောင်းသောသမာသ်သည် နိစ္စသမာသ်

http://www.dhammadownload.com

မည်၏။ ပြယုဂ်ကား ကုမ္ဘကာရော,အစရှိသည်တည်း။ သမာသ်ဝါကျ နှစ်ပါး ရှိကောင်းသော သမာသ်သည် အနိစ္စသမာသ် မည်၏။ ပြယုဂ်ကား ရာဇ ပုတ္တော,ရာဇပုရိသော, အစရှိသည်တည်း။ ။(တနည်းကား)။လုတ္တသမာသ်, အလုတ္တသမာသ်, အားဖြင့် နှစ်ပါး အပြားရှိ၏။ ထိုတွင် ဝါကျအခိုက်၌ ဝိဘတ်သည် သမာသ်ပြီးလတ်သော် ကျေသော သမာသ်သည်ကား လုတ္တ သမာသ်မည်၏။ ပြယုဂ်ကား မုနိန္ဒော, ဂေါဓနော, အစရှိသည်တည်း။ဝါကျ အခိုက်၌ ဝိဘတ်သည် သမာသ်ပြီးလတ်သော် မကျေသော သမာသ်သည် ကား အလုတ္တသမာသ်မည်၏။ ပြယုဂ်ကား ဥရသိလောမော, မနသိကာရော, ဂဝံပတိ အစရှိသည်တည်း။ ။(ဇနည်းကား)။ ယုတ္တသမာသ်, အယုတ္တ သမာသ်,ဟူ၍ နှစ်ပါးပြား၏။ ထိုတွင် စပ်အပ်သော ပုဒ်နှင့်သာ စပ်၍ မစပ် အပ်သော ပုဒ်နှင့် မစပ်မူ၍ ပုဒ်တပါး မခြားသော သမာသ်သည် ယုတ္တ သမာသ်မည်၏။ ပြယုဂ်ကား ရာဇပုတ္တော, ရာဇပုရိသော, အစရှိသည်တည်း။ စပ်အပ်သော ပုဒ်နှင့်မစပ်မူ၍ မစပ်အပ်သော ပုဒ်နှင့်စပ်၍ ပုဒ်တပါးခြား သော သမာသ်သည် အယုတ္တသမာသ် မည်၏။ ပြယုဂ်ကား အသဒ္ဓဘောဇီ, အလဝဏဘောဇီ, အစရှိသည်တည်း။ ။(တနည်းကား)။ အဗျယီဘော သမာသ်, ဒိဂုသမာသ်, ဒွန်သမာသ်, ကမ္မဓာရယ်သမာသ်, တပ္ပုရိသ် သမာသ်, ဗဟုဗ္ဗီဟိ သမာသ်,ဟူ၍ ခြောက်ပါး အပြားရှိ၏။ ထိုခြောက်ပါး တို့တွင် အဗျယာနံ အတ္ထံ ဘာဝေတီတိ အဗျယီဘာဝေါ,ဟူသော ဝစနတ္ထနှင့် ညီစွာ ဥပသာရ, နိပါတ်, ရှေရှိသော ဥပသာရ,နိပါတ် ပုဒ်တို့၏ အနက် ပြဓာန်းသော သမာသ်သည် အဗျယီဘော သမာသ် မည်၏။ ပြယုဂ်ကား ဥပနဂရံ, နိဒ္ဓရထံ, ယထာဝုဒ္ဓံ, အစရှိသည်တည်း။ ။ဒ္ဝေ ဂါဝေါ ဒိဂု, ဒိဂုဝိယာတိဒိဂု,ဟူသော ဝစနတ္ထနှင့်ညီစွာ တူသော အနက်ရှိသည်၏ အဖြစ် တည်းဟူသော ကမ္မဓာရယ်သမာသ်၏ သာမညလက္ခဏာ ရှိပြီးလျက် သခ်္ခါ ရှေရှိသည်၏ အဖြစ်တည်းဟူသော ဝိသေသလက္ခဏာနှင့် ယှဉ်သော ဒိဂုသဒ္ဒါ နှင့်တူသော သမာသ်သည် ဒိဂုသမာသ်မည်၏။ ပြယုဂ်ကား တိလောကံ, ပဉ္စိန္ဒြိယာနိ, အစရှိသည်တည်း။ ။ဒ္ဝေဒ္ဝေနာဝါဒ္ဒန္ဒာ၊ ဒ္ဒန္ဒာဝိယာတိဒ္ဒန္ဒော,ဟူ သော ဝစနတ္ထနှင့်ညီစွာ အသီးအသီးမျှသော အနက်ပြဓာန်းသော နှစ်စင်း နှစ်စင်းသော လှေနှင့်တူသော သမာသ်သည် ဒွန်သမာသ်မည်၏။ ပြယုဂ်

http://www.dhammadownload.com

ကား- စက္ခုသောတံ, သမဏဗြာဟ္မဏာ, အစရှိသည်တည်း။ ။ကမ္မမိဝဒ္ဓယံ ဓာရေတီတိ ကမ္မ ဓာရယော,ဟူသော ဝစနတ္ထနှင့်ညီစွာ ဩဒနံပစတိ,ဟူသော ဥဒါဟရုဏ်၌ ဩဒနံ,ဟူသော ကံသည် မုဒုဘာဝတည်းဟူသော အကျိုးကို လည်းကောင်း, ပစနကြိယာကိုလည်းကောင်း, နှစ်ပါးကို ဆောင်သကဲ့သို့ အနက်တူသောအားဖြင့် နှစ်ပုဒ်၏အနက်ကို ဆောင်တတ်သော သမာသ်သည် ကမ္မဓာရယ် သာမည်မည်၏။ ပြယုဂ်ကား- ဇိဝိတိန္ဒြိယံ, မဟာပုရိသော, အစရှိသည်တည်း။

တဿ ပုရိသော တပ္ပုရိသော၊ တပ္ပုရိသော ဝိယာတိ တပ္ပုရိသော,ဟူသော။လ။ ညီစွာ။ ရှေပုဒ်၏အနက်ကား မပြဓာန်း, နောက်ပုဒ်၏အနက်ကား ပြဓာန်းသော၊ ရှေပုဒ်၏အနက် ကြိယာသို့ မရောက်, နောက်ပုဒ်၏အနက် ကြိယာသို့ရောက်သော၊ ရှေပုဒ်၏အနက်သည် နောက်ပုဒ်၏ အနက်ကို အထူး သာပြုသော၊ တပ္ပုရိသ သဒ္ဒါနှင့်တူသော သမာသ်သည် တပ္ပုရိသ်သမာသ် မည်၏။ ပြယုဂ်ကား- ရာဇပုတ္တော, ရာဇပုရိသော, အစရှိသည်တည်း။ ။ ဗဟဝေါ ဝိဟယော ယဿသောတိ ဗဟုဗ္ဗိဟိ၊ ဗဟုဗ္ဗိဟိ ဝိယာတိ ဗဟုဗ္ဗိဟိ, ဟူသော။လ။ စွာ၊ သမာသ်ပုဒ်၏အနက်ကား မပြဓာန်း, အညပုဒ်၏အနက် သာ ပြဓာန်းသော၊ သမာသ်ပုဒ်၏ အရကား ကြိယာသို့မရောက်, အညပုဒ်၏ အရကား ကြိယာသို့ရောက်သော၊ သမာသ်ပုဒ်၏အနက်သည် အညပုဒ်၏ အနက်ကိုအထူးသာပြုသော၊ဗဟုဗ္ဗိဟိသဒ္ဒါနှင့်တူသောသမာသ်သည် ဗဟုဗ္ဗိဟိ သမာသ်မည်၏။ ပြယုဂ်ကား- ဆိန္နဟတ္ထော, ဒိန္နသုဏ်ော, အစရှိသည်တည်း။ ဤသို့အားဖြင့် သမာသ်ကား ခြောက်ပါးအပြားရှိ၏။ ထိုတွင် အဗျယိဘော သမာသ်သည်၊ ဆိုအပ်ပြီးသော သာမညလက္ခဏာအားဖြင့် တပါး တည်းသာ။ ဝိသေသ လက္ခဏာအားဖြင့် ပဌမာအဗျယိဘောသမာသ်, ဒုတိယာ, တတိယာ, စတုတ္ထိ, ပဉ္စမီ, ဆဋ္ဌိ, သတ္တမီအဗျယိဘော သမာသ်,ဟူ၍ ခုနစ်ပါး အပြားရှိ၏။ ထိုခုနစ်ပါးတို့တွင် နောက်ပုဒ်၌ ပဌမာဝိဘတ် သက် သော အဗျယိဘော သမာသ်သည် ပဌမာ အဗျယိဘော သမာသ်မည်၏။ ပြယုဂ်ကား ယထာရုစိ, ~~ယထာဝုစ္စံ, အစရှိသည်ပင်တည်း။~~ နောက်ပုဒ်၌ ဒုတိယာ ဝိဘတ်သက်သော အဗျယိဘော သမာသ်သည် ဒုတိယာ အဗျယိ ဘော သမာသ်မည်၏။ ပြယုဂ်ကား- အဝိစိတ္တံ, အဝိမာတရံ, အစရှိသည်

http://www.dhammadownload.com

တည်း။ နောက်ပုဒ်၌ တတိယာဝိဘတ်သက်သော သမာသ်သည် တတိယာ ။လ။ မည်၏။ ပြယုဂ်ကား- အဓိရူပံ, အဝကောကိလံ, အစရှိသည်တည်း။ နောက်ပုဒ်၌ စတုတ္ထီဝိဘတ်သက်သော သမာသ်သည်၊ စတုတ္ထီ။လ။ မည်၏။ ပြယုဂ်ကား- ယထာက္ကမံ, ယထာသမ္ဘဂံ, အစရှိသည်တည်း။ နောက်ပုဒ်၌ ပဥ္စမီ။လ။ မည်၏။ ပြယုဂ်ကား- ဗဟိနဂရံ, ဥဗ္ဗိနယံ။လ။တည်း။ နောက်ပုဒ်၌ ဆဋ္ဌီ။လ။ မည်၏။ ပြယုဂ်ကား ဥပနဂရံ, အန္တောပါသာဒံ,တည်း။ နောက်ပုဒ်၌ သတ္တမီဝိဘတ်သက်သော အဗျယီဘော သမာသ်သည်၊ သတ္တမီ။လ။ ဘော သမာသ်မည်၏။ ပြယုဂ်ကား- အဓိနစ္စံ, အစရှိသည်တည်း။ ဤသို့အားဖြင့် အဗျယီဘော သမာသ်သည် ခုနစ်ပါး အပြားရှိ၏။ ဒိဂုသမာသ်သည် ဆိုအပ်ပြီးသော သာမည လက္ခဏာအားဖြင့် တပါးတည်းသာ။ ဝိသေသ လက္ခဏာအားဖြင့်ကား သမာဟာရဒိဂု, အသမာဟာရဒိဂု, ဟူ၍ နှစ်ပါးအပြားရှိ၏။ ထိုတွင် ကေတ်ငဲ့၍ ကေဝုစ်ဝိဘတ်အဆုံးရှိသော ဒိဂုသမာသ်သည် သမာဟာရဒိဂုမည်၏။ ပြယုဂ်ကား- တိလောကံ, စတုသစ္စံ, အစရှိသည်တည်း။ ကေတ်မငဲ့မူ၍ ဗဟုဝုစ်ဝိဘတ် အဆုံးရှိသော ဒိဂုသမာသ်သည် အသမာဟာရ ဒိဂုမည်၏။ ပြယုဂ်ကား- ပဥ္စိန္ဒြိယာနိ, သတ္တဂေါဓာဝရာနိ, အစရှိသည်တည်း။ ဤသို့အားဖြင့် နှစ်ပါးအပြားရှိ၏။ ဒွန်သမာသ်သည် ဆိုခဲ့ပြီးသော သာမညလက္ခဏာအားဖြင့် တပါးတည်းသာ။ ဝိသေသ လက္ခဏာအားဖြင့်ကား သမာဟာရဒွန်, ဣတရီတရယောဂဒွန်,ဟူ၍ နှစ်ပါး အပြားရှိ၏။ ထိုတွင် ကေတ်ငဲ့၍ ကေဝုစ်အဆုံးရှိသော ဒွန်သမာသ်သည် သမာဟာရဒွန်မည်၏။ ပြယုဂ်ကား- အဇေဋ္ဌကံ, စက္ခုသောတံ, တည်း။ ကေတ်မငဲ့မူ၍ ဗဟုဝုစ်အဆုံးရှိသော ဒွန်သမာသ်သည် ဣတရီတရယောဂဒွန်မည်၏။ ပြယုဂ်ကား- သမဏ ဗြာဟ္မဏာ, ဒေဝမနုဿာ, အစရှိသည်တည်း။ ဤသို့အားဖြင့် ဒွန်သမာသ်သည် နှစ်ပါးအပြားရှိ၏။ ကမ္မဓာရယ်သမာသ်သည် ဆိုအပ်ပြီးသော သာမည လက္ခဏာအားဖြင့် တပါးတည်းသာ။ ဝိသေသ လက္ခဏာအားဖြင့်ကား ဝိသေသနပုဗ္ဗပဒ ကမ္မဓာရယ်, ဝိသေသ ပရပဒ ကမ္မဓာရယ်, ဝိသေသနော ဘယပဒ ကမ္မဓာရယ်, သမ္ဘာဝနာ ကမ္မဓာရယ်, ဥပမာ ကမ္မဓာရယ်, အဝဓာရဏကမ္မဓာရယ်, ကုနိပါတပုဗ္ဗပဒ ကမ္မဓာရယ်, နနိပါတပုဗ္ဗပဒကမ္မဓာရယ်,ပါဒိပုဗ္ဗပဒကမ္မဓာရယ်,ဟူ၍ ကိုးပါးအပြားရှိ၏။

http://www.dhammadownload.com

ထိုတွင် ဝိသေသနပုဒ် ရှေရှိသော ကမ္မဓာရယ်သမာသ်သည် ဝိသေသနပုဗ္ဗပဒ ကမ္မဓာရယ်သမာသ်မည်၏။ ပြယုဂ်ကား-နီလုပွလဲ့,မဟာပုရိသော,အစရှိသည်တည်း။ ဝိသေသနပုဒ် နောက်ရှိသော။လ။ သည်၊ ဝိသေသနပရပဒ မည်၏။ ပြယုဂ်ကား နရဝရော, နရသေဋ္ဌော။လ။ တည်း။ ဝိသေသန ရှေပုဒ် နောက်ပုဒ်,ရှိသော ။လ။ သည်၊ ဝိသေသနော ဘယပဒမည်၏။ ပြယုဂ်ကား - သဏ္ဌသုခုမော, သိတုဏှံ, အစရှိသည်တည်း။ ဝါကျအခိုက်၌ ဏ္ဍတိ,ဟုတ္ဝာ, သံခါတ, သဒ္ဒါကျေသော ကမ္မဓာရယ် သမာသ်သည် သမ္ဘာဝနော ကမ္မဓာရယ် သမာသ်မည်၏။ ပြယုဂ်ကား အနိစ္စသညော, ဟီနသမ္မတော, ဟေတုပစ္စယော, တည်း။ ဥပမာ ရှေရှိသော် လည်းကောင်း, နောက်ရှိသော် လည်းကောင်း, ကမ္မဓာရယ် သမာသ်သည် ဥပမာကမ္မဓာရယ် သမာသ်မည်၏။ ကား - သန်သေတ်, နရသီဟော, အစရှိသည်တည်း။ ဝါကျအခိုက်၌ ဧဝ သဒ္ဒါကျေသော သမာသ်သည် အဝဓာရဏ ကမ္မဓာရယ် သမာသ်မည်၏။ ။လ။ သဒ္ဒါဝစနံ, စက္ခုဒ္ဒါရံ,တည်း။ ကု-နိပါတ် ရှေရှိသော သမာသ်သည် ကုနိပါတပုဗ္ဗပဒ ကမ္မဓာရယ် သမာသ်မည်၏။ ကား- ကုပုတ္တော, ကာပုရိသော,တည်း။ န-နိပါတ် ရှေရှိသော။ သည် နနိပါတပုဗ္ဗပဒ ကမ္မဓာရယ် သမာသ်မည်၏။ ကား- အဗြာဟ္မဏော, အဝသလော,တည်း။ ပ-အစရှိသော ဥပသဂ်ရပုဒ် ရှေရှိသော သမာသ်သည် ပါဒိပုဗ္ဗပဒမည်၏။ ကား- ပါဝစနံ, အဘိဓမ္မော,တည်း။ ဤသို့အားဖြင့် ကမ္မဓာရယ်သည် ကိုးပါး အပြားရှိ၏။

တပ္ပုရိသ် သမာသ်သည် ဆိုအပ်ပြီးသော သာမည လက္ခဏာအားဖြင့် ဟုပါးတည်းသ၏။ ဝိသေသ လက္ခဏာအားဖြင့်ကား သုဒ္ဓတပ္ပုရိသ်, မိဿက တပ္ပုရိသ်ဟူ၍ နှစ်ပါးအပြားရှိ၏။ ထိုတွင် ဒိဂုကမ္မဓာရယ်နှင့် မရောသော တပ္ပုရိသ်သမာသ်သည် သုဒ္ဓတပ္ပုရိသ် သမာသ်မည်၏။ ထိုသုဒ္ဓတပ္ပုရိသ် သမာသ်သည်လည်း ဒိဂုကမ္မဓာရယ်နှင့် မရောသော သာမညလက္ခဏာအားဖြင့် တပါးတည်းသော။ဝိသေသလက္ခဏာအားဖြင့် ဒုတိယာသုဒ္ဓတပ္ပုရိသ်သမာသ်, တတိယာ သုဒ္ဓတပ္ပုရိသ်သမာသ်, စတုတ္ထိ သုဒ္ဓ တပ္ပုရိသ်, ပဉ္စမီ သုဒ္ဓတပ္ပုရိသ်, ဆဋ္ဌီ သုဒ္ဓတပ္ပုရိသ်,သတ္တမီသုဒ္ဓတပ္ပုရိသ်သမာသ်ဟူ၍ ခြောက်ပါးအပြားရှိ၏။ ထိုကွင် ရှေပုဒ်၌ ဒုတိယာဝိဘတ်သက်သော သုဒ္ဓတပ္ပုရိသ်သည် ဒုတိယာသုဒ္ဓ

http://www.dhammadownload.com

တပ္ပုရိသ်မည်၏။ ကား- ဘူမိဂတော, သုခပတ္တော,တည်း။ ရှေပုဒ်၌ တတိယာ ဝိဘတ်သက်သော သုဒ္ဓတပ္ပုရိသ်သမာသ်သည် တတိယာ သုဒ္ဓတပ္ပုရိသ်မည်၏။ ကား- ဆလ္လဝိဒ္ဓေါ, ဣဿရကတံ,တည်း။ ရှေပုဒ်၌ စတုတ္ထီဝိဘတ်သက်သော။ သည် စတုတ္ထီမည်၏။ ပြယုဂ်ကား ကထိန ဒုဿံ, သံဃဒါနံ, တည်း။ ရှေပုဒ်၌ ပဉ္စမီဝိဘတ်သက်သော သုဒ္ဓတပ္ပုရိသ်သမာသ်သည် ပဉ္စမီ။ ၏။ ကား- ရာဇဘယံ, မေထုနာပေတော,တည်း။ ရှေပုဒ်၌ ဆဋ္ဌီဝိဘတ်သက်သော။ သည် ဆဋ္ဌီသုဒ္ဓတပ္ပုရိသ်သမာသ်မည်၏။ ကား- ရာဇပုတ္တော, ရာဇပုရိသော,တည်း။ ရှေပုဒ်၌ သတ္တမီ။ သည် သတ္တမီသုဒ္ဓတပ္ပုရိသ်သမာသ်မည်၏။ ပြယုဂ်ကား ရူပသညာ, ရူပတဏှာ,တည်း။ ဤသို့အားဖြင့် တပ္ပုရိသ်သမာသ်ကား ခြောက်ပါးအပြားရှိ၏။ ဒိဂုကမ္မဓာရယ်နှင့် ရောသော တပ္ပုရိသ်သမာသ်သည် မိဿကတပ္ပုရိသ်သမာသ်မည်၏။ ကား- တိလောကံ, အဗြာဟ္မဏော, အစရှိသည်တည်း။ ဤသို့အားဖြင့် တပ္ပုရိသ်သမာသ်သည် နှစ်ပါးအပြားရှိ၏။

ဗဟုဗ္ဗီဟိသမာသ်သည် ဆိုအပ်ပြီးသောသာမညလက္ခဏာအားဖြင့် တပါးတည်းသာ။ ဝိသေသလက္ခဏာအားဖြင့်ကား ဒ္ဒိပဒဗဟုဗ္ဗီဟိ, တိပဒ ဗဟုဗ္ဗီဟိ, ဘိန္နာဓိကရဏ ဗဟုဗ္ဗီဟိ, ဥပမာ ပုဗ္ဗပဒ ဗဟုဗ္ဗီဟိ, သင်္ချာဘယပဒ ဗဟုဗ္ဗီဟိ, ဒိသန္တရာဋ္ဌတ္ထ ဗဟုဗ္ဗီဟိ, ဗျတိဟာရ လက္ခဏပဒ ဗဟုဗ္ဗီဟိ, နနိပါတ ပုဗ္ဗပဒ ဗဟုဗ္ဗီဟိ, သဟပုဗ္ဗပဒ ဗဟုဗ္ဗီဟိ,ဟူ၍ ကိုးပြားအပြားရှိ၏။ ထိုကိုးပါးတို့ထွင် နှစ်ပုဒ်ဖြင့် ချဉ်းသော ဗဟုဗ္ဗီဟိသမာသ်သည် ဒ္ဒိပဒ ဗဟုဗ္ဗီဟိ သမာသ်မည်၏။ ပြယုဂ်ကား ဆိန္နဟတ္ထော, လမ္ဗကဏ္ဏော,တည်း။ သုံးပုဒ်ဖြင့် ချဉ်းသောဗဟုဗ္ဗီဟိ သမာသ်သည် တိပဒမည်၏။ ကား- မုနိဝဏ္ဏိတဗုဒ္ဓိ, ဒယာ သဉ္ဇောဒိတ မာနသော,တည်း။သမာသ်ပုဒ်နှင့် ပြားသောအနက်ရှိသော ဗဟုဗ္ဗီဟိသမာသ်သည် ဘိန္နာဓိကရဏမည်၏။ ကား- ဥရသိလောမော, ပတ္တဟတ္ထော,တည်း။ ဥပမာပုဒ် ရှေရှိသော ဗဟုဗ္ဗီဟိ သမာသ်သည် ဥပမာ ပုဗ္ဗပဒ ဗဟုဗ္ဗီဟိသမာသ်မည်၏။ ကား- နိဂြောဓ ပရိမဏ္ဍလော, သုဝဏ္ဏဝဏ္ဏော, တည်း။ သင်္ချာ နှစ်ပုဒ် ရှိသော။ သည် သင်္ချောဘယပဒ။ ၏။ ပြယုဂ်ကား- ဒ္ဒတ္တိပတ္တာ, ဆပ္ပဉ္စဝါစာ,တည်း။ တူရူသော အရပ်မျက်နှာကို မရမူ၍ အထောင့် အရပ်မျက်နှာကို ရသော။ သည်၊ ဒိသန္တရာဋ္ဌတ္ထ မည်၏။ ကား-ဒက္ခိဏ ပုဗ္ဗာ,

http://www.dhammadownload.com

ပစ္ဆိမုတ္တရာ,တည်း။ ဆန့်ကျင်ဘက် ဖြစ်သော အနက်ကို ဟောသော။ သည်၊ ဗျတိဟာရ လက္ခဏပဒ မည်၏။ ကား၊ ကေသာကေသိ,ဒဏ္ဍာဒဏ္ဍိ,အစရှိသည်တည်း။ နနိုပါတ် ရှေရှိသော။ သည်၊ န နိုပါတ ပုဗ္ဗပဒ ဗဟုဗ္ဗီဟိ မည်၏။ ကား၊ အမတံ, အနန္တ,တည်း။ သဟ သဒ္ဒါ ရှေရှိသော ဗဟုဗ္ဗီဟိ သမာသ်သည် သဟ ပုဗ္ဗပဒ ဗဟုဗ္ဗီဟိ မည်၏။ ကား-သဝိတက္ကော,သဝိစာရော,တည်း။ ဤသို့အားဖြင့် ဗဟုဗ္ဗီဟိ သမာသ်သည် ကိုးပါး အပြားရှိ၏။ ။(တနည်းကား)တဂ္ဂါဏသံဝိညာဏ ဗဟုဗ္ဗီဟိ,အတဂ္ဂါဏ သံဝိညာဏ ဗဟုဗ္ဗီဟိ,ဟူ၍ နှစ်ပါးအပြားရှိ၏။ထိုတွင် အကြင် ဗဟုဗ္ဗီဟိဒ္ဒ သမာသ် ပုဒ်၏ အနက်သည် အညပုဒ်ဒ္ဒ ဝင်၏။ ထိုဗဟုဗ္ဗီဟိ သည် တဂ္ဂါဏသံဝိညာဏ ဗဟုဗ္ဗီဟိ သမာသ်မည်၏။ ကား-လမ္မကဏ္ဍော, ဝိသာလနေတ္တော, တည်း။ အကြင် ဗဟုဗ္ဗီဟိဒ္ဒ သမာသ် ပုဒ်၏ အနက်သည် အညပုဒ်ဒ္ဒ မဝင်။ ထိုဗဟုဗ္ဗီဟိသည် အတဂ္ဂါဏသံဝိညာဏ ဗဟုဗ္ဗီဟိမည်၏။ ကား-ပဒ္မတာဒိနိ, ခေတ္တာဒိနိ, မဟာဓနော, တည်း။ ။ (တနည်းကား)။ ပဌမာ ဗဟုဗ္ဗီဟိ။ လ။ သဏ္ဌာမီ ဗဟုဗ္ဗီဟိ, ဟူ၍ ခုနစ်ပါး အပြားရှိ၏။ ထိုတွင် အညပုဒ်ဒ္ဒ ပဌမာ ဝိဘတ် သက်သော ဗဟုဗ္ဗီဟိ သမာသ် သည် ပဌမာ ဗဟုဗ္ဗီဟိ သမာသ် မည်၏။ ကား-နိဂ္ဂြောဓရုက္ခလော, စက္ခု ဘူတော,သဝိတက္ကော,သဝိစာရော,တည်း။အညပုဒ်ဒ္ဒဒုတိယာ၊သည်။ဒုတိယာ၊ မည်၏။ကား-အာဂတသမဏော,ပဋိပန္နဒ္ဓိကော,တည်း။ အညပုဒ်ဒ္ဒ တတိယာ၊ သည်။တတိယာ။ မည်၏။ ကား-ဇိတိန္ဒြိယော, ဆိန္နရုက္ခောတည်း။ အညပုဒ်ဒ္ဒ စတုတ္ထီ၊ သည်။ စတုတ္ထီ၊ မည်၏။ ကား-ဒိန္နသုကော်,နိပ္ဖလော,တည်း။ အညပုဒ်ဒ္ဒ ပဉ္စမီ၊ သည်။ ပဉ္စမီ၊ မည်၏။ ကား။ နိဂ္ဂတဇနော, ဝိဂတာလယော, တည်း။ အညပုဒ်ဒ္ဒ ဆဋ္ဌီ၊သည်။ဆဋ္ဌီ၊မည်၏။ကား-ဆိန္နဟတ္ထော,လမ္မကဏ္ဍော, တည်း။ အညပုဒ်ဒ္ဒ သတ္တမီဝိဘတ် သက်သော ဗဟုဗ္ဗီဟိ သမာသ်သည် သတ္တမီ ဗဟုဗ္ဗီဟိ သမာသ် မည်၏။ ပြယုဂ်ကား သမုန္နသဿော,အာကိဏ္ဏဇနော,အစရှိသည်တည်း။ ဤသို့အားဖြင့် ဗဟုဗ္ဗီဟိ သမာသ်သည် ခုနစ်ပါးအပြားရှိ၏။

(တနည်းကား)။ အန္တေဂရတ္ထ ဗဟုဗ္ဗီဟိ, ဗာဟိရတ္ထ ဗဟုဗ္ဗီဟိ, ဟူ၍ နှစ်ပါး အပြားရှိ၏။ ထိုတွင် သမာသ် တစိတ်သည် အညပုဒ်နှင့် အနက်တူသော ဗဟုဗ္ဗီဟိ သမာသ်သည် အန္တေဂရတ္ထ ဗဟုဗ္ဗီဟိ သမာသ် မည်၏။ ကား-ဇိတမာရော,ဆိန္နဟတ္ထော, တည်း။ သမာသ်ပုဒ် တစိတ်သည် အညပုဒ်

http://www.dhammadownload.com

နှင့် အနက်မတူသော ဗဟုဗ္ဗိဟိ သမာသ်သည် ဗာဟိရတ္ထ ဗဟုဗ္ဗိဟိ သမာသ် မည်၏။ ပြယုဂ်ကား သတ္တာဟ ပရိနိဗ္ဗုတော, မာသဇာတော, တည်း။ ။ (တနည်းကား)။ အာဒိအညပဒ ဗဟုဗ္ဗိဟိ,မဇ္ဈေအညပဒ ဗဟုဗ္ဗိဟိ, အန္တအည ပဒ ဗဟုဗ္ဗိဟိ,ဟူ၍ သုံးပါး အပြားရှိ၏။ ထိုတွင် သမာသ် ပုဒ်၏ အစ၌ အည ပုဒ် ရှိသော ဗဟုဗ္ဗိဟိ သမာသ်သည် အာဒိအညပဒ ဗဟုဗ္ဗိဟိ သမာသ် မည်၏။ ကား-ပတ္တဟတ္ထော,တည်း။ သမာသ်ပုဒ်၏ အလယ်၌ အညပုဒ် ရှိသော ဗဟုဗ္ဗိ ဟိ သည် မဇ္ဈေအညပဒ ဗဟုဗ္ဗိဟိ မည်၏။ ကား-အနန္တံ, တည်း။ သမာသ် ပုဒ်၏ အဆုံး၌ အညပုဒ်ရှိသော ဗဟုဗ္ဗိဟိ သမာသ်သည် အန္တ အညပဒ ဗဟုဗ္ဗိ ဟိ သမာသ်မည်၏၊ ကား-ဆိန္နဟတ္ထော,တည်း။

၃၁၆။ နာမာနံ သမာသော ယုတ္တ ဥတ္တော

နာမာနံ၊ နာမ်တို့၏။ ဝါ၊ ကား။ နာမာနံ။ နာမ်ဖြစ်ကုန်သော သဒ္ဒါ တို့တွင်။ ယုတ္တတ္ထော၊ ပေါင်းအပ် ယှဉ်အပ်သော အနက်ရှိသော သဒ္ဒါသည်။ *သမာသော၊ သမာသ် ဟူသော အမည်ရှိသည်။ ဟောတိ၊ ဖြစ်၏။ ။ "သုတ်"။ ။ပယုဇ္ဇမာနပဒတ္ထာနံ၊ ပေါင်းအပ် ယှဉ်အပ်သော အနက် ရှိကုန်သော။ တေသံနာမာနံ၊ ထိုနာမ်တို့၏။ ဝါ၊ ကား။ တေသံ နာမာနံ၊ တို့တွင်။ ယောယုတ္တတ္ထော၊အကြင် ပေါင်းအပ် ယှဉ်အပ်သော အနက်ရှိသော သဒ္ဒါသည်။ ဟောတိ၊ ၏။ သောယုတ္တတ္ထော၊ ထိုသို့ ပေါင်းအပ် ယှဉ်အပ် သော အနက်ရှိသော သဒ္ဒါသည်။ သမာသော၊ သမာသ် ဟူသော အမည် ရှိသည်။ ဟောတိ၊ ၏။ ။"ဝုတ္တိ"။ ။ကထိနဿ၊ ကထိန် ဟူသော အကျိုး ၌။ အာဘတံ၊ ဆောင်အပ်သော။ ဒုဿံ၊ ပုဆိုးတည်း။ ကထိနဒုဿံ၊ ကထိန် ဟူသော အကျိုးငှာ ဆောင်အပ်သော ပုဆိုး။ ဝါ၊ တနည်းကား။ ယံဝတ္ထံ၊ အကြင် ပုဆိုးကို။ ကထိနဿ၊ ငှာ။ အာဘတံ၊ ၏။ ဣတိတသ္မာ၊ ထိုသို့ကထိန် ဟူသော အကျိုးငှာ ဆောင်အပ်သည်၏ သတ္တိကြောင့်။တံဝတ္ထံ၊သည်။ကထိန

---

*သမာသော ပဒသမေ်ပေါ်,ပဒပစ္စယ သံဟိတံ၊
တဒ္ဓိတံ နာမ ဟောတေ ဝံ,ဝိညေယျံ တေသမန္တရံ၊ (ရူပသိဒ္ဓိ)
သမာသ် တဲ့စပ်ရကျိုးကား ၁-တပုဒ်တည်း ဖြစ်ရခြင်းနှင့် ၂-ဝိဘတ် တမျိုး တည်း သက်ရခြင်းတည်း။

http://www.dhammadownload.com

ဒုဿံ၊ ကထိန ဒုဿမည်၏။ (ဤသို့ နာမလာဘဟေတု ထင်အောင် ဣတိ သဒ္ဒါ ထည့်၍ သော်လည်းပေး။ အကြွင်း၌လည်း နည်းတူ)။အာဂန္တုကဿ၊ ညွှေ့သည်၏ အလို့ငှာ။ အာဘတံ၊ သော။ ဘတ္တံ၊ ထမင်းတည်း။ အာဂန္တုက ဘတ္တံ၊ ညွှေ့သည်၏ အလို့ငှာ ဆောင်အပ်သော ထမင်း။ ယံဓမ္မဇာတံ၊ အကြောင်တရားသည်။ အတ္ထိ၊ ၏။ တံဓမ္မဇာတံ၊ ထိုတရားသည်။ ဇီဝိတဉ္စ၊ အသက်သည်လည်း။ ဟောတိ၊ ၏။ ဣန္ဒြိယဉ္စ၊ ဣန္ဒြေသည်လည်း။ ဟောတိ၊ ၏။ဣတိ တသ္မာ၊ ထိုသို့ ဇီဝိတ,ဣန္ဒြိယ,ဖြစ်သော သတ္တိ နှစ်ပါးကြောင့်။ တံဓမ္မဇာတံ၊ ထိုတရားသည်။ ဇီဝိတိန္ဒြိယံ၊ ဇီဝိတိန္ဒြိယ ဟူသော အမည်ရှိ၏။ သမဏောစ၊ ရဟန်းလည်း။ ပြာဟ္မဏောစ၊ လည်း။ သမဏာပြာဟ္မဏာ၊ ရဟန်းပုဏ္ဏားတို့။ သာရိပုတ္တောစ၊ သာရိပုတြာလည်း။ မောဂ္ဂလ္လာနောစ၊ မောဂ္ဂလ္လာန်လည်း။ သာရိပုတ္တ မောဂ္ဂလ္လာနာ၊ သာရိပုတြာ မောဂ္ဂလ္လာန်တို့။ ပြာဟ္မဏောစ၊ ပုဏ္ဏားလည်း။ ဂဟ ပတိကောစ၊ သူကြွယ်လည်း။ ပြာဟ္မဏ ဂဟပတိကာ၊ ပုဏ္ဏား သူကြွယ်တို့။

> ကထိနဒုဿံ အာဂန္တုကဘတ္ထံ,ဇီဝိတိန္ဒြိယံ, သမဏာပြာဟ္မဏာ, သာရိပုတ္တ မောဂ္ဂလ္လာနာ,ပြာဟ္မဏ ဂဟပတိကာ, ဤသို့ နိပ္ပန္နသာ မူလပါဠိတည်း။ ရုပ်လုပ်လိုသော အခါ သိစေလိုရ၌ ဝါကျနှင့်တကွ အနက် ယောဇနာသည်။ များသော စာကိုယ်တို့၌လည်း ဝါကျနှင့် အပြည့်အစုံရှိ၏။

နာမာနမိတိကိမတ္ထံ။ ဘောအာစရိယ၊ အရှင်မဟာကစ္စည်း ဆရာ။ကွမသ္မိံ သုတ္တေ၊ ၌။ သမဘိနိဝိဋ္ဌံ၊ အကျုံးဝင်သော။ "ကောင်းစွာ တည်သော, လည်းဟူ"။ နာမာနမိတိပဒံ၊ နာမာနံ ဟူသောပုဒ်ကို။ ကိမတ္ထံ၊ ၎။ အာစရိယေန၊ သည်။ ဝုတ္တံ၊ နည်း၊ ဘောသိဿ၊ တပည့်။ ဒေဝဒတ္တော ပစတိ, ယညဒတ္တောပစတိ, ဣတိအာဒီသု ဥဒါဟရဏေသု၊ ဒေဝဒတ္တောပစတိ, ယညဒတ္တောပစတိ, ဤသို့ အစရှိကုန်သော ဥဒါဟရဏ်တို့၌။သတိပိ ယုတ္တတ္ထေ နာမာနံ အဘာဝေါ။ ယုတ္တတ္ထေ၊ ပေါင်းအပ် ယှဉ်အပ်သော အနက်သည်။ သတိပိ၊ လည်း။ နာမာနံ၊ နာမ်တို့၏။ အဘာဝေါ၊ မဖြစ်ခြင်းကြောင့်။ ဣမိနာ သုတ္တေန၊ ဖြင့်။ သမာသသညော၊ သမာသ် ဟူသော အမည်ရှိသည်။ နဟောတိ၊ မဖြစ်။ ဣတိဣမသ္မာ အတ္ထာ၊ ဤသို့သောအနက်ကို။ ဉာပနတ္ထံ၊ သိစေခြင်းငှာ။ နာမာနမိတိပဒံ၊ နာမာနံ ဟူသော ပုဒ်ကို။ မယာအာစရိယေန၊

http://www.dhammadownload.com

သည်။ ဝုတ္တံ၊ ၏။ ဒေဝဒတ္တော၊ ဒေဝဒတ်သည်။ ပစတိ၊ ချက်၏။ ယညဒတ္တော၊ ယညဒတ်သည်။ ပစတိ၊ ချက်၏။ ။ယုတ္တတ္ထောတိ ကိမတ္ထံ။ ဘောအာစရိယ၊ ဆရာ။ ဣမသ္မိံ သုတ္တေ၊ ၌။ သမဘိနိဝိဋ္ဌံ၊ သော။ ယုတ္တတ္ထောတိ ပဒံ၊ယုတ္တတ္ထော ဟူသော ပုဒ်ကို။ ကိမတ္ထံ၊ ၎ာ။ အာစရိယေန၊သည်။ ဝုတ္တံ၊ နည်း။ဘောသိဿ၊ တပည့်။ ဘဒ္ဒောရညော,ပုတ္တော ဒေဝဒတ္တဿ, ဣတိအာဒီသု ဥဒါဟရဏေသု၊ တို့၌။ သတိပိနာမေယုတ္တတ္ထဿ အဘာဝါ၊ နာမေ၊ နာမ်သည်။ သတိပိ၊လည်း။ ယုတ္တတ္ထဿ၊ ပေါင်းအပ် ယှဉ်အပ်သော အနက်၏။အဘာဝါ၊ ကြောင့်။ဣမိနာ သုတ္တေန၊ဖြင့်။သမာသသညော၊သမာသ် ဟူသော အမည်ရှိသည်။ ဝါ၊သမာသ် ဟူသော အမည်မှည့်သည်။ နဟောတိ၊ ဣတိဣမဿ အတ္ထဿ၊ ကို။ ဥပနတ္ထံ၊ ၎ာ။ ယုတ္တတ္ထောတိပဒံ၊ ယုတ္တတ္ထော ဟူသော ပုဒ်ကို။ မယာ အာစရိယေန၊ သည်။ ဝုတ္တံ၊ ၏။ ရညော။ မင်း၏။ ဘဒ္ဒော၊ သူခစား။ ဒေဝဒတ္တဿ၊ ဒေဝဒတ် ၏။ ပုတ္တော၊ သား။ ။သမာသ ဣစ္စနေန ကွတ္ထော၊ ကွစိ သမာသန္တ ဂတာန မကာရန္တော။ ဘော အာစရိယ၊ ဆရာ။ သမာသ ဣစ္စနေန သမာသ ဣတိ အနေန သညာ ကရဏေန၊ သမာသ် ဟူသော အမည်ကို ပြုသဖြင့်။ ကွတ္ထော ကောအတ္ထော၊ အဘယ် အကျိုးရှိသည်။ ဘဝတိ၊ ဖြစ်သနည်း။ (တနည်း ကား)။ ကွ-ကတရသ္မိံ သုတ္တေ၊ ၌။ အတ္ထော-ပယောဇနံ၊ သည်။ ဘဝတိ၊ ဖြစ်သနည်း။ ဘောသိဿ၊ ကွစိ သမာသန္တ ဂတာန မကာရန္တော, ဣတိအာဒီသု သုတ္တေသု၊ ကွစိ သမာသန္တဂတာန မကာရန္တော, ဤသို့ အစရှိကုန်သော သုတ်တို့၌။ အတ္ထော-ပယောဇနံ၊ သမာသ်ဟု ခေါ်ဝေါ်ခြင်း အကျိုးရှိသည်။ ဘဝတိ၊ ၏။

ကထိနဒုဿံ,ကား-ဥဒါဟရုဏ် မည်၏။ ထို ဥဒါဟရုဏ်ကို မြတ်စွာ ဘုရား ပါဋ္ဌိတော်အား လျောက်ပတ်စွာ ကထိန သဒ္ဒါ, ဒုဿ သဒ္ဒါတည်။ ၎ာဟူ၍ အနက်ပေးသောကြောင့် သမ္ပဒါန်အနက်ကို အလိုရှိရကား ယဿ ဒါတုကာမော ရောစတေ ဓာရယတေဝါ တံ သမ္ပဒါနံမှ သညာလိုက်စေ၍ သိလာဃ ဟနု ၎ာ သပ ဓာရ ပိဟ ကုဓ ဒုဟိဿောဿူယ ရာဓိက္ခ ပစ္စာသုဏ အနုပတိ ဂိဏ ပုဗ္ဗကတ္တာ ရောစနတ္ထ တဒတ္ထ တုမတ္ထာ လမတ္ထ မညာနာဒရ ပါဏိနိ ဂတျတ္ထ ကမ္မနိ အာသိသတ္ထ သမ္မုတိ ဘိယျသတ္တမျတ္ထေသုစ, ဟူသော သုတ်ဖြင့် တဒတ္ထ သမ္ပဒါန်ဟူ၍ အမည်မှည့်။ သမ္ပဒါနေ စတုတ္ထီ,ဟူသော

http://www.dhammadownload.com

သုတ်ဖြင့် သမ္ပဒါန်အနက်၌ စတုတ္ထီဝိဘတ် ဧကဝုစ် သ-သက်။ သာဂမောသေ, ဟူသော သုတ်ဖြင့် သ-ဝိဘတ်နှောင်းသောကြောင့် သ-အက္ခရာလာ။ နယေ ပရံယုတ္တေ, ဟူသောသုတ်ဖြင့် သရကင်းသော ဗျည်းကို နောက် သ-သို့ကပ်။ လိင်အနက်ကို အလိုရှိရကား လိင်္ဂတ္ထေပဋမာ, ဟူသော သုတ်ဖြင့် လိင်အနက်ကို ဟောကာမျှတည်းသော ဒုဿသဒ္ဒါ၌ ပဋမာဝိဘတ် ဧကဝုစ် သိ-သက်။ သ-ကိုခွင်း။ သိံ, ဟူသောသုတ်ဖြင့် နပုံလိင်အကာရန္တနောင်မှ နှောင်းသော သိ-ဝိဘတ်ကို အံ-ပြု။ သရလောပေါ မာဒေသပစ္စယာဒိမှိ သရလောပေတု ပကတိ, ဟူသော သုတ်ဖြင့် နောက် အံအာဒေသ နှောင်းသောကြောင့် ရှေ့သရ-ဿ-၏ အစိတ်ဖြစ်သော အ-ကိုချေ။ နောက် အံ-ကိုလည်း အံ-ပကတိပြု။ နယေပရံယုတ္တေ, ဖြင့် ဿ-အံ-သို့ကပ်။ ကထိနဿ ဒုဿဟူသော သမာသ်ဝါကျရုပ်ကား ပြီး၏။ ကထိနဿ၊ဌာ။ အာဘတံ၊ ဆောင်အပ်သော။ ဒုဿံ၊ ပုဆိုးတည်း။ ဣတိအတ္ထေ၊ ၌။ နာမာနံသမာသော ယုတ္တတ္ထော, ဟူသော ဤသုတ်ဖြင့် သမာသ် အမည်မှည့်။ နာမာနံ သမာသော ယုတ္တတ္ထော, ဥဘေ တပ္ပုရိသာ, ဟူသော သုတ်ဘို့ကိုလိုက်စေ၍ အမာဒယော ပရပဒေဘိ, ဟူသော သုတ်ဖြင့် အမာဒိတပ္ပုရိသ် အမည်မှည့်။ တေသံ ဝိဘတ္တိယော လောပါစ, ဟူသော သုတ်ဖြင့် သမာသ်၏ ဝိဘတ် သ-ကိုချေ။ သိ-ကိုချေ။ဝုတ္တတ္ထာနမပ္ပ ယောဂေါ, ဟောအပ်ပြီးသော အနက်ရှိသော သဒ္ဒါတို့ကို မယှဉ်စေရာ ဟူရ ကား ထိုသုတ်၌ တေသံသဒ္ဒါဖြင့် သ-အာဂုမ်ကိုချေ။ ပကတိစဿ သရန္တဿ, ဟူသောသုတ်ဖြင့် သရအဆုံးရှိသော ကထိနဒုဿဟူ၍ ပကတိပြု။ တဒ္ဓိတ သမာသကိတကာနာမံဝါ တဝေတုနာဒီသုစ, ဟူသောသုတ်ဖြင့် ကထိန ဒုဿ, ဟူသော သမာသ်ပုဒ်ကိုနာမ်ကဲ့သို့ငဲ့။ လိင်အနက်ကို အလိုရှိရကား။ လ။ သိ-သက်။ ဿ-ကိုခွင်း။ သိ-ကို အံ-ပြု။ သရလော။ပ။ ပကတိပြု။ ဿ-အံသို့ ကပ်။ ကထိနဒုဿံ, ပြီး၏။

အာဘတသဒ္ဒါကိုထည့်၍ ယောဇနာ ခြင်းသည်ကား ကထိနသဒ္ဒါ၏ အစပ် ကိုသာပြသည်။ တည်သောအခါကား ကထိန, ဒုဿ, ဟူ၍သာတည်။ ချာသ အယို။ ။နိဒ္ဒေသ၌ကား ကထိန, အာဘတ, ဒုဿ, ဟု တည့်၍ ဆုပ်၏။ သင့်သည်ချည်း။ သမာသသညာပြုရာ၌ ချာသဆရာအလိုသော်ကား နာမာနံ သမာသော ယုတ္တတ္ထော, ဥဘေတပ္ပုရိသာ, ဟူသော သုတ်ဘို့ကို လိုက်စေ၍ အမာဒယောပရပဒေဘိ, ဖြင့် [illegible]ပြု။ တပ္ပုရိသ် အမည်သည်မှည့်

http://www.dhammadownload.com

ထို့နောက် ဤသုတ်ဖြင့် ယုတ္တထ္ထ ဖြစ်သောကြောင့် သမာသ်အမည်မှည့်။ ဤသို့စီရင်သည်။ ယခုအစီရင်ကား ဆရာကြီးတို့အလိုတည်း။

အာဂန္တုကဘတ္တိ, ကို အာဂန္တုကသဒ္ဒါ, ဘတ္တာသဒ္ဒါ,တည်။ ဝိဘတ်သက်မြဲ။ လုပ်မြဲ။ အာဂန္တုကဿဘတ္တံ,ဟု ဝါကျ။ အာဂန္တုကဿ၊ ငှာ။ အာဘတံ၊ သော။ ဘတ္တံ၊ တည်း။ ဣတိအတ္ထော၊ ၌။ သမာသ်မှည့်မြဲ။ ဝိဘတ်ချေခြင်း စသည်ကား နည်းတူလုပ်မြဲ။) ဥဒါဟရဏ် နှစ်ခုကား- စတုတ္ထီတပ္ပုရိသ် သမာသ်တည်း)။

ဇိဝိတိန္ဒြိယံ, ကို ဇီဝိတသဒ္ဒါ, စသဒ္ဒါ, တသဒ္ဒါ, ဣန္ဒြိယသဒ္ဒါ, စသဒ္ဒါတည်။ လိင်အနက်ကို အလိုရှိရကား လိင်္ဂတ္ထပဌမာ,ဖြင့် လိင်အနက်ကို ဟောကာမျှတည်းသော သဒ္ဒါ၌ ဇီဝိတနောင် သိ-သက်။ စ-နောင် သိ-သက်။ တ-နောင် သိ-သက်။ ဣန္ဒြိယနောင် သိသက်။ စနောင် သိ-သက်။ တ-ကိုခွင်း။ သိ်,ဟူသောသုတ်ဖြင့် သိ-ကို အံ-ပြု။ တ-ကို အံ-သို့ကပ်။ ဝဂ္ဂန္တံဝါဝဂ္ဂေ, သုတ်ဖြင့် တ-ထက်၌ရှိသော နိဂ္ဂဟိတ်ကို စဝဂ္ဂန္တ ဉ-ပြု။ ဉ-စ-သို့ကပ်။ သဗ္ဗာသမာဝုသော,ဖြင့် စ-နိပါတ်နောင် သက်သော သိ-ဝိဘတ်ကိုချေ။ တ-ကိုခွင်း။ သိ-ကို အံပြု။ တ-အံ သို့ကပ်။ ယ-ကိုခွင်း။သိ-ကို အံ-ပြု။ ဉ -စသို့ကပ်။ သဗ္ဗာသမာဝုသော,ဖြင့် စ-နိပါတ်နောင် သိ-ကိုချေ။ ဇီဝိတဥတံ ဣန္ဒြိယဥ္စ, ဟုဝါကျ။ တံမမ္မဇာတံ၊ ထိုတရားသဘောသည်။ ဇီဝိတဥ္စ၊ လည်း။ ဟောတိ၊ ၏။ ဣန္ဒြိယဥ္စ၊ လည်း။ ဟောတိ၊ ၏။ ဣတိအတ္ထော၊ ၌။ နာမာနံ သမာသော ယုတ္တတ္တော, ဟူသောသုတ်ဖြင့် သမာသ်အမည်မှည့်။ ဒ္ဝိပဒေ တုလျာဓိကရဏေ ကမ္မဓာရယော, ဟူသောသုတ်ဖြင့် ကမ္မဓာရယ်အမည်မှည့်။ တေသံ, သုတ်ဖြင့် သမာသ်၏ဝိဘတ် သိ-သုံးလုံးကိုချေ။ ဝုတ္တတ္ထာန,ဖြင့် စ-နိပါတ် တ-သဒ္ဒါတို့ကိုချေ။ တ-ကိုခွင်း။ သရာသရေ လောပံ,သုတ်ဖြင့် နောက် ဣ-သရ နှောင်းသောကြောင့် ရှေ့သရ တ-အစိတ် အ-ကိုချေ။ တ-ဣသို့ကပ်။ ဇီဝိတိန္ဒြိယ,ဟု ပကတိပြု။ တဒ္ဓိတ, နာမ်ငဲ့။ သိ-သက် အံ-ပြု။ တ-အံသို့ကပ်။ ဇီဝိတိန္ဒြိယံ, ပြီး၏။

ပကတိပြုရာ၌ ကထိနဒုဿံ,၌ ဿ-ကို၊ အာဂန္တုက ဘတ္တံ၌ တ္တ-ကို၊ ဇီဝိတိန္ဒြိယံ,၌ ယ-ကို ပကတိပြုသည်။ ပြုကြောင်းကား- အံ-ဟူသော အကြောင်းကြောင့် ကျေလေသော အကျိုးဖြစ်သော အ-

http://www.dhammadownload.com

သရသည်။ တေသံ,သုတ်ဖြင့် ဝိဘတ်တည်းဟူသော အံ-သည် ကျေသော်လည်း မပေါ်လာ။ ထို့ကြောင့် ပေါ်လာစိမ့်သောငှာ ပကတိခတ်သည်။ ဤနည်းကား- သူရိယကန္တ, စန္ဒရ ကန္တမဏိ, နည်းတည်း။ သူရိယကန်ကျောက်ကြောင့် မီး, စန္ဒရကန်ကျောက်ကြောင့် ရေ,ရ၏။ အကြောင်းဖြစ်သော ကျောက်ကို တပါးမှာ ထားသော်လည်း အကျိုးဖြစ်သော မီး,ရေ,သည် မပျောက်။ ထိုအတူ အံ-စသည်ကြောင့် ကျေသော အ-အစရှိသည်သည် တေသံ, သုတ်ဖြင့် ဝိဘတ်တည်းဟူသော အံ-စသော အကြောင်းကို ခေါ်ငြားသော်လည်း ကျေလေသော အ-အစရှိသည် မပေါ်လာ။ ပေါ်လာစိမ့်သောငှာ ပကတိခတ်သတည်း။ ဤသို့ ဆရာတို့ဆို၏။ ထိုအလိုကား သရမပေါ်ခြင်းသည် သူရိယကန္တ, စန္ဒရကန္တမဏိ, နည်းမည်၏။ ပကတိခတ်ခြင်း၌ကား သရရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ အလုံးစုံကိုပင် ပဋ္ဌန်နယတိကနည်းအားဖြင့် မိုဃ်းရွာသည်ရှိသော် ရေရှိသော အရပ်ကိုကြည့်၍ မရှိသော အရပ်၌သာ ရွာသည်မဟုတ်။ ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ အနှံ့ရွာသကဲ့သို့ ပကတိပြုရာ၏။ ဤအကြောင်းကိုကား ဥပနဂရံ,စသည်၌ ပကတိသုတ်ကို နျာသဆရာ ရွတ်သောကြောင့် သိရသတည်း။ နိဒ္ဒေသဆရာကား- မဟိရုဟဏနည်းအားဖြင့် သစ်ပင်တည်းဟူသော အကြောင်း ပျောက်သည်ရှိသော် သစ်ရိပ်တည်းဟူသော အကျိုးသည် ပျောက်သကဲ့သို့ တေသံ,သုတ်ဖြင့် ဝိဘတ်တည်းဟူသော အကြောင်းဖြစ်သော အံ-ကိုခေါ်ပြီးသော် အကျိုးဖြစ်သော် သရသည် ပျောက်ပြန်တော့သည်။ ထိုသို့ဖြစ်သည်ကို သိစိမ့်သောငှာသာ ပကတိခတ်သည်ဟု ဆို၏။ အထောက်ကား- ရာဇပုရိသော, စသည်ကိုထောက်သတည်း။ ဤသို့ သုံးနည်းတို့တွင် ပဋ္ဌန်နယတိကနည်းသည် သင့်မြတ်၏။ အရာတိုင်း သင့်သည်။ ဤအဓိပ္ပါယ်ကိုမှီ၍ ပကတိခတ်တိုင်းကို သိရာ၏။

သမဏသဒ္ဒါ, စသဒ္ဒါ, ဗြာဟ္မဏသဒ္ဒါ, စသဒ္ဒါ, တည်။ သိ-လေးလုံးသက်။ သော,ဟူသောသုတ်ဖြင့် သမဏ, ဗြာဟ္မဏ,နောင် သိ-ကို ဩ-ပြု။ သဗ္ဗာသမာဝုသော,ဖြင့် စ-နိပါတ်ဖြစ်နောင် သိ-တို့ကိုခေါ်။ သမဏော

http://www.dhammadownload.com

စ ဗြာဟ္မဏောစ,ဟု ဝါက္ယ။ သမဏောစ၊ လည်း။ ဗြာဟ္မဏောစ၊ လည်း။ ဣတိအတ္ထော၊ ၌။ ဤသုတ်ဖြင့် သမာသ်အမည်မှည့်။ နာမာနံ သမုစ္စယော ဒွန္ဒေါ,ဖြင့် ဒွန်အမည်မှည့်။ တေသံ,သုတ်ဖြင့် သမာသ်၏ ဝိဘတ် သိ-တို့ကို ချေ။ ဝုတ္တတ္ထာန,ကြောင့် တေသံ,သဒ္ဒါဖြင့် စ-နိပါတ်တို့ကိုချေ။ သမဏ ဗြာဟ္မဏ,ဟု ပကတိပြု။ တဒ္ဓိက, နာမ်ငဲ့။ လိင်္ဂတ္ထေပဌမာ, ဝိဘတ် ဗဟုဝုစ် ယော-သက်။ ဏ-ကိုခွင်း။ သဗ္ဗယောနီနမာဧ,ဖြင့် နပုံလိင် အကာရန္တနောင် မ နောင်းသော ပဌမာယော-ဝိဘတ်ကို အာ-ပြု။ သရလောပ။ ပကတိပြု။ သမဏဗြာဟ္မဏာ, ပြီး၏။

ဤရုဝ်ကား ဒွန်သမာသ်တည်း။ သမာဟာရ, အသမာဟာရဟု နှစ်ပါးတွင် နပုံကောတ်မငဲ့မူ၍ ဗဟုဝုစ် ယော- သက်သောကြောင့် အသမာဟာရဒွန် တည်း။

သာရိပုတ္တသဒ္ဒါ, စသဒ္ဒါ, မောဂ္ဂလာနသဒ္ဒါ, စသဒ္ဒါ, တည်။ သိ-လေးလုံးသက်။ သာရိပုတ္တောစ, မောဂ္ဂလာနောစ,ဟု ဝါက္ယ။ သမဏ ဗြာဟ္မဏာနှင့် အတူလုပ်။ [အသမာဟာရဒွန်တည်း]။ **ဗြာဟ္မဏ ဂဟပတိ ကာ,** လည်း နည်းတူ။ [အသမာဟာရဒွန်တည်း]။ ပဌမဒုတိယကိ ကိုချာသ ၌ ဆို၏။ နိဒ္ဒေသဒ္ဒါကား အနက်ယောဇနာ၏။ **ဒေဝဒတ္တော ပစတိ,** ကား ကိ ဥဒါဟရဏ်မည်၏။ ထိုကို ဒေဝဒတ္တော ပစတိ,ဟူ၍ပင်တည်။ ဆရာကား ဤသုတ်ဖြင့် ယုတ္တတ္ထအရာ၌ သမာသ်မှည့်မြဲ မှည့်စပါလော့။ မမှည့်စရ။ အဘယ့်ကြောင့် မမှည့်စရသနည်း ဟူမူကား။အလုံးစုံသည် နာမ်ပုဒ်ချည်း မဟုတ်။ ဒေဝဒတ္တ သဒ္ဒါကား နာမ်ပုဒ်။ ပစတိကား အာချာတ်ပုဒ်။ ထို ကြောင့် မမှည့်စရ။ ဒေဝဒတ္တော ပစတိ, ပြီး၏။ **ယညဒတ္တော ပစတိ** လည်းနည်းတူ။

ဒေဝဒတ္တသဒ္ဒါနှင့် ယုတ္တတ္ထ ဖြစ်ဟန်ကား ဒေဝဒတ္တ အရုလည်း ဒေဝဒတ်, ပစတိ အရလည်း ဒေဝဒတ်,ဤသို့ကတ္တား ကြိယာသည် အရတူသောကြောင့် ယုတ္တတ္ထဖြစ်၏။ ထို့ကြောင့် နိဒ္ဒေသဒ္ဒါ သတိပိ တုဏျာဓိကရဏ ဘာဝေန ယုတ္တတ္ထေ သဒ္ဒေသံ နာမပဒါနံ အဘာဝေါ,ဟူ၍ဆိုသည်။

ဒုတိယာ ကိ ၌ **ဘဒ္ဒော ရညော, ပုတ္တော ဒေဝဒတ္တဿ,** ဟူ၍ပင် တည်။ ဆရာကား-ဤသုတ်ဖြင့် အလုံးစုံ နာမ်ပုဒ်ချည်း ဖြစ်သော ရညော

http://www.dhammadownload.com

ပုတ္တော သဒ္ဒါကို သမာသ်မှည့်မြဲ မှည့်စပါလော့ မမှည့်စရ။ အဘယ့်ကြောင့်။ ရညောကား ဘဋ္ဌောကို, ဒေဝဒတ္တဿကား ပုတ္တော, ကိုင့်၏။ ထို့ကြောင့် သမာသ် မမှည့်စရ။ ဘဋ္ဌော ရညော, ပုတ္တော ဒေဝဒတ္တဿ,ပြီး၏။

၃၁၇။ တေသံ ဝိဘတ္တိယော လောပါစ

တေသံ၊ ထိုယုတ္တတ္ထ ဖြစ်ကုန်သော သမာသ်တို့၏။ ဝိဘတ္တိယော၊ ဝိဘတ်တို့သည်။ လောပါစ၊ ကျေလည်း ကျေကုန်၏။ ။"သုတ်"။ ။ယုတ္တတ္ထာနံ၊ ယုတ္တတ္ထ ဖြစ်ကုန်သော။ တေသံနာမာနံ၊ ထိုနာမ်တို့၏။ ဝိဘတ္တိယော၊ တို့သည်။ လောပါစ၊ ကျေကုန်သည်လည်း။ ဟောန္တိ၊ ကုန်၏။ ကထိနဿ၊ ငှာ။ အာဘတံ၊ သော။ ဒုဿံ၊ တည်း။ ကထိနဒုဿံ၊ ပုဆိုး။ အာဂန္တုကဿ၊ ငှာ။ အာဘတံ၊ သော။ ဘတ္တံ၊ တည်း။ အာဂန္တု ကဘတ္တံ၊ ထမင်း။ တေသံ ဂဟဏေန၊ တေသံ သဒ္ဒါဖြင့်။ သမာသတဒ္ဓိတာ ချာတကိတကာနံ၊သမာသ်, တဒ္ဓိတ်,အာချာတ်,ကိတ်,တို့၏။ဝိဘတ္တိပစ္စယပဒက္ခရာဂမာနဥ္စ၊ ဝိဘတ်,ပစ္စည်း, ပုဒ်,အက္ခရာ, အာဂုံ, တို့၏လည်း။ လောပါ၊ ကျေကုန်သည်။ ဟောန္တိ၊ ကုန်၏။ ဝသိဋ္ဌဿ၊ ဝသိဋ္ဌ အမည်ရှိသောသူ၏။ အပစ္စံ၊ သားတည်း။ ဝါသိဋ္ဌော၊ ဝသိဋ္ဌ အမည်ရှိသော သူ၏သား။ ဝိနတာယ၊ ဝိနတာ အမည်ရှိသော မိန်းမ၏။ အပစ္စံ၊တည်း။ဝေနတေယျော၊ဝိနတာ အမည်ရှိသော မိန်းမ၏သား။စဂ္ဂဟဏံ၊ စသဒ္ဒါကို။ အဝဓာရဏတ္ထံ၊ မြစ်ခြင်းငှာ။ အာစရိယေန၊ သည်။ကတံ၊ ပြုအပ်၏။ ပဘံကရော၊ ပဘံကရာ အမည် ရှိတော်မူသော မြတ်စွာဘုရား။ အမတံဒဒေါ၊ အမတံဒဒ အမည်ရှိတော်မူသော မြတ်စွာဘုရား။ မေဓံကရော၊မေဓင်္ကရာ အမည်ရှိတော်မူသော မြတ်စွာဘုရား။ ဒီပံကရော၊ ဒီပင်္ကရာ အမည်ရှိတော်မူသော မြတ်စွာဘုရား။

ကထိနဒုဿံ,အာဂန္တုကဘတ္တံ,ကား လုပ်မြဲပင်။ ။တေသံ သဒ္ဒါ၏ အကျိုးကား **ဝသိဋ္ဌသဒ္ဒါ,အပစ္စသဒ္ဒါ**,တည်။ ၏,ကြောင့် သာမိ အနက်ကို အလိုရှိရကား ယဿဝါ ပရိဂ္ဂဟော ဏံသာမိ,ဖြင့် သာမိမှည့်။ ဆဋ္ဌီ သ-သက်။ သ-လာ။ ကပ်။ အပစ္စနောင် သက်သော သိ-ကို အံ-ပြု။ ဝသိဋ္ဌဿ အပစ္စံ,ဟု ဝါကျ။ ဝသိဋ္ဌဿ၊ ၏။ အပစ္စံ၊ တည်း။ ဣတိအတ္ထေ၊ ၌။ ဓာတုလိင်္ဂေဟိ ပရာပစ္စယာ, သုတ်ဖြင့် ဓာတ်လိင် တို့နောင်မှ ဝိဘတ် ပစ္စည်းသက်

http://www.dhammadownload.com

ရာ၏ ဟူ၍ ပရိဘာသာ လာသောကြောင့် ဝါကျာပစ္စေ, ဟူသော သုတ်ဖြင့် အပစ္စ အနက်၌ နှစ်ပုဒ်တို့၏ အလယ်၌ ဝသိဋ္ဌနေနာင် ဏ-ပစ္စည်းသက်။ ပရ သမညာ ပယောဂေ,ဖြင့် အပစ္စ တဒ္ဓိတ် အမည်မှည့်။ တေသံ, သုတ်၌ တေသံ သဒ္ဒါဖြင့် တဒ္ဓိတ်၏ ဝိဘတ် သ-ကိုခေ့။ ဝုတ္တတ္ထာန,ဖြင့် အပစ္စသဒ္ဒါ,သ-အာဂုံ ကိုခေ့။ တေသံဏော လောပံ,ဖြင့် ဏ-အနုဗန်ကိုခေ့။ ပစ္စည်း အ-ကြွင်းစေ။ ဝုဒ္ဓါဒိ သရဿ ဝါ သံယောဂန္တဿ သဏ္ဏေစ,ဖြင့် ဏ-အာဂရာ ရှိသော အ-ပစ္စည်း နှောင်း သောကြောင့် အစ၌ တည်သော သံယုဂ် အဆုံးမရှိသော အ-ကို အာ-ဝုဒ္ဓိပြု။ ဝ-အာ-သို့ကပ်။ ဋ္ဌ-ကိုခွင်း။ သရလော။ ပ။ ပကတိပြု။ ဋ္ဌ-အ-သို့ကပ်။ တဒ္ဓိတ,သုတ်ဖြင့် ဝါသိဋ္ဌ ဟူသော တဒ္ဓိတ်ပုဒ်ကို နာမ်ကဲ့သို့ငဲ့။ သိ-သက်။ ဋ္ဌ-ကိုခွင်း။ သိ-ကို ဩ-ပြု။ ခတ်။ ကပ်။ ဝါသိဋ္ဌော,ပြီး၏။

ဝိနတာသဒ္ဒါ, အပစ္စသဒ္ဒါ, တည်။ ၏,ကြောင့် သာမိအနက်ကို အလို ရှိရကား သာမိမှည့်။ ဆဋ္ဌီ သ-သက်။ တာ-ကိုခွင်း။ အာ-ကို ဃ-မှည့်။ ဃတောနာဒီနံ,ဖြင့် ဃ-နောင်မှ နှောင်းသော သ-ဝိဘတ်ကို အာဃ-ပြု။ သရလော။ ပ။ ပကတိပြု။ တ-အာ-သို့ကပ်။ အပစ္စ နောင် သိ-သက်။သိ-ကို အံ-ပြု။ ကပ်။ ဝိနတာဃ အပစ္စံ,ဟု ဝါကျ။ ဝိနတာဃ၊ ၏။ အပစ္စံ၊ တည်း။ ဣတိအတ္ထော၊ ၌။ ဓာတုလင်္ဂ်ဟိ ပရာပစ္စယာ,ကြောင့် ဏောယျော ကတ္တိကာဒီ ဟိ,ဖြင့် အပစ္စ အနက်၌ နှစ်ပုဒ်တို့၏ အလယ်၌ ဏောယျပစ္စည်းသက်။ အပစ္စ တဒ္ဓိတ်မှည့်မြဲ။ တေသံ,သုတ်၌ တေသံသဒ္ဒါဖြင့် တဒ္ဓိတ်၏ ဝိဘတ် သ-ကိုခေ့။ သိ-ကိုခေ့။ ဝုတ္တတ္ထာန,ဖြင့် အပစ္စပုဒ်ကိုခေ့။ တေသံဏောလောပံ, ဖြင့် ဏ-အနုဗန်ကိုခေ့။ ယျကြွင်းစေ။ ဝိ-ကိုခွင်း။ ဝုဒ္ဓါဒိ,ဖြင့် ဏ-အာဂရာ ရှိသော ယျပစ္စည်း နှောင်းသောကြောင့် အစ၌ ဘည်သော သံယုဂ် အဆုံးမရှိသော ဏ္ဏ-ကို ဧ-ဝုဒ္ဓိပြု။ ဝ-ဧ-သို့ကပ်။ တ-ကိုခွင်း။ သရလောပေါ, သုတ်ဖြင့် ယျ ပစ္စည်း နှောင်းသောကြောင့် ရှေ့ အာ-သရကိုခေ့။ နောက် ယျ ကိုလည်း ပကတိပြု။ တ-ဧ-သို့ကပ်။ တဒ္ဓိတ,သုတ်ဖြင့် ဝေနတေယျ ဟူသော တဒ္ဓိတ် ပုဒ်ကို နာမ်ကဲ့သို့ငဲ့။ သိ-သက်။ ယျ-ကိုခွင်း။ သိ-ကို ဩ-ပြု။ ခတ်။ ကပ်။ ဝေနတေယျော,ပြီး၏။

များသော စာကိုယ်တို့၌ တေသံ ဂဟဏေန သမာသ တဒ္ဓိတာချာတ ကိတကာနံ ပစ္စယပဒက္ခရာ ဂမဒနဥ္စလောပါ ဟောန္တိ,ဟု ရှိ၏။ရှိသည့်

http://www.dhammadownload.com

အတိုင်း ယောဇနာသည်။ စာကိုယ် ဥဒါဟရုဏ်၌ ချာသဆရာ ရုပ်စီရင်ဟန်ကို ရှုသော်ကား တေသံ ဂဟဏေန တဒ္ဓိတဿ ဝိဘတ္တိ ယော လောပါ ဟောန္တိ, ဤမျှသာ ရှိလို၏။ နိဒ္ဒေသ၌ကား ပါဠိ အကျယ် ရှိသင့်ကြောင်းကို အကျယ် ဆို၏။ တေသံ သဒ္ဒါဖြင့် ကျေဟန်,ဝုတ္တတ္ထာနမပ္ပ ယောဂေါ-ဖြင့် ကျေဟန်ကိုကား စာကိုယ်, ချာသ,ရူပသိဒ္ဓိ, နိဒ္ဒေသ, စသည်တို့နှင့် အညီ သုံးဆောင်အံ့သောငှာ အလွန်ခက်သည်။

ပဘံကရော, စသည်ကား စသဒ္ဒါ အကျိုးတည်း။ စောဒနာရသော ကြောင့် ကိုံဥဒါဟရုဏ်လည်းမည်၏။ **ပဘာသဒ္ဒူပ ပဒ-ကရ, သဒ္ဒါ**, တည်။ ကရ၊ ကရသဒ္ဒါကား။ ကရဏေ၊ ပြုခြင်း အနက်၌။ ဝတ္တတိ၊ ၏။ ကို, ဟူ၍ အနက်ပေးသောကြောင့် ပဘာနောင် အံ-သက်။ ဘာ-ကိုခွင်း။ သရ လော။ ပ။ ပကတိပြု။ ဘ-အံ-သို့ကပ်။ ရ-ကိုခွင်း။ ဓာတုဿန္တော လောပေါ နေကသရဿ,ဖြင့် များသော သရရှိသော ဓာတွန် အ-ကိုချေ။ပဘံ၊ အရောင် ကို။ကရောတိ၊ ပြုတော်မူတတ်၏။ ဣတိအတ္ထေ၊ ၌။ သဗ္ဗတောဏ္ဍုတွာဝီဝါ,ဖြင့် ကရဓာတ်နောင် အ-ပစ္စည်းသက်။ ရ-အ-သို့ကပ်။ တဒ္ဓိတ,နာမ်ငဲ့။သိ-သက်။ ရ-ကိုခွင်း။ သိ-ကို ဩ-ပြု။ သရလော။ ပ။ ပကတိပြု။ ပဘံ၊ အရောင်ကို။ ကရော၊ပြုတတ်သည်တည်း။ ဣတိအတ္ထေ၊၌။နာမာနံ သမာသော ယုတ္တတ္ထော, ဖြင့် သမာသ် အမည်မှည့်။ နာမာနံ သမာသော ယုတ္တတ္ထော,ဥဘေတပုရိသာ, သုတ်တို့ကို လိုက်စေ၍ အမာဒယော ပရပဒေဘိ, ဖြင့် တပုရိသ် အမည်မှည့်။ တေသံဝိဘတ္တိယော လောပေါစ, ဟူသော ဤသုတ်ဖြင့် သမာသ်၏ ဝိဘတ် အံ-သိ-တို့ကို ချေလုလတ်သည် ရှိသော် ဤသုတ်၌ စသဒ္ဒါ မြစ်သောကြောင့် မချေစရ။ ပဘံကရော,ပြီး၏။

ချာသ၌ ဝဂ္ဂန္တမပြု။ ပဘသဒ္ဒါသည် ဒ္ဓိလိင် ဖြစ်သောကြောင့် ပဘ, ပဘာ,နှစ်ပါးပင် တည်သင့်၏။ ပဘံကရောတိ-ဟု ရွတ်သည်ကား ပစ္စည်းကျကို ခံသည်။ ပဘံကရော, ဟု ရွတ်သည်ကား သမာသ သညာကို ခံသည်။ သမာသ်ပုဒ်မှ တပါးဖြစ်သော ကရောတိသဒ္ဒါကို သော်လည်းရွတ်အပ်၏။ ဤသည်လျှင် ကိတန္တသမာသ်၏ လက္ခဏာ

http://www.dhammadownload.com

တည်း။ ဆျာသနှင့်ညီ၏။နိဒ္ဒေသ၌ကား သမာသ် သက်သက် တဒ္ဓိတ, နာမ်ကဲ့သို့ငဲ့။ ဝါကျရုပ် ဖြစ်အောင် အံ-ဝိဘတ်, သြ-ပစ္စည်း, တိ-ဝိဘတ်, ကို ချေပြီးမှ အနက်ကြား၍ တေသံ သဒ္ဒါဖြင့် ဝိဘတ် စသည်ကို ချေ၍ စသဒ္ဒါဖြင့် ပဘံကရ,ဟု ပကတိ ခတ်၍ လုပ်သ တည်း။ သင့်သည်ချည်း ဆိုနိုင်သည်သာ အကြောင်းရင်းတည်း။

အမတသဒ္ဒူပ ပဒ ဒဒ,သဒ္ဒါ,တည်။ ဒဒ၊ ဒဒ သဒ္ဒါကား။ ဒါနေ၊ ပေးခြင်းအနက်၌။ ဝတ္တတိ၊ ၏။ ကို,ကြောင့် အမတနောင် အံ သက်။ တ-ကို ခွင်း။ သရလော။ ပ။ ပကတိပြု။ တ-အံ သို့ကပ်။ ဒ-ကိုခွင်း။ ဓာတုဿန္တော, ဖြင့် ဓာတွန်ကိုချေ။ အမတံ၊ နိဗ္ဗာန်ကို။ ဒဒါတိ၊ ပေးတော်မူတတ်၏။ ဣတိ အတ္ထေ၊ ၌။ သဗ္ဗတော ဏ္ဍုတွာဝီဝါ, ဖြင့် ဒဒဓာတ်နောင် အ-ပစ္စည်းသက်။ ဒ-အ-သို့ကပ်။ တဒ္ဓိတ,နာမ်ငဲ့။သိ-သက်။ ခွင်း။ သြ-ပြု။ ကပ်။ အမတံ၊နိဗ္ဗာန်ကို။ ဒဒေါ၊ ပေးတော်မူတတ်သည်တည်း။ သမာသ် စသည်မှည့်မြဲ။ ဤသုတ်ဖြင့် သမာသ်၏ ဝိဘတ် အံ-သိ တို့ကို ချေလုလတ်သည် ရှိသော်၊ ဤသုတ်၌ စသဒ္ဒါ မြစ်သောကြောင့် မချေစရ။ အမတံ ဒဒေါ,ပြီး၏။ ။**မေဓသဒ္ဒူပ ပဒ-ကရ,သဒ္ဒါ**,တည်။ ကရ၊ ကား။ ကရဏေ၊ ၌။ ဝတ္တတိ၊ ၏။ ကို, ဟူ၍ အနက် ပေးသောကြောင့် မေဓနောင် အံ-သက်။ သရလော။ ပ။ ပကတိပြု။ ကပ်။ ရ-ကိုခွင်း။ ဓာတွန်ကို ချေမြဲ။ မေဓံ၊ ပညာကို။ ကရောတိ၊ ပြုတော်မူတတ်၏။ ဣတိ အတ္ထေ၊ ၌။ အ-ပစ္စည်း သက်မြဲ။ ရ-အသို့ကပ်။ တဒ္ဓိတ, နာမ်ငဲ့။ သိ-သက်။ခွင်း။ သြ-ပြု။ကပ်။မေဓံ၊ ပညာကို။ ကရော၊ပြုတော်မူတတ်သည်တည်း။ ဣတိအတ္ထေ၊ ၌။ သမာသ်စသည်မှည့်မြဲ။ ဤသုတ်ဖြင့် သမာသ်၏ ဝိဘတ်တို့ကို ချေလုလတ်သည်ရှိသော် ဤသုတ်၌ စသဒ္ဒါမြစ်သောကြောင့် မချေစရ။ မေဓံကရော, ပြီး၏။ **ဒီပသဒ္ဒူပပဒ-ကရ,သဒ္ဒါ**တည်။ ကရ၊ သည်။ ကရဏေ၊ ပြုခြင်း၌။ ဝတ္တတိ၊ ၏။ ကို,ကြောင့် ဒီပနောင် အံ-သက်။ ခွင်း။ သရလော။ပ။ ပကတိပြု။ ပ-အံသို့ကပ်။ ရ-ကိုခွင်း။ ဓာတွန်ကိုချေ။ ဒီပံ၊ ပညာတည်းဟူသော ဆီမီးကို။ ကရောတိ၊ ၏။ ဣတိအတ္ထေ၊ ၌။ အ-ပစ္စည်းသက်မြဲ။ ရ-အသို့ကပ်။ နာမ်ငဲ့။ သိ-သက်။ ခွင်း။ သြ-ပြု။ ကပ်။ ဒီပံ၊ ပညာတည်းဟူသော ဆီမီးကို။ ကရော၊ ပြုတော်မူတတ်သည်တည်း။ ဤမျှ သာ ထူးသည်။ ဤလေးရုပ်ကား အလုတ္တသမာသ်ချည်း။ [ဤရုပ်ကား-

http://www.dhammadownload.com

အထက်ကိတ်ကျမ်း၌ ကုမ္ဘကာရော, အစရှိသည်နှင့် တူအောင် ဒျာသဆရာ စီရင်၏]။

၃၁၈။ ပကတီ စဿ သရန္တဿ

သရန္တဿ၊ သရအဆုံးရှိသော။ အဿ၊ ထိုလိင်၏။ ပကတီ* စ၊ ပကတိရုပ်တို့သည်လည်း။ ဟောန္တိ၊ ကုန်၏။ "သုတ်"။ လုတ္တာသု၊ ကျေကုန်ပြီးသော။ ဝိဘတ္တိသု၊ ဝိဘတ်တို့ကြောင့်။ သရန္တဿ၊ သော။ အဿလိင်္ဂဿ၊ ထိုလိင်၏။ ပကတိရူပါနိ၊ ပကတိရုပ်တို့သည်။ ဟောန္တိ၊ ကုန်၏။ စက္ခုစ၊ မျက်စိလည်း။ သောတဉ္စ၊ နားလည်း။ စက္ခုသောတံ၊ မျက်စိနား။ မုခဉ္စ၊ ခံတွင်းလည်း။ နာသိကဉ္စ၊ နှာခေါင်းလည်း။ မုခနာသိကံ၊ ခံတွင်းနှာခေါင်း။ ရညော၊ မင်း၏။ ပုတ္တော၊ သားတည်း။ ရာဇပုတ္တော၊ မင်း၏သား။ ရညော၊ မင်း၏။ ပုရိသော၊ အချင်းတည်း။ ရာဇပုရိသော၊ မင်း၏အချင်း။

စက္ခုသောတံ, မုခနာသိကံ, ရာဇပုတ္တော, ရာဇပုရိသော, ဟု နိပ္ပန္နသာ စာကိုယ်တို့၌ ရှိကုန်၏။ စက္ခုစ၊ သောတဉ္စ, အစရှိသော ဝါကျကို ကား- သိသာစိမ့်ဟု နောက်ဆရာတို့ ထားပြန်သည်။ အဗျယီဘော, စသည်တို့၌ ဒျာသဆရာဆိုတိုင်းကိုသာ မူလပါဌ်ဟု သိအပ်၏။

စက္ခုသဒ္ဒါ, စသဒ္ဒါ, သောတသဒ္ဒါ, စသဒ္ဒါ, တည်။ သိ-လေးလုံးသက်။ သေသတော, ဖြင့် စက္ခုနောင် သိ-ကိုချေ။ သဗ္ဗာသမာဝုသော, ဖြင့် စ-နိပါတ်နောင် သိ-ကိုချေ။ တ-ကိုခွင်း။ သိံ, ဖြင့် အံ-ပြု။ သရလော ။ပ။ ပကတိပြု။ တ-အံသို့ကပ်။ စဝဂ္ဂန္တ ဥ-ပြု။ စ-နောင် သိ-ကို သဗ္ဗာသမာဝုသော, ဖြင့်ချေ။ စက္ခုစ သောတဉ္စ, ဟု ဝါကျ။ စက္ခုစ၊ လည်း။ သောတဉ္စ၊ လည်း။ ဣတိအတ္ထေ၊ ၌။ သမာသ်မှည့်။ ဒွန်မှည့်။ တေသံ, သုတ်ဖြင့် သမာသ်၏ ဝိဘတ် သိ-ကိုချေ။ ဝုတ္တတ္ထာန, ဖြင့် စ-နိပါတ်တို့ကိုချေ။ ပကတီစဿ သရန္တဿ, ဟူသော ဤသုတ်ဖြင့် သရအဆုံးရှိသော စက္ခုသောတကို စက္ခုသောတ, ဟု ပကတိပြု။ [သောတ၌ တ-ကိုသာ ပကတိပြုသည်]။ သော နပုံသက လိင်္ဂေါ, ဒိဂုဿေကတ္တံ, သုတ်တို့သိုက်၍ "သုတ်တို့ကို လိုက်စေ၍, လည်းဟူ"။ တထာဒွန္ဒေပါဏိ တူရိယယောဂ္ဂသေနင် ခုဒ္ဒဇန္တုက ဝိဝိဓဝိရုဒ္ဓ ဝိသဘာ

---

*စသဒ္ဒေန ကိံသမုဒယ, ဣဒံပစ္စယတာဒီသု နိဂ္ဂဟိတဿာပိ။ (ရူပသိဒ္ဓိ)။

http://www.dhammadownload.com

ဂတ္ထာဒီနဉ္ဆ,ဟူသောသုတ်ဖြင့် ပါဏိအနက်ရှိသောစကျွေသောတကို နပုံးလည်း ငဲ့။ ကေတ်လည်းငဲ့။ တဒ္ဓိတ, နာမ်ငဲ့။ သိ-သက်။ ခွင်း။ အံ-ပြု။ သရလော ပေါ့,ခတ်။ တ အံသို့ကပ်။ စကျွသောတံ့ ပြီး၏။ [ပါဏိ, အနက်ဟူသည် ကား- သတ္တဝါ,ဟူသော အနက်ဟု ဆိုလိုသည်]။

မုခ,စ,နာသိကာ,စ,တည်။ သိ-လေးလုံးသက်။ မုခဉ္ဆ, နာသိကာစ, ဟု ဝါကျ။ [နာသိကာသဒ္ဒါကား- ဣတ္ထိလိင် အာကာရန္တတည်း]။ မုခဉ္ဆ၊ လည်း။ နာသိကာစ၊ လည်း။ ဣတိအတ္ထော၊ ဥ်။ နည်းတူလုပ်လေ။ မုခဉ်ဥ ခ, နာသိကာဥ် ကာ,ကို ပကတိပြုသည်သာ ထူးသည်။ ပြီး၏။ **ဇာဇသဒ္ဒါ, ပုတ္တသဒ္ဒါ**,တည်။ ဇာဇနောင် ဆဋ္ဌီ သ-သက်။ ဇာဇဿရညော ဇာဇိနော သေ,ဖြင့် သ-ဝိဘတ် နှောင်းသောကြောင့် ဝိဘတ်နှင့်တကွ အလုံးစုံသော ဇာဇသဒ္ဒါကို ရညော်ပြု။ ပုတ္တနောင် သိ-သက်။ ခွင်း။ ဩ-ပြု။ ရညော ပုတ္တော,ဟု ဝါကျ။ ရညော၊ ၏။ ပုတ္တော၊ တည်း။ ဣတိအတ္ထော၊ ဥ်။ နာမာနံ သမာသော ယုတ္တတ္ထော,ဖြင့် သမာသ်မှည့်။ နာမာနံ သမာသော ယုတ္တတ္ထော, **ဥဘောတပ္ပုရိသာ**,သုတ်တို့ကို လိုက်စေ၍ အမာဒယော ပရပဒေဘိ,ဖြင့် တပ္ပုရိသ် အမည်မှည့်။ တေသံ,သုတ်ဖြင့် သမာသ်၏ ဝိဘတ် သ-ကိုခေ့။ သိ-ကို ခေ့။ ဇာဇပုတ္တ,ဟု ပကတိပြု။ တဒ္ဓိတ,နာမ်ငဲ့။ သိ-သက်။ ခွင်း။ ဩ-ပြု။ ဇာဇ ပုတ္တော,ပြီး၏။ **ဇာဇသဒ္ဒါ, ပုရိသသဒ္ဒါ**,တည်။ ရညော ပုရိသော,ဟု ဝါကျဖြစ်စေ။ ရညော၊ မင်း၏။ ပုရိသော၊ တည်း။ ဣတိအတ္ထော၊ ဥ်။ လုပ်မြဲ။

ဤအရာ၌ တေသံ သုတ်ဖြင့် ဝိဘတ်ကျေသည်ရှိသော် ဇာဇပုတ္တ,သာ ရှိ၏ဟုဆို၏။ ဣသ,နိဒ္ဒေသ၌ ဤသို့မဆို။ ဝိဘတ်ကျေဟန်ကိုသာ ဆိုသည်။ ရွှေရုပ်တို့ကို ရွှေသော်ကား ဇာဇပုတ္တ,သာ ရှိခြင်းသည်သင့်၏။ ပုတ္တဥ် တွ-ကိုလည်း ပကတိပြုသည်။ စကျွ, သောတ, မုခနာသိက,ဤနှစ်ရုပ်ကား ဒွန်တည်း။ သမာဟာရ,အသမာဟာရ,နှစ်ပါးတို့တွင် နပုံကေတ် ငဲ့သောကြောင့် သမာဟာရတည်း။ နောက် နှစ်ရုပ်ကား ဆဋ္ဌီ တပ္ပုရိသ်တည်း။

၃၁၉။ ဥပသဂ္ဂ နိပါတာ ပုဗ္ဗကော အဇ္ဈယီဘာဝေါ

ဥပသဂ္ဂ နိပါတ ပုဗ္ဗကော၊ ဥပသာရပုဒ်၏အနက်, နိပါတ်ပုဒ်၏အနက်, သာလျှင် ပြဓာန်းခြင်းရှိသော သမာသ်သည်။ အဇျယီဘာဝေါ၊အဇျယီဘာဝ

http://www.dhammadownload.com

မည်၏။ ။"သုတ်"။ ။ဥပသဂ္ဂနိပါတ ပုဗ္ဗကော၊ ဥပသာရပုဒ်၏ အနက်, နိပါတ်ပုဒ်၏အနက်သာလျှင် ပြခန်းခြင်းရှိသော။ သမာသော၊ သမာသ်သည်။အဗျယီဘာဝသညော၊ အဗျယီဘာဝဟူသော အမည်ရှိသည်။ ဟောတိ၊ ၏။ယာကထာ၊အကြောင်စကားသည်။ နဂရဿ၊မြို့၏။သမီပေ၊အနီး၌။ ပဝတ္တတိ၊ ဖြစ်တတ်၏။ ဤတိတသ္မာ၊ ထိုသို့မြို့၏ အနီး၌ဖြစ်တတ်သည်၏ အဖြစ်ကြောင့်။ သာကထာ၊ ထိုစကားသည်။ ဥပနဂရံ၊ ဥပနဂရမည်၏။ ဒရထာနံ၊ ပူပန်ခြင်းတို့၏။ အဘာဝေါ၊မရှိခြင်းတည်း။ နိဒ္ဒရထံ၊ပူပန်ခြင်းတို့၏မရှိခြင်း။မကာသာနံ၊ မှက်တို့၏။ အဘာဝေါ၊ တည်း။ နိမ္မကသံ၊ မှက်တို့၏မရှိခြင်း။ ဝုစ္စာနံ၊ ကြီးကုန်သောသူတို့၏။ ပဋိပါဋိ၊ အစဉ်တည်း။ ယထာဝုဍ္ဎံ၊ ကြီးကုန်သောသူတို့၏ အစဉ်။ ဝါ၊ ကား။ ဝုစ္စာ၊ ကြီးကုန်သော။ ယေယေ၊ အကြင်အကြင်သူတို့ တည်း။ ယထာဝုဍ္ဎံ၊ ကြီးကုန်သော အကြင်အကြင်သူတို့။ ဇ်ဝဿ၊ အသက်၏။ ယတ္တကော–ပရိစ္ဆေဒေါ၊ အပိုင်းအခြားတည်း။ ယာဝဇ်ဝံ၊ အသက်၏ အပိုင်းအခြား။ ယေဓမ္မာ၊ အကြင်တရားတို့သည်။ စိတ္တံ၊ စိတ်ကို။ အဓိကိစ္စ၊ စွဲ၍။ ပဝတ္တန္တိ၊ ဖြစ်တတ်ကုန်၏။ ဤတိတသ္မာ၊ ထိုသို့စိတ်ကိုစွဲ၍ ဖြစ်တတ်ကုန်သော သတ္တိကြောင့်။ တေဓမ္မာ၊ ထိုတရားတို့သည်။ အဓိစိတ္တံ၊ အဓိစိတ္တ မည်၏။ ပဗ္ဗတဿ၊ ၏။ တိရော၊ တဘက်တည်း။ "အတ္ထင်းတည်း လည်းဟူ"။ တိရောပဗ္ဗတံ၊ တောင်၏တဘက်။ ယာနာဝါ၊ အကြင်လေ့သည်။ သောတဿ၊ အယာဉ်၏။ ပတိ၊ ရွှေရှု။ ပဝတ္တတိ၊ ဖြစ်တတ်၏။ ဤတိတသ္မာ၊ ထိုသို့အယဉ်၏ ရွှေရှု ဖြစ်တတ်သည်၏ သတ္တိကြောင့်။ သာနာဝါ၊ ထိုလေ့သည်။ ပတိသောတံ၊ ပတိသောတမည်၏။ ပါသာဒဿ၊ ပြသာဒ်၏။ အန္တေ၊ အတ္ထင်းတည်း။ အန္တေဝါသာဒံ၊ ပြာသာဒ်၏အတ္ထင်း။ [ဥပသာရပုဒ်,နိပါတ်ပုဒ်, အနက်ပြခန်းဟန်ကို ရှုရှု အနက်နှင့်အညီ အရကိုသိရာ၏]။ ။အဗျယီဘာဝ မိစ္ဆနေနကွတ္ထော၊ အံဝိဘတ္တိန မကာရန္တာ အဗျယီဘာဝါ။ ဘော အာစရိယ၊ ဆရာ။ အဗျယီဘာဝမိစ္ဆနေန–အဗျာယီဘာဝ ဤတိအနေန သညာကရဏေန၊ အဗျယီဘာဝဟူသော ဤအမည်ကို ပြုသဖြင့်။ ကွတ္ထောကော အတ္ထော၊ နည်း။ (တနည်းကား)။ ကွ–ကတရသ္မိံ သုတ္တေ၊ ၌။ အတ္ထော–ပယောဇနံ၊ သည်။ ဘဝတိ၊ နည်း။ ဘောသိဿ၊ ပည့်။ အံဝိဘတ္တိနမကာရန္တာ အဗျယီဘာဝါ, ဤတိအာဒီသု သုတ္တေသု၊ အံဝိဘတ္တိနမကာရန္တာ အဗျယီ

http://www.dhammadownload.com

ဘာဝါ, ဤသို့ အစရှိကုန်သော သုတ်တို့၌။ အတ္ထော-ပယောဇနံ၊ အဗျယီဘဲဝဟု ခေါ်ဝေါ်ခြင်း အကျိုးရှိသည်။ ဘဝတိ၊ ၏။

ဥပသဒ္ဒါ,နဂရသဒ္ဒါ, တည်။ လိင်အနက်ကို အလိုရှိရကား လိင်္ဂတ္ထော ပဌမာ,ဖြင့် လိင်အနက်ကိုဟောကာမျှတည်းသော ဥပသဒ္ဒါ၏နောင် ပဌမာဝိဘတ် ကေဝုစ် သိ-သက်။ သဗ္ဗာသမာဝုသော,ဖြင့် ဥပဟူသော ဥပသာရပုဒ် နောင်မှ နှောင်းသော သိ-ဝိဘတ်ကိုခေါ့။ ၏,ကြောင့် နဂရနောင် ဆဋ္ဌီဝိဘတ် ကေဝုစ် သ-သက်။ သ-လာ။ ကပ်။ ယာကထာ၊ အကြင်စကားသည်။ နဂရဿ၊ မြို့၏။ သမီပေ၊ အနီး၌။ ပဝတ္တတိ၊ ၏။ ဣတိအတ္ထော၊ ၌။ **နာမာနံ** သမာသော ယုတ္တတ္ထော,ဖြင့် သမာသ်မှည့်။ ဥပသဂ္ဂနိပါတပုဗ္ဗကော အဗျယီဘာဝေါ,ဟူသော ဤသုတ်ဖြင့် အဗျယီဘာဝ ဟူ၍ အမည်မှည့်။ တေသံ, သုတ်ဖြင့် သမာသ်၏ဝိဘတ် သ-ကိုခေါ့။ ဝုတ္တတ္ထာနု,ကြောင့် သ-အာဂုမ်ကို ခေါ့။ သရရှိငြားသော်လည်း ပဇ္ဈုန္နဂတိက နည်းအားဖြင့် ပကတိစဿ သရန္တဿ,သုတ်ဖြင့် သရအဆုံးရှိသော ဥပနဂရကို ဥပနဂရဟူ၍ ပကတိပြု။ တဒ္ဓိတ,နာမ်ငဲ့။ သိ-သက်။ ရ-ကိုခွင်း။ အံဝိဘတ္တိနမကာရန္တာအဗျယီဘာဝေါ, ဖြင့် အကာရန္တအဗျယီဘာဝ သမာသ်နောင်မှ နှောင်းသော သိ-ဝိဘတ်ကို အံ-ပြု။ သရလော။ ပ။ ပကတိပြု။ ရ-အံသို့ကပ်။ ဥပနဂရံ,ပြီး၏။

ဤရုပ်ကား ဥပနဂရ,ဟု အဖြောင့်တည်၍ နဂရဿသမီပေ ပဝတ္တတိ ဟူ၍ ပုဒ်တပါးဖြင့် အနက်ကို ကြားသတည်း။

(တနည်းကား)။ **နဂရသဒ္ဒါ, သမီပသဒ္ဒါ,** တည်။ ၏,ကြောင့် နဂရနောင် ဆဋ္ဌီဝိဘတ် ကေဝုစ် သ-သက်။သ-လာ။ကပ်။ **သမီပ**နောင် သို့ သက်။ ပ-ကိုခွင်း။ သွာသို့ နံဝါ,ဖြင့် သို့ ဝိဘတ်ကို ဧ-ပြု။ ကပ်။ ယာကထာ၊ သည်။ နဂရဿ၊ ၏။ သမီပေ၊ ၌။ ပဝတ္တတိ၊ ၏။ ဣတိအတ္ထော၊ ၌။ သမာသ်မှည့်။ ဤသုတ်ဖြင့် အဗျယီဘာဝ ဟူ၍ အမည်မှည့်။ တေသံ, သုတ်ဖြင့် သမာသ်၏ ဝိဘတ် သ-ကိုခေါ့။ သို့-ကိုခေါ့။ ဝုတ္တတ္ထာနု,ကြောင့် သ-အာဂုမ်ကိုခေါ့။ ပကတိစဿသရန္တဿ,ဖြင့် နဂရသမီပ ဟူ၍ ပကတိပြု။ တေသု ဝုဒ္ဓိလောပါဂမ ဝိကာရ ဝိပရိတာဒေသာစ,ဖြင့် သမီပပုဒ်ကို သမီပ အနက်ရှိသော် ဥပ-ပြု။ ဟေဋ္ဌုပရိယာယ ဝသေန ဝဏ္ဏ ဝိပရိယယော၊ အောက်အထက် ပြန်သော အားဖြင့် ဝဏ္ဏ၏ ဘောက်ပြန်ခြင်းသည် ဖြစ်ရာ၏,ဟူ၍ ပရိဘာသာ လာသော

http://www.dhammadownload.com

ကြောင့် တေသုဝုဒ္ဓိ,ဖြင့် နဂရဥပကို ဥပနဂရ ဟူ၍ပြန်။ တဒ္ဓိတ, နာမ်ငဲ့။ သိ-သက်။ ရ-ကိုခွင်း။ အံ-ဝိဘတ္တိ နမကာရန္တာ အဗျာယီဘာဝါ, ဖြင့် အကာရန္တ အဗျယီ ဘာဝ သမာသ်နောင်မှ နှောင်းသော သိ-ဝိဘတ်ကို အံ-ပြု။ သရလော။ ပ။ ပကတိပြု။ ရ-အံ-သို့ကပ်။ ဥပနဂရံ,ပြီး၏။

[ဤရုပ်ကား-နဂရသမီပ, ဟူ၍ အနက်သို့ လိုက်၍ တည်ပြီးမှ သမီပကို သမီပအနက် ရှိသော ဥပပြု၍ လုပ်သည်။ ဤသို့ နှစ်နည်းလုပ်။ လုပ်ဟန်ကို ကား သဒ္ဒနီတိကိုကြည့်၍ သိအပ်၏။ နောက်ရုပ်တို့ကိုလည်း ဤအတူ ကြံအပ်ကုန်၏။ ဤနှစ်ရုပ်၌ အရကား မြို့၏အနီး ဖြစ်သော စကားရ၏။ မြို့ မရ၊ အဗျယီဘာဝ သမာသ် ခုနစ်ပါးတို့တွင် နောက်ပုဒ်၌ ဆဋ္ဌီ အဗျယီ ဘာဝ တည်း]။ ။**နိ-သဒ္ဒါ,ဒရထသဒ္ဒါ,**တည်။ နိ-နောင် သိ-သက်။ သမ္ဗာသမာဝုသော,ဖြင့် နိ-ဟူသော ဥပသာရပုဒ်နောင်မှ နှောင်းသော သိ-ဝိဘတ်ကိုချေ။ တို့၏,ကြောင့် ဒရထနောင် ဆဋ္ဌီ ဝိဘတ်ဗဟုဝုစ် နံ-သက်။ထ-ကိုခွင်း။ သုနံဟိသုစ,ဖြင့် နံ-ဝိဘတ် နှောင်းသောကြောင့် ရှေ့သရ ထ-၏ အစိတ် အ-ကို အာဒီဃပြု။ ထ-အာ-သို့ကပ်။ဒရထာနံ၊ ပူပန်ခြင်းတို့၏။ အဘာဝေါ၊ မရှိခြင်းတည်း။ ဣတိအတ္ထော၌။ သမာသ်မှည့်။ဤသုတ်ဖြင့် အဗျယီဘာဝမှည့်။ တေသံ,သုတ်ဖြင့် သမာသ်၏ ဝိဘတ် နံ-ကိုချေ။ နိဒရထာ, ဟု ပကတိပြု။ နိကိုခွင်း။ ပရဒ္ဓေဘာဝေါ ဌာနေ,ဖြင့် ဣ-သရ နောင်မှ နှောင်းသော ဒန္တဇ တတိယာကွရာ ဒ-နှင့် ဒ-ကို သဒိသဒ္ဓေဘော်ပြု။ န-ဣသို့ကပ်။ ဒ-ဒ သို့ကပ်။ တဒ္ဓိတ,နာမ်ငဲ့။ သိ-သက်။ ထ-ကိုခွင်း။ အံဝိဘတ္တိန မကာရန္တာ,ဖြင့် လုပ်မြဲ။ နိဒ္ဒရထံ,ပြီး၏။ (အရကား-ငြိမ်းတတ်သော သဘောတည်း။ ဆဋ္ဌီ အဗျယီ ဘာဝတည်း)။ ။**နိမ္မကသံ**,ကိုလည်း နိ-သဒ္ဒါ,မကသ သဒ္ဒါ,တည်။ဝိဘတ် သံကိုမြဲ။ မကသာနံ အဘာဝေါ,ဟု ဝါကျ။ မကသာနံ။ မှက်တို့၏။ အဘာဝေါ၊ မရှိခြင်းတည်း။ ဣတိအတ္ထော၊ ၌။ သမာသ်မှည့်။ အဗျယီ ဘာဝမှည့်၍ လုပ်မြဲ။ (အရကား-မှက်တို့၏ မရှိခြင်း ဟူသော အဘာဝ ပညတ်ရ၏။ ဆဋ္ဌီ အဗျယီ ဘာဝတည်း။ ။မသကပုဒ်နေကို ဝဏ္ဏဝိပရိယယ အားဖြင့် ပြန်၍ မကသ,ဟု ရှိလေသည်)။ ။**ယထာသဒ္ဒါ, ဝုဗ္ဗသဒ္ဒါ,**တည်။ ယထာနောင် သိ-သက်။သမ္ဗာသမာဝုသော,ဖြင့် ယထာ ဟူသော နိပါတ်နောင် သက်သော သိ-ဝိဘတ်ကိုချေ။ တို့၏, ကြောင့် ဝုဗ္ဗနောင် ဆဋ္ဌီဝိဘတ် ဗဟုဝုစ် နံ-သက်။

http://www.dhammadownload.com

ဖု-ကိုခွင်း။ သုနံဟိသုစ,ဖြင့် ဒီဃပြု။ ဝုဖုာနံ၊ ကြီးကုန်သော သူတို့၏။ပဋိပါဋိ၊ အစဉ်တည်း။ ဣတိအတ္ထေ၊ ၌။ သမာသ်မှည့်။ အဗျယီ ဘာဝမှည့်။ တေသံ, သုတ်ဖြင့် သမာသ်၏ ဝိဘတ် နံ-ကိုချေ။ ယထာဝုဖု,ဟု ပကတိပြု။ တဒ္ဓိတ, နာမ်ငဲ့။ သိ-သက်။ ဖု-ကိုခွင်း။ အံ-ဝိဘတ္တိ, သုတ်ဖြင့် လုပ်မြဲ။ ယထာဝုဖုံ, ပြီး၏။ (အရကား အကြီးတို့၏ အစဉ်ရ၏။ ဆဋ္ဌီ အဗျယီ ဘာဝတည်း)။ (တနည်းကား)။ **ယထာသဒ္ဒါ,ဝုဇုသဒ္ဒါ**,တည်။ ယထာနောင် ပဋမာ-ယောသက်။ ဝုဖုနောင် ပဋမာ-ယောသက်။ သဗ္ဗာသမာ,ဖြင့် ယထာဟူသော နိပါတ်ပုဒ် နောင်မှ သက်သော ပဋမာ-ယော ဝိဘတ်ကိုချေ။ ဖု-ကိုခွင်း။ သဗ္ဗ ယောနိနမာဧ,ဖြင့် ပုလ္လိင် အကာရန္တ နောင်မှ နှောင်းသော ပဋမာ-ယော ဝိဘတ်ကို အာ-ပြု။ သရလော။ ပ။ ပကတိပြု။ ဖု-အာသို့ကပ်။ ဝုဖုာ၊ ကြီးကုန်သော။ ယေယေ၊ အကြင် အကြင်သူတို့တည်း။ဣတိအတ္ထေ၊ ၌။ သမာသ်မှည့်။ အဗျယီဘာဝမှည့်။ တေသံ,သုတ်ဖြင့် သမာသ်၏ ဝိဘတ် ယော-ကိုချေ။ယထာ ဝုဖု,ဟု ပကတိပြု။ တဒ္ဓိတ, နာမ်ငဲ့။ ပဋမာ ဗဟုဝုစ် ယော-သက်။ ဖု-ကိုခွင်း။ အံဝိဘတ္တိ, ဖြင့် အကာရန္တ အဗျယီဘာဝ သမာသ် နောင်မှ နှောင်းသော ယော ဝိဘတ်ကို အံ-ပြု။ သရလော။ပ။ ပကတိပြု။ ဖု-အံသို့ကပ်။ ယထာဝုဖုံ, ပြီး၏။ (အရကား အကြီးတို့၏ အပေါင်းရ၏။ ပဋမာအဗျယီဘာဝတည်း)။ **ယာဝသဒ္ဒါ, ဇီဝသဒ္ဒါ**,တည်။ ယာဝနောင် သိ-သက်။ သဗ္ဗာသမာ,ဖြင့် ယာဝဟူသော နိပါတ်ပုဒ်နောင်မှ နှောင်းသော သိ-ဝိဘတ်ကိုချေ။ ၏, ကြောင့် ဇီဝနောင် ဆဋ္ဌီ သ-သက်။ သ-လာ။ ကပ်။ ဇီဝဿ၊ အသက်၏။ ယတ္တကော ပရိစ္ဆေဒေါ၊ အပိုင်းအခြားတည်း။ ဣတိအတ္ထေ၊၌။ သမာသ်မှည့်။ အဗျယီဘာဝမှည့်။တေသံ,သုတ်ဖြင့် သမာသ်၏ဝိဘတ် သ-ကိုချေ။ ဝုတ္တတ္ထာန, ဖြင့် သ-အာဂုမ်ကိုချေ။ ယာဝဇီဝ,ဟု ပကတိပြု။ တဒ္ဓိတ,နာမ်ငဲ့။ သိ-သက်။ ဝ-ကိုခွင်း။ အံဝိဘတ္တိ,သုတ်ဖြင့် လုပ်မြဲ။ ယာဝဇီဝံ,ပြီး၏။ (အရကား အသက် အပိုင်းအခြား ကာလ ရ၏။ ဆဋ္ဌီ အဗျယီဘာဝတည်း)။ ။**အဓိသဒ္ဒါ, စိတ္တသဒ္ဒါ**,တည်။ အဓိနောင် ပဋမာ ဗဟုဝုစ် ယော-သက်။ သဗ္ဗာသမာ, ဖြင့် အဓိဟူသော ဥပသာရပုဒ် နောင်မှ နှောင်းသော ယော-ဝိဘတ်ကိုချေ။ ကို,ကြောင့် စိတ္တနောင် အံ-သက်။ တ-ကိုခွင်း။ သရလော။ပ။ ပကတိပြု။ ကပ်။ ယေဓမ္မာ၊ အကြင်တရားတို့သည်။ စိတ္တံ၊ စိတ်ကို။ အဓိကိစ္စ၊ စွဲကုန်၍။

http://www.dhammadownload.com

ပဝတ္တန္တိ၊ ဖြစ်တတ်ကုန်၏။ ဣတိအတ္ထော၊ ၌။ သမာသ်မှည့်။ အဗျယီဘာဝမှည့်။ တေသံ,သုတ်ဖြင့် သမာသ်၏ ဝိဘတ် အံ-ကိုခေ့။ အဓိစိတ္တ,ဟု ပကတိပြု။ တဒ္ဓိတ,နာမ်ငဲ့။ ပဌမာ ဗဟုဝုစ် ယော-သက်။ တ္တ-ကိုခွင်း။ အံဝိဘတ္တိနမကာရန္တာ,သုတ်ဖြင့် လုပ်မြဲ။ အဓိစိတ္တံ,ပြီး၏။ (အရကား စိတ်ကိုစွဲ၍ ဖြစ်သော တရားရ၏။ ဒုတိယာ အဗျယီဘာဝတည်း)။ ။**တီရောသဒ္ဒါ, ပဗ္ဗတသဒ္ဒါ,**တည်။ တီရောနောင် ပဌမာ သိ-သက်။ သဗ္ဗာသမာ ဝုသော,ဖြင့် တီရော ဟူသော နိပါတ်ပုဒ်နောင်မှ နှောင်းသော သိ-ကိုခေ့။ ၏,ကြောင့် ပဌတနောင် ဆဋ္ဌီ သ-သက်။ သ-လာ။ ကပ်။ ပဗ္ဗတဿ၊ တောင်၏။ တီရော၊ အတ္ထင်းတည်း။ "တဘက်တည်း,လည်းဟူ"။ ဣတိအတ္ထော၊ ၌။ သမာသ်မှည့်။ တေသံ,သုတ်ဖြင့် သမာသ်၏ ဝိဘတ် သ-ကိုခေ့။ ဝုတ္တတ္ထာန,ဖြင့် သ-အာဂုမ်ကိုခေ့။ တီရောပဗ္ဗတ,ဟု ပကတိပြု။ တဒ္ဓိတ,နာမ်ငဲ့။ သိ-သက်။ အံ-ဝိဘတ္တိ, သုတ်ဖြင့် လုပ်မြဲ။ တီရောပဗ္ဗတံ,ပြီး၏။ (အရကား တောင်၏ တဘက်ရ၏။ ဆဋ္ဌီ အဗျယီဘာဝတည်း)။ ။**ပတိသဒ္ဒါ, သေတသဒ္ဒါ,**တည်။ ပတိနောင် သိ-သက်။ သဗ္ဗာသမာ,ဖြင့် ပတိဟူသော ဥပသဂ္ဂရ ပုဒ်နောင်မှ နှောင်းသော သိ-ဝိဘတ်ကိုခေ့။ ၏,ကြောင့် သေတနောင် ဆဋ္ဌီ သ-သက်။ သ-လာ။ ကပ်။ ယာနာဝါ၊ အကြောင်လေ့သည်။ သေတဿ၊ အယဉ်၏။ ပတိ၊ ရွှေရှု။ "အညာဒ္ဒါရွှေရှု,လည်းဟူ"။ ဝတ္တတိ၊ ၏။ ဣတိအတ္ထော၊ ၌။ သမာသ်မှည့်။ အဗျယီဘာဝမှည့်။ တေသံ,သုတ်ဖြင့် သမာသ်၏ ဝိဘတ် သ-ကိုခေ့။ ဝုတ္တတ္ထာန,ဖြင့် သ-အာဂုမ်ကိုခေ့။ ပတိသေတ,ဟု ပကတိပြု။ တဒ္ဓိတ, နာမ်ငဲ့။ သိ-သက်။ အံဝိဘတ္တိ,သုတ်ဖြင့် လုပ်မြဲ။ ပတိသေတံ,ပြီး၏။ (အရကား ရေယဉ်၏ ရွှေ၌ တည်သောလေ့ ရ၏။ ဆဋ္ဌီ အဗျယီဘာဝတည်း)။ ။**အန္တေဝါသဒ္ဒါ,ပါသာဒသဒ္ဒါ,**တည်။ အန္တေဝါနောင် သိ-သက်။ သဗ္ဗာသမာ,ဖြင့် အန္တေဝါဟူသော နိပါတ်ပုဒ်နောင်မှ နှောင်းသော သိ-ဝိဘတ်ကိုခေ့။ ၏,ကြောင့် ပါသာဒနောင် ဆဋ္ဌီ သ-သက်။ သ-လာ။ ကပ်။ ပါသာဒဿ၊ ပြာသာဒ်၏။ အန္တေဝါ၊ အတ္ထင်းတည်း။ ဣတိအတ္ထော၊ ၌။ သမာသ်မှည့်။ အဗျယီဘာဝမှည့်။ တေသံ,သုတ်ဖြင့် သမာသ်၏ သ-ကိုခေ့။ ဝုတ္တတ္ထာန, ကြောင့် သ-အာဂုမ်ကိုခေ့။ အန္တေဝါသာဒ,ဟု ပကတိပြု။ တဒ္ဓိတ,နာမ်ငဲ့။ သိ-သက်။ ဒ-ကိုခွင်း။ အံ-ဝိဘတ္တိနမကာရန္တာ အဗျယီဘာဝါ, သုတ်ဖြင့်

http://www.dhammadownload.com

အကာရန္တ အဗျယီဘာဝ သမာသ်နောင်မှ နှောင်းသော သိ-ဝိဘတ်ကို အံ-ပြု။ သရလော။ပ။ ပကတိပြု။ ဒ-အံ-သို့ကပ်။ အန္တောပါသာဒံ, ပြီး၏။ (အရကား ပြသာဒ်၏ အတွင်းရှ၏။ ဆဋ္ဌီ အဗျယီဘာဝတည်း)။

၃၂၀။ သော နပုံသက လိင်္ဂေါ

သော၊ ထိုအဗျယီဘာဝ သမာသ်ကို။ နပုံသကလိင်္ဂေါ၊ နပုံလိင်ဟူ၍သာလျှင်။ ဒဋ္ဌဗ္ဗော၊ ၏။ ။"သုတ်"။ ။သော အဗျယီဘာဝသမာသော၊ ထိုအဗျယီဘာဝသမာသ်ကို။ နပုံသကလိင်္ဂေါ၊နပုံလိင်ဟူ၍သာလျှင်။ ဒဋ္ဌဗ္ဗော၊ မှတ်အပ်၏။ ကုမာရီသု၊ သတ္တိသမီးတို့၌။ အဓိကိစ္စ၊ စဲ၍။ ယာကထာ၊ သည်။ ပဝတ္တတိ၊ ၏။ ဣတိ၊ ထိုသို့ သတ္တိသမီးတို့၌ စဲ၍ဖြစ်တတ်သည်၏ သတ္တိကြောင့်။ သာကထာ၊ သည်။ အဓိကုမာရိ၊ အဓိကုမာရိဟူသော အမည်ရှိ၏။ ဝဓုယာ၊ ခွေးမ၏။ သမီပေ၊ အနီး၌။ ယာကထာ၊ သည်။ ပဝတ္တတိ၊ ၏။ ဣတိ၊ ထိုသို့ ခွေးမ၏အနီး၌ ဖြစ်တတ်သည်၏သတ္တိကြောင့်။ သာကထာ၊ သည်။ ဥပဝဓု၊ ဥပဝဓုဟူသော အမည်ရှိ၏။ ဂင်္ဂါယ၊ ဂင်္ဂါ၏။ သမီပေ၊ အနီး၌။ ယာကထာ၊ သည်။ ပဝတ္တတိ၊၏။ ဣတိ၊ထိုသို့ဂင်္ဂါ၏ အနီး၌ဖြစ်တတ်သည်၏သတ္တိကြောင့်။ သာကထာ၊ သည်။ဥပဂင်္ဂံ၊ ဥပဂင် ဟူသော အမည်ရှိ၏။ မဏိကာယ၊ မဏိကာ အမည်ရှိသော မိန်းမ၏။ သမီပေ၊ ၌။ ယာကထာ၊ သည်။ ပဝတ္တတိ၊ ၏။ ဣတိ၊ ထိုသို့မဏိကာ အမည်ရှိသော မိန်းမ၏ အနီး၌ဖြစ်တတ်သည်၏ သတ္တိကြောင့်။ သာကထာ၊သည်။ ဥပမဏိကံ၊ ဥပမဏိက ဟူသော အမည်ရှိ၏။

အဓိသဒ္ဒါ, ကုမာရီသဒ္ဒါ, တည်။ အဓိနောင် သိ-သက်။ သဒ္ဒသမာဝုသော,ဖြင့် အဓိဟူသော ဥပသာရပုဒ် နောင်မှ နှောင်းသော သိ-ဝိဘတ်ကို ခေျ။ တို့၌,ကြောင့် ကုမာရီနောင် သု-သက်။ ယာကထာ၊ သည်။ ကုမာရီသု၊ တို့၌။ အဓိကိစ္စ၊ စဲ၍။ ပဝတ္တတိ၊ ၏။ ဣတိအတ္ထော၊ ၌။ သမာသ်မှည့်။ အဗျယီဘာဝမှည့်။ တေသံ,သုတ်ဖြင့် သမာသ်၏ ဝိဘတ် သု-ကိုခေျ။ သောနပုံသကလိင်္ဂေါ,ဟူသော ဣသုတ်ဖြင့် အဗျယီဘာဝ၏ အဖြစ် အားဖြင့် တည်သော ကုမာရီ ဟူသော ဣတ္ထိလိင်ကို နပုံလိင်ကဲ့သို့ငဲ့။ တဒ္ဓိတ,နာမ်ငဲ့။ သိ-သက်။ ရ-ကိုခွင်း။ သရောရဿော နပုံသကေ,ဖြင့် ရိ-၏အစိတ် ဣ-ကို ဣ-ရဿပြု။ ရ-ဣ-သို့ကပ်။ အညသ္မာ လောပေါစ,ဖြင့် ဣကာရန္တ အဗျယီဘာဝ နောင်မှ

http://www.dhammadownload.com

နှောင်းသော သိ-ဝိဘတ်ကိုခေျ။ အဓိကုမာရိ,ပြီး၏။ (အရကား စကားရ၏။ သတ္တမီ အဗျယီဘာဝတည်း)။

ဥပသဒ္ဒါ,ဝနူသဒ္ဒါ,တည်။ဥပနောင် သိ-သက်။ သဗ္ဗာသမာ,ဖြင့် ဥပ ဟူသော ဥပသာရ နောင်မှ နှောင်းသော သိ-ဝိဘတ်ကိုခေျ။ ၏,ကြောင့် ဝမူ နောင် ဆဒ္ဒိ သ-သက်။ ဓ-ကိုခွင်း။ တေဏ္ဍတ္ထိချာပေါ်, ဖြင့် ဏ္ဍတ္ထိလိင်ကို ဟောသော ဉိ-ကို ပ-မှည့်။ အဃောရဿ, ဖြင့် ဃ မဟုတ်လော ပ-အမည် ရှိသော ဉိ-ကို ဥရဿပြု။ပတောယာ,ဖြင့် ပ-နောင်မှနှောင်းသော သ-ဝိဘတ် ကို ယာ-ပြု။ ဓ-ဥ-သို့ကပ်။ ယာကဇာ၊ သည်။ ဝဓုယာ၊ ချေးမ၏။ သမီပေ၊ ၌။ ပဝတ္တာတိ၊ ၏။ ဏ္ဍတ်အတ္ထေ၊ ၌။ သမာသ်မှည့်။ အဗျယီဘာဝမှည့်။ တေသံ, သုတ်ဖြင့် သမာသ်၏ ဝိဘတ် သ-ကိုခေျ။ ပကတိပြု။ သော နပုံသကလိင်္ဂေါ်, ဟူသော ဤသုတ်ဖြင့် အဗျယီဘာဝ၏ အဖြစ်အားဖြင့် တည်သော ဏ္ဍတ္ထိလိင် ကို နပုံလိင်ကဲ့သို့ငဲ့။ တဒ္ဓိတ,နာမ်ငဲ့။ သိ-သက်။ ဓ-ကိုခွင်း။ သရောရဿော နပုံသကေ,ဖြင့် ဓူ-၏ အစိတ် ဉိ-ကို ဥရဿပြု။ ဓ-ဥ-သို့ကပ်။ အညသ္မာလော ပေါ်စ,ဖြင့် ဥကာဂမန္တ အဗျယီဘာဝ နောင်မှ နှောင်းသော သိ-ဝိဘတ်ကိုခေျ။ ဥပဝမှု,ပြီး၏။ (အရကား စကားရ၏။ ဆဒ္ဒိ အဗျယီဘာဝတည်း)။

ဥပသဒ္ဒါ,ဂင်္ဂါသဒ္ဒါ,တည်။ ဥပနောင် သိ-သက်။ခေျမြဲ။ ၏,ကြောင့် ဂင်္ဂါနောင် ဆဒ္ဒိ သ-သက်။ ဂ်-ကိုခွင်း။ ဏ္ဍတ္ထိလိင်ကို ဟောသော အာ-ကို ဃ-အမည်မှည့်။ ဃတောနာဒီနံ,ဖြင့် ဃ-နောင်မှ နှောင်းသော သ-ဝိဘတ် ကို အာယပြု။ သရလော။ ပ။ ပကတိပြု။ ဂ်-အာ-သို့ကပ်။ ယာကဇာ၊ သည်။ ဂင်္ဂါယ၊ မြစ်၏။ သမီပေ၊ အနိ်း၌။ ပဝတ္တာတိ၊ ၏။ ဏ္ဍတိအတ္ထေ၊ ၌။ သမာသ်မှည့်။ အဗျယီဘာဝမှည့်။ တေသံ, သုတ်ဖြင့် သမာသ်၏ ဝိဘတ် သ-ကိုခေျ။ ပကတိပြု။ သော နပုံသက လိင်္ဂေါ်,ဟူသော ဤသုတ်ဖြင့် အဗျယီဘာဝ၏ အဖြစ်အားဖြင့် တည်သော ဂင်္ဂါဟူသော ဏ္ဍတ္ထိလိင်ကို နပုံလိင်ကဲ့သို့ငဲ့။တဒ္ဓိတ, နာမ်ငဲ့။ သိ-သက်။ ဂ်ါ-ကိုခွင်း။ သရောရဿော နပုံသကေ, ဖြင့် ဂ်ါ-၏ အစိတ် အာ-ကို အ-ရဿပြု။ အံ-ဝိဘတ္တိနမကာစရန္တာ အဗျယီဘာဝါ, ဖြင့် အကာရန္တ အဗျယီဘာဝ သမာသ် နောင်မှ နှောင်းသော သိ-ဝိဘတ်ကို အံ-ပြု။ သရလော။ ပ။ ပကတိပြု။ ဥပဂင်္ဂံ,ပြီး၏။ (အရကား စကားရ၏။ ဆဒ္ဒိ အဗျယီဘာဝတည်း)။

http://www.dhammadownload.com

ဥပသဒ္ဒါ, မဏိကာသဒ္ဒါ, တည်။ ဥပနောင် သိ-သက်။ ချေမြဲ။ ၏, ကြောင့် မဏိကာနောင် ဆဒ္ဒိ သ-သက်။ ကာ-ကိုခွင်း။ အာ-ကို ဃ-မှည့်။ သ-ဝိဘတ်ကို အာယပြုမြဲ။ သရလော။ ပ။ ပကတိပြု။ ကပ်။ ယာကထာ၊ သည်။ မဏိကာယ၊ မဏိကာ အမည်ရှိသော မိန်းမ၏။ သမီပေ၊ အနီး၌။ပဝတ္တတိ၊ ၏။ ဣတိအတ္ထော၊ ၌။ သမာသ်မှည့်။ အဗျယီဘာဝမှည့်။ တေသံ, သုတ်ဖြင့် သမာသ်၏ ဝိဘတ် သ-ကိုချေ။ ပကတိပြု။ ဤသုတ်ဖြင့် အဗျယီ ဘာဝ၏ အဖြစ်အားဖြင့် တည်သော မဏိကာ ဟူသော ဣတ္ထိလိင်ကို နပုံလိင် ကဲ့သို့။ သိ-သက်။ ကာ-ကိုခွင်း။ သရောရဿော နပုံသကေ, ဖြင့် ကာ-၏ အစိတ် အာကို ရဿပြု။ အံ-ဝိဘတ္တိ နမကာရန္တာ အဗျယီ ဘာဝါ, ဖြင့် အကာရန္တ အဗျယီဘာဝ သမာသ်နောင်မှနောင်းသော သိ-ဝိဘတ်ကို အံ-ပြု။သရလော။ ပ။ ပကတိပြု။ ကပ်။ ဥပမဏိကံ,ပြီး၏။(အရကား စကားရ၏။ ဆဒ္ဒိအဗျာယီ ဘာဝတည်း)။

> တည်သော အခါကား အဓိကုမာရီ,အစရှိသည်ဖြင့် တည်သည်။အဓိကိစ္စ ပဝတ္တတိ,အစရှိသည်ကား အဓိ အစရှိသော ဥပသာရနိပါတ်၏ အနက်ယူ၍ တပါးပုဒ်ဖြင့် ကြားသည်။ ပုဒ်ရင်းဖြင့် ကြားလိုသော်ကား တိဗျော,အန္တော,ကဲ့သို့ ပုဒ်ရင်းဖြင့်သာ ကြားရာ၏။ကြားဟန်ကား။ ကုမာရီသု၊ တို့၌။ အဓိ၊ အကြင် စကားသည် စွဲ၍ ဖြစ်တတ်၏။ ဤသို့လျှင် ကြားရာ၏။ ကြွင်းသော အဗျယီဘာဝ တို့ကိုလည်း နည်းတူ သိအပ်ကုန်၏။ မဏိကာယ၊ အိုးစရည်း၏။ ဤသို့လည်း ဆရာကြီးတို့ ယောဇနာကုန်၏။ထိုအနက်၌ အိုးစရည်းကို ဟောသော မဏိက သဒ္ဒါသည် နပုံလိင်သာ။ ဣတ္ထိလိင်ကို မမြင်။ ထို့ကြောင့်, အိုးစရည်း ဟူသော အနက်ကို ဆင်ခြင်အပ်၏။

၃၂။ ဒိဂုဿ ကတ္တုံ

ဒိဂုဿ၊ ဒိဂုအမည်ရှိသော သမာသ်၏။ ကေတ္တုံ၊ တခုတည်း၏အဖြစ်သည်။ ဟောတိ၊ ၏။ ။"သုတ်"။ ။ဒိဂုဿ၊ ဒိဂု အမည်ရှိသော။ သမာသဿ၊ သမာသ်၏။ ကေတ္တုဥ္စ၊ တခုတည်း၏ အဖြစ် သည်လည်းကောင်း။ နပုံသကလိင်္ဂတ္တုဥ္စ၊ နပုံလိင်၏ အဖြစ် သည်လည်းကောင်း။ ဟောတိ၊ ၏။ တယော၊

http://www.dhammadownload.com

သုံးပါးကုန်သော။ လောကာ၊ လူတို့တည်း။ တိလောကံ၊ သုံးပါးသောလူ။ တယော၊ သုံးစင်းကုန်သော။ ဒဏ္ဍာ၊တောင်ဝှေး တို့တည်း။ တိဒဏ္ဍံ၊ သုံးစင်းသော တောင်ဝှေး။ တီဏိ၊ သုံးပါး ကုန်သော။ နယနာနိ၊ မျက်စိ တို့တည်း။ တိနယနံ၊ သုံးပါးသော မျက်စိ။ တယော၊ သုံးခုကုန်သော။ သိင်္ဂါ၊ ချိုတို့တည်း။ တိသိင်္ဂံ၊ သုံးခုသော ချို။ စတဿော၊ လေးပါးကုန်သော။ ဒိသာ၊ အရပ်တို့တည်း။ စတုဒ္ဒိသံ၊ လေးပါးသော အရပ်။ ပဉ္စ၊ ငါးပါး ကုန်သော။ ဣန္ဒြိယာနိ၊ ဣန္ဒြေတို့တည်း။ ပဉ္စိန္ဒြိယံ၊ ငါးပါးသော ဣန္ဒြေ။

> များသော အနက်ကို တခုတည်းဖြစ်စေခြင်းသည်ကား ဧကတ္တမည်၏။ ဣတ္တိလိင်,ပုလ္လိင်,နပုံလိင်,သော်လည်း ပဇ္ဇုန္နဂတိကနည်းအားဖြင့် နပုံလိင်ပြုခြင်းသည် နပုံလိင်ဟု ငဲ့သည်မည်၏။

တိသဒ္ဒါ, လောကသဒ္ဒါ, တည်။ လိင်္ဂတ္ထေ ပဌမာ, ဖြင့် တိ-နောင် ပဌမာ ဝိဘတ် ဗဟုဝုစ် ယော-သက်။ လောကနောင် ပဌမာ ဝိဘတ် ဗဟုဝုစ် ယော-သက်။ တိစတုန္နံ တိဿော စတဿော တယော စတ္တာရော တီဏိ စတ္တာရိ,ဖြင့် ယော-ဝိဘတ် နှောင်းသောကြောင့် ဝိဘတ်နှင့် တကွ ပုလ္လိင် ဖြစ်သော အလုံးစုံသော တိ-သဒ္ဒါကို တယော-ပြု။ က-ကိုခွင်း။ သဗ္ဗယောနီ နမာဧ,ဖြင့် ပုလ္လိင် အကာရန္တ နောင်မှ နှောင်းသော ပဌမာ ယော-ဝိဘတ်ကို အာ-ပြု။ သရလော။ ပ။ ပကတိပြု။ က-အာ-သို့ကပ်။ တယော၊ သုံးပါး ကုန်သော။ လောကာ၊ လူတို့တည်း။ ဣတိအတ္ထေ၊ ၌။ သမာသ်မှည့်။ ဒ္ဒိပဒေတု လျာဓိကရဏေ ကမ္မဓာရယော,ဖြင့် ကမ္မဓာရယ် အမည်မှည့်။တေသံ,သုတ်ဖြင့် သမာသ်၏ ဝိဘတ် ယော-နှစ်လုံးကိုချေ။ သင်္ချာပုဗ္ဗောဒိဂု, ဖြင့် ဒိဂု အမည်မှည်။ တိလောက,ဟု ပကတိပြု။ သောနပုံသက လိင်္ဂါ, သုတ်မှ နပုံသက လိုက်စေ၍ ဒိဂုဿေကတ္တံ,ဟူသော ဤသုတ်ဖြင့် တိလောက ဟူသော ပုလ္လိင် ဗဟုတ္တကို နပုံလည်းငဲ့။ ဧကတ်လည်းငဲ့။ တဒ္ဓိတ,နာမ်ငဲ့။ သိ-သက်။ က-ကိုခွင်း။ သိံ, ဟူသော သုတ်ဖြင့် နပုံလိင် အကာရန္တ နောင်မှ နှောင်းသော သိ-ဝိဘတ်ကို အံ-ပြု။ ကပ်။ တိလောကံ,ပြီး၏။

တိသဒ္ဒါ, ဒဏ္ဍသဒ္ဒါ, တည်။ ပဌမာ ယော-သက်။ တယောဒဏ္ဍာ, ဟု ဝါကျ။ လုပ်မြဲ။ တယော၊ ကုန်သော။ ဒဏ္ဍာ၊ တို့တည်း။ ဣတိအတ္ထေ၊ ၌။ သမာသ်မှည့်။ တေသံ,သုတ်ဖြင့် ဝိဘတ်တို့ကိုချေ။ ဒိဂုမှည့်။ တိဒဏ္ဍ,ဟု ပကတိ

http://www.dhammadownload.com

ပြု။ သောနပုံသကလိင်္ဂါ, ဟူသော သုတ်မှ နပုံသက သဒ္ဒါကို လိုက်စေ၍ ဤသုတ်ဖြင့် တိဒဏ္ဍ ဟူသော ပုလ္လိင် ဗဟုတ္တာကို နပုံလည်းငဲ့၊ ကောတ်လည်းငဲ့။ တဒ္ဓိတ,နာမ်ငဲ့။ သိ-သက်။ အံ-ပြု။ တိဒဏ္ဍံ, ပြီး၏။ (ဤရုပ်ကား-ပုလ္လိင်ကို နပုံလိင်၊ ဗဟုဝစနန္တ ဖြစ်အံ့ သည်ကိုလည်း ကေဝစနန္တ ဖြစ်စေသည်)။ ။ **တိ-သဒ္ဒါ,နယနသဒ္ဒါ,** တည်။ ယော-နှစ်လုံးသက်။ တိစတုန္နံ့,ဖြင့် ယော-ဝိဘတ် နှောင်းသောကြောင့် ဝိဘတ်နှင့်တကွ နပုံလိင်၌ ဖြစ်သော အလုံးစုံသော တိ-သဒ္ဒါကို တိဏိပြု။ န-ကိုခွင်း။ အဇတာနိစ္စံ,ဖြင့် နပုံလိင် အကာရန္တ နောင်မှ နှောင်းသော ယော-ဝိဘတ်ကို နိ-ပြု။ ယောသု ကတနိကာရလောပေသု ဒီဃံ, ဖြင့် ပြုအပ်ပြီးသော နိ အက္ခရာရှိသော ယော-ဝိဘတ် နှောင်းသောကြောင့် န-၏ အစိတ် အ-ကို အာဒီဃပြု။ န-အာ-သို့ကပ်။ တိဏိ၊ သုံးပါးကုန်သော။ နယနာနိ၊ မျက်စိ တို့တည်း။ ဣတိ အတ္ထော၊ ၌။ သမာသ်မှည့်။ ကမ္မဓာရယ်မှည့်။ တေသံ, သုတ်ဖြင့် ဝိဘတ်ကိုခေျ။ ဒိဂုမှည့်။ တိနယန,ကို တိနယနဟု ပကတိပြု။ သော နပုံသကလိင်္ဂါ,သုတ်မှ နပုံသက သဒ္ဒါကို လိုက်စေ၍ ဤသုတ်ဖြင့် တိနယန ဟူသော နပုံလိင် ဗဟုတ္တာကို နပုံဖြစ်ပြီးသော်လည်း ပဇ္ဇုန္နဂတိက နည်းအားဖြင့် နပုံလည်းငဲ့၊ ကောတ်လည်းငဲ့၊ တဒ္ဓိတ,နာမ်ငဲ့။ သိ-သက်။ အံ-ပြု။ (ဤရုပ်ကား-နပုံ ဖြစ်ငြားသော်လည်း နပုံလိင်ထပ်၍ ပဇ္ဇုန္နဂတိက နည်းအားဖြင့် ငဲ့ပြန်သည်။ ကေဝစနန္တလည်း ဖြစ်စေသည်)။ ။**တိသဒ္ဒါ, သိဂ်သဒ္ဒါ,** တည်။ ယော-နှစ်လုံးသက်။ တယော သိဂ်္ဂါ,ဟု ဝါကျ။ တယော၊ ကုန်သော။ သိဂ်္ဂါ၊ ချို့တို့တည်း။ ဣတိ အတ္ထော၊ ၌။ သမာသ်မှည့်။ ကမ္မဓာရယ်မှည့်။ တေသံ,သုတ်ဖြင့် ဝိဘတ်ကိုခေျ။ ဒိဂုမှည့်။ တိသိဂ်,ဟု ပကတိပြု။ သောနပုံသက လိင်္ဂါ,သုတ်မှ နပုံသက သဒ္ဒါကို လိုက်စေ၍ ဤသုတ်ဖြင့် ပုလ္လိင်ဗဟုတ္တာကို နပုံလည်းငဲ့၊ကောတ်လည်းငဲ့။ တဒ္ဓိတ,နာမ်ငဲ့။ သိ-သက်။ အံ-ပြု။ တိသိဂ်ံ,ပြီး၏။ (ဤရုပ်ကား-နပုံလိင် ဖြစ်စေသည်)။

စတုသဒ္ဒါ, ဒိသာသဒ္ဒါ, တည်။ ယော-နှလုံးသက်။ တိစတုန္နံ့,ဖြင့်၊ ယော-ဝိဘတ် နှောင်းသောကြောင့် ဝိဘတ်နှင့်တကွ ဣတ္ထိလိင်၌ ဖြစ်သော အလုံးစုံသော စတုသဒ္ဒါကို စတဿောပြု။ သ-ကိုခွင်း။ အာ-ကို ဃ-မှည့်။ ဃပတောစယောနံလောပေါ,ဖြင့် ဃ-နောင်မှ နှောင်းသော ယော-ဝိဘတ်

http://www.dhammadownload.com

ကိုခေျ။ သ-အာ သို့ကပ်။ စတဿော၊ ကုန်သော။ ဒိသာ၊ တို့တည်း။ ဣတိ အတ္ထော၊ ဌ်။ ကမ္မဓာရယ်မှည့်။ တေသံ, သုတ်ဖြင့် ဝိဘတ်ကိုခေျ။ ဒိဂုမှည့်။ စတုဒိသာ,ဟု ပကတိပြု။ သောနပုံသကလိင်ေ်ါ, သုတ်မှ နပုံသကသဒ္ဒါကို လိုက်စေ၍ ဣသုတ်ဖြင့် စတုဒိသာဟူသော ဣတ္ထိလိင်ဗဟုတ္တကို နပုံလည်းငဲ့၊ ကေတ်လည်းငဲ့၊ တဒ္ဓိတ,နာမ်ငဲ့။ သိ-သက်။ သ-ကိုခွင်း။ အံဝိဘတ္တိနမကာရန္တာ အဗျယီဘာဝေါ,သုတ်မှ အဗျယီဘာဝ သဒ္ဒါကို မလိုက်စေမူ၍ သရော ရဿော နပုံသကော,ဖြင့် နပုံလိင်ဌ် တည်သော အာ-ကို အ-ရဿပြု။(တနည်းကား) ကွစိသမာသန္တဂတာနမကာရန္တော,ဖြင့် သမာသ်ပုဒ်၏ အဆုံးဌ်တည်သော အာ-ကို အ-ရဿပြု။ သိ်,ဖြင့် နပုံလိင် အကာရန္တနောင်မှ နောင်း သော သိ-ဝိဘတ်ကို အံ-ပြု။ သရလော။ပ။ ပကတိပြု။ သ-အံသို့ကပ်။ စတုဒ္ဒိသံ,ပြီး၏။

ဣရုပ်ကား ဣတ္ထိလိင်ကို နပုံလိင်ဖြစ်စေသည်။ သ-အစိတ် အာ-ကို သရော ရဿော နပုံသကော,ဖြင့် ရဿပြုသည်ကား ထိုသုတ်၏ အဘွင့် နိဒ္ဒေသပါဌ်ကိုမြင်၍ သိရာ၏။ အချို့ကား နပုံလိင်ငဲ့လျှင် အာ-သည် အရဿဖြစ်၏ဟု ဆိုကုန်၏။ ထိုစကားကို ဆင်ခြင်အပ်၏။ အဘယ့်ကြောင့်နည်းဟူမူကား သော နပုံသကလိင်ေ်ါ,သုတ်မှ လိုက်သော နပုံသက သဒ္ဒါသည် ဣတ္ထိယံ ဘာသိတ ပုမိတ္ထီပုမာဝစေ, သုတ်ကဲ့သို့ တံသဘာဝေါတိ ဒေသမဟုတ်။ အမှတုမှန္တု,သုတ်ကဲ့သို့ ယထာရဟာ တိဒေသ သုတ်တည်း။ ထိုအကြောင်းကို နျာသပါဌ်ကိုမြင်၍ သိအပ်၏။ အထက် ကွစိသမာသန္တဂတာန မကာရန္တော, သုတ်ဌ်လည်း ဆိုလတ္တံ့။

ပဉ္စသဒ္ဒါ, ဣန္ဒြိယသဒ္ဒါ,တည်။ ယော-နှစ်လုံးသက်။ ဥ-ကိုခွင်း။ ပဉ္စာဒီနမကာရော,ဖြင့် ယော-ဝိဘတ်နောင်းသောကြောင့် ဝိဘတ်နှင့်တကွ ပဉ္စဟူသော သခ်္ခသဒ္ဒါ၏အစိတ် အ ကို အ-ပြု။ ကပ်။ ယ-ကိုခွင်း။အတော နိစ္စံ,ဖြင့် နပုံလိင် အကာရန္တနောင်မှ နောင်းသော ယော-ဝိဘတ်ကို နီ-ပြု။ ယောသု ကတနိကာရ လောပေသု ဒီဃံ,ဖြင့် ပြုအပ်ပြီးသော နိအက္ခရာရှိသော ယော-ဝိဘတ် နောင်းသောကြောင့် ရွေသရ ယ-၏အစိတ် အ-ကို အာ-ဒီဃပြု။ ယ-အာသို့ကပ်။ ပဉ္စ၊ ကုန်သော။ ဣန္ဒြိယာနိ၊ တို့တည်း။ ဣတိ

http://www.dhammadownload.com

အတ္ထော၊ ၌။ သမာသ်မှည့်။ ကမ္မဓာရယ်မှည့်။ တေသံ,သုတ်ဖြင့် သမာသ်၏ ဝိဘတ် ယော-ကိုချေ။ ဒိဂုမှည့်။ ပဉ္စဣန္ဒြိယ,ဟု ပကတိပြု။ ဥ-ကိုခွင်း။ သရာ သရေလောပံ,ဖြင့် ဥ-အစိတ် အ-ကိုချေ။ ဥ-ဣသို့ကပ်။ သော နပုံသက လိင်္ဂါ,သုတ်မှ နပုံသကသဒ္ဒါ လိုက်စေ၍ ဤသုတ်ဖြင့် နပုံလိင် ဗဟုတ္တကို နပုံဖြစ်ပြီးသော်လည်း ပဇ္ဇုန္နဂတိကနည်းအားဖြင့် နပုံလည်းငဲ့၊ ဧကတ်လည်း ငဲ့။ တဒ္ဓိတ,နာမ်ငဲ့။ သိ-သက်။ ယ-ကိုခွင်း။ သိ-ကို အံ-ပြု။ ခတ်။ ကပ်။ ပဉ္စိန္ဒြိယံ, ပြီး၏။

ဤရုပ်ကား နပုံလိင် ဖြစ်ငြားသော်လည်း နပုံလိင်ထပ်၍ ပဇ္ဇုန္နဂတိက နည်းအားဖြင့် ငဲ့ခြင်းစသည်ကို ပြုသည်။ တိလောကံ, အစရှိသော သမာသ်တို့သည်ကား သင်္ချာရှေရှိခြင်းကြောင့် ဒိဂုမည်ကုန်၏။ သမာဟာရဒိဂု, အသမာဟာရဒိဂု, အားဖြင့် နှစ်ပါးတို့တွင် ဧကတ်ငဲ့ခြင်းကြောင့် သမာဟာရ ဒိဂုမည်၏။ အရကား သုံးပါးသောလူ၊ သုံးစင်းသော တောင်ဝှေး၊ သုံးခုသော မျက်စိ၊ သုံးခုသောချို၊ လေးပါးသော အရပ်မျက်နှာ၊ ငါးပါးသော ဣန္ဒြေ၊ ဤသို့လျှင် အစဉ်အတိုင်းဖြစ်ကုန်၏။

၃၂၂။ တထာ ဒွန္ဒေ ပါဏိ တူရိယ ယောဂ္ဂ သေနင် ခုဒ္ဒဇန္တုက ဝိဝိဓ ဝိရုဒ္ဓ ဝိသဘာဂတ္ထာ ဒီနဥ

ဒွန္ဒေ၊ ဒွန်သမာသ်၌။ ပါဏိတူရိယ ယောဂ္ဂသေနင် ခုဒ္ဒဇန္တုက ဝိဝိဓ ဝိရုဒ္ဓ ဝိသဘာဂတ္ထာဒီနဥ၊ သတ္တဝါ၏ အင်္ဂါ,စည်၏ အင်္ဂါ,ယာဉ်၏အင်္ဂါ,စစ်သည်၏ အင်္ဂါ,ငယ်သောသတ္တဝါ ဟူသောအနက်, အထူးထူး အပြားပြား ဆန့်ကျင်သော အနက်,အထူးသဖြင့် သဘောတူသော အနက်,ဤသို့ အစ ရှိကုန်သော အနက်တို့၏လည်း။ တထာ၊ ထိုအတူ နပုံဧကတ်ဖြစ်၏။ ။"သုတ်အနက်"။ ။ ဒွန္ဒေ၊ ဒွန်ဖြစ်သော။ သမာသေ၊ သမာသ် ၌။ ပါဏိတူရိယယောဂ္ဂသေနင် ခုဒ္ဒဇန္တုက ဝိဝိဓ ဝိရုဒ္ဓ ဝိသဘာဂတ္ထ ဣစ္စေဝမာဒီနံ၊ သတ္တဝါ၏ အင်္ဂါ, စည်၏ အင်္ဂါ,ယာဉ်၏ အင်္ဂါ, စစ်သည်၏ အင်္ဂါ,ငယ်သော သတ္တဝါ ဟူသောအနက်, အထူးထူး အပြားပြား ဆန့်ကျင်သော အနက်, အထူးသဖြင့် သဘောတူသော အနက်,ဤသို့ အစရှိကုန်သော အနက်တို့၏။တထာ၊ ထိုအတူ။ဧကတ္တဥ၊

http://www.dhammadownload.com

တခုတည်း၏ အဖြစ် သည်လည်းကောင်း။ နပုံသက လိင်္ဂတ္ထဉ္ဉ၊ နပုံလိင်၏ အဖြစ်သည်လည်းကောင်း။ ဟောတိ၊၏။တံဉဒါဟရဏံ၊ ထိဉဒါဟရဏ်သည်။ ယထာ-ကတမံ၊ အဘယ်နည်း ဟူမူကား။စက္ခုသောတံတျာဒိ၊ စက္ခုသောတံ, အစရှိသည်တည်း။ စက္ခုစ၊ လည်း။ သောတဉ္စ၊ လည်း။ စက္ခုသောတံ၊မျက်စိနား။ မုခဉ္စ၊ ခံတွင်းလည်း။ နာသိကဉ္စ၊ နှာခေါင်းလည်း။ မုခနာသိကံ၊ခံတွင်းနှာခေါင်း။ ဆဝိစ၊ အရေလည်း။ မံသဉ္စ၊ အသားလည်း။ လောဟိတဉ္စ၊ အသွေးလည်း။ ဆဝိ မံသလောဟိတံ၊ အရေ အသား အသွေး။ဝေါ၊ကျိအတူ။ ပါဏျင်္ဂတ္ထော၊ သတ္တဝါ၏ အင်္ဂါ ဟူသော အနက်၌။ ကေတ္တနပုံသကတ္တံ၊ တခုတည်း၏ အဖြစ်,နပုံလိင်၏ အဖြစ်ကို။ ကတ္တဗ္ဗံ၊ ပြုအပ်၏။ (ကေတ္တနပုံသကတ္တံ ကတ္တဗ္ဗံ,ကို ထည့်၍ ယောဇနာသည်)။ သခေါ်စ၊ ခရွသင်းလည်း။ ပဏဝေါစ၊ ထက်စည်လည်း။ သင်္ခပဏဝံ၊ ခရွသင်းထက်စည်။ ဂီတဉ္စ၊ သီခြင်းလည်း။ ဝါဒိတဉ္စ၊ တီးမှုတ်ခြင်းလည်း။ ဂီတဝါဒိတံ၊ သီခြင်း တီးမှုတ်ခြင်း။ ဒဒ္ဒရိစ၊ စည်ပုတ်လည်း။ ဒိဏ္ဏိမောစ၊ ပတ်သာလည်း။ ဒဒ္ဒရိဒိဏ္ဏိမံ၊ စည်ပုတ် ပတ်သာ။ ဧဝံ၊ ဤအတူ။ တူရိယင်္ဂတ္ထော၊ စည်၏ အင်္ဂါ ဟူသော အနက်၌။ ကေတ္တနပုံသကတ္တံ၊ ကို။ ကတ္တဗ္ဗံ၊ ၏။ ဖာလဉ္စ၊ ထွန်တုံးလည်း။ ပါဇနဉ္စ၊ ထွန်သွားလည်း။ ဖာလပါဇနံ၊ထွန်တုံး ထွန်သွား။ယုဂဉ္စ၊ ထမ်းပိုးလည်း။ နင်္ဂလဉ္စ၊နှင်တံလည်း။ ယုဂနင်္ဂလံ၊ ထမ်းပိုးနှင်တံ။ ဧဝံ၊ ဤအတူ။ ယောဂ္ဂင်္ဂတ္ထော၊ ယာဉ်၏ အင်္ဂါ ဟူသော အနက်၌။ ကေတ္တနပုံသကတ္တံ၊ ကို။ ကတ္တဗ္ဗံ၊ ၏။ အသိစ၊ သန်လျက်လည်း။ ဝမ္မဉ္စ၊ ချပ်လည်း။ အသိဝမ္မံ၊ သန်လျက်ချပ်။ ။[အသိစမ္မံ ဟူ၍လည်း ရှိ၏။ အနက်ကား အသိစ၊ သန်လျက်လည်း။ စမ္မဉ္စ၊ ကာလည်း။ဤ၌သို့ပေး]။ ။ဓနုစ၊ လေးလည်း။ ကလာပေါစ၊ တောင့်လည်း။ ဓနုကလာပံ၊ လေးတောင့်။ ဟတ္ထိစ၊ ဆင်လည်း။ အဿောစ၊ လည်း။ ဟတ္ထိအဿံ၊ ဆင်, မြင်း။ ရထောစ၊ ရထားစီးလည်း။ ပတ္တိကောစ၊ ခြေသည်လည်း။ ရထပတ္တိကံ၊ ရထားစီးခြေသည်။ ဧဝံ၊ တူ။ သေနင်္ဂတ္ထော၊ စစ်၏ အင်္ဂါ ဟူသော အနက်၌။ ကေတ္တနပုံသကတ္တံ၊ ကို။ ကတ္တဗ္ဗံ၊ ၏။ ဒုံသာစ၊ ခြင်တို့လည်း။ မကသာစ၊ မှက်တို့လည်း။ ဒုံသမကသံ၊ ခြင် မှက်။ ကုန္ထောစ၊ ပိုးရွလည်း။ ကိပိလ္လိကောစ၊ ခြပုန်းလည်း။ ကုန္ထကိပိလ္လိကံ၊ ပိုးရွ ခြပုန်း။ ကီဠောစ၊ ပေါက်ဖတ်လည်း။ သရီသပဉ္စ၊ ကင်းသန်းလည်း။ ကီဠသရီသပံ၊ ပေါက်ဖတ် ကင်းသန်း။ ဧဝံ၊

http://www.dhammadownload.com

ဤအတူ။ ခုဒ္ဒဇန္တုကတွေ၊ ငယ်သော သတ္တဝါဟူသော အနက်၌။ ကေတ္တ နပုံသကတ္တံ၊ ကို။ ကတ္တာဒ့ံ၊ ၏။ အဟိစ၊ မြွေလည်း။ နကုလောစ၊မြွေပါလည်း။ အဟိနကုလံ၊ မြွေ,မြွေပါ။ ဗိဠာရောစ၊ ကြောင်လည်း။ မူသိကောစ၊ လည်း။ ဗိဠာရမူသိကံ၊ ကြောင်,ကြွက်။ကာကောစ၊လည်း။ဥလူကောစ၊ခင်ပုတ်လည်း။ ကာကောလူကံ၊ ကျီးခင်ပုပ်။ ဧဝံ၊တူ။ ဝိဝိဓ ဝိရူဒ္ဓတွေ၊ အထူးထူး အပြားပြား ဆန့်ကျင်သော အနက်၌။ ကေတ္တနပုံသကတ္တံ၊ ကို။ ကတ္တာဒ့ံ၊ ၏။ သီလဋ္ဌ၊သီလ လည်း။ ပညာဏဋ္ဌ၊ ပညာလည်း။ သီလပညာဏံ၊ သီလပညာ။ သမထောစ၊ သမထလည်း။ ဝိပဿနာစ၊ ဝိပဿနာလည်း။ သမထ ဝိပဿနံ၊ သမထ ဝိပဿနာ။ ဝိဇ္ဇာစ၊ လည်း။ စရဏဋ္ဌ၊ စရဏလည်း။ ဝိဇ္ဇာစရဏံ၊ ဝိဇ္ဇာ စရဏ။ ဧဝံ၊ တူ။ ဝိသဘာဂတွေ၊ အထူးသဖြင့် သဘောတူသော အနက်၌။ ကေတ္တနပုံသကတ္တံ၊ ကို။ ကတ္တာဒ့ံ၊ ၏။ အာဒိဂ္ဂဟဏံ ကိမတ္ထံ၊ ဘောအာစရိယ၊ ဆရာ။ အာဒိဂ္ဂဟဏံ၊ အာဒိသဒ္ဒါကို။ ကိမတ္ထံ၊ ငှာ။ အာစရိယေန၊ သည်။ ဝုတ္တံ၊ မိန့်အပ်သနည်း။ ဘောသိဿ၊ တပည့်။ သေသေသုပိ၊ ဆိုအပ်ပြီးသည်မှ ကြွင်းကုန်သော ပြယုဂ်တို့၌လည်း။ ကေတ္တ နပုံသကတ္တ ဉာပနတ္ထံ၊ တခု တည်း၏အဖြစ်, နပုံလိင်၏အဖြစ်ကို သိစေခြင်းငှာ။ ဝုတ္တံ၊ မိန့်အပ်၏။ [ပုဒ် ထည့်၍ ယောဇနာသည်]။ ဒါသီစ၊ ကျွန်မိန်းမလည်း။ ဒါသောစ၊ ကျွန်ယောကျ်ားလည်း။ ဒါသိဒါသံ၊ ကျွန်မိန်းမ ကျွန်ယောကျ်ား။ကုတ္တိစ၊လည်း။ ပုမာစ၊ ယောကျ်ားလည်း။ ကုတ္တိပုမံ၊ မိန်းမယောကျ်ား။ ပတ္ထောစ၊ သပိတ်လည်း။ စီဝရဋ္ဌ၊ သင်္ကန်းလည်း။ ပတ္တစီဝရံ၊ သပိတ်သင်္ကန်း။ ဆတ္တဋ္ဌ၊ ထီးလည်း။ ဥပါဟနာစ၊ ဘိနပ်လည်း။ ဆတ္တုပါဟနံ၊ ထီးဘိနပ်။ တိကဋ္ဌ၊ သုံးပါးအတိုင်းအရှည်ရှိသော ဝတ္ထုလည်း။ စတုက္ကဋ္ဌ၊ လေးပါး အတိုင်းအရှည်ရှိသော ဝတ္ထုလည်း။ တိကစတုက္ကံ၊ သုံးပါးလေးပါး အတိုင်းအရှည်ရှိသော ဝတ္ထု။ ဝေနောစ၊ ဒေါင်းရွေသမားလည်း။ ရထကာရောစ၊ သားရေနယ်သမားလည်း။ ဝေနရထကာရံ၊ ဒေါင်းရွေသမား သားရေနယ်သမား။ သာကုဏိကောစ၊ ငှက်မူဆိုးလည်း။ မာဂဝိကောစ၊ သားမူဆိုးလည်း။ သာကုဏိက မာဂဝိကံ၊ ငှက်မူဆိုး သားမူဆိုး။ ဒီဃောစ၊ အရှည်လည်း။ မဇ္ဈိမောစ၊ အလတ်လည်း။ ဒီဃမဇ္ဈိမံ၊ အရှည်အလတ်။ ဣစ္စေဝမာဒီ၊ ဤသို့ အစရှိကုန်သော ပြယုဂ်တို့ကို။ ယောဇေတဗ္ဗာ၊ ယှဉ်အပ်ကုန်၏။

http://www.dhammadownload.com

စက္ခုသဒ္ဒါ, စသဒ္ဒါ, သောတသဒ္ဒါ, စသဒ္ဒါ,တည်။ လိင်္ဂတ္ထေ ပဌမာ,ဖြင့် သိ-လေးလုံးသက်။ သေသတော,ဖြင့် စက္ခုနောင် သက်သော သိ-ဝိဘတ်ကိုချေ။ သဒ္ဒသမာဝုသော,ဖြင့် စ-နိပါတ်နောင် သက်သော သိ-ဝိဘတ်ကိုချေ။ တ-ကိုခွင်း။ သိ်,ဖြင့် သိ-ကို အံ-ပြု။ သရလော။ပ။ ပကတိပြု။ ကပ်။ ဝဂ္ဂန္တံဝါဝဂ္ဂေ,ဖြင့် ဝဂ္ဂန္တ ဥ-ပြု။ ဥ-စသို့ကပ်။ စ-နိပါတ် နောင် သိ-ကိုချေမြဲ။ စက္ခုစ၊ လည်း။ သောတဥ္စ၊ လည်း။ ဣတိအတ္ထေ၊ ဌ်။ သမာသ်မှည့်။ နာမာနံ သမုစ္စယော ဒွန္ဒေ,ဖြင့် ဒွန်အမည်မှည့်။ တေသံ,သုတ် ဖြင့် သမာသ်၏ဝိဘတ် သိ-ကိုချေ။ ဝုတ္တတ္ထာန,ကြောင့် စ-နိပါတ်ကိုချေ။ စက္ခုသောတ,ဟု ပကတိပြု။ သော နပုံသကလိင်ေါ်,သုတ်မှ နပုံသကသဒ္ဒါ၊ ဒိဂုဿကတ္တံ,သုတ်မှ ကေတ္တသဒ္ဒါတို့ကိုလိုက်စေ၍ တထာဒွန္ဒေပါဏိတူရိယ ယောဂ္ဂသေနင် ခုဒ္ဒဇန္တုက ဝိဝိဓ ဝိရုဒ္ဓ ဝိသဘာဂတ္ထာဒီနဉ္စ,ဟူသော သုတ်ဖြင့် သတ္တဝါ၏ အင်္ဂါဟူသော အနက်ရှိသော စက္ခုသောတဟူသော ဒွန်သမာသ်ကို နပုံဖြစ်ငြားသေ်သည်း ပဇ္ဇုန္နဂတိက နည်းအားဖြင့် နပုံလည်းငဲ့။ ကတ် လည်းငဲ့။ တဒ္ဓိတ,နာမ်ငဲ့။ သိ-သက်။ တ-ကိုခွင်း။ သိ-ကို အံ-ပြု။ ခတ်။ ကပ်။ စက္ခုသောတံ,ပြီး၏။

မုခ, စ, နာသိက, စ, သဒ္ဒါတည်။ သိ-လေးလုံးသက်။ ခ-ကိုခွင်း။ သိ-ကို အံ-ပြု။ ကပ်။ စဝဂ္ဂန္တ ဥ-ပြု။ စ နောင် သိ-ကို သဗ္ဗာသမာ,ဖြင့်ချေ။ နာသိကာနောင် သိ-ကို သေသတော,ဖြင့် ချေမြဲ။ မုခဥ္စ၊ လည်း။ နာသိကာစ၊ လည်း။ ဣတိအတ္ထေ၊ ဌ်။ သမာသ်မှည့်။ ဒွန်မှည့်။ တေသံ,သုတ်ဖြင့် သမာသ် ၏ ဝိဘတ်ကိုချေ။ ဝုတ္တတ္ထာန, ကြောင့် စ-နိပါတ်တို့ကိုချေ။ မုခနာသိကာ,ဟု ပကတိပြု။ သုတ်လိုက်မြဲလိုက်စေ။ တထာဒွန္ဒေ,ဟူသော ဤသုတ်ဖြင့် သတ္တ ဝါ၏ အင်္ဂါဟူသော အနက်ရှိသော မုခနာသိကာ ဟူသော ဒွန်သမာသ်ကို နပုံလည်းငဲ့။ ကောတ်လည်းငဲ့။ ကာကိုခွင်း။ ကွစိသမာသန္တ,ဖြင့် အာ-ကို အ-ရဿပြု။ တဒ္ဓိတ, နာမ်ငဲ့။ သိ-သက်။ အံ-ပြု။ ခတ်။ ကပ်။ မုခနာသိကံ, ပြီး၏။ **ဆဝိ,စ,မံသ,စ,လောဟိတ,စ,သဒ္ဒါ,**တည်။ သိ-ခြောက်လုံး သက်၍ ဆဝိစ မံသဥ္စ လောဟိတဥ္စ,ဟု ဝါကျဖြစ်အောင် လုပ်မြဲ။ ဆဝိနောင် သိ-ကိုချေ။ ဆဝိစ၊ လည်း။ မံသဥ္စ၊ လည်း။ လောဟိတဥ္စ၊ လည်း။ ဣတိ

http://www.dhammadownload.com

အတ္ထော၊ ၌။ သမာသ်မှည့်။ ဒွန်စသည် မှည့်မြဲမှည့်။ လုပ်မြဲ။ ဆဝိ မံသ လောဟိတံ, ပြီး၏။

ဤကား ပါဏျင်္ဂတည်း။ သမာသ်ခြောက်ပါးတို့တွင် ဒွန်သမာသ် ချည်းတည်း။ နပုံကောတ် ငဲ့ခြင်းကြောင့် သမာဟာရဒွန်ချည်းတည်း။ ကြွင်းသမျှကိုလည်း ဤနည်းတူ သိ-အပ်၏။ အရကား- အနက်သို့ လိုက်၍ မျက်စိနား,ဟူ၍ လည်းကောင်း ဤသို့ အစရှိသည်ဖြင့် သိအပ်၏။

သခ်,စ,ပဏ္ဏ၀, စ,သဒ္ဒါ တည်။ သိ-လေးလုံးသက်။ သိ-နှစ်လုံးကို သော,ဟူသောသုတ်ဖြင့် ဩ-ပြု၍။ စ-နောင် သိတို့ကိုချေ။ သခ်ါစ၊ ခရူသင်း လည်း။ ပဏ္ဏ၀ေါစ၊ ထက်စည်လည်း။ ဣတိအတ္ထော၊ ၌။ သမာသ်မှည့်။ဒွန်မှည့်။ ဝိဘာတ်ကိုချေမြဲ။ စ-နိပါတ်တို့ကိုချေမြဲ။ သုတ်လိုက်မြဲ။ တထာဒွန္ဒေ,ဟူသော ဤသုတ်ဖြင့် စည်၏အင်္ဂါ ဟူသော အနက်ရှိသော သခ်ပဏ္ဏ၀-ဟူသော ဒွန် သမာသ်ကို နပုံလည်းငဲ့။ ကောတ်လည်းငဲ့။ တဒ္ဓိတ,နာမ်ငဲ့။ သိ-သက်။ ခွင်း။ အံ-ပြု။ ခတ်။ ကပ်။ သခ်ပဏ္ဏ၀ံ,ပြီး၏။ (ပုလ္လိင်ဖြစ်သောကြောင့် ပဇ္ဈုန္နဂတိက စသော စကားကိုမဆိုသည်။ ကြွင်းသောပြယုဂ်တို့၌ ဤအတူသိအပ်၏)။ ။ **ဂီတ,စ, ဝါဒိတ,စ,**တည်။ သိ-လေးလုံးသက်။ အံ-ပြု။ ဝဂ္ဂန္တ ဥ-ပြု။ လုပ်မြဲ။ ဂီတဥ္စ၊ လည်း။ ဝါဒိတဥ္စ၊ လည်း။ ဣတိအတ္ထော၊ ၌။ သမာသ်စသည်မှည့်၍ လုပ်မြဲ။ (နပုံလိင်)။ ။**ဒဒ္ဒရိ,စ, ဒိဏ္ဍိမ,စ,**တည်။ သိ-လေးလုံးသက်။ ဒဒ္ဒရိနောင် သိ-ကိုချေ။ ဒဒ္ဒရိစ၊ လည်း။ ဒိဏ္ဍိမောစ၊ လည်း။ ဣတိအတ္ထော၊ ၌။ သမာသ်စသည်မှည့်၍လုပ်မြဲ။ဒဒ္ဒရိဒိဏ္ဍိမံ,ပြီး၏။ (တူရိယင်္ဂတ္ထ ပြီး၏)။ ။**ဖာလ,စ, ပါဏိ,စ,**တည်။ သိ-လေးလုံးသက်။ ဖာလဥ္စ၊ လည်း။ ပါဏိဥ္စ၊ လည်း။ ဣတိအတ္ထော၊ ၌။ သမာသ်မှည့်။ ဒွန်မှည့်။ ဝိဘာတ် စသည်ကိုချေမြဲ။ ဖာလပါဏိနဟု ပကတိပြု။ သုတ်လိုက်မြဲ။ တထာဒွန္ဒေ, ဟူသော ဤသုတ်ဖြင့် ယာဉ်၏ အင်္ဂါဟူသော အနက်ရှိသော ဖာလပါဏိန ဟူသော ဒွန်သမာသ်ကို နပုံဖြစ်ငြားသော်လည်း ပဇ္ဈုန္နဂတိက နည်းအားဖြင့် နပုံလည်းငဲ့။ ကောတ်လည်းငဲ့။ တဒ္ဓိတ,နာမ်ငဲ့။ သိ သက်။ ခွင်း။ အံ-ပြု။ ခတ်။ ကပ်။ ဖာလပါဏိနံ,ပြီး၏။ ။**ယုဂ,စ,နင်္ဂလ,စ,**တည်။ သိ-လေးလုံးသက်။ ယုဂဥ္စ၊ လည်း။ နင်္ဂလဥ္စ၊ လည်း။ ဣတိအတ္ထော၊ ၌။ သမာသ်မှည့်၍

http://www.dhammadownload.com

ဖာလပါဇနံနှင့် အတူလုပ်။ ယုဂနဒ်လံ့ပြီး၏။ (နပုံလိင်တည်း။ ယောဂ္ဂဒ်ထွ ပြီး၏)။ **အသိ,စ,ဝမ္မ,စ,**တည်။ သိ-လေးလုံးသက်။ သေသတော,ဖြင့် အသိနောင် သိ-ဝိဘတ်ကိုချေ၍ လုပ်မြဲ။ အသိစ၊ လည်း။ ဝမ္မဒ္ဓ၊ လည်း။ ဣတိအတ္ထော၊ ဒ္ဒ်။ သမာသ်မှည့်။ ဒွန်မှည့်။ **ဝိဘတ်စသည်ချေမြဲ**။ **အသိဝမ္မ,ဟု** ပကတိပြု။ သုတ်လိုက်မြဲ။ တထာဒ္ဒန္ဒေ, ဟူသော ဤသုတ်ဖြင့် **စစ်၏အင်္ဂါ** ဟူသော အနက်ရှိသော အသိဝမ္မ,ဟူသော ဒွန်သမာသ်ကို နပုံပြောင်းသော် လည်း ပဋိန္ဒဂတိက နည်းအားဖြင့် နပုံလည်းငဲ့။ **ကေတ်လည်း**ငဲ့။ တဒ္ဓိတ, နာမ်ငဲ့။ သိ-သက်။ ခွင်း။ အံ-ပြု၊ **ကပ်။ အသိဝမ္မံ,ပြီး၏။** (နပုံတည်း။ အသိစမ္မံ,ရှိသော်လည်း နည်းတူ **ရွှေအတိုင်း အနက်ကြား၍**လုပ်)။ **ဓနု,စ, ကလာပ,စ,သဒ္ဒါ**တည်။ သိ-**လေးလုံးသက်**။ ဓနုနောင် သိ-ကို သေသ တော,ဖြင့်ချေ။ **စ-နောင်ချေမြဲ**။ **ကလာပ** နောင် သိ-ကို ဩ-ပြု။ ကပ်။ ဓနုစ၊ လည်း။ **ကလာပေါ်စ၊ လည်း**။ ဣတိအတ္ထော၊ ဒ္ဒ်။ သမာသ်, ဒွန်, စသည် မှည့်မြဲ။ **လိုက်မြဲ**။ **တထာဒ္ဒန္ဒေ**, ဟူသော ဤသုတ်ဖြင့် စစ်၏အင်္ဂါဟူသော **အနက်ရှိသော ဓနု ကလာပ**, ဟူသော ဒွန်သမာသ်ကို နပုံလည်းငဲ့။ ကေတ်လည်းငဲ့။ **တဒ္ဓိတ**, စသည်ဖြင့် လုပ်မြဲ။ ဓနု ကလာပံ,ပြီး၏။

ဟတ္ထိ,စ, အဿ,စ,တည်။ သိ-လေးလုံးသက်။ ဟတ္ထိနောင် သိ-ကို ချေမြဲ။ စနောင်ချေမြဲ။ အဿနောင် သိ-ကို ဩ-ပြု။ **ဟတ္ထိစ၊ ဆင်လည်း**။ အဿောစ၊ လည်း။ လုပ်မြဲ။ **ရထ,စ,ပတ္တိ,က,စ,**တည်။ သိ-**လေးလုံး**သက်။ သိ-နှစ်လုံးကို ဩ-ပြု။ ရထောစ၊ လည်း။ **ပတ္တိကောစ၊ လည်း**။ **ဓနုံကလာပ**, နှင့်အတူလုပ်။ ရထပတ္တိကံ,ပြီး၏။ (နပုံလိင်ချည်း**တည်း**။ **သေနင်္ဂတ္ထ**,ပြီး၏။)။ **ခုံသ,စ,မ့,က သ,စ,**တည်။ ပဌမာ **ယော-လေးလုံး**သက်။ သ-နှစ်လုံးကို ခွင်း။ သဗ္ဗယောနီနမာ**ဧ**,ဖြင့် **အာ-ပြု**။ ပုလ္လိင်။ စ-နောင်ချေမြဲ။ ခုံသာစ၊ ပုံ့လည်း။ မကသာစ၊ **တို့လည်း**။ ဣတိအတ္ထော၊ ဒ္ဒ်။ သမာသ်ဒွန်မှည့်မြဲ။ ဤသုတ်ဖြင့် ငယ်သော သတ္တဝါဟူသော အနက်ရှိသော ခုံသမကသဟူသော ဒွန်သမာသ်ကို **နပုံလည်း**ငဲ့။ **ကေတ်လည်း**ငဲ့။ တဒ္ဓိတ,နာမ်ငဲ့။ သိ-သက်။ **လုပ်မြဲ**။ ခုံသမကသံ,**ပြီး၏**။ **ကုန္ထ,စ, ကိပိလ္လိက,စ,**တည်။ သိ-လေးလုံး **သက်**။ ဩ-**ပြု**။ **ချေ**။ ကုန္ထောစ၊ လည်း, ကိပိလ္လိကောစ၊ ခြုပုန်းလည်း။ ဣတိ အတ္ထော၊ ဒ္ဒ်။ သမာသ်မှည့်ခြင်း စသည်ဖြင့်လုပ်မြဲ။ ကုန္ထကိပိလ္လိကံ, ပြီး၏။

http://www.dhammadownload.com

(ဤနှစ်ရပ်ကား ပုလ္လိင်ချည်းတည်း)။ **ကိဉ္စ,စ, သဒ္ဓိသပ,စ,**တည်။ သိ-လေးလုံးသက်။ သြ-ပြု။ အံ-ပြုချေ့။ ကိဉ္စောစ၊ လည်း။ သဒ္ဓိသပဉ္စ၊ လည်း။ ဣတိအတ္ထေ၊ ဥ်။ သမာသ်စသည်မှည့်မြဲ။ လုပ်မြ။ ဤသုတ်ဖြင့် ငယ်သော သတ္တဝါဟူသော အနက်ရှိသော ကိဉ္စသဒ္ဓိသပဟူသော ဒွန်သမာသ်ကို နပုံဖြစ်ငြားသော်လည်း ပဇ္ဈန္နဂတိက နည်းအားဖြင့် နပုံလည်းငဲ့။ ကောတ်လည်းငဲ့။ တဒ္ဓိတ,နာမ်ငဲ့။ သိ-သက်။ လုပ်။ ကိဉ္စသဒ္ဓိသပံ,ပြီး၏။ (ခုဒ္ဒဇန္တုကတ္ထပြီး၏)။ **အဟိ,စ,နကုလ,စ,**တည်။ **ဗိဠာရ,စ,မူသိက,စ,**တည်။ **ကာက,စ, ဥလူက,စ,**တည်။ သိလေးပုံးစီသက်။ အဟိနောင် သိ-ကို သေသတော, ဖြင့် ချေ့။ သြ-ပြု။ စ-နောင် သိ-ကိုချေ့။ အဟိစ၊ လည်း။ နကုလောစ၊ လည်း။ ဗိဠာရောစ၊ လည်း။ မူသိကောစ၊ လည်း။ ကာကောစ၊ လည်း။ ဥလူကောစ၊ လည်း။ သမာသ်မှည့်။ ဒွန်မှည့်။ ဝိဘတ်စသည်ချေ့။ ပကတိပြုလိုက်မြဲ။ တထာဒ္ဒန္ဒေ,ဟူသော ဤသုတ်ဖြင့် အထူးထူးအပြားပြား ဆန့်ကျင်သော အနက်ရှိသော အဟိနကုလ, ဗိဠာရ မူသိက,ကာကဥလူက,သဒ္ဓါတို့ကို နပုံလည်းငဲ့။ ကောတ်လည်းငဲ့။ တဒ္ဓိတ,နာမ်ငဲ့။ သိ-သက်။ ခွင်း။ ခတ်။ **ကပ်**။ ကာကဥ် က-ကိုခွင်း။ သရာသရေလောပံ,ဖြင့်ချေ့။ ကွစာသဝဏ္ဏံလုတ္တေ, ဖြင့် ရွေ့သရ ကျေပြီးသော် နောက် ဥ-ကို သြ-အသဝဏ်ပြု။ က-သြ-သို့ကပ်။ ပြီး၏။ (သုံးရုပ် အသီးအသီးလုပ်။ ဝိဝိဓ ဝိရုဒ္ဓတ္ထပြီး၏)။

သီလ,စ, ပညာဏ, စ,တည်။ သိ-လေးလုံးသက်။ သီလဉ္စ၊ လည်း။ ပညာဏဉ္စ၊ လည်း။ သမာသ် စသည်မှည့်မြဲ။ ချေ့မြဲ။ လိုက်မြဲ။ တထာဒ္ဒန္ဒေ, ဟူသော ဤသုတ်ဖြင့် အထူးထူး အပြားပြား သဘောတူသော အနက်ရှိသော သီလပညာဏ ဟူသော ဒွန်သမာသ်ကို နပုံဖြစ်ငြားသော်လည်း ပဇ္ဈန္နဂတိကနည်း စသည် ဆိုမြဲ။ လုပ်မြဲ။ သီလပညာဏံ, ပြီး၏။ (နပုံလိင်တည်း)။ **သမထ,စ,ဝိပဿနာ,စ,**တည်။ သိ-လေးလုံးသက်။ ထ-နောင် သိ-ကို သြ-ပြု။ နာ-နောင် သိ-ကို သေသတော, ဖြင့်ချေ့။ သမထောစ၊ လည်း။ ဝိပဿနာစ၊ လည်း။ ဣတိအတ္ထေ၊ ဥ်။ သမာသ် စသည်မှည့်။ လိုက်မြဲ။တထာဒ္ဒန္ဒေ,ဟူသော ဤသုတ်ဖြင့် အထူးထူး အပြားပြား သဘောတူသော သမထဝိပဿနာ ဟူသော ဒွန်သမာသ်ကို နပုံ-ကောတ်ငဲ့။ သိ-သက်။ နာ-ကိုခွင်း။ အံဝိဘတ္တိန မကာရန္တာ အဗျယီဘာဝါ,သုတ်မှ အဗျယီဘာဝ သဒ္ဒါကို မလိုက်

http://www.dhammadownload.com

စေ မူ၍ သရောရသော နပုံသကော့ဖြင့် နပုံလိုင်၌ တည်သော အာ-ကို အ-ရဿပြု။ သိ့ဖြင့် နပုံလိုင် အကာရန္တ နောင်မှ နှောင်းသော သိ-ဝိဘတ်ကို အံ-ပြု။ သရလော။ ပ။ ပကတိပြု။ ကပ်။ပြီး၏။ (ကွစိသမာသန္တဂတာနမကာရန္တော့သုတ်ဖြင့် သော်လည်း၊ သမာသ်၏ အဆုံး၌ တည်သော အာ-ကို အ-ရဿပြု။ ဤသို့ သော်လည်းဆို။ သမထ ကား ပုလ္လိင်၊ ဝိပဿနာ ကား ဣတ္ထိလိင်)။ **ဝိဇ္ဇာ,စ,စရဏ,စ,**တည်။ သိ-လေးလုံးသက်။ ဝိဇ္ဇာနောင် သိ-ကို ခေျ။ သီလပညာဏံနှင့် အတူလုပ်မြဲ။ ဆိုမြဲ။ [ဝိဇ္ဇာကား ဣတ္ထိလိင်၊ စရဏကား နပုံလိုင်တည်း။ ဝိသဘာဂတ္တာ, ပြီး၏]။ အာဒိသဒ္ဒါ၏ အကျိုး၌ **ဒါသိ, စ, ဒါသ,စ,**တည်။ သိ-လေးလုံးသက်။ ဒါသိနောင် သိ-ကိုခေျ။ ဩ-ပြု။ ဒါသိ စ၊ လည်း။ ဒါသော စ၊ လည်း။ သမာသ် စသည်မှည့်မြဲ။ ခေျမြဲ။ ဒါသိဒါသ, ဟု ပကတိပြု။ လိုက်မြဲ။ တထာဒ္ဒန္ဒေ, ဟူသော ဤသုတ်၌ အာဒိ သဒ္ဒါဖြင့် ဒါသိ ဒါသ, ဟူသော ဒ္ဝန်သမာသ်ကို နပုံ-ကောတ်ငဲ့။ သိ-ကိုခွင်း။ ကွစာဒိ, သုတ်ဖြင့် အလယ်၌တည်သော ဤ-ကို ဣရဿပြု။ကပ်။ ဒါသိဒါသံ့ပြီး၏။ **ဣတ္ထိ,စ,ပုမ,စ,**တည်။ သိ-လေးလုံးသက်။ခေျ။မ-ကိုခွင်း။ ပုမန္တသာသိမှ, ဖြင့် သိ-ဝိဘတ်နှင့် တကွ ပုမသဒ္ဒါ၏ အစိတ် အ-ကို အာ-ပြု။ကပ်။ဣတ္ထိစ၊ လည်း။ ပုမာစ၊လည်း။ သမာသ်စသည်မှည့်မြဲ။ ခေျမြဲ။ ဣတ္ထိပုမ,ဟု ပကတ်ပြု။ ဤသုတ်၌ အာဒိသဒ္ဒါဖြင့်ငဲ့မြဲ။ကွစာဒိ,ဖြင့်လုပ်မြဲ။ ပြီး၏။ **ပတ္တ,စ,စီဝရ,စ,** တည်။ သိ-လေးလုံးသက်။ ပတ္တောစ၊ လည်း။ စီဝရဿ၊ လည်း။ ဣတိအတ္ထေ၊ ၌။ သမာသ်စသည်မှည့်မြဲ။ ခေျမြဲ။ လိုက်မြဲ။ ဤသုတ်၌ အာဒိသဒ္ဒါဖြင့် နပုံဖြစ်ငြားသော်လည်း ပဇ္ဇုန္နဂတိက နည်းအားဖြင့် ပတ္တစီဝရဟူသော ဒ္ဝန် သမာသ်ကို နပုံကောတ်ငဲ့။ နာမ်ငဲ့။ သိ-သက်။ လုပ်မြဲ။ ပြီး၏။ **တိက,စ, စတုက္က, စ,**တည်။ သိ-လေးလုံးသက်။ တိကဿ၊ လည်း။ စတုက္ကဿ၊ လည်း။ နည်းတူ။ နပုံလိုင်ချည်းတည်း။ **ဆတ္တသဒ္ဒါ, စသဒ္ဒါ, ဥပါဟနာသဒ္ဒါ, စသဒ္ဒါ,**တည်။ သိ-လေးလုံးသက်။ ဥပါဟနာနောင် သိ-ကိုခေျ။ ဆတ္တဿ၊ လည်း။ ဥပါဟနာစ၊ လည်း။ သမာသ်စသည်မှည့်မြဲ။ ခေျမြဲ။ နပုံကောတ်ငဲ့။ နာ-ကိုခွင်း။ ကွစိသမာသန္တ ဂတာနမကာရန္တော့ဖြင့် သမာသ်၏ အဆုံး၌တည်သော အာ-ကို အ-ရဿပြု။ ကပ်။ တဒ္ဓိတ,နာမ်ငဲ့။ သိ-သက်။ ခွင်း။ အံ-ပြု။ ခတ်။ ကပ်။ တ္တ-ကိုခွင်း။ သရာသရေလောပံ့ဖြင့်ခေျ။ တ္တ-ဥ-

http://www.dhammadownload.com

သို့ကပ်။ ဆတ္တုပါဟနံ,ပြီး၏။ [ဤအတူ စတုဒ္ဒိသံကိုလည်း လုပ်အပ်၏။ ဤကား ဧျာသဆရာအလိုတည်း။ စတုဒ္ဒိသံနှင့်အတူ၊ သမထ ဝိပဿနံ,ဆတ္တုပါဟနံ,ကိုလည်း လုပ်အပ်၏။]။ **ဝေန, စ, ရထကာရ, စ,** တည်။ **သာကုဏိက,စ,မာဂဝိက,စ,**တည်။ **ဒိဃ,စ, မဇ္ဈိမ, စ,** တည်။ သိ-လေးလုံးစီသက်။ ဒါသိဒါသံနှင့် အတူလုပ်။ ကွစာဒိ,ဖြင့် ရဿမပြုရသည်သာ ထူးသည်။ ပုလ္လိင်ချည်းတည်း။ သုံးရုပ် အသီးအသီးလုပ်။ ပြီး၏။

အချို့သောစာကိုယ်၌ ဝေဏှဟူ၍ ဥကာရန္တရှိ၏။ ဝေဏှသဒ္ဒါကား ဝါးကိုဟော။ ဒေါင်းရွေသမားကို မဟော။ ထိုကြောင့် ဝေဏှဟုရှိသော ပါဠိကို ဆင်ခြင်အပ်၏။ ဝေန,ဟု အကာရန္တရှိသော သဒ္ဒါသာ ဒေါင်းရွေသမားကို ဟောသတည်း။

၃၂၃။ ဒိဘာသာ ရုက္ခ တိဏ ပသု ဓန ဥည ဇနပဒါဒိ နဉ္ဆ

ရုက္ခ တိဏ ပသု ဓန ဓည ဇနပဒါဒိနဉ္ဆ၊ သစ်ပင်ဟူသောအနက်, မြက်ဟူသောအနက်, သားဟူသောအနက်, ဥစ္စာဟူသောအနက်, စပါးဟူသောအနက်, ဇနပုဒ်ဟူသောအနက်, ဤသို့အစရှိကုန်သော ပုဒ်တို့၏လည်း။ ဝိဘာသာ၊ အချို့သဖြင့်။ နပုံသကကေတ္တံ၊ နပုံကေတ်၏ အဖြစ်သည်။ ဟောတိ၊ ၏။ ဒွန္ဒေ၊ ဒွန်ဖြစ်သော။ သမာသေ၊ သမာသ်၌။ ရုက္ခ တိဏ ပသု ဓန ဓည ဇနပဒ ဣစ္စေဝမာဒိနံ၊ သစ်ပင်ဟူသောအနက်, မြက်ဟူသောအနက်, သားဟူသောအနက်, ဥစ္စာဟူသောအနက်, စပါးဟူသောအနက် ဇနပုဒ်ဟူသောအနက်, ဤသို့အစရှိကုန်သော ပုဒ်တို့၏လည်း။ ဝိဘာသာ၊ အချို့သဖြင့်။ ကေတ္တာဥ္ဆ၊ တခုတည်းသောအဖြစ်သည်ငင်း။ နပုံသကလိင်္ဂတ္တာဥ္ဆ၊ ငင်း။ ဟောတိ၊ ၏။ အဿတ္ထောစ၊ ညောင်ပုဒ္ဓဟေလည်း။ ကပိထနောစ၊ ညောင်ချဉ်လည်း။ အဿတ္ထကပိထနံ၊ ညောင်ပုဒ္ဓဟေ ညောင်ချဉ်။ ဝါ၊ ကား။ အဿတ္ထကပိထနာ၊ ညောင်ပုဒ္ဓဟေ ညောင်ချဉ်တို့။ [ဤညောင်ချဉ်ကို ညောင်ချဉ်ဟူ၍ ဆိုအပ်၏]။ ဥသီရဉ္ဆ၊ ပန်းရင်းလည်း။ ဗီရဏာဥ္ဆ၊ ပိန်းမြက်လည်း။ ဥသီရဗီရဏံ၊ ပန်းရင်း ပိန်းမြက်။ ဝါ၊ ကား။ ဥသီရဗီရဏာ၊ တို့။ အဇောစ၊ ဆိတ်မြန်မာလည်း။ ဧဍကောစ၊ ဆိတ်ကုလားလည်း။ အဇေဍကံ၊ ဆိတ်မြန်မာ ဆိတ်ကုလား။ ဝါ၊ ကား။ အဇေဍကာ၊ တို့။ ဟီရညဉ္ဆ၊ သုံးဆောင်ပြီးသော ရွှေလည်း။ သုဝဏ္ဏဉ္ဆ၊

http://www.dhammadownload.com

မသုံးဆောင်သေးသောရွှေလည်း။ ဟိရညသုဝဏ္ဏံ၊ ဟိရညသုဝဏ္ဏမည်သော ရွှေ။ ဝါ၊ ကား။ ဟိရညသုဝဏ္ဏာ၊ ဟိရညသုဝဏ္ဏမည်သောရွှေတို့။ သာလိစ၊ သလေးလည်း။ ယဝေါစ၊ မုယောလည်း။ သာလိယံ၊ သလေးမုယော။ ဝါ၊ ကား။ သာလိယဝါ၊ တို့။ ကာသိစ၊ ကာသိတိုင်းတို့လည်း။ ကောသလာစ၊ တို့လည်း။ ကာသိကောသလံ၊ ကာသိတိုင်း ကောသလတိုင်း။ ဝါ၊ ကား။ ကာသိကောသလာ၊တို့။ ဘောအာစရိယ၊ဆရာ။ အာဒိဂ္ဂဟဏံ၊ ကို။ ကိမတ္ထံ၊ ငှာ။ အာစရိယေန၊ သည်။ ဝုတ္တံ၊ နည်း။ ဘောသိဿ၊ သာဝဇ္ဇနဉ္စ အနဝဇ္ဇန္ဉ သာဝဇ္ဇာနဝဇ္ဇံတျာဒီသုပိ၊ သာဝဇ္ဇာနဝဇ္ဇံ အစရှိကုန်သော ပြယုဂ်တို့၌လည်း။ ကေတ္တနပုံသကတ္တာဥပနတ္ထံ၊ တခဲ့တည်း၏အဖြစ်, နပုံလိင်၏အဖြစ်ကို သိစေခြင်းငှာ။ ဝုတ္တံ၊ ဆိုအပ်၏။ သာဝဇ္ဇဉ္စ၊ အပြစ်ရှိသည်လည်း။ အနဝဇ္ဇဉ္စ၊ အပြစ်မရှိသည်လည်း။ သာဝဇ္ဇာနဝဇ္ဇံ၊ အပြစ်ရှိသည် မရှိသည်။ ဝါ၊ ကား။ သာဝဇ္ဇာနဝဇ္ဇာ၊ တို့။ ဟီနဉ္စ၊ လည်း။ ပဏီတဉ္စ၊ လည်း။ ဟီနပဏီတံ၊ အယုတ်အမြတ်။ ဝါ၊ ကား။ ဟီနပဏီတာ၊ တို့။ ကဏှောစ၊ လည်း။ သုက္ကောစ၊ လည်း။ ကဏှသုက္ကံ၊ အမည်းအဖြူ။ ဝါ၊ ကား။ ကဏှသုက္ကာ၊ အမည်းအဖြူတို့။

အဿတ္ထ, စ, ကပိထန, စ,တည်။ သိ-လေးလုံးသက်။ ဩ-ပြုခြေ။ အသတ္ထောစ၊ လည်း။ ကပိထနောစ၊ လည်း။ ဣတိအတ္ထော၊ ဤသို့သောအနက်၌။ သမာသ်မှည့်။ ဒွန်မှည့်။ တေသံ, သုတ်ဖြင့် ဝိဘတ်တို့ကိုခြေ။ ဝုတ္တတ္ထာန, စနံပါတ်တို့ကိုခြေ။ အဿတ္ထကပိထန,ဟု ပကတိပြု။ သော နပုံသကလိင်၏, သုတ်မှ နပုံသကသဒ္ဒါ,ဒီဂုသောကတ္တံ,သုတ်မှ ကေတ္တသဒ္ဒါ,တထာဒွန္ဒေ,သုတ်မှ ဒွန္ဒသဒ္ဒါတို့ကို လိုက်စေ၍ ဝိဘာသာ ရုက္ခ တိဏ ပသု ဓန ဓည ဇနပဒါဒီနဉ္စ, ဟူသော ဤသုတ်ဖြင့် သစ်ပင်ဟူသောအနက်ရှိသော အဿတ္ထကပိထန, ဟူသော ဒွန်သမာသ်ကို နပုံလည်းငဲ့။ ကေတ်လည်းငဲ့။ တဒ္ဓိတ,နာမ်ငဲ့။ သိ-သက်။ ဥင်း။ အံ-ပြု။ သရလော။ပ။ ပကတိပြု။ ကပ်။ ပြီး၏။ ကိ ကိုလည်း တည်မြဲ။ သမာသ် ဒွန်စသည်မှည့်မြဲ။ ဝိဘတ် စသည်ခြေမြဲ။ ပကတိပြု။ ဆရာကား ဤသုတ်ဖြင့် သစ်ပင်ဟူသော အနက်ရှိသော အဿတ္ထကပိထန, ဟူသော ဒွန်သမာသ်ကို နပုံကေတ်ငဲ့မြဲ ငဲ့စပါလော။ မငဲ့စရ အဘယ့်ကြောင့်၊ ကား ဝိဘာသာသဒ္ဒါမြစ်သောကြောင့် မငဲ့စရ။ တဒ္ဓိတ နာမ်ငဲ့။ ပဌမာ ယော-သက်။ ဥင်း။ သမ္ပယောနိနမာဧ,ဖြင့် အာ-ပြု။ဝဝ်။

http://www.dhammadownload.com

ကပ်။ အဿတ္ထကပီထနာ, ပြီး၏။ [ပုလ္လိင်။ ဤရုပ်ကား ရုက္ခအနက်တည်း]။ **ဥသီရ,စ, ဗီရဏ, စသဒ္ဒါ,**တည်။ သိ-လေးလုံးသက်။ အံ-ပြု။ ကပ်။ ဝဂ္ဂန္တ ဥ-ပြု။ ကပ်။ ချေ။ ဥသီရဥ္ဇ၊ လည်း။ ဗီရဏဥ္ဇ၊ လည်း။ ဣတိအတ္ထေ၊ ဤသို့သောအနက်၌။ သမာသ်စသည်မှည့်မြဲ။ ချေမြဲ။ လိုက်မြဲ။ ဝိဘာသာ, ဟူသော ဤသုတ်ဖြင့် မြက်ဟူသော အနက်ရှိသော ဥသီရ ဗီရဏဟူသော ဒွန်သမာသ်ကို နပုံကည်းငဲ့။ ဧကတ်လည်းငဲ့။ တဒ္ဓိတ,နာမ်ငဲ့။ သိ-သက်။ခွင်း။ အံ-ပြု။ ခတ်။ ကပ်။ ဥသီရ ဗီရဏံ,ပြီး၏။ ကိုံကိုလည်း တည်မြဲ။ မှည့်မြဲ။ ချေမြဲ။ ဆရာကား-ဤသုတ်ဖြင့် မြက်ဟူသောအနက်ရှိသော ဥသီရဗီရဏ ဟူသော ဒွန်သမာသ်ကို နပုံဧကတ်ငဲ့စပါလော။ ဝိဘာသာသဒ္ဒါ။လ။ မငဲ့စရ။ တဒ္ဓိတ,နာမ်ငဲ့။ ယော-သက်။ ဏ-ကိုခွင်း။ အတောနိစ္စံ,ဖြင့် နပုံလိင် အကာ ရန္ဆနောင်မှ နှောင်းသော ယော-ဝိဘတ်ကို နိ-ပြု။ သဗ္ဗယောနီနမာဧ,ဖြင့် ယော-ဝိဘတ်၏ ကာရိယဖြစ်သော နိအက္ခရာကို အာ-ပြု။ သရလော။ပ။ ပကတိပြု။ ဥသီရဗီရဏာ,ပြီး၏။ [ဤရုပ်ကား တိဏအနက်တည်း]။

အဇ,စ, ဧဋ္ဌက,စ,တည်။ အဇောစ၊ လည်း။ ဧဋ္ဌကောစ၊ လည်း။ သမာသ်စသည်မှည့်မြဲ။ ချေမြဲ။ ပကတိပြု။ ဇ-ကိုခွင်း။ သရလော။ပ။ ပကတိ ပြု။ ဇ-ဧ-သို့ကပ်။ လိုက်မြဲ။ ဝိဘာသာဟူသော ဤသုတ်ဖြင့် သားဟူသော အနက်ရှိသော အဇေဋ္ဌကဟူသော ဒွန်သမာသ်ကို နပုံဧကတ်ငဲ့။ နာမ်ငဲ့။ သိ-သက်။ အံ-ပြု။ ခတ်။ ကပ်။ အဇေဋ္ဌကံ, ပြီး၏။ ကိုံကိုလည်း တည်မြဲ။ လုပ် မြဲ။ ပကတိပြု။ ဇ-ကိုခွင်း။ ဇ-ဧ-သို့ကပ်။ ဆရာကား- ဤသုတ်ဖြင့် သား ဟူသော အနက်ရှိသော အဇေဋ္ဌကဟူသော ဒွန်သမာသ်ကို နပုံဧကတ်ငဲ့မြဲငဲ့။ ။လ။ ဝိဘာသာ မငဲ့စရ။ နာမ်ငဲ့။ ယော-သက်။ သဗ္ဗယောနီနမာဧ,ဖြင့် အာ-ပြု။ ပြီး၏။ [ဤရုပ်ကား ပသုအနက်တည်း။ ပုလ္လိင်။ အဿတ္ထကပီထနနှင့် နည်းတူတည်း]။ **ဟိရည,စ,သုဝဏ္ဏ,စ,**တည်။ သိ-လေးလုံးသက်။ နပုံလိင် တည်း။ဥသီရဗီရဏံနှင့် နည်းတူလုပ်။ဤသုတ်ဖြင့် ဥစ္စာဟူသောအနက်ရှိသော ဟိရညသုဝဏ္ဏဟူသော ဒွန်သမာသ်ကိုဟူ၍ ဆိုသည်သာ ထူးသည်။ပြီး၏။

လုပ်၍သုံးဆောင်ပြီးသော အဘိုးများသော ရွှေသည် ဟိရညမည်၏။ မသုံး ဆောင်သေးသော အဘိုးနည်းသော ရွှေသည် သုဝဏ္ဏမည်၏။ ဤအ ကြောင်းကိုကား အဘိဓာန်ကိုမြင်၍သိအပ်၏။ ဤရုပ်ကား ဓနအနက်တည်း၊

http://www.dhammadownload.com

သာလိ, ၅, ယဝ, စ, တည်။ သိ-လေးလုံးသက်။ သေသတော့ဖြင့် သာလိနောင် သိ-ကိုချေ၍ သာလိစ ယဝေါစ,ဟု ဝါကျဖြစ်စေ၍ အဿတ္ထ ကပိဏနှင့် အတူလုပ်လေ။ စပါးဟူသော အနက်ရှိသော သာလိယဝ,ဟူသော ဒွန်သမာသ်ကိုဟူ၍ ဆိုသည်သာထူးသည်။ [ဤရုပ်ကား- ဥညအနက်တည်း]။ ကိ ကိုလည်းတည်မြဲ။ လုပ်မြဲ။ စောဒနာမြဲ။ ပြီး၏။ **ကာသိ, ဇ, ကောသလ, စ, သဒ္ဒါ,** တည်။ ယော-လေးလုံးသက်။ သိ-ကိုဥင်း။ ဏ္ဍ-ကို စျ-မှည့်။ ဃပတောစ ယောနံ လောပေါ,ဖြင့် စျ-နောင်မှ နှောင်းသော ယော-ဝိဘတ်ကိုခေျ။ ယောသုကတနိကာရ လောပေသု ဒီဃံ ဖြင့် ယော-ဝိဘတ်ကို ခေျပြီးသော် ရှေ့သရ သိ-၏အစိတ် ဏ္ဍ-ကို ဤ-ဒီဃပြု။ ကပ်။ သဗ္ဗာသမာ,ဖြင့် စ-နိုဗ္ဗါတ်နောင် သက်သော ယော-ဝိဘတ်ကိုခေျ။ လ-ကို ဥင်း။ သဗ္ဗယောနီနမာဒေ,ဖြင့် ပုလ္လိင် အကာရန္တနောင်မှ နှောင်းသော ပဌမာ ယောဝိဘတ်ကို အာ-ပြု။ သရလောပ။ ပကတိပြု။ လ-အာသို့ကပ်။ စ-နောင် ခေျမြဲ။ ကာသိစ၊ ကာသိတိုင်းတို့လည်း။ ကောသလာစ၊ ကောသလတိုင်းတို့လည်း။ ဏ္ဍတိအတွေ့၊ ဤသို့သော့အနက်၌။ သမာသ်စသည် မှည့်မြဲ။ ပကတိပြုမြဲ။ လိုက်မြဲ။ ဝိဘာသာ,ဟူသော ဤသုတ်ဖြင့် ဇနပဒဟူသော အနက်ရှိသော ကာသိကောသလ,ဟူသော ဒွန်သမာသ်ကို နပုံကောတ်ငဲ့။ တဒ္ဓိက, နာမ်ငဲ့။ သိ-သက်။ ဥင်း။ ခတ်။ ကပ်။ ပြီး၏။ ကိ ကိုလည်း တည်မြဲ။ ယော-လေးလုံးသက်၍ လုပ်မြဲ။ စောဒနာမြဲ။ ဝိဘာသာ။လ။ မငဲ့စရ။ နာမ်ငဲ့။ ယော-သက်။ သဗ္ဗယောနီနမာဒေ,ဖြင့် လုပ်မြဲ။ ကာသိကောသလာ, ပြီး၏။

> ပုလ္လိင် ဗဟုဝုစ်ဖြင့် ဝါကျပြုသည်ကိုကား ကာသီသု ကောသလေသု စာရိကဥ္စရမာနော, အစရှိသော ပါဠိ အဋ္ဌကထာ ဋီကာပါဠိတို့ကို လည်းကောင်း, ပုံဗဟုတ္တေ ကုရုသက္ကာ၊ ကောသလာ မာဂဓာသိဝိ, အစရှိသော အဘိဓာန်ပါဠိကို လည်းကောင်း မြင်၍သိရာ၏။ဤရုပ်ကား ဇနပဒအနက်တည်း။

[သာဝတ္ထာနဝတ္ထုံ, စသည်ကား အာဒိသဒ္ဒါ၏ အကျိုးတည်း]။ **သာဝတ္ထိ, စ, အနဝတ္ထိ, စ,** တည်။ သိ-လေးလုံးသက်။ အံ-ပြု။ ဝဂ္ဂန္တ ဥ-ပြု။ ကပ်။ ဒချ။ သာဝတ္ထဋ္ဌ၊ လည်း။ အနဝတ္ထဋ္ဌ၊ လည်း။ ဏ္ဍတိအတွေ့၊ ဤသို့သောအနက်

http://www.dhammadownload.com

၌။ သမာသ်စသည်မှည့်မြဲ။ ချေမြဲ။ ပကတိပြု။ ဤသုတ်၌ အာဒိသဒ္ဒါဖြင့် သာဝဇ္ဇ အနဝဇ္ဇဟူသော ဒွန်သမာသ်ကို နပုံဖြစ်ငြားသော်လည်း ပဇ္ဇုန္နဂတိက နည်းအားဖြင့် နပုံကေတ်ငဲ့။ ဇ္ဇ-ကိုခွင်း။ သရာသရေလောပံ,ဖြင့်ချေ။ ဒီဃံ, သုတ်ဖြင့် နောက်အ-ကို အာဒီဃပြု။ ကပ်။ တဒ္ဓိတ,နာမ်ငဲ့။ သိ-သက်။ ခွင်း။ အံ-ပြု။ ဇ္ဇ-အံသို့ကပ်။ ပြီး၏။ ကိံကိုလည်း တည်မြဲ။ သမာသ်မှည့်။ ဒွန်မှည့်။ ချေမြဲ။ ပကတိပြု။ ဆရာကား-ဤသုတ်၌ အာဒိသဒ္ဒါဖြင့် သာဝဇ္ဇ အနဝဇ္ဇ ဟူသောဒွန်သမာသ်ကိုနပုံကေတ်ငဲ့မြဲ။ ဝိဘာသာ, မငဲ့စရ။ ဇ္ဇ-ကိုခွင်း။ချေမြဲ။ ဒီဃပြုမြဲ။ ကပ်။ တဒ္ဓိတ,နာမ်ငဲ့။ ယော-သက်။ ဇ္ဇ-ကိုခွင်း။ အတောနိစ္စံ,ဖြင့် နိ-ပြု။ သဗ္ဗယောနီနမာဇ,ဖြင့် နပုံလိင် အကာရန္တ နောင်မှ နှောင်းသော ယော-ဝိဘတ်၏ ကာရိယဖြစ်သော နိ-အက္ခရာကို အာ-ပြု။ သရလော။ပ။ ပကတိပြု။ ကပ်။ သာဝဇ္ဇာနဝဇ္ဇာ, ပြီး၏။ ။**ဟီန,စ, ပဏီတ,စ,** တည်။ နည်းတူလုပ်။ နပုံလိင်တည်း။ **ကဏ္ဍ,စ,သုက္က,စ,**တည်။ သိ-လေးလုံး သက်။ ဩ-ပြု။ ချေ။ လုပ်မြဲ။ ဆိုမြဲ။ ကဏ္ဍသုက္ကံ,ပြီး၏။ [ပုလ္လိင်]။ ကိံကို လည်း နည်းတူတည်။ သိ-လေးလုံးသက်၍လုပ်။ စောဒနာ နာမ်ငဲ့။ ပုလ္လိင် အဆုံး၌ ယော-ဝိဘတ်သက်၍ သဗ္ဗယောနီနမာဇ,ဖြင့် အာ-ပြု။ ကပ်။ပုလ္လိင် တည်း။ ပြီး၏။.

၃၂၄။ ဒ္ဓိပဒေ တုလျာဓိကရဏေ ကမ္မဓာရယော

တုလျာဓိကရဏေ၊ တူသော တည်ရာရှိကုန်သော။ ဒ္ဓိပဒေ၊ နှစ်ပုဒ်ရှိသော သမာသ်တို့ကို။ ကမ္မဓာရယော၊ ကမ္မဓာရယ် ဟူသော အမည်ရှိ၏ဟူ၍။ ဝေဒိ တဗ္ဗာ၊ သိအပ်ကုန်၏။

> ဒ္ဓိပဒေတိကမ္မတ္ထနိဒ္ဒေသော တုလျာဓိကရဏေတိ တဗ္ဗိသေသနံ၊ ဤသို့အစရှိ သော နိဒ္ဒေသပါဠိနှင့်အညီ ယောဇနာသည်။ ဤသုတ်၏ ဝုတ္တိနှင့် နိဒ္ဒေသ, ဧာသ,ရူပသိဒ္ဓိ,ဆရာတို့၏ အယူနှင့် အညီအနက်ကို ယောဇနာလိုက်သည်။

တုလျာဓိကရဏာနိ၊ တူသော တည်ရာရှိကုန်သော။ ဒ္ဓိပဒါနိ၊ နှစ်ပုဒ်ရှိကုန် သော သမာသ်တို့ကို။ ယဒါ၊ အကြင်အခါ၌။ သမသျန္တေ၊ ချဉ်းအပ်ကုန်၏။ တဒါ၊ ထိုအခါ၌။ သောသမာသော၊ ထိုသမာသ်သည်။ ကမ္မဓာရယသညော၊ ကမ္မဓာရယ် ဟူသော အမည်ရှိသည်။ ဟောတိ၊ ၏။ သော၊ ထိုသူသည်။

http://www.dhammadownload.com

မဟန္တောစ၊ မြတ်သည်လည်း။ ဟောတိ၊ ၏။ ပုရိသောစ၊ ယောက်ျားသည်လည်း။ ဟောတိ၊ ၏။ ဣတိတသ္မာ၊ ထိုနှစ်ပါးသော သတ္တိကြောင့်။ သော၊ ထိုသူသည်။ မဟာပုရိသော၊ မဟာပုရိသမည်၏။ သော၊ ထိုတိရစ္ဆာန်သည်။ ကဏ္ဍောစ၊ အမည်းသည်လည်း။ ဟောတိ၊ ၏။ သပ္ပေါစ၊ မြွေသည်လည်း။ ဟောတိ၊ ၏။ ဣတိတသ္မာ၊ ထိုနှစ်ပါးသောသတ္တိကြောင့်။ သော၊ထိုတိရစ္ဆာန်သည်။ ကဏ္ဍသပ္ပေါ၊ကဏ္ဍသပ္ပမည်၏။ တံရုက္ခံ၊ထိုသစ်ပင်သည်။နီလဥ္ဇ၊ညိုသည်လည်း။ဟောတိ၊၏။ ဥပ္ပလဥ္ဇ၊ကြာသည်လည်း။ ဟောတိ၊၏။ ဣတိတသ္မာ။လ။ ကြောင့်။တံရုက္ခံ၊သည်။ နီလုပ္ပလံ၊နီလုပ္ပလမည်၏။ တံရုက္ခံ၊သည်။ လောဟိတဥ္ဇ၊ နီသည်လည်း။ ဟောတိ၊ ၏။ စန္ဒနဥ္ဇ၊ စန္ဒကူးသည်လည်း။ ဟောတိ၊ ၏။ ဣတိတသ္မာ၊ ကြောင့်။ တံရုက္ခံ၊ သည်။ လောဟိတစန္ဒနံ၊ လောဟိတစန္ဒနမည်၏။ သာဣတ္ထီ၊ထိုမိန်းမသည်။ ဗြာဟ္မဏီစ၊ ပုဏ္ဏေးမသည်လည်း။ ဟောတိ၊၏။ ဒါရိကာစ၊သတ္ဂိုသမီးသည်လည်း။ ဟောတိ၊ ၏။ ဣတိတသ္မာ၊ ကြောင့်။ သာဣတ္ထီ၊ သည်။ ဗြာဟ္မဏဒါရိကာ၊ ဗြာဟ္မဏဒါရိကာမည်၏။ သာဣတ္ထီ၊ သည်။ ခတ္တိယာစ၊ မင်းမိန်းမသည်လည်း။ ဟောတိ၊ ၏။ ကညာစ၊ သတ္ဂိုသမီးသည်လည်း။ ဟောတိ၊ ၏။ ဣတိတသ္မာ၊ ကြောင့်။ သာဣတ္ထီ၊ ထိုမိန်းမသည်။ ခတ္တိယကညာ၊ ခတ္တိယကညာမည်၏။ ။ကမ္မဓာရယမိစ္စနေနကွတ္ထော၊ ကမ္မဓာရယသညေစ။ ဘောအာစရိယ၊ ဆရာ။ ကမ္မဓာရယမိစ္စနေန-ကမ္မဓာရယ ဣတိအနေန သညာကရဏေန၊ ကမ္မဓာရယ် ဟူသော ဤအမည်ကိုပြုသဖြင့်။ ကွ-ကတရသ္မိံ သုတ္တေ၊ ၌။ အတ္ထော-ပယောဇနံ၊ သည်။ ဘဝတိ၊ နည်း။ ဘောသိဿ၊တပည့်။ ကမ္မဓာရယ သညေစာတိ အာဒီသု၊ကမ္မဓာရယသညေစ, ဤသို့ အစရှိကုန်သောသုတ်တို့၌။ အတ္ထော-ပယောဇနံ၊ ကမ္မဓာရယ်ဟူသော ခေါ်ဝေါ်ခြင်း အကျိုးရှိသည်။ ဘဝတိ၊ ၏။

ဤဥဒါဟရုဏ် အနက်၌ သတ္တိနှစ်ပါး ဟူသော်ကား မြတ်သောသတ္တိနှင့် ယောက်ျားဟူသော ဇာတ်ကိုယူ။ ကြွင်းသော ပြယုဂ်တို့၌လည်း ဤအတူသိအပ်၏။ ပဝတ္တနိမိတ်ပြားသောအဖြစ်ကိုသိစိမ့်သောဌာ စ,သဒ္ဒါနှစ်လုံးကိုဆိုသည်။ တုလျာဓိကရဏအဖြစ်ကို သိစိမ့်သောဌာ တ,သဒ္ဒါကိုဆိုသည်။

မဟာပုရိသော,ကို မဟန္တ-သဒ္ဒါ, စ-သဒ္ဒါ,တ-သဒ္ဒါ, ပုရိသ-သဒ္ဒါ, စ-သဒ္ဒါ,တည်။ သိ-ငါးလုံးသက်။ နွ-ကိုခွင်း။ သိ-ကို ဩ-ပြု။ ခတ်။ကပ်။

http://www.dhammadownload.com

စ-နောင် သိ-ကိုချေ။ တ-ကိုခွင်း။ တေတေသန္တော့,ဖြင့် သိ-ဝိဘတ်နှောင်း သောဒကြောင့် တ-သဒ္ဒါ၏ အစိတ် ဖြစ်သော တ-ကို သ-ပြု။ သိ-ကို သြ-ပြု။ သရလောပ။ ပကတိပြု။ ကပ်။ သ-ကိုခွင်း။ သြ-ပြု။ ဧတ်။ ကပ်။ စ-နောင်ချေ။ သော၊ ထိုသူသည်။ မဟန္တောစ၊ လည်း။ ဟောတိ၊ ၏။ ပုရိသောစ၊ လည်း။ ဟောတိ၊ ၏။ ဣတိအတ္ထော၊ ၌။ သမာသ်မှည့်။ ဣသုတ် ဖြင့် ကမ္မဓာရယ်မှည့်။ တေသံ,သုတ်ဖြင့် ဝိဘတ်တို့ကိုချေ။ ဝုတ္တတ္ထာန,ကြောင့် စ,နှစ်လုံး တ,သဒ္ဒါတို့ကိုချေ။ မဟန္တပုရိသ,ဟု ပကတိပြု။ မဟတံ မဟာ တုလျာဓိကရဏော ပဒေ,ဟူသော သုတ်ဖြင့် မဟန္တသဒ္ဒါကို မဟာပြု။ တဒ္ဓိတ, နာမ်ငဲ့။ သိ-သက်။ ခွင်း။ သြ-ပြု။ ဧတ်။ ကပ်။ မဟာပုရိသော,ပြီး၏။ ။ **ကဏ္ဍ,စ,တ,သပ္ပ,စ,သဒ္ဒါ,** တည်။ သိ-ငါးလုံးသက်။ သြ-ပြုမြဲ။ တ-ကို သ-ပြုမြဲ။ ချေမြဲ။ သော၊ ထိုတိရစ္ဆာန်သည်။ ကဏ္ဍောစ၊ လည်း။ ဟောတိ၊ ၏။ သပ္ပေါစ၊ လည်း။ ဟောတိ၊ ၏။ ဣတိအတ္ထော၊ ၌။ သမာသ်မှည့်။ ဤသုတ် ဖြင့် ကမ္မဓာရယ်မှည့်။ တေသံ,သုတ်ဖြင့် ဝိဘတ်တို့ကိုချေ။ ဝုတ္တတ္ထာန,ချေမြဲ။ ကဏ္ဍသပ္ပ,ဟု ပကတိပြု။ တဒ္ဓိတ,နာမ်ငဲ့။ သိ-သက်။ ခွင်း။ သြ-ပြု။ ဧတ်။ ကပ်။ ပြီး၏။ ။ **နိလ,စ,တ,ဥပ္ပလ,စ,** တည်။ **လောဟိတ,စ,တ, စန္ဒန,စ,** တည်။ နပုံဖြစ်သောကြောင့် ဝါကျရုပ်။ နိပ္ပန္နရုပ်၌ သိ-ကို အံ-ပြု သည်သာထူးသည်။ နည်းတူလုပ်။ နီလုပ္ပလ၌ နီလဥပ္ပလဟု ပကတိပြုပြီးလျှင် လ-ကိုခွင်းချေ။ လ-ဥ-သို့ကပ်။နီလုပ္ပလံ,လောဟိတစန္ဒနံ,ပြီး၏။ ။ **ပြာဟ္မ ဏီ,စ,သာ,ဒါရိကာ,စ,သဒ္ဒါ,** တည်။ သိ-ငါးလုံးသက်။ သိ-လေးလုံး ကိုချေ။ တာ-ကိုခွင်း။ တေတေသန္တော့,ဖြင့် သ-ပြု။ သ-အာ-သို့ကပ်။ သိ-ကိုချေ။ ပြာဟ္မဏီနောင်, တာနောင်, ဒါရိကာနောင်, သိ-တို့ကို သေသတော့, ဖြင့်ချေလေ။ သာဇ္ဈတ္ထိ၊ ထိုမိန်းမသည်။ ပြာဟ္မဏီစ၊ ပုဏ္ဏေးမ သည်လည်း။ ဟောတိ၊ ၏။ ဒါရိကာစ၊ သတ္တိသမီးသည်လည်း။ ဟောတိ၊ ၏။ ဣတိအတ္ထော၊ ၌။ သမာသ်မှည့်။ ကမ္မဓာရယ်မှည့်။ ဝိဘတ်စသည်ချေမြဲ။ ပြာဟ္မဏီဒါရိကာ, ဟု ပကတိပြု။ ဣတ္ထိယံဘာသိတပုမိတ္ထိပုမာဝစေ, သုတ်လိုက်စေ၍ ကမ္မဓာရယ သညေစ,ဖြင့် ဟောဘူးသော ပုလ္လိင်ရှိသော ပြာဟ္မဏီဟူသော ဣတ္ထိလိင်ကို ပုလ္လိင်ကဲ့သို့ငဲ့။ [ထိုသို့ငဲ့လျှင် ပြာဟ္မဏီ၌ ဤ-သည်ပျောက်၍ ပြာဟ္မဏဟု ရှိစေ]။ တဒ္ဓိတ,နာမ်ငဲ့။ သိ-သက်။ သေသတော,ဖြင့်ချေ။ ပြဟ္မဏဒါရိကာ,

http://www.dhammadownload.com

ပြီး၏။ ။**ခတ္တိယာ,စ,တာ,ကညာ,စ,သဒ္ဒါ,**တည်။ ဗြာဟ္မဏဒါရိကာနှင့် နည်းတူသုပ်။ [ပုလ္လိင့်လျှင် ခတ္တိယာဒ်၌ အာပျော်က်၍ ခတ္တိယ,ဟုရှိသည်သာ ထူးသည်]။ ပြီး၏။

မဟာပုရိသော စသည်ကား သမာသ်ခြောက်ပါးတို့တွင် ကမ္မဓာရယ်တည်း။ ကမ္မဓာရယ် ကိုးပါးတို့တွင် ဝိသေသန ပုဗ္ဗပဒ ကမ္မဓာရယ်တည်း။ အခကား မြတ်သောယောကျ်ား အစရှိသည်ရ၏။ အနက်အတိုင်းဆိုလေ။

၃၂၅။ သန်ျာပုဗ္ဗော ဒ်ဂု

သန်ျာပုဗ္ဗော၊ သန်ျာရ္ဘေရှိသော ကမ္မဓာရယ် သမာသ်သည်။ ဒ်ဂု၊ ဒ်ဂုအမည်ရှိ၏။ ။သန်ျာပုဗ္ဗော၊ သန်ျာရ္ဘေရှိသော။ ကမ္မဓာရယ သမာသော၊ ကမ္မဓာရယ် သမာသ်သည်။ ဒ်ဂုသညော၊ ဒ်ဂုဟူသော အမည်ရှိသည်။ဟောတိ၊ ၏။ တီဏိ၊ သုံးပါးကုန်သော။ မလာနိ၊ အညစ်အကြေး တို့တည်း။ တိမလံ၊ သုံးပါးသော အညစ်အကြေး။ တီဏိ၊ သုံးလုံးကုန်သော။ ဖလာနိ၊ သစ်သီး တို့တည်း။ တိဖလံ၊ သုံးလုံးသော သစ်သီး။ တယော၊ သုံးပါးကုန်သော။ လောကာ၊ လူတို့တည်း။ တိလောကံ၊ သုံးပါးသောလူ။ [တယော ဒဏ္ဍာ တိဒဏ္ဍံ၊ စတသ္ဆောဒိသာ စတုဒ္ဒိသံ၊ ပဉ္စက္ခန္ဓိယာနိ ပဉ္စိန္ဒြိယံ၊ အနက်ပေးမြဲ]။ သတ္တ၊ ခုနစ်စင်းကုန်သော။ ဂေါဓာဝရာ၊ ဂေါဓာဝရတို့တည်း။ သတ္တ ဂေါဓာဝရံ၊ ခုနစ်စင်းသော ဂေါဓာဝရ။ [ဂေါဓာ, ဂေါဒါ, နှစ်ပါးပင် ရှိသင့်၏။ ဂေါဓာဝရ,ကား မြစ်တည်း]။ ။ဒ်ဂုက္ကစ္စနေန ကတ္ထော၊ ဒ်ဂုဿေကတ္တံ၊ ဇာဘာအာစရိယ။ ဒ်ဂုက္ကစ္စနေန ဒ်ဂုက္ကတိအနေန သညာကရဏေန၊ ဒ်ဂုဟူသော ်အမည်ကိုပြုသဖြင့်။ ကွ-ကတရသ္မိံ သုတ္တော၊ ၌။ အတ္ထော-ပယောဇနံ၊သည်။ ဘဝတိ၊ နည်း။ တောသိဿ၊ ဒ်ဂုဿေကတ္တံ ဣတိအာဒိသု သုတ္တေသု၊ တို့၌။ အတ္ထော-ပယောဇနံ၊ ဒ်ဂုဟူ၍ ခေါ်ဝေါ်ရခြင်း အကျိုးရှိသည်။ ဘဝတိ၊ ၏။ [တိသဒ္ဒါ, မလသဒ္ဒါ, အစရှိသည်ဖြင့် တည်၍ ဝါကျနိဗ္ဗန္ဓကို ဒ်ဂုဿေကတ္တံ, သုတ်၌ ဆိုအပ်ပြီးသည်နှင့်အတူ ရုပ်ကိုလုပ်အပ်၏]။

၃၂၆။ ဥဘော တပ္ပုရိသော

ဥဘော၊ ဒ်ဂုကမ္မဓာရယ်, နှစ်ပါးတို့၏ လက္ခဏာ ရှိကုန်သော သမာသ်တို့သည်။ တပ္ပုရိသော၊ တပ္ပုရိသ် သမာသ်ဟူသော အမည်ရှိကုန်၏။ ။ဥဘော

http://www.dhammadownload.com

ဒိဂုကမ္မဓာရယ သမာသာ၊ နှစ်ပါးကုန်သော ဒိဂု, ကမ္မဓာရယ်,တို့၏ လက္ခဏာ ရှိကုန်သော သမာသ်တို့သည်။ တပ္ပုရိသ သည်ာ၊ တပ္ပုရိသ်ဟူသော အမည် ရှိကုန်သည်။ ဟောန္တိ၊ ကုန်၏။

ဒိဂု, ကမ္မဓာရယ် နှစ်ပါးရောသော အဖြစ်ကို သိစိမ့်သောငှာ မိဿကတပ္ပု ရိသ်,ဟူ၍ ဆိုသည်။ ဥဘေတပ္ပုရိသ်,ဟူ၍ပင် ဆိုသော်လည်း သင့်၏။

ပြာဟ္မဏော၊ ပုဏ္ဏားသည်။ နှ၊ မဟုတ်။ အပြာဟ္မဏော၊ ပုဏ္ဏားမဟုတ်။ ဝသလော၊ သူယုတ်သည်။ နှ၊ မဟုတ်။ အဝသလော၊ သူယုတ်မဟုတ်။ ဘိက္ခု၊ ရဟန်းသည်။ နှ၊ မဟုတ်။ အဘိက္ခု၊ ရဟန်းမဟုတ်။ ပဥ္စဝဿံ၊ ငါးနှစ်သည်၊ နှ၊ မဟုတ်။ အပဥ္စဝဿံ၊ ငါးနှစ်မဟုတ်။ ပဥ္စပုလိ၊ ငါးထုပ်သည်။ နှ၊ မဟုတ်။ အပဥ္စပုလိ၊ ငါးထုပ်မဟုတ်။ သတ္တဂေါဓာဝရံ၊ ခုနစ်စင်းသော ဂေါဓာဝရ သည်။ နှ၊ မဟုတ်။ အသတ္တဂေါဓာဝရံ၊ ခုနစ်စင်းသော ဂေါဓာဝရမဟုတ်။ ဒသဂဝံ၊ ဆယ်ခုသောနွားသည်။ နှ၊ မဟုတ်။ အဒသဂဝံ၊ ဆယ်ခုသော နွား မဟုတ်။ ပဉ္စဂဝံ၊ ငါးခုသောနွားသည်။ နှ၊ မဟုတ်။ အပဉ္စဂဝံ၊ ငါးခုသောနွား မဟုတ်။ [တနည်းကား။ နှ၊ မဟုတ်သော။ ပြာဟ္မဏော၊ တည်း။ အပြာဟ္မ ဏော၊ မဟုတ်သောပုဏ္ဏား။ ဤသို့အစရှိသည်ဖြင့် သော်လည်း ယောဇနာ]။ တပ္ပုရိသ ဣစ္စနေန ကဋ္ဌော၊ အတ္တံ နသာ တပ္ပုရိသေ။ ဘောအာစရိယ။ တပ္ပု ရိသ ဣစ္စနေန တပ္ပုရိသ ဣတိအနေန သညာကရဏေန၊ တပ္ပုရိသဟူသော အမည်ကိုမှည့်ခြင်းကို ပြုသဖြင့်။ ကွ-ကတ္တရသို့ သုတ္တော၊ ၌။ အတ္ထောပယောဇနံ၊ သည်။ ဘဝတိ၊ နည်း။ ဘောသိဿာ၊ အတ္တံနသာ တပ္ပုရိသေ ဣတိအာဒိ သု သုတ္တောသု၊ တို့၌။ အတ္ထော ပယောဇနံ၊ တပ္ပုရိသ်ဟူ၍ ခေါ်ဝေါ်ရခြင်း အကျိုးရှိသည်။ ဘဝတိ၊ ၏။

နသဿ၊ ပြာဟ္မဏသဿ၊ တည်။ သိ-နှစ်လုံးသက်။ သဒ္ဒါသမာ,ဖြင့် န-နိုပါတ်နောင်သက်သော သိ-ဝိဘတ်ကိုခေျ။ ပြာဟ္မဏနောင် သိ-ကို သြ-ပြု။ ပြာဟ္မဏော၊ သည်။ နှ၊ မဟုတ်။ ဣတိအတ္ထော၊ ၌။ သမာသ်မှည့်။ ကမ္မ ဓာရယ်မှည့်။ ဝိဘတ်ကိုခေျ။ နပြာဟ္မဏ,ဟု ပကတိပြု။ ဥဘေတပ္ပုရိသာ, ဟူသော ဤသုတ်ဖြင့် ဥဘေတပ္ပုရိသ်သမာသ်ဟူ၍မှည့်။ အတ္တံ နသာ တပ္ပုရိ သေ, ဖြင့် န-ကိုအ-ပြု။ တဒ္ဓိတ,နာမ်ငဲ့။ သိ-သက်။ ခွင်း။ သြ-ပြု။ ကပ်။ အပြာဟ္မဏော, ပြီး၏။ ။**အဝသလ၊ အဘိက္ခု၊** ကိုလည်း ဤနည်း

http://www.dhammadownload.com

အတူလုပ်။ **အပဉ္ဆဝဿံ**,ကို ပဉ္စာသဒ္ဒါ, ဝဿသဒ္ဒါ,တည်။ ယော-နှစ်လုံးသက်၊ ဥ-ကိုခွင်း။ပဉ္စာဒီနမကာရော,ဖြင့် ယော-ဝိဘတ်နှောင်းသောကြောင့် ဝိဘတ်နှင့်တကွ ပဉ္စဟူသော သခ်္ခါသဒ္ဒါ၏ အစိတ် အ-ကို အ-ပြု။ သ-ကို ခွင်း။ အတောနိစ္စံ,ဖြင့် နပုံလိင် အကာရန္တနောင်မှ နှောင်းသော ယော-ဝိဘတ်ကို နိ-ပြု။ ယောသုကတနိကာရ လောပေသုဒီဃံ,ဖြင့် ယော-ဝိဘတ်ကို နိ-ပြုပြီးသည်ရှိသော် ရှေ့ အ-သရကို အာ-ဒီဃပြု။ ပဉ္စ၊ ကုန်သော။ ဝဿာနိ၊ နှစ်တို့တည်း။ ဣတိအတ္ထော၊ ဍ်။ သမာသ်မှည့်။ ကမ္မဓာရယ်မှည့်။ ဝိဘတ်ကိုခေျ။ ပဉ္စဝဿ,ဟု ပကတိပြု။ သခ်္ခါပုဗ္ဗော ဒိဂု,ဖြင့် ဒိဂုအမည်မှည့်။ သော နပုံသက လိင်ေ,သုတ်မှ နပုံသကသဒ္ဒါလိုက်၍။ [နပုံသကသဒ္ဒါကို လိုက်စေ၍ သော်လည်းဟူ]။ ဒိဂုသောကတ္တုံ,ဖြင့် ပဉ္စဝဿ,ဟူသော ဒိဂုသမာသ်ကို နပုံးလည်းငဲ့။ ကေတ်လည်းငဲ့။ တဒ္ဓိတ,နာမ်ငဲ့။ သိ-သက်။ ခွင်း။ အံ-ပြု။ ကပ်။ ပဉ္စဝဿံ, ပြီး၏။

နာ-သဒ္ဒါ, ပဉ္စဝဿသဒ္ဒါ,တည်။ သိ-နှစ်လုံးသက်။ နာ-နိပါတ်နောင် သိ-ကိုခေျ။ သ-ကိုခွင်း။ အံ-ပြု။ ပဉ္စဝဿံ၊ ငါးနှစ်သည်။ နာ၊ မဟုတ်။ ဣတိအတ္ထော၊ ဍ်။ သမာသ်မှည့်။ ကမ္မဓာရယ်မှည့်။ ဝိဘတ်ကိုခေျ။ နပဉ္စဝဿ,ဟု ပကတိပြု။ ဣသုက်ဖြင့် ဥဘေတပ္ပုရိသ်မှည့်။ အတ္တံနဿ တပ္ပုရိသေ,ဖြင့် နာ-ကို အ-ပြု။ တဒ္ဓိတ, နာမ်ငဲ့။ သိ-သက်။ ခွင်း။ အံ-ပြု။ အပဉ္စဝဿံ,ပြီး၏။ **ပဉ္စသဒ္ဒါ,ပုလိသဒ္ဒါ,**တည်။ ယော-နှစ်လုံးသက်။ ဥ-ကိုခွင်း။ ပဉ္စာဒီန မကာရော,ဖြင့် ယော-ဝိဘတ် နောင်းသောကြောင့် ဝိဘတ်နှင့်တကွ ပဉ္စဟူသော သခ်္ခါသဒ္ဒါ၏အစိတ် အ-ကို အ-ပြု။ လ-ကိုခွင်း။ ဣ-ကို စျ-မှည့်။ ဃပတောစ ယောနံလောပေါ,ဖြင့် စျ-နောင်မှ နှောင်းသော ယော-ဝိဘတ်ကိုခေျ။ ယောသုကတနိကာရ လောပေသု ဒီဃံ,ဖြင့် ဒီဃပြု။ ကပ်။ ပဉ္စ၊ ကုန်သော။ ပုလိ၊ အထုပ်တို့တည်း။ ဣတိအတ္ထော၊ ဍ်။ သမာသ်မှည့်။ ကမ္မဓာရယ်မှည့်။ ဝိဘတ်ကိုခေျ။ ပဉ္စပုလိ,ဟု ပကတိပြု။ ဒိဂုမှည့်။ လိုက်မြဲ။ နပုံကေတ်ငဲ့။ တဒ္ဓိတ, နာမ်ငဲ့။ သိ-သက်။ သေသတော,ဖြင့်ခေျ။ ပဉ္စပုလိ,ပြီး၏။ **နာ-ပဉ္စပုလိ**,တည်။ သိ-နှစ်လုံးသက်။ သိ-နှစ်လုံးကိုခေျ။ ပဉ္စပုလိ၊ ငါးထုပ်သည်။ နာ၊ မဟုတ်။ ဣတိအတ္ထော၊ ဍ်။ လုပ်မြဲ။ နာ-ကို အ-ပြုမြဲ။ နာမ်ငဲ့၍ သိ-သက်။ ခွခေျ။ ပြီး၏။ **သတ္တသဒ္ဒါ,ဂါဓဝရိသဒ္ဒါ,**တည်။ ယော-နှစ်လုံးသက်။

http://www.dhammadownload.com

တ္တ-ကိုခွင်း။ ပဥ္ဥာဒီန မကာရော,ဖြင့် ယော-ဝိဘတ် နှောင်းသောကြောင့် ဝိဘတ်နှင့်တကွ သတ္တ,ဟူသော သဒ္ဒါသဒ္ဒါ၏အစိတ် အ-ကို အ-ပြု။ ရ-ကိုခွင်း။ ဤ-ကို ပ-မှည့်။ အသော,ဖြင့် ရဿ။ ကပ်။ သတ္တ၊ ခုနစ်စင်းကုန်သော။ ဂေါဓာဝရိယော၊ ဂေါဓာဝရီတို့တည်း။ ဣတိအတ္ထေ၊ ၌။ မိဿက, အမည်မှည့်။ စတုဒ္ဒိသံနှင့် အတူလုပ်။ နပုံကေတ်ငဲ့ ပြီးလျှင် ရ-ကိုခွင်း၍။ ကွစိသမာသန္တ ဂတာန မကာရန္တော,သုတ်ဖြင့် ဣ-ကို အ-ပြုသည်သာထူးသည်။ နာမ်ငဲ့။ သိ-သက်။ အံ-ပြု။ ပြီး၏။ ။**နသဒ္ဒါ, သတ္တဂေါဓာဝရီသဒ္ဒါ**,တည်။ သိ-နှစ်လုံးသက်၍ အပဥ္ဥဝဿံနှင့် အတူလုပ်။ ။**ဒသသဒ္ဒါ, ဂေါ-သဒ္ဒါ**,တည်။ ယော-နှစ်လုံးသက်။ သ-ကိုခွင်း။ ပဥ္ဥာဒီနမကာရော, ဖြင့် ယော-ဝိဘတ် နှောင်းသောကြောင့် ဝိဘတ်နှင့်တကွ ဒသဟူသော သဒ္ဒါသဒ္ဒါ၏ အစိတ် အ-ကို အ-ပြု။ ကပ်။ ဂ-ကိုခွင်း။ ယောသုစ,ဖြင့် ယော-ဝိဘတ်နှောင်းသောကြောင့် ဂေါသဒ္ဒါ၏အစိတ် ဖြစ်သော ဩ-ကို အာဝပြု။ တတော ယောနမောတု,၌ တုသဒ္ဒါဖြင့် ယော-ဝိဘတ်ကို ဩ-ပြု။ ဂ-အာ-သို့ကပ်။ ဝ-ဩ-သို့ကပ်။ ဒသ၊ ဆယ်ခုကုန်သော။ ဂါဝေါ၊ တို့တည်း။ ဣတိအတ္ထေ၊ ၌။ သမာသ်မှည့်။ ကမ္မဓာရယ်မှည့်။ ဝိဘတ်ကိုချေ။ ဒသဂေါ,ဟု ပကတိပြု။ ဒိဂုမှည့်။ လုပ်မြဲ။ နပုံကေတ်ငဲ့မြဲ။ တဒ္ဓိတ,နာမ်ငဲ့။ သိ-သက်။ ကွစိသမာသန္တဂတာန မကာရန္တော,ဖြင့် သမာသ်၏ အဆုံးဖြစ်သော ဂေါ-သဒ္ဒါနောင်မှ အ အက္ခရာလာ။ ဂ-ကိုခွင်း။ ဩသရေစ,သုတ်ဖြင့် သမာသ်၌ အ-သရ နှောင်းသောကြောင့် ဂေါ-သဒ္ဒါ၏ အစိတ်ဖြစ်သော ဩ-ကို အဝ ပြု။ ဂ-အ-သို့ကပ်။ (တနည်းကား) ကွစိသမာသန္တ ဂတာနမကာရန္တော,ဖြင့် သမာသ်၏ အဆုံးဖြစ်သော ဂေါ-သဒ္ဒါ၏အစိတ် ဩ-ကို အ-ပြု။ တေသုဝုဒ္ဓိ, ဖြင့် သရနှင့်တကွ ဝ-အက္ခရာလာ။ ဂ-အ-သို့ကပ်။ ဝ-ကိုခွင်း။ သိ-ကို အံ-ပြု။ ကပ်။ ဒသဂဝံ,ပြီး၏။ ။**နသဒ္ဒါ,ဒသဂဝသဒ္ဒါ**,တည်။ သိ-နှစ်လုံးသက်။ အပဥ္ဥဝဿံနှင့် အတူလုပ်။ **အပဥ္ဥဂဝံ**,လည်း နည်းတူ။ ပဥ္ဥ ဂါဝေါ,အစရှိသည်ဖြင့် ဝါကျရုပ်ပြု၍ နှစ်နည်းလုပ်။

၃၂၇။ အ.မာဒယော.ပရပဒေတိ

အမာဒယော၊ အံ,အစရှိကုန်သော ဝိဘက်တို့ကို။ ပရပဒေတိ၊ နောက်ပုဒ်တို့နှင့်။ သမသျန္တေ၊ ချဉ်းအပ်ကုန်၏။ ။အံအာဒယော၊ အံ,အစရှိကုန်သော။

http://www.dhammadownload.com

တာဝိဘတ္တိယော၊ ထိုဝိဘတ်တို့ကို။ ပရပဒေဘိ၊ နောက်ပုဒ် ဖြစ်ကုန်သော။ နာမေဟိ၊ နာမ်တို့နှင့်။ ယဒါ၊ ၌။ သမသျန္တေ၊ ကုန်၏။ တဒါ၊ ထိုအခါ၌။ သောသမာသော၊ ထိုသမာသ်သည်။ တပ္ပုရိသသညော၊ တပ္ပုရိသ်ဟူသော အမည်ရှိသည်။ ဟောတိ၊ ၏။ ဘူမိ၊ မြေသို့။ ဂတော၊ သွားသည်တည်း။ ဘူမိဂတော၊ မြေသို့သွားသည်။ (ဘူမိဂတော,လည်း ရှိ၏။ ဘုံသို့သွားသည်,ဟုယောဇနာ)။ သဗ္ဗရတ္တိ၊ တညဉ်ပတ်လုံး။ သောဘနော၊ တင့်တယ်သည်တည်း။ သဗ္ဗရတ္တိသောဘနော၊ တညဉ်ပတ်လုံး တင့်တယ်သည်။ အပါယံ၊ အပါယ်သို့။ ဂတော၊ သွားသည်တည်း။ အပါယဂတော၊ အပါယ်သို့ သွားသည်။ ဣဿရေန၊ အစိုးရသောသူသည်။ ကတံ၊ ပြုအပ်သည်တည်း။ ဣဿရကတံ၊ အစိုးရသောသူသည် ပြုအပ်သည်။ ဝါ၊ ကား။ ဣဿရေန၊ အစိုးရခြင်းဖြင့်။ ကတံ၊ တည်း။ ဣဿရကတံ၊ အစိုးရခြင်းဖြင့်ပြုအပ်သည်။ သလ္လေန၊ မြားဖြင့်။ ဝိဒ္ဓေါ၊ ပစ်အပ်သည်တည်း။ သလ္လဝိဒ္ဓေါ၊ မြားဖြင့် ပစ်အပ်သည်။ (ကထိန ဒုဿံ, အာဇန္တုကဘတ္တံ, ကား၊ အနက်ဆိုမြဲ)။ မေထုနာ, ရာဂ အားဖြင့် အချင်းချင်းတူသော ဥစ္စာမှ၊ အပေတော၊ ကင်းသည်တည်း။ မေထုနာပေတော၊ ရာဂအားဖြင့် အချင်းချင်းတူသော ဥစ္စာမှ ကင်းသည်။ စောရာ၊ ခိုးသူကြောင့်။ ပဝတ္တံ၊ ဖြစ်သော။ ဘယံ၊ ဘေးတည်း။ စောရဘယံ၊ ခိုးသူကြောင့် ဖြစ်သောဘေး။ ရညော၊ မင်း၏။ ပုတ္တော၊ သားတည်း။ ရာဇပုတ္တော၊ မင်း၏သား။ ဓညာနံ၊ စပါးတို့၏။ ရာသိ၊ အစုတည်း။ ဓညရာသိ၊ စပါးတို့၏အစု။ ရူပေ၊ အဆင်း၌။ ပဝတ္တာ၊ ဖြစ်သော။ သညာ၊ အမှတ်တည်း။ရူပသညာ၊ အဆင်း၌ဖြစ်သော အမှတ်။ သံသာရေ၊ သံသရာ၌။ ပဝတ္တံ၊ ဖြစ်သော။ ဒုက္ခံ၊ ဆင်းရဲတည်း။ သံသာရဒုက္ခံ၊ သံသရာ၌ဖြစ်သောဆင်းရဲ။

ဘူမိဂတော,ကို ဘူမိသဒ္ဒါ, ဂတသဒ္ဒါ,တည်။ သို့,ကြောင့် ကံမှည့်။ အံ-သက်။ မ-ကိုခွင်း။ ဤ ကို-ပ-မှည့်။ အသော,ဖြင့် ရဿ။ (မ,ဒွေဘော် ရှိမူကား ရဿမပြုလင့်)။ အံမော,ဖြင့် နိဂ္ဂဟိတ်ပြု။ မ-ကွံ-သို့ကပ်။ ဂတနောင် သိ-သက်။ ဩ-ပြု။ ဘူမိ၊ မြေသို့။ ဂတော၊ တည်း။ ဤတိအတ္ထော၊ ၌။ သမာသ်မှည့်။ ဥဘေတပ္ပုရိသာ, သုတ် လိုက်စေ၍ ဤသုတ်ဖြင့် **အမာဒိ** တပ္ပုရိသ်သမာသ် အမည်မှည့်။ တေသံ,သုတ်ဖြင့် သမာသ်၏ ဝိဘတ် အံ-ကို ဧ။ သိ-ကိုဧ။ ဘူမိဂတ,ဟု, ပကတိပြု။ မ-ကိုခွင်း။ ဤ-ကို ကွစာဒိ,ဖြင့်

http://www.dhammadownload.com

ရဿ။ မ-ဣသို့ကပ်၊ တဒ္ဓိတ,နာမ်ငဲ့။ သိ-သက်။ ခွင်း။ ဩ ပြု။ ကပ်။ ဘူမိ ဂတော,ပြီး၏။ **သဗ္ဗရတ္တိသောဘန**,တည်။ ပတ်လုံးဟူ၍ အနက်ပေးသော ကြောင့် ကာလဒ္ဓါန မစ္စန္တ သံယောဂေ,ဖြင့် ကာလတို့၏ ဒြဗိ, ဂုဏ်, ကိရိယာ တို့နှင့် မပြတ်ယှဉ်ရာ၌ ဒုတိယာဝိဘတ် ဧကဝုစ် အံ-သက်။ တ္တိ-ကိုခွင်း။ဣ-ကို ပ-မှည့်။ အံ-မော,သုတ်ဖြင့် နိဂ္ဂဟိတ်ပြုမြဲ။ တ္တ-ဣံသို့ကပ်။ သောဘနနောင် သိ-သက်။ ဩ-ပြု။ သဗ္ဗရတ္တိံ၊ လုံး။ သောဘနော၊ တည်း။ ဣတိအတ္ထေ၊၌။ သမာသ်စသည် မှည့်မြဲ။ လုပ်မြဲ။ သဗ္ဗရတ္တိ သောဘနော, ပြီး၏။ **အပါယ, ဂတ**,တည်။ အံ-စသည်သက်။ အပါယံ ဂတောဟု ဝါကျ။ အပါယံ၊ သို့။ ဂတော၊ တည်း။ ဣတိအတ္ထေ၊ ၌။ သမာသ်စသည်မှည့်မြဲ။ လုပ်မြဲ။ အပါယ ဂတော, ပြီး၏။[ဤသုံးရုပ်ကား ဒုတိယာတပ္ပုရိသ်တည်း]။ **ဣဿရ,ကတ**, တည်။ သည်,ကြောင့် ကတ္တားမှည့်။ ကတ္တရိစ,ဖြင့် ကတ္တားအနက်၌ တတိယာ ဝိဘတ် ဧကဝုစ် နာ-သက်။ ရ-ကိုခွင်း။ အတောနေန,ဖြင့် လုပ်။ ကတနောင် သိ-သက်။ ခွင်း။ အံ-ပြု။ ကပ်။ ဣဿရေန၊ သည်။ ကတံ၊ တည်း။ ဣတိ အတ္ထေ၊ ၌။ သမာသ်စသည်မှည့်၍ လုပ်မြဲ။ ဖြင့်,ဟူ၍ ယောဇနာမူကား ကရိုဏ်းမှည့်၍ ဝါကျကိုလုပ်။ ပြီး၏။ [နပုံလိင်]။

သလ္လ,ဝိဒ္ဓ,တည်။ ဖြင့်,ကြောင့် ကရိုဏ်းမှည့်။ နာ-သက်။ လ္လ-ကိုခွင်း။ ဧန-ပြု။ ခတ်။ ကပ်။ ဝိဒ္ဓနောင် သိ-သက်။ဩ-ပြု။ ကပ်။ သလ္လေန၊ မြားဖြင့်။ ဝိဒ္ဓေါ၊ တည်း။ ဣတိအတ္ထေ၊ ၌။ သမာသ်စသည် လုပ်မြဲလုပ်။ ပြီး၏။ [ပုလ္လိင် တည်း။ ဤနှစ်ရုပ်ကား တပ္ပုရိသ်တည်း]။ **ကထိနဒုဿံ, အာဂန္တုက ဘတ္တံ**,ကား လုပ်မြဲ။ [စတုတ္ထီ တပ္ပုရိသ်တည်း]။ **မေထုန,အပေတ**,တည်။ မှ,ကြောင့် အပါဒါန်မှည့်။ သွာ-သက်။ န-ကိုခွင်း။ သွာသို့ နံဝါ,ဖြင့် အာ-ပြုမြဲ။ န-အာသို့ကပ်။ အပေတနောင် သိ-သက်။ ခွင်း။ ဩ-ပြု။ ကပ်။ မေထုနာ၊ မှ။ အပေတော၊ တည်း။ ဣတိအတ္ထေ၊ ၌။ လုပ်မြဲ။ ပကတိပြု၍ န-ကိုခွင်း။ န-၏အစိတ် အ-ကိုချေ။ ဒီဃံ,ဖြင့် နောက်အ-ကို အာ-ဒီဃပြု။ ကပ်။ လုပ်မြဲ။ ပြီး၏။ [ပုလ္လိင်တည်း]။ **စောရ, ဘယ**,တည်။ ကြောင့်, ကြောင့် ကာရဏတ္ထေစ,ဖြင့် ကာရဏအနက်၌ ပဉ္စမီဝိဘတ် ဧကဝုစ် သွာ-သက်။ သွာသို့ နံဝါ,ဖြင့် လုပ်မြဲ။ ဘယနောင် သိ-သက်။ အံ-ပြု။ လုပ်မြဲ။ စောရာ၊ ကြောင့်။ ပဝတ္တံ၊ ဖြစ်သော။ ဘယံ၊ တည်း။ (ပဝတ္တံကိုကား အစပ်

http://www.dhammadownload.com

အလို့ငှာသာ ထည့်သည်)။ ဣတိအတ္ထေ၊ ၌။ သမာသ်စသည် မှည့်၍ လုပ်မြဲ။ (နပုံလိင်၊ ဤနှစ်ရုပ်ကား ပဉ္စမီ တပ္ပုရိသ်တည်း)။ **ရာဇပုတ္တော**,ကား လုပ်မြဲ။ **ဓညသဒ္ဒါ,ရာသိသဒ္ဒါ**,တည်။ နံ-သက်။ ည-ကိုခွင်း။ သုနံဟိ သုစ,ဖြင့် လုပ်မြဲ။ ရာသိနောင် သိ-သက်။ သေသတော,ဖြင့်ချေ။ ဓညာနံ၊ တို့၏။ ရာသိ၊ တည်း။ ဣတိအတ္ထေ၊ စသည်ဖြင့် လုပ်မြဲ။ နာမ်ငဲ့။ သိ-သက်။ ချေ။ ပြီး၏။ (ဤနှစ်ရုပ်ကား ပုလ္လိင်၊ ဆဋ္ဌီတပ္ပုရိသ်တည်း)။ **ရူပ,သညာ**, တည်။ ၌,ကြောင့် ရူပနောင် သို့ံ-သက်။ သ္မာသို့ံ နံဝါ,ဖြင့် ဧ-ပြု။ ကပ်။ သညာနောင် သိ-သက်။ သိ-ကိုချေမြဲ။ ရူပေ၊ ၌။ ပဝတ္တာ၊ သော။ သညာ၊ တည်း။ ဣတိအတ္ထေ၊ ၌။ သမာသ်စသည်မှည့်မြဲ။ လုပ်မြဲ။ အဆုံး၌ သိ-ကို ချေမြဲ။ ပြီး၏။ (ဣတ္ထိလိင်)။ **သံသာရ,ဒုက္ခ**,တည်။ သံသာရနောင် သို့ံ-သက်။ ဒုက္ခနောင် သိ-သက်။ အံ-ပြု၍ လုပ်မြဲ။ သံသာရေ၊ ၌။ ပဝတ္တံ၊သော။ ဒုက္ခံ၊ တည်း။ ဣတိအတ္ထေ၊ ၌။ သမာသ်စသည် မှည့်၍ လုပ်မြဲ။ ပြီး၏။ (နပုံ လိင်တည်း၊ ပဝတ္တသဒ္ဒါကိုကား အစပ်အလို့ငှာသာ ထည့်သည်။ ဤနှစ်ရုပ် ကား သတ္တမီ တပ္ပုရိသ်, အမာဒိတပ္ပုရိသ်တည်း)။

၃၂၈။ အညေ့ပဒေ့တ္ထေသု ဗဟုဗ္ဗီဟိ

အညပဒတ္ထေသု၊ သမာသ်ပုဒ်မှ တပါးကုန်သော ပုဒ်တို့၏ အနက်တို့၌။ ဗဟုဗ္ဗီဟိ၊ ဗဟုဗ္ဗီဟိဟူသော အမည်ရှိ၏။ အညေသံ၊ သမာသ်ပုဒ်မှ တပါးကုန် သော။ ပဒါနံ၊ ပုဒ်တို့၏။ အတ္ထေသု၊ အနက်တို့၌။ ဒ္ဒေနာမာနိ၊ နှစ်ခုကုန်သော နာမ်ပုဒ်တို့ကိုလည်းကောင်း။ ဗဟုနာမာနိ၊ များစွာကုန်သော နာမ်ပုဒ်တို့ကို လည်းကောင်း။ ယဒါ၊ အကြင်အခါ၌။ သမသျန္တေ၊ ချဉ်းအပ်ကုန်၏။ တဒါ၊ ထိုအခါ၌။ သောသမာသော၊ ထိုသမာသ်သည်။ ဗဟုဗ္ဗီဟိသညော၊ ဗဟုဗ္ဗီဟိ ဟူသော အမည်ရှိသည်။ ဟောတိ၊ ဖြစ်၏။

အာဂတသမဏော,ဇိတိန္ဒြိယော, ဒိန္နသုဏ်ော, နိဂ္ဂတဇနော, ဆိန္နဟတ္ထော, သမ္ပန္နသဿော, ဤသို့နိပ္ပန္နမျှသာ စာကိုယ်၌ ရှိလိုသည်။

ဣမံသံဃရာမံ၊ ဤသံဃာ၏အရံသို့။ သမဏာ၊ ရဟန်းတို့သည်၊ အာဂ တာ၊ လာကြကုန်၏။ ဣတိ၊ ထိုသို့လာရာဖြစ်သည်၏ သတ္တိကြောင့်။ သော အယံ သံဃာရာမော၊ ထိုသံဃာ၏အရံသည်။ အာဂတသမဏော၊ အာဂတ

http://www.dhammadownload.com

သမဏမည်၏။ သံဃာရာမော၊ သံဃာ၏အရံကို။ လဗ္ဘတိ၊ ရအပ်၏။ အနေန သမဏေန၊ ဤရဟန်းသည်။ ဣန္ဒြိယာနိ၊ စက္ခု အစရှိသော ဣန္ဒြေတို့ကို။ ဇိတာနိ၊ အောင်အပ်ကုန်ပြီ။ ဣတိ၊ ထိုသို့အောင်တတ်သော သတ္တိကြောင့်။ သောအယံ သမဏော၊ ထိုရဟန်းသည်။ ဇိတ်န္ဒြိယော၊ ဇိတ်န္ဒြိယမည်၏။ သမဏော၊ ရဟန်းကို။ လဗ္ဘတိ၊ ၏။ ယဿရညော၊ အကြင်မင်းအား။ သုဏော၊ အခွန်ကို။ ဒိန္နော၊ ပေးအပ်၏။ ဣတိ၊ ထိုသို့ပေးရာဖြစ်သည်၏ သတ္တိကြောင့်။ သောအယံရာဇာ၊ ထိုမင်းသည်။ ဒိန္နသုဏော၊ ဒိန္နသုဏ်မည်၏။ ရာဇာ၊ ကို။ လဗ္ဘတိ၊ ၏။ အသ္မာဂါမာ၊ ထိုရွာမှ။ ဇနာ၊ လူတို့သည်။ နိဂ္ဂတာ၊ ကုန်၏။ဣတိ၊ ထိုသို့ထွက်ရာဖြစ်သည်၏ သတ္တိကြောင့်။ သောအယံ ဂါမော၊ ထိုရွာသည်။ နိဂ္ဂတဇနော၊ နိဂ္ဂတဇနမည်၏။ ဂါမော၊ ရွာကို။ လဗ္ဘတိ၊ ၏။ ယဿပုရိသဿ၊ အကြင်ယောကျ်ား၏။ ဟတ္ထော၊ လက်သည်။ ဆိန္နော၊ ပြတ်၏။ ဣတိ၊ ထိုသို့ ပြတ်သောလက်၏ တည်ရာ ဖြစ်သည်၏ သတ္တိကြောင့်။ သော အယံ ပုရိသော၊ ထိုယောကျ်ားသည်။ ဆိန္နဟတ္ထော၊ ဆိန္နဟတ္ထမည်၏။ ပုရိသော၊ ကို။ လဗ္ဘတိ၊ ရအပ်၏။ ယသ္မိံ ဇနပဒေ၊ အကြင်ဇနပုဒ်၌။ သဿာနိ၊ ကောက်တို့သည်။ သမ္ပန္နာနိ၊ ကုန်၏။ ဣတိ၊ ထိုသို့ပြည့်စုံရာဖြစ်သည်၏ သတ္တိကြောင့်။ သောအယံ ဇနပဒေါ၊ ထိုဇနပုဒ်သည်။ သမ္ပန္နသဿော၊ သမ္ပန္နသဿမည်၏။ ဇနပဒေါ၊ ဇနပုဒ်ကို။ လဗ္ဘတိ၊ ရအပ်၏။

အာဂတ, သမဏ, ဣမ, တည်။ အာဂတနောင် ပဌမာ ယော-သက်။ သမဏနောင် ပဌမာ ယော-သက်။ တ-ကိုခွင်း။ ဏ-ကိုခွင်း။ သဗ္ဗယောနီန မာဇ,ဖြင့် ပုလ္လိင် အကာရန္တနောင်မှ နှောင်းသော ပဌမာ ယော-ကို အာပြု။ သရလော။ပ။ ပကတ်ပြု။ တ-အာသို့ကပ်။ ဏ-အာ သို့ကပ်။ ဣမနောင် အံ-သက်။ ခွင်း။ ခတ်။ ကပ်။ ဣမံသံဃာရာမံ၊ သို့။ သမဏာ၊ တို့သည်။ အာဂတာ၊ ကုန်၏။ ဣတိအတ္ထေ၊ ၌။သမာသ်မှည့်။ ဤသုတ်ဖြင့် ဗဟုဗ္ဗီဟိမှည့်။ တေသံသုတ်ဖြင့် သမာသ်၏ ဝိဘတ် ယော-တို့ကိုချေ။ အံ-ကိုချေ။ ဝုတ္တတ္ထာန, ကြောင့် ဣမပုဒ်ကိုချေ။ အာဂတ-သမဏ,ဟု ပကတိပြု။ နာမ်ငဲ့။ သိ-သက်။ ခွင်း။ သြ-ပြု။ ကပ်။ အာဂတသမဏော, ပြီး၏။

အညပုဒ်၌ ဒုတိယာ ဝိဘတ် သက်သောကြောင့် ဒုတိယာ ဗဟုဗ္ဗီဟိ မည်၏။ အရကား-ရဟန်းတို့၏ လာရာဖြစ်သော သံဃာ့အရံကိုရ၏။

http://www.dhammadownload.com

ဣမံသံဃာရာမံ,ဟုဆိုရာ၌၊ ဣမံသာ။ **သံဃာရာမံ,**ကား ဣမသဒ္ဒါ၏ အစွဲကိုပြသည်။ အာဂတနှင့် သမဏကား သမာသ်ပုဒ်။ **ဣမ**ကား အညပုဒ်တည်း။ ကြွင်းသော ပြယုဂ်တို့၌လည်း နည်းတူသိအပ်၏။

ဇိတ, ဣန္ဒြိယ, ဣမ, သဒ္ဒါတည်။ ပဌမာ ယော-နှစ်လုံးသက်။ ခွင်း။ အတောနိစ္စံ,ဖြင့် နပုံလိင် အကာရန္တနောင်မှ နှောင်းသော ပဌမာ ယော-ဝိဘတ်ကို နိ-ပြု။ ယောသုကတနိကာရလောပေသုဒီဃံ,ဖြင့် ယော-ဝိဘတ် တို့ကို နိ-ပြုပြီးသည်ရှိသော် ရှေ-အ သရကို အာ-ဒီဃပြု။ တ-အာသို့ကပ်။ ယ-အာ သို့ကပ်။ သည်,ကြောင့်၊ ကတ္တရိစ,ဖြင့်၊ ကတ္တားအနက်၌ တတိယာ ဝိဘတ် ဧကဝုစ် နာ-သက်။ အနိမိနာမှိစ,ဖြင့် နာ-ဝိဘတ် နှောင်းသော ကြောင့် အလုံးစုံသော ဣမသဒ္ဒါကို အနပြု။ နာ-ကိုခွင်း။ အတောနေနဖြင့် လုပ်မြဲ။ အနေနသမဏေန၊ သည်။ ဣန္ဒြိယာနိ၊ တို့ကို။ ဇိတာနိ၊ အောင်အပ် ကုန်ပြီ။ ဣတိအတ္ထေ၊ ဤသို့သောအနက်၌။ သမာသ်မှည့်။ ဤသုတ်ဖြင့် ဗဟုဗ္ဗီဟိမှည့်။ သမာသ်၏ ဝိဘတ်-ယောတို့ကိုချေ။ နာ-ကိုချေ။ ဝုတ္တတ္ထာန ဟောအပ်ပြီးသော အနက်ရှိသော။ လ။ ကြောင့်။ ဣမပုဒ်ကိုချေ။ ဇိတဣန္ဒြိယ, ဟု ပကတိပြု။ တ-ကိုခွင်း။ သရာသရေလောပံ, ဖြင့်ချေ။ တ-ဣ-သို့ကပ်။ တဒ္ဓိတ,နာမ်ငဲ့။ သိ-သက်။ ခွင်း။ သြ-ပြု။ကပ်။ဇိတိန္ဒြိယော,ပြီး၏။ (တတိယာ ဗဟုဗ္ဗီဟိတည်း။ အရကား-ရဟန်းရ၏)။ ။**ဒိန္ဇ,သုက်,ယ,သဒ္ဒါ,**တည်။ ဒိန္ဇနောင် သိ-သက်။ သုက်နောင် သိ-သက်။ သြ-ပြု။ ကပ်။ အား,ကြောင့် သမ္ပဒါန်အမည်မှည့်။ စတုတ္ထီ သ-သက်။ သ-လာ။ ကပ်။ ယဿရညော၊ အား။ သုက်ော၊ ကို။ ဒိန္ဇော၊ ပေးအပ်၏။ ဣတိအတ္ထေ၊ ၌။ သမာသ်မှည့်။ ဗဟုဗ္ဗီဟိမှည့်၍ လုပ်မြဲ။ ပြီး၏။ (စတုတ္ထီဗဟုဗ္ဗီဟိတည်း။ အရကား-မင်းရ၏)။

နိဂ္ဂတသဒ္ဒါ, ဇနသဒ္ဒါ, တသဒ္ဒါ,တည်။ ပဌမာ-ယော- နှစ်လုံး သက်။ ယော-ကို အာ-ပြု၍ လုပ်မြဲ။ မှ,ကြောင့်။ အပါဒါန်မှည့်။ သ္မာ-သက်။ သသ္မာသ္မိံ သံသာသွတ္တံ,ဖြင့် သ္မာ-ဝိဘတ် နှောင်းသောကြောင့် တ-ဟူသော သဗ္ဗနာမ်ပုဒ်ကို အ ပြု။ အသ္မာဂါမာ၊ မှ။ ဇနာ၊ တို့သည်။ နိဂ္ဂတာ၊ ကုန်၏။ ဣတိအတ္ထေ၊ ၌။ သမာသ်မှည့်။ဗဟုဗ္ဗီဟိစသည်မှည့်၍လုပ်မြဲ။ ပြီး၏။ (ပဉ္စမီဗဟုဗ္ဗီဟိတည်း။ အရကား ရွာရ၏)။ **ဆိန္ဇ,ဟတ္ထ,ယ,သဒ္ဒါ** တည်။ သိ-နှစ်လုံးသက်။ သြ-ပြု။ ၏,ကြောင့် သာမီမှည့်။ ဆဋ္ဌီ သ-သက်။

http://www.dhammadownload.com

သ-လာ။ ကပ်။ တဿပုရိသဿ၊ ၏။ ဟတ္ထော၊ သည်။ ဆိန္နော၊ ၏။ ဣတိ အတ္ထေ၊ ၌။ သမာသ်, ဗဟုဗ္ဗီဟိ,စသည်မှည့်၍ လုပ်မြဲ။ ပြီး၏။ (ဆဋ္ဌီဗဟုဗ္ဗီဟိ တည်း။ အရကား ယောကျ်ားရ၏)။ **သမ္ပန္ဒ, သဿ, ယ**,တည်။ ယော-နှစ်လုံးသက်။ ယော တို့ကို နိ-ပြု။ ရှေသရကို ဒီဃပြု။ ၌,ကြောင့် ယ-နောင် သို့ -သက်။ ယသို့ ဇနပဒေ၊ ၌။ သဿာနိ၊ ကောက်တို့သည်။ သမ္ပန္ဒာနိ၊ ကုန် ၏။ ဣတိအတ္ထေ၊ ၌။သမာသ်,ဗဟုဗ္ဗီဟိ, စသည်မှည့်၍လုပ်မြဲ။ပြီး၏။ (သတ္တမီ ဗဟုဗ္ဗီဟိတည်း။ အရကား ဇနပုဒ်ရ၏။)

(နိဂြောဓ ပရိမဏ္ဍလော, စက္ခုဘူတော, သုဝဏ္ဏဝဏ္ဏော, ဗြဟ္မဿရော, ဤမျသာ စာကိုယ်၌ရှိသည်)။ နိဂြောဓဿ၊ ပညောင်ပင်၏။ ပရိမဏ္ဍလော၊ အဝန်းတည်း။ နိဂြောဓ ပရိမဏ္ဍလော၊ ပညောင်ပင်၏အဝန်း။ ယောရာဇ ကုမာရော၊ အကြင်မင်းသားသည်။ နိဂြောဓပရိမဏ္ဍလောဣဝ၊ ပညောင်ပင်၏ အဝန်းကဲ့သို့သော။ ပရိမဏ္ဍလော၊ ဝန်းသောကိုယ်ရှိသည်။ ဟောတိ၊ ၏။ ဣတိ၊ ထိုသို့ဝန်းသော ကိုယ်ရှိသည်၏ သတ္တိကြောင့်။ သောအယံ ရာဇကုမာ ရော၊ ထိုမင်းသားသည်။ နိဂြောဓပရိမဏ္ဍလော၊ နိဂြောဓပရိမဏ္ဍလ မည်၏။ အထဝါ၊ တနည်း။ ယဿရာဇကုမာရဿ၊ အကြင်မင်းသားအား။ နိဂြောဓ ပရိမဏ္ဍလောဣဝ၊ ပညောင်ပင်ဝန်းကဲ့သို့ ညီညွတ်သော။ ပရိမဏ္ဍလော၊ အဝန်းသည်။ အတ္ထိ၊ ရှိ၏။ ဣတိ၊ ထိုသို့ ပညောင်ပင်ဝန်းကဲ့သို့ ညီညွတ်သော အဝန်းရှိသည်၏ သတ္တိကြောင့်။ သောအယံ ရာဇကုမာရော၊ ထိုမင်းသား သည်။ နိဂြောဓ ပရိမဏ္ဍလော၊ နိဂြောဓပရိမဏ္ဍလမည်၏။ (အလံနှင့် အရပ် မျသည်ကို ပညောင်ပင်ဝန်း ဟူ၍ ဆိုသည်)။ ရာဇကုမာရော၊ ကို။ လဗ္ဘတိ၊ ရအပ်၏။ စက္ခုနော၊ မျက်စိအား။ ဘူတော၊ ထင်ခြင်းတည်း။ စက္ခုဘူတော၊ မျက်စိအား ထင်ခြင်း။ ယောဘဂဝါ၊ အကြင် မြတ်စွာဘုရားသည်။ စက္ခု ဘူတောဣဝ၊ မျက်စိအား ထင်ခြင်းကဲ့သို့။ ဘူတော၊ ထင်တော်မူ၏။ ဣတိ၊ ထိုသို့ ထင်တော်မူသော သတ္တိကြောင့်။ သောအယံ ဘဂဝါ၊ ထိုမြတ်စွာဘုရား သည်။ စက္ခုဘူတော၊ စက္ခုဘူတမည်တော်မူ၏။ ဘဂဝါ၊ ကို။ လဗ္ဘတိ၊ရအပ် ၏။ သုဝဏ္ဏဿ၊ ရွှေ၏။ ဝဏ္ဏော၊ အဆင်းတည်း။ သုဝဏ္ဏဝဏ္ဏော၊ ရွှေ၏ အဆင်း။ ယဿဘဂဝတော၊ အကြင် မြတ်စွာဘုရားအား။ သုဝဏ္ဏဝဏ္ဏော ဝိယ၊ ရွှေအဆင်းကဲ့သို့သော။ ဝဏ္ဏော၊ အဆင်းသည်။ အတ္ထိ၊ ရှိ၏။ ဣတိ၊

http://www.dhammadownload.com

ထိုသို့ရှေ့အဆင်းကဲ့သို့သော အဆင်းရှိတော်မူသည်၏ သတ္တိကြောင့်။ သော အယံ ဘဂဝါ၊ သည်။ သုဝဏ္ဏဝဏ္ဏော၊ သုဝဏ္ဏဝဏ္ဏမည်တော်မူ၏။ ဘဂဝါကို။ လဗ္ဘတိ၊ ၏။ ပြဟ္မဿ၊ ပြဟ္မာမင်း၏။ (ပြဟ္မုနော,လည်း ပါဠိရှိ၏။ အနက်ကား အတူတူ)။ သရော၊ အသံတည်း။ ပြဟ္မဿရော၊ ပြဟ္မာမင်း၏ အသံ။ ယဿ ဘဂဝတော၊ အား။ ပြဟ္မဿရောဝိယ၊ ပြဟ္မာမင်း၏ အသံကဲ့သို့သော။ သရော၊ အသံသည်။ အတ္ထိ၊ ၏။ ဣတိ၊ ထိုသို့ ပြဟ္မာမင်း၏အသံနှင့်တူသော အသံရှိတော်မူသည်၏ သတ္တိကြောင့်။ သော အယံ ဘဂဝါ၊ ထို။လ။ သည်။ ပြဟ္မဿရော၊ ပြဟ္မဿရမည်တော်မူ၏။ ဘဂဝါ၊ ကို။ လဗ္ဘတိ၊ ၏။ (များသော စာကိုယ်တို့၌ ကရင်ကဿရ,ဟူ၍ရှိ၏။ မရှိသင့်ပြီ)။

နိဂ္ဂြောဓသဒ္ဒါ,ပရိမဏ္ဍလသဒ္ဒါ, တည်။ ၏,ကြောင့် နိဂ္ဂြောဓနောင် ဆဋ္ဌီ သ-သက်။ သ-လာ။ ကပ်။ ပရိမဏ္ဍလနောင် သိ-သက်။ ဩ-ပြု။နိဂ္ဂြောဓဿ၊ ၏။ ပရိမဏ္ဍလော၊ အဝန်းတည်း။ ဣတိအတ္ထော၊ ၌။ သမာသ်မှည့်။ အမာဒယော ပရပဒဿိ,ဖြင့် အမာဒိတပ္ပုရိသ် အမည်မှည့်။တေသံ,သုတ်ဖြင့် သမာသ်၏ ဝိဘင် သ-ကိုခေ့။ ဝုတ္တတ္ထာန, ကြောင့် သ-အာဂုမ်ကိုခေ့။ နိဂ္ဂြောဓ ပရိမဏ္ဍလ,ဟု ပကတိပြု။ တဒ္ဓိတ,နာမ်ငဲ့။ သိ-သက်။ ခွင်း။ ဩ-ပြု။ ကပ်။ နိဂ္ဂြောဓ ပရိမဏ္ဍလော, ပြီး၏။ (ဆဋ္ဌီ တပ္ပုရိသ်တည်း)။ **နိဂ္ဂြောဓပရိမဏ္ဍလသဒ္ဒါ, ဇဝသဒ္ဒါ, ပရိမဏ္ဍလသဒ္ဒါ, ယသဒ္ဒါ,** တည်။ သိ-သုံးလုံးသက်။ သိ-နှစ်လုံးကို ဩ-ပြု။ သဗ္ဗာသမာ,ဖြင့် ဣဝဟူသော နိပါတ်ပုဒ်နောင် သက်သော သိ-ဝိဘတ်ကို ခေ့။ အား,ကြောင့် ယ-နောင် စတုတ္ထီ သ-သက်။ သ-လာ။ ကပ်။ ယဿ ရာဇ ကုမာရဿ၊ အား။ နိဂ္ဂြောဓ ပရိမဏ္ဍလောဣဝ၊ သော။ ပရိမဏ္ဍလော၊ သည်။ အတ္ထိ၊ ၏။ ဣတိအတ္ထော၊ ၌။ သမာသ်မှည့်။ဗဟုဗ္ဗီဟိမှည့်။ တေသံ,သုတ်ဖြင့် သမာသ်၏ ဝိဘတ် သိတို့ကို ခေ့။ ဝုတ္တတ္ထာန, ကြောင့် ဣဝသဒ္ဒါ, ယ-သဒ္ဒါ, သ-အာဂုမ် တို့ကိုခေ့။ နိဂ္ဂြောဓ ပရိမဏ္ဍလ ပရိမဏ္ဍလ,ဟု ပကတိပြု။ သရူပါန မေကသေသ သကိ်, ဟူသောသုတ်ဖြင့် ရှေ့ ပရိမဏ္ဍလသဒ္ဒါကို ခေ့၍ ပရိမဏ္ဍလ တခု ကျွင်းပြု။(တနည်းကား)။တေသုဝုဒ္ဓိ,ဖြင့် ရှေ့ပရိမဏ္ဍလသဒ္ဒါကိုခေ့။ တဒ္ဓိတ နာမ်ငဲ့။ သိ-သက်။ ဩ-ပြု။ ကပ်။ နိဂ္ဂြောဓပရိမဏ္ဍလော, ပြီး၏။(စတုတ္ထီ ဗဟုဗ္ဗီဟိတည်း။ အရကား မင်းသားရဲ၏။)

http://www.dhammadownload.com

စက္ခု, ဘူတ, တည်။ အား,ကြောင့် စက္ခုနောင် စတုတ္ထိ သ-သက်။ က္ခ-ကိုခွင်း။ ဥ-ကိုလ-မှည့်။ စျလတေဒသဿနောဝါ, ဖြင့် နော-ပြု။ တ-နောင် သိ-သက်။ ဩ-ပြု။ စက္ခုနော၊ အား။ ဘူတော၊ ထင်သည်တည်း။ ဣတိအတ္ထော၌။ သမာသ်မှည့်။ အမာဒိတပ္ပုရိသ်မှည့်။ တေသံ, သုတ်ဖြင့် သမာသ်၏ဝိဘတ် သ-သိတို့ကိုချေ။ စက္ခုဘူတ, ဟု ပကာတ်ပြု။ တဒ္ဓိတ, နာမ်ငဲ့။ သိ-သက်။ ဩ-ပြု။ ကပ်။ စက္ခုဘူတော, ပြီး၏။ [စတုတ္ထိတပ္ပုရိသ်တည်း]။

စက္ခုဘူတ သဒ္ဒါ, ဇ္ဈဝ သဒ္ဒါ, ဘူတသဒ္ဒါ, ယ-သဒ္ဒါ,တည်။ သိလေး လုံးသက်။ သိ-သုံးလုံးကို ဩ-ပြု။ ဣဝနောင် သိ-ကို သဗ္ဗာသမာဝုသော, ဖြင့်ချေ။ ယောဘဂဝါသည်။စက္ခုဘူတောဣဝါမျက်စိအားထင်ခြင်း ဖြစ်သကဲ့သို့။ ဘူတော၊ ထင်ခြင်းဖြစ်တော်မူတတ်၏။ ဣတိအတ္ထော၌။ သမာသ်မှည့်။ ဗဟုဗ္ဗီဟိမှည့်။ တေသံ, သုတ်ဖြင့် သမာသ်၏ဝိဘတ် သိတို့ကိုချေ။ ဝုတ္တတ္ထာန, ကြောင့် ဣဝသဒ္ဒါ, ယ-သဒ္ဒါတို့ကိုချေ။ စက္ခုဘူတ ဘူတာ, ဟု ပကတိပြု။ သရူပါနမေကသေသသကိ, သုတ်ဖြင့် ဘူတ တခုကြွင်းပြုမြဲ။(တနည်းကား)။ တေသုဝုဒ္ဓိ, ဖြင့် ရွှေဘူတ သဒ္ဒါကိုချေ။ တဒ္ဓိတ, နာမ်ငဲ့။ သိ-သက်။ တ-ကို ခွင်း။ ဩ ပြု။ ခတ်။ ကပ်။ စက္ခုဘူတောပြီး၏။ [ပဌမာဗဟုဗ္ဗီဟိတည်း။ အရကား မြတ်စွာဘုရားရ၏။ ဥပမာ ဗဟုဗ္ဗီဟိဟူ၍သော်လည်း ဆိုအပ်၏]။

